www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ အတွဲ (၉)၊ အမှတ် (၃)

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- သစ်တော်ဆယ်ပါး သီဟိုဠ်ရှင်ဘုရား ... အယ်ဒီတာတစ်ဦး ၇
- ရွှေဘုန်းညွန့် ဆုတောင်းပြည့်စေတီတော်နှင့်..... ... မင်းမဟာ(ကျောင်းကုန်း) ၂၄
- သာသနာတစ်ခေတ်ဆန်းမယ့် ပေါခမ်းစေတီ ... ဗေဒသုတေသီဆရာမျိုး ၃၈
- သပိတ်မှောက်ဘုရား ... ကျော်လင်း(မြစ်ခြေ) ၆၅
- အင်းတကော်မှ အဓိဋ္ဌာန်အောင်ရာ..... ... မရည်မွန်(ကျုံပျော်) ၆၆
- ဇိနမာန်အောင် စေတီတော် ... မြမဥ္စူဝေ(ကျုံမငေး) ၇၈


## ဘာသာရေးသုတ/ရသဆောင်းပါး


- သေပုံကဆန်းပါဘိ ... ထွန်းလွင်(ဓမ္မာစရိယဘီအေ)၁၅
- တစ်ရာထက်မြတ်သောတစ်ရက် ... မေတ္တာရှင်ရွှေပြည်သာ ၁၉
- ဘုရားရှိခိုး အကျိုး(၈)ပါး ရနိုင်သည် ... ဦးအုန်းမြင့်(ဝေဒသုတေသီ) ၃၁
- မန္တလေးမြို့ မစိုးရိမ်ကျောင်း ဒကာကြီးဦးသက်ရှည်..... ... ဓမ္မာစရိယဦးဌေးလှိုင် ၄၈
- နိမ့်သူမြင့်သူ မမြဲစု ... မောင်မောင်မိုးအောင် ၅၅
- ရသေ့ကြီးဦးကိတ္တနှင့်..... ... မောင်ထွဋ်ကောင်း ၇၀
- အနိုင်းမဲ့ ဇယမင်္ဂလာ ... ယောဂီစောလွင် ၉၂
- ဗျာဒိတ်တော်ညွှန်း ဘဇဟတ္တမုဒြာဟန် ... ကိုအေးမြင့်(ရွှေ/သု) ၉၈
- လူမိုက်ကိုရှောင် ပညာရှိကို ဆည်းကပ် ... သူရအောင်(ဥပဒေ) ၁၂၅
- ဘုရားဖူးပြီး ကားတစ်စီးပိုင်ခဲ့တယ် ... သက်နှင်းဆွေ(ပုပ္ပါး) ၁၆၂
- လကဆုန် ညောင်ရေသွန်းချိန်မို့..... ... သန်းဝင်း(ဘကဏ်) ၂၃၂


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- သမ္ဗုဒ္ဓေနှင့်ဘာဝနာအကျိုး စကားသံစွာစွမ်းအားနှင့် ... ကိုရွှေမြသန်း(သမိုင်း) ၆၀
- နံနက်ကိုးခေါက် ညကိုးခေါက် ... နတ်မောက်မှတ်ကျော်ကျောက် ၉၀
- ဂုဏ်တော် သရဏဂုံ မဟာစလွယ် ဂါထာတော်ကြီး ... မင်းကြည်ဖြူ ၁၀၄
- ခနေဖြူ ကျိုက္ကလွန်ဗွန်းမှ ပေါ်တော်မူဘုရားအဓိဋ္ဌာန် ... ဆရာကြီးဦးအောင်မြိုင် ၁၂၃
- အကျိတ်အဖုပျောက်စေသောပါဠိ ... အရှင်ဝိမလ ၁၃၂
- သရဏဂုံအစွမ်းနှင့် ဆပ်ချည်မျှင် ... ဦးကိုကိုအေး(ကြို့ပင်တောက်)၁၄၃


## တိုင်းရင်းဆေး


- မြွေဆိပ်ဖြေဆေးပင် ... စိုးစိုး ၁၁၈
- ဆေးစွမ်းထက်သော သတ္တဝါအကောင်များ ... အောင်ဆန်းလင်း(ဘီအေ) ၁၅၆
- ဆေးဖက်ဝင်သော ရှောက်ဘီလူးသီးဆေးဖက်ဝင်ပုံ ... ဧရာမြေကျော်ဝေ ၂၀၄
- ချောင်းဆိုးရင်ကျပ်ပျောက်ဆေး ... ဧရာမြေထွန်းထွန်း ၂၆၇
- ရွက်ကျပင်ပေါက်နှင့်ဆေးအသုံး ... ကျော်စွာဟိန်း(ရွှေလှေကား) ၂၇၅


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဇုဒ္ဓဝင်ရသ


- ဂမ္ဘီရဉာဏ်ပညာရှိမလေး မိမိငယ် ... ဖွဲ့လုလင်(မအူပင်) ၃၃
- အဝိဇ္ဇာတဏှာကြောင့်. . . . . ... ပေါ်လွင်ဦး(ရေး) ၆၃
- တတိယသီလ ... မောင်မိုးဦး ၇၇
- ရဟန္တာဖြစ်သွားသော လယ်သမား ... ပန်းတနော်နောင်လတ် ၈၂
- အပြစ်အနာအဆာနှင့် အကျိုးပေးသောဒါန ... တင့်ထူး(ဇေယျဝတီ) ၁၁၀


## အထွေထွေသုတ၊ ရသဆောင်းပါး


- ပျောက်ဆုံးနေသော သီတာမောင်နှမ. . . . . ... အောင်ကျော်ဆန်း ၁၁၄
- ကျောင်းဆောင်ပိုင်ရှင် ဝိဉာဉ်လေလား ... ညွန့်ဝင်း(နတ်တလင်း) ၁၂၀
- အဒိန္နာဒါနကံ ... မကြွေးညိုစိမ့် ၁၂၈
- အသံတိတ်လူသတ်သမား ... ဆရာမြတ်ထွန်းခေါင် ၁၃၉
- သတင်းပုံရိပ်များ ... မောင်ဝေအေး ၁၄၇
- ဝိဇ္ဇာမိုရ်ရိုဖိုးစီပွား ... သာစည်အောင်တင် ၁၉၁
- ကွမ်းခလေ့ ... မုံရွာနေဇာ ၂၀၆
- စာအုပ်စင် ... သုတအံ့ ၂၁၀
- ထူးဆန်းထွေလာ၍ကမ္ဘာ ... မောင်လင်းအောင် ၂၂၀
- ဥသျှောင်တို့၏ စံအိမ်များ ... မောင်သာ(ရွှေဟောင်း) ၂၆၁
- သတ္တာအောင်မြေလော ... ဦးကျော်(ပြည်) ၂၆၅


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- ခြစ်ရပ်ဆန်းကြယ် ငါးယောက်ကိုင်းဝယ် ... မြသိန်း ၁၀၆
- ာယာတစ်သိန်း ... မကြွေးညိုစိမ့် ၁၃၄
- ယောက်ဖလည်းစား ငါလည်းစား ... မင်းဟိန်းထိုက် ၁၅၀
- ေမ့နိုင်တဲ့ လေချွန်နတ် ... ကောင်းသော် ၁၇၂
- ာနေမှ စွန့်ခွာကြသူများ ... တင့်ထူး(ဇေယျဝတီ) ၁၈၀
- အဓေနှစ်ယောက် အမေနှစ်ယောက် ... မြရာပွင့်မောင်ထင်ယံ ၁၈၆
- င်းတွက်ပေါ်ကမိန်းကလေး ... ဝင်းကိုဇော် ၁၉၈
- ညာသည်မလေး ... ဂါဦးနွန်းကို ၂၂၅
- ယာ ... ဇလွန်ကျော်ဦး ၂၃၉
- အမှိုတောင်ရွာကလေးမှာ. . . . . ... မင်းမြင့်နိုင်(ဘူးသီးခံတောင်) ၂၅၇
- တွေပြောတဲ့ လောကစံ ... ဝေး(ဧရာဝတီ) ၂၆၈
- ညှဉ့်ပျော်စံအိမ်ကြီး ... ညီလေးငယ်(လယ်တော်) ၂၈၃
- ကြီးဝင်စားသော ကျွဲကြီးအကြောင်း ... စိုင်းမင်းသူ(မန္တလေး) ၂၈၉
- ပြီးတဲ့ ချက်ကြီး ... လွမ်းသျှင်နောင်(မဟာသာရွာ) ၂၉၇












www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အပျော် ဝတ္ထုမ်





**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ညီစိုး (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဂိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
ခန်းစန်းထွေး၊ A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး၊ ယုန်လေး
**ပြင်ပဆက်သွယ်ရေး** - ယဉ်မင်းဆု
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ **သန့်စင်**၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ **စက္ကူ**၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ **ပညတ်**၊

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)



**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


BURMESE CLASSIC

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီးလျှံနှာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ္သာတ | တာလေးမောင် |







## အဆောင်၊ အစီအရင်၊ ယတြာ


- အိမ်ဆောက်ဖို့အရေး တွေးတွေးဆဆ ... မောင်တင်ကြွယ်(ပြည်) ၁၄၄
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၁၆၇
- ကား၊ အိမ်၊ မြေ အရောင်းသွက်လိုလျှင် ... အဂ္ဂမျိုး ၂၀၄
- အရိုးကို အရွက်မဖုံးစေရာ ... သက်နှင်းဆွေ(ပုပ္ပါး) ၂၁၂
- ရတနာချစ်သူများအတွက် ... အောင်ဘုန်းမြင့်(ကချင်မြေ) ၂၄၈
- ကလေးများကျန်းမာအောင် ယတြာချေရအောင် ... ရဲရဲထွန်း(ဟသ္သာတ) ၂၈၁
- ငွေကြေးအခက်အခဲပြေလည်စေရန်..... ... ရဲလေး(ဟသ္သာတ) ၂၈၂


## အသုံးချပညာရပ်များ


- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အတိတ်အောင်နိမိတ်ဆရာ ၁၅၇
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၁၇၇
- ၂၀၁၄၊ စက်တင်ဘာလ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၉၃
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၂၅၁
- ၂၀၁၄၊ စက်တင်ဘာလအတွက် လိုအင်ဆန္ဒပြည့်ဝ
အောင်မြင်စေမည့် (ကား၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ... ဆရာမြတ်ထွန်းခေါင် ၂၇၇
- ၂၀၁၄၊ စက်တင်ဘာလ၊ ကောင်းကင်ဂြိုဟ် ရပ်တည်မှု
၁၂ ရာသီ လဂ်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၃၀၂


www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒါန



အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာအတွင်းရှိ ရုပ်ပွားတော်
မှော်ဘီမြို့

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒါန



သီတိုဦးရှင်ရုပ်ပွားတော် (ဗဒူတ္တာမြို့)

www.burmeseclassic.com


www.burmeseclassic.com

# သစ်တော်ဆယ်ပါး
# သီဟိုဠ်ရှင်ဘုရား

■ အယ်ဒီတာတစ်ဦး ■



သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး ဓိနသုခ စိန်ဖူးတော်



သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး မပြုပြင်မီ

ကျွန်တော်တို့ ဘုရားဖူးအဖွဲ့မှာ အလောင်းတော်ကဿပ၊ ရွှေစက်တော်သို့ ခရီးဆန့်ပြီး မင်းဘူး နဂါးပွက်၊ မြသလွန်တို့ပါ မကျန်၊ ကျောင်းတော်ရာနှင့် ဖိုလ်ဝင်တောင်တို့အထိ သွားရောက်ဖူးမြော်ပြီး အားလုံး ခြေကုန်လက်ပန်းကျနေကြသော်လည်း ကြည်ညိုစိတ်သဒ္ဓါကား မလျော့။

ကျွန်တော်တို့ ဘုရားဖူးကားမှာ ညနေ ၄နာရီစွန်းစွန်းလောက်တွင် ပခုက္ကူမြို့သို့ ဝင်၏။ သီဟိုဠ်ရှင်ဘုရားရှိတာကို သိထားသည်။ ကျွန်တော်တို့အားလုံး သီဟိုဠ်ရှင်ဘုရားကို ဦးခိုက် ပူဇော်ခဲ့ကြ၏။

◈◈◈

သီဟိုဠ်ရှင်၏ ဘုရားဒါယကာမှာ အလောင်းစည်သူမင်းဖြစ်ပြီး သက္ကရာဇ် ၄၇၉ တွင် တည်ထားကိုးကွယ်ခဲ့၏။


အလောင်းစည်သူမင်းကြီးတွင် အမြဲဆည်းကပ်ကိုးကွယ်သော ဆရာလေးပါးရှိသည်ဟု ဆို၏။ ဆရာလေးပါးမှာ အရှင်အရဟံ၊ စိမ့်ညက်မင်းသားတော် မဟာထေရ်၊ အရှင်အာနန္ဒာနှင့် မဟာဂီရိ နတ်မင်းတို့ပင် ဖြစ်၏။ ထိုလေးပါးထဲတွင် အရှင်အရဟံနှင့် မဟာဂီရိနတ်မင်းတို့မှာ အလောင်းစည်သူ၏ ဆုတောင်းဖက်များဟု ဆို၏။

အလောင်းစည်သူမင်း ဖောင်စကြာနှင့် တိုင်းခန်းလှည့်လည်ခြင်းကို ကျွန်တော်တို့ သိထားပြီးသားဖြစ်၏။ ဖောင်စကြာ၏ အပြန်ခရီးတွင် မလ္လာယုကျွန်းမှ ပြန်လည်ထွက်ခွာလာစဉ် နတ်ဘီလူးအပေါင်းတို့က ဖောင်တော်ပေါ်တွင် ပါလာသော မှူးမတ်ဗိုလ်ပါ ပရိသတ်တို့အတွက် စန္ဒကူးနံ့သာတုံးများကို ဆက်သကြသည်။ နံ့သာတုံး လက်ဆောင်များရ၍ အားလုံးက ကခုန်မြူးတူးနေ၏။ အလောင်းစည်သူမင်း



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး ပြုပြင်ပြီးပုံတော်

ကြီးက "အသင်တို့ အဘယ်အတွက်ကြောင့် ကခုန်မြူးတူး နေပါသနည်း"ဟု မေးတော်မူရာတွင် မင်းချင်းဗိုလ်ပါတို့က "စန္ဒကူးနံ့သာအစစ်အမှန်တို့ကား လွန်စွာရနိုင်ခဲ့ပါ၏။ ထို ကြောင့်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်"ဟု မင်းကြီး အား လျှောက်တင်ကြသည်။

ထိုအခါ အလောင်းစည်သူမင်းကြီးက・・・

"ဟယ်・・・အမတ်တို့၊ ဤနံ့သာတုံး၊ နံ့သာနစ်တို့ကား လိမ်းကျံဖွယ်ရာမျှပင် ဖြစ်ချေသည်။ ပူဇော်ကိုးကွယ်ရာ မဟုတ်။ ဤသို့သော နံ့သာတုံးအထောင်အသောင်းရရှိခြင်း ထက် ဒက္ခိဏသာခါ မဟာဗောဓိသားနှင့် သရက္ခန်သားတို့ ကိုသာ ငါကိုယ်တော် လိုချင်တပ်မက်ရှိတော်မူသည်"

ဟု မိန့်ကြားပြီး နှလုံးစိတ်ဝမ်း ညှိုးငယ်တော်မူလေ သည်။

အလောင်းစည်သူမင်း၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေး မည့်သူနှစ်ယောက်ကလည်း အဆင်သင့်ရှိနေ၏။ တစ်ဦးက သိကြားမင်း၊ တစ်ဦးက သီဟိုဠ်ဘုရင်။

သီဟိုဠ်ဘုရင်မင်းမြတ်မှာ ဘုန်းတန်ခိုးပြည့်စုံတော်မူ သော အလောင်းစည်သူမင်းကြီးအား သက်န်းနက် လေ့တော် နှင့် သမီးတော် စောဦးထွေးအား ဆက်သလိုက်သော်လည်း တင်းတိမ်ခြင်း မရှိ။ အလောင်းစည်သူမင်းကြီး၏ သူ့တိုင်း နိုင်ငံသို့ အပြန်ခရီးတွင် စန္ဒကူး၊ သရက္ခန်သား အစရှိသည် တို့ဖြင့် ဘုရားရုပ်ထုပြုလုပ်ပြီး ဆက်သချင်သော အာသီသ တွေ ပြင်းပြနေ၏။

သိကြားမင်းကိုယ်တိုင်ကလည်း အလောင်းစည်သူမင်း ကြီး၏ စိတ်ဆန္ဒကို ဖြည့်ဆည်းပေးချင်နေသောကြောင့် မဟာ ဗောဓိပင်မှ ဒက္ခိဏသာခါ မဟာဗောဓိပင်စည်ပင်ခက်ကို တန်ခိုးတော်ဖြင့် အရကြံဆောင်ပြီး သီဟိုဠ်ဘုရင်ထံ ဆက်သ အပ်နှံလေ၏။

သိကြားမင်းက သီဟိုဠ်ဘုရင်အား・・・

"တရားမင်းမြတ်・・・ငါယူဆောင်ခဲ့သော ဒက္ခိဏသာခါ မဟာဗောဓိကို ဘုရားရုပ်ထုပြုလုပ်၍ အလောင်းစည်သူမင်း ကြီးအား ဆက်သပါလေ။ ငါကား သင် မင်းမြတ်၏ စိတ် အလိုကို သိသောကြောင့် သင့်အလိုလည်း ပြည့်စေ၊ ငါ့အလို လည်း ပြည့်စုံစေ၊ လေ့စကြာရှင် ဘုရင်မင်းမြတ်(အလောင်း စည်သူမင်း)၏ အလိုလည်း ပြည့်စုံစေဖို့ ရည်ရွယ်ခဲ့ခြင်းဖြစ် သည်"


ဟု မိန့်တော်မူ၏။






www.burmeseclassic.com

www.burmeseclassic.com





ဘုရားဒါယကာ အလောင်းစည်သူမင်း၏ မိဖုရား
ဘုရားအမကြီး အဝမယ်စိစိ သို့ ရုပ်




သီဟိုဠ်ရှင် ဖြတ်စွာ ဘုရားကြီး အ
သီဟိုဠ်ရှင် အောင်မြေ အဝင်ဝါနံရ



www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်ဘုရင်လည်း သိကြားမင်း မိန့်တော်မူသည့် အတိုင်း သစ်တော် ဆယ်ပါးဖြင့် ဆင်းတုကို ထုလုပ်တော်မူ၏။ သီဟိုဠ်ရှင် ရုပ်ပွားတော်အား ထုလုပ်သည့် သစ်တော် ဆယ်ပါးမှာ . . .

(၁) သိကြားမင်း အပ်နှံလာသော မဟာဗောဓိသစ်တော်၊

(၂) စန္ဒကူးနှစ် သစ်တော်၊

(၃) သရက္ခန်သစ်တော်၊

(၄) သပြေနှစ် သစ်တော်၊

(၅) ထင်းရှူးနှစ် သစ်တော်၊

(၆) ကသစ်နှစ် သစ်တော်၊

(၇) ကုက္ကိုနှစ် သစ်တော်၊

(၈) သခွတ်နှစ် သစ်တော်၊

(၉) ထိန်နှစ် သစ်တော် နှင့်


(၁၀) နံ့သာမျိုးနှစ် သစ်တော်တို့ ဖြစ်သည်။

ရုပ်တုပုံတော်မှာ သီဟိုဠ်မင်းတို့ ကိုးကွယ်သော မတ်ရပ်ပုံတော်ဖြစ်ပြီး ညာလက်တော်အမြင့်မှာ သံတောင် သုံးတောင် နှစ်မိုက်၊ လက်ဝဲလက်တော်မှာ ပက်လက်လှန် ဖြစ်ပြီး၊ လက်ယာလက်တော်မှာ ထောင်၍ကာ ပုံတော်ဖြစ် သည်။ ဆံတော်ပုံမှာ သီဟိုဠ်ဆံတော်ပုံတင်လျက် သင်္ကန်း တော်အစွန်းအမြိတ်တို့မှာ အချိတ်အကွေ့ထင်ကုန်၏ဟု ဆို ထား၏။


◈◈◈

ကျွန်တော်တို့ မျက်မြင်ဖူးတွေ့ရသော ရုပ်ပွားတော်မှာ မွမ်းမံပြုပြင်ထားသော ရုပ်ပွားတော်ဖြစ်၏။ မူလ ရှေးဟောင်း ရုပ်ပွားတော်ကို ဓာတ်ပုံအဖြစ်သာ ဖူးမြော်ရ၏။

ရှေးအခါကတော့ သီဟိုဠ်ရှင် မြတ်စွာဘုရားရုပ်ပွား တော်တစ်ဆူတည်းသာ ရှိခဲ့သည်။ လေးကျွန်းဆိမ်းဘုရား ကျောက်စာအရပင် သက္ကရာဇ် ၁၁၇၈ တွင် ဂန္ဓကုဋီစေတီ တော်ကို မွမ်းမံပြုပြင်သလို၊ ထီးတော်အသစ်လည်း တင်လှူ ခဲ့၏။ မြင်သာရွာအုပ်မင်းကြီးက လက်ဝဲတော်၊ လက်ယာ တော် ဆင်းတုတော်နှစ်ဆူအား ထုလုပ်ပူဇော်ခဲ့ကြောင်း သိရ သည်။



www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



အလွန်ရှေးကျသော အလောင်းစည်သူမင်းနှင့် ပတ်သက်သည့် သီဟိုဠ်ရှင်ရုပ်ပွားတော်အား ကျွန်တော်တို့ ဖူးမြော်ကြည်ညိုကြ၏။ သီဟိုဠ်ရှင် ရုပ်ပွားတော်ရှေ့တွင် မိမိလိုရာဆုကို တိုင်တည်ပြီး တောင်းခဲ့ကြ၏။

◈◈◈

ပခုက္ကူ သီဟိုဠ်ရှင်ဘုရားပွဲတော်ကို သုံးကြိမ်သုံးလီ ကျင်းပ၏။ တန်ခူးလ အတာသဘင်ပွဲနှင့်အတူ ရေချမ်းပူဇော်သော "ရေသွန်းပွဲတော်"၊ နယုန်လဆန်း ၈ရက်နေ့မှ လဆုတ် ၂ရက်နေ့အထိ ကိုးရက်တိုင်တိုင် ဈေးဆိုင်များ တည်ခင်း ကျင်းပသော "နယုန်လပွဲတော်"နှင့် မဟာပဝါရဏာနေ့ (သီတင်းကျွတ်လပြည့်နေ့) ၌ သံဃာတော်မြတ်တို့အား ဆွမ်းလုံး စာရေးတံလှူဒါန်းခြင်း၊ သီဟိုဠ်ရှင် မြတ်စွာဘုရားအား ပူဇော်ဖွယ်ရာအထူးထူးဖြင့် ဆက်ကပ်သော "ဆွမ်းတော်ကြီးတင်ပွဲတော်"တို့ပင် ဖြစ်သည်။


ကျွန်တော်တို့ ဘုရားဖူးပြီး ကားဆီသို့ ပြန်အရောက်မှာတော့ ပခုက္ကူနယ်ထွက် သနပ်ခါးတုံး လက်ဆောင်များ အသင့်ရောက်နေ၏။ နရသိန်မဂ္ဂဇင်းတွင် ဝတ္ထုဆောင်းပါးများ ရေးနေသော ဆရာ ခင်အေးမောင်က လူကြုံဖြင့် ပို့ပေးလာခြင်းဖြစ်၏။ သူနှင့် ကျွန်တော် လူချင်းမဆုံဘူး၊ မမြင်ဘူးပေ။ အခုလည်း ကျွန်တော် ပခုက္ကူရောက်နေကြောင်း သတင်းကြား၍ လက်ဆောင်ပို့ခြင်းဖြစ်၏။ ဆရာ ခင်အေးမောင်မှာ နေ့ထိုင်မကောင်း၍ လာမတွေ့နိုင်ခြင်းဟု သိရ၏။

ကျွန်တော်တို့သည် သီဟိုဠ်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ပခုက္ကူကို နှုတ်ဆက်ကာ မုံရွာသို့ ထွက်ခွာခဲ့ကြ၏။

◈◈◈

သီဟိုဠ်ရှင်ဘုရားရုပ်ပွားတော်အား ဖူးမြော်ရာတွင် သက်တော်ထင်ရှား ဘုရားရှင်နှင့်မခြား ကြည်ညိုစိတ်ထားပါက ထူးမျှသော အကျိုးဖလတို့ကို ရရှိနိုင်သည်ဟု ဆို၏။


အပြန် ကားပေါ်မှာပင် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုဖြစ်သော သီဟိုဠ်ရှင်ဘုရားရှိခိုးကို ရွတ်ဖတ်ပူဇော်မိ၏။






www.burmeseclassic.com

www.burmeseclassic.com





**သုပါကင့် ပစိစန္တယျံ၊ လက်ာရာဇာ သုဒတ္တိယံ။**
**ဒသ ဒါရှဟိ နိမ္မိတံ၊ နမာမိ ပဋိမံ ဝရံ။**

**သုပါကင့်** - သုံးဘုံဘဝဂ် ပျံ့တက်ကျော်ကြား လွန်ထင်ရှားသော၊

**အစိန္တေယျံ** - ကြံစည်မရ တန်ခိုးတော်အနန္တလည်း ရှိတော်မူသော၊

**လက်ာရာဇာသုဒတ္တိယံ** - အလောင်းစည်သူ သီတင်းကြူသား မင်းတရားအား လေးစားပျပ်ဝပ် သီဟိုဠ်ဘုရင် ကောင်းစွာ ဆက်သအပ်သော၊

**ဒသဒါရှဟိ** - သစ်မင်းဗောဓိ တုမရှိမှန် သရက္ခန်စန္ဒကူး ထင်းရှူးကသစ် သပြေနှစ်အမြတ် သခွပ်ကုက္ကိုထိန်နှစ်ဆိုလစ် နံ့သာနှစ်ဟု ဆယ်ဝဆယ်ပါး ပိုင်းခြားတွက် သစ်သားနှစ်တို့ဖြင့်၊

**နိမ္မိတံ**- မတ်ရပ်တော်ဟန် စီမံဖန်တီး အပြီးထု အပ်သော၊

**ပဋိမံ ဝရံ** - ကမ္ဘာလောကဘတ် မြတ်ထက်မြတ် သုတိထင်ရှား သီဟိုဠ်ရှင် ဆင်းတုတော်မြတ်ဘုရားကို

**အဟံ** - တပည့်တော်သည်၊

**နမာမိ** - သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမ ကြည်ဆွသဒ္ဒါ ရှိခိုးပါ၏ ဘုရား ■


* * *

အယ်ဒီတာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ နေ့ခင်းကြောင်တောင်ကြီးဖြစ်၏။ ပျင်းပျင်းရှိသည်နှင့် ဂျာနယ်တစ်စောင်ဖတ်ကြည့်နေရင်းက ပက်လက်ကုလားထိုင်ပေါ်၌ ငိုက်မြည်းစ ပြုလာသည်။ ထိုအခိုက်…

"အံမယ်…ဘသားချော က အိပ်လို့ပါလား"

ဟု ဆိုကာ ကျွန်တော့်ကို လှုပ်နှိုးလိုက်သောကြောင့် မျက်စိဖွင့်ကြည့်မိသည်။

"ဟင်…အောင်ဘ၊ ဘယ်က လာတာလဲ"

"ဘုန်းကြီးပျံကကွ"

"ဟေ… ဘယ်ကျောင်း၊ ဘယ်ကိုယ်တော်လဲ၊ တို့လည်း မကြားမိပါလား"

"မင်းတို့ ဘယ်ကြားမလဲ၊ ဦးဇင်းကြီး ဦးသာဂေါင်လေ၊ ငါ့မိန်းမ အေးခင်ရဲ့ ဘကြီးလေကွာ"

"ပြော်…ဦးဇင်းကြီး ဦးသာဂေါင်တောင် ကြွသွားမှ ကိုး။ နို့…ဘာရောဂါနဲ့လဲ"

"လူကြီးရောဂါပဲ။ ရောဂါဒဏ်ကို တစ်လခွဲ နှစ်လလောက်တော့ ခံစားသွားရသေးတယ်"

"ဒါလောက်ဆို တော်သေးတာပေါ့။ တချို့များ နှစ်ရှည်ကြီးရယ်"

"အေးလေကွာ၊ သေရမယ့်အတူတူ ရောဂါဆို ဘာရောဂါမှ မခံစားရဘဲ သေကြရရင် မကောင်းဘူးလား"

"ဟ…ကောင်းရဲ့ သေရတဲ့ကိစ္စမယ် ရောဂါဒဏ်မခံစားရဘဲ သေရတယ်လို့ ဘယ်ရှိမလဲ။ အနည်းအကျဉ်းဖြင့် ခံစားရတာချည်းပဲပေါ့"

"အေး၊ တစ်ခုတော့ ရှိတယ်။ ဖြုန်းစားကြီး ကောက်ခါငင်ခါ သေရင်တော့ မပြောတတ်ဘူး"

"ဒါတောင် ဗျာဓိပိဒုက္ခာ မဟုတ်လား။ မရဏမို့ဒုက္ခံဆို မဟုတ်လား။ ပြင်းဒဏ်နဲ့ ပေါ့ဒဏ်သာ ကွာမယ်၊ ခံစားတော့ ခံစားရမှာပဲ"

"တစ်ခုတော့ ရှိတယ်။ တို့သာသနာမယ် ဘာရောဂါမှ မခံစားရဘဲ ခန္ဓာဝန်ချသွားတဲ့ ဆရာတော်တွေ ရှိဖူးတယ်ကွ"

"ဟေ…မင့်ဟာက အဆန်းကြီးပါလား"

"ဟုတ်တယ်။ အဆန်းကြီးရယ်။ မင်း စတုဂီရိတောင်လေးလုံး ဆရာတော်ဆိုတာ ကြားဖူးလား"

"ကြားဖူးတယ်။ တို့ ဘုန်းကြီးကျောင်းမှာ နေတုန်းက ညညဆို တို့ဆရာ ဘုန်းကြီးက ဟိုအကြောင်း ဒီအကြောင်းတွေပြော မဟုတ်လား"

"အေး၊ ဟုတ်တယ်"

"အခု ကျောင်းထိုင်မဟုတ်ဘူးနော်။ တို့နေစဉ်က ကျောင်းထိုင်ရယ်။ ဒီတုန်းက ဆရာတော် ပြောတာ မှတ်မိသေးတယ်။ အဲ…အင်းဝခေတ်နှောင်းနဲ့ ကုန်းဘောင်ခေတ်အကြားမှာ ထွန်းတောက် ကျော်ကြားလာတဲ့ ဆရာတော်ကြီးပါ"

"အင်း…မင်းလည်း မှတ်မိသေးကိုး၊ ဟုတ်ပေါ့။ အင်းဝခေတ်ကုန်ခါနီး ကုန်းဘောင်ခေတ် ပေါ်ထွန်းချိန်ပေါ့။ ဘိုးတော်မင်းတရားကြီးကတောင် ရာဇဂုရုဘွဲ့ဆက်ကပ်တော်မူသေးတယ်"

"ဆရာတော်ကြီးက ရွှေဘိုနယ်က ဥသျှစ်ကျေးရွာသား။ ဘွဲ့တော်က ဦးမေဓာဝီတဲ့။ သူ့ညီက ဦးဓမ္မပီယတဲ့။ သူ့ ခမည်းတော်ကလည်း ဘုန်းကြီးဝတ်နဲ့ပဲ။ သူ ၂နှစ်သားကတည်းက ဝတ်တာ"

"နောက်ပြီး ဆရာတော်ကြီး ရေးသားတဲ့ ကျမ်းစာတွေလည်း ရှိသေးတယ်။ နမောတဿ ဂမ္ဘီရ ရှုဖွယ်ကျမ်းတို့ အမတသောပါန ရှုဖွယ်ကျမ်း၊ ရာဇကြေးမုံ ရှုဖွယ် တို့ဆိုတာတွေလေ"

"အေး၊ ဒီကျမ်းတွေကိုလည်း ကျောင်းမှာတုန်းကသာ ဟိုလှန် ဒီလှန် ဖတ်ဖူးတာ။ မင်းကတော့ စာသမားမို့ ဖတ်ဖူးမှာပေါ့"

"ဖတ်ဖူးတယ်။ အလွန်ကောင်းတဲ့ ကျမ်းတွေ။ ပိဋကတ်သုံးပုံထဲက ကောင်းပေ့၊ ညွှန့်ပေ့ဆိုတဲ့ အနှစ်သာရတွေကိုချည်း ထုတ်ရေးသွားတာ။ တစ်ခါ ရေးပုံကလည်း ဒဲ့ဒိုးကြီးရယ်။ လူတွေ နားလည် သဘောပေါက်အောင် တိုတိုတုတ်တုတ်နဲ့ လွယ်လွယ်တွေပဲ ရေးတာ။ ဥပမာတစ်ခု အနေနဲ့ ငါရွတ်ပြမယ်။ မင်း နားထောင်ကြည့်"

"ထွက်သက်…ဝင်သက်ကို ထွက်သက်…ဝင်သက်လို့ တောခွေး၊ အိမ်ခွေးတွေတောင် သိကြသတဲ့။ ဥပမာပေးပုံ…ဥပမာပေးပုံ"

"အေး၊ ဟုတ်ပါ့။ တိရစ္ဆာန်တွေလည်း သိပါတယ်။ ဒီလောက်တော့"

"အဲ…ဆက်ပြောတာက…"


"ဒါကြောင့်မို့ ထွက်သက်ကို ထွက်သက်လို့၊ ဝင်သက်ကို ဝင်သက်လို့ သိတာ မတ္တနဲ့ သတိပဋ္ဌာန်ကို ပွားများသည် မမည်သေးဘူးတဲ့"

"ဒါ ဆရာတော်ကြီး အာဘော်ပဲ။ ဆရာတော်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုရင်း အာဘော်ကိုတော့ မင်းသိတယ်နော်"

"သိတာပေါ့။ ဒီလောက်ရှင်းအောင် ရေးထားတဲ့ ဥစ္စာ"

"ဒါဆို နောက်တစ်ပုဒ် နားထောင်ကြည့်စမ်း"

"အကြင်သူဟာ လောကီချမ်းသာမျှကိုသာ တောင့်တ၍ လွန်ကဲစွာပင် ဒါန၊ သီလကို အားထုတ်၏။ လုံ့လပြု၏။ ထိုသူသည် ကိုယ့်ကိုယ်ကို သံသရာဝဋ်ဒုက္ခ၌ ရောင်းစား ပေါင်နှံထားသူမည်၏တဲ့"

"ဟာ…သိပ်မှန်တာပဲ။ လောကီစည်းစိမ်ချမ်းသာတွေကို မက်မောပြီး ကုသိုလ်တွေ လုပ်ရော၊ လုပ်ပြီးတော့ သူတို့လုပ်တဲ့ ကုသိုလ်ကံတွေက ဟို လူ့ဘုံ၊ နတ်ဘုံတို့ဆိုတာတွေဆီကို ရောက်အောင် ပို့လိုက်ရော"

"ဒီအခါ လူတွေဖြစ်၊ လူ့ဒုက္ခတွေ ခံ၊ နတ်တွေဖြစ်၊ နတ်ဒုက္ခတွေ ခံနဲ့ဟာ မင့်ဥစ္စာ ဘယ်လိုလုပ် သံသရာဆင်းရဲက လွတ်လို့တုန်း"

"အေး၊ ဟုတ်တယ်။ အဲဒါကို ပြောတာ။ ဘယ်က ဘာက် ထိမိတဲ့ အရေးလဲလို့။ အခု အဲဒီ စတုဂီရိတောင် လုံးဆရာတော်ကြီး ခန္ဓာဝန်ချသွားပုံကို ပြောမလို့ပဲ"

"အေး…ပြောစမ်းကွာ၊ မှတ်ရတာပေါ့"

"နေပါဦးကွ၊ ဆရာတော် ခန္ဓာဝန်ချပုံကို မပြောသေး သေဖော်သေဖက်တူပုံလေး ညှိပေးလိုက်ဦးမယ်"

"ဗျို…မင်းဟာက…"

"အလောင်းတော် နတ်သားတွေအကြောင်း ပြောမလို့"

"ဒီ ဘုရားလောင်း နတ်သားတွေဆိုတာ နတ်ပြည်မှာ အရှည်ကြီးနေပြီး နတ်စည်းစိမ်တွေ ခံစားကြရတာ။ အဲဒါ ကြာတော့ ငြီးငွေ့လာတယ်။ မခံစားချင်တော့ဘူး။ ဒီ အခါ နတ်သက်တမ်းစေ့တဲ့အထိ မနေတော့ဘဲ လူ့ပြည်ဆင်း၊ လူ့ဘဝနဲ့ ပါရမီတွေ ဖြည့်ချင်လာတယ်။ ဒီတော့ကာ ဘာ လုပ်သလဲမှတ်လဲ"

"အင်း၊ ပြောပါဦး"

"အဲ…အဓိမုတ္တိကာလံ ကိရိယာလို့ ခေါ်တဲ့ သေခြင်း မျိုးနဲ့ စုတေကြသတဲ့"

"နို့…မင်းပြောတဲ့ အဓိမုတ္တိကာလံကိရိယာ ဆိုတာက…"

"ဒါက သေခြင်းတစ်မျိုးပဲ။ သေမယ်လို့ နှလုံးသွင်း အဓိဋ္ဌာန်လိုက်တာနဲ့ စုတေရော"

"နှလုံးသွင်းပုံလေး ပြောပါဦး"

"ဒီလိုလေ၊ အခုနပြောသလို ငြီးငွေ့လာတော့ နတ်ဘဝက စုတေ၊ လူ့ပြည်က အမေ့ဗိုက်ထဲ ပဋိသန္ဓေနေ၊ မွေးလာပြီး လူလားမြောက်တော့ ဒါန စတဲ့ ပါရမီတွေကို ဖြည့်ကြမှာကိုး"

"ဒီတော့ အဲလို လူ့ပြည်ဆင်း ပါရမီဖြည့်ချင်တဲ့ အလောင်းတော် နတ်သားဟာ ဗိမာန်ထဲ ဝင်ပြီး…"

"ဒီအခါမှစ၍ ငါ့သေခြင်းသည် ဖြစ်ပါစေသတည်းလို့ အဓိဋ္ဌာန်လိုက်တာနဲ့ တစ်ပြိုင်နက် အသက်ထွက်သွားရော၊ စုတေသွားရောတဲ့"

"ဟင်…မြန်လိုက်တာ၊ ညင်သာလိုက်တာ။ တို့လို တွန့်လိမ်ကောက်ကွေး ကုန်းရုန်းထ၊ လျှာကြီးထွက်နဲ့ ဘယ် သေရလို့တုန်း"

"ဒါကလည်း ဒီလိုရှိသေးတယ်ကွ။ ဒီလိုသေပုံမျိုးက ဘုရားအလောင်း နတ်သားတွေသာ သေနိုင်၊ ဖြစ်နိုင်တဲ့ သေခြင်းမျိုးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားလောင်း နတ်သားတွေမှာ ပါရမီတရားတွေ အထွဋ်အထိပ်ရောက် နေတာက တစ်ကြောင်း၊ အလောင်းတော်တွေရဲ့ စိတ်အစဉ် ဆိုတာ အဘိညာဉ်သမာပတ်တွေနဲ့ သုတ်သင်ပြီး ဘဝက တစ်ကြောင်း၊ ကိုယ့်ကိုယ်ကို ချစ်ခင်ခြင်း ခေါင်းပါးတာက တစ်ကြောင်းတဲ့၊ နောက် ရှိသေးတယ်။ သတ္တဝါတွေအပေါ်မှာ ထားရှိတဲ့ မဟာကရုဏာရဲ့ ကြီးမြတ်တာက တစ်ကြောင်း ရယ်၊ နောက် သေဖို့ ဆောက်တည်တဲ့အခါ ထက်မြက်တဲ့ အဖြစ်၊ သန့်ရှင်းတဲ့အဖြစ်ကို ရောက်နေတာက တစ်ကြောင်း ရယ်နဲ့ အဲလိုအကြောင်းတွေကြောင့် အခုလို နှလုံးသွင်း လိုက်ရုံနဲ့ စုတိစိတ်ကျသွားရတာ"

"ဒါဖြင့် တို့ တောင်လေးလုံး စတုဂီရိဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကရော"

"အေး၊ ဒီဆရာတော်ကြီး သေပုံ၊ ခန္ဓာဝန်ချသွားပုံကလည်း အခုန အလောင်းတော် နတ်သားတွေနဲ့ ခပ်ဆင်ဆင်ပဲ"

"ဆရာတော်ကြီးက ဒီတုန်းက အမရပူရ နေပြည်တော်ရဲ့ မြောက်အင်းရွာတိုက် သုံးထပ်ကျောင်းမှာ သီတင်းသုံးနေတယ်။ အဲဒါ တစ်နေ့မှာတော့ သူ့ဆွမ်းဒကာ၊ ကွမ်းဒကာတွေကို ခေါ်ပြီး အခုလို အမိန့်ရှိတယ်"

"ငါ အသက်ကြီးပြီ၊ သေချိန်လည်း နီးကပ်နေပြီ။ ဒီတော့ကာ ခေါင်းနှစ်လုံးလုပ်ပြီး လာလှူကြလို့ အမိန့်ရှိလိုက်ကရော"

"ဟင်···မင့်ဥစ္စာက ဒဲ့ဒိုးကြီးပါလား"

"ဟုတ်တယ်။ နဂိုကတည်းက ဒဲ့ဒိုးပြောတတ်သူ မဟုတ်လား"

"အေး၊ ဟုတ်တယ်။ သူ့ဒကာတွေက ဘာပြောကြလဲ"

"မပြောရဲဘူး။ ဘာကြောင့်၊ ညာကြောင့်ရယ်လို့ မလျှောက်ထားဝံ့ကြဘူးတဲ့။ အသာလေး ငြိမ်နေကြတယ်။ စိတ်တော့ ဘယ်ကောင်းကြမလဲ။ ဒါနဲ့ အသာကလေးငြိမ်ပြန်လာကြပြီး ဆရာတော်ကြီး အမိန့်ရှိလိုက်တဲ့ ခေါင်းနှစ်လုံးကို အကောင်းစားချည်းလည်း ဖြစ်၊ အမြန်ပြီးအောင်လည်း လုပ်ကြသတဲ့။ အဲလို ခေါင်းလုပ်ပြီးတာနဲ့ ကျောင်းကို သယ်ယူလာကြတယ်။ ကျောင်းရောက်တော့ ခေါင်းတစ်လုံးကို သင့်တော်ရာ နေရာမှာ သွားထားပြီး တစ်လုံးကိုတော့ ဆရာတော်ကြီး ကြည့်ရှုရန် ဆရာတော်ကြီးရှေ့တော်မှောက်ကို သယ်ယူလာကြပြီး ရှေ့တည့်တည့်မှာ ချထားပေးလိုက်တယ်။

ဒီအခါ ဆရာတော်ကြီးက ခေါင်းကြီးကိုလည်း မြင်ရော ဖြုန်းဆို နေရာမှ ထပြီး "ဟဲ့···နင်တို့ခေါင်း၊ ငါနဲ့တော်ရဲ့လား" လို့ ဆိုလိုက်ပြီး ခေါင်းကြီးထဲဝင် အိပ်ချလိုက်ကရော"

"ဟင်···ကြောက်စရာကြီးနော်"

"ကြောက်မနေနဲ့၊ အဲလို အိပ်ချလိုက်တာနဲ့ ပြန်မထတော့ဘူး။ ဆရာတော်ကြီး အိပ်ချလိုက်တာနဲ့ တစ်ပြိုင်နက် ဝိညာဉ်ချုပ်ပြီး ဘဝဇာတ်သိမ်းတော်မူရောတဲ့။ ဒီအခါ သူ့ဒကာတွေက မှင်တက်မိနေကြတယ်။ ဝိုရမ့်န်းဘာမှန်း မလုပ်နိုင်ကြသေးဘူး။

အဲ···အဲလို မှင်တက်မိနေတဲ့ သူတို့အနားကို အာဂန္တု ဘုန်းတော်ကြီးတစ်ပါးရောက်လာတယ်။ ဒီတော့မှပဲ အားလုံး သတိပြန်ရပြီး အာဂန္တု ဘုန်းတော်ကြီးကို ရှိခိုးချကြရသတဲ့။ အဲ···ထူးခြားတာက အဲဒီ အာဂန္တုကိုယ်တော်ရဲ့ မျက်နှာအမူအရာတွေက ဘာထူးခြားမှုမှ မရှိဘဲ စတုဂီရိတောင်လေးလုံး ဆရာတော်ကြီးအနီးကို ကြွသွားပြီး "ဒကာတို့ရဲ့ ဆရာတော်ကြီး ပျံလွန်တော်မူမှုကိုး" လို့ မိန့်တော်မူပြီး မျက်စိမှိတ်လျက် သင်္ခါရတရားကို နှလုံးသွင်းနေတယ်။ ပြီးမှ မျက်စိပြန်ဖွင့်လျက် ကျောင်းဝင်းကို ဟိုကြည့်ဒီကြည့်နဲ့ ကြည့်ရင်းက ကျောင်းတစ်နေရာမှာ ထားတဲ့ ခေါင်းအပိုတစ်လုံးကိုလည်း မြင်ရော "သြော်···ဟိုမှာလည်း ခေါင်းတစ်လုံးပါကလား" လို့ ဆိုပြီး ခေါင်းရှိရာကို ကြွသွားတယ်။ အနားရောက်တော့ ခေါင်းထဲ ဝင်လဲလျောင်းလိုက်တာ ပြန်ကို ထတော်မမူတော့ဘဲ ဝိညာဉ်ချုပ်ပြီး ခန္ဓာဝန်ချသွားတော်မူပြန်သတဲ့။ ဒီတော့မှ အခုန ငြိမ်ကြည့်နေတဲ့ ဒကာတွေက လှုပ်လှုပ်ရွရွရှိလာကြပြီ "ဟော···တို့ကို ခေါင်းနှစ်လုံးလုပ်ခိုင်းတာ ဒါကြောင့်ပဲကိုး" ဟု အချင်းချင်း ပြောဆိုကြသတဲ့"

"နို···နေဦး၊ ဒီ အာဂန္တုကိုယ်တော်ဆိုတာက···"

"အဲဒါ စတုဂီရိ ဆရာတော်ရဲ့ ညီ ဦးဓမ္မပီယလေ၊ သူ့အတွက်တောင် ဓမ္မပီယရှုဖွယ်ကျမ်းဆိုပြီး ကျမ်းတစ်ကျမ်း ရေးပေးသေးတာ။ အဲဒါတွေ ထားတော့၊ မင်း ဘယ်လိုသဘောရလဲ၊ မအံ့သြဘူးလား"

"အံ့သြဆို···ဘာပြောစရာရှိလို့လဲ၊ တို့သာသနာဆိုတာ ဘုရားရှင် ညွှန်ထားခဲ့တဲ့အတိုင်းသာ လိုက်နာပြုကျင့် တကယ်လုပ်ရင် ဘာမဆို တကယ်ဖြစ်နိုင်တာကွ"

"အဲဒါနဲ့ အခု ဆရာတော်နှစ်ပါး ပျံလွန်ပုံက···"

"ဟာ···သိပ်ဆန်းပဲ။ ခေါင်းထဲဝင် အိပ်ချလိုက်ရုံနဲ့ ပျံလွန်သွားကြတာ မင့်ဟာ ရဟန္တာတွေများလားကွ"

"အဲဒါက မင်းတို့၊ ငါတို့ တွေးယူကြရမည့်ဟာ" ■

* * *

ထွန်းလွင် (မြောစရိယ၊ ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

ခင်လမှ အဆက်…

အသားစွဲ၍ သရဲဖြစ်ရသူ

စာရေးသူသည် ကော့သောင်းမြို့ ဓမ္မ
အေသနာခရီးကို ၂၀၀၃ ခုနှစ်တွင် စတင်ခဲ့သည်။
င့်စဉ်က (၇)ညလောက်သာ ကျင်းပကြရန်

# မေတ္တာရှင် ‹ရွှေပြည်သာ›

# တစ်ရာထက်မြတ်သော တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com

ရည်ရွယ်ကြသော်လည်း စာရေးသူ၏ တရားကို နာပြီးသည်နှင့် ရပ်ကွက်အားလုံးနီးပါးနှင့် ကျေးရွာများကပါ ဝိုင်းပင့်ကြရာ (၇၂)ညအထိ ဖြစ်သွားသည်။ ပထမဆုံး ဟောခဲ့သောနေရာမှာ ခုနစ်မိုင်ရွာ၊ ထားဝယ်စုရပ်ကွက်တွင်ဖြစ်သည်။ ပထမဆုံးည ဟောသောတရားမှာ "မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာ"အမည်ရှိ တရားဖြစ်သည်။ မူလပဏ္ဏာသ အဋ္ဌကထာအဖွင့်အရ သရဏဂုံ တည်မြဲသူများသည် ကောင်းကျိုး(၅)မျိုးရသည်။ ၎င်း (၅)မျိုးမှာ -

(၁) အသက်ဘေးအန္တရာယ်အမျိုးမျိုးမှ ကင်းဝေးခြင်း၊

(၂) ကြောက်ရွံ့ထိတ်လန့်မှုကို ပယ်ဖျောက်ပေးခြင်း၊

(၃) ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကို ပယ်ဖျောက်ပေးခြင်း၊

(၄) အပါယ်တံခါးပိတ်ပေးခြင်း၊

(၅) စိတ်၏ ညစ်နွမ်းမှုကို ပယ်ဖျောက်ပေးခြင်းတို့ ဖြစ်သည်။

ထို သရဏဂုံသုံးပါးစွဲမြဲမှုကြောင့် အပါယ်ဘေးမှ လွတ်ပြီး နတ်ပြည်ရောက်သွားသော လက်တွေ့ဖြစ်ရပ်များ၊ သေဘေးမှ လက်တွေ့လွတ်မြောက်သွားသော လက်တွေ့ဖြစ်ရပ်များကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဟောကြားပေးခဲ့သည်။

ထိုတရားတော်များကို နာကြားရသဖြင့် ခုနစ်မိုင်ရွာမှာ တောဝက်ပစ်ပြီး အသက်မွေးသော ဦးကျော်သန်း (ခ) စီတုန်း (ခ) တွတ်ပီသည် မုဆိုးအလုပ်ကို စွန့်လွှတ်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်သော သူတော်ကောင်းဘဝသို့ ရောက်သွားခဲ့သည်။ သူသည် ပန်းများကို စိုက်ပျိုးရောင်းချရာ အလွန်အောင်မြင်ခဲ့သည်။ ကျေးဇူးတင်လွန်းသဖြင့် စာရေးသူကျောင်းသို့ သူကိုယ်တိုင် ဆွမ်းချက်ပြီး ဆွမ်းချိုင့်မကြာခဏ ပို့ပေးသည်။

၂၀၀၃ ခုနှစ်က ဟောခဲ့သော သရဏဂုံတရားသည် ၂၀၀၆ ခုနှစ်၌ ထိုင်းသင်္ဘောပေါ်တွင် အလုပ်လုပ်နေသော အလုပ်သမားတစ်ယောက်၏ အသက်ကို ကယ်တင်ခဲ့သည်။ ထိုအလုပ်သမားသည် တွတ်ပီ၏ သားတစ်ယောက်ပင် ဖြစ်သည်။

ထိုအကြောင်းအရာအပြည့်အစုံကို တွတ်ပီက စာရေးသူအား လျှောက်ထားခဲ့ခြင်းဖြစ်သည်။ အံ့သြဖွယ်ကောင်းသော ဖြစ်ရပ်မှာ ပင်လယ်ထဲတွင် ပုပ်ပွနေသော အမျိုးသားအလောင်းကောင်တစ်ကောင် သင်္ဘော၏ ဘေးမှာ မျောပါသွားသည်ကို သင်္ဘောပေါ်မှ အလုပ်သမားအားလုံး မြင်ကြရသည်။ ထိုအခါတွင် ပါးစပ်အငြိမ်မနေတတ်သော တွတ်ပီ၏



သားက · · ·

"စားဖိုမှူးကြီး · · · ဒီနေ့ အခြား အသားငါးတွေ မချက်နဲ့တော့။ ပင်လယ်ထဲ မျောနေတဲ့ အလောင်းကြီးကိုပဲ ခုတ်ထစ်ပြီး ချက်ပေးပါ"

ဟု ပြောလိုက်၏။ ထိုစကားသည် ဘေးမှ လူများအတွက် မည်သို့မျှ မဖြစ်သော်လည်း အကောင်ပုပ်ကြီးပေါ်တွင် စီးနင်းလိုက်ပါလာသော မကောင်းဆိုးဝါးကြီးအတွက်ကား အလွန်နာစရာဖြစ်သွား၏။ သူ တန်ဖိုးထားသော၊ စွဲလမ်းသော၊ တပ်မက်သော ဤကိုယ်ကောင်ကြီးကို ချက်ပြုတ်စားဟု ပြောရပါမည်လားဆိုကာ ဒေါသအမျက်ချောင်းချောင်းထွက်၏။

လူလစ်သည်နှင့် တွတ်ပီ၏ သားလေးကို လည်ပင်းညှစ်၍ သတ်ရန် ဆုံးဖြတ်လိုက်သည်။

တစ်ခါတွင် လူငယ်လေးသည် လူသူရှင်းသော အခန်းကျယ်ကြီးတစ်ခုအတွင်း အိပ်ပျော်လျက် ရှိချိန်တွင် ထိုမကောင်းဆိုးဝါးကြီးသည် လူသေအလောင်းကြီးပေါ်မှတစ်ဆင့် သင်္ဘောပေါ်သို့ တက်လာသည်ကို လူငယ်လေးက အိပ်မက်ထဲတွင် မြင်တွေ့နေရသည်။ သူ့စိတ်ထဲတွင် ပုပ်ပွနေသော လူသေအလောင်းကြီးကိုယ်တိုင် တက်လာသည်ဟု ထင်နေမိသည်။ သူသည် ကြောက်လန့်တကြား ပြေးလွှားဖို့ အားထုတ်သော်လည်း လက်၊ ခြေများသည် လှုပ်ရှားလို့ မရဖြစ်သွားသည်။ အော်ဟစ် အကူအညီတောင်းဖို့ ကြိုးစားကြည့်သောအခါတွင်လည်း အသံက ထွက်မလာပေ။ ထိုအချိန်မှာပင် ပုပ်ပွနေသော အလောင်းကောင်ကြီးက အခန်းအပြင်



www.burmeseclassic.com

www.burmeseclassic.com



လူဝင်ပေါက်မှ လူငယ်၏ ကိုယ်ပေါ်သို့ ကျားတစ်ကောင် အလား ခုန်အုပ်လိုက်လေသည်။ သူ့ကိုယ်ပေါ်သို့ ရောက်သွားသည်နှင့် အပေါ်မှ တအားဖိထားပြီး သူ့လည်ပင်းကို ညှစ်သတ်လေတော့သည်။ သူငယ်သည် ရုန်းကန်၍လည်း မရ၊ အော်ဟစ်၍လည်း မရသည့်အတွက် မကောင်းဆိုးဝါးကြီး ပြုသမျှ နုနေရတော့သည်။

အတန်ကြာသောအခါ လည်ပင်းတွင် တအားအညှစ်ခံထားရမှုကြောင့် အသက်ရှူရပ်သွားပြီး သူငယ်၏ မျက်လုံးများလည်း အပြင်သို့ ပြူးထွက်လာသည်။ မျက်လုံးများလည်း ပြာလာပြီး ဘာမျှမမြင်ရတော့ပေ။ သေခါနီးလူများ ကျလေ့ရှိသော ဆီးကကင်းအရွယ်ခန့်ရှိ ဇောချွေးများ နဖူးစပ်မှ ယိုစီးကျလာသည်။ သူသေရတော့မည် ဆိုသည်ကိုလည်း သူငယ်လေး သေချာသိလိုက်သည်။ သေခါနီး နောက်ဆုံးအချိန်ကျမှ သူ သတိရသောအရာမှာ ၂၀၀၃ ခုနှစ်က ကော့သောင်းမြို့နယ်၊ ထားဝယ်စုရွာတွင် နာကြားခဲ့ရသော "မိရိုးဖလာ ဗုဒ္ဓဘာသာ" နှင့် "တကယ့်ဗုဒ္ဓဘာသာတရား" ပင် ဖြစ်သည်။

"ငါ့မှာ တကယ့်အားကိုးစရာဆိုလို့ သရဏဂုံသုံးပါးပဲ ရှိတော့တယ်။ သရဏဂုံဆောက်တည်ရင်းနဲ့ပဲ အသေခံလိုက်တော့မယ်"ဟု ဆုံးဖြတ်ပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဘုရားရှင်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိ-တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ သံဃံ သရဏံ ဂစ္ဆာမိ - သံဃာတော်အရှင်မြတ်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။

သရဏဂုံရွတ်ဆိုမှုအဆုံးတွင် မကောင်းဆိုးဝါးကြီးသည် အသံနက်ကြီးနှင့် အော်ပြီး ပင်လယ်ထဲသို့ ပြန်လည်ခုန်ချသွားခဲ့သည်။ သူငယ်လေးလည်း ထိုအခါကျမှ သေဘေးမှ လွတ်သွားခဲ့သည်။

ဤဖြစ်ရပ်၌ သေဆုံးသွားသူသည် ခန္ဓာကိုယ်ကို တပ်မက်စွဲလမ်းသော သမုဒယသစ္စာကြောင့် ပင်လယ်ထဲတွင် မကောင်းဆိုးဝါးအဖြစ် လပေါင်းများစွာ ကျင်လည်နေရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ခန္ဓာကိုယ်၌ တပ်မက်မှုကို လျော့ပါးသွားစေရန် မိမိခန္ဓာကိုယ်ကြီး၏ ရွံရှာဖွယ်ရာ၊ စက်ဆုပ်ဖွယ်ရာကို အခွင့်ကြုံတိုင်း ရှုပွားသင့်သည်။

## မျက်လုံးစွဲ၍ သရဲဖြစ်ရသူ

နှစ်အတန်ကြာက ယခုခေတ်ကဲ့သို့ မျက်ကြည်လွှာ အလှူခံခြင်း မရှိသေးပေ။ လူတစ်ယောက်သေဆုံးသွားပါက ကျန်ရစ်သူ မိသားစုထံတွင် ဆရာဝန်များက သေဆုံးသူ၏ မျက်ကြည်လွှာကို အလှူခံတတ်ကြသည်။ ကျန်ရစ်သူ မိသားစုများကလည်း မီးရှို့ မြေမြှုပ်ပြီး အလကားဖြစ်သွားမည့် ဥတုဇရုပ်အလောင်းကြီးကို အများအတွက် အကျိုးရှိစေရန် အတွက် ကွယ်လွန်သူ ကုသိုလ်ရစေရန် မျက်ကြည်လွှာကို ဖြုတ်ယူခွင့်ပေးလိုက်သည်။

မျက်ကြည်လွှာ ဖြုတ်ယူခြင်းဟူသည် မျက်စိတစ်လုံးလုံးကို ရုပ်ပျက်ဆင်းပျက်ဖြစ်သွားအောင် ထုတ်ယူခြင်း မဟုတ်။ အပေါ်ယံ အကြည်လွှာလေးကိုသာ ဖြုတ်ယူခြင်းဖြစ်သည်။ ၎င်းကို ကြည့်လိုက်လျှင် ဖြုတ်ယူမှန်းပင် မသိရပေ။ သေဆုံးပြီး လေးနာရီအတွင်း ဖြုတ်ယူမှ ရသည်။ တချို့ အလင်းမရသည့် မျက်စိဝေဒနာရှင်များသည် လူသား၏ မျက်ကြည်လွှာနှင့် အစားထိုးကုသမှ ပြန်မြင်နိုင်သည်။ လူသား၏ မျက်ကြည်လွှာမရသဖြင့် အမှောင်လောကတွင် နေ့နေရသော မျက်စိဝေဒနာရှင်များ ထောင်နှင့်ချီ၍ ရှိပေသည်။

ထိုအလင်းမရသူများသည် မျက်ကြည်လွှာလှူမည့် အလှူရှင်များကို နှစ်ပေါင်းများစွာ စောင့်ဆိုင်းကြရသည်။ ကျန်ရစ်သူ မိသားစုများမှ ခွင့်ပြုသဖြင့် သေဆုံးသူထံမှ မျက်ကြည်လွှာကို ဖြုတ်ယူပြီး အလင်းမရသူအား ကုသပေးလိုက်ရာ မျက်စိပြန်မြင်သွားပေသည်။ လူနာအတွက်ရော၊ ဆရာဝန်များအတွက်ပါ ဝမ်းသာရွှင်မြူးစရာကောင်းပေစွ။ သို့သော် ထိုလူနာ မျက်စိပြန်မြင်သွားသည့်အတွက်ကြောင့် ဝမ်းနည်းပြီး ဒေါသထွက်နေသူတစ်ဦးရှိသည်။ ထိုသူကား မျက်ကြည်



www.burmeseclassic.com

www.burmeseclassic.com

လွှာ အဖြတ်ခံရသည့် ကွယ်လွန်သွားသူပင်တည်း။ သူကိုယ်တိုင် ခွင့်မပြုဘဲ သူ့မျက်ကြည်လွှာကို ဖြတ်ယူသည့်အတွက် မကျေမနပ်ဖြစ်ကာ မျက်စိအလင်းရသူ အိပ်ပျော်ချိန်တွင် အိပ်မက်အတွင်း ရောက်လာပြီး သူ၏ မျက်ကြည်လွှာကို ပြန်ပေးရန် အသံနက်ကြီးနှင့်အော်ပြီး အတင်းတောင်းနေပြန်တော့သည်။ မျက်စိအလင်းရသူမှာ နေ့ခင်းတွင်သာ စိတ်ချမ်းသာရပြီး ညအိပ်ပျော်ချိန်ရောက်သည်နှင့် စိတ်ဆင်းရဲရရှာတော့သည်။

ထိုဖြစ်ရပ်ကြောင့် ဆရာဝန်များသည် နောက်နောင်တွင် ကာယကံရှင်များကိုယ်တိုင် ခွင့်မပြုဘဲ မည်သူ၏ မျက်ကြည်လွှာကိုမှ ဖြတ်မယူတော့ပေ။ ထိုအခါမှစ၍ မျက်ကြည်လွှာဘဏ်ကို ဖွင့်လှစ်ပြီး တရားဝင် အလှူခံခဲ့သည်။ လှူလိုသူသည် အမည်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်ကို ရန်ကုန်မြို့ နတ်မောက်လမ်းရှိ မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံအသစ်ကြီးတွင် ပေးထားပြီး လှူတိုင်း လှူဒါန်းနိုင်ပေသည်။ မိမိကွယ်လွန်ပြီးပြီးချင်း မျက်စိဆေးရုံသို့ အကြောင်းကြားရမည်။

ဆရာဝန်များက လေးနာရီအတွင်း အရောက်လာပြီး မျက်ကြည်လွှာကို ထုတ်ယူမည်ဖြစ်သည်။ မျက်ကြည်လွှာလှူထားသူမှန်းသိလျှင် ကျန်ရစ်သူ မိသားစုများက ကွယ်လွန်သူ၏ မျက်စိပေါ်တွင် ရေခဲတုံးလေးများကို လက်ကိုင်ပဝါနှင့်ထုပ်ပြီး တင်ထားပေးရသည်။ ရန်ကုန်တိုင်းတွင် လူရီးရေငါးသန်းကျော်ရှိသော်လည်း မျက်ကြည်လွှာလှူထားသူ ဦးရေမှာ နှစ်သောင်းထက် ပိုမည်မထင်ပေ။ စာရေးသူသည် လွန်ခဲ့သော ၁၅နှစ်ကျော်က ရန်ကုန်ဆေးရုံကြီးတွင် စာရေးပေးပြီး မျက်ကြည်လွှာကို လှူဒါန်းခဲ့သည်။ စာရေးသူ၏ အလှူရှင်နံပါတ်မှာ ခုနစ်ထောင်ကျော်ခန့်သာ ရှိသည်။

အစွဲအလမ်းလောဘသည် မည်မျှကြောက်စရာကောင်းလိုက်ပါသနည်း။ သေပြီး အလကား စွန့်ပစ်ရမည့် မျက်လုံးကိုပင် မကောင်းဆိုးဝါးဖြစ်လောက်သည်အထိ စွဲလမ်း တပ်မက်နေသည်မှာ မည်မျှ သံဝေဂဖြစ်စရာကောင်းလိုက်ပါသနည်း။ အရိုးပြိတ္တာ၊ မျက်စိပြိတ္တာ၊ သွေးပြိတ္တာ၊ ဆံပင်ပြိတ္တာ မဖြစ်ဖို့အတွက် ထိုအရိုးများ၊ အသားများ၊ အသွေးများ၊ ဆံပင်များကို လိုအပ်သောနေရာ၌ ကြိုတင် လှူဒါန်းထားဖို့သာ ရှိပါတော့၏။ ထိုသို့ လှူဒါန်းထားခြင်းသည် ထိုအရာဝတ္ထုတို့၌ တပ်မက်သော လောဘကို ပယ်သတ်ထားခြင်းပင် ဖြစ်၏။



**သားအဖ လေးယောက်နှင့်**
**အမျိုးသမီးအဝတ်အထည်များ**

၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းဒဏ်ခံရသော ကျေးရွာ ၇၁ ရွာသို့ စာရေးသူနှင့် အဖွဲ့သားများသည် အဝတ်အထည်၊ အစားအသောက်၊ ငွေကြေးများကို သွားရောက် လှူဒါန်းကြသည်။ အဝတ်အထည်များမှာ မန္တလေးမြို့မှ အများဆုံးရသည်။ စပါးထည့်သည့်ပုတ်လောက် ပမာဏကြီးမားသော အဝတ်ထုပ်ကြီးပေါင်း ၄၀ ကျော်ရရှိသည်။ ထိုအဝတ်ထုပ် ၄၀ ကျော်တွင် အမျိုးသမီးအဝတ်အစားထုပ်က ၃၅ထုပ်ခန့်ရှိပြီး အမျိုးသားအဝတ်အစားထုပ်က ၅ထုပ်ခန့် ရှိသည်။

စာရေးသူတို့သည် ဆာလာအိတ်ကြီးများထဲသို့ မိသားစုငါးယောက်စာခန့် မှန်းဆပြီး ယောက်ျားဝတ်၊ မိန်းမဝတ် အထည်များ၊ ဆန်များ၊ ဆပ်ပြာများ စသည်တို့ကို ဝိုင်းထည့်ပြီး အထုပ်လိုက် ထပ်ထားကြရသည်။ တစ်အိမ်လျှင် တစ်ထုပ်၊ ချက်ချင်းပေးဝေနိုင်ရန်အတွက်ဖြစ်သည်။ မှတ်မှတ်ရရ လပွတ္တာမြို့နယ်၊ ဘေးပေါက်ရွာတွင် အဝတ်ထုပ်များ ဝေစဉ်က ဖြစ်သည်။

မိသားစုတစ်စုတွင် အဖေနှင့် သားသုံးယောက်သာ ရှိသည်။ အမေနှင့် အစ်မများ မရှိပေ။ အများနည်းတူ ထိုမိသားစုသို့ အဝတ်ထုပ်တစ်ထုပ်ဝေပေးလိုက်သည်။ သားအဖ လေးယောက်မှာ ဝတ်စရာလည်း ကောင်းကောင်းမရှိတော့သဖြင့် အဝတ်ထုပ်ကို အများရှေ့မှာပင် ချက်ချင်းဖောက်ပြီးဝတ်ဖို့ ပြင်ဆင်ကြသည်။ ရယ်ဖွယ်ရာကောင်းသော ဖြစ်ရပ်ကား သူတို့ဖောက်လိုက်သော အထုပ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားအဝတ်အစားတစ်ထည်မှ မပါဘဲ၊ အမျိုးသမီး အသုံးအဆောင် အဝတ်အထည်များချည်း ဖြစ်နေခြင်းပင် တည်း။

အချိန်မီ သိလိုက်ရသဖြင့် စာရေးသူတို့က အရေးပေါ် ချန်ထားသော အမျိုးသားဝတ်စုံများကို သီးသန့်ထုတ်ပေးလိုက် ရသည်။ ငွေအားထက် ရယ်အားသန်သော ဖြစ်ရပ်များလည်း ကြုံရသေး၏။

မှတ်မှတ်ရရ ပိုက်တန်းအမည်ရှိသော ရေလုပ်သားများ နေထိုင်ရာ ရွာလေးတစ်ရွာသို့ ရောက်ခဲ့စဉ်ကပင် ဖြစ်၏။ စာရေးသူသည် ငွေသားထောက်ပံ့သောအခါ ပုံသေမထားဘဲ တစ်ဦးလျှင် တစ်ထောင်နှုန်းဖြင့် မိသားစုအနည်းအများကို ကြည့်၍ ထောက်ပံ့ခဲ့သည်။ ထောက်ပံ့ရာတွင်လည်း ရွာလူကြီးများကို မလွှဲအပ်ဘဲ အဖွဲ့သားများကိုယ်တိုင် စာရင်းယူ၍ ထောက်ပံ့ပေးခဲ့သည်။ စိတ်ဓာတ်ညံ့သော ရွာလူကြီးအချို့သည် စာရေးသူတို့ ပေးလိုက်သောငွေကို ဒုက္ခသည်များထံ ချက်ချင်းမဝေဘဲ အလွဲသုံးစားလုပ်ထားသည်ကို လက်တွေ့ ကြုံခဲ့ရသောကြောင့်ဖြစ်သည်။

အလှူခံမည့် ဒုက္ခသည်များ ရှေ့သို့ ရောက်လာလျှင် ကလေးအရေအတွက်ကိုသာ မေးလိုက်သည်။ ကလေးအရေ အတွက်ထဲသို့ မိဘနှစ်ပါးကို ထည့်ပေါင်းပြီး ထောက်ပံ့ငွေ ပေးလိုက်ခြင်းမျိုးဖြစ်သည်။ ဥပမာ - သားသမီးငါးယောက် ဆိုလျှင် မိဘနှစ်ပါးအတွက်ပါ ထည့်ပြီး ငွေခုနစ်ထောင်ပေး လိုက်သည်။

ထိုသို့ဖြင့် ထူးထူးခြားခြား မိသားစုနှစ်စုနှင့် ကြုံလိုက်ရ သေး၏။

ထောက်ပံ့ငွေပေးမည့် ရဟန်းတစ်ပါးက ကလေး ဘယ်နှယောက်လဲဟု မေးလိုက်သောအခါ ဒုက္ခသည် အမျိုး သမီးနှင့် ပါလာသော ၁၃နှစ်သားခန့်အရွယ်ရှိ သားငယ်က "ဆယ်ယောက်နှင့် တစ်ခြမ်း"ဟု အော်၍ ဖြေလိုက်သည်။ ထိုအခါ စာရေးသူတို့အဖွဲ့သားများနှင့် ဘေးမှ လူများအားလုံး [illegible]လည်နိုင်အောင် ဖြစ်သွားရသည်။ ဆယ်ယောက်လည်း မဟုတ်၊ ဆယ့်တစ်ယောက်လည်း မဟုတ်၊ ဆယ်ယောက်နှင့် တစ်ခြမ်းဟူသည် ဘာကို ဆိုလိုသနည်းဟု တွေးမရအောင် ဖြစ်နေကြ၏။ ထို့ကြောင့် အော်ဖြေသော ကလေးငယ်ကို ရဟန်းတစ်ပါးက ပြန်မေးရ၏။

"ဟေ့…ဖိုးသားလေး၊ ဆယ်ယောက်ကတော့ ဟုတ်ပါ ပြီ၊ တစ်ခြမ်းဆိုတာ ဘာလဲ"

ထိုကလေးငယ်က နှုတ်ဖြင့် မဖြေဘဲ၊ သူ့အမေ၏ ဗိုက်ကို အများမြင်သာအောင် လက်ညှိုးထိုးပြလိုက်သည်။ ထိုအခါကျမှ အားလုံး သဘောပေါက်သွားပြီး ဝါးခနဲရယ်မိ ကြသည်။ သူ့အမေသည် ခြောက်လခန့် သန္ဓေသားကို ကိုယ်ဝန်ဆောင်ထားသည်မဟုတ်ပါလော။ ထို့ကြောင့် တစ်ခြမ်းကိုလည်း တစ်ယောက်စာအဖြစ် ထည့်တွက်ပြီး တစ်သောင်းတစ်ထောင် ထောက်ပံ့လိုက်သည်။

မျိုးပွားနှုန်းကောင်းလှသဖြင့် ဖခင်ဖြစ်သူ၏ နာမည်ကို မေးကြည့်လိုက်သောအခါ ကလေးငယ်က အသံကျယ်ကျယ် ဖြင့် ပြန်အော်ဖြေလိုက်သည်မှာ "ဦးတုတ်ကြီး"ဟူ၏။ ဖြစ် နိုင်ပါ၏။ နာမည်ကိုက ဦးတုတ်ကြီးဆိုတော့ သားသမီး ၁၁ ယောက်ရှိသည်မှာ မဆန်းတော့ပေ။

နောက်မိသားစုတစ်စုမှာ တစ်မျိုးဆန်းကြယ်နေပြန်၏။ သားသမီး ဘယ်နှစ်ယောက်လဲဟု မေးလိုက်သောအခါ သူတို့ မိသားစုထဲမှ တစ်ယောက်က ပြန်ဖြေသည်မှာ ၁၅ ယောက် ဟူ၏။ ထို့ကြောင့် သူတို့မိသားစုသည် ထောက်ပံ့ငွေ တစ်သောင်းခုနစ်ထောင်ရသွား၏။

ထူးခြားလွန်းလှသဖြင့် မှတ်တမ်းတင်ရန် အဖေနာမည် ကို မေးလိုက်သောအခါ "ဖာသန်းညွှန့်"ဟူသတည်း။

နာဂစ်မုန်တိုင်းဖြစ်သောအခါတွင်မှ မြန်မာအမျိုးသမီး များ အဝတ်အစားအတွက် အသုံးအဖြုန်းကြီးလှပုံကို လက် တွေ့မြင်ရတော့သည်။ အမျိုးသမီးများအနေဖြင့် မဝယ်ဘဲ နေ၍ဖြစ်နိုင်သော အဝတ်အထည်များအတွက် ကုန်မည့်ငွေ များကို အထည်မဝယ်ဘဲ နေ့စဉ် စုဆောင်းထားမည်ဆိုပါက ၁၀ နှစ်ခန့်ကြာလျှင် နွမ်းပါးသူ အမျိုးသမီးက သိန်းတစ်ရာ ငါးဆယ်ခန့် ကုန်သော စာသင်ကျောင်းတစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းနိုင်ပေလိမ့်မည်။

ချမ်းသာသော အမျိုးသမီးဖြစ်ပါက သိန်းတစ်ထောင် ငါးရာခန့် တန်သော အထက်တန်းကျောင်းကြီးတစ်ကျောင်း (သို့မဟုတ်) ဆေးရုံတစ်ရုံ (သို့မဟုတ်) ဘုန်းကြီးကျောင်း တစ်ကျောင်းကို ဆောက်လုပ်၍ လှူဒါန်းနိုင်ပေလိမ့်မည်■

[ အပိုင်း (၁) ပြီးပါပြီ။ ]

* * *

မေတ္တာရှင်(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘုန်းညွန့် ဆုတောင်းပြည့်စေတီတော်နှင့်
# မြင်းချောင်းဆရာတော်

■ မင်းမဟာ (ကျောင်းကုန်း) ■



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မဟာချိုင် စပ်ထစ်ကျောင်းတိုက်ဆရာတော် ဒေါက်တာ နန္ဒာသီရိဆရာတော်ထံမှ ယခုည ၈နာရီ လေယာဉ်ဖြင့် ရောက်ရှိပြီး ညတွင်းချင်း ပုသိမ်သို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ ထိုခရီးစဉ်တွင် ဆရာတော်၏ ကားဖြင့် စာရေးဆရာ မောင်တည်အေးနှင့် စာရေးသူတို့ လိုက်ပါကြရန် အသင့်ဖြစ်နေပြီး ည ၉နာရီတွင် ရန်ကုန်မှစ၍ ပုသိမ်-ရန်ကုန်အဝေးပြေးလမ်းမကြီးအတိုင်း ထွက်ခဲ့ကြရာ ည ၁၁နာရီခွဲတွင် ပုသိမ်မြို့ ဇင်ပွန်းကုန်းရွာ၊ မြင်းချောင်းဆရာတော်ကျောင်းတိုက်သို့ ရောက်ရှိခဲ့ကြပါသည်။

ဆရာတော်က အသင့်စောင့်ဆိုင်းနေပြီး စာရေးနေသူတို့အား လက်ဖက်ရည်နှင့် ညှော်ခံတိုက်ကျွေးပါ၏။

"ဒကာကြီးတို့ ဗင်ပန်းလာကြတယ်နော်။ အိပ်ရေးဝဝအိပ်။ မနက်ကျတော့ ပုသိမ်မြို့ထဲ ကျုပ်လိုက်ပို့မယ်"

"မှန်ပါ ဘုရား"

"ဂမ္ဘီရစာရေးတာ ဘယ်သူလဲဗျ"

"ဒီဆရာပါ ဆရာတော်"

ဆရာ မောင်တည်အေးမှ လက်ညှိုးထိုး ပြောက်ထားပါသည်။

"မှန်ပါတယ်၊ တပည့်တော်ပါ ဘုရား"

"ကောင်းတယ်၊ မိုးလင်းရင် ကျုပ်ကျောင်းခြံထဲမှာ ဂမ္ဘီရတွေ အများကြီးပဲ။ ရေးမကုန်ဘူး"


"မှန်ပါတယ် ဘုရား"

"အဲ···ပြောရရင်တော့ ဆုတောင်းပြည့်ဘုရားမြို့ မဟာဗောဓိဘုရား၊ သစ်ကွင်းတွေကို ကျုပ်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ဘုရား"

"ကဲ…ကိုယ်တော် နန္ဒာသိရီ၊ ဒကာတွေ အိပ်ချင်ရောပေါ့။ ဟိုကျောင်းမှာ အိပ်ရာပြင်ထားပြီးပြီ"

"မှန်ပါ ဘုရား။ ဦးတင်ပါတယ် ဘုရား"

စာရေးသူတို့ ဆရာတော်အား ရှိခိုးပြီး ထွက်ခဲ့ကြသည်။

နံနက်မိုးလင်းသည်နှင့် ဆရာတော်မှ အရုဏ်ဆွမ်းစားပြီးနောက် စာရေးသူတို့လည်း ပုသိမ်မုန့်ဟင်းခါးနှင့် ဘူးသီးကြော် တစ်ဝကြီးစားကြရ၏။ ထို့နောက် ဆရာတော်က ကျောင်းခြံထဲတွင် ညက အမိန့်ရှိသည့်အတိုင်း ဆုတောင်းပြည့်ဘုရားကြီး၊ မဟာဗောဓိဘုရား၊ သစ်ကွင်းများကို လက်ညှိုးညွှန်ပြပါတော့သည်။

"ကဲ - ဂမ္ဘီရဆရာတို့ ကြည့်ကြပါ။ ဟိုမှာ အကြောင်းစုံတော့ ကျုပ်ပြောပြမယ်"

"မှန်ပါ့ ဘုရား"

စာရေးသူမှ တစ်ခုချင်း ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ခဲ့ပါသည်။ ထို့နောက် ဆရာတော်က ကားပေါ်သို့ ဦးစွာတက်၍ စာရေးသူတို့နှစ်ဦးကို ခေါ်ပြီး…

"ကဲ…ဒကာကြီးတို့ ပုသိမ်မြို့ထဲ သွားလျှောက်လည်ကြရအောင်"

ဟု မိန့်ပါသည်။

"မှန်ပါ့ ဘုရား"

"ကဲ… ကားပေါ်မှာပဲ စပြီးပြောမယ်။ ဒကာကြီး မရှင်းတာရှိရင် မေးပါ။ ကျောင်းရောက်တော့ ထပ်ပြောကြတာပေါ့"

"အမိန့်ရှိပါ ဘုရား"

ဆရာတော်မှ ယခုရေးသားမည့် ဘုရားနှင့် စေတီတော်၊ ကျောင်းတော်ကြီး၊ သစ်ကွင်းများအကြောင်းကို တစ်ခုချင်း မိန့်ကြားပါသည်။ စာရှုသူများ ရှင်းလင်းစွာ သဘောပေါက်နိုင်စေရန် ဆရာတော့်စကားများအား စာအရေးအသားဖြင့် တင်ပြချင်ပါသည်။


◈◈◈

## မြင်းချောင်းကျောင်းတိုက်တော် တည်နေရာ

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငင်ပွန်းကုန်းရွာတွင် တည်ရှိပါသည်။ ဝေန်မြစ်၏ ကမ်းနဖူး၊ ပုသိမ်မြို့နှင့် ဖိုင်အကွာ ဝါးယားချောင်း၊ ပုသိမ်ကားလမ်း၏ တောင်ဘက်တွင် ပုသိမ်မြစ်ကူး ရွှေမြင်တင် ဇက်ဆိပ်လမ်းပေါ်တွင် တည်ရှိပါသည်။ ထိုအရပ်အခေါ် ကုန်းကြီး၊ ကုန်းလေးဟုခေါ်ရာမှ ယခု ကျောင်းတည်ရှိရာ ပရိဝုဏ်မြေသည် ကုန်းလေးပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ ရှေးအစဉ်အဆက် ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ မည်သည့်



www.burmeseclassic.com



အချိန်၊ မည်သည့်ကာလက ဆောက်လုပ်လှူဒါန်းခဲ့သည်ကိုတော့ မသိရပါ။ သို့သော် လက်လုမ်းမီသရွေ့ ဆရာတော်ကြီးနှစ်ပါး သီတင်းသုံးခဲ့ပါသည်။

ပထမ ဆရာတော်ကြီးသည် "ဦးခေမိန္ဒ" ဖြစ်ပါသည်။ ၁၂၉၆ခုနှစ်တွင် ဖွားမြင်ပြီး ယခု မြင်းချောင်းကျောင်းတိုက်တွင် သီတင်းသုံးရင်း ၁၃၀၉ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ထိုဆရာတော်ကြီးလက်ထက်တွင် ယခုတိုက်ကျောင်းကြီး၏ နောက်ဘက်၌ ကျောင်းပေါင်းသစ်သားကျောင်းကြီး ရှိခဲ့ဖူး၏။ ထိုကျောင်းတွင် ယခင်အဆက်ဆက်က သီတင်းသုံးသော ဆရာတော်များ တစ်ပါးပြီးတစ်ပါး ပျံလွန်တော်မူသဖြင့် ကျောင်းထိုင်ဘုန်းကြီး မမြဲသော ကျောင်းကြီးဖြစ်၏။ ထို့ကြောင့် ဒကာ၊ ဒကာမများက ဆရာတော် "ဦးယောသိတ"အား ပင့်၍ ကိုးကွယ်စေခဲ့ပါသည်။ ဆရာတော်သည် ထို အနောက်ဘက်လှည့်သော ကျောင်းကြီးအား မထိုင်လိုသဖြင့် ရွာသူရွာသားများအား တိုင်ပင်ညှိနှိုင်းကာ အရှေ့ဘက်သို့ မျက်နှာပြန်လှည့်စေပြီး သီတင်းသုံးတော်မူ၏။ ယနေ့ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဒ၏ ဆရာရင်း ဥပဇ္ဈာယ်ဆရာဖြစ်ပါသည်။

ဆရာတော် ဦးကောဝိဒသည် ဝိနည်းတို၍ သစ္စာစွမ်းအား ကြီးမြတ်သော ဆရာတော်ကြီးဖြစ်ပါသည်။ ၁၂၉၆ ခုနှစ်တွင် ဖွားမြင်တော်မူ၍ ၁၃၀၉ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

## ရွှေဘုန်းညွန့်စေတီတော်မြတ်သမိုင်း

မြင်းချောင်းကျောင်းတိုက် ဂေါစရံအတွင်း ဆရာတော်ဘုရားကြီး၏ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမများအနက် ဇင်ပြွန်းကုန်းရွာမှ ဘုရားဒါယိကာမကြီး ဒေါ်ရွှေပွင့် (ခ) ဒေါ်အိုကြီးလည်း ပါဝင်ပါသည်။ ဒေါ်အိုကြီးသည် အသက်ရှည် ကျန်းမာ၍ ဒေါ်အိုကြီးဟု ခေါ်ခြင်းဖြစ်ပါသည်။ ထိုဒါယိကာမကြီးသည် ဘုရား တရား သံဃာ အလွန်ကြည်ညို ကိုင်းရှိုင်းသူလည်း ဖြစ်ပါ၏။ ဝိသာခါကျောင်းအမကြီးကဲ့သို့ သံဃာတော်အပေါ် ကြည်ညိုလေးစားသူဖြစ်ပါသည်။ ထို့ကြောင့် သူတော်ကောင်း နတ်ကောင်းမသကဲ့သို့ ထိုဒေါ်အိုကြီးထံသို့ ညတစ်ညတွင် ထူးခြားသော အိပ်မက်မြင်မက်လေတော့သည်။

"ဒီမှာ ဒေါ်အိုကြီး၊ သင်လည်း သူတော်ကောင်း တစ်ယောက်ဖြစ်တယ်။ ကျွန်ုပ်တို့က ဒီကုန်းတော်ကို စောင့်တဲ့ ဘုမ္မိရတွေ ဖြစ်တယ်။ သင် ယနေ့မှစလို့ ညသန်းခေါင်ယံကျော်လျှင် သင့်အိမ်ခေါင်မိုးပေါ်မှ ငွေဒင်္ဂါးတစ်ပြားချပေးမယ်။ သင်တစ်ဦးတည်းကောက်ပြီး စုထားရမယ်။ နောက် ငွေအများကြီးစုမိပြီဆိုလျှင် သင် ပထမ စေတီတော်တည်ထားကိုးကွယ်ရမယ်။ ဒုတိယ ကျောင်းဆောက်လှူရမယ်။ တတိယ သင့်အတွက် လိုရာသုံးရမယ်။ သင်က လွဲရင် ဘယ်သူမှ မသိပါစေနဲ့။ ကျွန်ုပ်တို့ကို ကတိပေးပါ။ ကူညီပါမည်"


အဲဒီလို အိပ်မက်ပေးပြီး သန်းခေါင်ကျော်လျှင် ခေါင်မိုးပေါ်မှ ငွေဒင်္ဂါးတစ်ပြားချပေးလိုက်သံ ချွမ်လွမ်လွမ်ဟု ကြားသည့်အခါ ဒေါ်အိုကြီး ထ,ကောက်၍ သိမ်းထားလိုက်သည်။ ထို့နောက် ညစဉ် ဘုမ္မိရမှ ငွေဒင်္ဂါးတစ်ပြားစီကို ပေးခဲ့ရာ ဒေါ်အိုကြီး ငွေဒင်္ဂါးအပြား (၆၀)တိတိ၊ နှစ်လအထိ ကြာမြင့်ခဲ့ပါသည်။ ထို့နောက် ငွေဒင်္ဂါး များစွာစုမိချိန်တွင် သားနှစ်ယောက်က သူ့အမေ ညတိုင်းလိုလို ထကောက်နေသည်ကို သိကြသဖြင့် ညီအစ်ကိုနှစ်ယောက် တိုင်ပင်ညှိနှိုင်းကာ ညဦးပိုင်းတွင် အိပ်ချင်ယောင်ဆောင်နေပြီးနောက် ငွေဒင်္ဂါးကျသည့်အချိန်၌ အလုအယက် ထကောက်ရာ ငွေဒင်္ဂါးလုံးဝ မတွေ့ဘဲ၊ ထိုညမှစ၍ ဒေါ်အိုကြီးထံ ငွေဒင်္ဂါးများချပေးမှု ရပ်ဆိုင်းသွားခဲ့လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာ ဒေါ်အိုကြီးသည် ကျောင်းထိုင်ဆရာတော်ကြီး ဦးယောသိတနှင့် တိုင်ပင်လျှောက်ထားရာ ခွင့်ပြုချက်အရ ပန္နက်တော်တင်၍ ယခုစေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်ပါတော့သည်။ စေတီတော်ကြီး၏ အမည်နှင့် ဘွဲ့တော်မှာ "ရွှေဘုန်းညွန့်စေတီတော်ကြီး" ဖြစ်ပါသည်။ ကျောင်းထိုင်ဆရာတော်ကြီး ဦးယောသိတသည် ၁၂၈၂ခုနှစ်တွင် ဖွားမြင်ပြီး ၁၃၆၈ ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။ ထိုအချိန်က ဆရာတော် ဦးကောဝိဒနှင့် ဦးဣန္ဒြိယတို့သည် ကိုရင်ငယ်လေးများဘဝနှင့် စာပေသင်ကြား၍ ဆရာတော်ကြီး၏ အဆုံးအမကို နာယူသည့် တပည့်လေးများ ဖြစ်ပါသည်။

### သစ္စာစွမ်းအင် ဒိဋ္ဌမြင်

မြင်းချောင်းကျောင်းတိုက်တွင် သစ်ကြီးဝါးကြီးများ အလွန်မှ ပေါပါသည်။ ယနေ့တိုင် မြင်တွေ့နေရပါ၏။ ဂေဟာ ... ကြီးက ခိုင်မြဲနေပါသေးသည်။ ထိုကျောင်းဝန်းအတွင်း ဆရာတော်ကြီးလက်ထက် ကိုရင်ငယ်များအား ခေါ်၍ ဤသို့ ...ပါတော့သည်။

"ကိုရင် စန္ဒ၊ ဘာအကြောင်းထူးသလဲကွဲ့"

"မှန်ပါ ဘုရား။ တပည့်တော်နေတဲ့ ကျောင်းခေါင်းမိုး...ကို တမာပင်ကြီးက မိုးနေပါတယ် ဘုရား။ မတန်တဆ ...တိုက်ရင် အန္တရာယ်ရှိပါတယ် ဘုရား။ တပည့်တော် ...လုပ်ရမလဲလို့ မိန့်ပါ ဘုရား"

"ကဲ・・・ငါလိုက်ကြည့်ဦးမယ်ကွဲ့"

"မှန်ပါ ဘုရား"

"ဟဲ့・・・ကိုရင် ကောဝိဒနဲ့ ဣန္ဒြိယတို့・・・လာ၊ သွား ...ရအောင်"

"မှန်ပါ၊ လာပါပြီ ဘုရား"

"အေး・・・ စန္ဒ ဟုတ်တယ်။ အမိုးလည်း အန္တရာယ်ရှိတယ်။ လူလည်း အန္တရာယ်ရှိတယ်"

"မှန်ပါ ဘုရား။ ဘာလုပ်ရမလဲ ဘုရား"

"အေး၊ ကပ္ပိလိုက်ပေါ့ကွယ်၊ အဲဒါ ဒီအမိုးနားကဆို လွယ်ပါတယ်"

"မှန်ပါ ဘုရား"

ညနေစောင်းတွင် လေမတိုက်ပါဘဲနှင့် ထိုတမာပင်ကြီးသည် ဆရာတော် အမိန့်ရှိသော နေရာမှပင် လွှနှင့်တိုက်ဖြတ်သကဲ့သို့ တိဆို ပြတ်ကျကာ ကျောင်းခေါင်းပေါ်မှ လွဲ၍ မြေကြီးသို့ ကျခဲ့ပါတော့သည်။

ထို့နောက် ဒုတိယအကြိမ် ဆရာတော်ကြီး ကျောင်းခေါင်းရင်းရှိ သရက်ပင်ကြီးသည် ကျောင်းခေါင်ပေါ် မိုး၍ အသီးတစ်လုံးမှ မသီးပေ။ တန်ပေါင်း၊ တန်ခူး ရွက်နုပြန်ချိန် သရက်ပင်မှ ရွက်သစ် ရွက်ခက်များနှင့် ဝေဝေဆာဆာရှိနေချိန် ကိုရင် ကောဝိဒမှ ဆရာတော်ကြီးထံ ထပ်မံလျှောက်ထားပါတော့၏။

"ဆရာတော်・・・ဒီသရက်ပင်က အသီးလည်း မသီးပါဘူး ဘုရား။ မိုးကျလို့ လေတိုက်ရင် အန္တရာယ်ရှိပါတယ် ဘုရား"

"ဟဲ့・・・ကောဝိဒ၊ ဒါဆို ကပ္ပိလုပ်ပေါ့ကွယ်"

ဆရာတော်ကြီး အမိန့်ရှိပြီး ၅ရက်အကြာ ...ရက်ပင်သည် အလိုလိုပင် ညှိုးပြီး လျော်ကျသွားပါတော့သည်။ ထို့နောက် သရက်ပင်အရွက်စိမ်းများသည် အခြောက်ဘဝသို့ ရောက်ပြီး သရက်ပင်ကြီးမှာ ကိုင်းခြောက် ပင်ခြောက်များဖြစ်၍ သေသွားပါတော့သည်။

တတိယ ...ကော်ပင်ကြီးမှာလည်း ကျောင်းနှင့် မလွတ်၍ ဆရာတော်ထံ လျှောက်ရာ ယခင်နည်းအတိုင်း ကပ္ပိဆိုသည့်အခါ လေမတိုက်ပါဘဲနှင့် လေလိမ်ချိုးသလို ကျိုးကျသွားပါတော့၏။ အားလုံး အံ့အားသင့်၍နေရာမှ ဆရာတော်က ကိုရင်များကို ဤသို့မိန့်ခဲ့ပါသည်။

"ကိုရင်တို့က ကပ္ပိဖို့ လျှောက်တိုင်း အပင်... သေကုန် ကျိုးကျတယ်ကွဲ့။ နောင် ငါ့ကို မလျှောက်ကြနဲ့တော့။ သစ္စာဆိုတာ စူးတယ်နော်။ ကတိသစ္စာတည်သောအခါ၊ ဩဇာလေးဘက် ပေါ်ဇီထက်၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သတဲ့။ သစ္စာတည်ရင် ဘာမဆို အောင်မြင်ပါတယ်ကွယ်"

"မှန်ပါ ဘုရား"

◈◈◈

ကျွန်ုပ်တို့ ဒိဋ္ဌမြင်တွေ့ခဲ့ရသော ဆရာတော် ဦးကောဝိဒမှ သူ၏ ကိုရင်ငယ်ဘဝမှ အတွေ့အကြုံများကို ပြန်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com




ပါသည်။

"ကဲ - ဒကာကြီး၊ ကျုပ်တို့ ဆရာတော်ကြီးက အဲဒီလို သစ္စာရှိပါတယ်။ ဒီတော့ သစ္စာရဲ့ စွမ်းအင်ကို ကျုပ်အသက်ရလာတော့မှ သိလာရတာပါကွယ်"

"မှန်ပါ ဘုရား"

"နောက် ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူခါနီးမှာ ကျုပ်ရယ်၊ ဦးဣန္ဒြိယရယ်ကို ခေါ်ပြီး ဝိနည်းတော်အတိုင်း၊ ဝိနည်းကြောက်၍လား မသိပါ၊ အာရာမ်မဏ္ဍိက သံဃိက ခွဲ၍ ကိုယ်ပိုင်ပစ္စည်း၊ သံဃာပိုင်ပစ္စည်း ခွဲခြားပြီး အပြစ်ရှိက ခွင့်ပြုပါ၊ ခွင့်လွှတ်ကြပါ၊ ခွင့်ပြုပါတော့ဟု သုံးကြိမ်သုံးခါ တောင်းပန်ပြီး ဦးဇင်းတို့က ခွင့်လွှတ်ပါတယ်လို့ သုံးကြိမ်ပြန်လျှောက်ရပါတယ်"

"မှန်ပါ ဘုရား"

"ဆရာတော်ကြီးက ဒီကျောင်းတိုက်ကြီးရဲ့ အာရာမ်တိုက်တာနှင့် လဟုဘဏ်၊ ဂရုဘဏ်အားလုံး ကျုပ်နဲ့ ဦးဣန္ဒြိယတို့အား စောင့်ရှောက်ဖို့ အပ်နှံခဲ့ပါတယ်။ ယခုဆို ဆရာတော်ကြီး ပျံလွန်တော်မူကတည်းက ကျုပ်တို့ ဒီသာသနာတော်ကြီးကို တိုးတက်စည်ပင်အောင် ဆောင်ရွက်နေပါတယ်ဗျာ"

"ကဲ···ဒကာကြီး၊ ကျုပ် ထူးခြားတာတွေကို ပြောပြမယ်"

"မှန်ပါ ဘုရား"

"ယခု ဒီတိုက်အဆောက်အအုံကြီးကတော့ ကျုပ်တို့လက်ထက်ရောက်တော့မှ ပြုပြင်မွမ်းမံ တည်ဆောက်ထားတာပါ။ ဒကာကြီး ဟိုအနောက်ဘက်က ဝင်လာရင် ကျုပ်တံတားဆောက်နေတယ်။ အဲဒါပြီးရင်တော့ ပထမ မဟာဗောဓိဘုရား၊ ဒုတိယက သုသာန်ဆိုတော့ တရားပေါ့၊ နောက် တတိယကတော့ သံဃာဆိုတော့ ကျောင်းပေါ့။ အဲဒီလို မြင်ရပါမယ်"

"မှန်ပါ ဘုရား။ ဘုရား တရား သံဃာဆိုတော့ ရတနာသုံးပါး ဦးထိပ်ထားတာ"

"ကောင်းတာပေါ့ကွယ်။ ယခုဆို ဆရာတော်ကျောင်းမှာ ကလေးတွေကို နေ့တိုင်း စာသင်ပေးတယ်။ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းလည်း အခါအားလျော်စွာ ဖွင့်ပါတယ်"

"မှန်ပါ၊ နောက် ဘယ်လိုသင်တန်းဖွင့်ပါဦးမလဲ ဘုရား"

"ကျုပ် ၁+၅၀၀ မဟာဓမ္မိက ကျန်းမာရေး ကူညီစောင့်ရှောက်မှုအသင်းကို ဖွဲ့စည်းထားပါတယ်။ အဓိပ္ပာယ်က



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုပါကွယ်"

"မှန်ပါ ဘုရား"

"မြတ်ဗုဒ္ဓလက်ထက်တော်က တစ်ယောက်သော ဥပါသကာက ဦးဆောင်၍၊ နောက်လိုက် ဥပါသကာ ငါးရာ ရှိပါတယ်။ ထိုငါးရာသော ဥပါသကာတို့တွင်လည်း တစ်ယောက်၊ တစ်ယောက်သော ဥပါသကာ ဦးဆောင်၍ နောက်လိုက် ဥပါသကာ ငါးရာစီ ရှိကြတယ်။ အဲဒီ ဥပါသကာ အဖွဲ့ကြီးတစ်ခုလုံး တရားနှင့်အညီ ကြံစည်ပြောဆိုပြုလုပ်ကြတယ်။ အကြီးဆုံး ဥပါသကာ မိသားစုအားလုံး သီလရှိတယ်၊ ကိုယ်ကျင့်ကောင်းခြင်း၊ ဒါနမွေ့လျော်ခြင်း၊ အဲဒီလို အင်္ဂါအချက်တွေနှင့်အညီ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်ဘဝမှ ဝမ်းမြောက်ကြရသည့်ထုံး နလုံးမူ၍ ဤအသင်းကြီးကို ဖွဲ့စည်းပါတယ်။ ဒါကြောင့် ဦးဆောင် ၁ နှင့် အပေါင်း ၅၀၀ အကြီးဆုံး ဓမ္မိက မဟာဖြင့် ဂုဏ်ပြုလို့ "၁ + ၅၀၀ မဟာ ဓမ္မိက ကျန်းမာရေးကူညီစောင့်ရှောက်မှုအသင်း"လို့ အမည်ပေးထားပါတယ်"

"ဘယ်တုန်းက ဖွဲ့စည်းပါသလဲ ဘုရား"

"၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ရက် (၄-၁-၁၃) ဖြစ်၍နှစ်ပြည့် လွတ်လပ်ရေးနေ့မှာ ဖွဲ့စည်းပြီး ၁၃၇၄ခု၊ တပို့တွဲလဆန်း ၂ရက် (၁၂-၂-၁၃) ဖြစ်နှစ် ပြည်ထောင်စုနေ့မှာ ဆိုင်းဘုတ်တင်ပါတယ်"

"မှန်ပါ၊ အထူးကောင်းမွန်တဲ့ အသင်းပါ ဘုရား"

"အခုလောလောဆယ်တော့ ရန်ပုံငွေ သိန်း ၄၀ ကျော်ရှိပါပြီ။ ဥက္ကဋ္ဌကတော့ ဦးဇော်မိုးနိုင် (ကြည်သာစံပြကျေးရွာ)နဲ့ အတွင်းရေးမှူး ဦးခင်ဇော်တို့နဲ့အတူ အဖွဲ့ဝင် ၅ဦးတို့က ဦးဆောင်ကြပါတယ်"

"မှန်ပါ ဘုရား"

"အခု (၂၃-၃-၂၀၁၄) နေ့မှာ ပညာဘဏ် ထေရဝါဒ နေ့စကူးလ် ဖောင်ဒေးရှင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာ သင်တန်းကို စတင်ဖွင့်လှစ်ပါပြီ။ တက်ရောက်လိုတဲ့ အမျိုးကောင်း သားသမီးတွေ ယဉ်ကျေးလိမ္မာကြစေဖို့ တက်ရောက် သင်ကြားပေးကြရန်လည်း တိုက်တွန်းပါတယ်"

"မှန်ပါ ဘုရား။ အထူးကောင်းမွန်ပါတယ်။ အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရာရောက်ပါတယ် ဘုရား"

"ဒကာကြီး… နောက် ထူးခြားတာက ကျုပ်ကျောင်းထဲမှာ သစ်ကွင်းခေါ်တဲ့ သစ်တံခါးရှစ်ခုရှိတယ်။ ဒကာကြီး မြင်တဲ့အတိုင်း ကျောင်းရှေ့မှာ ပထမ ဖန်ခါးပင်က အဖိုဓာတ်၊ သရက်ပင်က အမဓာတ်၊ နောက် သရက်၊ တမာ၊ ကံ့ကော်၊ လွန်၊ ပိန္နဲပင်တို့မှာ အသီးသီး သစ်ကွင်းဖေတွေနဲ့ သစ်တံခါးလို့လည်း ခေါ်တယ်။ သစ်နဂါးတို့၊ သစ်နွယ်ဝင်လို့ ခေါ်တဲ့ သစ်မျိုးလည်း ရှိပါတယ်။ သိပ်ထူးခြားလှပါတယ်။ ဂမ္ဘီရ ဆိုတာတော့ အဲဒါပဲဗျ"

"မှန်ပါ၊ ညောင်ပင်အကြောင်း မိန့်ပါဦး ဘုရား"

"ဒီလိုဗျ။ ဟောဒီရွာထဲက အိမ်တစ်အိမ်မှာ ပန်းအိုးထဲ နီနီရဲရဲ အပင်လေး ပေါက်လာတယ်။ အဲဒါ ဘာပင်မှန်း မသိလို့ ဒီလိုပဲ ထား‌ထားတာ။ မကြီးဘူးကွဲ။ နောက်တော့ အိမ်မက်ပေးလာတယ်တဲ့။ သူ့ကို နွားနို့နဲ့ လောင်းပါ၊ ဆုတောင်းပါလို့ ပြောတယ်။ နောက်တော့လည်း ပြောတဲ့အတိုင်း နွားနို့နဲ့ လောင်းရင်း အရွက်တွေဘာတွေပါ ထွက်လာပြီး ကြီးလာတယ်။ နောက်တော့ ဗောဓိညောင်ပင်ကြီး ဖြစ်နေတယ်။ အဲဒါ ဦးဇင်းကို လှူပါတယ်။ အခုတော့ "မဟာဗောဓိစေတီတော်"လို့ ဘွဲ့တော်တွင်ပါတယ်"

"မှန်ပါ ဘုရား"

"ရွှေဘုန်းညွန့်စေတီတော်ကြီးကတော့ ဘုရာ အမကြီး ဒေါ်ရွှေပွင့် (ခ) ဒေါ်အိုကြီးမိသားစုတို့က တည်ထားကိုးကွယ်ခဲ့ပါတယ်။ နှစ်စဉ် သီတင်းကျွတ်လ ဆီမီးထွန်းပွဲ တန်ဆောင်တိုင် မီးပူဇော်ပွဲနှင့် တပေါင်းလမှာ ဘုရားထီးတော်တင်၊ ရွှေချ၊ ဗုဒ္ဓပူဇနိယပွဲတို့ ကျင်းပပါတယ်။ ဒီပြင် စစ်ကိုင်းတောင်ရိုး မလွန် ဆန်လှူအသင်းတော်လည်း တရားပွဲများ ကျင်းပပါတယ်။ ကျုပ်ကိုယ်တိုင်လည်း နယ်လှည့် ဓမ္မကထိကအဖြစ် ဆောင်ရွက်တော်မူပါတယ်ဗျာ"

"ဆရာတော် အမြဲတမ်း ရွတ်ဖတ်သရဇ္ဈာယ်တဲ့ ဂါထာတော် သိပါရစေ ဘုရား"

"နံနက် သမ္ဗုဒ္ဓေဂါထာတော်နဲ့ မိုးချုပ်ရင် သီရသမ္ဗိဂါထာတော်ပဲ ဖြစ်ပါတယ်"

"မှန်လှပါ ဘုရား"


"ကဲ…ဒကာတို့၊ ကျုပ်တို့ မြင်းချောင်းကျောင်းတိုက်အကြောင်း သိသင့်သလောက် သိပါပြီကွယ်။ လိုတာရှိရင် မေးပါ"

"မှန်ပါ၊ ဘုရားတပည့်တော်တို့လည်း ပုသိမ် မရောက်တာ ကြာပါပြီ။ ဆရာ ဦးတည်အေးက ခုမှ ရောက်ဖူးတာပါ ဘုရား"

"ကဲ…ရှေ့မှာ ကားရပ်၊ ဒါ ပုသိမ် လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီပဲကွဲ။ ရေကြည် ရေနောက် ရောက်နံလည်း ရှိတယ်၊ ကဲ…ဆင်းပြီး ဘုရားဖူးကြတော့။ ပြန်မှ ထိုင်းဘုရား


www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျန်ဘုရားတွေ ဖူးကြတာပေါ့"

"မှန်ပါ ဘုရား"

◈◈◈

မြင်းချောင်းဆရာတော် ဦးကောဝိဒမှ မြင်းချောင်းကျောင်းတိုက်အကြောင်းနှင့် ထူးခြားဆန်းပြားလှသော ဂမ္ဘီရဖြစ်ရပ်များကို ကားပေါ်တွင် အမိန့်ရှိသည့်အတိုင်း စာရေးသူမှတ်သားခဲ့ရသည်။

ယခု ရေးသားတင်ပြသော အကြောင်းအရာများသည် ပုသိမ်ခရိုင်၊ မြင်းချောင်းကျောင်းတိုက်၏ စည်ပင်တိုးတက်မှု၊ ဒကာ၊ ဒကာမများ၏ စည်းလုံးညီညွတ်မှုတို့သည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး နေရောင် လရောင်ပမာ ထွန်းလင်းဖို့ရာ အမှန်ပင် ဖြစ်ပါသည်။

ဒါကြောင့် မျိုးဆက်သစ် အနာဂတ် လူငယ်များ အမျိုးဘာသာ သာသနာကို ယုံကြည်လေးစား ကြည်ညိုနိုင်ကြစေဖို့ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများ တက်ရောက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း မြင်းချောင်းဆရာတော်အား ဂါရဝပြုပူဇော်ရေးသားအပ်ပါသည်■

**ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု**

* * *

မင်းမဟာ(ကျောင်းကုန်း)



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားရှိခိုး

# အကျိုးရှစ်ပါးရနိုင်သည်

ဦးအုန်းမြင့် (ဝေဒသုတေသီ)



စာရေးသူတို့ ဗုဒ္ဓဘာသာ သာသနာတွင် သုံးရပ်သော သာသနာဖြစ်သည့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ စသည်တို့ လိုက်နာကျင့်သုံးကြသလို၊ ကျင့်သုံးဖို့လည်း လိုပါသည်။ ကောင်းကျိုးချမ်းသာကို လိုချင်ကြသော်လည်း သာသနာရေးကိစ္စများတွင် လိုက်နာကျင့်သုံးမှု နည်းပါးကြပါသည်။ အများစုမှာ မေ့လျော့ ပေါ့ဆ၍လည်းကောင်း၊ ပေါ့ပေါ့တန်တန် သဘောထား၍ လည်းကောင်း ရှိကြပါသည်။

မိမိ၏ အိမ်ဦးခန်းတွင် ဘုရားကျောင်းဆောင်တော်ထားရှိကာ၊ ဗုဒ္ဓရုပ်ပွားတော်ကို သီတင်းသုံးစေကြပါသော်လည်း အချို့မှာ မိရိုးဖလာအရသာ ပြုလုပ်ကြပါသည်။ တကယ့်သက်တော်ထင်ရှား သဗ္ဗညုဘုရားရှင်အား ရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com

၍ ဆွမ်း၊ ဆီမီး၊ နံ့သာတိုင်၊ ရေချမ်းတို့ကို သုံးဖြာစေတနာဖြင့် လှူဒါန်းဆက်ကပ် ပူဇော်ဖို့ အထူးလိုအပ်ပါသည်။

နေ့စဉ်နံနက်တိုင်း ညတိုင်း ဘုရားရှိခိုးခြင်း စသောအလေ့အထကောင်းကို တာဝန်တစ်ခုဟု သဘောထား၍ ပြုလုပ်သင့်ပါသည်။ ဘုရားကျောင်းဆောင်တော်အား သန့်ရှင်းသပ်ရပ်စွာ ထားခြင်း၊ ထိုကျောင်းဆောင်တော်ပေါ်၌ ဘုရားနှင့် မပတ်သက်သော ပစ္စည်းများ (ဥပမာ-ဆေးလိပ်ခွက်၊ ကာတွန်း၊ ဝတ္ထုစာအုပ်၊ လက်နှိပ်ဓာတ်မီး၊ ဖူး၊ ပုလင်းခွံများ၊ နတ်ရုပ်ပွား စသည်ဖြင့်) မထားရှိကြသူများ ရှိကြသလို၊ အချို့မှာ ဘုရားကျောင်းဆောင်တော်ဟု ခေါ်ရမည်လား၊ ကြပ်စင်ဟုပင် ခေါ်ရမည်လား မသိအောင် ထားချင်ရာများ ထားရှိတတ်ကြပါသည်။ ပူဇော်လိုသူ၊ ရှိခိုးလိုသူများပင် မျက်စိအမြင်နောက်စရာများ ဖြစ်နေတတ်ပါသည်။ ထိုသို့ ထားရှိခြင်းသည် အ,ဂါရဝအပြုအမူမျိုးဖြစ်၍ ရှောင်ရှားသင့်ပါသည်။

တစ်ခုသော နေ့လယ်လောက်တွင် မိတ်ဆွေဖြစ်သူ ဦးသန်းညွှန့် (ဥက္ကဋ္ဌ၊ မြို့နယ်မွေးမြူရေးအဖွဲ့)မှ စာရေးသူထံသို့ ရောက်ရှိလာပါသည်။ စပ်မိစပ်ရာများ ပြောကြရင်း…

"အိမ်မှာတော့ဗျာ…ကလေးတွေကို ညတိုင်း ဘုရားရှိခိုးခိုင်းနေရတယ်။ အိပ်ချင်ချင်, မအိပ်ချင်ချင် ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်ခိုင်းတယ်ဗျ"

ဟု ပြောရာ…

"ဟုတ်တာပေါ့ဗျာ။ အစဉ်အလာကောင်းပါပဲ။ ကျွန်တော်လည်း ဒီလိုပါပဲ။ ညဘက်တင်မကဘူး၊ နံနက်တိုင်း အိပ်ရာထပြီးနောက် ဘုရားရှိခိုး၊ ပုတီးစိပ်ခိုင်းရတယ်။ သူတို့လည်း လုပ်နေကျဖြစ်နေတော့ ပုံမှန်ဆောင်ရွက်ကြတော့တယ်လေ"

ဟု ပြန်ပြောလိုက်ရာ…

"ကောင်းပါတယ်ဗျာ။ ဘုရားရှိခိုးအိပ်တော့ အိပ်မက်ဆိုးတွေလည်း မမက်တော့ဘူး။ ဒါနဲ့ ဘုရားရှိခိုးတဲ့ အကျိုးအာနိသင်တွေကို စာရေးသူ သိသလောက် ပြောပြစမ်းပါဦး"

ဟု ဦးသန်းညွှန့်မှ တောင်းဆိုလာပါသည်။

"ကောင်းပါပြီ။ ဘုရားရှိခိုးခြင်းသည် အကျိုးတရားရှစ်ပါးတောင် ရနိုင်သဗျ။ ယုံယုံကြည်ကြည် လေးလေးစားစားဖြင့် ဆောင်ရွက်သင့်ပါတယ်။ ဝတ်ကျေတန်းကျေ ရှိခိုးတာမျိုး မဟုတ်ရပါဘူး။ သ,ဂါရဝဖြင့် ရိုရိုသေသေရှိခိုးဖို့ လိုပါတယ်။ အဲဒီလိုဆိုရင် အကျိုးတရားရှစ်ပါးကို ရနိုင်ပါသတဲ့ဗျာ"

ဟု စာရေးသူမှ အောက်ပါ အကျိုးတရားများကို ပြောပြလိုက်ပါတော့သည်။

(၁) **ဒီဃာယုကော ဟောတိ** - သွားလာနေထိုင်ရာအရပ်ဆယ်မျက်နှာတို့၌ သူတစ်ပါးတို့၏ ပူဇော်မှုကို ခံရခြင်း။

(၂) **တိက္ခပညော** - လျင်မြန်သွက်လက် ထက်မြက်သော အသိဉာဏ်အလိမ္မာ ပညာရှိခြင်း။

(၃) **သဗ္ဗေသတ္တာနဝတ္တန္တိ** - ကိုယ့်အလိုလိုက်အကြိုက်ဆောင်ရွက်ပေးကြသော အခြံအရံ ပရိသတ်နှင့် ပြည့်စုံခြင်း။

(၄) **အမိတဘောလဒ္ဓါ** - မရေမတွက်နိုင်သော စည်းစိမ်ချမ်းသာတို့နှင့် ပြည့်စုံခြင်း။

(၅) **ဝဏ္ဏာဝန္တ** - ဖြစ်လေရာ ဘဝဆက်တိုင်း၌ အဆင်းရုပ်ရည်ချောမောလှပခြင်း။

(၆) **ပဋိကန္တ** - ကိုယ်စိတ်နှစ်ပါးအတွင်းအပြင် ချောမောလှပသည့်အတွက် အများ၏ နှစ်သက်မှုကို ခံယူရခြင်း။

(၇) **အမိတ္တာနံ့တမထော** - အစထင်သော ဘဝ အစဉ်အဆက်က ရန်သူ ပင်ဖြစ်စေ၊ မိမိနှင့် ရင်ဆိုင်တွေ့ကြုံရက ခုံခုံမင်မင် ချစ်ခင်လေးစား လာရခြင်း။

(၈) **ယသောအမ္ဗုဂ္ဂတော** - ကောင်းမြတ်သော သတင်း ကျော်စောပျံ့နှံ့ခြင်း။

ဤကဲ့သို့သော အကျိုးတရားများကို ရနိုင်ပါသော ကြောင့် ဘုရားရှင်အား ရှိခိုးရာ၌ သက္ကစ္စ ဂါရဝဖြင့် ရို သေသေ လေးလေးစားစား မြတ်မြတ်နိုးနိုးဖြင့် ရှိခိုးဖို့ လို သည်။ အပစာယနဂုဏ်နှင့် ပြည့်စုံဖို့လည်း လိုအပ်လှ သည်။ ရှိခိုးသည်ဆိုရာ၌ ထိခြင်းငါးပါးဖြင့် ရှိခိုးပါမှ မြတ်သော ရှိခိုးခြင်းဖြစ်သလို၊ တောင်းသောဆု၊ ပေးသောဆုလည်း ပြည့်တတ်ပါသည်။ (စာရေးသူ၏ ဆရာဖြစ်သူက ရှိခိုးလျှင် ထိခြင်းငါးပါးဖြင့် ရှိခိုးမှ အရှိခိုးခံသူမှ ပေးသောဆုကို အပြည့် အဝရနိုင်သည်ဟု ပြောပါသည်။)

ထို့ကြောင့် ဘုရားမြတ်စွာပုံတော်ကို ဂုဏ်တော်တင်၍ မိမိအနေဖြင့် နိဝါတ,တရား လက်ကိုင်ထား၍ သ,ဂါရဝဖြင့် ရှိခိုးပါလျှင် ထိုရှစ်ပါးသော အကျိုးတရားများ ရရှိနိုင် ကြောင်း… ■

ရှိခိုးခြင်းဖြင့် အကျိုးထူးကြပါစေ

* * *

ဦးအေးမင်းမြင့်(မြေသူ့တော



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဉာဏ်ပညာရှိမလေး မိမိငယ်



www.burmeseclassic.com

www.burmeseclassic.com

ဗာရာဏသီ မင်းနေပြည်တော်ရှိ အစွန်အဖျားရွာလေး တစ်ရွာမှ ပုဏ္ဏား ၇ဦးတို့သည် စိတ်တူကိုယ်တူ ပူးပေါင်း၍ မြို့ရွာအနှံ့အပြားသို့ လှည့်လည်ကာ အလှူခံပြီး စားသောက် နေထိုင်ကြ၏။

ထို ခုနစ်ဦးသော ပုဏ္ဏားအဖွဲ့တွင် သက်တူရွယ်တူ ပုဏ္ဏားကြီး ၆ဦးနှင့် ၎င်းတို့ထက် ၂နှစ်ခန့်ငယ်သော ပုဏ္ဏားလေး တစ်ဦးသာ ပါရှိ၏။ ဤသို့ အလှူခံထွက်ကြရာတွင် ငယ်ရွယ်သော ပုဏ္ဏားလေးသည် အပင်ပန်းဆုံးဟု ဆိုရချေမည်။ ပုဏ္ဏားကြီး ၆ဦးက ရိုးရာသီချင်းကို သီဆို၍ အလှူခံတိုင်းမှာ ပုဏ္ဏားလေးက အမျိုးမျိုးအဖုံဖုံ ကပြ အသုံးတော်ခံရစမြဲဖြစ်လေသည်။

"ပုဏ္ဏားတို့ဘာသာ ××× ဟာ ဟ ဟာ ××× မြေညီညီ ဖက်ကို ခင်း ××× ကုလားပဲဟင်းနဲ့ ပွဲတော်တည် ××× ချာနာပါနာ ××× ချာနာပါနာ ××× ချာနာပါနာ ××× ဂျေ ××× ဂျေ ××× ဂျေ ××× ချာနာပါနာ ××× ချာနာပါနာ ××× ဂျေ ××× ဂျေ ××× ဂျေ ×××"

လူစည်ကားရာ အရပ်များနှင့် အိမ်ကြီးရခိုင်တွင် နေထိုင်ကြသည့် သူဌေးသူကြွယ်အိမ်များရှေ့ရောက်တိုင်း ဤသို့ပင် သီဆိုကြ၊ ကပြကြပြီး ငွေဖလားတစ်လုံးနှင့် စပေါင်း အလှူခံခဲ့ကြလေသည်။

◈◈◈

တစ်နေ့ လမ်းခရီးတစ်ခု၏ ဇရပ်ကြီးတစ်ဆောင်ထက်တွင် စားသောက် အပန်းဖြေကြရင်းက အဖွဲ့ခေါင်းဆောင် ပုဏ္ဏားကြီးသည် အလှူခံရရှိထားသည့် ငွေအိတ်ကြီးကို ဖြည်၍ ငွေအသပြာများကို ရေတွက်ကြည့်ရာ ငါးရာသော အသပြာငွေများကို ရရှိပြီဖြစ်ကြောင်း၊ တို့ ခုနစ်ဦး ခွဲဝေယူငင်ကြမည်ဆိုပါက တစ်ဦးကို အသပြာ တစ်ရာပြည့်မည် မဟုတ်သေးကြောင်း၊ နောက်ထပ် အသပြာ ငွေနှစ်ရာထပ်ရအောင် အလှူခံသွားရောက်ကြဦးစို့ဟု အညီအညွတ်တိုင်ပင်ပြီးလျှင် ဆက်လက် ခရီးထွက်ရေး ပြင်ဆင်ကြလေသည်။

ဤသို့ဖြင့် ဘုရင့်နန်းတော်နှင့် နီးကပ်သော ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြတော့၏။ ထိုရွာထိပ်ရှိ ပုဏ္ဏေးမ သားအမိ နေထိုင်ရာအိမ်သို့ ရောက်လေသော် ခေတ္တနားခိုခွင့် တောင်းခံရင်း နံနက်စာ စားသောက်ကြ၏။

ဤရွာမှ စတင်၍ အလှူခံထွက်ရောက်ရေး တိုင်ပင်ပြီးလျှင် သူတို့၌ ပါရှိလာခဲ့ပြီးဖြစ်သော အသပြာငွေငါးရာအား အိမ်ရှင်ဖြစ်သူ ပုဏ္ဏေးမထံ ခေတ္တအပ်နှံထားခဲ့ရန် အများသဘောတူ ဆုံးဖြတ်ကြ၏။ ပုဏ္ဏား ခုနစ်ဦးအနက် အသက်ကြီးရင့်သော အဖွဲ့ခေါင်းဆောင်ဖြစ်သူသည် အိမ်ရှင် ပုဏ္ဏေးမကို ဤသို့ပြော၏။

"အို . . . နမ၊ ငါတို့၌ အလှူခံ၍ ရရှိထားသည့် ဤအသပြာငွေ ငါးရာအား သင့်ထံ ယုံကြည်စွာ အပ်နှံထားခဲ့လိုပါသည်။ ကူညီ၍ သိမ်းဆည်းပေးပါ နမ။ ငါတို့ ခုနစ်ဦးလုံး စုံညီစွာ လာရောက်တောင်းခံသည့်အခါကျမှ သင့်ဘက်က ထုတ်ပေးပါ။ ဒီကတိကိုတော့ သင်တည်ပါ"

ဟု ပြောဆိုပြီးလျှင် အများသဘောတူ အပ်နှံခဲ့ကြလေသည်။ ပုဏ္ဏေးမ သားအမိကလည်း လက်ခံထားလိုက်ကြလေသည်။ ထိုနေအိမ်မှာ ပုဏ္ဏားတို့လည်း ရှေ့ခရီးသို့ ဆက်လက် အလှူခံရေး ထွက်ခဲ့ကြတော့၏။

ထိုပုဏ္ဏေးမအိမ်နှင့် မနီးမဝေးတွင် စမ်းချောင်းလေး တစ်ခုကို တွေ့မြင်ရသည်နှင့် အဖွဲ့ခေါင်းဆောင် ပုဏ္ဏားကြီးက ဤသို့ပြောလေ၏။

"ပုဏ္ဏားညီအစ်ကိုတို့ . . . ရေကြည်ရေသန့်အဖြစ် စီးဆင်းနေသော ဤစမ်းချောင်းငယ်၌ ငါတို့ ခုနစ်ဦး ခေါင်းဆေးမင်္ဂလာ ဒသဂြိုဟ်လွဲ ပြုလုပ်ကြစို့။ ဘယ့်နှယ်ရှိစ"

ဟု တိုင်ပင်စကားဆိုလေသည်။ ကျန် ပုဏ္ဏားခြောက်ဦးကလည်း သဘောတူ၏။

"အိမ်း . . . ကောင်းမြတ်သော အကြံအစည်ဖြစ်ပေတယ်။ သို့သော်ငြား ငါတို့မှာ ခေါင်းဆေးမင်္ဂလာပြုလုပ်ရန် တရော်ကင်ပွန်းမရှိ၊ ဘယ့်နှယ်လုပ် ခေါင်းလျှော်မှာလဲ"

ထိုသို့သော အမေးစကားကြောင့် ခေါင်းဆောင် ပုဏ္ဏားကြီးလည်း တွေဝေစွာဖြင့် စဉ်းစားနေရင်းက ရုတ်တရက်ပင် အကြံရရှိသွားကာ . . .

"အို . . . ပုဏ္ဏားငယ်လေး . . . ငါတို့ ဒီစမ်းချောင်းနားက စောင့်ပါ့မယ်။ သင်သွား၍ အကူအညီတောင်းခံပါ။ ပုဏ္ဏေးမ သားအမိနေအိမ်မှာ ခေါင်းလျှော်စရာ တရော်ကင်ပွန်းတို့ ရှိကောင်းပါရဲ့"

ဟု ပြောဆိုမှာကြား၍ စေလွှတ်လိုက်လေ၏။

ပုဏ္ဏားငယ်လည်း ပုဏ္ဏေးမထံ သွားရောက်၍ တရော်ကင်ပွန်းပါမက၊ သူတို့ အပ်နှံထားခဲ့သော အသပြာငွေထုပ်ကိုပါ တစ်ပါတည်း ပြန်လည်ပေးအပ်ဖို့ရာ ပြောဆိုလေ၏။

ထိုအခါတွင် ပုဏ္ဏေးမက . . .

"ဟင် . . . အပ်နှံထားခဲ့တာ ဘာမျှ မကြာလှသေးဘူး အခု တစ်ယောက်တည်း လာတောင်းဆိုနေတာ ပေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါဘူး။ တရော်ကင်ပွန်းသာ ယူသွားပါ ပုဏ္ဏားလေး"

ဟု ပြန်၍ပြောဆိုလေ၏။ ထိုအခါ ပုဏ္ဏားငယ်မှာ အကြံအစည်ရှိထားသူပီပီ...

"အို...အစ်မကြီး၊ သင် မယုံလျှင် အိမ်အပြင်ထွက်ကြည့်ပါ။ ဤရွာ၏ တစ်ခုတည်းသော စမ်းချောင်းငယ်နားတွင် ငါ့အစ်ကိုတော်များကို သင်တွေ့ပါလိမ့်မည်။ လှမ်းမေးကြည့်ပါ"

ဟု ခပ်တည်တည်ပင် ပြောလိုက်ပြန်၏။ ပုဏ္ဏေးမကလည်း ရိုးအသူဖြစ်၍ ထွက်ကြည့်လေသော် အလှမ်းဝေးနေသော စမ်းချောင်းနေရာတွင် ပုဏ္ဏားခြောက်ယောက် ရပ်ကြည့်နေကြသည်ကို တွေ့ရ၏။

"အရှင်ပုဏ္ဏားတို့...အပ်နှံထားသော အသပြာငွေထုပ်ကို ပြန်ပေးလိုက်ရမလား"

ဟု အော်ဟစ် မေးမြန်းလိုက်၏။ စမ်းချောင်းနံဘေးမှ ပုဏ္ဏားတို့ကလည်း လက်များ အပေါ်မြှောက်၍ ဦးခေါင်းကို ညိတ်ပြကြ၏။ ခေါင်းဆေးမင်္ဂလာပြုရန် တရော်ကင်ပွန်းကို အလိုရှိသူများဖြစ်သဖြင့် လက်များ မွေ့ရမ်းပြလိုက်ကြလေသည်။

"တွေ့လား အစ်မကြီး။ ငါ့အစ်ကိုတော်များက ပေးလိုက်ရန် ခေါင်းညိတ် လက်ပြနေကြပြီမဟုတ်လော"

အိမ်ရှင် ပုဏ္ဏေးမလည်း ယုံကြည်သွားခဲ့ပြီး ထိုပုဏ္ဏားငယ်လေးအား အပ်နှံထားသည့် ငွေထုပ်နှင့် တရော်ကင်ပွန်းတို့ ပေးအပ်လိုက်လေတော့၏။

ပုဏ္ဏားငယ်ကား သူ၏ လျှို့ဝှက်အကြံအစည်အောင်လေပြီဟု စိတ်တွင် မှတ်ယူကာ၊ ရိုကျိုးသော အမူအရာနှင့် ပုဏ္ဏေးမ၏ ရှေ့တွင် ဒူးထောက် အရိုအသေပြုကာ အသပြာထုပ်နှင့် တရော်ကင်ပွန်းများကို လက်ခံရယူလိုက်လေတော့၏။

စမ်းချောင်းရှိရာသို့ အပြန်လမ်းတွင် ချုံကောင်းတစ်ခုကို ရှာဖွေ၍ အသပြာထုပ်ကို ဝှက်သိုထားခဲ့ပြီး တရော်ကင်ပွန်းကိုသာ ဆောင်ယူသွားခဲ့လေသည်။

ပုဏ္ဏားခုနစ်ဦးစလုံးသည် ရရှိလာသော တရော်ကင်ပွန်းဖြင့် ခေါင်းဆေးမင်္ဂလာပြုပြီးသော် ရှေ့ဆက် ခရီးထွက်ကြလေသည်။ ရွာတစ်ရွာသို့ ရောက်ရှိ အလှူခံကြ၏။ ညအချိန်တွင် တည်းခိုစရာ ဇရပ်တစ်ခု၌ အိပ်စက်ခဲ့ကြလေသည်။ ထိုည သန်းခေါင်ယံတွင် အကြံရှိနေသော ပုဏ္ဏားငယ်သည် ကျန်ပုဏ္ဏားကြီးများ နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် ကြက်ပျောက် ငှက်ပျောက်ဆိုသလို ခြေရာဖျောက် ထွက်ပြေးလာပြီးလျှင် သူ ဝှက်သိုထားခဲ့သော အသပြာထုပ်ကို ယူငင်ကာ အရပ်တစ်ပါးသို့ ပုန်းရှောင်ထွက်ပြေးခဲ့လေတော့သည်။

နံနက်မိုးသောက် အလင်းရောက်သော် ပုဏ္ဏားငယ် မရှိတော့ကြောင်း သိရှိရလေ၏။ ထိုအခါ ပုဏ္ဏားခေါင်းဆောင်ကြီးသည် ဤသို့တွေးမိ၏။

"ပုဏ္ဏားငယ်ကား သူချည်း ပင်ပန်းစွာ ကခုန်နေရ၍လော၊ သို့တည်းမဟုတ် တို့အပ်နှံထားသော အသပြာထုပ်ကို တို့မပါဘဲ သွားရောက်တောင်းယူကာ ပြေးလေပြီလော" ဟု တွေးဆကြည့်၏။ ပြီးလျှင် "ဘယ်နည်းနဲ့မှ ပုဏ္ဏေးမက ပေးမည်မဟုတ်။ ခုနစ်ဦး မစုံလျှင် မပေးပါနှင့်" ဟု ကတိတောင်းခံ အပ်နှံခဲ့သည်ဖြစ်၍ ထိုအချက်ကို သိပ်မထင်ချေ။

သို့နှင့် ငါတို့တွင်လည်း ထပ်မံ အလှူခံရရှိငွေမှာ အသပြာတစ်ရာကျော်ရရှိနေပြီးဖြစ်၍ စုပေါင်းခွဲဝေယူလျှင် တို့တစ်ဦးစီမှာ ငွေအသပြာ တစ်ရာကျော်စီ ခွဲဝေနိုင်ပြီဟု ချပြပြောဆိုကာ၊ ရှေ့ရွာများသို့ ဆက်လက်မသွားကြတော့ဘဲ ပုဏ္ဏေးမ သားအမိထံ ပြန်လှည့်လာကာ၊ သူတို့ အပ်နှံထားခဲ့သည့် အသပြာ ငါးရာထုပ်ကို ပြန်ပေးရန် တောင်းခံကြတော့၏။

"အို...ဟင်...ဘယ်လို၊ ငွေအသပြာထုပ်... ဟုတ်စ၊ ရှင်တို့ရှေ့တွင်ပဲ ပုဏ္ဏားငယ်ကို ပေးလိုက်ပြီးပြီလေ။ ခေါင်းလျှော်ဖို့ တရော်ကင်ပွန်းတွေပါ ယူသွားခဲ့သေးတာပဲ

www.burmeseclassic.com

မဟုတ်လား"

"ဒါဆို ငါတို့အားလုံး မပါဘဲ သူတစ်ယောက်တည်း လက်ကို သင်ပေးလိုက်ပြီဆိုတော့ သင့်မှာ တာဝန်ရှိသွားပြီ၊ လျော်ပေး"

"လျော်ကြေးလည်း မပေးနိုင်ပါဘူး။ ကျွန်မမှာလည်း တာဝန်မရှိပါဘူး။ အဲဒီနေ့က ရှင်တို့ကို ကျွန်မကိုယ်တိုင် အော်ပြီး မေးလိုက်တော့ လက်ပြ ခေါင်းညိတ်ပြီး ပေးလိုက်ပါဆိုလို့ ပေးလိုက်ပြီးပြီလေ"

"မဖြစ်နိုင်ဘူး။ ပုဏ္ဏားငယ်ထံမှာ တရော်ကင်ပွန်းတွေပဲ ပါတယ်။ အသပြာငွေထုပ် မပါဘူး။ သင် မလျော်လျှင် ရှေ့နန်းရှင် ဘုရင်မင်းမြတ်နဲ့ တိုင်မယ်"

◈◈◈

ဤသို့ စကားအချေအတင် ငြင်းကြပြီးနောက် ပုဏ္ဏားခြောက်ဦးစလုံးသည် ဘုရင့်နန်းတော်သို့ သွားရောက်ကာ တိုင်ကြား လျှောက်ထားကြလေသည်။ အကြောင်းစုံ စစ်မေးပြီးသော် ရှင်ဘုရင်လည်း ပုဏ္ဏေးမထံသို့ သူ၏ မင်းချင်းတို့ဖြင့် အခေါ်လွှတ်လိုက်လေ၏။ ပုဏ္ဏေးမကြီး ရောက်ရှိလာသော် ဘုရင်မင်းမြတ်က စစ်မေးလေ၏။

"အသင် ပုဏ္ဏေးမ၊ သင်သည် ဤပုဏ္ဏားများ စုံညီစွာဖြင့် အပ်နှံထားခဲ့သော အသပြာ ငါးရာထုပ်ကို လူမစုံပါဘဲနှင့် တစ်ဦးတစ်ယောက်တည်း လာရောက် တောင်းခံသည်ကို ပေးလိုက်မိတာ အမှန်ပဲလား"

ပုဏ္ဏေးမလည်း ရှင်ဘုရင်၏ အာဏာစက်ကို ကြောက်ရွံ့ တုန်လှုပ်စွာဖြင့်...

"ဟုတ်...ဟုတ်ကဲ့၊ ကျွန်တော်မျိုးမ ပေးခဲ့မိကြောင်းပါ ဘုရား"

"ကိုင်း...ဒါဆိုရင်ဖြင့် သင့်မှာ တာဝန်ရှိလေပြီ။ ငွေအသပြာငါးရာကို ပေးလျော်ပေတော့။ မလျော်နိုင်က ပုဏ္ဏားတို့ထံတွင် အမှုလုပ်ကျွန်အဖြစ် အလှည့်ကျ ကျွန်ခံစေ"

ဟု တစ်ချက်လွှတ် အမိန့်တော်မှတ်လိုက်လေသည်။ ထိုအခါတွင် ငွေကြေး မလျော်နိုင်သူ ပုဏ္ဏေးမလည်း ရိုးအစွာ အလှည့်ကျ ကျွန်ခံ ဆောင်ရွက်ပါမည်ဟု ငိုယိုပြီး ဝန်ခံ ကတိပြုလိုက်ရတော့၏။

◈◈◈

ထိုအချိန်မှ စ၍ ပုဏ္ဏေးမကြီးလည်း အဖွဲ့ခေါင်းဆောင် ပုဏ္ဏားကြီးထံတွင် တစ်လကြာမျှ စေခိုင်းသမျှ အိမ်မှုကိစ္စများကို ကျွန်အဖြစ် ပင်ပန်းစွာ ဆောင်ရွက်ခဲ့ရလေသည်။ သူ့တွင် အရွယ်ရောက်ခဲ့ပြီးဖြစ်သည့် သမီးငယ် ပုဏ္ဏေးမ



လေးသည် မိခင်ဖြစ်သူ၏ ဒုက္ခကို အဘယ်ကဲ့သို့ ကယ်တင်ရပါမည်နည်းဟု တစ်နေ့ တစ်နေ့ တွေးတော ကြံဆကြည့်နေခဲ့၏။

ဘုရင့်အမိန့်တော်အရ ဒုတိယမြောက် ပုဏ္ဏားအိမ်သို့ ကျွန်အဖြစ် အမှုထမ်းရွက်ပေးရန် သွားရောက်ရမည့် နေ့ရက်၌ သမီးဖြစ်သူသည် မိခင်ကြီးအား ဤသို့ မေးမြန်းလေ၏။

"နေပါဦး အမေရယ်။ သူများတကာတွေ ကျွန်ခံရတာ ပိုင်ရှင်တစ်ဦးတည်းထံမှာပါ။ အမေ့ကျမှ ပိုင်ရှင် ၆ဦးထံမှာ ကျွန်ခံနေရတယ်လို့။ ကျော်မကောင်း ကြားမကောင်းပါလား အမေ။ သမီး မကြည့်ရက်တော့ဘူး။ လာပါ အမေ၊ ဘုရင်ကြီးထံ ပြန်သွားပြီး သမီးလျှောက်တင်ပါမယ်။ မကြောက်နဲ့နော်"

ဆင်းရဲသူဖြစ်သော်လည်း ပုဏ္ဏေးမကြီး၏ သမီး မိမိငယ်သည် နက်နဲသော ဂမ္ဘီရဉာဏ်ဖြင့် မိမိတွေးခေါ်ယူဆထားသည့်အတိုင်း ရဲရဲဝံ့ဝံ့ပင် ဘုရင့်ထံမှောက် တင်လျှောက်လေတော့၏။

"မှန်လှပါ၊ ဘုန်းတော်ကြီးလှပါသော အရှင်မင်းမြတ်... အရှင်၏ မင်းနေပြည်တော်၌ တစ်ပါးကျွန်အဖြစ်သာ ကျွန်ခံရရိုးထုံးစံဖြစ်၍၊ ယခုမူ ကျွန်တော်မျိုးမ၏ မိခင်ကြီးသည် ကျွန်ပိုင်ရှင် ၆ဦးထံ အလှည့်ကျ ကျွန်ခံနေရခြင်းမှာ မဖြစ်စကောင်းပါ။ ဤဆုံးဖြတ်ချက်အပေါ် မကျေနပ်နိုင်အောင်ဖြစ်ရပါသည် ဘုရား။ သို့ဖြစ်ပါ၍ ထိုပုဏ္ဏားကြီး ၆ဦးတို့နှင့် အရှင်မင်းမြတ်၏ ရှေ့တော်မှောက်တွင် ပြန်လည်၍ တရားရင်ဆိုင်ကြည့်လိုပါသည်၊ ခွင့်တော်ပေးသနားပါ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဟု လျှောက်ထား ပန်ကြားလိုက်တော့၏။

ဘုရင်မင်းမြတ်လည်း ခေါင်းညိတ် စဉ်းစားပြီးသော်၊ ဤသူငယ်မ၏ လျှောက်တင်လာမှုသည် မှန်ကန်လှပေစွတကား။ တရားခံဘက်မှ ချေပလိုသည်ဖြစ်က ချေပခွင့်ပြုရမှာပဲလေ။ သူ၏ ဂမ္ဘီရဉာဏ်ရည်ဉာဏ်သွေးကို အကဲခတ်ဦးမှပါပဲ။ အပြောအဆိုလျှောက်တင်မှုကဖြင့် ရဲဝံ့ ဖျတ်လတ်ပါပေတယ်ဟု သုံးသပ်ဆင်ခြင်ပြီး ပုဏ္ဏား ၆ဦးတို့ကို တရားရင်ဆိုင်ရန် အခေါ်ဆင့် စေလွှတ်လိုက်တော့၏။

အားလုံး စုံညီစွာ ရောက်ရှိလာခိုက်အခါတွင် ဘုရင်မင်းမြတ်သည် ပုဏ္ဏေးမကြီး၏ သမီး မိမိငယ်အား ဤသို့ အမေးတော်ရှိလေ၏။

"ကဲ - သူငယ်မ၊ သင်၏ မိခင်အတွက် အဘယ်ကဲ့သို့ တရားရင်ဆိုင်လိုပါသနည်း။ ပြောကြားလျှောက်တင်စေ"

ဘုရင်မင်းမြတ်၏ စကားတော်အဆုံး၌ သွက်လက်မြန်ဆန်စွာပင် ဤသို့ ပန်လျှောက်ပြန်၏။

"မှန်လှပါ အရှင်မင်းမြတ်ကြီး။ ဤတရားခွင်မှာ လက်တွေ့ ချေပနိုင်ဖို့အရေး ကျွန်တော်မျိုးမကို ငွေအသပြာ ငါးရာ ခေတ္တချေးငှားတော်မူပါ ဘုရား"

ထိုအခါ၌ မင်းဘုရင်၏ အမိန့်တော်ဖြင့် ဘဏ္ဍာစိုးအမတ်ကြီးထံမှ ငွေအသပြာ ငါးရာထုပ် လက်ဝယ်ရောက်ရှိလာသောအခါတွင် ပုဏ္ဏေးမလေး မိမိငယ်သည်...

"အို... အရှင်ပုဏ္ဏားကြီးတို့၊ ကျွန်တော်မျိုးမ၏ မိခင်ထံသို့ ငွေထုပ်အပ်နှံထားရှိစဉ်အခါက ကတိစကားတစ်ခုကို ထားရှိခဲ့သည် မဟုတ်လား။ ပုဏ္ဏား ၇ဦး စုံညီပါလျှင် ဤအသပြာထုပ်ကို ယခုပင် ယူဆောင်လော့။ ကျွန်မတို့ဘက်က တာဝန်ကျေစွာ ပေးအပ်ပြီးဖြစ်၍ မိခင်ကြီးအား ယနေ့ပင် ကျွန်အဖြစ်မှ လွှတ်ပါ"

ဟု ရဲဝံ့စွာ တုံ့ပြန်လိုက်တော့၏။

ဤသို့ ငွေအသပြာထုပ်ကို ပြပြီး မေးခွန်းထုတ်လိုက်လျှင် ပုဏ္ဏားကြီး ၆ဦးလည်း...

"အို...ဟင်...ဟယ်...ဟုတ်ပေသားပဲ၊ ခက်ကပြီဟေ့"

ဟု ညည်းတွားကာ လက်လျှော့သွားကြလေ၏။ ဤသို့ တရားရင်ဆိုင်လိုက်ကြသော ဖြစ်ရပ်အမှန်ကို ကြားသိတွေ့မြင်လိုက်ရသော ဘုရင်မင်းမြတ်သည် သူငယ်မ၏ ဖြတ်ထိုးဉာဏ်ရည်ကို သဘောကျသွားလေ၏။

"ငါ၏ထံပါး မြဲခစားတဲ့ မှူးကြီးမတ်ရာ သေနာပတိများ ကြားကြလေပြီမဟုတ်လော။ ဤသူငယ်မသည် တရားသံဖြင့် ချေပပြောဆိုခဲ့၏။ ဟုတ်မှန်လှပေသည်။ ရှေးယခင်ကမူ ငါ၏ ဆုံးဖြတ်ချက်သည် ချွတ်ချော်မှားယွင်းပေစွတကား။ ယနေ့မှစ၍ ဤအသပြာငါးရာထုပ်အား မိခင်ဖြစ်သူ ပုဏ္ဏေးမကြီးကို ဆုတော်အဖြစ် ပေးသနားစေ။ အလှည့်ကျ ကျွန်အဖြစ်မှလည်း လွှတ်ကင်းစေ။ သင်ပုဏ္ဏား ၆ဦးဘက်ကလည်း ၇ဦးစုံပြည့်လျှင် လာရောက်ယူငင်ကြ။ ယခုမူ မစုံညီချေ။ ကျွန်တစ်ဦးကို ရှာဖွေလော့"

ဟု အမိန့်တော်ချမှတ်ပေးလိုက်တော့၏။ ဘုရင်မင်းမြတ်လည်း နက်နဲသော အသိဉာဏ်ပညာဖြင့် ပြည့်စုံသော ပုဏ္ဏေးမကြီး၏ သမီး မိမိငယ်ကို မိခင်ကြီးထံမှ တောင်းယူ၍ မိဖုရားတစ်ပါးအဖြစ် မြှောက်စားကာ ရွှေနန်းတော်ထက်ဝယ် အဆောင်အယောင်ပြည့်စုံစွာဖြင့် ထားရှိပြီး လွန်စွာပင် ချစ်ခင်မြတ်နိုးတော်မူခဲ့လေသတည်း ■

* * *

ခွဲလှလင်း(မအူပင်)

ကျမ်းကိုး

- ပုရာဏ်ကျမ်း (ကျီးသဲလေးထပ် ဆရာတော်ကြီး)။

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။




www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ရည်

# သာသနာတစ်ခေတ်ဆန်းမယ့် ပေါ့ခမ်းစေတီ

မေဒသုတောသီ ဆရာမျိုး






ကျွန်ုပ်သည် တစ်နေ့သ၌ ပျော်ဘွယ်မြို့နယ်၊ သဲဗုစ်ကျေးရွာ အုပ်ချုပ်ရေးမှူး ကိုသိန်းဝင်းဇင်၏ မိတ်ဆက် လမ်းညွှန်မှုအရ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရေပေါင်းစုံကျေးရွာမှ ၎င်း၏ ညီငယ်တစ်ဦးဖြစ်သူ မောင်စိုး၏ နေအိမ်သို့ ရောက်ရှိခဲ့ပါ၏။ ထိုမှတစ်ဆင့် ရွာဦး ဘုန်းကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီးလျှင် ကျောင်းထိုင်ဆရာတော်ကြီးမှ ဦးပဥ္စင်း ဦးအာသိဏ္ဍကို စာရေးသူအား ရှေးသမိုင်းဝင် ပေါ့ခမ်းစေတီတော်မြတ်ကြီး တည်ရှိရာသို့ လိုက်ပါ အကျိုးဆောင်စေပါသည်။

စာရေးသူတို့သည် ရေပေါင်းစုံကျေးရွာမှ အဝေးပြေးကားကို စီးလျက် ဘုရားငါးဆူနယ်မြေအတွင်းရှိ ပေါ့ခမ်းလမ်းဆုံ၌ ဆင်းခဲ့ကြပါ၏။ "သာစည်မြို့နယ် ရှေးဟောင်း ပေါ့ခမ်း ဓာတ်ပေါင်းစုစေတီ" ဟူသော လမ်းညွှန် ဆိုင်းဘုတ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားလှပစွာ တွေ့ရှိရပါ၏။ လမ်းတစ်ဖက်ထိပ်တွင် [illegible]ကော်တော် ရေလှောင်တမံ"ဟူသော လမ်းညွှန် ဆိုင်းဘုတ် [illegible] တည်ရှိလေ၏။ ၁၀မိနစ်ခန့် လျှောက်လာပြီးသောအခါ [illegible]ဦးဆုံး စတင်တွေ့ရှိရသည့် သက်တော် ရေလှောင်တမံ [illegible] ရှမ်းရိုးမတောင်တန်းကြီးများ နောက်ခံထားလျက် လှပ [illegible]တယ်စွာ တွေ့ရှိရသည်မှာ ညွှန်းစာရေးဖွဲ့လို့လည်း မမီ၊ [illegible]ပန်းချီရေးလို့မှလည်း စုတ်ချက်မမီနိုင်ပါသော ရင်သပ် [illegible]ယ်ရာ မြန်မာ့သဘာဝရှုခင်း ပန်းချီကားတစ်ချပ်ပါပေ [illegible] ရှေးဟောင်း ပေါ့ခမ်း ဓာတ်ပေါင်းစုစေတီတော်ကြီး [illegible]ဝေးမှ လှမ်းမျှော်ဖူးတွေ့ရသည်မှာ ကျက်သရေမင်္ဂလာ [illegible]င်းနှင့် ပြည့်စုံပြီး ရင်ကို ရှင်လန်းချမ်းမြေ့ရပါသည်။

"အဲဒီနောက်ခံ တောင်တန်းကြီးဟာ ရှမ်းပြည်နယ်နဲ့ [illegible]ပြည်ရဲ့ နယ်စပ်တောင်တန်းကြီးပေပဲ ဒကာကြီး"

"တပည့်တော် ရေးဖွဲ့ခဲ့ဖူးတဲ့ ကမ္ဘာလုံး ကပ်ကျော် [illegible]င်တော် ဆောင်းပါးထဲက ပျော်ဘွယ်မြို့နယ်၊ ရွှေ [illegible]ကျေးရွာထိပ်က တောင်တန်းကြီးများ ဖြစ်နေမလား [illegible]င်ရယ်"

[illegible]တ်တယ်။ အရင်က ဒကာကြီး မြင်ခဲ့ရာ ဒီတောင်ကြီးရဲ့ အနောက်ဘက်ခြမ်းလေ။ အခုဟာက အရှေ့ဘက်ခြမ်း ပေါ့"


(ဤတောင်တန်းအကြောင်းကို သိလိုလျှင် စာရေးသူ၏ "ကမ္ဘာလုံး ကပ်ကျော် ရွှေတောင်တော်"ဆောင်းပါး ပါဝင်သော ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ ၂၀၁၂၊ ဧပြီလထုတ်အား ရှာဖွေဖတ်ရှုပါရန်။)

ထို့နောက် စာရေးသူသည် ဆည်အတွင်းမှ လှပသော ရှုခင်းကို ဘုရားကျောင်းကန်ဟူသော အင်္ဂါရပ်နှင့် ပြည့်စုံ လိုက်ဖက်မှု ရှိလေသဖြင့် ဓာတ်ပုံမှတ်တမ်းတင်ဖြစ်ပါ၏။ ထို့နောက် စာရေးသူတို့သည် ဘုရားဝင်းအတွင်းသို့ ဝင်ရောက်လာပြီးလျှင် ဦးစွာပထမ ပေါ့ခမ်းဆရာတော်အား တွေ့ဆုံ ဖူးမြော်ပါ၏။ လက်ျာဘက်ရှိ ပုဗ္ဗဝိဒေဟကျောင်းအလှူရှင်မှာ ဦးစံခင် + (ဒေါ်အုန်းခင်)၊ ဆူးပုတ်ကန်ကျေးရွာမှ ဖြစ်ပါသည်။

ပေါ့ခမ်းဆရာတော်မှာ "ဦးကဝိသာရ" ဖြစ်ပြီး၊ သက်တော် ၃၈နှစ်၊ ဝါတော် ၁၈ ဝါဖြစ်သည်။ ဤကျောင်းတိုက်၌ သီတင်းသုံးသည်မှာ ၁၂နှစ်ရှိပြီဖြစ်ပါသည်။ လက်ရှိ သီတင်းသုံးနေသော သံဃာ ၅ပါးရှိသည်။ ပေါ့ခမ်းရာဇဝင်နှင့် ပတ်သက်၍ ဆရာတော်မှ အမိန့်ရှိသည်မှာ…

"မြန်မာသက္ကရာဇ် ၅၆၂ ခု၊ နရပတိစည်သူမင်းလက်








www.burmeseclassic.com


www.burmeseclassic.com




ထက်မှာ ကိုးဆူတိုက်လို့ ခေါ်တဲ့ စေတီကိုးဆူကို တည်ထားကိုးကွယ်ခဲ့တယ်။ သီပေါစော်ဘွား အုန်းဘောင်ခုံမှိုင်းလက်ထက်မှာ ပြန်လည်ပြုပြင်မွမ်းမံခဲ့တယ်။ အခု ဒီအရှေ့ဘက်မှာ ရှိတဲ့ မုံပင်ဆုံရွာရယ်၊ တောင်ဘက်မှာ ရှိတဲ့ ဆူးပုတ်ကန်ရွာရယ် အပါအဝင် ဒီနေရာတစ်ဝိုက်မှာ ပေါ့ခမ်းမြို့ရယ်လို့ တည်ရှိခဲ့တယ်။ ရှမ်းဘာသာစကားနဲ့ဆိုရင် "ပေါ့"ဆိုတာက အဖေ၊ "ခမ်း"ဆိုတာက ရွှေ။ အဖေရွှေပေါ့။ အဖေ့မေတ္တာတရား တန်ဖိုးကြီးမားပုံကို ရွှေရဲ့ တန်ဖိုးကြီးမားပုံနဲ့ နှိုင်းယှဉ်ဖော်ပြထားတယ်။ ပေါ့ခမ်းမြို့ကို ပထမဦးဆုံး စော်ဘွားပေါခမ်းလုံနဲ့ စော်ဘွားကတော် နန်းခမ်းရွက်တို့က အုပ်ချုပ်ခဲ့တယ်။ နောက်ဆုံး မြို့စားကတော့ စော်ဘွား ကျော့အောင်ရှင်းဖြစ်တယ်။ ကာလရွေ့လျားလာတဲ့အခါ ဒီနေရာမှာ ဆူးပင်၊ မုံပင်၊ ချုံနွယ်ပိတ်ပေါင်းတွေ ပေါက်ရောက်ပြီးတော့ တောကြီးအတိဖြစ်လာခဲ့တယ်။ အဲဒီလိုနဲ့ ဆူးပုတ်ကန်ကျေးရွာနဲ့ မုံပင်ဆုံကျေးရွာရယ်လို့ ဖြစ်ပေါ်လာခဲ့တယ်။

ဒီရွာနှစ်ရွာက ကိုးကွယ်ခဲ့တဲ့ မုံပင်ဆုံကျောင်းဆရာတော်ကြီး ဘဒ္ဒန္တ ဦးဝိစိတ္တဟာ ၁၃၅၉ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ရက် (၁၂-၁၁-၁၉၉၇)၊ ဗုဒ္ဓဟူးနေ့မှာ ဘုရားကိုးဆူ သာသနာပွင့်လင်းဖို့ အိပ်မက်ရရှိခဲ့တယ်။ ဒါပေမယ့် ဘုရားကိုးဆူဟာ ဘယ်နေရာမှာမှန်း မသိခဲ့ဘူး။ ဆရာတော်ကြီးမှာ ၉နှစ်-၁၀နှစ်အရွယ် ထွန်းမောင်ဆိုတဲ့ မြေးကလေးတစ်ယောက်ရှိတယ်။ အဲဒီကလေးကို ပုဂ္ဂိုလ်က စီးပြီး ဘုရားကိုးဆူရှိတဲ့ နေရာ၊ ဌာပနာထားတဲ့ နေရာတွေကို လိုက်ပြခဲ့တယ်။ အဲဒီကလေး အခုရှိရင် အသက် ၂၅နှစ်လောက် ရှိရောပေါ့။ ဒါပေမယ့် အခု ဘယ်ရောက်သွားပြီလဲဆိုတာကို ဘယ်သူမှ မသိလိုက်ကြဘူးဖြစ်နေတယ်။ စေတီဟောင်းတွေရဲ့ အလယ်မှာ စေတီတော်ကြီးတစ်ဆူရှိပြီးတော့ ကျန် ရှစ်ဆူက ရံထားတာပေါ့။ ဌာပနာတိုက်ကို ပိတ်ဆို့တဲ့ ကျောက်ပြားကြီး ၁၂ချပ်နဲ့ ရှေးဟောင်း ဌာပနာရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်တွေကို ဒကာကြီး မှတ်တမ်းတင်သွားလို့ရပါတယ်။ ပေါ်တော်မူ မစခင်၊ သက်တော်ဆည်ကြီး မတည်ခင်၊ စိမ့်ချက်ကျခါစမှာ ဒီနေရာကို ရှင်းလင်းဖို့ စက်မောင်းတာဝန်ယူကြတဲ့ ဘူဒိုဇာမောင်းသမားတွေဟာ ညဘက်သောက်စားမူးယစ်နေကြတုန်း ဒီဘုရားတွေနားမှာ အစိမ်းရောင်ဝမ်းဆက်နဲ့ မိန်းကလေးတစ်ယောက်ရယ်၊ ပန်းရောင်ဝမ်းဆက်နဲ့ မိန်းကလေးတစ်ယောက်ရယ် ပေါ်လာတယ်။ ဒါနဲ့ စက်မောင်းသမားတွေလည်း မူးမူးနဲ့ လိုက်ကြတော့ မျက်စိကြီးတွေ တစ်တောင်လောက် ပြူးထွက်လာပြီး ခြောက်လှန့်လိုက်တာ ညတွင်းချင်း ဆေးရုံတင်လိုက်ရပြီး အားလုံးသေကုန်ကြတယ်။

လယ်ဆယ်ဝန်ကြီးဟောင်း ဗိုလ်ချုပ် မြင့်အောင်








www.burmeseclassic.com

www.burmeseclassic.com



သက်ထက်မှာ ဒါဟာ ဆည်ဘောင်ပေါ့။ ဒါကို ဒီမှာ မြေသုံးအပ်ဖို့ထားတာ။ ၁၃၅၉ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ရက်နေ့မှာ မုံပင်ကျောင်းဆရာတော်ကြီး အမှူးပြုတဲ့ ကျေးရွာ သံဃနာယက ဆရာတော်တွေ၊ ကျေးရွာအေးချမ်းမှုအဖွဲ့ဝင်တွေ၊ ဒကာ, ဒကာမတွေ ညှိနှိုင်းတိုင်ပင်ပြီး ဂေါပကအဖွဲ့ ဖွဲ့တယ်။ တောင်ကြီးမြို့ မင်္ဂလာဦးရပ်၊ စန္ဒာလမ်း၊ အမှတ် (၄၂၈)က ဦးသန့်ဇင်ဦး+ဒေါ်မိုးကြည်၊ စိုးမိုးကျော်နှင့် ...ဝိုင်းလည် ထီဆိုင်မိသားစုမှ အဘိုးသံရဲ့ ညွှန်ကြားချက်နဲ့ ...ဘုရားကို ၁၈ တောင်တည်ဖို့ လျာထားတယ်။ ဒါကို အောင်စည်သစ်ထွန်း၊ ပြန်လည်မွမ်း၊ ပေါခမ်းပြည်သာ၊ အောင်ချမ်းသာ" ဆိုတဲ့ နိမိတ်တဘောင်အရ ၁၃၆၀ ပြည့်၊ ...ဆုန်လဆန်း ၁၃ရက် (၁၀-၅-၁၉၉၈)၊ တနင်္ဂနွေနေ့မှာ ...ကတင်ပြီး ကဆုန်လပြည့်ကျော် ၇ရက်မှာ အုတ်မြစ်ချ...ယ်။ အဲဒီမှာ နိုင်ငံတော်က သိန်းတစ်ရာ ထီဖွင့်ပွဲ စတင်...ခဲ့ပတယ်။ ဒုတိယအကြိမ်မြောက်မှာ ဦးသန့်ဇင်ဦးဆိုင်မှာ ...တောင်ကြီးမြို့မှ ဒေါ်အေးအေးမြင့်က ရွှေခါးပတ်ဆုရတယ်။ ...ကိုယ်တိုင်လည်း အကြိမ်ကြိမ်ပေါက်ခဲ့ရာက ပုဂံ အာနန္ဒာ ...ဘုရားကို ဖူးဖြစ်ပြီးတော့ ပုဂံ အာနန္ဒာပုံစံကို ဗိသုကာ ဆရာကြီး ဦးချစ်တင်(သာစည်မြို့ ရှမ်းတောရပ်)က ၂နှစ် ၁၀လအတွင်း အပြီးတည်ဖြစ်သွားတယ်။ လျာထားချက်ကို ကျော်လွန်ပြီး သိန်း ၁၈၀ မ,တည်လို့ အများပုပေါင်းငွေ သိန်း ၇၀နဲ့ အားလုံးပေါင်း သိန်း ၂၅၀ ကုန်ကျပြီး ဉာဏ်တော်အမြင့် ၄၅ တောင် (၆၇·၆)ပေ၊ စေတီတော်အချင်း ၃၆တောင် ၅၄ပေအထိ ဖြစ်သွားတယ်။ အရန်စေတီပေါင်းက ၂၈ဆူဖြစ်တယ်။


၁၃၆၃ ခုနှစ်၊ တန်ခူးလဆန်း ၁၅ရက် (၇-၄-၂၀၀၁)၊ စနေနေ့မှာ ထီးတော်တင်လှူတယ်။ ထီးတင်တာက မူလ ပထမ ပရိတ်ချည်ဆရာတော်ကြီး ဘဒ္ဒန္တ ဦးစန္ဒိမာ၊ သက်တော် ၉၉နှစ်ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ အသက်အရွယ်နဲ့ မမျှတဲ့ လျှင်မြန်ဖျတ်လတ်မှုတွေနဲ့ မြေပြင်ကနေပြီး အထက် ဖောင်းရစ်တော်အထိ ထီးတော်ကြီးကို တွဲလောင်းခို လိုက်ပါသွားခဲ့တာကို ရင်သပ်ရှုမော အံ့သြဖွယ် ဖူးတွေ့ရပါတယ်။ ဆရာတော်ကြီးရဲ့ ညာဘက် လက်မတော်မှာ ကျိုက်ထီးရိုးပုံတော်ပေါ်နေပြီး ဘယ်ဘက် လက်မတော်ပေါ်မှာတော့ ရွှေတိဂုံစေတီပုံတော်ပေါ်နေတာကို ဦးဇင်းကိုယ်တိုင် ဖူးတွေ့လိုက်ရပါတယ်။ ဒါကြောင့် ဆရာတော်ကြီးဟာ ဒီလို ထီးတော်တွေကို တင်လှူနိုင်တာ ဖြစ်ပါလိမ့်မယ်။

ရှေးဟောင်း စေတီတော်တွေကို အသစ်ပြန်လည်တည်ဆောက်ခဲ့တဲ့အတွက် ရှေးဟောင်းတစ်လုံးယူတယ်။ ပေါခမ်းမြို့ ဖြစ်ခဲ့တဲ့အတွက် ပေါခမ်းတစ်လုံးယူတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တော် မွေတော်တွေ စုပေါင်းဌာပနာထားလို့ ဓာတ်ပေါင်းစုလို့ တစ်လုံးယူတယ်။ အဲဒီတော့ကာ "ရှေးဟောင်း ပေါ့ခမ်း ဓာတ်ပေါင်းစုစေတီတော်" ရယ်ပေါ့။ ရှမ်းပြည်က ပုဂ္ဂိုလ်တွေကတော့ ဒီမှာ နဂါးသိုက်ရှိတယ်လို့ ပြောသွားကြတယ်။

လွန်ခဲ့တဲ့ အနှစ် ၅၀ က ဒီမှာ ရွှေခါင်းလောင်းနဲ့ ရွှေလင်ပန်းရှိတယ်ဆိုပြီး သိုက်ဆရာတွေက လာတူးကြတဲ့ အခါ မြေပြင်ကို ရေထင်ပြီး ကူးခဲ့ကြရတယ်။ ယင်းမပင်၊ မြို့မရပ်က ကလေးမလေးတစ်ယောက် ဒီဘုရားကို ရောက်လာပြီး ပုဂ္ဂိုလ်ဝင်စီး၍ မြန်မာလို မပြောဘဲ ရှမ်းလိုတွေ ပြောတယ်။ ပေါ့ခမ်းသိုက်က လာတာလို့လည်း ပြောတယ်။ နောက်ပြီး မန္တလေး-မီးခြစ်စက်ရုံက ဒကာမက ဒီမှာ ဆွမ်းသုံးကြိမ်လာကပ်တယ်။ လာကပ်တိုင်းလည်း ပူးပြီး ရှမ်းဘာသာနဲ့ ပြောပြီး ငိုလေ့ရှိတယ်။ တော်တော်နဲ့ကို ပြန်မထွက်တော့ဘူး။ မနည်းချော့မော့ တောင်းပန်ရတယ်။ မူလထီးတော်ဟောင်း သံထီးကို နောင်တော်ကြီးစေတီအဖြစ်နဲ့ ဗိုလ်မှူး ဟန်ဝင်းဇော်+ဒေါ်သီတာအေး၊ ဗိုလ်ကြီး အောင်မျိုးဟိန်း+ဒေါ်နီနီတင်ထွန်းတို့က ပူဇော်ကြတယ်။ လက်ရှိဘုရားကြီးမှာက ခေတ်နဲ့အညီ စတီးထီးတော်ကို ပြန်ပြီး တင်လှူထားတယ်။


ဒီနောက်မှာ သံဃာတော်များ နေ့ဆွမ်းသုံးဆောင်တော်မူကြပြီး စာရေးသူနဲ့ အကျိုးတော်ဆောင်အဖွဲ့မှ နေ့လယ်စာ စားသုံးကြပါတယ်။ ထို့နောက် ဆရာတော်ထံမှ ဘုရားတည်နေသောပုံနှင့် ဘုရားပွဲတွင် ရိုးရာအကဖြင့် ဖျော်ဖြေပွဲများကို ကူးယူပါတယ်။ ထို့နောက် ဆရာတော် သီတင်းသုံးရာ ကျောင်းတော်ဘုရားခန်းကို မှတ်တမ်းတင်ပါတယ်။ အရှေ့ ကျောက်ဆင်းတု ရုပ်ပွားတော်များမှာ ရှေးဟောင်းဌာပနာ ဘုရားများဖြစ်၍ နောက်မှ ဆင်းတုတော်နှင့် ပလ္လင်ဒါယကာမှာ ဦးမောင်မောင်+ဒေါ်မြစိန်၊ ဘုရားငါးဆူမြောက်ရွာ၊ သားသမီး မြေးမြစ်တစ်စု ကောင်းမှုဖြစ်ပါတယ်။ ထို့နောက် ဘုရားဝင်း တစ်ပတ်လှည့်လည်ဖူးမြော်ရင်း မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပါတယ်။ ဘုရားရင်ပြင် နတ်လမ်း ဒါယကာမှာ ဘုရားငါးဆူ အကျဉ်းဦးစီးဌာနအငြိမ်းစား ထောင်ပိုင်ကြီး ဗိုလ်ကြီး မြင့်သိန်းနှင့် ဇနီး ဒေါ်ခိုင်မြတ်ဦးတို့မှ (၆-၁-၂၀၁၂)က လှူဒါန်းထားခြင်းဖြစ်ပါတယ်။ ဘုရားကမ္ပည်းကျောက်စာတိုင်စိုက်ထူထားတဲ့ ဝန်းကို ပန်းခြံသဖွယ်ပြင်ဆင်ထားသည်မှာ တစ်မူထူးခြားပေစွ။ အောက်၌ ဆူးခက်များရှိနေသဖြင့် မှတ်တမ်းဓာတ်ပုံ ရိုက်ယူရသည်မှာ အဆင်မပြေဖြစ်နေသဖြင့် ဆရာတော်မှ နတ်လမ်းအပြင်ဘက်ကို ဖိနပ်စီးခွင့်ပြုတော်မူပါသည်။ ကမ္ပည်းကျောက်စာတိုင်အား တစ်မူထူးခြားစွာ နဂါးနှစ်ကောင် ဝန်းရံဖန်တီးထားသည်မှာ အလွန်လက်ရာမြောက်လှပေစွ။

www.burmeseclassic.com

ကမ္ပည်းစာသားများမှာ ဆေးလွှင့်ပြယ်နေပြီဖြစ်၍ အာရုံစူးစိုက်ကာ တစ်ကြောင်းချင်း သေချာစွာ ဖတ်ရှုရပါ၏။ ကမ္ပည်းကျောက်စာတို့၌ သာသနာသက္ကရာဇ် ၂၅၄၄၊ ကောဇာသက္ကရာဇ် ၁၃၆၃၊ ခရစ်သက္ကရာဇ် ၂၀၀၁ခုနှစ်၊ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ရေးဟောင်းပေါ့ခမ်း ဓာတ်ပေါင်းစုစေတီတော်မြတ်ကြီးကို ၁၃၆၂ခု၊ တန်ခူးလပြည့်၊ (၇-၄-၂၀၀၁)၊ စနေနေ့နံနက် ၈နာရီ ၂၈မိနစ်အချိန်တွင် ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓဘိသေက အနေကဇာတင် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

အထက်ပါ ရွှေထီးတော်တင်လှူပွဲကြီးကို မိတ္ထီလာမြို့နယ်၊ သံဃာ့နာယက ဥက္ကဋ္ဌဆရာတော်ကြီးနှင့် သံဃာတော်များ၊ သာစည်မြို့နယ် သံဃာ့နာယက ဥက္ကဋ္ဌဆရာတော်၊ အတွင်းရေးမှူးဆရာတော်နှင့် သံဃာတော်များ၊ မိတ္ထီလာမြို့အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးချုပ် ငွေဦး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ, ဒုတိယ ဗိုလ်မှူးကြီး မျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုခဲ့ကြပြီးလျှင် မူလ ပထမ ပရိတ်ချည်ဆရာတော် ဘဒ္ဒန္တ ဦးစန္ဒိမာဆရာတော်ကြီးမှ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ခဲ့ရာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရှမ်းခမ္မစကြာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက် ကြည်ညိုပူဇော်ခဲ့ကြပါသည်။

ထို့နောက် စာရေးသူသည် ဘုရားအတွင်းဝင်ရောက်ဖူးမြော်ရာတွင် အရှေ့ဘက် အာရုံခံ ထိုင်တော်မူ ရုပ်ပွားတော်တည်ရှိသော တနင်္လာထောင့်၌ ဗိတာန်အလှူရှင်အဖြစ် ဦးခင်မောင်ဦး+ဒေါ်မယ်သီ (ဘုရားငါးဆူမြောက်ရွာ)နှင့် သံပန်းသံတံခါးအလှူရှင်အဖြစ် ဗိုလ်မှူး အောင်သန်း(ငြိမ်း) + ဒေါ်ခင်ဝင်းမြတို့မှ လည်းကောင်း၊ ဗုဒ္ဓဟူးထောင့် ဗိတာန်အလှူရှင်အဖြစ် ကိုအောင်ဝင်း+မခင်ရွှေဦး (ဘုရားငါးဆူတောင်ရွာ)နှင့် သံပန်း သံတံခါးအလှူရှင်အဖြစ် ဗိုလ်ကြီး အောင်မျိုးဟိန်း+ဒေါ်နီနီတင်ထွန်းတို့မှ လည်းကောင်း၊ သောကြာထောင့် ဗိတာန်အလှူရှင်အဖြစ် ဦးအောင်မြင့်စိန်+ဒေါ်ခင်သန်းလှ (ရန်ကုန်)နှင့် သံပန်းအလှူရှင်အဖြစ် ဗိုလ်ကြီး အောင်မျိုးဟိန်း+ဒေါ်နီနီတင်ထွန်းတို့မှ လည်းကောင်း၊ အသီးသီးလှူဒါန်းထားကြပြီးလျှင် အဆိုပါ သောမအရုပ်လေးမျက်နှာရှိ ရုပ်ပွားတော်များသည် ထိုင်တော်မူ ရုပ်ပွားတော်များ ဖြစ်ကြပါသည်။ ကျန် ပါပအရုပ်လေးမျက်နှာရှိ ရုပ်ပွားတော်များသည် ရပ်တော်မူရုပ်ပွားတော်များဖြစ်ကြပြီး ATT ကုမ္ပဏီမှ အလှူ ၃ တစ်ဦးတည်းသော အလှူရှင်အဖြစ် တာဝန်ယူထားကြောင်းကို



www.burmeseclassic.com




"ဒီအပင်ဟာလည်း ဗုဒ္ဓဂယာက သယ်ဆောင် စိုက် ပျိုးထားတဲ့ ဗောဓိပင်အစစ်ပေပဲ ဒကာကြီး"

ထို့နောက် ပေါ့ခမ်းဆရာတော် ဦးကဝိသာရအား ရှေ့ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားလေ သောအခါ...


"ဒီမှာ နှစ်စဉ် သီတင်းကျွတ်လတိုင်း အသံမစဲ မဟာ ပဋ္ဌာန်းပူဇော်ပွဲကျင်းပပါတယ်။ အဲဒါကို စည်စည်ကားကား လေး ဖြစ်စေချင်တယ်။ နောက်ပြီး ဒီနေရာလေးဟာ ရွာ ပေါင်းစုံရဲ့ အလယ်မှာကျတော့ တရားစခန်းရိပ်သာကလေး ဖြစ်ချင်တယ်။ ရင်ပြင်တော်ပတ်လည်မှာ နတ်လမ်းစောင်း တန်းအမိုးနဲ့ ဘုရားဖူးတွေ နားနေဖို့ ခုံလေးတွေ စီစဉ်ချင် တယ်။ ဂန္ဓကုဋိတိုက်အတွင်းမှာလည်း ကြွေပြားခင်းချင်တယ်။ ဘုရားပရဝဏ်တစ်ခုလုံး မဟာတံတိုင်းကလေး ကို သီးသန့် အုတ်တံတိုင်းကလေးဖြစ်ချင်တယ်။ နောက်ဆုံး ဆန္ဒကတော့ စေတီတော်ရဲ့ အနောက်တောင်ထောင့်မှာ ကန်တူးထားပြီးပြီ ဒီနယ်မြေဟာ နဂါးစက်ဖြစ်နေတော့ နဂါး စေတီကို ကန်အလယ်မှာ တည်ဆောက်နိုင်ဖို့ရာ အလှူရှင် လိုအပ်နေပါသေးတယ်"

ဆရာတော်၏ ဘာသာ သာသနာကို ပွင့်လန်း အောင် မြင်စေလိုသော စိတ်ဓာတ်မှာ အံ့မခန်းရှိလှပေစွ။



www.burmeseclassic.com

www.burmeseclassic.com



အသင် စာရှုသူများအနေဖြင့် ဆုတောင်းပြည့်ဝသော ရွှေဟောင်းသမိုင်းဝင် ပေါ့ခမ်းစေတီတော်ကြီးကို ဖူးမြော်လိုလျှင်ဖြစ်စေ၊ အံ့ဖွယ်ထူးခြားသော လုမ္ဗဏီပင်ကြီးကို လေ့လာလိုလျှင် ဖြစ်စေ၊ နဂါးစေတီတော်ကြီးကို ပူဇော်လှူဒါန်းလိုလျှင် ဖြစ်စေ၊ တရားစခန်းတည်ဆောက်လိုလျှင် ဖြစ်စေ၊ ဆရာတော်နှင့်အတူ လက်တွဲ၍ ဘာသာ သာသနာအကျိုးကို ဆောင်ရွက်လိုသူများသည် ရထားဖြင့် လာရောက်ပါက ဘုရားငါးဆူဘူတာတွင် ဆင်း၍ လည်းကောင်း၊ ကားဖြင့် လာရောက်ပါက တောင်ကြီး-ရန်ကုန်လမ်းမ၊ ပျော်ဘွယ်လမ်းခွဲရှိ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ တပ်ဆုံကျေးရွာအုပ်စု၊ ဆူးပုတ်ကန် မုံပင်ဆုံကျေးရွာနှင့် သက်တော်တမံဆည်အနီးတွင် တည်ရှိသော ရှေးဟောင်း ပေါ့ခမ်းစာတ်ပေါင်းစု စေတီတော်ကြီးကို ကြွရောက် ဖူးမြော်ကြပြီးလျှင် သာယာရှုမောဖွယ်ရာ ရှမ်းတောင်တန်းဒေသအစ၏ သာသနာတော် တစ်ခေတ်ဆန်းသစ်နိုင်ရေးကို ကြံဆောင်လို့ ကြိုးစားတော်မူကြပါဦးဟူ၍ နိဗ္ဗာန်အကျိုးကို ရည်မျှော်ပြီး တိုက်တွန်း နှိုးဆော်လိုက်ရပါကြောင်း ■

* * *

ဗေဒသုတေသီ ဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်သည် ရဟန်းဘဝမှ လူထွက်ပြီးနောက် ရန်ကုန်မြို့ ကပ္ပလီကွက်သစ် (ယခု တော်လှန်ရေးပန်းခြံ အနီး)၌ ဆင်းရဲချို့တဲ့စွာ နေထိုင်ခဲ့ရ၏။

"ကျွန်တော် အဲဒီတုန်းက မွဲလိုက်တာ မပြောနဲ့တော့။ ခနီမိုးတန်းလျားမှာ ရိုက်စရာ သံမဝယ်နိုင်လို့ ကြမ်းခင်းကို ရဲရဲမနင်းရဲဘူး။ ထိုးလိုးထောင်လောင်နဲ့။ အောက်က ဆင့် ကလည်း စုံအောင် မရှိတော့ ခဲခုထားရတယ်။ မွဲတဲ့ကြားထဲ ကွဲနေတဲ့ မိတ်ဆွေတွေ၊ အထူးသ ဆရာသမားတွေ တွေ့ရင် မကျွေးဘဲ မနေနိုင်ဘူး ကနေ ငွတ်ဆွဲခေါ်၊ ငွတ်ပင့်တာပဲ။ အိမ်ကသ လမြင်၊ ဆွမ်းကျွေးက မပြတ်ဘူး။ တချို့ကိုယ် တွေက အိမ်က စုတ်တော့ မလိုက်ချင်ကြဘူး အလှူမခံရက်တာ။ သနားတာလည်း ပါမှာပေါ့ ကျုပ်က ဘယ်နေမလဲ၊ ငွတ်ပင့်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



န္တလေးမြို့၊ မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်

နှင့်

ာသနဒါယကာ လှူပျံ့တော်ပတ္တမြား ဦးမောင်မောင်

ဓမ္မာစရိယ ဦးငွေလှိုင်

www.burmeseclassic.com

www.burmeseclassic.com

### ဆီ ဆန် မကုန်စေနဲ့ ဆိုတာ

ဦးမောင်မောင်က တစ်ချိန်က သူ ဆင်းရဲခဲ့ပုံကို ကျွန်တော့်အား ပြောပြနေ၏။

"ကျွန်တော်က သာသနာချီးမြှောက်ချင်တဲ့ လူဆိုတော့ သူတို့ မကြွချင်လည်း ပင့်ကျွေးတာပဲ။ ကိုယ်တော်တို့ နောက်တော့ တိုက်ထဲ ကြွရမှာပါလို့ လျှောက်ခဲ့ရသေးတယ်။ ကျွန်တော်လည်း သာသနာကို ဦးတိုက်ပြီး လုပ်နေတာ။ မွဲပေမယ့် စိတ်ထဲတော့ မလျှော့ဘူး။ နေ့တိုင်း ပရိတ်ကြီး ၁၁ သုတ်ရွတ်၊ ဂုဏ်တော်ပွား၊ တတ်သရွေ့ မှတ်သရွေ့ ရတနာသုံးပါး ဦးထိပ်ထားပြီး လုပ်နေတာပေါ့ဗျာ။ လူရာမဝင်ခင်တော့ ရုက်စရာပေါ့။

ဘယ်လောက်ထိ လုပ်လဲဆိုတော့ ဆရာသမားများဆီက ရတဲ့ ဆေးနည်းကလေး စပ်ဖော်၊ ကိုယ်တိုင် မောင်းထုပြီး မြို့ထဲ လှည့်ရောင်းရတာဗျာ့။ တစ်ခါတလေ သိကြားလိုလို၊ ဗြဟ္မာလိုလို ဝတ်တန်ဝတ်ပြီး အော်ရောင်းရတာ။ ဘာပဲဖြစ်ဖြစ် သာသနာကို ဦးတိုက်လုပ်ရတော့ ရှက်စရာမရှိပါဘူး"

ထို့အပြင် အတွင်းသိ မိတ်ဆွေတစ်ဦးကလည်း သူ့အကြောင်းနှင့် စပ်၍...

"ဒီလူက လူထူးဗျ။ အဲသလို တဲကုပ်လေးနဲ့သာ နေတယ်။ ဆွမ်းကျွေးပွဲ မပြတ်သလို ဧည့်သည်လည်း မပြတ်ဘူးဗျ။ သူ့ကို အားကိုးလာတဲ့ ဧည့်သည် ဘယ်လောက်များများ သူ့အိမ်မှာ မစားဘဲနဲ့ မသွားရဘူး။ နောက်ဆုံး ပိုက်ဆံမချောင်လည်တဲ့ အလှည့်နဲ့ ကြုံရင် ဧည့်သည် မသိအောင် အပေါင်ဆိုင်သွားပြီး အသစ်မရှိတောင် ခတ်လတ်လတ် အဝတ်အစားကလေးတွေ သွားပေါင်ပြီး ဧည့်ဝတ်ပြုတာပဲ။ နည်းနည်းလေးမှ မငြိုငြင်ဘူး။ နှမြောတွန့်တိုမှု မစ္ဆရိယနည်းတာ ကျွန်တော်တို့ မျက်မြင်ပဲ။ ဒါလည်း တကယ့်လက်တွေ့ကျရင် မလွယ်ဘူးဗျ။ ဒါကြောင့် ရှေးလူကြီးတွေက ဧည့်သည်လာရင် ဆီမကုန်စေနဲ့ ဆန်မကုန်စေနဲ့လို့ ပြောတာ။ ကျွေးရပြီး စိတ်မထားတတ်ရင် ဆီကုန်၊ ဆန်ကုန်ရုံပေါ့ဗျာ"

ဟု ပြော၏။

ထိုဧည့်ဝတ်ကို မငြိုမငြင် ပြုစုနိုင်သည်မှာလည်း ထူးခြားသူဖြစ်ပေသည်။ ကြီးပွားလိုသူတို့ လိုက်နာရမည့် ဗလိငါးမျိုးတွင် "အတိထိဗလိ"ပင်ဖြစ်ကြောင်း ဘုရားဟောကြားတော်မူခဲ့သည်။

### ပုပ်စော်နံသော ကုသိုလ်

ထိုသို့ ဆင်းဆင်းရဲရဲဖြင့် ကိုယ်တိုင် မြန်မာ့ဆေးများဖော်စပ်ရောင်းချရာမှ အဖော် လူငှားတစ်ယောက်နှင့် နောက်ဂျစ်ကားစုတ်ကလေးနှင့် တိုးတက်လာကာ မြန်မာပြည်အနှံ့ လှူပွဲတော်ပတ္တမြားသွေးဆေး ဆိုင်းဘုတ်များနှင့်အတူ "လှူပွဲတော်ပတ္တမြားဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်+ဒေါ်ငြိမ်းငြိမ်း မိသားစု ကောင်းမှု"ဟူသော ဆိုင်းဘုတ်များကို ကျောင်းကန်ဘုရားအနှံ့ မြင်သူတိုင်း သာဓုခေါ်ရသော အခြေအနေသို့ ရောက်ရှိလာပေတော့သည်။

မန္တလေး၊ ရန်ကုန်ရှိ အထူးသဖြင့် စာတိုက်များ၊ ဓမ္မရိပ်သာများ၌ သူ၏ ကောင်းမှုများကို တွေ့နိုင်၏။

ပခုက္ကူနှင့် မန္တလေးအနောက်ပြင်၊ တောင်ပြင်ရှိ စာသင်တိုက်ကြီးများ၌ ရေအခက်အခဲရှိသဖြင့် စက်ရေတွင်းလှူခြင်း၊ တောင်မြို့ (အမရပူရ) တူးမောင်းတိုက်၌ စက်ရေတွင်းနှင့် ကုဋီလှူခြင်း၊ မန္တလေး ၄၅တာအတွင်း ၂၅၀၀-ဓမ္မာရုံကြီးအနီး နှစ်ထပ်တိုက် "သဒ္ဓိမိက" ဓမ္မာရုံကြီးဆောက်လှူ၍ အခမဲ့ ဘုရားဖူးဧည့်ရိပ်သာတည်ခြင်း စသည်ဖြင့် များစွာရှိ၏။

ထင်ရှားသော စာသင်တိုက် ဆရာတော်များအား ငါးပါးစာခန့် နေ့စဉ် ဆွမ်းအုပ်များလည်း မနည်းပေ။

"ကျွန်တော် မန္တလေး မစိုးရိမ်တိုက်မရောက်ခင် တောင်မြို့ တူးမောင်းတိုက်မှာ နေတုန်းက ကုဋီဟာ သိပ်ညစ်ပတ်သဗျ။ သူဌေးတွေလည်း ရှိပါရဲ့၊ သည့်ပြင် လူမြင်တဲ့ ကုသိုလ်ပဲ လုပ်ချင်ကြတာ။ ကုဋီတော့ "ပုပ်စော်နံတဲ့ ကုသိုလ် မလိုချင်ပါဘူး"ဆိုပြီး သိတဲ့ လူကလည်း ရှောင်သွားတာပဲ။ ကျွန်တော် ဒီဘက်ခေတ်ရောက်လို့ သွားကြည့်တော့ ဟိုတုန်းက ကျွန်တော်တက်ခဲ့ရတဲ့အတိုင်းပဲ၊ ကုဋီမြောင်းပေါ်ထိုင်လိုက်ရင် တင်ပါးကို ယားလာတာပဲ"

ဟု သူ၏ ပုပ်စော်နံသော ကုသိုလ်ကို ကျွန်ုပ်အား အမျှဝေဖူးသေး၏။

### ဦးမောင်မောင် ငွေလုပ်တဲ့ စက်

ကျွန်ုပ်နှင့် ရင်းနှီးစွာ သိရသောအချိန်မှာ သူဌေးဦးမောင်မောင်ဘဝမှ သာသန ဒါယကာ ဦးမောင်မောင်ဖြစ်နေပေပြီ။ "အဘိဓဇ မဟာရဋ္ဌဂုရု" မစိုးရိမ်ဆရာတော်ကြီးအား သက်တော် ၉၅နှစ်အရ တာဝါလိမ့်ရှိ ခြံထဲ၌ နောက်ပါသံဃာတော် လေးငါးပါးနှင့်အတူ ပင့်၍ နေ့စဉ် ဆွမ်းကွမ်းဝေယျာဝစ္စများ လုပ်နေချိန်ဖြစ်၏။

ဆရာတော်ဘုရားကြီး၏ ဆန္ဒ ဦးမောင်မောင်၏ သဒ္ဓါတရားအရ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးကိုပင် ဖွဲ့စည်း၍ "နိကာယ်စာသင်တိုက်ကြီး" ဆောက်ရန် သိန်းသုံးဆယ်ကျော်တန် "ကျောက်စာ ဓမ္မစေတီတော်" တည်ရန် စတင် အကောင်အထည်ဖော်လျက်ရှိနေ၏။

သာသနာပိုင် ဆရာတော်ဘုရားကြီး ကြွရောက်သီတင်းသုံးနေပြီဖြစ်၍ ရဟန်းရှင်လူ ညှိသည့်များ၊ သာသနာရေး စည်းဝေးပွဲများကား မပြတ်မလပ်ဖြစ်၏။ "အစည်းအဝေးပွဲမှာ ယနေ့ ဘာကျွေးရ ကောင်းမလဲ" ဟု အမြဲကြံနေသူမှာ ဦးမောင်မောင်ပင် ဖြစ်သည်။

ခြံထဲတွင် ဆရာတော်များ အမြဲသီတင်းသုံးရန် ဝိနည်းတော်အတွက် အပ်အပ်စပ်စပ်ရှိဖို့ သီးသန့်တိုက်ကြီးတစ်လုံးကိုပင် အပူတပြင်း ဆောက်လုပ်လျှုဒါန်းလေသည်။ ထိုတိုက်အုတ်မြစ်ချ တူးဖော်နေခိုက် အစည်းအဝေးရှိ၍ ကျွန်ုပ်ရောက်သွားရာ လူသုံးယောက်က အုတ်မြစ်များကို တူးနေကြ၏။ ဦးမောင်မောင်ကား နေပူကျဲကျဲ ခြစည်းရိုး ဝါးရုံချုံအောက်၌ ခမောက်ကြီးဆောင်းပြီး အလုပ်သမားများကို စီမံနေရင်း ပါးစပ်က တတွတ်တွတ်နှင့် ပရိတ်ရွတ်နေသည်ကို တွေ့ရသည်။

"ကိုဌေးလှိုင်···လာပါဦးဗျ"

ဟု ခေါ်၍ ရှေ့ဆက် လုပ်ကိုင်ရမည့် သာသနာရေးကိစ္စများကို ဆွေးနွေးပြောဆိုကြ၏။ ဦးမောင်မောင်က···

"လူတွေက ခက်တာပဲဗျာ။ ခုဆိုရင် သတင်းစာထဲမှာ ဦးမောင်မောင်က သိန်းသုံးဆယ်ကျော်တန် ကျောက်စာ ဓမ္မစေတီတော်ကြီး တည်မယ်ဆိုတာ ဖတ်ကြရတော့ ကျွန်တော့်ကို သိန်းတစ်ရာ နှစ်ရာ ချမ်းသာနေပြီလို့ ထင်ကြတယ်။ သူတို့နဲ့ ကိုယ်ချင်းစာကြတာပေါ့ဗျာ။ လူတွေဟာ တကယ်ရှိမှ အလွန်ဆုံး တစ်ကျပ်လှူကြတာကလား။ ကျွန်တော့်ကိုလည်း သူတို့လိုပဲ ထင်ပြီး တကယ့် မီလျံနာ သူဌေးကြီးအောက်မေ့နေကြသလား မသိဘူး။ ကျွန်တော်က လူတစ်မျိုးဗျ။ အခု ကျွန်တော်လုပ်တာ သာသနာအတွက် လုပ်နေတာ။ သူတို့လို ဇိမ်ခံဖို့၊ ဂုဏ်ဒြပ်ကြီးဖို့ မဟုတ်ပါဘူး။ တကယ်လည်း ကျွန်တော့်လက်ထဲမှာ ငါးသောင်းပြည့်အောင် ရှိပါဘူး။ ပြောရင် ယုံမှာ မဟုတ်ဘူးဗျ။ ခက်တာက သိန်းသုံးဆယ်ကျော်ဆိုတာ လျှော့ပြောတာ ကိုဌေးလှိုင်ရေ။ ကျွန်တော်လုပ်ချင်တာက သိန်းတစ်ရာ အနည်းဆုံး။ စိတ်ထဲမှာ ပြောရင် လူတွေက သူတို့လို ကိုယ်ချင်းစာပြီး ဒုက္ခပေးကြမှာစိုးလို့။ ရသေ့ကြီး ဦးခန္တီလို ငွေလုပ်တဲ့ စက်ရှိသလား ဆိုပြီး ဝမ်းခံနေရဦးမယ်ဗျ။

ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်လေဗျာ။ ငါလုပ်ရင် ဖြစ်တယ်ဆိုတာ။ ဒါ စိတ်ကူးယဉ်တာ မဟုတ်ဘူး။ အကြိမ်ကြိမ် ကျွန်တော့်လက်တွေ့ပဲ။ ဗေဒင်ဟောထားလို့ ယုံစားနေတာမျိုးလည်း မဟုတ်ဘူး။ နေ့စဉ် ပရိတ်ရွတ်သဗျာ။ ဂုဏ်တော်ပွား၊ တရားထိုင်သဗျာ။ ဒါတွေကို ကျွန်တော် အားကိုးပြီး လုပ်နေတာဗျ။ ကျွန်တော့်ငွေလုပ်တဲ့ စက်က ရတနာသုံးပါးပဲ။

ကျွန်တော် ဘောက်ထော် စွန်းလွန်းရိပ်သာမှာ "သဒ္ဓါမိက ဓမ္မာရုံ" ဆောက်ဖို့ ဆရာတော်ကို သွားပြီး တာဝန်ခံလျှောက်ထားလိုက်တယ်။ အနည်းဆုံး ငါးသိန်းတန်ဆောက်ဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမယ့် အဲဒီအချိန်က လက်ထဲမှာ သောင်းကိုးထောင်လောက်ပဲ ရှိမယ်ထင်တယ်။ တကယ်ပါ။ ဒါနဲ့ လက်ထဲ ရှိတာကလေးနဲ့ စပြီး သဲဝယ်၊ အုတ်ဝယ်၊ တစ်စတစ်စ လုပ်လာတာ မကြာပါဘူး၊ ကျွန်တော့်ငွေလုပ်တဲ့ စက်က ငါးသိန်းတန် ဓမ္မာရုံကြီး ပြီးသွားတာပါပဲ။ လူတွေက ရတနာသုံးပါးကျေးဇူးကို မယုံကြဘူးဗျ"

**သာသနာပြုချင်ရင် အပြင်သိပ်မကြည့်နဲ့**

ဦးမောင်မောင်သည် ခြေသလုံးအိမ်တိုင်ဘဝမှ သိန်းပေါင်းများစွာ အကုန်အကျခံ၍ သာသနာ့ဒါယကာ ပြုလုပ်နိုင်သူဖြစ်၏။ မည်မျှ ချမ်းသာကြွယ်ဝသည်ဟု ကျွန်ုပ်တို့ မသိသော်လည်း ချမ်းသာသမျှ သာသနာအတွက်ဟု စွန့်စားရဲသူဖြစ်သည်ကိုမူ ပြောဝံ့ပေ၏။

စိတ္တသူကြွယ်ကဲ့သို့ အနည်းဆုံး တစ်ကျပ်ရှိလျှင် ပြားငါးဆယ်သည် သာသနာအတွက်ဟု လျာထားကာ၊ မိမိနှင့် သာသနာကို မခွဲခြားဘဲ ကျင့်သုံးသူ "အပ္ပဋိဝိဘတ္တဘောဂီ" ဟု ခေါ်ဆိုရလေသည်။

"ဦးလေးမောင်···ဦးလေးလို သဒ္ဓါများ၍ ကြွယ်ဝသူတွေကို ဓာတ်လုံးဆရာ၊ ဝိဇ္ဇာဆရာတွေ မ,တတ်တယ်။ သတိပြုပါ။ ကိုယ့်ဟာကိုယ် ပရိတ်ရွတ်၊ ဂုဏ်တော်ပွား၊ တရားသဖြင့် ကျင့်ကြံနေထိုင်လို့ ကြီးပွားလာတာကို သူတို့ တန်ခိုးနဲ့ မ,စလို့ ဖြစ်နေဦးမယ်။ သာသနာပြုတဲ့ နေရာမှာလည်း ကျောင်းကန်ဘုရားကို မရှိမဖြစ်တဲ့ နေရာမျိုးမှာသာ လုပ်ပါ။ "ဗဟိဒ္ဓသာသနာ၊ ရုပ်ဝတ္ထုသာသနာ" ဟာ အရေးမကြီးဘူး။ အင်အားလည်း မပါဘူး။ ကိုယ်ပိုင် အဇ္ဈတ္တိကသာသနာက အရေးကြီးပါတယ်။

ပုဂံခေတ်က မုဆိုးမကတောင် ဘုရားထ,တည်တယ်။ ဒါဟာ လူတွေကို အဇ္ဈတ္တိက(သီလ၊ သမာဓိ၊ ပညာ)သာသနာအားနည်းသွားအောင် ဗဟိဒ္ဓသာသနာ ဝေယျာဝစ္စတွေဘက်



www.burmeseclassic.com

www.burmeseclassic.com

လှည့်ထုတ်မောင်းကြတာ ဖြစ်ပါတယ်။ လမ်းလွှဲပေးနေကြတာပါ။ ဦးလေးမောင် အခုလုပ်နေတဲ့ နိကာယ်ဆောင် ပုဂ္ဂိုလ်မျိုး မွေးထုတ်တဲ့ သာသနာပြုတာမျိုး၊ စာသင်တိုက်တည်တာ၊ အားပေးတာမျိုး၊ ခု ဦးလေးမောင် ရဟန်းခံလိုက်တဲ့ "ဦးသဠန"ဆိုရင် တိပိဋကရေ စာမေးပွဲမှာ ဝိနယဓရဖြစ်သွားပြီ။ အဲဒီ သာသနာပြုတာမျိုး ဦးစားပေးပါ။

နောက်ပြီး ဘုရားရုပ်ပွားဆိုရင်လည်း "ဇမ္ဗုပတိချွတ်ခန်း"လို အချွန်အတက်တွေနဲ့ ရုပ်ပွားမျိုးဟာလည်း ဟိုးပုဂံခေတ်ကတည်းက ခေတ်စားလာတာ။ ဒါလည်း မရိုးသားဘူး။ ရှင်းရှင်းပြောရရင်ဗျာ၊ ဝိဇ္ဇာတွေ မ,နေကြတာပဲ"စသည်ဖြင့် ဆွေးနွေးရှင်းပြခဲ့ဖူး၏။ ထိုအချက်များကိုလည်း သာသနာပြုချင်သူတို့ သတိထားသင့်ကြပေသည်။

**မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်**

ဦးမောင်မောင် ထိုယုံကြည်ချက်နှင့် အသိဉာဏ်ဝင်လာသည်မှာ ပင်ကိုယ်အခံရှိသကဲ့သို့ ဆရာကောင်း သမားကောင်း အမှီရခြင်းကြောင့်လည်း ဖြစ်ပေသည်။

ဆရာကောင်း သမားကောင်းအမှီဟူသည် အခြားမဟုတ်၊ သက်တော် ၉၆နှစ်ရှိ "အဘိဓေ မဟာရဋ္ဌဂုရု" ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီးပင်တည်း။

"ကိုငွေးလှိုင်··· ကျွန်တော် အခုလို အသိဉာဏ်ရတာ ခင်ဗျားဆရာ၊ ကျွန်တော့်ဆရာ ဒီဆရာတော်ဘုရားကြီး ကျေးဇူးပဲဗျာ့။ ပထမကတော့ ဒီလောက် မယုံဘူးဆိုပါတော့။ ရတနာသုံးပါး ဦးထိပ်ထားပြီး သာသနာပြုလုပ်ငန်းကို တော်တော်ကလေးလည်း လုပ်မိရော၊ ကောင်းကောင်းကြီး ယုံစရာတွေ တွေ့လာတာပဲဗျာ"

ဦးမောင်မောင်သည် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဆုံးမစကားများအရ ယခုကဲ့သို့ အသိဉာဏ် သဒ္ဓါတရား တိုးပွားလာရပုံကို ဆက်၍ပြောပြ၏။ ဆရာတော်ဘုရားကြီးက ဦးမောင်မောင်အား သာသနာပြုစိတ်ထားနှင့် စပ်၍ အားကျဖွယ် စံနမူနာအဖြစ် မန္တလေးမြို့ နာမည်ကျော် မစိုးရိမ်ကျောင်းဒကာဦးသက်ရှည်၊ သားဦးကျော်တို့အကြောင်းကို မကြာခဏ ဆုံးမပြောဆိုခဲ့သည်ဟု ဆိုလေသည်။

ဦးမောင်မောင်ကိုယ်တိုင်လည်း ထိုကျောင်းတွင် စာပေသင်ကြားခဲ့ဖူးသူဖြစ်၍ ထိုကျောင်းဒကာ၊ ဒကာမတို့၏ သဒ္ဓါတရားကိုလည်း အထိုက်အလျောက် တွေ့ထိ သိမြင်ခဲ့ရဖူးသူဖြစ်၏။ ဆရာတော် ဟောသော ထိုတရားသည် သူ့စိတ်ထားနှင့် တစ်သားတည်း အံကိုက်ဖြစ်သွားခဲ့သည်။

**မစိုးရိမ်ကျောင်းတိုက်၏ အနေအထား**

မစိုးရိမ်ကျောင်းတိုက်ကြီးကား မန္တလေးမြို့အနောက်ပြင်၌ တည်ရှိ၏။ သံဃာ (၅၀၀)ခန့် သီတင်းသုံးရာ သံဃတက္ကသိုလ်ကြီးဖြစ်သည်။ ကျောင်းထိုင် စာချနာယက ဆရာတော်အပါး (၂၀)ခန့်က အုပ်ချုပ်သင်ပြ၍၊ ထိုတွင် အကြီးဆုံး မဟာနာယက မထေရ်ကြီးတစ်ပါးက ပဲ့ကိုင်ထား၏။ စည်းကမ်းကြီး၏။ စာသင်ပုံစနစ် ခေတ်မီသည်။ အင်္ဂလန်ပါဠိအသင်းကြီးနှင့် ဆက်သွယ်၍ နိုင်ငံခြား သာသနာပြုလုပ်ငန်း ပါဠိအဘိဓာန်လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သော ကျောင်းတိုက်ကြီးပင်တည်း။

ကျောင်းတိုက်တည်ထားပုံ ပုံကြမ်းကား ၄ဧကရှိ ဉယျာဉ်မြေကွက်ကို အမြင့် ၇ပေခန့် တံတိုင်းကြီးခတ်ထား၏။ အရှေ့ တောင်၊ မြောက်၊ ဝင်ပေါက်သုံးခုထားသည်။ အလယ်မြေကွက်၌ (၁၄၆၊ ၁၄၂)ပေရှိ နှစ်ထပ် အလယ်တိုက် ကျောင်းကြီးတစ်ဆောင်ကို တောင်မြောက် မျက်နှာနှစ်ဖက်တွင် လှေကားကြီးနှစ်စင်းစီဖြင့် ဆောက်လုပ်ထား၏။ အတွင်း မျက်နှာကြက်များ၊ တိုင်များ၊ ခန်းဆီးလိုက်ကာများအားလုံး မှန်စီရွှေပိန်းချထားသည်။

အလယ်တိုက်ကြီး ကုန်ကျစရိတ်မှာ ထိုခေတ်တန်ဖိုး တစ်သိန်းကျော်၏ (ဆန်တစ်တင်း သုံးလေးကျပ်ခေတ်)။ အလယ်တိုက်ကြီးကို ၁၂၆၉ ခုနှစ်၌ စတင်တည်၍ ၁၂၇၁ ခုနှစ်၌ ရေစက်ချသည်။ ထိုတိုက်ကြီးခေါင်းရင်း၌ တစ်ရပ်ကွက်လုံး ကြားနိုင်သော နာရီစင်မြင့်ကြီး။

အလယ်တိုက်ကြီးကို ဝန်းရံ၍ အစီစဉ်တကျ ဆောက်လုပ်ထားသော ပတ်ပတ်လည် နှစ်ထပ်တိုက်ကြီး ၉လုံး၊ ၆လုံး။ ထိုတိုက်ရံ ၁၅လုံးအတွင်း၌လည်း အားလုံး မှန်စီရွှေပိန်းချ။ သစ်ပင်ပန်းမန်၊ ရေတွင်း၊ ကုဋိ အပြည့်အစုံ။ ကျောင်းအသုံးအဆောင် ပိဋကကျမ်းစာအလုံအလောက်။

ဤကား မစိုးရိမ်ကျောင်းတိုက်ကြီး၏ အဆောက်အအုံ အနေအထားပုံကြမ်းမျှ ဖြစ်၏။

ရှေးခေတ် တန်ဖိုး သိန်းနှစ်ဆယ်ခန့်ရှိ၍ ကာလတန် ကြေး သိန်းနှစ်ရာခန့်မှန်းကြသည်။

နိုင်ငံရပ်ခြား ဗုဒ္ဓဘာသာဝင်များ လှည့်လည် ကြည့်ရှု ကြသောအခါ "ဒီကျောင်းတိုက်ကြီးတစ်ခုလုံး ဒကာတစ်ဦးတည်းက ဆောက်လှူထားတာပါ"ဟူသော စကားပြန်၏ အသံကို ကြားရသောအခါ အားလုံး အံ့အားသင့်ကြ၏။ မြန်မာ အနာထပိဏ်ဖြစ်နေသောကြောင့်တည်း။

ထိုမျှလည်း မက။



www.burmeseclassic.com

www.burmeseclassic.com

**စားသောက်နေရေး လိုလေသေးမရှိ**

ကျောင်းဒကာ၊ ကျောင်းအမတို့ကား ထိုကျောင်းတိုက်ကြီး၏ ကျောင်းထိုင်၊ စာချ၊ နာယက ဆရာတော်အပါး တစ်ကျိပ်ကျော်အား (ပထမတွင် ဆွမ်းစရိတ်အလုံးအလောက်လှူ၍၊ နောက်တွင်) အိမ်သို့ ပင့်၍ နေ့စဉ် ဆွမ်းကပ်ကြသည်။ နေ့စဉ် ဆွမ်းကျွေးကိစ္စကား ပိုက်ဆံရှိတိုင်း ဖြစ်နိုင်သော ကိစ္စမဟုတ်ပါချေ။

ထိုမျှသာ မကသေး။

သံဃာ ၅၀၀ ကျော်အား နှစ်စဉ် ကထိန်သင်္ကန်းလှူသေး၏။ သံဃာ မိုးရွာ၍ ဆွမ်းခံမကြွနိုင်သောအခါ နာယကဆရာတော်ထံမှတစ်ဆင့် တုံးခေါက်၍ ဆွမ်းစားလက်မှတ်ကပ်လှူသည်။ ထိုလက်မှတ်ကို ယူ၍ မန္တလေးမြို့တွင်းကြိုက်ရာ စားသောက်ဆိုင်များသို့ ကြွရောက် ဘုဉ်းပေးနိုင်၏။ ပြီးလျှင် လက်ဖက်ရည်၊ ကော်ဖီတစ်ခွက်သောက်နိုင်သေးသည်။

ကျောင်းဒကာသည် ထိုဆွမ်းလက်မှတ်များအလိုက် စားသောက်ဆိုင်ရှင်များအား အလှူငွေပေးချေ လှူဒါန်း၏။ တစ်နှစ်လျှင် အနည်းဆုံး ရက်ပေါင်း ၃၀၊ တစ်ရက်လျှင် အနည်းဆုံး သံဃာ ၅၀၀ခန့် ဆွမ်းလှူရသည်။

ဤကား မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်မှ သား ဦးကျော်အထိ၊ စစ်မဖြစ်မီ ကာလတိုင်အောင် ဆွမ်းဆောင်ရွက်ခဲ့ကြသော သာသနာပြုလုပ်ငန်း ပုံကြမ်းမျှသာ ဖြစ်သည်။

**သားအဖနှစ်ယောက်မှ မုန့်ပြားကြီးတစ်ချပ်**

"မြန်မာအနာထပိဏ်" ဟု ခေါ်ဆိုရမည့် မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည်၏ ဘဝကား သူဌေးက မွေးသော သူဌေးသားမဟုတ်။ ဆင်းရဲသော၊ အလွန်ဆင်းရဲသော ဘဝမှ ရုန်းကန် မြင့်တက်လာရသူဖြစ်သည်။

သူသည် မန္တလေးခရိုင်၊ မြစ်ငယ်မြို့နယ်၊ ဥယျာဉ်တော် ...ဖြစ်သည်။ သို့သော် ငယ်ဆရာကား အဘိဓမ္မာ ...ကျော် "မြို့ပြင်ကြီးဆရာတော်"ဖြစ်၏။ ဆရာကောင်း ...၍ ဆင်းရဲသော်လည်း ဘာသာရေးအသိဉာဏ် အခြေခံ ...ကျသူဖြစ်သည်။

မြစ်ငယ်မှ မန္တလေးသို့ နေ့စဉ် လာရောက်ကာ ... ဟင်းသီးဟင်းရွက်များကို ပခုံးထမ်း ရောင်းရရှာ၏။ ...ရောင်းမှ ငါးပြား ခြောက်ပြားသာ လုပ်အားခ ရ...

သား မောင်ကျော် အဖော်ရလာသောအခါ သားအဖနှစ်ယောက် ရောင်းချကြရ၏။ တစ်နေ့ကုန်ရောင်းချပြီး မုန့်ပြားကြီး(မုန့်ပျားသလက်) တစ်ခုဝယ်၍ တစ်ဝက်စီခွဲကာ သားအဖ စားကြရ၏။ မုန့်ပြားကြီးတစ်ချပ်လျှင် တစ်ပြားမျှသာ ပေးရသော်လည်း၊ တစ်ယောက် တစ်ချပ်စီ မစားနိုင်ရှာကြ။ စားပြီးလျှင် လမ်းဘေး ရေအိုးစင်က ရေကို အဝသောက်ကာ နံနက်၊ ညစာပြီးကြရသည်။

နောက် ကုန်စိမ်းပွဲရုံတစ်ခု၌ သားအဖ အထမ်းအပိုးတောက်တိုမယ်ရအလုပ်ရ၏။

မောင်သက်ရှည်တို့သားအဖ၏ ထူးခြားသော အရည်အချင်းမှာ ကျေးဇူးသိခြင်း၊ တာဝန်သိခြင်း၊ ဝွဲလုံ့လနှင့် စည်းကမ်းရှိခြင်းပင် ဖြစ်သည်။ ပွဲရုံ၌ လုပ်စရာကိစ္စမှန်သမျှ ထင်းခွဲ၊ ရေခပ်မှစ၍ အလုပ်ရှင်၏အခိုင်းကို မစောင့်။ ကိုယ့်တာဝန်၊ သူ့တာဝန်ဟုလည်း မခွဲခြား။ လုပ်စရာမှန်သမျှ မိမိအိမ်ကဲ့သို့ သဘောထားကာ အောက်ခြေသိမ်းလုပ်လေ့ရှိ၏။

ထိုအရည်အချင်းကောင်းများကြောင့် ပွဲရုံပိုင်ရှင်ကပင် မောင်သက်ရှည်တို့သားအဖ စငွေကို ထပ်ဆောင်း၍ ပွဲရုံခွဲတစ်ခု တည်ထောင်ပေးခဲ့လေသည်။

ငယ်ဆရာ ဆုံးမသည့် ဝတ်တက်၊ ဝတ်ကပ်များလည်း သားအဖနှစ်ယောက် မမေ့ကြပေ။ ငွေကိုလည်း ငွေမှန်းသိသိ သုံးစွဲကြသဖြင့် ကာလများမကြာမီပင် အကောင်းအတန် စုမိဆောင်းမိ ရှိလာကြ၏။

**အလှူဒါနနည်းလို့ ဆင်းရဲခဲ့ရ**

"ငါ့သား…တို့မှာ ဘဝသံသရာက အလှူဒါနနည်းလို့ ဆင်းရဲမွဲတေခဲ့ရတယ်။ မရှိလို့ မလှူ၊ မလှူလို့ မရှိ။ တို့ကျောင်းဆောက်လှူရအောင် ငွေကို ကြည့်သုံး။ ဒီဘဝမှာ တို့လုပ်လို့ရတာ သာသနာအတွက်ပဲ" ဟု ပြောဆိုဆုံးမကာ စိစိစစ်စစ်သုံးစွဲ၍ ကျောင်းဆောက်လှူနိုင်သော အခြေသို့ ရောက်လာကြသည်။

မြစ်ငယ်ရှိ ကျေးဇူးရှင် ငယ်ဆရာအား ကျောင်းဆောက်လှူရန် လျှောက်ထားကြရာ…

"တို့ကျေးရွာမှာ မင်း ကျောင်းလှူလို့ သာသနာအတွက် အကျိုးမများဘူး"

ဟု မိန့်ကာ သံဃာ တစ်ထောင်ကျော်ရှိ ဘုရားကြီးတိုက်၌ ဆောက်လှူရန် ညွှန်ကြားလိုက်သည်။

အတုယူဖွယ်ကောင်းလေစွ။



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် ဘုရားကြီးတိုက်၌ အသားကျောင်းတစ်ဆောင် ဆောက်လှူရာ၊ မကြာမီ မီးလောင်သွား၏။ သို့သော် အား မလျှော့ဘဲ ကြိုးစား၍ ရောင်းဝယ် စုဆောင်းရာ မူလကျောင်း ထက် အဆပေါင်းများစွာ ကြီးကျယ်ခမ်းနားသော အလယ် တိုက် ကျောင်းမကြီးတစ်ခုကို ထိုတိုက်မှာပင် ဆောက်လှူကြ ပြန်သည်။

ထိုမျှနှင့်လည်း အားမရနိုင်ကြသဖြင့် ကိုယ်ပိုင် တစ်ဦး တည်း တည်ထောင်သော ကျောင်းတိုက်ကြီးတစ်ခုဆောက် လှူရန် စိတ်ဆန္ဒများ ပြင်းပြထက်သန်နေခဲ့သည်။ သာသနာ အတွက် ထက်သန်သော ဆန္ဒနှင့်အညီ ရောင်းရေးဝယ်တာ များကလည်း သိသိသာသာကြီး တိုးတက်လာတော့၏။

သို့နှင့် မြို့တော်ဝန် ဦးပေစိပိုင်သော "မစိုးရိမ်ဥယျာဉ် ခြံမြေ"ကို ဝယ်ယူကာ၊ ယခု "မစိုးရိမ်တိုက်ကြီး"ကို တစ်စ တစ်စချင်း ရောင်းရင်းဝယ်ရင်း စားရင်းသောက်ရင်း တည် ထောင်ခဲ့ကြသည်။

**အဖေပေးခဲ့သော ဘဏ္ဍာတိုက်ကြီး**

ပထမ မစိုးရိမ်ကျောင်းဒကာကြီး ဦးသက်ရှည် ကွယ် လွန်ပြီးနောက် သားဖြစ်သူ ဦးကျော်၊ ဒေါ်မမလေးတို့က ကျောင်းတိုက်တာဝန်ကို ဆက်လက်ထမ်းဆောင်ကာ သာသနာပြုကြသည်။

သား ဦးကျော်မှာလည်း ခမည်းတော်၏ ခြေရာကို လိုက်နင်းနိုင်သူဖြစ်သည်။ မစိုးရိမ်ကျောင်းတိုက်ကြီး၏ နေ့စဉ် သံဃဝေယျာဝစ္စကို ပခုံးပြောင်း ခံယူရသည့်အတွက် သိန်း ပေါင်းများစွာ အမွေရသလောက် ဝမ်းသာနေ၏။

ဦးကျော်နှင့်စပ်၍ ဆရာတော်ဘုရားကြီး အမိန့်ရှိဖူး သည့် အကြောင်းအရာတစ်ခုကား ယခင်က သာမညဟုပင် ထင်မိခဲ့သော်လည်း၊ ယခုမူ အလွန်မှတ်သားဖွယ်ကောင်းသည့် အကြောင်းအရာ သာဓကကြီးတစ်ခုဖြစ်ကြောင်း သတိပြု မိလေသည်။

ဦးကျော်နှင့် ဒေါ်မမလေးတို့သည် မစိုးရိမ်ကျောင်းတိုက် ဘက်သို့ ကိစ္စရှိ၍ ကားဖြင့် ထွက်လာကြသောအခါ ထုံးစံ အတိုင်း ကားကို ကျောင်းအပေါက်ဝ၌သာ ရပ်ထားခဲ့ရ၏။ ကားဝင်နိုင်သော်လည်း ကျောင်းတွင်း၌ ကားမစီး။ ဗုဒ္ဓခေတ် မင်းသူဌေးများကဲ့သို့ပင်။

လင်မယားနှစ်ယောက် ကျောင်းအပေါ်ထပ်သို့ တက် ရာ၌လည်း မှတ်သားဖွယ်ရှိပါသေး၏။ (အလယ်တိုက်မကြီး တွင် တောင်ဘက်နှင့် မြောက်ဘက်၌ လှေကားနှစ်စင်းစီ တပ်ထားကြောင်း ပြခဲ့ပြီ။) ကျောင်းဒကာ၊ ကျောင်းအမတို့ သည် ကျောင်းပေါ် တက်ရာတွင် အရှေ့ဘက် လှေကားမှ မည်သည့်အခါမျှ မတက်၊ မဆင်း။ အနောက်ဘက် လှေကား မှသာ တက်၊ ဆင်းလေ့ရှိသည်။ အရှေ့ဘက် လှေကားကိုမူ "ရဟန်း သံဃာ ဆရာတော်များအတွက်"ဟု အလိုလို စိတ် ထဲက သတ်မှတ်ထားကြသောကြောင့်ဖြစ်၏။

မြတ်စွာဘုရားရှင်သည် လည်းကောင်း၊ ဘုရားအမည်ခံ တိတ္ထိဆရာကြီးများသည် လည်းကောင်း၊ ကောသလမင်းကြီး ၏ နန်းတော်သို့ ကြွရောက်လာကြသောအခါ မင်းကြီးက နေရာများကို နှစ်မျိုးနှစ်စားခွဲခြား ခင်းကျင်းထားရာ "မည်သည့် နေရာ၌ ထိုင်ပါ"ဟု မလျှောက်။ နေရာယူပုံကို ကြည့်၍ "ဤသူကား သူမြတ်၊ ဤသူကား သူယုတ်"ဟု လူ့အတန်း အစားကို အလိုလို စိတ်ထဲက သတ်မှတ်သိရှိခြင်းဖြစ်သည်။

မြတ်စွာဘုရား ကြွလာတော်မူသောအခါ မြင့်မြတ်သော နေရာတော်၌ ထိုင်သည်ကို တွေ့ရ၏။ ဘုရားအမည်ခံ တိတ္ထိ ဆရာကြီးတို့ လာကြသောအခါ ယုတ်နိမ့်သော နေရာ၌သာ ထိုင်လေ့ရှိကြသည်ကို တွေ့ရသည်။

စာတန်းလည်း ဆွဲမထား၊ ပြောသူလည်း မရှိစေကာ မူ၊ ကိုယ့်ပမာဏကို ကိုယ်သိကြရသည်မှာ လူ့ဓမ္မတာပင် တည်း။

မစိုးရိမ်ကျောင်းဒကာ၊ ကျောင်းအမတို့၌ ထိုအသေး အဖွဲ့ကလေးများမှအစ အတုယူဖွယ်တွေ များစွာရှိကြ၏။

ကျောင်းဒကာ၊ ကျောင်းအမများ တိုက်ပေါ်သို့ ရောက် သောအခါ ဘုရားကို အလျင်ဦးချပြီးမှ ဆရာတော်များထံ သွားရောက် ဝတ်ပြုလေ့ရှိကြ၏။ ရဟန်း သံဃာကိစ္စတွင် မည်သည့်အခါမျှ ဝင်မစွက်။ ယုတ်စွအဆုံး၊ ကိုရင်နှင့် ရဟန် ငယ်များ မဖွယ်မရာ (ခြင်းလုံးခတ်ခြင်း စသည်) ဆော့ကစား နေသည်ကို မြင်လျှင်လည်း ကျောင်းဒကာသည် မည်သို့ မပြော။ မမြင်ယောင်။ ရှောင်ကွင်း၍သာ သွား၏။ ဆရာတော် အားလည်း တိုင်တန်းခြင်းမရှိ။ ကာလကြာသော် ပြောသူ ထက်ပင် ကြောက်ရွံ့ကာ လေးစားလာကြရသည်။

ရိုးဖြောင့် တည်ငြိမ်သော အမူအရာသည် အာဏာ စကားထက်ပင် ခရီးရောက်လေ့၏ ■

ရွှေလ ဆက်လက်ဖော်ပြပါဦးမည်

* * *

ဓမ္မာစရိယ ဦးခွေးလုံ



www.burmeseclassic.com

www.burmeseclassic.com

# နိမ့်သူ မြင့်သူ မပြောရ မုဒိတာဝင် စိတ်ထားဖြူ

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

မုဒိတာဆိုသည်မှာ ဝမ်းမြောက်ခြင်းဖြစ်သည်။ မုဒိတာသည် မင်ကိုယ်သဘာဝအားဖြင့် ဝမ်းမြောက်တတ်သောကြောင့် ထိုမုဒိတာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်လည်း ဝမ်းမြောက်တတ်ကြ၏။ ချမ်းသာသုခနှင့် ပြည့်စုံသော သတ္တဝါတို့အပေါ်၌ ဝမ်းမြောက်ခြင်းသည် မုဒိတာ၏ သဘာဝဖြစ်သည်။ အဖက်ဖက်မှ ပြည့်စုံနေသူအား မငြူစူခြင်း (ကျေနပ်ခြင်း) သဘောရှိ၏။ သူတစ်ပါး စည်းစိမ်ချမ်းသာ၌ မပျော်မွေ့နိုင်ခြင်း၊ မရှုဆိတ်ခြင်း၊ မနာလိုခြင်းကို ပယ်ဖျောက်တတ်၏။

## သုခိတ သတ္တဝါ

သုခိတ၏ အဓိပ္ပာယ်မှာ (သုခ+ဣတ) သုခ=ချမ်းသာ+ဣတ=ပြည့်စုံသူ။ ချမ်းသာသုခနှင့် ပြည့်စုံသူကို "သုခိတ သတ္တဝါ"ဟု ခေါ်ဆိုသည်။ ထို့ကြောင့် သုခိတသတ္တဝါ ဆိုသည်မှာ -

* ချမ်းသာခြင်းနှင့် ပြည့်စုံသူ၊
* အမြဲပြုံးရွှင်သော မျက်နှာရှိသူ၊
* ပြုံးခြင်းရေ့သွားရှိသူ (တွေ့လျှင် အရင်ပြုံးတတ်သူ)၊
* ရှေးဦးစွာ နှုတ်ဆက်ပြောဆိုသူ၊
* နားဝင်ချိုသော စကားကို ပြောတတ်သူ၊
* ပြေပြေပြစ်ပြစ်ပြောဆိုတတ်သူ၊
* ဝမ်းမြောက်သူ၊
* အပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါးနေတတ်သူ၊
* စည်းစိမ်ခံစားနေသူတို့ ဖြစ်ကြသည်။

ထိုသူတို့သည် ဝမ်းမြောက်ဝမ်းသာ နေနိုင်သူများဖြစ်သောကြောင့် ယေဘုယျအားဖြင့် "သုခိတ သတ္တဝါ"များ ဖြစ်ကြသည်။ ခြုံ၍ပြောရလျှင် သုခိတ သတ္တဝါ ဆိုသည်မှာ ပူပင်သောက မရှိ၊ ပကတိ စိတ်ကြည်လင် ပျော်ရွှင်စွာ စည်းစိမ်ချမ်းသာကို ခံစားနိုင်သူဖြစ်သည်။ အချို့မှာ စီးပွားဥစ္စာ ပြည့်စုံနေသော်လည်း အကြောင်းတစ်ခုခုကြောင့် ပူပင်သောကဖြင့် စိတ်ဆင်းရဲနေကြသည်။ ထိုသူမျိုးကို သုခိတဟု မခေါ်ဆိုနိုင်ပေ။ အချို့ကား စည်းစိမ်ဥစ္စာ မရှိသော်လည်း ပူပင်သောက မရှိဘဲ ပကတိ အခြေအနေအတိုင်း အေးအေးလူလူ စိတ်ချမ်းသာစွာ နေနိုင်ကြသည်။ ထိုသူမျိုးကို စည်းစိမ်ဥစ္စာမရှိသည့်အတွက် "ဒုက္ခိတ သတ္တဝါ"ဟု မခေါ်ဆိုနိုင်ပေ။

ထို့ကြောင့် မုဒိတာပွားမည့်သူသည် မိမိစိတ်အထင် မျက်စိ အမြင်၌ ဤသူသည် သုခိတ သတ္တဝါဖြစ်သည်ဟု ယူဆရသူ များကို အာရုံပြု၍ ဝမ်းမြောက်ခြင်း မုဒိတာကို ပွားရမည်။

## မုဒိတာစိတ်ထားနည်း

လူတိုင်း ဝမ်းမြောက်တတ်ကြသော်လည်း မုဒိတာစိတ်ဖြင့် ဝမ်းမြောက်တတ်ရန်ကား မလွယ်ကူလှပေ။ သုခိတ သတ္တဝါတို့ကို တွေ့မြင်ရလျှင် ထိုသူတို့နှင့် ထပ်တူထပ်မျှ ကျေနပ်ဝမ်းမြောက်နိုင်မှသာ မုဒိတာဖြစ်သည်။ သူတစ်ပါး ကြီးပွားချမ်းသာနေသည်ကို တွေ့မြင်ရသောအခါ "သူတို့ ကြီးပွားတာ ဝမ်းသာစရာကြီးပဲ"ဟု အပြောလွယ်သော်လည်း တကယ်တမ်း ဝမ်းမြောက်ဝမ်းသာဖြစ်ဖို့ကား မလွယ်ကူလှပေ။ လူတို့၏စိတ်သည် များသောအားဖြင့် သူတစ်ပါးကြီးပွား ချမ်းသာသည်ကို မနာလို မရှုဆိတ်ဖြစ်တတ်ကြ၏။ ဒီလူက တော့ မတရား လာဘ်စားလို့ ကြွယ်ဝချမ်းသာတာ၊ ဒီလူက တော့ ဘိန်းချလို့၊ ဒီလူကတော့ မှောင်ခိုအရောင်းအဝယ်လုပ် လို့ ချမ်းသာတာ စသည်ဖြင့် အမနာပစကား၊ ရှုတ်ချကဲ့ စကား ပြောတတ်ကြသည်။ ဤသည်မှာ မနာလို မရှုဆိတ် ဖြစ်နေမှုကို ထွေးအန်ထုတ်နေခြင်းဖြစ်၏။

မိမိနှင့် မနီးစပ်သူများ၊ မိမိနှင့် မပတ်သက်သူများ ကြီးပွားတိုးတက်သွားလျှင် မသိသာသော်လည်း၊ မိမိနှင့် ပြိုင် ဘက်ဖြစ်သူများ၊ တန်းတူရည်တူဖြစ်သူများ ကြီးပွားလျှင် ပဋ္ဌာကမ္မလာတင်း၍ သိကြားမင်း ဖင်ပူသလို နေမရထိုင်မ ဖြစ်လာတော့သည်။ ဝမ်းမြောက်နိုင်ဖို့ မဆိုထားဘိ၊ ထိုသူ ပျက်စီးရန်အတွက် အကြံပက်စက်လာတတ်သည်။

ဉပမာအားဖြင့် မိမိနှင့် ပြိုင်ဘက် စီးပွားတက်လာလျှင် သို့မဟုတ် ရာထူးဌာနန္တရ တက်လာလျှင် "ဒီလူ မတရားလု ပြီး ကြီးပွားနေတာ၊ မည်သူ့ဆီက အချောင်ရလို့၊ မှောင် ခုစရိုက်လုပ်ငန်းလုပ်လို့ ကြီးပွားနေတာ၊ စာမေးပွဲ ခိုးချ အောင်တာ၊ အထက်အရာရှိကို ကပ်ဖားပြီး ရာထူးတက်တာ ငါ့လောက်တော်သူမဟုတ်"စသဖြင့် အယုတ်တမာ ကြံစည် တွေးတောကာ ဟိုပြော ဒီပြော၊ ဟိုတိုင် ဒီတိုင် ပြုလုပ်တတ် ကြသည်။ ဤသည်မှာ မုဒိတာခေါင်းပါး၍ ဣဿာထူပြော သူတို့၏ လုပ်ရပ်နှင့် အကြံအစည်များဖြစ်သည်။

မုဒိတာစိတ်ထားရှိသူတို့ကား ထိုသို့မဟုတ်ပေ။ "သူ ကြိုးစားလို့ ကြီးပွားတာ၊ ပညာတတ်တာ၊ သူတော်လို့ ရာထူး တက်တာ၊ သူရိုးသားလို့ လူကြီးများက ချစ်ကြတာ"စသဖြင့် ကြီးပွားနေသူ၏ ကြီးပွားမှုစံနှုန်းကို လိုက်၍ ကြီးပွား

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဆောင်မှုစွမ်းရည်ကို သိမြင်ပြီး မိမိကြီးပွားသကဲ့သို့ပင် ထပ်တူထပ်မျှ ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ မိမိလည်း ကြီးပွားလိုလျှင် ကြိုးစားရမည်ဟု မိမိ၏ ဟာကွက်၊ ပျော့ ကွက်ကို အားဖြည့်တတ်ကြသည်။ ကြီးပွားတိုးတက်ချမ်းသာ သူကို မြင်ရလျှင် "သြော်…သူတို့ကုသိုလ်ကံများ ကောင်း လိုက်တာ။ ကြံသမျှ အောင်၊ လုပ်သမျှ ဖြစ်၊ ပြောသမျှ ပြီး တီးသမျှ မြည်ပါလား။ ဝမ်းသာစရာကောင်းလိုက်တာ။ ကြီးပွားပါစေ၊ ချမ်းသာပါစေ၊ ကြီးပွားခြင်းမှ မဆုတ်ယုတ်ကြ ပါစေနှင့်"စသည်ဖြင့် ကြီးပွားသူ၏ ကုသိုလ်ကံကောင်းပုံ၊ ကြိုးစားပုံ၊ တော်ပုံတို့ကို တွေးတောဆင်ခြင်ကာ ဝမ်းမြောက် ဝမ်းသာ မုဒိတာစိတ်ထားရမည်။ ကြီးပွားချမ်းသာသူကို တွေ့ လျှင် ကြီးပွားချမ်းသာနိုင်ပါစေ၊ ပြုံးနေသူကို တွေ့လျှင် အမြဲ တမ်း ပြုံးနိုင်ပါစေ၊ ပျော်နေသူကို တွေ့လျှင် ထာဝရ ပျော်ရွှင် နိုင်ပါစေ စသည်ဖြင့် ဆန္ဒပြုကာ ကြီးပွားချမ်းသာသူတို့နှင့် ထပ်တူ ဝမ်းမြောက်နိုင်ရမည်။ ကြီးပွားချမ်းသာနေသူတို့ အပေါ် ပျော်ရွှင်နေသူတို့အပေါ် မနာလို မရှုဆိတ် ငြူစူ စောင်းမြောင်းသော (ဣဿာ)တရားများ မဖြစ်စေအပ်ပေ။

## မုဒိတာ၏ အနီးရန်သူနှင့် အဝေးရန်သူ

စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သုခိတ သတ္တဝါကို မြင်သောအခါ ယောနိသောမန သိကာရ (သင့်လျော်သော နှလုံးသွင်းစိတ်ထား) ဖြင့် ဝမ်းမြောက်ခြင်းသည် မုဒိတာဖြစ်၏။ ထို သုခိတ သတ္တဝါကိုပင် အယောနိသောမန သိကာရ (မသင့်လျော်သော စိတ်ထား) ဖြင့် ဝမ်းမြောက်ခြင်းလည်း ရှိတတ်၏။

ဥပမာအားဖြင့် ပြိုင်ဘက်လူ ကြီးပွားတိုးတက်နေသည် ကို တွေ့မြင်ရသောအခါ "ဒီကောင် မတရားလုပ်ပြီး ကြီးပွား ချမ်းသာ သူများရမယ့် ရာထူးကို လူကြီးနဲ့ ကပ်ပြီး လုယူထား တာ ဒီလောက် ယုတ်မဲ့တဲ့ကောင် ပျက်စီးဦးမှာ၊ မယုံရင် စောင့်ကြည့်" စသဖြင့် ပြိုင်ဘက် ပျက်စီးမည့်အချိန်ကို မိမိ မျှော်လင့်ရင်း မိမိ နှစ်သက်ဝမ်းမြောက်နေတတ်သည်။ ပြိုင် ဘက်နှင့် ပတ်သက်၍လည်း အမနာပစကား ဝမ်းမြောက် ဝမ်းသာ ပြောနေတတ်သည်။ ပြိုင်ဘက်ဖြစ်သူ၏ တိုးတက်မှု ကို ဝမ်းမမြောက်နိုင်သော်လည်း ယင်း၏ အကြောင်း မကောင်း ပြောလိုက်ရသဖြင့် ကျေနပ်ဝမ်းမြောက်သွားသည်။ ဤသို့ မသင့်လျော်သောစိတ်ထားပြီး ဝမ်းမြောက်မှုသည် အကုသိုလ်သောမနဿစိတ် ဖြစ်သည်။ ယင်း အကုသိုလ် သောမနဿသည် မုဒိတာ၏ အနီးကပ် ရန်သူဖြစ်သည်။

သူတစ်ပါးစီးပွားဥစ္စာ ရာထူးဌာနန္တရ ကြီးပွားတိုးတက် လာသည်ကို မနာလို မရှုဆိတ်ဖြစ်ခြင်းသည် ကိုယ့်ထမင်း ကိုယ်စားပြီး အကုသိုလ်ကို အလကားယူနေခြင်းဖြစ်သည်။ သူတစ်ပါး ကြီးပွားချမ်းသာသည်ကို မြင်ပြီး မအိပ်နိုင်၊ မစားနိုင်၊ မပျော်မွေ့နိုင်ဖြစ်နေတတ်သည်။ ရန်လိုရန်စပြုတတ် သည်။ ငြူစူစောင်းမြောင်းပြီး အတင်းအဖျင်းပြောနေတတ် သည်။ ဣဿာငြူစူမှု ပြင်းထန်စွန်ကဲလာသည့်အခါ ဒေဝဒတ်အလောင်း ရှဲကုန်သည်ကဲ့သို့ နှလုံးသွေး ပူလောင် လာ၍ သွေးပွက်ပွက်အန်ထွက်တတ်သည်။ ဤသို့ဖြစ်ပေါ် လာသော စိတ်နေသဘောထားကို စာအလို "အရတိ"ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ သူတစ်ပါး ကြီးပွားချမ်းသာခြင်း၌ မမွေ့လျော်နိုင်ခြင်း၊ မနှစ်သက်နိုင်ခြင်းပင် ဖြစ်သည်။ အဘိ ဓမ္မာသဘောအရ ဣဿာအကုသိုလ်စေတသိက်တရားပင် ဖြစ်သည်။ ထို့ကြောင့် သူတစ်ပါးချမ်းသာခြင်း၌ မပျော်မွေ့ခြင်း "အရတိ" သည် မုဒိတာ၏ အဝေးရန်သူဖြစ်ပေသည်။

သုခိတ သတ္တဝါတို့အပေါ် မုဒိတာ ကမ္မဋ္ဌာန်းပွားများ မည့် ယောဂီပုဂ္ဂိုလ်သည် မုဒိတာ၏ အနီးရန်သူ အကုသိုလ် သောမနဿကို လည်းကောင်း၊ အဝေးရန်သူ အရတိ (ဣဿာ)ကို လည်းကောင်း၊ အထူးသတိထား ရှောင်ကြဉ် ရမည်။ ထိုကဲ့သို့ သူတစ်ပါး ဒုက္ခရောက်သည်ကို ဝမ်းမြောက် မှု၊ ချမ်းသာသည်ကို မကျေနပ်မှု၊ မနာလို မရှုဆိတ်မှုများ ဖြစ်လာသောအခါ ယောဂီသည် ငါ့အား ရန်သူများ ဝင်ရောက် နှောင့်ယှက်နေပြီဟု သိ၍ ထိုရန်မှ လွတ်အောင် ရှောင်ရ မည်။ ထိုရန်ကို ကရုဏာ ဆက်ကာဆက်ကာ ပွားခြင်းဖြင့် ဖယ်ထုတ်ပစ်ရမည်။

## ပါရမီကုသိုလ်ဖြစ် မေတ္တာပွားပုံ

ပါရမီကုသိုလ်ဖြစ် မုဒိတာပွားလိုသော ပုဂ္ဂိုလ်သည် မိမိတွေ့ဖူးမြင်ဖူးသော သုခိတ သတ္တဝါတို့ကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရမည်။ "ရရှိပြီးသော စည်းစိမ်ချမ်းသာ မှ မရွေ့မလျော့ဘဲ တည်တံ့ ခိုင်မြဲပါစေ"ဟု စိတ်ပါလက်ပါ ရွတ်ဆိုရမည်။ မိမိမြင်တွေ့နေရသော စည်းစိမ်ချမ်းသာ ရာထူး အရှိန်အဝါနှင့် ပြည့်စုံသူတို့ကို အာရုံပြု၍ ထိုသူတို့၏ ကြီးပွားတိုးတက်မှုကို ဝမ်းသာ ကျေနပ်နေရမည်။

## မုဒိတာ ၁၃၂ ပါး ပွားများနည်း

မုဒိတာပါရမီကုသိုလ်ဖြစ် ပွားများရာတွင် မိမိနေအိမ်၌ ဘုရားရှိခိုးသည့်အခါ ဖြစ်စေ၊ အသင်းအဖွဲ့ဖြင့် ဝတ်တက်၊


www.burmeseclassic.com

www.burmeseclassic.com

ဝတ်ကပ်သောအခါ ဖြစ်စေ၊ ဖော်ပြပါအတိုင်း မုဒိတာ ၁၃၂ ပါးဖြင့် ပွားများနိုင်သည်။

**အနောဓိသ မုဒိတာ (၅)မျိုး**

(၁) သဗ္ဗေသတ္တာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
(သတ္တဝါအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၂) သဗ္ဗေပါဏာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
(အသက်ရှူသူအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၃) သဗ္ဗေဘူတာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
(ထင်ရှားဖြစ်သူအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၄) သဗ္ဗေပုဂ္ဂလာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
(ပုဂ္ဂိုလ်အားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၅) သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု။
(ခန္ဓာကိုယ်အတ္တဘောရှိသူအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

**ဩဓိသ မုဒိတာ (၇)မျိုး**

(၁) သဗ္ဗာဣတ္ထိယော ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။
(မိန်းမအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၂) သဗ္ဗာပုရိသာ ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။
(ယောကျ်ားအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၃) သဗ္ဗေအရိယာ ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။
(အရိယာအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၄) သဗ္ဗေ အနရိယာ ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။
(ပုထုဇဉ်အားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၅) သဗ္ဗေဒေဝါ ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။
(နတ်အားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၆) သဗ္ဗေ မနုဿာ ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။



(လူသားအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

(၇) သဗ္ဗေ ဝိနိပါတိကာ ယထာလဒ္ဓ သမ္ပတ္တိတောမာ ဝိဂစ္ဆန္တု။
(အပါယ်သတ္တဝါအားလုံး ရရှိပြီးသော စည်းစိမ်ဥစ္စာမှ မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေ။)

**မှတ်ချက်။** အပါယ်သတ္တဝါတို့သည် အများအားဖြင့် ချမ်းသာကင်းလျက် ဆင်းရဲဒုက္ခရောက်နေကြသော ဒုက္ခိတသတ္တဝါများဖြစ်သည်။ ၎င်းတို့အနက် နေ့ခံ၍ ညစံ၊ ညခံ၍ နေ့စံရသော သတ္တဝါများဖြစ်ကြသည်၊ ထိုသို့ စည်းစိမ်ချမ်းသာကို အလှည့်ကျ ခံစားရသော အပါယ်သတ္တဝါများကို ရည်ရွယ်ခြင်းဖြစ်ပါသည်။

အထက်ပါ အနောဓိသ မုဒိတာ ၅မျိုးနှင့် ဩဓိသ မုဒိတာ ၇မျိုးကို အရပ်မျက်နှာမညွှန်းဘဲ ပွားသော မုဒိတာဖြစ်၍ "ဒိသာအနောဓိသ မုဒိတာ ၁၂ပါး"ဟု ခေါ်သည်။ ဤ ၁၂ပါးကိုပင် အခြေခံထား၍ ပွားများရသောကြောင့် "မူလအခြေခံ မုဒိတာ"ဟုလည်း ခေါ်သည်။

| | | |
|---|---|---|
| အနောဓိသ မုဒိတာ | - | ၅ |
| ဩဓိသ မုဒိတာ | - + | ၂ |
| ဒိသာအနောဓိသမုဒိတာ | - | ၁၂ |
| (မူလအခြေခံ မုဒိတာ) | | x |
| အရပ်မျက်နှာ | - | ၁၀ |
| ဒိသာဩဓိသ မုဒိတာ | - | ၁၂၀ |



www.burmeseclassic.com

www.burmeseclassic.com

မူလအခြေခံ မုဒိတာ - + ၁၂
မုဒိတာ - ၁၃၂ ပါး

ဖော်ပြပါ မုဒိတာ (၁၃၂)ပါးကို စိတ်ပါလက်ပါဖြင့် သုခိတသတ္တဝါအပေါ် အာရုံစူးစိုက်၍ ပွားများပါလျှင် ကုသိုလ်ပါရမီဖြစ်ရုံမျှမက၊ မုဒိတာ စျာန်အဆင့်သို့ပင် ရောက်ရှိလာနိုင်သည်။

## စျာန်သမာဓိရအောင် မုဒိတာပွားပုံ

ယောဂီ ပုဂ္ဂိုလ်သည် စျာန်သမာဓိအဆင့်သို့ ရောက်အောင် မုဒိတာပွားများလိုပါလျှင် မုဒိတာ၏ အနီးရန်သူ အကုသိုလ် သောမနဿနှင့် အဝေးရန်သူ အရတိ(ကဿာ)ကို အထူးသတိထား၍ ရှောင်ရှားရမည်။ ယောဂီ ပုဂ္ဂိုလ်အား ထိုတရား၊ ထိုရန်သူများ ဝင်ရောက် နှောင့်ယှက်နေပါက စျာန်သမာဓိရနိုင်မည်မဟုတ်ပေ။

စျာန်သမာဓိရအောင် မုဒိတာပွားများမည့် ယောဂီပုဂ္ဂိုလ်သည် ချစ်သူ, မချစ်သူ၊ မမုန်းသူနှင့် ရန်သူ၊ ဤသုံးဦးတို့အား ဦးစွာ စ၍ မုဒိတာ မပွားသင့်ပေ။ ကွယ်လွန်ပြီးသူကိုကား လုံးဝ မပွားသင့်ပေ။

## ချမ်းသာသူကို ဦးစွာပွား

စျာန်သမာဓိရအောင် မုဒိတာပွားမည့် ယောဂီပုဂ္ဂိုလ်သည် ချမ်းသာခြင်းနှင့် ပြည့်စုံသူ သုခိတ သတ္တဝါကို ဦးစွာစ၍ မုဒိတာပွားရမည်။ မိမိမျက်မှောက်၌ တွေ့မြင်နေရသော ကြီးပွားချမ်းသာနေသူကို အာရုံပြု၍ မိမိချမ်းသာနေသကဲ့သို့ သို့မဟုတ် သားသမီး ကြီးပွားချမ်းသာနေသည်ကို ကြည့်၍ ဝမ်းမြောက်ဝမ်းသာဖြစ်သော မိဘကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမည်။ "ရရှိထားသော စီးပွားချမ်းသာတို့မှ မဆုတ်ယုတ် ဘဲ အမြဲတည်ပါစေ"ဟုလည်း စိတ်ပါလက်ပါ ရွတ်ဆိုရမည်။

## ဆင်းရဲသူများအား ပွားပုံ

ဆင်းရဲသူများအား မုဒိတာပွားရာတွင် ယခု မိမိမျက်မှောက်၌ ဆင်းရဲဒုက္ခရောက်နေသော်လည်း တစ်ချိန်က ထိုသူတို့ ချမ်းသာဖူးသည်ကို အာရုံပြု အောက်မေ့၍ ဝမ်းမြောက်ခြင်းအားဖြင့် မုဒိတာပွားရမည်။ သို့မဟုတ် ယခု ဆင်းရဲနေသော်လည်း ထိုသူတို့၏ ကြိုးစားပုံ၊ ရိုးသားပုံ၊ စိတ်ကောင်းရှိပုံတို့ကြောင့် နောင်တစ်ချိန်တွင် မုချ ချမ်းသာကြမည်၊ ကြီးပွားကြလိမ့်မည်ဟု အနာဂတ်ကာလတွင် ကြီးပွားချမ်းသာမည်ကို အာရုံပြု၍ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရမည်။ မိမိကိုယ်တိုင် နောင်တစ်ချိန်တွင် ကြီးပွားချမ်းသာမည့်လမ်းစကို တွေ့ရှိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေသကဲ့သို့ ဝမ်းမြောက်ရမည်။ ထိုသူတို့ ရရှိမည့် စည်းစိမ်ဥစ္စာတို့သည် မဆုတ်ယုတ်ဘဲ အကြိတ်အခဲ အမြဲတည်ပါစေဟု အကြိမ်ကြိမ်အခါခါ စိတ်ပါလက်ပါ ရွတ်ဆိုပွားများရမည်။

## သတ္တဝါအားလုံးအပေါ် မုဒိတာပွားပုံ

မုဒိတာကမ္မဋ္ဌာန်း စီးဖြန်းပွားများရာ၌ အဓိကအားဖြင့် သုခိတသတ္တဝါပုဂ္ဂိုလ်ကို အာရုံပြု၍ ပွားများရမည်ဖြစ်သော်လည်း ဝိဘင်း ပါဠိတော်၌ "ရဟန်း (ယောဂီ)သည် အဘယ်သို့လျှင် မုဒိတာနှင့်တကွဖြစ်သော စိတ်ဖြင့် တစ်ခုသော အရပ်ကို ဖြန့်၍ နေအပ်သနည်း။ ဥပမာအားဖြင့် ချစ်အပ်၊ မြတ်နိုးအပ်သော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့ရမြင်ရလျှင် ဝမ်းမြောက်ရာသကဲ့သို့၊ အလုံးစုံသော သတ္တဝါတို့အပေါ် ဝမ်းမြောက်ခြင်းမုဒိတာဖြင့် ဖြန့်အပ်၏"ဟူ၍ ဟောတော်မူသောကြောင့် သုခိတသတ္တဝါတစ်ဦးဦးကို အာရုံပြု၍ မုဒိတာ ပွားပြီးနောက် အာရုံစူးစိုက်မှု၊ စိတ်တည်ကြည်မှု သမာဓိရလာသောအခါ ချစ်သူ စသော သတ္တဝါအားလုံးတို့အပေါ် ဖြန့်၍ မုဒိတာပွားရာ၏။

ဤကဲ့သို့ သတ္တဝါအားလုံးတို့အပေါ် ဖြန့်၍ မုဒိတာပွားများခြင်းအားဖြင့် သမာဓိရင့်ကျက် အားကောင်းလာသောအခါ မုဒိတာ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်အဆင့်သို့ ရောက်ရှိနိုင်လေသည်။ ယင်း မုဒိတာစျာန် သမာဓိကို အခြေခံ၍ သင်္ခါရတရားတို့ကို ဝိပဿနာရှုပွားအားထုတ်နိုင်ပါလျှင် ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာအရှင်မြတ်အဖြစ်သို့ ဆိုက်ရောက်နိုင်ကြလေသည် ■

* * *

မောင်မောင်မိုးအောင်

မှီငြမ်း

- သာသနာရေးဦးစီးဌာနထုတ် ဗုဒ္ဓဘာသာလက်စွဲကျမ်း ဒုတိယတွဲ။



www.burmeseclassic.com

www.burmeseclassic.com

# စကားသစ္စာစွမ်းအားနှင့် သစ္စာစကားကျင့်စဉ်



ကိုရွှေမြသန်း (သမိုင်း)

သစ္စာစကားနှင့် သစ္စာတရားသည် ကျင့်ကြံရန် ခက်ခဲသော စကားနှင့် တရားပင် ဖြစ်သည်။ ခေတ်အဆက်ဆက် အဘိုးအဘွားများလက်ထက်က စကားတစ်ခွန်းကို လွန်စွာ တန်ဖိုးထားကြသည်။ မိမိပြောလိုက်သော စကားကြောင့် မိမိသိက္ခာကို တစ်ရွေးသားမျှ အထိအခိုက်မခံကြပေ။ မုသားကို အကြောင်းမဲ့ ပြောခဲဆိုခဲသည်။ မှန်သော စကားကိုသာ ဆိုကြ၏။

ယခုခေတ်အခါတွင်တော့ လူကြီးလူငယ်အတော်များများသည် သစ္စာတရားကို အလေးမထားချင်ကြတော့သလို၊ ကတိသစ္စာစကားကိုလည်း အလေးမထားချင်ကြတော့ပေ။ ပေါ့ပေါ့ပြော၍ ပေါ့ပေါ့နေကြသည်က များနေ၏။ မိမိတို့၏ ဇိမ်ရေးအတွက် စီးပွားရေးတစ်ခုတည်းကိုသာ တွေးတော ကြံဆနေကြ၏။ မိမိတို့၏ ကြီးပွားရေးအတွက် စကားကို အလွယ်ဆိုလာတတ်ကြသလို၊ ပေါ့ပေါ့လည်း ပြောဆိုလာတတ်ကြ၏။ လူကို လူလို လူသားချင်း စာနာစိတ်ဖြင့် မဆက်ဆံချင်ကြပေ။ မုသားစကားတွေ ဆိုလာကြ၏။ သုံးလာကြ၏။

မိမိပြောဆိုလိုက်သော စကားက မိမိ၏ ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်လိုက်မှန်း မတွေးသိနိုင်ကြချေ။ တွေးသိနိုင်ကြသင့်၏။

သို့ဖြစ်ပါ၍ တုနှိုင်းမရဖြစ်ချေသော သစ္စာတရားနှင့် သစ္စာစကား၏ စွမ်းအားကို သတိပြု တွေးချင်မိစေလိုသော ဆန္ဒ ကိုယ်တိုင်ကျင့်ကြံအားထုတ် သစ္စာစကားဆို၍ ဆုရ ဆန္ဒပြည့်စေလိုသော ဆန္ဒတို့ဖြင့် မိမိဖတ်ခဲ့၊ မှတ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်နိပါတ်တော် ဗုဒ္ဓဝင်ဖြစ်ရပ်များနှင့် စာအုပ်စာပေ ကျမ်းဂန်များ၌ ပါရှိသော ဖြစ်ရပ်မှန် သစ္စာစကား၏ စွမ်းအား များ များစွာရှိသည့်အနက်မှ အလျဉ်းသင့်ရာအချို့နှင့် သစ္စာစကားကျင့်စဉ်ကို ရေးသားဖော်ပြလိုက်ပါ၏။

### သိဝိမင်းကြီး

သိဝိတိုင်း၊ အရိဋ္ဌပုရမြို့တော်မှ ဘုရားအလောင်း သိဝိ င်းကြီးသည် အလှူအတန်း၌ တစ်နေ့တစ်နေ့လျှင် ခြောက် သိန်းသော အလှူကြီးကို ပေးလှူသည်။ တစ်နေ့တွင် ထူး တ်သောအကြံဖြင့် မိမိ၏ မျက်စိအစုံကို ပေးလှူရန် အကြံ စ်သည်။ ဤသည်ကို သိသော သိကြားမင်းက ပုဏ္ဏားယောင် ဆောင်၍ မျက်စိတစ်ဖက်ကို အလှူခံသည်။ မင်းကြီးက မ်းသာအားရ ပေးလှူလိုက်လေသည်။

ထို့နောက် သိကြားမင်းက အကျိုးအကြောင်းပြော မင်းကြီးလိုသောဆုကို တောင်းခိုင်းသည်။ ထိုအခါ င်းကြီးက…

“ကျွန်ုပ်ထံ လာရောက် အလှူခံကြကုန်သော အလှူ များအား မမုန်းပါ။ သူတို့အားလုံးကို ချစ်ခင်နှစ်သက်ပါ၏။ စကားမှန်ပါလျှင် ကျွန်ုပ်၏ မျက်စိဟာ ကောင်းစွာ မြင် စေသား”

ဟူ၍ သစ္စာပြုရာ လှူလိုက်သော မျက်စိအလင်းပြန်ရ သ၏။

### ဗန္ဓုမတီ ပြည့်တန်ဆာမ

ပါဋလိပုတ်ပြည်၊ ဓမ္မာသောကမင်းကြီးသည် ပရိသတ် အရံများဖြင့် ဂင်္ဂါမြစ်သို့ သွားရောက်ရာ ရေအဟုန်ပြင်း ဆင်းနေသော မြစ်ရေကို မြင်လျှင် မြစ်ရေကို မြစ်ညာ ဆန်၍တက်စေရန် စွမ်းဆောင်စေသည်။ မှူးမတ်တို့ မတတ်နိုင်သည်ဖြစ်ရ၏။ ထိုအခါ “ဗန္ဓုမတီ”အမည်ရှိ ပြည့်တန်ဆာမက ဤသို့ သစ္စာဆိုလေသည်။

“ကျွန်ုပ်သည် အဆင်းရူပါရုံကို မှီခို အသက်မွေးသူ တယ်။ အကျွန်ုပ်အား အကြင်မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူဆင်းရဲ မည်သူမဆို အခကြေးငွေပေးအံ့၊ ထိုသူ ကျွန်ုပ်၏ ကိလေသာဖြင့် လုပ်ကျွေးလိုက်ပါတယ်။ တ်သော ငွေကြေးဖြင့် ထိုသူတို့အား ကိလေသာ အကျွေးပြုရာတွင် မည်သူ့အား သာစေ၊ မည်သူ့အား ဖြစ်စေရာဘဲ အညီအမျှလုပ်ကျွေးပါတယ်။ ဤမှန်ကန် သစ္စာစကားကြောင့် မြစ်ရေ ဆန်၍စီးပါစေသား”

ထိုအခါ ဂင်္ဂါမြစ်ရေသည် အထက်သို့ ဆန်တက်သည် ကို တွေ့ကြရသည်။

အမှန်အတိုင်း ပြောဆိုတိုင်တည်သော သစ္စာစကား ကြောင့် ပြည့်တန်ဆာမ၌ သစ္စာတည်စေသည်။ ရေးက ဝစီ မုသား ဝိရမဏသစ္စာကို လူတိုင်း စောင့်ထိန်းကြ၏။ ထို့ ကြောင့်လည်း အကျင့်စာရိတ္တ ပျက်ပြားစေကာမူ၊ ဟုတ်မှန် သော စကားများကိုသာ ပြောဆိုနေသောကြောင့် နှုတ်ဖျား၌ သစ္စာစွမ်းအား ကြီးမားရလေသည်။

### ကဏှဒီပါယန ရသေ့

ဝံသတိုင်း၊ ကောသမ္ဗီပြည်၏ ရွာတစ်ရွာ၌ “မဏ္ဍဗျ” သူဌေးကြီးသည် “ကဏှဒီပါယန” အမည်ရှိသော ရသေ့ တစ်ပါးအား ကိုးကွယ်နေသည်။

တစ်နေ့သောအခါ သူဌေးကြီးမိသားစုသည် ရသေ့ ကျောင်းသို့ သွားရောက်ကြရာ သားဖြစ်သူ “ယညဒတ္တ”သည် ကျင်ကစားရာ၌ တောင်ပို့ထဲသို့ ဝင်သွားသော ကျင်ကို နှိုက် ရာ မြွေကိုက်ခံရသည်။ ပြင်းထန်သော မြွေဆိပ်ကြောင့် သူငယ်သည် နေရာ၌ပင် လဲရှာသည်။ ထိုအခါ ရသေ့ကြီး က…

“ငါသည် လူတို့ဘောင်ကို ငြီးငွေ့သည်။ ရဟန်းပြုရာ တွင် ခုနစ်ရက်သာ သဒ္ဓါကြည်လင်သည်။ ထိုမှလွန်၍ ယနေ့ တိုင်အောင်ပင် နှစ်ပေါင်း ၅၀ ရောက်သည်အထိ စိတ်မကြည် လင်ပါ။ အောင့်အီး၍သာ နေခဲ့ရပါသည်။ ဤသစ္စာစကား ကြောင့် သူငယ်၌ တက်နေသော မြွေဆိပ်ပြေပါစေသတည်း”

ဟူ၍ သစ္စာပြုသည်။ ထို့ကြောင့် ရင်ဘတ်မှ မြွေဆိပ် သည် ခါးသို့ လျှောကျ၏။ ထို့နောက် သူငယ်၏ မိခင်ဖြစ်သူ အားလည်း ထပ်မံ၍ သစ္စာပြုခိုင်း၏။ မိခင်ကလည်း…

“ကျွန်ုပ်သည် ကျွန်ုပ်၏ သားငယ်ကို ကိုက်သော မြွေအား အလွန်မုန်းတီးပါသည်။ ထိုမြွေကဲ့သို့ပင် အကျွန်ုပ် ၏ လင်ကိုလည်း မုန်းတီးပါသည်။ ဤမှန်သော သစ္စာစကား ကြောင့် ကျွန်ုပ်၏ သားငယ်သည် အသက်ရှင်ပါစေသတည်း”

ဟူ၍ သစ္စာပြုသည်။

သစ္စာ၏ စွမ်းအားကြောင့် သူငယ် အသက်ချမ်းသာရာ ရ၏။

### တောင်ဖီလာ ဆရာတော်

သာလွန်မင်းတရားကြီးလက်ထက်တွင် တောင်ဖီလာ ဆရာတော်ကြီးသည် သီလ၊ သမာဓိ၊ ပညာ သန့်ရှင်း



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်ကြောင်း ထင်ရှား၏။

ထို့ကြောင့် ကျော်စောသည့် သတင်းအတိုင်း ဟုတ်မှန်သည်၊ မဟုတ်မှန်သည်ကို သိရန်အတွက် ဘုရင်ကြီးက နန်းတွင်းသူ အပျိုချောတစ်ယောက်ကို စေလွှတ်၍ သိက္ခာသမာဓိကို စမ်းသပ်စေသည်။

မိုးချုပ်သောအခါ နန်းတွင်းသူသည် ခရီးသွားဟန်လွှဲအဖြစ် အယောင်ဆောင်၍ ကျောင်းတွင်းသို့ ဝင်သည်။ တည်းခိုခွင့်ရရေးကို လျှောက်ထားသည်။ ဆရာတော်ကြီးက ငြင်းသေးသည်၊ မရ။ ဇွတ်အသနားခံသောကြောင့် ခွင့်ပြုလိုက်ရသည်။

ကျောင်းအောက်တွင် အိပ်စေရာ သားရဲတိရစ္ဆာန်များရန် ကြောက်သည်ဟု အကြောင်းပြ၍ ကျောင်းပေါ်တက်အိပ်သည်။ ခွင့်ပြုလိုက်ရပြန်သည်။

ထို့ထက် တစ်ဆင့်တက်ပြီး ကျောင်းခန်းထဲသို့ ဝင်အိပ်ရန် တောင်းဆိုသည်။ ညွတ်ကွင်း၌ အမိရရေးကို ဖမ်းသည်။ အခန်းတူအိပ်လျက် ဆရာတော်ကြီးကို ဖြားယောင်းသည်။ သွေးဆောင်သည်။ ကိလေသာ ကာမဂုဏ်စိတ်ဖောက်ပြန်စေရန် အမိခေါ်သည်။

နောက်ဆုံး လျှို့ဝှက်အပ်သော အရာကိုပင် ပြ၍ မိုက်မိုက်ကန်းကန်း သွေးဆောင်သေးသည်။ မရ။ ဆရာတော်ကြီးက ခြေသလုံးကို ဓားမဖြင့် လှီး၍ နာကျင်မှုဝေဒနာကိုသာ အာရုံရှုနေသည်။ ထို့ကြောင့်လည်း အမိုက်တကာ့အမိုက်၊ လူတိုင်း သည်းခြေကြိုက်ဖြစ်သော ကာမတဏှာကို အောင်နိုင်လိုက်သည်။ နန်းတွင်းသူသာ မိုးလင်း၍ ပြန်သွားရသည်။

သို့ရာတွင် လူအများက ဆရာတော်ကို ခရီးသွားမိန်းမပျိုနှင့် ဖောက်ပြန်မှားယွင်းကြောင်း အထင်ရောက်ကြသည်။ လူပြောသူပြောများလာသည်။

ဤကောလာဟလ သတင်းသည် မင်းကြီးနားသို့ ပေါက်ကြားလာသည်။ မင်းကြီးက နန်းတွင်းသူကို ခေါ်ယူ၍ အကျိုးအကြောင်းမေးသည်။ နန်းတွင်းသူကလည်း ဟုတ်မှန်ရာ ဖြေရာ မင်းကြီး အံ့သြချီးကျူးလေသည်။

သို့သော် မင်းကြီးသည် မသိယောင်ပြု၍ ဆရာတော်ကို မေးမြန်းသည်။ ဆရာတော်ကလည်း သစ္စာစကားဆိုသည်။

"ငါသည် တည်းခိုလာသော ခရီးသွား မိန်းမငယ်အားမှားယွင်းမည် ဝေးစွ၊ ဆန္ဒရာဂပင် မဖြစ်ပါ။ ဤစကားမှန်ပါက ဤဓားသည် ရေကန်ကို ဖြတ်၍ ကူးပါစေသား"

ဟူ၍ ဓားကို ရေကန်တွင်းသို့ ပစ်ချလိုက်လေသည်...

ထိုအခါ ဓားသည် ရေကန်တွင်း၌ ငါးသဖွယ် ကူးသွား...
လေသည်။ ဤသည်ကို သံသယဝင်နေကြသော ပြည်...
အများက အံ့သြစွာ မြင်ကြရတော့သည်။ ထို့ကြောင့်လည်း...
ဆရာတော်ကြီးကို ကြည်ညိုမှုသဒ္ဒါတရား ပိုမိုလာကြ...
သည်။

◈ ◈ ◈

သစ္စာစကား၏ စွမ်းအားကား တုနှိုင်းမရဖြစ်ချေသည်...
သစ္စာကင်းသောသူများအတွက်သည်ကား သစ္စာစကား...
စွမ်းအားကို ပြသနိုင်ဖို့ အလွန်ပင် ခဲယဉ်းမည်။ သို့...
တကယ်တမ်း ကျင့်ကြံကြမည်ဆိုပါက ပြည့်ဝသော သ...
တရား၊ သစ္စာစကား၏ စွမ်းအားကို ခံစား၊ စံစားကြရပါမည်...

သို့ဖြစ်ပါ၍ သစ္စာစကားကျင့်စဉ်ကို ကျင့်ကြံကြမ...
ဆိုပါက . . .

## သစ္စာစကားကျင့်စဉ်

(၁) သစ္စာတရားပြည့်ဝစေရေးအတွက် မြင့်မြတ်...
ကိုယ်ကျင့်တရား(သီလတရား)ကို ဖြည့်စွက်...
မည်။ မကျိုးမပေါက်၊ မပျောက်မကြားအော...
ကျင့်ရပါမည်။

(၂) ဖြောင့်မတ် တည်ကြည်သော သိက္ခာ သမာ...
ရရှိအောင် ထူထောင်ရပါမည်။

(၃) မှသားကင်း၍ ဟုတ်မှန်သော စကားကို...
ဆိုရပါမည်။ ဝစီမုသာဝါဒမဏာသစ္စာကို အသ...
တမျှ စောင့်ထိန်းရပါမည်။

ဤသုံးချက်ကို ပြည့်ဝနိုင်သမျှ ပြည့်ဝအောင် ကျ...
ဖြည့်ဆည်းပါက မိမိတို့၏နှုတ်ဖျားမှ တိုင်တည်သစ္စာ...
ဖွင့်ဟထွက်ဆိုခဲ့သော မိမိ၏ သစ္စာတည်သရွေ့ အစွမ်း...
သောအသွင်ကို ဆောင်ပြီး တောင်းဆုဆိုရာအတိုင်း ...
မုချ ပြည့်ဝပါမည် ■

တောင်းဆုဆိုရာအတိုင်း ပြည့်ဝကြ...


* * *

ကိုရွှေမြသန်း(သ...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

သူသည် မိခင်၏ ဝမ်းထဲမှ ကျွတ်ပြီဆိုကတည်းက မိန်းမများကို အနားကပ်မခံ။ မိန်းမတို့ ကိုယ်ရနံ့ရသည်နှင့် သူ မနေတတ်သဖြင့် အော်ငိုတော့သည်။ ထို့ကြောင့် သူ့ကို မိဘများက "အနိတ္ထိဂန္ဓကုမရ"ဟု အမည်ပေးခဲ့သည်။

ယခုတော့ စွဲလမ်းမှုတဏှာ တပ်မက်မှုကြောင့် အနိတ္ထိဂန္ဓကုမရသည် ဒုက္ခနွံထဲ နစ်သည်ထက် နစ်နေ၏။ သူသည် ဘာမျှ စားချင်စိတ်မရှိ။ အိပ်၍ မပျော်သော ညပေါင်းလည်း မရေတွက်နိုင်ချေ။ တကယ်တော့ မဖြစ်နိုင်ဘူးထင်၍ ဒီဇာတ်လမ်းကို စခဲ့သူက မိမိကိုယ်တိုင်ပင် ဖြစ်သည်။ ဇာတ်လမ်းလည်း ဆုံး၊ အသည်းနှလုံးတို့လည်း ကြေပြုန်းဆုံးရှုံးခဲ့ရပြီ။

◈◈◈

ငယ်စဉ်ကတည်းက မိန်းမတို့ ရနံ့ရလျှင် မနေတတ်သောသူ့ကို အချိန်တန် အရွယ်ရောက် လူလားမြောက်သော် မိဘနှစ်ပါးက အိမ်ထောင်ပြုရန် အမျိုးမျိုးနားချကြ၏။ သူကား ခေါင်းခါမြဲပင်ဖြစ်သည်။

သာဝတ္ထိပြည်ကြီးတွင် သူ၏ မိဘများမှာ အလွန်ချမ်းသာကြွယ်ဝကြ၏။ သူသာ ခေါင်းညိတ်လိုက်လျှင် ချမ်းသာ ကြွယ်ဝ အမျိုးမြတ် မိန်းကလေးကို ရနိုင်သည်။

သူ၏ မိဘများက နေ့စဉ်နဲ့အမျှ အိမ်ထောင်ပြုရန် နားချပါများတော့ သူ နားပူလာသည်။

"ကျွန်တော် အိမ်ထောင်မပြုပါရစေနဲ့ဗျာ။ ကျွန်တော် ယူချင်တဲ့ မိန်းကလေးမျိုးလည်း ဒီလောကကြီးမှာ ရှိမယ် မထင်ဘူး"

ဟု အကြိမ်ကြိမ်ပြောသော်လည်း သူ့မိဘများက နောက်မဆုတ်ဘဲ တစ်နေ့ထက် တစ်နေ့ ပို၍ပို၍ဆိုးလာခဲ့သည်။

ဒီတော့ သူက အလွန်စွဲမက်ဖွယ်သဏ္ဌာန် မိန်းကလေးပုံကို ထု၍ ရွှေစင်ရွှေသားစစ်စစ် သွန်းလောင်းကာ၊ မိဘနှစ်ပါးကို ပြလျက်···

"အဖေတို့၊ အမေတို့ ကျွန်တော့်ကို မိန်းမယူစေချင်ရင် ဒီရွှေစင်ရုပ်နဲ့ တူတဲ့ မိန်းကလေးကို ရှာပြီး ပေးစားပေတော့"

ဟု ဖြစ်နိုင်မယ်မထင်သောကြောင့် ပြောလိုက်၏။

မိဘများကလည်း သားအလိုရှိတဲ့အတိုင်း ဖြစ်အောင် ရှာပေးမယ်ဟု ဝမ်းသာအားရ ပြောလေသည်။

သူကတော့ စိတ်အေးရပြီ၊ နားပူလည်း သက်သာပြီ၊ သူ့စိတ်ကူးနဲ့သူ ထုစစ်လောင်းထားတဲ့ ရွှေစင်ရုပ်နဲ့ တူတဲ့ မိန်းကလေးမျိုး မရှိလောက်ဟု တွေးလျက် ပျော်နေသည်။

မိဘများကလည်း ဝမ်းသာအားရနဲ့ အနယ်နယ်အရပ်ရပ်သို့ ရွှေစင်ရုပ်နှင့် တူသော မိန်းကလေးကို ရှာဖွေရန် စေခိုင်းလေသည်။

◈◈◈

ဩော်···ဒီလောကကြီးမှာ တစ်ခါတစ်ခါ မထင်မှတ်တာတွေ ဖြစ်တတ်၏။ မည်သို့မျှ မယုံနိုင်အောင် ဆန်းကြယ်လှပေသည်။ သူ၏ ကံကြမ္မာသည် ကောင်းသည်၊ ဆိုးသည်ဟု မဆိုတတ်ချေ။ မဒ္ဒတိုင်း၊ သာဂလမြို့တွင် ရွှေစင်ရုပ်နှင့် မခြား၊ သဏ္ဌာန်တူ မိန်းကလေးကို ရှာဖွေတွေ့ခဲ့ကြ၏။

မိန်းမရှာပုံတော်ဖွင့်သူများသည် မိန်းကလေး မိဘများအား အကျိုးသင့် အကြောင်းသင့် ပြောပြပြီး တစ်ခါတည်း စေ့စပ်ခဲ့ကြသည်။ မိန်းကလေးမိဘများဘက်ကလည်း မိမိတို့နှင့် ချမ်းသာကြွယ်ဝမှု ဂုဏ်ရည်တူ အဆင့်အတန်းတူ ဖြစ်သောကြောင့် ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ကြသည်။

မိန်းမရှာပုံတော်ဖွင့်သူများ ပြန်ရောက်လာကြပြီး သူ၏ မိဘများကို အကျိုးအကြောင်းပြောပြကြသည်။

မိဘများက ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ချက်ချင်း သတို့သမီးကို ခေါ်ဆောင်စေသည်။ မိန်းမလှ ရှာပုံတော်ဖွင့်သူများကိုလည်း ဆုလာဘ်များစွာပေးလေသည်။

အနိတ္ထိဂန္ဓကုမရသည် သူ့စိတ်ကူး အမှန်တကယ် အကောင်အထည်ပေါ်လာသောကြောင့် ဘဝင်နှလုံး ရွှင်ပြုံးကာ ပီတိဖြစ်နေ၏။

◈◈◈

အတိတ်၏ ကုသိုလ်ကံသည် ဆိုးဝါးလွန်းလှသည်။

အလွန်နုနယ်လှပသော သတို့သမီးသည် တောအထပ်ထပ်၊ တောင်အစွယ်စွယ်ကို ဖြတ်ကျော်လာရသော ခရီးကြမ်းဒဏ်ကြောင့် လမ်းခရီးတွင် သေဆုံးရှာလေသည်။

မိန်းကလေးကို သွားခေါ်ဆောင်သောသူတို့ ပြန်ရောက်လာကြပြီး အကျိုးအကြောင်းကို ပြောပြလေလျှင် မိန်းမဆိုလျှင် အနားပင် အကပ်မခံ၊ မိန်းမတို့၏ အနံ့ကိုပင် မခံနိုင်သော အနိတ္ထိကုမရ၏ အသည်းနှလုံးတို့သည် ကြောင်းဆန်ကုန်၏။ အသည်းနှလုံးတို့ ပြတ်ပြတ်ပြုန်းပြီ ထင်ပါရဲ့။ မည်သို့မျှ နားချ၍ မရတော့ချေ။

"သတိတရားလေးတော့ ထားပါဦး သားရယ်။ သားအတွက် အလိုရှိတယ်ဆိုရင် နောက်ထပ် မိန်းမလှလေး


www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ရှာဖွေပေးစားနိုင်ပါတယ်ကွယ်"

"တော်ကြပါတော့ဗျာ။ ကျွန်တော့်ကို သနားရင် ဘာမှ မပြောကြပါနဲ့တော့။ ကျွန်တော့်ရဲ့ အသည်းနှလုံးတွေကို သယ်ဆုံးသွားတဲ့ မိန်းမလှလေးနဲ့အတူ မီးသဂြိုဟ်လိုက်ပါပြီ။ သူမရှိတဲ့ ဘဝမှာ ကျွန်တော့်ဘဝလည်း ဆုံးခဲ့ပါပြီ အမေရယ်"

သူ့မိဘနှစ်ပါးသည် သားဖြစ်သူ၏ အဖြစ်ကို ကြည့်ပြီး နေ့စဉ် စိတ်ဆင်းရဲနေကြရ၏။ မိမိတို့၏ တစ်ဦးတည်းသော သားသည် တဏှာတောမှာ မြောနေသည့်အဖြစ်ကို မကြည့်ရက်နိုင်တော့ချေ။

◈◈◈

ဒီနေ့ သူတို့အိမ်ကို ဘုန်းတော်ကြီးမား မြတ်ဘုရားကိုယ်တော်တိုင် ဆွမ်းခံကြွလာသည်။ သူကြွယ်ကြီး ဇနီးမောင်နှံက ပျာပျာသလဲ မြတ်စွာဘုရားအား နေရာထိုင်ခင်းခင်းပေးပြီးနောက် အနိတ္ထိဂန္ဓကုမရအား ဘုရားရှင်ရှေ့မှောက်သို့ ခေါ်ဆောင်လာခဲ့သည်။

ဘုရားရှင်သည် အနိတ္ထိဂန္ဓကုမာရအား အကြောင်းစုံမေးမြန်းလေသည်။ သူသည် မြတ်စွာဘုရားအား ရှိသေစွာ ကန်တော့ပြီး အကြောင်းစုံ အစအဆုံး လျှောက်တင်လေသည်။ ထိုအခါ မြတ်စွာဘုရားက...

"ချစ်သား အနိတ္ထိဂန္ဓ... သတ္တဝါတို့သည် တပ်မက်မှုတဏှာကြောင့် လောဘ၊ ဒေါသ၊ မောဟတို့ကို ဖြစ်စေတယ်။ ဒီတဏှာကြောင့်သာ သမုဒယနဲ့ ဒုက္ခတို့ကို ဖြစ်စေတယ်။ အဝိဇ္ဇာ-မသိမှု၊ တဏှာ-တပ်မက်မှုကို အရင်းခံပြီး သောကအပူကို ပွားစေတယ်။ စွဲလမ်းတပ်မက်မှု တဏှာ မရှိတော့ရင် သောကကင်းဝေး အေးချမ်းစေလိမ့်မယ် ချစ်သား"

ဟု အစချီ၍ တရားတော်ကို ဟောကြားတော်မူခဲ့၏။

အနိတ္ထိဂန္ဓကုမရသည် မြတ်စွာဘုရား၏ မြတ်တရားတော်ကို နာကြားရင်း ကာမတဏှာသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှပါလားဟု နားလည်လိုက်သည်နှင့်အမျှ မိမိနှလုံးသားတွင် ကပ်ငြိနေသော ကာမတဏှာကို ဖယ်ရှားပေးလိုက်သော မြတ်စွာဘုရားအား ကြည်ညိုစွာ ရှိခိုး ကန်တော့ပြီး သာဓုသုံးကြိမ်ခေါ်ဆိုလိုက်မိလေသည်။

* * *

ခပ် ညှင်ဦး(ဓား)

ကျမ်းကိုး

- ဓမ္မပဒ၊ အနိတ္ထိဂန္ဓကုမရ ဝတ္ထု။









www.burmeseclassic.com

www.burmeseclassic.com

# အင်းတကော်မှ အဓိဋ္ဌာန်အောင်ရာ ဇေယျာသိဒ္ဓိ ဆုတောင်းပြည့် စေတီမဟာ

■ မရည်မွန် (ကျုံပျော်) ■




မကြာသေးမီက ဖြစ်သည်။ စာရေးဆရာ ဟိန်းဇေမှ သူ၏ မွေးရပ်ဇာတိဖြစ်သည့် အင်းတကော်သို့ ဘုရားဖူးခေါ် ဆောင်သဖြင့် စာရေးဆရာ ချစ်မင်းသူနှင့်အတူ ကျွန်မပါ လိုက်ပါသွားဖြစ်ခဲ့သည်။ အင်းတကော်သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင်းရှိ ရွာမကာ မြို့မကျသော ရွာကြီးတစ်ရွာဖြစ်သည်။ ကျေးလက် ဆေးခန်း၊ ရဲစခန်း၊ အထက်တန်းကျောင်း၊ ဈေး၊ ဓာတ်ဆီဆိုင်တို့ ရှိသည်။

ကျွန်မတို့သည် ဆရာ ဟိန်းဇေ ဦးဆောင်ခေါ်ယူရာသို့ လိုက်ပါသွားကြရာတွင် ရန်ကုန်မှ နံနက် ၉နာရီတွင် စတင်ကားစီးကြရသည်။ နံနက် ၁၁နာရီ၌ အင်းတကော်ကို ရောက်ရှိသွားခဲ့သည်။ ထို့နောက် ဆရာ ဟိန်းဇေမှ အင်းတကော်၌ ဇေယျာသိဒ္ဓိ ဆုတောင်းပြည့် အဓိဋ္ဌာန်အောင် စေတီတော်ကို ဖူးမြော်ကြည်ညိုကြရန် ခေါ်ဆောင်သွားပြန်ပါသည်။

အဓိဋ္ဌာန်အောင် ဇေယျာသိဒ္ဓိ ဆုတောင်းပြည့် စေတီတော်မှာ ပစ္ဆိမာရုံဘုန်းတော်ကြီးကျောင်းတိုက်ဝန်းအတွင်း၌ ပူဇော်တည်ထားခြင်းဖြစ်သည်။ ကျွန်မတို့သည် အဓိဋ္ဌာန်အောင် ဇေယျာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကြပါသည်။ ထိုစေတီတော်မြတ်ကို ပစ္ဆိမာရုံကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်ကို အပြီး

www.burmeseclassic.com






...တင်လှူတည်ထား ပူဇော်ခဲ့သည်ဟု ဆရာ ဟိန်းဇေ ...ဘကဥက္ကဋ္ဌ ဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးခင်တို့မှ ...ပြောပြပါသည်။

...စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၂၇ ပေရှိသည်ဟု ဆိုပါသည်။ စေတီတော်ကို လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူထားပါသည်။ အရန်စေတီတော်တို့ကိုလည်း ပူဇော်တည်ထားသည်။ အဓိဋ္ဌာန်အောင် ဝေယျာသိဒ္ဓိ ဆုတောင်းပြည့် စေတီတော်ကြီးနှင့် အရန်စေတီတော်တို့မှ ဆည်းလည်း



www.burmeseclassic.com

www.burmeseclassic.com



သံလွင်လွင်က လွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး ပကာတိ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်မှာ တရားဓမ္မကျင့်ကြံပွားများအားထုတ်ချင်စရာကောင်းလှပေသည်။


ကျွန်မတို့သည် အဓိဋ္ဌာန်အောင် ဇေယျာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုပြီးနောက် ပဋ္ဌာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ကြီး ဦးဝိစိတ္တကို သွားရောက်ဖူးမြော်ကြည်ညိုကြပြန်ပါသည်။ ဆရာတော်ကြီး ဦးဝိစိတ္တမှာ သက်တော်အားဖြင့် ခြောက်ဆယ်



ခုနစ်ဆယ်နီးပါးခန့်ရှိပြီဖြစ်သော်လည်း အသားအရေတို့သည် စိုပြည်ဝင်းဝါလျက်ရှိသည်။ မျက်နှာတော်မှာ ပြုံးရွှင်လန်းဆန်းစွာ ငြိမ်းချမ်းမှုအသွင်ကို ဆောင်လျက်ရှိသည်။ ကျွန်မတို့သည် ဆရာတော်ကြီးကို ဖူးမြော်ကြည်ညိုကြပြီးနောက် သိလိုသည်များကို လျှောက်ထား မေးမြန်းကြသောအခါ ဆရာတော်ကြီးမှ ကျွန်မတို့ကို အောက်ပါအတိုင်း ရှင်းလင်းမိန့်ကြားတော်မူပါသည်။

◈ ◈ ◈

ဆရာတော်လောင်းလျာကို ခမည်းတော် ဦးအောင်မြနှင့် မယ်တော် ဒေါ်စောတို့မှ ၁၃၀၈ ခုနှစ်၊ နတ်တော်လဆန်း ၁၂ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ သာယာကုန်းအပိုင် စာသူငယ်ကျေးရွာတွင် မွေးဖွားသန့်စင်ခဲ့သည်။ မွေးချင်းသုံးယောက်ရှိသည့်အနက် ဆရာတော်လောင်းလျာမှာ အကြီးဆုံး သားလှရတနာဖြစ်သည်။ ဆရာတော်လောင်းလျာသည် ခမည်းတော်နှင့် မယ်တော်ဖြစ်ကြသည့် ဦးအောင်မြနှင့် ဒေါ်စောတို့၏ ပဥ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းဘဝကို ရောက်ရှိပြီး ဥပဇ္ဈာယ်ဆရာတော်မှာ မဟာဂုဏိကာရောမကျောင်းတိုက်ဆရာတော် "ဦးဇဝန" ဖြစ်သည်။



ထိုသို့ဖြင့် ဆရာတော်လောင်းလျာသည် ပရိယတ္တိစာဝါများကို သင်ကြားခဲ့ရာတွင် ပထမကြီးတန်းအထိ သင်ကြား တတ်မြောက်ခဲ့သည်။ ဆရာတော်လောင်းလျာမှာ ပရိယတ္တိစာဝါများကို သင်ယူနေဆဲကာလမှာပင် ပဋိပတ္တိအလုပ်ကို ပို၍အားသန်ကာ မိုးကုတ်ဝိပဿနာတရားကို စဉ်ဆက်မပြတ် အားထုတ်ခြင်း၊ မေတ္တာ ဘာဝနာပွားများခြင်းများ ပြုခဲ့သည်။ ထို့နောက် ဆရာတော်သည် တောရဆောက်တည်လိုသဖြင့် ယခုလက်ရှိ သီတင်းသုံး နေထိုင်ရာသို့ ရောက်လာသည်။ ထိုစဉ်အခါက ထိုနေရာပတ်ဝန်းကျင်မှာ ချုံကြီးချုံငယ်အသွယ်သွယ်ဖြင့် ပိတ်ဖုံးကာ တောကြီးမျက်မည်းဖြစ်နေခဲ့သည်။

ဆရာတော်သည် ထိုနေရာသို့ ကြွရောက်ကာ ကျောင်းလေး ဆောက်၍ သီတင်းသုံးခဲ့သည်။ ဆရာတော် ထိုသို့ တောရဆောက်တည်ခဲ့ပြီးနောက် မိုးကုတ်ဝိပဿနာတရားကို ပို၍ရှုမှတ်ပွားများခြင်း၊ မေတ္တာကမ္မဋ္ဌာန်းကို ပို၍ စီးဖြန်းခြင်းများ ပြုလုပ်နေရာမှ စေတီတော်တစ်ဆူကို တည်ထား ပူဇော်ချင်သည့်စိတ်များ ဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့် ဆရာတော်သည် အဓိဋ္ဌာန်တင်ကာ ကမ္မဋ္ဌာန်းတရားတို့ ပို၍ ကျင့်ကြံပွားများခဲ့သည်။ သုံးဆယ့်တစ်ဘုံကျင်လည်ကြသော ဝေနေယျသတ္တဝါအပေါင်းတို့ကို ဆထက်ထမ်း တိုး၍ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းခဲ့သည်။ ဆရာတော်၏ အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com



မှာ အောင်မြင်သည်ဟု ဆိုရပေမည်။ အစိတ္တာန်အောင် ဇေယျာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်ကို တည်ထား ပူဇော်နိုင်ခဲ့သည်။

အစိတ္တာန်အောင် ဇေယျာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသည် ၁၃၆၀ ပြည့်နှစ်၊ တန်ခူးလဆန်း၊ ညဉ့်နာရီအချိန်ခန့်အတွင်း ရောင်ခြည်တော်များ ကွန့်မြူးခဲ့ရာ လူအတော်များများ ဖူးမြော်ကြည်ညိုလိုက်ကြရသည်ဟု ဆိုပါသည်။ ထို့အပြင် ကြံစည်သမျှ အစိတ္တာန်ပြုပါက ပြည့်ဝအောင်မြင်သဖြင့် ယခုအခါ ခုနစ်ရက်သားသမီးအပေါင်း လာရောက် အဓိဋ္ဌာန်ဝင်လျက်ရှိကြောင်း ကြားသိ မြင်တွေ့ခဲ့ရသည်။ ဘုရားပွဲတော်ကို တပေါင်းလဆန်းမှ လပြည့်နေ့အထိ ကျင်းပသည်။

ဆရာတော် ဦးဝိစိတ္တသည် မိမိနည်းတူ ခုနစ်ရက်သားသမီးအပေါင်း သောကငြိမ်းချမ်း နိဗ္ဗာန်လမ်းကို မြန်းနိုင်ကြစေရန် ရည်သန်လျက် ဝါတွင်းဝါပ ဥပုသ်ရက်တိုင်း ရောက်ရှိလာကြသည့် ဒကာ၊ ဒကာမအပေါင်းတို့အား မဟာသတိပဋ္ဌာန်ဝိပဿနာနည်းဖြင့် တရားပြပေးတော်မူသည်။ ထို့အပြင် ကျောင်းနေ ရဟန်း ၇ပါး၊ သာမဏေ ၆ပါးတို့ကို မိမိကိုယ်တိုင် ပရိယတ္တိစာဝါများကို သင်ကြားပို့ချပေးခြင်းအပြင်၊ ပရိယတ္တိစာဝါအတန်းကြီး ရဟန်းတော်များအား စာဝါများ လိုက်နိုင်စေရန် ညွှန်ကြားဆောင်ရွက်ပေးတော်မူပါသည်။

ဆရာတော် ဦးဝိစိတ္တ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် ဆရာတော်အား လေးစားကြည်ညိုကြသည့် တပည့် ဒကာ၊ ဒကာမတို့မှ လှူဒါန်းထောက်ပံ့သာသနာပြုကြသဖြင့် ယခုအခါ၌ ဆရာတော် ဦးဝိစိတ္တ၏ ပဋ္ဌိပာရုံကျောင်းတိုက်ဝန်းအတွင်း သာသနိကအဆောက်အအုံများ တိုးတက်စည်ပင်လျက်ရှိပြီဖြစ်သည်။ ကျွန်မအနေဖြင့် အစိတ္တာန်အောင် ဇေယျာသိဒ္ဓိ ဆုတောင်းပြည့် စေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုရခြင်းနှင့် ဆရာတော်ကြီး ဦးဝိစိတ္တအား ဖူးမြင်ကြည်ညိုရခြင်းတို့ကြောင့် တဒင် သံဝေဂသုခကို ခံစားရပါသည်။

သို့ပါသောကြောင့် ကျွန်မကဲ့သို့ ဖူးမြော်ကြည်ညိုနိုင်ကြစေရန် ရည်သန်လျက် ဓမ္မမိတ်ဆွေ ခုနစ်ရက်သားသမီးအပေါင်းတို့ သိပါစေကြောင်းကို ဤဆောင်းပါးဖြင့် ရေးသားတင်ပြလိုက်ရပါတော့သည်။

ဆရာတော်ကြီး ဦးဝိစိတ္တအားလည်း ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့အပ်ပါသည်။

ကျွန်မတို့ကို ပို့ဆောင်ပေးပါသော ဆရာ ဟိန်းဇေအားလည်း အထူးကျေးဇူးတင်ရှိလျက်ဖြင့် ... ■

* * *

မရည်မွန်(ကျုံပျော်)

www.burmeseclassic.com

# ရသေ့ကြီး ဦးကိတ္တိနှင့် အိပ်မက်စေသည့် အင်းတစ်ချပ်

**မောင်ထွန်းကောင်း**

ကျွန်တော် ခင်မင်လေးစားရသူများအနက် ရသေ့ကြီး "ဦးကိတ္တိဇေယျ"သည်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။ သူ့ကို ရသေ့ဘဝ၊ ရသေ့အသွင်ဖြင့် ရှိတော့မှ ကျွန်တော် တွေ့ခဲ့၊ ခင်ခဲ့ခြင်းတော့ မဟုတ်ပါ။ လူဝတ်ကြောင်ဘဝ၊ လွန်ခဲ့သော နှစ်များစွာကပင် သိခဲ့ ခင်ခဲ့ခြင်းဖြစ်သည်။ တရင်းတနှီးလည်း အတူနေခဲ့၊ တွဲဖြစ်ခဲ့ကြပါသည်။

သူက ဒေသန္တရ ဗဟုသုတရှာဖွေခြင်းကို ဝါသနာပါသည်။ ရှေးဟောင်း စေတီပုထိုးများကို စိတ်ဝင်စားသည်။ တောထဲ တောင်ပေါ်၌ အလေ့ကျပေါက်သည့် လူသိနည်း ဆေးဖက်ဝင်အပင်များ ရှာဖွေခြင်းကိုလည်း ဝါသနာထုံသည်။ သို့ကြောင့်လည်း သူနှင့် ကျွန်တော် ခင်ဖြစ်၊ တွဲဖြစ်ကြခြင်းဖြစ်သည်။

သို့သော်လည်း သူနှင့် ကျွန်တော်က သက်တူရွယ်တူများတော့ မဟုတ်ကြ။ သူက ကျွန်တော့်ထက် အသက် ၂၀ နီးပါးမျှ ကြီးသည်။ အလုပ်ဌာနတွင်လည်း သူက ကျွန်တော့်အထက်လူကြီးဖြစ်သည်။ စရိုက်ဝါသနာတူသူချင်း ဖြစ်၍သာ တာဝန်နှင့် အသက်အရွယ်ကို သီးခြားတစ်ကဏ္ဍခွဲလျက် တွဲဖြစ်ကြ၊ ပေါင်းဖြစ်ကြခြင်းဖြစ်သည်။

သူနှင့် ကျွန်တော် တောတွေ တောင်တွေမှာ လှည့်လည်ကြ၊ ဘုရားစေတီတွေ ဖူး၊ အဓိဋ္ဌာန်ဝင်ကြ၊ ဆေးပင် ဆေးမြစ် ဆေးဥတွေ ရှာဖွေကြရင်းဖြင့် ၁ဝနှစ်ခန့် အတူနေ၊ အတူတွဲဖြစ်ပြီးနောက် သူအလုပ်ထွက်၊ သူ့နေရပ် သူပြန်သွား၍ လူချင်း ကွဲသွားခဲ့သည်။ ကာလအားဖြင့် ဆယ်စုနှစ် တစ်စုကျော်ကျော်မျှပင် ဘယ်မှာနေ၊ ဘာလုပ်သည်ကို မသိ။ သေသည်၊ ရှင်သည်လည်း သတင်းမရ၍ သူ့ကို မေ့နေခဲ့သည်။

တစ်နေ့ ညဉ့်သန်းခေါင်ယံကျော်ကျော်လောက်တွင် ကျွန်တော် အိပ်မက်တစ်ခု မြင်မက်သည်။ အိပ်မက်ထဲ၌ ဆရာကြီးက လူဝတ်ကြောင်ဖြင့် မဟုတ်၊ ရသေ့ဝတ်ဖြင့် ဖြစ်နေသည်။ အလွယ်ရရာ သစ်ဝါးတို့ဖြင့် ဆောက်ထားသော တစ်ပါးနေ တဲကျောင်းလေးအတွင်း၌ တရားထိုင်လျက် ရှိနေသည်။

အရံအတား ဝါးတံခါးလေးကို ဖွင့်ထားသည်။ တဲတံခါးဝ၌ ကျွန်တော်ရပ်လျက် ခဏကြည့်နေမိသည်။ တဲတွင်းသို့ ကျွန်တော် မဝင်ဖြစ်။ သူ့အဓိဋ္ဌာန် မပျက်စေလို၍ တဲကျောင်းအနီးမှ ခွာခဲ့သည်။ တဲကျောင်းလေးတစ်ဝိုက် အမှိုက်မရှိ၊ မြက်မတွေ့ရအောင် လှည်းကျင်း သန့်ရှင်းထားပုံရသည်။

အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ လှည့်ပတ်ကြည့်ရှုမိသောအခါ ကျောင်းနေရာမှာ အတန်ငယ် မြင့်မားသည့် တောင်တစ်လုံး၏ ထိပ်ရှိ ညီညာပြန့်ပြူးသည့် နေရာလေး ဖြစ်နေသည်။ တောင်၏ အချို့နေရာတို့တွင် သစ်ပင်ကြီးငယ်များ ရှိနေသည်။ တောင်ခြေတွင် လျှိုများ၊ မြောင်များက သဘာဝ အဆီးအတားများသဖွယ်ဖြစ်နေသည်။

မျက်စိတစ်ဆုံး မြင်ကွင်းတစ်ဝိုက်တွင် တဲတစ်လုံး၊ အိမ်တစ်အိမ်မျှပင် မမြင်ရ။ လူနေအရပ်နှင့် လှမ်းပုံရသည်။ တဲကျောင်းလေးဆီသို့ ကျွန်တော် ပြန်သွားရန် အလှည့်၌ပင် အိပ်မက်က နိုးသွားသည်။ နာရီကြည့်မိတော့ တစ်နာရီခွဲတိတိကို ပြနေသည်။

တစ်ဖက် အိပ်ခန်းဆီမှ တရှူးရှူးနှင့် ဇနီးသည်က အိပ်မောကျနေသည်။ ကျွန်တော်သည် အိပ်ရာမှ ထ၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ကာ ဘုရားခန်းဝင်ခဲ့သည်။ သောက်တော်ရေလဲ၊ အလင်းတိုင်၊ အမွှေးတိုင်ထွန်းညှိ၊ ဘုရားရှိခိုး ပုတီးစိပ်သည်။ ပြီးနောက် မေတ္တာပို့၊ အမျှဝေခြင်းအမှုကို ပြုသည်။ အထူးအားဖြင့် သေသည်၊ ရှင်သည် မသိရသေးသော ဆရာကြီးကို မေတ္တာပို့ အမျှဝေခြင်းပြုသည်။

"ဘာဖြစ်လို့ အစောကြီးထနေတာလဲ"

ဘုရားဝေယျာဝစ္စကိစ္စရပ်များ ကျွန်တော်ပြုအပြီးတွင် မည်သည့်အချိန်က နိုးလာမှန်းမသိသည့် ဇနီးသည်က မေးသည်။

"ဘာရယ်မဟုတ်ပါဘူးကွာ။ ဆရာကြီးကို ငါ အိပ်မက်မက်ပြီး နိုးတာနဲ့ ထပြီး ဘုရားဝတ်ပြုဖြစ်သွားတာပါ"

"အိပ်မက်က မကောင်းဘူးလား"

"ကောင်းပါတယ်ကွာ။ အိပ်မက်ထဲမှာ ဆရာကြီးက ရသေ့ဝတ်နဲ့ ဖြစ်နေတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com

ဟု အစချီလျက် ကျွန်တော်က အစအဆုံးပြန်ပြောပြမိသည်။ ကျွန်တော့်စကားဆုံးတော့ ဇနီးသည်က ဒွိဟစကားဖြင့် မှတ်ချက်ပြုသည်။

"တို့ဆရာကြီးက အသက်တော့ ရလှပြီ။ နေမယ်ဆိုလည်း နေလို့ရ၊ သေမယ်ဆိုလည်း သေလို့ရတဲ့ အရွယ်ပဲ။ မင်း စွဲလမ်းလို့ မက်တာ ဖြစ်နိုင်တယ်"

"အေးကွာ၊ သေသေရှင်ရှင် နိမိတ်ကတော့ နိမိတ်ကောင်းပါ။ ဆရာကြီး ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ငါ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုတွေကို အမျှဝေမယ်၊ မေတ္တာပို့မယ်လို့ ငါဆုံးဖြတ်ထားတယ်"

ဟု ပြောဖြစ်လိုက်သည်။

◈◈◈

ထို့နောက် နှစ်ပတ်မျှအကြာတွင် ဒုတိယအကြိမ် ဆရာကြီးကို ကျွန်တော် အိပ်မက်မက်ပြန်ပါသည်။ ပထမအကြိမ် မြင်မက်စဉ်ကလိုပင် ဆရာကြီးက ရသေ့ဝတ်ဖြင့် ဈေးလေးတစ်ခုအတွင်း၌ ဖြစ်သည်။ စကျွက္ကြွေချလျက် ခြေလှမ်းစိပ်စိပ် ဖြည်းဖြည်းချင်းကြွကာ သပိတ်ဖွင့် အလှူခံနေသည်။ ကျွန်တော့်ကိုတော့ သူ မမြင်။

ကျွန်တော်က သူ့ရှေ့တွင် သွားရပ်၍ ခေါ်ရိုးခေါ်စဉ်ပင် ဆရာကြီးဟု အသံပြုလိုက်သည်။ သူက ဣန္ဒြေဖြုတ်လျက် ကျွန်တော့်ကို မော့ကြည့်သည်။ သူက ဝမ်းသာသွားဟန်ဖြင့် "ဟကောင်…တင်ကြွယ်၊ မင်းကို ငါတွေ့ချင်နေတာကွ" ဟု ပြောအပြီး ကျွန်တော်နိုးသွားသည်။

တောရကျောင်းများဆီမှ တုံးမောင်းခေါက်သံများကြောင့် ကျွန်တော် အိပ်ရာက ထ,ရသည်။ မီးဖိုခန်းဆီက ဇနီးသည်၏ ပန်းကန်ခွက်ယောက်များ ဆေးကြောနေသံကို ကြားရသည်။ ဆွမ်းပင် ကျက်သွားပြီထင်သည်။ ကျွန်တော် အိမ်ရှေ့ထွက် မျက်နှာသစ်၊ သွားတိုက်၊ ကိုက်လက်သန့်စင်မှုအပြီးတွင် ဘုရားအရုဏ်ဆွမ်းကပ်ရန် ဆွမ်းပွဲကို ဇနီးသည်က ယူလာသည်။

ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ဦး အရုဏ်ဆွမ်းကပ်၊ ဘုရားဝေယျာဝစ္စများ ဆောင်ရွက်အပြီးတွင် နံနက်သရေစာစားရင်း စကားပြောဖြစ်ကြသည်။ ညက အိပ်မက်အကြောင်းကိုလည်း ကျွန်တော်က ပြန်ပြောပြဖြစ်သည်။ အိပ်မက်အရတော့ ဆရာကြီး မသေ။ ရသေ့ဝတ်နေသည်။ ကျွန်တော့်ကို သတိရ တွေ့ချင်နေသည်ဟု တွေးမိသည်။

သည်အိပ်မက်များအရပင် ကျွန်တော်လည်း ဆရာကြီးကို တွေ့ချင်နေသည်။ မကြာခင် တွေ့ရ မြင်ရလိမ့်မည်ဟုလည်း ယုံကြည်မိသည်။

◈◈◈

ကျွန်တော့်အိပ်မက်က ရိုးစင်းလွန်းသည်ဟုတော့ ပြောရမလား မသိ။

ဒုတိယအကြိမ် အိပ်မက်မြင်မက်ပြီး တစ်ပတ်မျှပင် မကြာလိုက်၊ ဆရာကြီးကို အိပ်မက်ထဲကအတိုင်း ဈေးလေးတစ်ခုအတွင်း၌ ရသေ့ဝတ်ဖြင့် တွေ့လိုက်ရသည်။ သည်ဈေးလေးက နဂါးလိမ်တန်း လမ်းနှင့် ဖက်တန်းလမ်းဆုံရာ၌ ရှိသည်။ အရင် ရွှေဆံတော်ဘုရားခြေရင်းဈေးမှ ပြောင်းရွှေ့လာခဲ့၍ "ဘုရားဈေး" ဟုပင် ခေါ်ကြသည်။

ကား၊ ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီးတို့ သွားလာနေသည့်လမ်း။ ဝဲယာဘေး ဆိုင်ခင်းရောင်းချသော ရပ်ကွက်ဈေးဖြစ်၍ လမ်းပိတ်ထားခြင်း မရှိ။ ဝယ်သူကို ယာဉ်ကရှောင်၊ ဝယ်သူက ဖယ်ပေးသည့်အခါ ဖယ်နှင့် အသွားအလာမပျက်၊ အရောင်းအဝယ်မပျက်သည့် ဈေးဖြစ်သည်။

ထို လူသူယာဉ် ရှုပ်ထွေးနေသော ဈေးလေးအတွင်းမှာပင် ဆရာကြီးကို ကျွန်တော်တွေ့သည်။ ဆယ်စုနှစ်တစ်ခုစွန်းစွန်းမျှ မတွေ့မမြင်ခဲ့ရသော်လည်း ကျွန်တော် လူမမှား။ မရိတ်မသတ်ဘဲထားသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ဖြူဖြူရှည်ရှည်နှင့် ဒေါက်ခြာဆောင်းထားသည်က လွဲ၍ နဂိုဟန်ရုပ် မပြောင်းဘဲ တွေ့ရသည်။

"ဘရသေ့…ကျန်းမာပါရဲ့လား"

ကျွန်တော့်နှုတ်ဆက်သံကြောင့် တစ်လှမ်းချင်း ကြွလှမ်းနေသည့် ခြေလှမ်းတို့က ရပ်သွားသည်။ စကျွက္ကြွေချထားခြင်းမှ ဖြုတ်လျက် မျက်လွှာပင့်ကာ ကြည့်သည်။

"အေး၊ ကျန်းမာပါတယ်။ မင်းကို ငါတွေ့ချင်နေတယ်။ ငါ့ဆီ လာခဲ့ပါဦး"

ဟု ပြောပြီး သူတည်းခို သီတင်းသုံးသည့် နေရာ၊ တွေ့နိုင်သည့် အချိန်တို့ကို အမိန့်ရှိပြီး ဖြည်းဖြည်းချင်း ကြွလှမ်းသွားသည်။ ကျွန်တော်ကတော့ လက်အုပ်ချီလျက်ပင် ဘရသေ့နောက်ကြောကို ငေးမောကြည့်နေမိသည်။

ကျွန်တော်အိမ်ပြန်ရောက်တော့ ဘရသေ့နှင့် တွေ့လာခဲ့သည့်အကြောင်းကို ဇနီးသည်အား ပြောပြလိုက်သည်။ သူကလည်း ဝမ်းပန်းတသာဖြင့် ဘရသေ့ကို တွေ့ချင်ကြောင်း ပြောသည်။

◈◈◈

ထိုနေ့ညနေပိုင်းတွင် ဘရသေ့ရှိရာသို့ ကျွန်တော်တို့ ဇနီးမောင်နှံ ရောက်သွားသည်။ ဘရသေ့ကို အိပ်မက်နှစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

ရကြောင်း၊ ပထမအကြိမ်က စိတ်စွဲလမ်း၍ မက်သည်ဟု ထင်ပြီး ဒုတိယအကြိမ် အိပ်မက်ထပ်ရသည့်အခါ၌ ဆရာကြီး ရသေ့ဝတ်နေသည်၊ သက်ရှိထင်ရှားပင် ရှိနေသည်ဟု ယုံကြည်သွားခဲ့သည့်အကြောင်း ဇနီးသည်က လျှောက်ထားသည်။

"အေးကွာ၊ ငါလည်း မင်းတို့ကို သတိရတာနဲ့ ငါ ရသေ့ဝတ်နေတယ်၊ တောထဲ တောင်ထဲမှာ အဓိဋ္ဌာန်ဝင်နေတယ်လို့ မင်းတို့သိအောင် အိပ်မက်ပေးတာပါ။ နောက်တစ်ခါ အိပ်မက်က ငါ အဓိဋ္ဌာန်ရက်စေ့ပြီး ဂန္ဓာရီလုည့်ရင်း ပြည်ကို လာမယ်။ မင်းတို့ကို တွေ့ချင်တယ်လို့ သိစေချင်တာနဲ့ အိပ်မက်ပေးတာပါ"

ဘရသေ့အပြောကြောင့် ကျွန်တော် အံ့အားသင့်ကာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကျွန်တော့်ပုံကို ကြည့်ပြီး ဘရသေ့က ပြုံးနေသည်။

"ဟကောင်...မင်းကို ငါအိပ်မက်ပေးတယ်ဆိုလို့ ထူးဆန်းအံ့သြနေသလား။ ဒါဟာ ရှေးရှေးတုန်းက ဆရာ့ဆရာကြီးတွေ သုံးခဲ့တဲ့ အင်းအတတ်ပညာကွ။ ငါထွင်ထားတာ မဟုတ်ဘူး။ ဒီအစီအရင်ကို တတ်ထားရင် မင်းလည်း ငါ့ကို အိပ်မက်ပြန်ပေးလို့ ရတယ်။ မင်းနဲ့ ကွဲကွာနေတဲ့ အပေါင်းအသင်း မိတ်ဆွေကိုလည်း မင်း အိပ်မက်ပေးလို့ ရတယ်ကွ"

ဘရသေ့အပြောကြောင့် ကျွန်တော်က အိပ်မက်စေသည့် အင်းအကြောင်း၊ အင်းစီရင်ပုံကို ရှင်းပြပေးဖို့ လျှောက်ထားရသည်။

သည်တော့လည်း ဘရသေ့က မိမိအိပ်မက်စေလိုသူ၏ နံသင့် သစ်ပင်၊ သစ်ရွက်၊ ပစ္စည်းအသားပေါ်တွင် စတုရန်းသုံးကွက်တန်း ကိုးကွက်အင်းကို ရေးရမည်။ ထိုအင်းတွင် အင်းဆံအဖြစ် "စကွာပါထ မာဂန္ဓတိ" ဟူသော အင်းဆံကို လက်ယာထောင့်ကွက်မှစ၍ မြင်းသွား သွားပြီး သွင်းရမည်။ အလယ်တွင် မက်စေလိုသူ၏ နေ့နံသင့် ဂဏန်းသွင်းရမည်။

ထိုသို့ စီရင်ပြီး မိမိရေးဆွဲထားသည့် အင်း၏ အလေးချိန် ခုနစ်ဆရှိသော ပျားဖယောင်းနှင့် အပ်ချင်မျှင် ခုနစ်မျှင်ကို မီးဇာထည့်သွင်း၍ မီးလင်းတိုင် ပြုလုပ်ရမည်။

ပြုဖွယ်မှန်သမျှ ဆောင်ရွက်ပြီးလျှင် ညဉ့်သန်းခေါင်ကျော် တစ်ဗဟိုကျော်လောက်ရှိသည့်အခါ မိမိမြင်မက်စေလိုသည့်သူ အိပ်ပျော် အိပ်မောကျနေလောက်ပြီ ထင်ကာမှ အင်းကို အခံပြုပြီး စီရင်ထားသည့် မီးတိုင်အား မီးထွန်းညှိစိုက်ထားရမည်။

မီး စတင်ထွန်းညှိချိန်ကပင် စီရင်သူ၏ ကောင်းသော ဆန္ဒသည် ပြည့်စုံစေသတည်း၊ ဖြစ်စေသတည်းဟု ဆုတောင်းရမည်။ ပြီးနောက် မိမိမြင်မက်စေလိုသူသို့ အာရုံညွှတ်လျက် မက်စေလိုသည့် အရာ၊ ပြောလိုသည့် စကားတို့ကို ပြောရမည်။ ထိုသို့ စီရင်ဆောင်ရွက်ပါက မိမိမြင်မက်စေလိုသူသည် ကျိန်းသေ မြင်မက်စေသည်ဟု ပြောပါသည်။

ထို့နောက် ကျွန်တော်သည် ဘရသေ့ အမိန့်ရှိသည်တို့ မမှားယွင်းစေရန် ကိုးကွက်အင်းနှစ်ချပ်ကို အရင်ရေးဆွဲသည်။ အင်းဆံကို မြင်းသွားသွားရမည်ဆို၍ မြင်းသွားမှန်ရန် ဂဏန်းစဉ်ဖြင့် ရေးမှတ်သည်။ အင်းဆံကိုလည်း (၁) စ၊ (၂) ကွာ၊ (၃) ပါ၊ (၄) ထ၊ (၅) မာ၊ (၆) ဂ၊ (၇) န္ဓ (၈)တိ၊ အလယ်ကွက်တွင် မိမိမြင်မက်စေလိုသူ၏ နေ့နံသင့် ဂဏန်းရေးသွင်းရန်ဟု မှတ်သားလိုက်သည်။

ထိုအခါ ဘရသေ့က...

"ဟကောင်...မင်းကလဲကွာ၊ ကိုးကွက်အင်းလေး အင်းဆံသွင်းဖို့ကို ဒီလောက်အသေးစိတ် မှတ်နေရသလား"

ဘရသေ့က ပြောလည်း ပြော၊ ကျွန်တော် မှတ်သားထားသည့် စာအုပ်ကိုလည်း ဆွဲယူကြည့်သည်။ ကျွန်တော် ရေးမှတ်ထားသည့် အင်းပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | နံ | ၂ |
| ၃ | ၈ | ၅ |

(မြင်းသွားအင်းဆံ ဂဏန်းစဉ်အတိုင်းထည့်ရန်)

| | | |
|---|---|---|
| စ | ထ | န္ဓ |
| ဂ | နံ | ကွာ |
| ပါ | တိ | မာ |

(အင်းဆံအက္ခရာဖြင့် သွင်းပြီး)

ဘရသေ့ ပြောလည်း ပြောစရာ။ ကိုးကွက်အင်းမှာ အကွက်ကိုးကွက်သာ ရှိ၍၊ အင်းဆံက ရှစ်ခုသာ ရှိသည်။ စ,ထည့်သည့်အကွက်မှ မြင်းသွား ရှစ်ခါသွား၍ အလယ်ကွက်က နံသင့်ဂဏန်းရေးသွင်းလျှင်ပင် အင်းက ပြီးပြီ။ မှားစရာမလို။ ကျွန်တော်က အရှက်ပြေပြင် ပြောရသည်။

"ကျွန်တော့်အဖို့တော့ လွယ်ပါတယ်။ ဘရသေ့ တပည့်မ လို လူပြိန်းနားလည်အောင် မှတ်ထားတာပါ"

ဟု ဆိုလိုက်ရာ ဇနီးသည်က ကျွန်တော့်ကို မျက်စောင်းတစ်ချက်ထိုး၍ နှုတ်ခမ်းကိုလည်း ရွဲ့ပြသည် ■

* * *

ဒမောင်ဆွေမြို့ကော



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လောကမှာ ကြွေးမြီကင်းပြီဆိုရင် ကြွေးကင်းခြင်းကြောင့် ချမ်းသာရသလိုပဲ၊ သံသရာခရီးလမ်းမှာလည်း ကြွေးကင်းရမယ်။ ကြွေးကင်းစေရမယ်ဆိုတာ အထူးသဖြင့် သီလကုသိုလ်ကို ပြောတာ။ ငါ ဘယ်သူ့ကိုမှ သတ်ဖြတ်ပြီး ကြွေးတင်အောင် မပြုခဲ့ဘူး။ မည်သူ့ကိုမျှ မညဦးဆဲခဲ့ဘူး။ သူတစ်ပါး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် သူတစ်ပါးရဲ့ ပစ္စည်းကို လိမ်ညာမှု၊ ယူငင်မှု၊ သူတစ်ပါးအိမ်သူအိမ်သားတွေ စိတ်ဆင်းရဲအောင် ကာမေသုမိစ္ဆာစာရ ပြစ်မှားမှု စတဲ့ ဒုစရိုက်ကြွေးတွေ ကင်းခဲ့တယ်။

ကြွေးဆိုတာ အထူးသဖြင့် ဝဋ်ကြွေး။ ဝဋ်ကြွေးဆိုတာ မိမိက သူတစ်ပါးကို အသေသတ်ခဲ့ပြီဆိုပါတော့။ သူများသားမယားကို ပြစ်မှားခဲ့ပြီဆိုပါတော့ အဲဒီ ဝဋ်ကြွေးက ပြန်လာတော့တာပါပဲ။

*အရှင်ကုဏ္ဍာလာဘိဝံသ (နာယကချုပ်)*

*မဟာဂန္ဓာရုံ၊ အမရပူရမြို့။*

◈◈◈

သီလလုံခြုံသူသည် လိုအင်ဆန္ဒပြည့်ဝသည်။ စိတ်ကြည်လင်သည်။ စိတ်တန်ခိုးကြီးမားသည်။ ထို့ပြင် ငါးပါးသီလသည် အသက်ရှည်ဆေးလည်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း ဒါန(ပေးကမ်းစွန့်ကြဲခြင်း)၊ သီလ(စောင့်စည်းခြင်း)၊ ဘာဝနာ(ရှုမြင်ပွားများခြင်း)ဆိုသည့် အကြောင်းတရားသုံးပါးကို လိုက်နာကျင့်သုံးရပေမည်။

ယခုဆောင်းပါးတွင် ကျွန်တော်ပြောချင်သည်မှာ သီလနှင့် ပတ်သက်သည်။ အထူးသဖြင့် ငါးပါးသီလပင် ဖြစ်၏။ ငါးပါးသီလဆိုသည်မှာ -

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မည်)။

အဒိန္နာဒါန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်မည်)။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (ကာမဂုဏ်မှားခြင်းမှ ရှောင်ကြဉ်မည်)။

မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မည်)။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ (အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်မည်)တို့ ဖြစ်သည်။

ထိုသီလငါးပါးထဲမှ ကျွန်တော် တင်ပြလိုသည်မှာ ကာမဂုဏ်မှောက်မှားခြင်းကိစ္စပင် ဖြစ်သည်။

လူ့သဘော သဘာဝအရ ယောကျ်ားက မိန်းမကို တောင့်တကြသလို မိန်းမကလည်း ယောကျ်ားကို တောင့်တကြသည်။ အပြန်အလှန် လိုအပ်ချက်ရှိနေကြခြင်းလည်း တူသည်။ ထို့ကြောင့်···

"ယောကျ်ား၏ စိတ်ကို ဆွဲဆောင်နိုင်သော အဆင်းသဏ္ဍာန်တို့တွင် မိန်းမ၏ အဆင်းသဏ္ဍာန်နှင့် တူသော ဆွဲဆောင်နိုင်သော အခြားသော အဆင်းသဏ္ဍာန်ကို ငါဘုရား မြင်တော်မမူ။ ထို့အတူ မိန်းမစိတ်ကို ဆွဲဆောင်နိုင်သော အဆင်းသဏ္ဍာန်တို့တွင် ယောကျ်ား၏ အဆင်းသဏ္ဍာန်နှင့် တူသော၊ ဆွဲဆောင်နိုင်သော အခြားသော အဆင်းသဏ္ဍာန်တို့ကို ငါဘုရား မြင်တော်မမူ"

ဟု ဟောတော်မူသည်။

ထို့ကြောင့် ရှောင်ရှားအပ်သော မိန်းမများမှာ ကာမ... လင်ရှိသော မိန်းမ၊ တစ်ခဏ ကာမပိုင်ယောကျ်ားရှိသော မိန်းမ၊ အုပ်ထိန်းစောင့်ရှောက်သူရှိသော မိန်းမ၊ စေ့စပ်ထား... သော မိန်းမ စသည့် မိန်းမများကို ပေါင်းဖော်မိလျှင် ကာမေသုမိစ္ဆာစာရကံ မြောက်၏။ သေလွန်စဉ် ငရဲသို့ ရောက်... ငရဲမှ လွတ်လာလျှင်လည်း နပုန်းပဏ္ဍုက်ဖြစ်၏။ ထို့ကြောင့် ငါးပါးသီလကို အစဉ်စောင့်ထိန်းဖို့ လိုအပ်လှပေသည်။

◈◈◈

ကာလတစ်ခုတုန်းက ကျွန်တော်သည် ဝန်ထမ်း... တစ်ယောက်ဖြစ်သည်။ အိမ်ထောင်လည်း မရှိသေးသ... လွတ်လပ်သည်။ သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်... ထိုင်သည်။ ဘောလုံးပွဲသွားသည်။ လောင်းကစားနှင့် အရက်... တော့ ကင်းသည်။ အမြဲတွဲသော သူငယ်ချင်းသုံးယောက်... တွင် "ကျော်စွာဦး"ဆိုသည့် သူငယ်ချင်းက ရုပ်ရည်ချော... သည်။ အသားဖြူသည်။ စကားပြောလည်း ကောင်းသည်... သို့သော် သူမှာ အိမ်ထောင်နှင့် ကလေးတစ်ယောက်ရှိသည်... သူ၏ အိမ်ထောင်ဖက်မှာ သူကိုယ်တိုင်ချစ်လို့ ယူထားခြင်း... ဖြစ်သည်။ သူက စာပေလည်း ဝါသနာပါသဖြင့် ... ဆောင်းပါးလေး အနည်းငယ်ရေးသော ကျွန်တော့်ကို တ... သူတွေထက် ပိုခင်သည်။ ကိုယ်ရေးကိုယ်တာကိစ္စတချို့... လည်း တိုင်ပင်လေ့ရှိသည်။

သို့သော် အခုတစ်လော သူ ကျွန်တော်တို့ ထိုင်နေ... လက်ဖက်ရည်ဆိုင်လေးသို့ ရောက်မလာသလို၊ ... စာအုပ်ဆိုင်လေးသို့လည်း လာတာ မတွေ့ရပေ။ ကျွန်တော်...




www.burmeseclassic.com

www.burmeseclassic.com





ကလည်း မေ့မေ့ပျောက်ပျောက်သဘောထားကာ ကိုယ့်အလုပ်များနှင့်ကိုယ် လည်ပတ်နေမိသည်။ သို့သော် အလုပ်ရက်တစ်ရက်တွင် ကျွန်တော့်အိမ်သို့ သူ့မိန်းမ ရောက်ခဲ့လေသည်။

"အစ်ကိုရေ... အခုတစ်လော အစ်ကို့သူငယ်ချင်းတွေ ပျက်နေတယ်။ ဈေးထဲက ဆိုင်ကိုလည်း သူညီအားပြီး အပြင်ခဏခဏသွားတယ်။ ညနေ ပြန်တော့ မိုးချုပ်တယ်"

"ဟုတ်လား။ ဒီကောင် အစ်ကို့ဆီ မလာတာ ကြာပြီ။ သတင်းကြားလို့လဲ"

"တိတိကျကျတော့ ကျွန်မ မသိဘူး။ အမျိုးသမီးယောက်နဲ့ တွဲနေတယ်တဲ့"

"အေး၊ အဲဒါတော့ ဖြစ်နိုင်တယ်။ ဒီကောင်က ရုပ်တယ်၊ အပြောကောင်းတယ်"

"မဖြစ်သင့်ဘူးပေါ့ အစ်ကိုရယ်။ အဲဒီအမျိုးသမီးမှာ အိမ်ထောင်ရှိတယ်တဲ့။ အဲဒါ အစ်ကိုလည်း နည်းနည်း သတိပေးပါဦး။ အစ်ကိုက စာရေးဆရာဆိုတော့ ကိုတော့ သူ လေးစားပါတယ်"

"အေးပါ၊ အစ်ကို သူနဲ့ တွေ့အောင် ကြိုးစားပြီး ပါ့မယ်။ နောက်ပြီး အဲဒီကိစ္စက အရမ်းအပြစ်ကြီးတယ်"

◈◈◈

သည်လိုနှင့် တစ်ရက်မှာ သူငယ်ချင်း ကျော်စွာဦးနှင့် ခံရုံဖြစ်သည်။ သူတစ်ပါးသားမယားကို ကျူးလွန်လျှင် အပြစ်ကြီးကြောင်းနှင့် ဘဝအဆက်ဆက် ငရဲခံရကြောင်း ကျွန်တော် ဖတ်ဖူးသမျှတို့ကို ကိုးကားပြီး ပြောပြသည်။ သူငယ်ချင်းက ပြုံးသည်။ "အေးပါ၊ ငါ ဆင်ခြင်ပါ့မယ်"ဟု နှစ်သိမ့်စကားဆိုရင်း လူချင်းခွဲလိုက်ကြသည်။

သို့သော် သူငယ်ချင်းက ကျွန်တော့်စကားကို အလေးအနက်ထားပုံမပေါ်ပေ။ အိမ်ထောင်ရှင် အမျိုးသမီးနှင့် ဆက်တွဲသည်။ အမျိုးသမီး၏ ခင်ပွန်းက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေသဖြင့် သူတို့ ဆက်လက်တွဲဖြစ်နေလေသည်။

သူ့မိန်းမကလည်း မကြာခဏ ကျွန်တော့်အိမ်လာသည်။ ကလေးလေးလည်း ပါလာသည်။ ကလေးက ၂နှစ်အရွယ်။ ကျွန်တော်နှင့် ကျွန်တော့်အဒေါ်က ချော့မော့နှစ်သိမ့်ရသည်။ သူငယ်ချင်းကတော့ အချိုးမပြင်သေး။ ကျွန်တော်တို့လည်း စိတ်မကောင်းရုံက လွဲပြီး မည်သို့မျှ မတတ်နိုင်။ နောက်ပိုင်း ကျွန်တော်က မကြာခဏ ပြောလွန်းသဖြင့် သူငယ်ချင်းကလည်း ကျွန်တော်တို့နှင့် အဆက်အသွယ်မလုပ်တော့ပေ။

သို့သော် သူ့မိန်းမကတော့ ကျွန်တော်နှင့် ကျွန်တော့်အဒေါ်ထံ လာရောက် ငိုကြွေးဆဲ။ အကူအညီတောင်းဆဲပင် ဖြစ်သည်။ ကြားထဲက ဘာမှနားမလည်သော ကလေးလေးအတွက် စိတ်မကောင်းဖြစ်ကြရသည်။ ထို့အတူ သူငယ်ချင်း၏ အကုသိုလ်အလုပ်အတွက် တွေးမိတိုင်း ကြောက်လန့်နေမိသည်။ ဘုရားရှင်၏ ညီတော် အာနန္ဒာသည်ပင် မိန်းမဘဝဖြစ်ခဲ့သည်။ နပုန်းပဏ္ဍုက်လည်း ဖြစ်ခဲ့ရဖူးလေသည်။

◈◈◈

ဘုရားရှင်၏ ညီတော် အာနန္ဒာသည် ကမ္ဘာတစ်သိန်းပတ်လုံး ပဒုမုတ္တရ မြတ်စွာဘုရားထံ ဆုပန်ကာ ပါရမီတော်တို့ကို ဖြည့်ဆည်းခဲ့ပြီး ရင့်မာသော ပါရမီရှိသော်လည်း ဘဝတစ်ခုတွင် မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်တွင် ရွှေပန်းထိမ်သည်တစ်ယောက်၏ သားဖြစ်ခဲ့ရသည်။ ထိုစဉ်က သူသည် ဆင်းဥစ္စာပြည့်စုံသည့်အပြင်၊ မကောင်းသော အဆွေခင်ပွန်းများနှင့် ပေါင်းဖော်မိသောအခါ ကြောက်ရွံ့ ထိတ်လန့်ခြင်းကင်းကာ၊ သူတစ်ပါးသားမယားတို့အား ကျူးလွန်မိလေသည်။

သို့သော် ထိုကာမေသုမိစ္ဆာစာရကံ၏ အကျိုးကို ပန်းထိမ်သည်သားဘဝတွင် မခံစားရဘဲ၊ ထိုဘဝချုပ်ငြိမ်းပြီးနောက် ဝံသတိုင်း၊ ကောသမ္ဗီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေး၏ တစ်ဦးတည်းသော သားဘဝရောက်သည့်အခါမှာလည်း သူ့ မကောင်းမှုက သူ့ကို အကျိုးပေးခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com

ပေ။ ထိုဘဝ၌ပင် အဆွေခင်ပွန်းကောင်းတို့နှင့် ပေါင်းကာ ကောင်းမှုကုသိုလ်များ ပြုလေသည်။ သို့သော် ထိုသူဌေးသား ဘဝမှ ကွယ်လွန်သောအခါ ယခင် ပန်းထိမ်သည်ဘဝက မကောင်းမှုက အကျိုးပေးကာ မဟာရေရုဝ ငရဲသို့ ကျရောက်သွားခဲ့လေသည်။

သို့သော် မကောင်းမှု အကုသိုလ်ကံက ထိုမျှနှင့် မပြီးသေးပေ။ မဟာရောရုဝ ငရဲ၌ ကာလပေါင်း သိန်းသောင်းကုဋေ ဆင်းရဲခံပြီးနောက် ငရဲသားဘဝ ပြီးဆုံးသောအခါ ဘိန္နာဂုတတိုင်းရှိ ဆိတ်မဝမ်းတွင် ပဋိသန္ဓေတည်လေ၏။ ထိုဆိတ်မ ဝမ်းမှ ဖွားပြီး အရွယ်ရောက်သည်နှင့် ပြုခဲ့ဖူးသော ကာမေသုမိစ္ဆာစာရကံကြောင့် ဝှေးစေ့ထုတ်ပစ်ခံရခြင်း၊ ကျော၌ အစီးခံရခြင်း၊ ယာဉ်ရထားတို့ကို ဆွဲရခြင်း စသည့် ဒုက္ခများကို ခံစားရပြန်သည်။

ထိုဆိတ်ဘဝမှ သေလွန်သောအခါ မျောက်မဝမ်းတွင် ပဋိသန္ဓေနေရပြန်၏။ အချိန်ရောက်၍ ဖွားမြင်ပြီးသောအခါ မျောက်ကြီးက ငါ့သားကို ခေါ်ခဲ့ဟု ဆိုကာ မျောက်ငယ်ဝိုတမ်းစဉ် ဝှေးစေ့ကို သွားဖြင့် ကိုက်ဖြတ်၍ သတ်လေသည်။ (ကာမေသုမိစ္ဆာစာရကံ၏ အကျိုးဆက်ပင် ဖြစ်သည်။)

သည်လိုနှင့် မျောက်ဘဝပြီးနောက်၊ နောက်တစ်ဘဝတွင် နွားမဝမ်း၌ သန္ဓေတည်ပြန်သည်။ သို့သော် ယခင်ဘဝများကအတိုင်းပင် နွားရှင်က ဝှေးစေ့ကို ထုတ်ကာ ထွန်နွား၊ တိုက်နွားအဖြစ် ခိုင်းလေသည်။

ထိုနွားဘဝမှ လွန်သော် ဝဇ္ဇီတိုင်း၌ ယောက်ျားမဟုတ်၊ မိန်းမ မဟုတ်၊ နပုန်းပဏ္ဍုက်ဖြစ်ပြန်သည်။ ထိုနပုန်းပဏ္ဍုက် (မိန်းမလျာ)ဘဝမှ သေလွန်သောအခါ တာဝတိံသာနတ်ပြည်မှ သိကြားမင်း၏ မိဖုရား နတ်မိန်းမဖြစ်ရပြန်သည်။ နတ်မင်းမိဖုရားသည် အတိတ်ဘဝ ခုနစ်ဘဝကိုလည်း မြင်နိုင်၏။ အဘယ်ကြောင့် နတ်စည်းစိမ်ကို ရသနည်းဟု ဆင်ခြင်သော် ကောသမ္ဗီပြည်၌ သူဌေးသားဘဝက သူတော်ကောင်းတို့နှင့် ပေါင်းကာ ကောင်းမှုကုသိုလ် အားထုတ်ခဲ့သောကြောင့် ဖြစ်သည်ကို သိခဲ့ရ၏။

ထို့ကြောင့် မကောင်းမှုဟူသည် ဝဋ်ကြွေးပင် ဖြစ်၏။ အရှင်အာနန္ဒာသည် ပန်းထိမ်သည်သားဘဝက ကာမဂုဏ် ကျူးလွန်ခဲ့သောကြောင့် ရောရုဝ ငရဲကျခဲ့၏။ နွားဘဝ၊ ဆိတ်ဘဝ၊ မျောက်ဘဝ၊ ဘဝများစွာ ဝှေးစေ့အထုတ်ခံရပြီး ဒုက္ခရောက်ခံခဲ့ရသည်။ မိန်းမဘဝ (၁၄)ကြိမ်ဖြစ်ခဲ့ရသည်။ ခုနစ်ဘဝ ဝှေးစေ့အထုတ်ခံခဲ့ရသည်။ မိန်းမလျာလည်း ဖြစ်ခဲ့ရသည်။ အကုသိုလ်၏ အကျိုးဆက်ပင် ဖြစ်သည်။



ထို့ကြောင့် ယောက်ျားသည် မိန်းမ၏ ရူပါရုံ၊ သဒ္ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကို စိတ်ညွတ်၏။ မိန်းမသည်လ ထိုနည်းတူပင်။ သို့သော် ညွတ်သောစိတ်ကို ထိန်း စောင့်ရှောက်ခြင်းဖြင့် အကုသိုလ်ကံစွမ်းများကို ဆင်ခြင် ရှားဖို့သာ လိုအပ်လှပေသည်။ ■

* * *

မော


ကိုးကား

- သံဝေဂဝတ္ထုဒီပနီ (ဒက္ခိဏာရာမတိုက်ဆရာတော်)။



www.burmeseclassic.com

www.burmeseclassic.com




ဆံတော်ရှင် ဦးဇိနစေတီတော်ရှိ ရုပ်ပွားတော်
မော်လမြိုင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဇိနမာန်အောင်စေတီတော် ခေါ် ဆံတော်ရှင် ဦးဇိနစေတီတော်

■ မြမဥ္ဇူဝေ (ကျုံမငေး) ■






မြန်မာနိုင်ငံအတွင်း တည်ရှိနေသော ပြည်နယ်တိုင်းဒေသကြီးများသည် ဗုဒ္ဓသာသနာ နေလပမာ ထွန်းလင်းဖြာပြီး သာသနာတည်သော ဒေသကြီးများပင် ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဓာတ်တော်၊ မွေတော်၊ ဆံတော်မြတ်များဖြင့် ကိန်းအောင်းတည်ထား စေတီဘုရားများသည်လည်း များလှစွာတည်။ အထူးသဖြင့် ဆံတော်မြတ်များ ထည့်သွင်း ဌာပနာပြု တည်ထားခဲ့သော စေတီ၊ ဘုရားများသည် မွန်ပြည်နယ်အတွင်း၌ အလွန်များပြားစွာ တည်နေသည်ကိုလည်း ဖူးတွေ့သိမြင်ခဲ့ရပြီးဖြစ်၏။

မွန်ပြည်နယ်၏ မြို့တော်၊ မော်လမြိုင်မြို့တွင် ဖူးတွေ့ခဲ့ရသော ဆံတော်ရှင်စေတီတစ်ဆူမှာ ရှေးနှစ်ပေါင်းများစွာ



www.burmeseclassic.com

www.burmeseclassic.com






အခါက မွန်လူမျိုးတို့၏ အထွတ်အမြတ်ထား ကိုးကွယ်ခဲ့သော "ကျိုက်ပတန်စေတီ" ရှိပါသည်။ နှစ်ကာလအချိန်အခါ ကြာခဲ့သည်နှင့် ထိုစေတီမှာ ဆိုပေါင်းပြိုပျက်ခဲ့သောကြောင့် မော်လမြိုင်နယ်စား "ဥဇနာ"မှ စေတီတော်အား ပြုပြင်ခဲ့သောကြောင့် "ဥဇနာဘုရား"။ ထိုမှ "ဦးဇိနာဘုရား"ဟု တွင်ခဲ့ခြင်းဖြစ်သည့်ဟု ဒေသခံများ၏ ပါးစပ်ရာဇဝင် စကားကို မှတ်သားခဲ့ရပါသည်။

နောင်သောအခါတွင်လည်း ဤကဲ့သို့ပင် ယိုယွင်းပျက်စီးခဲ့ပြန်ရာ စေတီကြီး၏ အခြေအနေမှာ အုတ်ပုံကြီးပမာ ဖြစ်သွားသောကြောင့် မွန်မြန်မာသူဌေးကြီးများဖြစ်သော ဦးသာညွှန်းနှင့် ဦးမိုးမှ ဒါယကာအလှူရှင်အဖြစ် ခံယူကာ၊ ပြုပြင်ခဲ့သည့် မှတ်တမ်းများလည်း ရှိကြောင်း သိရပြန်၏။

မွန်ရာဇဝင်၊ မော်လမြိုင်မြို့တွင်းရှိ စေတီဘုရားမှတ်တမ်းများတွင်လည်း ဤသို့ရေးဖွဲ့ထားသည်ဟု ဒေသခံများက ဆိုပါသည်။ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဂေါတမဗုဒ္ဓဘုရားရှင်ထံမှ "ဇိန"ရသေ့ကြီး ရရှိလာသော ဆံတော်ရှင် ၇ဆူအား ဌာပနာသွင်း၍ စေတီတစ်ဆူတည်ခဲ့၏။ စေတီကြီး၏ ဘွဲ့မည်မှာလည်း ဇိနရသေ့ကြီးကို အကြောင်းပြု တည်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com


ကြောင့် "ဦးဇိနစေတီ" ဟု ခေါ်ခဲ့ကြ၏။

၁၁၉၅ ခုနှစ်တွင် ဦးလူကလေး၊ ဒေါ်မိတို့မှ ဉာဏ်တော်အမြင့် ၇၅ ပေအထိ မွမ်းမံပြင်ဆင်လျက် ၁၁၉၆ခုနှစ်တွင် ထီးတော်ကိုလည်း တင်လှူခဲ့၏။

၁၂၄၈ ခုနှစ်တွင် ဦးမိုး၊ ဒေါ်ငြိမ်းကောင်းတို့မှ ဉာဏ်တော် ၁၃၈ ပေအထိ တိုးမြှင့်ခဲ့ပြီး သုံးနှစ်တိုင်တိုင် ပြုပြင်မှုများဖြင့် စေတီတော်အား စောင့်ရှောက်ခဲ့ကြ၏။

သက္ကရာဇ်ချိန်ခါ ကြာလာသောအခါ စေတီကြီးမှာလည်း အိုခဲ့၊ ဟောင်းခဲ့ရပြန်ရာ ၁၃၁၈ ခုနှစ်တွင် သတိုးသီရိသုဓမ္မ ဆာဦးသွင်နှင့် ဇနီး လေဒီသွင်၊ မော်လမြိုင်မြို့ ဒေါ်စိန်မမကြီးနှင့် သမီး ဒေါ်မြတင်၊ မော်လမြိုင်မြို့ မရမ်းကုန်း











www.burmeseclassic.com

www.burmeseclassic.com



ပ်မှ ဦးကျော်စိန်နှင့် ဇနီး ဒေါ်ချောညွန့်၊ မုဒုံမြို့နေ ဦးတိုင်၊ ဇနီး ဒေါ်ဖော့တို့မှ စုပေါင်း၍ ထိုနှစ် တပို့တွဲလပြည့်နေ့တွင် ပန်းဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို အသစ်တင်လှူခဲ့ကြ ပါသည်။


ဤသို့ဖြင့် ပြိုတစ်ခါ ပျက်တစ်လှည့်ဖြင့် ပြုပြင်သူ စေတနာရှင်၊ အလှူရှင်များနှင့် ကြုံဆုံကာ ပြန်လည်ပြုပြင် ခဲ့သော "ဦးဇိနစေတီတော်"ကို "ဇိနမာန်ဖေအောင် စေတီ တော်"ဟုလည်း ခေါ်ကြ၏။ ထို့ကြောင့် ဆံတော်ရှင် ဦးဇိန စေတီတွင် အမည်ဘွဲ့ကွဲများ ရှိနေသည်ကိုလည်း မှတ်သား ရပါသည်။

ထို့အပြင် ရေးယခင် စေတီတည်ထားစ အချိန်မှစ၍ ပျက်စီးမှုမပျက် တည်ထားကိုးကွယ်ခဲ့သော ရုပ်ပွားဆင်းတုများ ကိုလည်း ဖူးတွေ့ကြရမှာ ဖြစ်သည်။ ရေးယခင် ၁၂၇၂ ခုနှစ်အခါက သူဌေးကြီး ဦးသာညွှင်း ဆောက်လုပ်လှူဒါန်း သော ဝတ်ကျောင်းတော်ကြီးတစ်ဆောင်ကို ယခုအခါ ပြုပြင်မွမ်းမံထားသည်မှာ အသစ်တည်ဆောက်ထားသည့် အသား တွေ့မြင်ရပါသည်။

မော်လမြိုင်မြို့၏ နာဂဝိသ တောင်တန်းပေါ်မှ စေတီ တော်များစွာတွင် တစ်ဆူအပါအဝင်ဖြစ်သော ဦးဇိနစေတီ တော်သည် သမိုင်းစာမျက်နှာပေါ်မှ မှတ်သားမှုများအရ မြတ်စွာဘုရားရှင်၏ ဆံတော်မြတ် ဂုဆူဖြင့် ဌာပနာပြုထားသော စေတီဟု မှတ် သားကြရမှာ ဖြစ်၏။ အေးချမ်းတိတ်ဆိတ်စွာဖြင့် ဘုရားဖူး များ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်သည်ဖြစ်၍ တစ်ခါတစ်ခေါက် ဘုရားဖူးရောက်လျှင်ဖြင့် များစွာသော သဒ္ဓါကြည်နူးစိတ်များ ဖြစ်ပေါ်ရမည်မှာ ကေန်အမှန်ဖြစ်ပါသည်ဟု စာရေးသူ ထင်မြင် ယူဆမိပါသည်။ ကိုယ်တိုင်လည်း ဤသို့ပင် ခံစားခဲ့ရပါ သည်■

* * *

မြမဥ္ဇူခေ(ကျုံမငေး)





www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်နောင်လ

# ရဟန္တာဖြစ်သွားေ
# လယ်သမာ

www.burmeseclassic.com

www.burmeseclassic.com

လယ်သမားငါးရာ လယ်ထွန်ဆင်းတဲ့ အချိန်ကြာပြီ။ နက်စောစောကတည်းက မိုးရွာတာကလည်း တဖွဲဖွဲ၊ ချွေးတွေကလည်း တရွှဲရွှဲ။ သူတို့ပဲ ပင်ပန်းတာမဟုတ်ဘူး၊ ထွန်တုံးငါးရာပိုင်ဆိုင်တဲ့ သူတို့လယ်သမားတွေရဲ့ ခေါင်းဆောင် လယ်သမားကြီး "ကသိဘာရဒွါဇ" ပုဏ္ဏားကြီးလည်း ပင်ပန်းနေတာပဲ။ ဆာလောင်နေတာပဲ။

ဒါကြောင့် ထမင်းစားဖို့ ပြင်ကြတယ်။ လယ်သမားတွေက သူတို့နေရာနဲ့ သူတို့။ ကသိဘာရဒွါဇ ပုဏ္ဏားကြီးကလည်း သူ့နေရာနဲ့ သူ။

ကသိဘာရဒွါဇ ပုဏ္ဏားကြီးက ရွှေနဲ့ ငွေ ရောစပ်လုပ်ထားတဲ့ လင်ပန်းကြီးထဲမှာ စားကောင်းသောက်ဖွယ်တွေကို ပြင်ဆင်ပြီးနေပြီ။ အားရပါးရစားတော့မယ့်ဟန် ပြင်တဲ့အချိန်၊ မြတ်စွာဘုရားရှင်ကို ပုဏ္ဏားကြီး မြင်တော်မူလိုက်တယ်။ မြတ်စွာဘုရားရှင်က သူ့ရှေ့မှာ ခြေတော်စုံရပ်လို့ သပိတ်တော်ကို ပိုက်လို့။

ပုဏ္ဏားကြီးက သူစားတော့မယ့် ထမင်းတွေ၊ ဟင်းတွေကို မြတ်စွာဘုရားရှင်က ဆွမ်းအဖြစ် အလှူလာခံတယ်လို့ ထင်လိုက်တာ။ ဆာကလည်း ဆာ၊ ပင်ပန်းကလည်း ပင်ပန်းဆိုတော့ သူစားမယ့်  ထမင်းတွေ၊ ဟင်းတွေ လှူဖို့ သဒ္ဓါတရားမရှိတဲ့အပြင် စိတ်ဆိုး ဒေါသထွက်ပြီး···

"အရှင်ဘုရား···တပည့်တော်တို့လို စားချင်သောက်ချင်ရင် တပည့်တော်တို့လို လယ်ထွန်ပါလား။ တပည့်တော်တို့က တစ်ချိန်လုံး နွားနဲ့ ပင်ပင်ပန်းပန်း ထွန်ယက်စိုက်ပျိုးပြီးမှ အခုလို စားသောက်ဖို့ ပြင်ဆင်ရတာ။ စားသောက်ရတာ။ အရှင်ဘုရားလည်း စားချင်သောက်ချင်ရင် ကိုယ်တိုင်ထွန်ယက်ပါလား"

လို့ ရန်စကားပြောတာပေါ့။ ဘုရားရှင်က···

"ဟဲ့···ပုဏ္ဏား၊ ငါဘုရားရှင်လည်း ကိုယ်တိုင်ထွန်ယက်စိုက်ပျိုးပြီးမှ ရလာတဲ့ သီးနှံတွေကို သုံးဆောင်နေခြင်းဖြစ်တယ်"

ဆိုတော့ ပုဏ္ဏားကြီးက···

"အရှင်ဘုရား လယ်ထွန်တယ်ဆိုရင် ဘယ်မှာလဲ နွား၊ ဘယ်မှာလဲ ထွန်တုံး၊ ဘယ်မှာလဲ မျိုးစေ့တွေနဲ့ နှင်တံ"

ဆိုပြီး ဒေါသနဲ့ မေးပြန်ပါရော။

ဒီတော့မှ မြတ်စွာဘုရားရှင်က လယ်သမားတွေက မြေယာကို နွားနဲ့ ထွန်ယက်သလို၊ သူ့ခန္ဓာကိုယ်ဆိုတဲ့ မြေယာပေါ်မှာ ဝီရိယမိုးရေတွေ သွန်းဖြိုးအောင် ကြိုးစားခဲ့ရတဲ့အကြောင်း၊ လယ်သမားတွေက ထွန်ယက်ထားတဲ့ လယ်ယာမြေမှာ စပါးသီးနှံတွေ မျိုးစေ့တွေ ကြဲပက် စိုက်ပျိုးပြီး ရှင်သန်အောင် လုပ်ရသလို၊ ဘုရားရှင်ကလည်း သမာဓိကြိုးကို ခိုင်ခိုင်ချည်နိုင်အောင် ကြိုးစားခဲ့ရတဲ့ အကြောင်း၊ လယ်သမားက နွားကို ရိုက်နှက်ပြီး ထွန်ယက်တဲ့ နေရာမှာ အဆင်ပြေအောင် ဆောင်ရွက်ရသလို၊ သူကလည်း သတိဆိုတဲ့ နှင်တံနဲ့ စိတ်ရိုင်းဆိုတဲ့ နွားကို လိမ္မာယဥ်ကျေးလာအောင် ထိန်းသိမ်းခိုင်းစေရတဲ့ အကြောင်း၊ လယ်သမားက လယ်ကွက်မှာ မြက်တွေ မပုံးအောင် ထွန်သွားနဲ့ ခြစ်ထုတ်ဖယ်ထုတ်ရသလို၊ သူကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေးသုံးပါးထွန်သွားသုံးချောင်းနဲ့ ထွန်လို့ ကိလေသာဆိုတဲ့ မြက်တွေကို ရှင်းလင်းရတဲ့အကြောင်း၊ အဝိဇ္ဇာမြက်တောကြီး ရှင်းလင်းရတဲ့အကြောင်း၊  လယ်သမားစိုက်တဲ့ စပါးမှာ အမြစ်ထွက်လာသလို၊ သူစိုက်တဲ့ သဒ္ဓါမျိုးစေ့မှာ သီလဆိုတဲ့အမြစ် ဆင်းလာတဲ့အပြင်၊ စပါးပင်တွေ ရှင်သန်တဲ့နည်းတူ ဝိပဿနာပင်စည်တွေ၊ အညွန့်အညှောင့်တွေ ဝေဝေဖြာပြီး လောကုတ္တရာအသီးတွေ သီးတာကို ခူးဆွတ်စားသုံးရလို့ အခုဆို သုခချမ်းသာကို ရနေပြီဆိုတဲ့အကြောင်း၊ ဒုက္ခဆင်းရဲတဲ့ဘေးက ကင်းဝေးပြီး လောကုတ္တရာဆိုတဲ့ ချိုမြိန်တဲ့ အရသာရှိတဲ့ အသီးကို ငါဘုရား စားသုံးနေရလို့ "သဗ္ဗဒုက္ခာ ပမုစ္စတိ" ဆိုတဲ့ ဒုက္ခအပေါင်းက ငါ လုံးဝကင်းလွတ်ခဲ့ပြီ ပုဏ္ဏားကြီး"





www.burmeseclassic.com

www.burmeseclassic.com

လို့ ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူသတဲ့။

ဒီတော့မှ လယ်သမားခေါင်းဆောင် ကသိဘာရဒွါဇ ဆိုတဲ့ ပုဏ္ဏား ကြီးက သူ့ဆီကို မြတ်စွာဘုရားရှင် ဘာကြောင့် ရောက်လာရတယ်ဆိုတာနဲ့ သူ့ကို ဘာဖြစ်လို့ လယ်ယာ ထွန်ယက် စိုက်ပျိုးတဲ့ လယ်သမားတရား ဟောဖော်ညွှန်ပြ ဆိုဆုံးမတယ်ဆိုတဲ့ ဘုရားရှင်ရဲ့ စေတနာ သဒ္ဓါတရားကို နားလည်သဘောပေါက်သွားတာပေါ့။

ကသိဘာရဒွါဇ ပုဏ္ဏားကြီး နေတာက မဂဓတိုင်း၊ ဒက္ခိဏာဂိရိဇနပုဒ်၊ ကေနာဠပုဏ္ဏားရွာ။

ဒီတော့မှ ပုဏ္ဏားကြီးက သဒ္ဓါတရားထက်သန်လာလို့ သူစားတော့မယ်ဆိုပြီး ပြင်ဆင်ထားတဲ့ စားကောင်းသောက် ဖွယ်တွေ ပြည့်စုံတဲ့ ထမင်းပွဲကြီးကို မြတ်စွာဘုရားဘုရားထံ လှူဒါန်းတယ်။

မြတ်စွာဘုရားရှင်က လက်မခံဘူး။

"ငါဘုရားက စကားဥပါယ်နဲ့ ပြောလို့ရတဲ့ ဆွမ်းကို ဘယ်တော့မှ ဘုဉ်းမပေးဘူး။ ရေအိုင်ထဲ သွန်ပစ်လိုက်"

လို့ မိန့်တော်မူတယ်တဲ့။

ပုဏ္ဏားကြီးက ဘုရားရှင်ပြောတဲ့အတိုင်း ထမင်းဟ ဟင်းတွေကို ရေအိုင်ထဲ သွန်ပစ်လိုက်တာနဲ့ ရေတွေပ ဆူပွက်တက်လာတယ်။ ဒါကို မြင်တာနဲ့ ပုဏ္ဏားကြီး ထိတ်လန့် တုန်လှုပ်ပြီး ဘုရားထံမှာ သရဏဂုံဆောက်တ ပါတယ်။ နောက်ပြီး...

"တပည့်တော်ကို ဘုရားရှင်ရဲ့ သာသနာမှာ ရဟန်းဝ ပါရစေ။ လယ်ယာမြေပေါ်မှာ စပါးကို ထွန်ယက်စိုက်ပျိုးမ အစား၊ ခန္ဓာ့လယ်ကွက်မှာ ပြောင်းပြီး လယ်ထွန်ဆင်းပါရ ဘုရား"

လို့ အသနားခံ တောင်းပန် လျှောက်ထားတော ဘုရားရှင်က ပုဏ္ဏားကြီးကို သင်္ကန်းဝတ်ပေးတယ်။ ခန္ဓာ့လ ထွန်ပုံ ထွန်နည်း သင်ပေးတယ်။ အားထုတ်ခိုင်းပါတယ်

အဲဒါနဲ့ပဲ လယ်သမား ပုဏ္ဏားကြီးဟာ သင်္ကန်းဝတ်တ နဲ့ ကြိုးစား အားထုတ်လိုက်တာ တစ်နံနက်တည်းမှာ ရဟန္တာဖြစ်သွားတော့တာပါပဲ ■

* * *

ပန်းတနော်နောင်လင


သင့်ဘဝကို မြန်နှုန်းမြင့် အောင်မြင်ချင်တယ် ဆိုရင်

ခေတ္တရာဆရာကျော်

[အာ ကာ သနက္ခတ္တဗေဒကျွမ်းကျင်ပညာ ရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်.....

သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း။

အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။

သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ အမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၈၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄၊ ၀၉-၂၅၀၂၇၃၆၈၇





www.burmeseclassic.com

www.burmeseclassic.com

# သပိတ်မှောက်ဘုရား

ကျော်လင်း (မြစ်ခြေ)





သာသနာ့အသုံးအဆောင်ဖြစ်သည့် ပရိက္ခရာရှစ်ပါး ...က်မှ သပိတ်မှာ ရဟန်း သံဃာတော်များမှအစ ရှင်သာ ...အခုံး မရှိမဖြစ်သည့် အသုံးအဆောင်တစ်ခုဖြစ်သည်။ ...မြတ်စွာဘုရားကိုယ်တော်တိုင် သပိတ်နှင့်ပင် ဆွမ်းခံ ... သပိတ်နှင့်ပင် ဆွမ်းဘုဉ်းပေးတော်မူကြောင်းကို ဗုဒ္ဓ၏ ...တွင် လည်းကောင်း၊ နိပါတ်တော်များ၌ လည်းကောင်း ...ထားရှိသည်။ ရုပ်ရှာထဲတွင် ရဟန်း သံဃာတော် ...မြတ်များကို အလှူရှင်များက ကြည်ညိုသဒ္ဓါရှိစွာဖြင့် ...လှူသည့် ဆွမ်း၊ ဆွမ်းဟင်း စသည်တို့ကို သပိတ်နှင့် ...ယူကြပြီး အာဟာရဖြစ်စေခြင်းအလို့ငှာ ဘုဉ်းပေး ...ာင်တော်မူကြသည်။ ဆွမ်းအမှုကိစ္စပြီးသည့်အခါ ...ကို စင်ကြယ်စွာ ဆေးကြောပြီး မှောက်ထားလေ့ရှိ ...သည်။ ဤသည်မှာ နိစ္စမ္မဝ လုပ်ဆောင်ကြရသည့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်တို့၏ အလုပ်ပင်ဖြစ်သည်။


သပိတ်မှောက်သည်ဆိုသည့် ဝေါဟာရမှာ ထိုကဲ့သို့ နေ့စဉ် စားသုံးပြီး ဆေးကြော၍ မှောက်ထားခြင်းကို မဆိုလိုပါ။ သံဃာတော်တို့အနေဖြင့် မိမိတို့ ဆွမ်းခံအိမ်တစ်အိမ်အိမ်ရှိ ဒကာ၊ ဒကာမတို့ကို အကြောင်းတစ်ခုခုဖြင့် ... ှိမကျသည့်အတွက် ထိုအိမ်သို့ ဆွမ်းခံမကြွသည့်အခါ "ဒီအိမ်ကို သပိတ်မှောက်တယ်ကွာ" ဟု အချင်းချင်းပြောဆိုလေ့ရှိသည်။


သို့သော် အရပ်ထဲ ရွာထဲတွင် သပိတ်ဆိုသည့် အသုံးအဆောင် လုံးဝမပါဘဲ သပိတ်မှောက်သည်ဆိုသည့် အသုံးအနှုန်း ဝေါဟာရမျိုးလည်း ရှိနေခဲ့သည်။ အနီးစပ်ဆုံး ပြောရပါမူ စာရေးသူတို့ မမွေးမီကပင် အုပ်ချုပ်သူ အင်္ဂလိပ်အစိုးရအား မကျေနပ်သဖြင့် ၁၃၀၀ပြည့် အရေးတော်ပုံ ရေနံမြေသပိတ်ကြီး ပေါ်ပေါက်ခဲ့သည်။ ချောက်ရေနံမြေမှ ရန်ကုန်မြို့

www.burmeseclassic.com

သို့တိုင်အောင် ဗြိတိသျှအစိုးရ၏ အဟန့်အတား အရိုက်အနှက် အပုတ်အခတ်ခံ၍ ရန်ကုန်သို့ ရောက်အောင် ချီတက်ဆန္ဒပြခဲ့ကြသည်။ ကြွေးကြော်သံများကတော့ သပိတ်…သပိတ်…မှောက်…မှောက်၊ မီးတုတ်…မီးတုတ်…ရှိုး…ရှိုး…အရေးတော်ပုံ…အောင်ရမည်…စသည်တို့ကို လက်သီးလက်မောင်းတန်းလျက် အော်ဟစ်ခဲ့ကြကြောင်း သိရသည်။ အလားတူပင် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသည့် ကျောင်းသားသပိတ်၊ တက္ကသိုလ်ကျောင်းသားများသမဂ္ဂသပိတ်၊ အထွေထွေသပိတ်ကြီး စသည်ဖြင့် မိမိတို့ကို မတရား ဖိနှိပ်ချုပ်ချယ်သူတို့အား ဖိနှိပ်ချုပ်ချယ်မှုကို မခံနိုင်ကြသည့်အတွက် ပေါက်ကွဲကြပြီး ဆန္ဒပြကြခြင်းပင် ဖြစ်သည်။

သပိတ်မှောက်ခြင်းကို သာသနာ့ဝေါဟာရအရ "ပတ္တာနိက္ကုဇ္ဇနကံဆောင်သည်"ဟု ဆိုပါသည်။ န•ဝ•တ စစ်အစိုးရခေတ်က မန္တလေးတိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည် လက်ထက်၌ မန္တလေး သံဃာတော်တို့က မိမိတို့၏ ဆွမ်းဒကာ၊ ဒကာမတို့အပေါ် မတရားချုပ်ချယ်လွန်းသည်၊ အနိုင်ကျင့်လွန်းသည်၊ သံဃာတော်တို့ကို မခန့်လေးစားပြုမူသည် တို့ကို အကြောင်းပြုလျက် အုပ်ချုပ်သူ လူတန်းစား စစ်တပ်





အပေါ် လှူသည်ကိုလည်း လက်မခံ၊ ဖိတ်သည်ကိုလည်း မကြွရောက်၊ ကွယ်လွန်သေဆုံးသူရှိသဖြင့် သရဏဂုံတင်… အတွက် ပင့်ဖိသည်ကိုလည်း မသွား၊ ထိုလူတို့ထံ ဆွမ်း… ထိုပုဂ္ဂိုလ်တို့၏ ဆွမ်းကို မစားဟူ၍ စစ်တပ်အပေါ် ဆန့်ကျ… ၍ ပတ္တာနိက္ကုဇ္ဇနကံကို ဆောင်ခဲ့ဖူးသည်။ နောက်… စစ်တပ်၏ ဖြိုခွဲဖျက်ဆီး အကြမ်းဖက် အနိုင်ကျင့်မှုတွေ… ပင် အဆုံးသတ်ရပြီး သံဃာတော်တွေမှ သပိတ်လှန်… လိုက်ရသည်။

◈ ◈ ◈


အုပ်ချုပ်သည့် မင်းအပေါ် မကျေနပ်ချက်များကြော… ရဟန်းတော်တို့ ပတ္တာနိက္ကုဇ္ဇနကံဆောင်ကြသည်၊ သပိ… မှောက်ကြသည်မှာ မြန်မာနိုင်ငံတွင် ဗိုလ်ချုပ် ထွန်းကြ… ခေတ်မှ မဟုတ်ပါ။ ဟိုးလွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀ … ကာလ၊ အေဒီ ၁၁၇၄ မှ ၁၂၁၁ အထိ ပုဂံထီးနန်းကို … အုပ်ချုပ် မင်းလုပ်ခဲ့သည့် ဒုတိယ စည်သူဘွဲ့တော်ခံ နရ… စည်သူမင်း၏ လက်ထက်တွင်လည်း ရှိခဲ့ဖူးသည်။

ယခုနှစ် သင်္ကြန်တွင် သမီးဖြစ်သူကိုယ်တိုင် မောင်း… သည့် ကားဖြင့် ပုဂံသို့ ရောက်ရှိခဲ့သည်။ ပုဂံသို့ ရောက်… ဒုတိယနေ့ ပုဂံမှအပြန်တွင် သမီးဖြစ်သူက စူဠာမဏိ… အနီးရှိ သူတို့ ကိုးကွယ်နေကျဖြစ်သော စူဠာမဏိကျော…



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်အား ဝင်ရောက် ဦးခိုက်ပါသည်။ စာရေးသူအနေဖြင့် လ.မမှတ်မိတော့သော်လည်း ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတွင် စူဠာမဏိဘုရားအကြောင်းကို ဆောင်းပါးရေးခဲ့ဖူးသည်။ ထိုဆောင်းပါး၏အဆုံး၌ ပိုလျှံသော အုတ်တို့ဖြင့် သပိတ်မှောက်ဘုရားကို တည်တော်မူခဲ့သည်ဟု စာတစ်ပိုဒ်ပါပါသည်။ ဘုန်းကြီးကျောင်းကအပြန် သပိတ်မှောက်ဘုရားသို့ သွားရောက်ဖြစ်ခဲ့သည်။

အေဒီ ၁၁၇၄ မှ ၁၂၁၁ ထိ ပုဂံထီးနန်းကို စိုးစံသည့် နရပတိစည်သူမင်း၏ လက်ထက်၊ တစ်နေ့သောအခါတွင် ရွှေစည်းခုံ... ဘုရားဖူးပြီး ပြန်လာစဉ် ယခု စူဠာမဏိဘုရားတည်ရာအရပ်၌ ပတ္တမြားရောင်ကဲ့သို့ တောက်ပလှသည့် အရောင်တစ်ခု ကွန့်မြူးနေသည်ကို နရပတိစည်သူမင်းကြီး တွေ့မြင်တော်မူသည်။ ထိုနေရာသို့ သွားရောက်ကြည့်ရှုရာ မည်သည့်အရာကိုမှ မတွေ့ရဘဲ၊ ချောက်အနက်ကြီးတစ်ခုဖြစ်နေသည်ကို တွေ့ရှိရသည်။


မင်းကြီး၏ စိတ်အစဉ်ဝယ် "ဤနေရာ၌ ဘုရားရှင်၏ ဓာတ်တော် မွေတော်များ ကိန်းအောင်းနေရမည်။ သို့ဖြစ်၍သာ ရောင်ခြည်တော်များ ကွန့်မြူးနေခြင်းဖြစ်ပေမည်။ ထိုနေရာ၌ ဘုရားတည်ရသော် ကောင်းအံ့"ဟု အကြံရှိတော်မူပြီးလျှင် ပြည်သူပြည်သားများကို ထိုချောက်အား ဖို့စေသည်။

ထိုသို့ ပြည်သူပြည်သားတို့ ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို မင်းကိုးကွယ်သည့် ပံ့သကူ ဧစွယ်ရှင်မထေရ်ကြီး ကြားမြင်လေလျှင် "မင်းကြီး ယခုပြုနေသော အမှုသည် ကောင်းမှုမဖြစ်၊ မကောင်းမှုသာ ဖြစ်သည်"ဟု တားမြစ်တော်မူသည်။

နရပတိစည်သူမင်းကလည်း "ငါ့ပြည်မှာ နေလျှင် ငါ ခိုင်းတာကို လုပ်ကြရမယ်။ ငါ့ပြည်မှာ နေ၍၊ ငါ့ပြည်သူပြည်သားတို့၏ ဆွမ်းကို စားသည်ကလည်း ငါ့ထမင်းကို စားသည်နှင့် အတူတူပင်"ဟု ဆိုလေလျှင် ဧစွယ်ရှင်မထေရ်လည်း "နင့်ပြည်မှာ နေလျှင် နင့်ဆွမ်းကို စားနေရလိမ့်မည်။ နင့်ဆွမ်းကိုလည်း ငါ မစားလို"ဟု ဆိုပြီး သီဟိုဠ်သို့ ကြွရန် ပြင်ဆင်တော်မူ၏။

ထိုသည်ကား တိုင်းပြည်အုပ်ချုပ်သောမင်း ဆွမ်းဒကာဆီမှ ဆွမ်းကို မခံလိုဟူသည့်သဘော။ သပိတ်မှောက်သည့်သဘောပင် ဖြစ်၏။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀ ကျော်မှစ၍ သပိတ်မှောက်ခြင်းကိစ္စ စတင်ဖြစ်ပွားခဲ့သည်ဟု ဆိုရပါမည်။


ယင်းနောက်တွင် နရပတိစည်သူမင်းကြီးက ဝန်ချတောင်းပန်သည့်အတွက် မထေရ်မြတ်ကြီးမှာ သီဟိုဠ်သို့ မကြွဖြစ်တော့ပေ။ သဘောက သပိတ်လှန်လိုက်သည့် သဘောပင် ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com




နရပတိစည်သူမင်းကြီးလည်း စူဠာမဏိစေတီတော်ကြီးကို ခမ်းနားကြီးကျယ်စွာ ဆက်လက်တည်တော်မူလေသည်။ ပုဂံတွင် ၎င်း၏ ဖခင် နရသူမင်း ဟည်သည့် "ဓမ္မရံကြီးဘုရား" ပြီးလျှင် အုတ်စီအုတ်ထပ် ဒုတိယ အကောင်းဆုံးဘုရားဖြစ်သည်ဟု ပြောစမှတ်ပြုကြပါသည်။ စူဠာမဏိစေတီတော်တည်ရာမှ ပိုလျှံသည့် အုတ်တို့ဖြင့် ပုံ့သကူ ဇွယ်ရှင်မထေရ်ကြီး သပိတ်မှောက်ခဲ့သည့်အဖြစ်ကို အမှတ်တရရှိစိမ့်သောငှာ "သပိတ်မှောက်ဘုရား"ကိုလည်း တည်တော်မူခဲ့လေသည်။

သပိတ်မှောက်ဘုရားမှာ စူဠာမဏိဘုရား၏ အရှေ့မြောက်ထောင့်ယွန်းယွန်း ခပ်လှမ်းလှမ်း၌ တည်ရှိသောကြောင့် အသွားအလာ လမ်းမကြံ့သည့်အတွက် လူသူအရောက်အပေါက်နည်းလှသည်ဟု ဆိုရပါမည်။ သွင်ပြင်သဏ္ဌာန်အားဖြင့် စူဠာမဏိစေတီငယ်ပုံစံပင်။ ကုလားကျောင်းနှစ်ဆင့်ခံ နှစ်ထပ်ဘုရားဖြစ်သည်။ ကုလားကျောင်းနှစ်ထပ်၏ ထောင့်များတွင် စေတီရန်တစ်ဆူစီ ရှိပါသည်။ အောက်ခြေ ကျောင်းတော်နှင့် အထက်ကျောင်းတော်နှစ်ခု၏ အကြားတွင် အခြေခံ ပလ္လင်ခုံခေါ်မည်လား မသိ၊ ၎င်း၏ထောင့်များတွင်လည်း ထောင့်စေတီတစ်ဆူကျစီ တည်ရှိပါသည်။ သို့ဖြစ်၍ ထောင့်တစ်ထောင့်လျှင် စေတီရန် သုံးဆူနှုန်းနှင့် စေတီရန် ၁၂ဆူရှိပါသည်။

ကျောင်းတော်နှစ်ဆင့်၏ အဝင်မုခ်ပေါက်များမှာ နှစ်ထပ် တံကဲများဖြင့် တင့်တယ်စွာ တန်ဆာဆင်ထား သည်။ အပေါ်ထပ် ကျောင်းတော်၏ အပေါ်တွင် ကွမ်းတောင် ပေါက်ထားပြီး ကွမ်းတောင်အထက်၌ စေတီငယ်ရှိပါသည် အခြားစေတီတော်များကဲ့သို့ ထီးတော်မရှိပါ။ ကျောင်းတော် အတွင်း ပလ္လင်ခုံပေါ်၌ တင့်တယ်သပ္ပာယ်သော ဘူမိဖသ မုဒြာဖြင့် ရုပ်ပွားတော်မြတ်ကြီးတစ်ဆူ တည်ကြည်သပ္ပာ စွာ ကိန်းဝပ်စံပယ်တော်မူလျက် ရှိပါသည်။ အပေါ်ထ ကျောင်းတော်ပေါ်သို့ မတက်ခဲ့ရသော်လည်း အပေါ်ထပ်၌ လည်း ရုပ်ပွားတော်ရှိလိမ့်မည်ဟု ယူဆပါသည်။ လူ အရောက်အပေါက်နည်း၍ပင်လား မသိပါ၊ ကိုယ်တော်မှ အခြားဘုရားကြီးများ၏ ရုပ်ပွားတော်များကဲ့သို့ ရွှေသက် ကပ်လှူထားခြင်း မရှိပါ။


ကျောင်းတော်လိုဏ်အတွင်း မုခ်ပေါက်မှ အထ အတွင်းနံရံတို့တွင် မေးမှိန်စ ပြုနေပြီဖြစ်သော ဆေးရေး ပန်းကွက်တို့ ရေးခြယ်ထားပါသည်။ ဆေးရေးပန်းကွက် ဒီဇိုင် သုံးခုကိုတော့ ဓာတ်ပုံရိုက်ယူနိုင်ခဲ့ပါသည်။


ဘုရား၏ ပရဝဏ်အုတ်တံတိုင်းမှာ ခပ်နိမ့်နိမ့်ပင်ဖြ သည်။ စူဠာမဏိစေတီတော်ကြီးကဲ့သို့ မခန့်ညား၊ မထည်ဝ ပါ။ ဘုရား၏ လက်ယာဘက်တွင် အုတ်တံတိုင်း တ



www.burmeseclassic.com

www.burmeseclassic.com





…ကျန်ရှိနေပါသည်။ အုတ်စီအုတ်ထပ်လက်ရာ …ပ်ပါသည်။ ဘုရားသို့ အဝင်ဝ ဘေးဘယ်ညာနှစ်ဖက် …ွင် ပန်းပင်နှစ်ပင်နှင့် ကျောက်စာတိုင်တစ်တိုင်စီ စိုက် …ပါသည်။

ပုဂံရှိ ဘုရားပုထိုးများထဲတွင် ဘွဲ့မည်တော် ထူးခြား … ဘုရားတစ်ဆူဖြစ်ပါသည်။ ပုဂံမှ မဟုတ်ပါ၊ မြန်မာနိုင်ငံ …ခြားမည်သည့်နေရာတွင်မှ ရှိမည်မထင်ပါ။ ဤသပိတ် …ဘုရားတည်ထားပေးသည်ကို ကြည့်ခြင်းအားဖြင့် …ကာ နရပတိစည်သူမင်းကြီးသည် သဘောထား … မြင့်မြတ်ကြောင်း သိရှိနိုင်ပါသည်။ မိမိအပေါ် သပိတ် …ခဲ့သည့် ပုံသကူ ငွေယ်ရှင် မထေရ်ကြီးအား နှစ်သိမ့် …သဘောပင် ဖြစ်ပါသည်။

…ိုင်းပြည်အုပ်ချုပ်သည့်၊ ကြီးကျယ်မြင့်မြတ်လှသည့် ဘုရင်တစ်ပါးပင်ဖြစ်စေကာမူ မိမိအား ကုသိုလ်၊ အကုသိုလ် အကြောင်းတရားကို ထောက်ပြပြောဆိုပြီး သပိတ်မှောက် ဆန့်ကျင်ခဲ့သူကိုပင် ဖြေသိမ့်ပေးနိုင်သည့်၊ စိတ်ထားဖြူစင်သည့် မင်းကောင်းမင်းမြတ်တစ်ပါးပင် ဖြစ်ပါပေသည်။ ပုဂံသို့ ယခင်က အခေါက်ခေါက်အခါခါပင် ရောက်ဖူးခဲ့သော်လည်း၊ ဤဘုရားသို့ ယခင်က တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးခဲ့ပါ။ အသက်အရွယ်အရ နောင်တွင်လည်း ရောက်ဖို့မလွယ်သည့် ဤဘုရားအား ဖူးမြော်ခွင့်ရသည့်အတွက် စာရေးသူအဖို့ အထူးပင် ကျေနပ်နေမိပါတော့သည် ■


* * *

ကျော်လင်း(မြစ်ခြေ)

ကျမ်းကိုး

- မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ။

www.burmeseclassic.com




ယ 880546 [သိန်း ၁၅၀၀ ဆု]

# မနက် ကိုးခေါက်၊ ည ကိုးခေါက် ထီဆုကြီးပေါက်

နတ်မောက်မှတ်ကျောက်

ထီဆုကြီးများ ပေါက်နိုင်ရန်အတွက် အတိတ်ကံနှင့် ပစ္စုပ္ပန်ကံ ပေါင်းလျှင် ပေါက်နိုင်သည်ဟု ယေဘုယျ မှတ်ယူနိုင်ပါသည်။ ဒဲ့တိုးဆိုရလျှင် အတိတ်က ပြုခဲ့သည့် ကောင်းမှုကုသိုလ်ကံနှင့် ပစ္စုပ္ပန် ယခုမျက်မှောက်တွင် ပြုနေသည့် ကောင်းမှုကုသိုလ်ကံတို့ ဆက်စပ်မိသွားလျှင် မုချအမှန် ထီဆုကြီးပေါက်မည်ဖြစ်ပါသည်။

အတိတ်က မည်မျှပင် ကုသိုလ်ကောင်းမှုများ အားကြီးခဲ့၊ ကောင်းခဲ့စေကာမူ၊ ယခု ပစ္စုပ္ပန်တွင် မကောင်းမှု အကုသိုလ်ကံ ဖိစီးနေလျှင်၊ အကုသိုလ်များနေလျှင် မည်သို့မျှ ထီမပေါက်နိုင်ပါ။ ထို့အတူ ယခုမျက်မှောက် ပစ္စုပ္ပန်တွင် ကောင်းမှုကုသိုလ်များ အားကြီးနေစေကာမူ၊ အတိတ်က အကုသိုလ်ဖိစီးနေလျှင် တစ်ဆယ်ဖိုး ကြိုးစားလုပ်စေကာမူ တစ်ကျပ်ဖိုး၊ နှစ်ကျပ်ဖိုးသာ တင်ကျန်မည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ၊ အတိတ်ကံကို သိနိုင်၊ မြင်နိုင်၊ ကြည့်နိုင်ဖို့ ဆိုသည်မှာ ပုထုဇဉ် လူသာမန်တို့အဖို့ လွယ်ကူသော ကိစ္စမဟုတ်ပါ။ အင်မတန် ခဲယဉ်းလွန်းလှပါသည်။ သို့အတွက် လက်ရှိ ပစ္စုပ္ပန်တွင် တတ်အားသမျှ၊ စွမ်းနိုင်သမျှ ကုသိုလ်ကောင်းမှုများ ပြုပေးဖို့ လိုပါသည်။

ပြီးခဲ့သည့် ၇နှစ်ခန့်က ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းကျော်မှာ ထီဆုကြီးပေါက်ခဲ့ပါသည်။ သိန်းပေါင်း ထောင်သောင်းချီ၍ ကြွယ်ဝချမ်းသာနေသူများအဖို့ ငွေသိန်းတစ်ရာသည် သာမန်ငွေမျှဖြစ်မည်ဟု ဆိုနိုင်သော်လည်း ကျွန်ုပ်နှင့် ဦးသန်းကျော်ကဲ့သို့ တစ်လ လစာငွေ တစ်သိန်းသာသာ တို့အဖို့ ထီဆုငွေ သိန်းတစ်ရာသည် မဟာငွေများပင် ပါသည်။

ကျွန်ုပ်နှင့် ဦးသန်းကျော်မှာ တစ်ရုံးတည်း လုပ် ကိုင်ဖက်များဖြစ်သလို၊ ကျင့်ကြံအားထုတ် ဘာသာရေး ရာတွင်လည်း အတူတူပင် ဖြစ်ပါသည်။ ဘုရားတွင် ပုတီး အဓိဋ္ဌာန်ဝင်၊ ဂါထာ မန္တန်များမှအစ အတူရွတ်ပွားအား ခဲ့ပါသည်။ ရပ်ကွက် ဓမ္မစကြာရွတ်အဖွဲ့တွင်လည်း ကိုယ် ထင်းခွဲ၊ ရေခပ်၊ အတူချက်ပြုတ်လုပ်ကိုင်ခဲ့ကြသူများ သည်။ သို့ဆိုလျက် ဦးသန်းကျော်မှာ ထီသိန်းတစ်ရာ ပေါက်သွားပြီး ကျွန်ုပ်မှာမူ ယနေ့ချိန်အထိ တစ် နှစ်လုံးလွဲ၊ အကွာရာလွဲနှင့် ပွတ်ကာသီကာ ထီဆုကြီး လွဲနေရပါသည်။ (သာမန် ငါးသိန်း၊ ဆယ်သိန်းတော့ ရော၊ ဦးသန်းကျော်ပါ ပေါက်မူးပါသည်။)

ဦးသန်းကျော် ထီဆုကြီးပေါက်ခြင်းနှင့် ပတ်သ တစ်ခုသော ညချမ်းတွင် ဆုတောင်းပြည့်ဘုရား အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပြီးချိန် သူနှင့် ကျွန်ုပ် ခရေပင် ပေါ် အကြောဖြေ အနားယူရင်း စကားပြောဖြစ်ခဲ့

ဦးသန်းကျော်မှ ရှင်းပြသည်မှာ -

"ဒီလိုရှိတယ် ဆရာကျောက်ရဲ့။ လူတိုင်းဟာ လင့်ချက်တွေနဲ့ အသက်ရှင်နေကြတဲ့သူတွေချည်း အဲဒီထဲမှာ ထီပေါက်ချင်တယ်၊ ဘယ်တော့ သိပေါ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ မျှော်လင့်ချက်လည်း လူတိုင်းမှာ ရှိနေတာပါပဲ။ မရှိပါဘူးလို့ ပြောရင် အဲဒီလူကို ထီတစ်ခါမှ မထိုးဖူးဘူးလားလို့ မေးကြည့်လိုက်။ အနည်းဆုံး အများနဲ့စုပြီး ထီရှယ်ယာဝင်ထိုးဖူးလားလို့ မေးကြည့်လိုက်။ အနည်းဆုံး အများနဲ့ စုပြီး ထီရှယ်ယာဝင်ထိုးဖူးတာတော့ ရှိမှာ အမှန်ပဲ။ ထီပေါက်တယ်ဆိုတာ တော်ရုံတန်ရုံ ကံနဲ့ ပေါက်တာ မဟုတ်ဘူးဗျ။ အတော်ကြီးကို ကြီးမားတဲ့ ကုသိုလ်ကံကြီးလို့ ကျွန်တော်ဆိုချင်တာပဲ။ အဲဒီတော့ ကံကြီးအောင် ကုသိုလ်ကြီးရမယ်လို့ သူဆပြီး ကျွန်တော် ကုသိုလ်ကို များစွာပြုခဲ့တယ်။ ဘုရားရှင်ဟာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရတယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့က ကိုးနှစ်၊ ကိုးလ၊ ကိုးရက်၊ ကိုးနာရီလောက်မှ ပါရမီမဖြည့်နိုင်ဘူးလားဗျာ။ မည်သည့်အရာမှ လွယ်လွယ်နှင့် မရဆိုတာ ယုံကြည်ပါ။

ကျွန်တော်ဟာ အသက် ၄၀ ကျော်၊ အဲ… ၄၂နှစ်က စပြီး ပါရမီဖြည့်ခဲ့တာ အခု အသက် ၅၂နှစ်ထဲမှာ ထီသိန်းတစ်ရာဆုပေါက်ခဲ့တာပါပဲဗျာ။

ကျွန်တော်ဖြည့်ခဲ့တဲ့ ပါရမီကတော့ ပဟာဒီ ဂါထာကို နေ့က် ကိုးခေါက်၊ ည ကိုးခေါက်၊ နေ့စဉ်မပျက် ရွတ်တယ်။ ခရီးသွားရင်လည်း ရောက်တဲ့ အရပ်မှာ မပြတ်ရွတ်တယ်။ ကျန်းမာလို့ ဆေးထိုး၊ ဆေးစား၊ ဆန့်ပြတ်သောက်နေရချိန်လည်း မပျက်မကွက် အားတင်းရွတ်ခဲ့ပါတယ်။ ဂါထာကတိုတိုလွယ်လွယ်ပါ။

***တေဒဂ္ဂံ ဘိက္ခဝေ၊ မမ သာဝကာနံ၊***
***ဘိက္ခုနံ ပထမံ သလာတံ။***
***ဂဏှာန္တနံ ယဒိဒံ ကုဏ္ဍဓာနော၊***
***သီဃံ သီဃ္ဃတု မေဓနံ။***
***တေဓန သစ္စဝဋ္ဋေန ဝေံမေ ဟောတု။***

အဲဒီ ဂါထာရွတ်တဲ့အပြင် ဗွေနံ့ဖြစ်တဲ့ တနင်္လာနေ့ နဲ့ ကျွန်တော့်မွေးနေ့ သောကြာနေ့ရယ်၊ လပြည့်ဥပုသ်နေ့ ရယ်မှာ မပျက်မကွက် တစ်ရာ၊ နှစ်ရာ၊ ငါးရာ၊ တစ်ထောင် စသလို ငွေကြေးများ ပုံ့သကူပစ်ခဲ့ပါတယ်။ အထူးသဖြင့် ဝါတွင်းသုံးလမှာ နဝင်္ဂသီလစောင့်ပါတယ်။ သက်သတ်လွတ်တော့ မစားဖူးပါဘူး။ သို့သော် ဘာသား၊ ဘာဟင်းစားချင်တယ်လို့ ဘယ်တော့မှ အမည်မတပ်ပါဘူး။ ပုံ့သကူဟင်း၊ ကျက်ဆိုင်ရာ၊ ကြုံတွေ့ရာ ဟင်းနဲ့ စားပါတယ်။ ခရီးသွားလို့ ထမင်းဆိုင်မှာ စားရင်တောင် သင့်တော်ရာ ချပေးပါပဲ မှာတယ်။ အားစပ်မိလို့ ပြောရဦးမယ်။ တစ်ခါက ထမင်းဆိုင်မှာ သင့်တာ ရရာ ဟင်းတစ်မျိုးချပေးပါဆိုတော့ ဝက်သားနှပ်ဟင်း ချပေးတယ်။ ကျွန်တော့်မှာ သွေးတိုးအနည်းငယ်ရှိတယ်လို့ ဆရာဝန်က ပြောဖူးတာ အမှတ်ရမိတယ်။ ဒါပေမယ့် ကျွန်တော် အဓိဋ္ဌာန်လိုက်တယ်။ ငါသည် သူတစ်ပါး၏ အသွေးအသား၊ ကလီစာ၊ အသက်ကို စားသောက်ရန် စိတ်၊ ခန္ဓာ၊ နှုတ်ဖြင့်ပင် တောင့်တ မအောက်မေ့ပါ။ ဤသစ္စာစကားမှန်ပါက ယခုရှေ့မှောက်မှ ဟင်းလျာသည် ဆေးဝါးဖြစ်ပါစေလို့ အဓိဋ္ဌာန်ပြုပြီး ရဲရဲပဲ စားခဲ့ပါတယ်။ ခရီးက ပြန်ရောက်တော့ ဆရာဝန်ဆီ သွေးသွားချိန်၊ ဆေးစစ်လုပ်ကြည့်တယ်။ အိုကေ၊ အားလုံး ပုံမှန်ပဲတဲ့ဗျ။

ဒီတော့ စကားချုပ်ရရင် ထီကံကောင်းဖို့အတွက် ကိုးရက်၊ ဆယ့်ရှစ်ရက်၊ နှစ်ဆယ့်တစ်ရက်၊ ရက်ပေါင်း ကိုးဆယ် စသဖြင့်ပေါ့။ အဲဒီလောက်ကလေး အပြင်းအထန် လောဘရမ္မက်နဲ့ အဓိဋ္ဌာန်ဝင်ရုံနဲ့တော့ ထီမပေါက်နိုင်ဘူးလို့ ဆိုချင်တာပါပဲဗျာ။ သူ့ရဲ့ အတိတ်ကုသိုလ်ကကို ၉၉ ရာနှုန်း ပြည့်ပြီးသားမို့ ၁-ရာနှုန်းလောက် ပါရမီဖြည့်ဖို့ပဲ လိုလို့ ရာနှုန်းပြည့်သွားပြီး ထီပေါက်တဲ့ လူဟာ တစ်သောင်းမှာ တစ်ယောက်၊ တစ်သိန်းမှာ တစ်ယောက်လောက်တော့ ရှိနိုင်မှာပေါ့ဗျာ"

ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းကျော်မှ သူကိုယ်တွေ့ ထီပေါက်ရသည့်အကြောင်း ရိုးရှင်းစွာပင် သဘာဝအတိုင်း၊ အရှိတရားအတိုင်း ပြောပြသည်ကို ဖောက်သည်ချ ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

သူပြောသမျှထဲမှ အနှစ်ဆွဲထုတ်ကြည့်ရာ…

* ဖော်ပြပါ ဂါထာကို နံနက် ကိုးခေါက်၊ ည ကိုးခေါက် ဝတ်မပျက် ရွတ်ပွားသည်။
* ဗွေနံ့ကျသောနေ့၊ မွေးနေ့၊ ဥပုသ်နေ့များတွင် တတ်နိုင်သလောက် ငွေကြေးပုံ့သကူပစ်သည်။
* ဝါတွင်းသုံးလတွင် ကိုးပါးသီလစောင့်ထိန်းသည်။
* သတ္တဝါတို့၏ အသက် (သူ့အသက်)ကို ချင်ခြင်း မတပ်၊ မအောက်မေ့ မပစ်မှား၊ အာသီသ မထား။
* ကိုးနှစ်၊ ကိုးလ၊ ကိုးရက်၊ ကိုးနာရီ ဆိုသလို ပါရမီဖြည့်ကျင့်ဖို့ (အနည်းဆုံး) လိုသည်ဟုပင် ထုတ်ယူမိပါသည်။

စာရှုသူတို့လည်း ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ပြီး ချမ်းသာ ထီပေါက် နိဗ္ဗာန်ရောက်နိုင်သည်အထိ သာသနာပြု နိုင်ကြပါစေဟု… ■

* * *

နတ်မောက်မှ ဘဲကျောက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**ခန္ဓာငါးပါးနှင့် ပညတ် ပရမတ်သဘော**

ခန္ဓာငါးပါးသည် လူ နတ် ဗြဟ္မာ သတ္တဝါမဟုတ်။ ငါ သူတစ်ပါး ယောက်ျား မိန်းမ မဟုတ်ချေ။ ခန္ဓာငါးပါးနှင့် ကင်းကွာ၍ လူ နတ် ဗြဟ္မာ၊ ငါ သူတစ်ပါး ယောက်ျား မိန်းမသည် မဖြစ်ပေါ် မတည်ရှိနိုင်။ လူ နတ် ဗြဟ္မာ၊ ငါ သူတစ်ပါး ယောက်ျား မိန်းမဟူသည် ခန္ဓာငါးပါးမဟုတ်ကြ ။

ဤကဲ့သို့ဟောကြားခဲ့သော မြတ်ဗုဒ္ဓ၏ ဒေသနာတော် အရ လူ နတ် ဗြဟ္မာ၊ ငါ သူတစ်ပါး ယောက်ျား မိန်းမဟူသည် လောက ဝေါဟာရအားဖြင့် သမုတ်ထားသော သမ္မုတိသစ္စာ တရားမျှသာ ဖြစ်၏။ အမှန်မုချအားဖြင့် မရှိသော ပညတ် သဘောသာတည်း။

ခန္ဓာငါးပါးဟူသည် လောက ဝေါဟာရအားဖြင့် သမုတ် ထားသော သမ္မုတိသစ္စာအပြင် အမှန်လက်တွေ့အားဖြင့် ထင်ရှားတိ ရှိနေသော ပရမတ်သဘော၊ ပရမတ္ထ သစ္စာတရား များပင် ဖြစ်ပေသည်။

သမ္မုတိသစ္စာအားဖြင့် အတိုင်းအတာတစ်ခုအထိ တည်အပ်သော လူ နတ် ဗြဟ္မာ၊ ငါ သူတစ်ပါး ယောက်ျား မိန်းမတို့သည် လက်တွေ့စင်စစ် မလွဲမသွေ ပျောက်ပြန်မှုသဘောရှိပေသည်။

သမ္မုတိသစ္စာအပြင် ပရမတ္ထသစ္စာတရားဖြစ်နေသော ခန္ဓာငါးပါးတို့သည်ကား အမှန်စင်စစ် ထာဝစဉ် တည်ရှိရုံသာ မက လုံးဝ မပျောက်ပြန်မှုသဘောရှိပေသည်။

လောက၌ ထင်ရှား၍ ထာဝစဉ်တည်ရှိသော၊ မပျောက် ပျက်သော ခန္ဓာငါးပါးတို့သည် မည်ကဲ့သို့ ဖွဲ့စည်းတည်ရှိနေ သနည်း။ လေ့လာရန်၊ နားလည်ရန် လိုအပ်လေသည်။

**ခန္ဓာငါးပါးထဲက ရုပ်ဓာတ် အဌကလာပ်**

ခန္ဓာငါးပါးကို နားလည်ဖို့ လေ့လာရန် အစပြုသော အခါ သူ့သဘော သူဆောင်သောကြောင့် ဓာတ်ဟု အမည် တွင်သော ရုပ်ဓာတ်၊ နာမ်ဓာတ်တို့ကို ရှေးဦးစွာ တွေ့ကြရ သည်။

ရုပ်ဓာတ်သည် အဓိကအားဖြင့် မြေဓာတ်၊ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်တည်းဟူသော ဓာတ်ကြီးလေးပါး၏ ပေါင်းအစုပင် ဖြစ်သည်။ ထိုဓာတ်ကြီးလေးပါး ပေါင်းစု ဖွဲ့စည်းဖြစ်ပေါ်ပုံမှာ ဆန်းကြယ်သော အပြန်အလှန် မှီစွဲခြင်း သဘောရှိ၏။

ဥပမာ - မြေဓာတ်ကို မှီစွဲ၍၊ ကျန် ဓာတ်ကြီးသုံးပါး တို့သည် အတူတကွဖြစ်ပေါ်၏။ ကျန် ဓာတ်ကြီးသုံးပါးကို မှီစွဲ၍လည်း မြေဓာတ်သည် ဖြစ်ပေါ်၏။ အလားတူပင်၊ ဓာတ်ကြီးလေးပါးအနက် နှစ်ပါးတို့သည် ကျန် ဓာတ်ကြီး နှစ်ပါးတို့ကို မှီစွဲ၍ ဖြစ်ပေါ်၏။ ထို့ကြောင့် မြေဓာတ်ဖြစ်စေ၊ ရေဓာတ်ဖြစ်စေ၊ မီးဓာတ်ဖြစ်စေ၊ လေဓာတ်ဖြစ်စေ၊ ဓာတ်ကြီး တစ်ပါးပါးဖြစ်ပေါ်လာပါက ကျန်ဓာတ်ကြီးသုံးပါးလည်း အတူ တကွ ဖြစ်ပေါ်လာသောကြောင့် ဓာတ်ကြီးလေးပါးအပြည့် အစုံ ပေါင်းစုဖွဲ့စည်းခြင်းဖြစ်၏ဟု မှတ်သားရလေသည်။

ထိုဓာတ်ကြီးလေးပါးကို မဟာဘုတ် ရုပ်ဓာတ်လေးပါး ဟု ခေါ်ကြ၍၊ ရုပ်ဓာတ်တစ်ပါးစီ၌ သီးခြား ဂုဏ်သတ္တိနှစ်မျိုး စီ ထင်ရှားရှိလေသည်။ မြေဓာတ်၌ ပျော့ပျောင်းခြင်းသတ္တိ ရှိ၏။ ရေဓာတ်၌ ယိုစီးခြင်း၊ စေးကပ်ခြင်းသတ္တိရှိ၏။ မီးဓာတ် ၌ ပူလောင်ခြင်း၊ အေးစိမ့်ခြင်းသတ္တိရှိ၏။ လေဓာတ်၌ လှုပ်ရှားခြင်း၊ ထောက်ကန်ခြင်းသတ္တိရှိ၏။

ထိုထိုဆိုင်ရာ ဂုဏ်သတ္တိအသီးသီးကြောင့် မြေဓာတ် သည် အတူဖြစ်ဖက် ရုပ်ကလာပ်များ၏ တည်မှီရာ အစိုင် အခဲသဘောကို ဆောင်ယူ၏။ ထိုနည်းအတူ ရေဓာတ်သည် အတူဖြစ်ဖက် ရုပ်ကလာပ်များကို ပေါင်းဖွဲ့ ပျံ့နှံ့စေခြင်း သဘောကို ဆောင်ယူ၏။ မီးဓာတ်သည်လည်း အတူဖြစ်ဖက် ရုပ်ကလာပ်များကို ရင့်ကျက်စေ၊ ပူစေ၊ နူးညံ့စေ၊ ထက်စေ ခြင်းသဘောကို ဆောင်ယူ၏။ လေဓာတ်သည်လည်း အတူ ဖြစ်ဖက် ရုပ်ကလာပ်အစုတို့ကို ရွေ့လျားစေ၊ တိုက်လွှင့်စေ ခြင်းသဘောကို ဆောင်ယူ၏။

ရုပ် ၂၈ပါးကို အကျဉ်းနည်းအားဖြင့် ရေတွက်သော အခါ ဘူတရုပ် ၄ပါးနှင့် ဥပါဒါရုပ် ၂၄ပါးဟု နှစ်မျိုးခွဲခြားနိုင် ၏။ ဘူတရုပ်လေးပါးကား မဟာဘူတ-မဟာဘုတ်အမည်ရ သော ဓာတ်ကြီးလေးပါးတည်း။ ဥပါဒါရုပ် ၂၄ပါးတွင် ပသာဒ ရုပ် ၅ပါး၊ ဂေါစရရုပ် ၄ပါး၊ ဘာဝရုပ် ၂ပါး၊ ဟဒယဝတ္ထု တစ်ပါး၊ ဇီဝိတရုပ်တစ်ပါး၊ အာဟာရရုပ်တစ်ပါး၊ ပရိစ္ဆေဒရုပ် တစ်ပါး၊ ဝိညတ်ရုပ် ၂ပါး၊ ဝိကာရရုပ် ၃ပါးနှင့် လက္ခဏာရုပ် ၄ပါးတို့ ပါဝင်ကြ၏။

ဥပါဒါရုပ်အဝင်အပါ ဂေါစရရုပ် လေးပါးနက်မှ အဆင်း (ဝဏ္ဏ)၊ အနံ့(ဂန္ဓ)၊ အရသာ(ရသ)တို့နှင့် အာဟာရရုပ်တစ်ပါး မှ အဆီအနှစ်(ဩဇ)တို့ကို ဘူတရုပ်လေးပါးစလုံး (မြေ၊ ရေ၊ မီး၊ လေ)နှင့် ပေါင်းဖွဲ့သောအခါ ရုပ်ရှစ်ပါးအစုဖြစ်လာ

www.burmeseclassic.com

သည်။ ဤရုပ်ရှစ်ပါးအပေါင်းအစုကို အဝိနိဗ္ဘောဂရုပ်၊ ၈ပါး ဟု ခေါ်ကြသည်။ အဝိနိဗ္ဘောဂရုပ် ရှစ်ပါးသည် တစ်ပါးစီ အလိုက် ကွဲပြားစေရန် ခွဲခြားဖယ်ထုတ်၍ မရစကောင်းသော ရုပ်အစုအဖြစ် ဂုဏ်သတ္တိအရည်အချင်းရှိသည်။

ထိုတွင် မြေကြီး၌ မြေဓာတ်လွှမ်းကဲမှုကို မြင်ရသကဲ့သို့ ရေဓာတ်၊ မီးဓာတ်၊ လေဓာတ်၊ အဆင်းဓာတ်၊ အနံ့ဓာတ်၊ အရသာဓာတ်၊ အဆီအနှစ်ဓာတ်တို့လည်း ပူးတွဲပါရှိကြပုံကို သိအပ်၏။ ထိုနည်းတူ ရေထု၌ ရေဓာတ်လွှမ်းကဲမှုနှင့်အတူ မြေ၊ မီး၊ လေ၊ အဆင်းအနံ့၊ အရသာ၊ အဆီအနှစ်ဓာတ် ၇ပါး ပါဝင်ခြင်းကို သိအပ်၏။ ထိုနည်းတူ မီးတောက်၌၊ လေညင်း၌ အထက်ပါအတိုင်း ကျန် ရုပ် ၇ပါးပါရှိသည်ကို သိအပ်လေ၏။

ရုပ်တို့၏ ပေါင်းစပ်ဖွဲ့စည်းပုံကို ရုပ်ကလာပ် (ရူပကလာပ) ဟု ခေါ်သောကြောင့် အဝိနိဗ္ဘော ရှစ်ရုပ်ရှစ်ပါး ဖွဲ့စည်းပုံကိုလည်း အဋ္ဌကလာပ်ဟူ၍ ခေါ်ဆိုနိုင်သည်။ သက်ဆိုင်ရာရုပ်များ ပေါင်းစပ်ပူးတွဲ၍ ဖြစ်ပေါ်လာသော ရုပ်ကလာပ် အသီးသီး၌ လက္ခဏာ လေးရပ်ကို သတိပြုအပ်လေသည်။

(၁) အတူတကွဖြစ်ခြင်း (ဧကုပ္ပါဒ လက္ခဏာ)။
(၂) အတူတကွ ချုပ်ခြင်း (ဧက နိရောဓ လက္ခဏာ)။
(၃) အတူတကွ တည်မှီရာရှိခြင်း (ဧက နိဿယ လက္ခဏာ)။
(၄) ခွဲခြား၍မရသော ပေါင်းစပ်မှုရှိခြင်း (သဟဝုတ္တိ လက္ခဏာ)။

## ရုပ်ဖြစ်စေကြောင်း၊ ရုပ်ဖြစ်လာပုံနှင့် ရုပ်အမျိုးအစား

ခန္ဓာငါးပါးထဲရှိ ရုပ်ဓာတ်ကို လေ့လာသောအခါ ရူပသမုဋ္ဌာန ဟု ခေါ်ကြသော၊ ရုပ်ဖြစ်စေသော အကြောင်းများ၊ ရုပ်ဖြစ်ပေါ်လာပုံနှင့် ဖြစ်ပေါ်သော ရုပ်အမျိုးအစားများကို မြင်သိလာရလေသည်။ ရုပ်ဖြစ်စေသောအကြောင်း(သမုဋ္ဌာန်) တရားလေးပါးအဖြစ် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ကို တွေ့ရပါ၏။

ရုပ်ကို ဖြစ်စေသော အကြောင်းကံသည် ၂၅ပါးမျှ ရှိသည်။ ထိုကံ ၂၅ပါးတွင် မဟာကုသိုလ်ကံ ၈ပါး၊ ရူပါဝစရကုသိုလ်ကံ ၅ပါးတို့သာမကဘဲ၊ ကမ္မပထမြောက်သော အကုသိုလ်ကံ ၁၂ပါးလည်း ပါဝင်၏။ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသည်ကား ထိုကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့၌ ယှဉ်စပ်သော စေတနာ စေတသိက်တို့ပင် ဖြစ်ကြပေ၏။

ရုပ်ကို ဖြစ်စေသော အကြောင်းစိတ်သည် ၇၅ ပါးအထိ ရှိသည်။

ရုပ်ကို ဖြစ်စေသောအကြောင်းဥတုသည် သီတဥတုနှင့် ဥဏှဥတုခေါ် တေဇောဓာတ်တစ်ပါးရှိ၏။

ရုပ်ကို ဖြစ်စေသောအကြောင်းအာဟာရသည် အဇ္ဈတ္တနှင့် ဗဟိဒ္ဓ၌ ပါရှိသော ဩဇာဓာတ်တစ်ပါးရှိ၏။

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတစ်ပါးစီကြောင့်ပင် ဆိုင်ရာ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် အသီးသီးဖြစ်ကြရ၏။ ဖြစ်ကြပုံကို ဤကဲ့သို့ သိအပ်၏။

အကြောင်းကံကြောင့် ပဋိသန္ဓေစိတ်၏ ဖြစ်ခဏ(ဥပါဒ်)မှ စ၍ ကမ္မဇရုပ်တို့သည် ခဏတိုင်း ခဏတိုင်းပင် မပြတ်မလပ်စေရဘဲ ဖြစ်ပေါ်လာကြ၏။

အကြောင်းစိတ်ကြောင့် ပဋိသန္ဓေစိတ်နောင်၊ ပထမဘဝင်စိတ်၏ ဖြစ်ခဏ(ဥပါဒ်)မှ စ၍ စိတ္တဇရုပ်တို့သည် စိတ်တိုင်း၏ ဖြစ်ခဏ ဖြစ်ခဏတို့၌ ဖြစ်ပေါ်လာကြ၏။

ပဋိသန္ဓေစိတ်၏ ဖြစ်ခဏ(ဥပါဒ်)၌ ဖြစ်ပေါ်လာသော ကမ္မဇရုပ်တွင် သီတဥတုနှင့် ဥဏှဥတု(တေဇောဓာတ်)ပါဝင်နေရာ ထိုအကြောင်းဥတုကြောင့် ပဋိသန္ဓေစိတ်၏ တည်ခဏ(ဋ္ဌီ)မှစ၍ ဥတုဇရုပ်တို့ကို ဖြစ်ပေါ်လာစေ၏။ ကမ္မဇရုပ်တွင်သာမက စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တိုင်းတွင်လည်း ထိုတေဇောဓာတ် ပါဝင်လျက်ရှိရာ၊ ထိုအကြောင်းဥတုကြောင့်ပင် ဥပါဒ်ပြီးနောက် တည်ခဏ(ဋ္ဌီ)သို့ ရောက်တိုင်း ဥတုဇရုပ်ကို ခဏမစဲ ဖြစ်ပေါ်စေပါ၏။ အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်နှစ်ရပ်လုံး၌ ဥတုဇရုပ်များ ဖြစ်ပေါ်ကြ၏။

အဝိနိဗ္ဘောဂရုပ် ၈ပါးတွင် အဋ္ဌကလာပ်တိုင်းတွင် ဩဇာဓာတ် ပါဝင်နေရာ အဇ္ဈတ္တဩဇာအနေဖြင့် အစားအစာတွင် ပါရှိသော ဗဟိဒ္ဓဩဇာကို ပေါင်းဆုံထိတွေ့ပြီးမှသာ အာဟာရဇရုပ်ကို ဖြစ်စေနိုင်ပါသည်။ ဩဇပါတိကနှင့် သံသေဒဇ သတ္တဝါတို့၏ ကိုယ်ခန္ဓာအနှံ့ရှိ အဇ္ဈတ္တဩဇာနှင့် အစားအစာ ဗဟိဒ္ဓဩဇာတို့ ထိတွေ့လျက် ရုပ်၏ တည်ခဏ(ဋ္ဌီ)သို့ ရောက်ပါမှ ထိုဩဇာအပေါင်းအစုကြောင့် အာဟာရဇရုပ်တို့ ခဏမစဲ ဖြစ်ကြပါ၏။

အမိဝမ်း၌ သန္ဓေကိန်းအောင်းသော(ဂဗ္ဘသေယျက) သတ္တဝါတို့၏ ပဋိသန္ဓေ စ တည်ပြီးနောက် ဆယ်ရက်၊ ဆယ်ငါးရက်ရှိလျှင် မိခင် စားမျိုလိုက်သော အစားအစာ၌ တစ်ဆင့် ဗဟိဒ္ဓဩဇာသည် သန္ဓေသား၏ ကိုယ်ခန္ဓာ၌ ပျံ့နှံ့တည်၏။ ထိုဩဇာနှင့် မူလ အဇ္ဈတ္တဩဇာတို့ ပေါင်းဆုံ ထိတွေ့


www.burmeseclassic.com

www.burmeseclassic.com

၍ ရုပ်၏ တည်ခဏ(ဋ္ဌီ)သို့ ရောက်ပါမှ သန္တေသား၏ အာဟာရဇရုပ်တို့ ဖြစ်ပေါ်လာကြ၏။ ဥပါဒ်၊ ဋ္ဌီ၊ ဘင် အစီအစဉ်အတိုင်း ခဏမစဲ ဖြစ်ကြ၏။

ရုပ်အမျိုးအစားခွဲခြားရာတွင် ကေန်ရုပ်၊ အနေကန်ရုပ်ဟူ၍ နှစ်မျိုးရှိပါသည်။ အကြောင်းတစ်ပါးတည်းကြောင့် ဖြစ်ပေါ်လာသော ရုပ်အမျိုးအစားကို ကေန်ရုပ်ဟု ခေါ်၏။ တစ်ပါးထက် ပိုများသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော ရုပ်အမျိုးအစားကို အနေကန်ရုပ်ဟု ခေါ်ကြရ၏။

အဝိနိဗ္ဘောဂရုပ် ၈ပါး၊ ဣန္ဒြေရုပ် ၈ပါး၊ ဟဒယဝတ္ထုနှင့် ပရိစ္ဆေဒရုပ်တို့ ပါဝင်သော ကံမ္မဇရုပ် ၁၈ပါးတို့တွင် ကံမ္မဇ ကေန်ရုပ်များနှင့် ကမ္မဇ အနေကန်ရုပ်များသည် ကိုးပါးစီအားဖြင့် အညီအမျှရှိနေကြ၏။ ဣန္ဒြေရုပ် ၈ပါးနှင့် ဟဒယရုပ်ဝတ္ထုတစ်ပါးတို့သာလျှင် ကမ္မဇ ကေန်ရုပ်များ ဖြစ်ကြ၏။

အဝိနိဗ္ဘောဂရုပ် ၈ပါး၊ လဟုတာဒိရုပ် ၃ပါး၊ ဝိညတ်ရုပ် ၂ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်တို့ ပါဝင်နေသော စိတ္တဇရုပ် ၁၅ပါးတို့အနက်မှ ဝိညတ်ရုပ်နှစ်ပါးသာလျှင် စိတ္တဇ ကေန်ရုပ်များဖြစ်ကြ၍ ကျန် ၁၃ပါးစလုံးသည် စိတ္တဇ အနေကန်ရုပ်များ ဖြစ်ကြ၏။

ဥတုဇရုပ် ၁၃ပါးတွင် ပါဝင်ကြသော အဝိနိဗ္ဘောဂရုပ် ၈ပါး၊ လဟုတာဒိရုပ် ၃ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်အားလုံးတို့သည် ဥတုဇ အနေကန်ရုပ်များသာလျှင် ဖြစ်ကြ၏။

အာဟာရဇရုပ် ၁၂ပါးတွင် ပါဝင်ကြသော အဝိနိဗ္ဘောဂရုပ် ၈ပါး၊ လဟုတာဒိရုပ် ၃ပါး၊ ပရိစ္ဆေဒရုပ်အားလုံးတို့သည်လည်း အာဟာရဇ အနေကန်ရုပ်များချည်းပင် ဖြစ်ကြ၏။

ထို့အပြင် ကမ္မဇ ကေန်ရုပ် ၉ပါး၊ စိတ္တဇ ကေန်ရုပ် ၂ပါးတို့သည် အကြောင်းတစ်ပါးစီကြောင့်သာ ဖြစ်ကြသဖြင့် ကေန်ရုပ် ၁၁ပါးဟုလည်း ခေါ်ကြောင်း သိအပ်၏။ သဒ္ဒရုပ်တစ်ပါးကား စိတ်နှင့် ဥတုအကြောင်းနှစ်ပါးကြောင့် ဖြစ်ရသဖြင့် ဒွိဇရုပ်တစ်ပါးဟု ခေါ်ကြောင်း သိအပ်၏။ လဟုတာဒိရုပ်သုံးပါးမှာမူ စိတ်၊ ဥတု၊ အာဟာရ အကြောင်းသုံးပါးကြောင့် ဖြစ်ကြသဖြင့် တိဇရုပ်သုံးပါးဟု ခေါ်ကြောင်း သိအပ်၏။ အဝိနိဗ္ဘောဂရုပ် ၈ပါး၊ ပရိစ္ဆေဒရုပ် တစ်ပါးတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးကြောင့် ဖြစ်ကြသဖြင့် စတုဇရုပ်ကိုးပါးဟု ခေါ်ဆိုရကြောင်း သိအပ်၏။ ထို့ကြောင့် ထိုရုပ်ကိုးပါးကို ကမ္မဇအနေကန်ရုပ်များဟု သိအပ်ပါ သည်။

ဘုံသုံးပါး အမျိုးဇာတ်လေးပါးနှင့် စတုဇရုပ်များ

ပရမာအဏုမြူတစ်ခု၏ အစိတ်ပေါင်း တစ်သိန်း၏ တစ်စိတ်မျှသည် လူ့ဘုံရှိ ပရမတ္ထရုပ်ကလာပ်တစ်ခုအရွယ်ပမာဏဖြစ်၏ဟု မှတ်သားနိုင်သည်။ သိပ္ပံလောကမှ သိမှတ်ထားကြသော ဒြပ်၏အခြေခံ အမှုန် (ပရိုတွန်)တစ်ခုအရွယ်ပမာဏအောက် အလွန်သေးငယ်သည်ဟု ဆိုရပေမည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းလေးပါးကြောင့် ဖြစ်ပေါ်လာကြသော ထိုရုပ်ကလာပ်အမျိုးအစားမှာ စတုဇရုပ်ကလာပ် ၂၁ စည်းဖြစ်ပါသည်။ အရေအတွက်အားဖြင့် ကမ္မဇကလာပ် ၉စည်း၊ စိတ္တဇကလာပ် ၆စည်း၊ ဥတုဇကလာပ် ၄စည်းနှင့် အာဟာရဇာတ်ကလာပ် ၂စည်းတို့ အသီးသီးပါဝင်ကြသည်။

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ရုပ်ကလာပ် ၂၁စည်းအားလုံးကို ရအပ်ရနိုင်သည်။ ထို့ကြောင့် မျက်မှောက်ကမ္ဘာ၌ပင် ပုမ္ဘာဝနှင့် ဣတ္ထိဘာဝဟူသော လိင်အင်္ဂါနှစ်မျိုးစလုံး ပါရှိသော သတ္တဝါတို့ကို မြင်တွေ့ကြရလေသည်။ ပုံမှန်အားဖြင့် ဣတ္ထိဘာဝ မပါရှိသူသည် အထီးသတ္တဝါဖြစ်လာ၍၊ ပုမ္ဘာဝ မပါရှိသူသည် အမသတ္တဝါဖြစ်လာရသည်၊ ထိုနည်းတူ စက္ခုဒသက ကလာပ်မပါရှိသူသည် မျက်စိကန်းသူ၊ သောတဒသက ကလာပ်မပါရှိသူသည် နားပင်းသူ ဖြစ်လာရလေ၏။ ထိုသူတို့ကား ကမ္မဇကလာပ် ၉စည်းအနက်မှ တစ်စည်းတစ်စည်း ဆုံးရှုံးခဲ့သူများပင်။

လောက၏ ဗဟိဒ္ဓသန္တာန်၌မူ မြေ၊ ရေ၊ မီး၊ လေ၊ တော၊ တောင်၊ အလောင်းကောင် စသည်တို့မှာ ဥတုဇကလာပ်လေးစည်းအနက်မှ သုဒ္ဓဋ္ဌက ကလာပ်ချည်းသာဖြစ်၍ မိုးခြိမ်းသံ၊ သစ်ကိုင်းကြိတ်ပွတ်သံ၊ တုံးခေါက်သံ၊ ရေလှိုင်းပုတ်သံတို့မှာ သဒ္ဒနဝက ကလာပ်ချည်းပင် ဖြစ်ကြသည်။

ဘဝတစ်ခု၏ ပဋိသန္ဓေစိတ်ဖြစ်ခဏ (သို့မဟုတ်) ပဋိသန္ဓေအခါ၌ ထိုပဋိသန္ဓေစိတ်နှင့် ယှဉ်စပ်သော ယှက်ဖက်စေတသိက်များ (သို့မဟုတ်) အကျိုးနာမ်ခန္ဓာ (ဝိပါက်နာမက္ခန္ဓာ)များနှင့် ကမ္မဇရုပ်များ ဖြစ်ပေါ်လာ၏။

ထိုပဋိသန္ဓေစိတ်၏ တည်ခဏ(ဋ္ဌီ)မှ စ၍ စုတိစိတ် မကျမီအခါအတွင်း ကာလအပိုင်းအခြား (သို့မဟုတ်) ပဝတ္တိအခါ၌ ဘဝင်စိတ်များ၊ ဝီထိစိတ်များနှင့် ယင်းတို့၏ ယှဉ်ဖက်စေတသိက်များအပြင် ကမ္မဇရုပ်များ၊ စိတ္တဇရုပ်များ၊ ဥတုဇရုပ်များ၊ အာဟာရဇရုပ်များသည်လည်း ခဏမစဲ ဖြစ်ပျက်လျက်ရှိကြလေ၏။

ဘုံသုံးပါးရှိ ရုပ်လောကကို လေ့လာသောအခါ ဤကဲ့



www.burmeseclassic.com

www.burmeseclassic.com

သို့ သိအပ်ပါသည်။

ကာမဘုံတို့၌ ပဝတ္တိအခါမျိုးတွင် ရုပ် ၂၈ပါးစလုံးကို ထိုက်သင့်သကဲ့သို့ ရရှိကြ၏။

ရူပဘုံတို့၌ ရုပ် ၂၈ပါးအနက် ရုပ် ၂၃ပါးတို့ကိုသာ ရရှိကြ၍ ကျန်ရုပ် ၅ပါး (ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒ၊ ပုမ္ဘာဝ၊ ဣတ္ထိဘာဝ)တို့ကို မရအပ်ချေ။ သီးခြားဖြစ်သော အသညသတ်ဘုံ၌ အဝိနိဗ္ဘောဂရုပ် ၈ပါး၊ ဇီဝိတရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိကာရရုပ် ၃ပါး၊ လက္ခဏာရုပ် ၄ပါး၊ စုစုပေါင်း ရုပ် ၁၇ပါးကို ရအပ်၏။

အရူပဘုံတို့၌ ရုပ်တစ်ပါးကိုမျှ မရအပ်ချေ။

အမျိုးဇာတ်(ယောနိ)လေးပါးရှိ ရုပ်လောကကို လေ့လာလျှင် ဤကဲ့သို့ သိအပ်ပါသည်။

သံသေဒဇ သတ္တဝါအမျိုးသည် ပဒုမ္မာကြာငုံ၊ သစ်ခေါင်း၊ သစ်သီး၊ ရေပုပ်၊ ရွှံ့ ညွန်၊ အညစ်အကြေး စသည့် ငြိကပ်ရာအရပ်၌ သန္ဓေတည်၍ သတ္တဝါဖြစ်လာ၏။ ဥပမာ - ပဒုမဝတီ မိဖုရားလောင်းလျာသည် ပဒုမ္မာကြာဖူး၌၊ ဝိဠုမာဏဝိကာ လောင်းလျာသည် မန်ကျည်းပင်၌ သန္ဓေစွဲတည်ခဲ့ကြ၏။

ဩပပါတိက(ဥပပတ်) သတ္တဝါအမျိုးသည် ဘဝပြောင်းချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်တည်းပင် ဘဝသစ်၌ ဘွားခနဲရုတ်ခြည်း ကိုယ်ခန္ဓာအပြည့်အစုံနှင့် အထင်အရှား သတ္တဝါဖြစ်လာ၏။ ဥပမာ- အထက်နတ်ဗြဟ္မာများ၊ မီးသရဲပြိတ္တာများ၊ ငရဲဘုံသားများသည် ကိုယ်ခန္ဓာပြည့်စုံထင်ရှားစွာ ဘွားခနဲဖြစ်ကြ၏။ ဤတွင် ကမ္ဘာဦးလူသား ဘုမ္မစိုးနတ်များ မပါဝင်ချေ။

ထိုသံသေဒဇနှင့် ဥပပတ် သတ္တဝါတို့အား ပဋိသန္ဓေအခါတွင် စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသကနှင့် ဟဒယဒသက ဟူသော ကလာပ် ၇စည်းတို့သည် တစ်ပြိုင်တည်း ထင်ရှားစွာ ဖြစ်ပေါ်လာကြ၏။ အတိတ်ကုသိုလ်ကံအလျောက် ထိုသတ္တဝါတို့၌ စက္ခု၊ သောတ၊ ဘာဝဒသက ကလာပ် စသည်တို့မှာ ချို့တဲ့စွာ ပါရှိနိုင်ကောင်းလေသည်။

ဂဗ္ဘသေယျကအမျိုး၌ ဇလာဗုဇသတ္တဝါမျိုးနှင့် အဏ္ဍဇသတ္တဝါမျိုးဟု နှစ်မျိုးကွဲပြားပါ၏။ နှစ်မျိုးစလုံးကို အမိဝမ်းတိုက်၌ ကိန်းအောင်း၍ သန္ဓေတည်သော သတ္တဝါဟု ခေါ်ရသည်။

ဇလာဗုဇ သတ္တဝါအမျိုးသည် သားအိမ်၌ ပဋိသန္ဓေစွဲတည်ပြီးမှ သတ္တဝါဖြစ်လာ၏။ ဥပမာ - ကြက်၊ ဘဲ၊ အိမ်မြှောင်၊ မိကျောင်း၊ လိပ် စသည်တို့ ပါဝင်ကြ၏။

ထိုဂဗ္ဘသေယျက သတ္တဝါတို့အား ကာလ လရကြ...
တည်သောအခါတွင် ကာယ၊ ဘာဝ၊ ဟဒယ၊ ဒသ...
ဟူသော ကလာပ် ၃စည်းနှင့် ရုပ် ၃၀ အပေါင်းအစုသ...
တစ်ပြိုင်တည်း ထင်ရှားစွာ ဖြစ်ပေါ်လာကြ၏။ အတိ...
အကုသိုလ်ကံအလျောက် ဘာဝဒသက ချို့တဲ့ရာတွ...
ကျန်ကလာပ် ၂စည်းနှင့် ရုပ် ၂၀ အပေါင်းအစုသာလျှ...
ဖြစ်ပေါ်လာကြလေသည်။

ထိုသတ္တဝါအမျိုးတို့အား ပဋိသန္ဓေအခါတွင် လုံး...
မရအပ်သော ရုပ်တို့မှာ သဒ္ဒရုပ်၊ ဝိကာရရုပ် ၅ပါး၊ ဇရတာ...
ရုပ်၊ အနိစ္စတာရုပ်ဟူသော ရုပ် ၈ပါးတို့ပေတည်း။

**စတုဇရုပ်တို့၏ ဖြစ်ပျက်စဉ်နှင့် ခဏိက မရဏ...**

ဆိုခဲ့ပါ ရုပ်အကြောင်းခြင်းရာ လေ့လာသိရှိမှု...
အတော်အတန် လုံလောက်ခဲ့လေပြီ။ ယခု နိဂုံးချုပ်အ...
အားဖြင့် ရုပ်တို့၏ (သို့မဟုတ်) စတုဇရုပ်တို့၏ ဖြစ်ပျက်...
မှုတစ်ဆင့် အကုန်ချုပ်ငြိမ်းမှုနှင့် ခဏိက မရဏသဘော...
ကို သိတန်သရွေ့ လေ့လာစူးစမ်းခြင်း၊ သုံးသပ်ဆင်ခြင်...
ပြုကြပါအံ့။

ပဋိသန္ဓေစိတ်ဖြစ်ခဏ(ဥပါဒ်)မှစ၍ ကမ္မဇရုပ်တို့သည်...
အစဉ်မပြတ်ဘဲ ဖြစ်၍ ပျက်လာ၊ ပျက်၍ ဖြစ်လာခဲ့ကြသည်...
စုတိစိတ်ပေါ်ရာတွင် စုတိစိတ်အထက်သို့ နောက်ပြန်ရေတွ...
လျှင် ၁၇ချက်မြောက်သော စိတ်၏ ဖြစ်ခဏ၌ ကမ္မဇရုပ်...
နောက်ဆုံးဖြစ်ပေါ်ခဲ့၏။ ထိုနောက်ဆုံးဖြစ် ကမ္မဇရုပ်တို့သည်...
စုတိစိတ်၏ ပျက်ခဏ(ဘင်)၌ ရုပ်သက် ၁၇ချက်စေ့သ...
စုတိစိတ်နှင့် ပြိုင်၍ အတူတကွ ချုပ်ငြိမ်းကြ၏။ ဤသို့အ...
ဖြင့် စုတိစိတ်ချုပ်ငြိမ်းချိန်တွင်ပင် ကမ္မဇရုပ်တို့အား...
အကုန်ချုပ်ငြိမ်းသွားမှုကို နားလည်အပ်ပေသည်။

ရဟန္တာအရှင်မြတ်တို့၏ စုတိစိတ်သည် နောက်ထ...
တစ်ဖန် ရုပ်ကို မဖြစ်စေနိုင်ပေ။

ရဟန္တာမဖြစ်သေးသော သတ္တဝါအားလုံး၏ စုတိစိ...
အသီးသီးသည်ကား ရုပ်ကို တစ်ဖန်ဖြစ်စေပြန်ပါ၏။ စုတိစိ...
၏ ဖြစ်ခဏ(ဥပါဒ်)၌ စိတ္တဇရုပ်တို့လည်း နောက်ဆုံး ဖြစ်...
လာသည်။ စုတိစိတ်၏ ပျက်ခဏ(ဘင်)၌ ရုပ်သက် ခဏ...
ငယ် ၃ချက်ရခဲ့သဖြင့် စုတိစိတ်ချုပ်ငြိမ်းပြီးနောက် ခဏ...
၄၈ချက်အလွန်တွင် စိတ္တဇရုပ်အားလုံးပင် အကုန်ချုပ်...
သွားရလေသည်။

အကယ်၍ မျိုသွင်းသော ဗဟိဒ္ဓ အာဟာရရှိခဲ့လျှ...


www.burmeseclassic.com

www.burmeseclassic.com

အဋ္ဌတ္တအာဟာရနှင့် ပူးပေါင်းမှုဖြစ်ခဲ့လျှင်၊ ဝိညာဏ် အထောက်အပံ့ကို ရခဲ့လျှင်၊ ဤအကြောင်းသုံးပါး ညီညွတ် ခြင်းကြောင့် အာဟာရဇရုပ်တို့ ဖြစ်ပေါ်လာကြသည်။ ထို အာဟာရဇရုပ်တို့သည် စုတိစိတ်၏ ပျက်ခဏ(ဘင်)အထိ ရှည်သက်ရှည်ကြ၏။ စုတိစိတ်၏ ပျက်ခဏ(ဘင်)၌ ရုပ်သက် ခဏငယ်တစ်ချက်သာ ရသေးသော၊ ထိုနောက်ဆုံးဖြစ် အာဟာရဇရုပ်အားလုံးသည် စုတိစိတ်ချုပ်ငြိမ်းပြီးနောက် ခဏငယ်အချက် ၅၀ လွန်ပြီးပါမှ အကုန်ချုပ်ငြိမ်းသွားကြ လေသည်။

ဥတုဇရုပ်ကလာပ်တစ်ခုစီတွင် ပါဝင်နေသော တေဇော ဓာတ်သည် ရုပ်၏ တည်ခဏ(ဌီ)၌ ခဏငယ်တိုင်း ဥတုဇရုပ် သစ်တို့ကို ဖြစ်ပေါ်လာစေနိုင်သည်။ ထို့ကြောင့် စုတိစိတ် ချုပ်ငြိမ်းပြီးနောက်တွင်လည်း ဥတုဇရုပ်တို့သည် ဆက်၍ ဆက်၍ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နှင့် အစဉ်တန်းနေကြသေး၏။ ဤသို့အားဖြင့် အသက်ချုပ်ပျောက် သွားပြီးသော အလောင်းကောင်သည် ဥတုဇရုပ်များ၏ အစု အဝေးမျှသာဟု နားလည်အပ်ပေသည်။ ယခု နေ့စဉ်ထုတ် သတင်းစာ၏ အနိစ္စကြော်ငြာစာမျက်နှာ၌ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ဟူသော အသုံးအနှုန်းကို ဖတ်ရှုနိုင် ကြပါ၏။

ဤကဲ့သို့သော စုတိစိတ်နှင့် စတုဇရုပ်တို့၏ ဖြစ်ပျက် မှုသဘော၊ မရဏသဘောကို နားလည်နိုင်ပါက စုတိစိတ် မကျမီ ခန္ဓာငါးပါး၏ ရုပ်ဓာတ်၊ နာမ်ဓာတ်တို့၏ ခဏငယ် တိုင်း ဖြစ်ပျက်၊ ဖြစ်ပျက် ဖြစ်နေမြဲမှန်သော "ခဏိက မရဏ"သဘောကိုလည်း အတန်အသင့် ဆင်ခြင်၍ နှလုံး သွင်းနိုင်တန်ရာသည်။ နှလုံးသွင်းကောင်းရှိသင့်ပေပြီ။

ထိုမှတစ်ဆင့် ရုပ်ဓာတ်၊ နာမ်ဓာတ်ဟူသော သင်္ခါရ တရားတို့ကို ငါမဟုတ်၊ ငါ့ဟာ မဟုတ်၊ အတ္တလည်း မဟုတ်၊ အတ္တနီယလည်း မဟုတ်ဟူ၍ ရှုမှတ်ပွားများရပေမည်။ ရှုမှတ် ပွားများနေသမျှကာလပတ်လုံး အတ္တဒိဋ္ဌိ မရှိနိုင်တော့ဘဲ "အတ္တာနုဒိဋ္ဌိ"အဖြစ်မှ လွတ်မြောက်ရပေမည်။ ဖြစ်ပြီးသမျှ ချုပ်ပျက်ခြင်းသဘောမှတစ်ဆင့် မမြဲသော အနိစ္စတရား၊ အစိုးမရသော အနတ္တတရားအထိ ထွင်းဖောက်မြင်သိကာ ဝိပဿနာဉာဏ်အဆင့်သို့ တက်လှမ်းနိုင်ပေလိမ့်မည်။

ဤသည်မှာ "အနှိုင်းမဲ့ ဇယမင်္ဂလာ" ပေတည်း ■

* * *

ဧယာဂီဓော်လွင်


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

ည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေးမူမပျက် နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာဟော စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်စာလုံး များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာမြန်မာ ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်ပေးခြင်း စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဘဏ်ပူဇော်၁၇၀၀၀ကျပ်) သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆောင်ရွက် ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်မြတ်ကို နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟောစာတမ်း များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟောခြင်း အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်းရစေရန် နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမောင်နှံများ စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွန်မှုရှိ/ မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်ချောမော သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်ပြုလုပ် ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအစီအရင် ပညာဓာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်စေရ မည်ဟုမှတ်ပါ(နှုတ်ဟောဘဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟောစာတမ်း များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့ VPLဖြင့်လည်းကောင်းဘဏ်မှငွေလွှဲ လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍ မေးမြန်းနိုင်ပါ သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာမလိုပဲပို့ပေး မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတောင်ညွန့်မြို့နယ်

မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5152521,


www.burmeseclassic.com

www.burmeseclassic.com


## ဗျာဒိတ်တော်ညွှန်း

# ဂဇဟတ္ထမုဒြာဟန်

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



ဗျာဒိတ်တော်ညွှန်းဟန် ဂဇဟတ္ထမုဒြာတော်ရုပ် ဆင်းတုတော်တစ်ဆူ




မိုင်းဆတ်မြို့ ရွှေဟသာကုန်းမှ ဗျာဒိတ်တော်ညွှန်းဟန် ဆင်းတုတော်

မြန်မာ့ယဉ်ကျေးမှု အနုပညာနယ်ပယ်တွင် ရုပ်တုဆင်းတုများ၏ အခန်းကဏ္ဍမှာ အတော်နေရာယူကာ အလွန်အရေးပါလှပါသည်။ ထိုရုပ်တုအတော်မျာ်းများမှာလည်း ဗုဒ္ဓဘာသာဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ ဘာသာရေးအရ ခေတ်အဆက်ဆက် ထုလုပ်ခဲ့ကြသော ဆင်းတုတော်များသာ ဖြစ်ကြပါသည်။ ယင်းတို့ကို ရုပ်တုဆင်းတုများ လေ့လာအကဲဖြတ်ခြင်းပညာ(Iconography) ရှုထောင့်ဖြင့် လေ့လာကြရပါမည်။ ယင်းသို့ ရုပ်တု၊ ရုပ်လုံး၊ ရုပ်ခုံး၊ ရုပ်ကြွ၊ ပန်းချီဆေးရေးများကို လေ့လာခြင်းပြုရာတွင် သိပ္ပံပညာရပ်တစ်ရပ်အနေဖြင့် စနစ်တကျ ချဉ်းကပ်ရသည်ဖြစ်ရာ "ပဋိမာသိပ္ပံပညာ"ဟုလည်း ခေါ်ကြလေ၏။ ပဋိမာ(Patima) ဆိုသ[...]မှာ ဆင်းတုရုပ်တုများကို ဆိုလိုပါသည်။ သီရိလင်္ကာနိုင်[...] (သီဟိုဠ်ကျွန်း)ရှိ ဘုန်းကြီးကျောင်းများ၊ သာသနိကအဆော[...] အအုံများတွင် ပဋိမာဃရ(Patima ghara)၊ ပဋိမာဂေ[...] (Patima geha) ခေါ် ဆင်းတုတော်ဆောင်(Image hous[...] များပင် သီးသန့်ထားရှိသည်ကို တွေ့နိုင်လေသည်။ ရန်က[...] မြို့ ဟံသာဝတီပုံနှိပ်တိုက်မှ ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေခဲ့သ[...] (ပုရာဏဇီရဏ စေတိယ ပဋိမာဒိ သုန္ဒရ ပဋိသင်္ခ[...] ဝိတ္ထာရ ဝိနိစ္ဆယ ဒီပနီ)ဟူသော ကျမ်းတစ်စောင်ပင် ရှိခဲ့[...] ပါသည်။ ပါဠိဘာသာဖြင့် အမည်တပ်ထားသော ထိုကျမ်း[...]



www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆတ်မြို့ ရွှေဟင်္သာကုန်းမှ ဗျာဒိတ်တော်ညွှန်းဟန် ဆင်းတုတော်

တော်ဘုရားကြီးများ ပြုစုသော (ရုပ်ပွားစေတီတော် ...င်း ပြင်ဆင်မှုအဆုံးအဖြတ်ကျမ်း)ပင် ဖြစ်လေသည်။

**...လက်ဟန်အနေအထား**

ဆင်းတုရုပ်တုများအကြောင်း ပြောကြမည်ဆိုလျှင် ...(Mudra)ဆိုသည်မှာ လက်ဟန်အနေအထားဟု ...သိထားကြပါသည်။ သို့ရာတွင် တစ်ခါတစ်ခါတွင်ကား ...ဟန်အမူအရာများကိုချည်းသာ မကဘဲ ခြေလက်အင်္ဂါ ...အစိတ်အပိုင်းများဖြင့် ညွှန်ပြထားသော ဟန်ပန် ...လက္ခဏာအမူအရာများအားလုံးကိုလည်း မုဒြာ ...တွင်ပင် ထည့်သွင်းလိုက်ရသည်။ ထိုအခါ မုဒြာ ...ကို ရုပ်တုဆင်းတုများ၏ ယေဘုယျ ဟန်ပန်အမူ ... အကြမ်းအားဖြင့် ဆိုနိုင်ပြန်ပါသည်။

**...က်ချည်းသက်သက်သာသုံးသော ဟတ္ထ**

...ဖြစ်ရာ လက်ချည်းသက်သက်ဖြင့်သာ ဖော်ပြ ...င် ပြသအပ်သော ဟန်အမူအရာများကိုမူ (ဟတ္ထ) ...ဟူ၍ ခွဲခြားသတ်မှတ်ရတော့သည်။ ယင်းလက် ...ဟန်ပန်များတွင်ပင်လျှင် လက်မောင်းရင်း၊ လက် ...တံတောင်ဆစ်၊ လက်ရုံး၊ လက်ကောက်ဝတ်၊ လက်ဖဝါးနှင့်တကွသော လက်ချောင်းလေးများအသီးသီး၏ အနေအထား၊ အနိမ့်အမြင့်၊ အတွင်းအပြင်၊ အလုန် အမောက်၊ အပူးအခွာ စသည်တို့အပေါ် အမှီပြု၍လည်း အနက်အဓိပ္ပာယ်နှင့် သဘောတရားများမှာ ကွဲပြားခြားနား သွားပြန်ပါသည်။

**ဗျာဒိတ်ပေးဟန် လက်အနေအထား ဂဇဟတ္ထ**

ဂဇဟတ္ထ(Gaja Hasta)ဆိုသည်မှာကား ဗျာဒိတ်ပေးဟန် လက်အနေအထား မုဒြာပင်ဖြစ်သည်။ ထိုအနေအထားတွင် လက်မောင်းတော်ကို ရှေ့ဆီသို့ ဆန့်တန်း၍ဖြစ်စေ၊ တစ်ခါတစ်ရံတွင် ကိုယ်လုံးတော်၏ရှေ့တွင် ကန့်လန့်ဖြတ်၍ဖြစ်စေ ထားလေ့ရှိပါသည်။ ဆင်၏ နှာမောင်းသဏ္ဌာန်ပုံဟန်ရှိသော လက်ဟန်အနေအထားဖြစ်ရကား ဂဇ(ဆင်)(Gaja)+ ဟတ္ထ(Hasta)(လက်နေဟန်ထား၊ ဟန်ပန်အမူအရာ)-ဂဇဟတ္ထ (Gaja Hasta)ဟု ခေါ်ကြလေသည်။ ထိုလက်အနေအထားရှိသော ဆင်းတု၊ ရုပ်တုတော်များသည် အမြဲတမ်းလိုပင် မတ်တပ်ရပ်လျက်(Standing posture) ရှိကြသည်။ မတ်ရပ်တော် ဆင်းတုများတွင်သာ ထို ဂဇဟတ္ထလက်ဟန်ကို အများဆုံးမြင်တွေ့ရသည်။



သံတွဲမြို့ပြင်ရှိ ဒန်းဒေးစေတီတော်အနီးမှ ဗျာဒိတ်ညွှန်း ဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

## ဗျာဒိတ်ပေးဟန်၏ လက္ခဏာများ

ဂဇဟတ္ထလက်ဟန်သည် ဓမ္မေသုအပ္ပမာဒ မင်္ဂလာရ စေခြင်းဟု တိုက်တွန်းနေဟန်မျိုးဖြစ်ပါသည်။

ထိုဂဇဟတ္ထလက်ဟန်အနေအထားသည် အမ္ဗတရသ နှင့် ဟာသရသတို့ကို ပေါ်လွင်စေလေသည်။ (ရသကိုးပါးရှိသည့်အနက် ဟာသရသ-ရယ်ရွှင်ခြင်းနှင့် အမ္ဗုတရသ-အံ့သြခြင်းတို့ကို ဆိုလိုပါသည်။ ထိုသို့ လက်ကို ဆန့်တန်းပြီး ဗျာဒိတ်ပေးလိုက်သည့်အခါ ဗျာဒိတ်တော်ပေးခံရသူသည် အံ့သြဝမ်းသာခြင်းကြောင့် ပျော်ရွှင်ကြည်နူးသွားရသည်ဟုလို)။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား ရက္ခစိုးထင်ပြီး ယနာနို့ဆွမ်းကပ်ခဲ့သူ သုဇာတာ သူဌေးသမီး၏ သား (ယသ သတို့သား)သည် နန်းတော်တမျှ ကြီးသော သုံးရာသီ စံအိမ်တော်များတွင် အဆို၊ အက အတီး စုံလင်စွာဖြင့် အမျိုးသမီးများ ခြံရံလျက် ကာမဂုဏ်စည်းစိမ်များကို ခံစားနေခဲ့၏။ တစ်ည အိပ်ရာမှ နိုးထစဉ် ထိုမိန်းမများကို ကြည့်ကာ ကိလေသာစိတ်အစား စက်ဆုပ်သွားကာ မိဂဒါဝုန်တောသို့ ထွက်လာခဲ့၏။ အရုဏ်ကျင်းချိန်တွင် မိဂဒါဝုန်တော၌ သီတင်းသုံးနေသော ဘုရားရှင်နှင့် တွေ့ပြီး တရားထူးနာခဲ့ရ၏။ ရုပ်ဝတ္ထုပစ္စည်းပိုင်မှုနှင့် သဘာဝတရား၏ ဖြစ်တည်မှုတို့ မခိုင်မြဲပုံကို နားလည်သွားကာ ရဟန်းပြုခဲ့ရာ၊ သာသနာတော်



သံတွဲမြို့ပြင်ရှိ ဒန်းဒေးစေတီတော်အနီးမှ ဗျာဒိတ်ညွှန်း ဆင်းတုတော်



သံတွဲမြို့ပြင်ရှိ ဒန်းဒေးစေတီတော်အနီးမှ ဗျာဒိတ်ညွှန်း ဆင်းတုတော်

တွင် ပထမဆုံး ရဟန်းဖြစ်ခဲ့လေသည်။ သူသည်ကား ယ ဘိက္ခုဖြစ်၏။ မြတ်စွာဘုရားသည် ရဟန်းဖြစ်ရမည့် ဥ သယနှင့် ပြည့်စုံသူကို တွေ့မြင်ရာ ပုံသကူ သင်္ကန်းတော် အတွင်းမှ ရွှေအဆင်းရှိပြီး ဆင်နှာမောင်းနှင့် တူသော လက်ယာ လက်မောင်းတော်ကို ထုတ်ကာ လက်တော် ဆန့်တန်းပြီး ဗြဟ္မာမင်း၏ အသံတော်ဖြင့် "ဟေဘိက္ခု" ခေါ်တော်မူ၏။ "ချစ်သားရဟန်း . . . လာလှည့်" ဟု ဗုဒ္ဓ ခေါ်တော်မူရုံမျှဖြင့် လူ့အသွင်ပျောက်ကာ ရဟန်းအသွင် ရောက်သွားလေသည်။ ဆင်နှာမောင်းအသွင် ဆန့်တန်းခေါ် လိုက်သော ထိုလက်တော်ကား ဂဇဟတ္ထလက်ဟန်ပေတည်း ထိုသို့ခေါ်ငင်လိုက်သော လက်ဟန်ကြောင့် "ယသ" သ သားလည်း အံ့သြဝမ်းသာဖြစ်ရလေ၏။

ထို့ပြင် ဂဇဟတ္ထသည် အဓိဋ္ဌာန ပါရမီ၊ ဝီရိယ ပါ စခန်းများသို့လည်း ညွှန်ပြပေသည်။ ဗျာဒိတ်တော်ပေးခံရ သည့်နောက်တွင်ကား ထိုပုဂ္ဂိုလ်သည် အဓိဋ္ဌာန်ပါရမီ ဆောက်တည်ကာ၊ ဝီရိယပါရမီကို စိုက်ထုတ်လျက် လို ခရီးသို့ရောက်အောင် ကြိုးပမ်းအားထုတ်ရပေတော့မည် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံတွဲမြို့ နံ့တော်တောင်မှ သုမေဓာရှင်ရသေ့နှင့် ဗျာဒိတ်ပေးဆင်းတုတော်

## ဗျာဒိတ်ပေးဟန် လက်တော်များ

ဗျာဒိတ်ပေးဟန် လက်တော်များကို အထင်ရှားဆုံး ...သည်ကား ဗျာဒိတ်တော်ညွှန်းနေသော ဘုရားရုပ်ပွားတော် ...င် ဖြစ်ပါသည်။ ကိုယ်တို့ဆရာကြီး စစ်ထွန်းမှတ်ဝင်း ... မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ မုဒြာများ၊ သာသနာရေး ... ၁၉ဂ၁၊ ရန်ကုန်) စာအုပ်တွင် ဖော်ပြထားပုံကား ...ရှင်သည် မတ်ရပ်အနေအထားဖြင့် ရှိနေသည်။ လက် ...လက်တော်ကို လက်မောင်းမှ ဆန့်တန်းကာ ရှေ့သို့ ...ပြနေသည်။ လက်ဝဲ လက်တော်ကိုကား ရိုးရိုးသာ ...င့်ကပ်လျက် ချထားလေသည်။ ဘုရားရှင်၏ ခြေတော် ...တွင်ကား ရဟန္တာတစ်ပါး (ရှင်အာနန္ဒာဖြစ်နိုင်ကောင်းရဲ့) ... ပုဆစ်ဒူးတုပ်လျက် ထိုင်တော်မူကာ ဘုရားရှင်ကို ...အုပ်တော်ချီမိုးထားသည်။ ရဟန္တာ၏ မျက်နှာတော်ကား ...င် ညွှန်းပြရာသို့ ကြည့်တော်မူနေ၏။ မည်သည့် ဘုရား ...ဆောင်းတွင် ရိုက်ယူလာသည့်ပုံဟု မသိရသော်လည်း ...ကျလိုက်လေ။

(ရှမ်းပြည်အရှေ့ပိုင်း၊ မိုင်းဆတ်မြို့သို့ ရောက်စဉ်က မြို့ပြင်တောင်ကုန်းတစ်နေရာရှိ ရွှေဟသ်ာစေတီသို့ သွား ရောက် ဖူးမြော်ခဲ့သည်။ ယင်းတောင်ကုန်းထိပ် စေတီတော် ဘေးကပ်လျက်တွင် ဤတောင်ကုန်းသည်ကား ရွှေဟသ်ာ ကုန်းပေတည်းဟု ဘုရားရှင် ဗျာဒိတ်ပေးနေဟန် အင်္ဂတေသား ဆင်းတုတော်ရှိသည်။ ယင်းတွင် ဘုရားရှင်သည် ဟသ်ာ မောင်နှံနှစ်ကောင်ပေါ်တွင် ရပ်လျက် လက်ယာလက်တော် ဖြင့် သပိတ်ကို ပိုက်ထားပြီး လက်ဝဲ လက်တော်ကို ဆန့်တန်း ကာ လက်ညှိုးညွှန်လျက် ပြနေဟန် ထုလုပ်ထားလေသည်။ ရှမ်းတိုင်းရင်းသား ပန်းပညာရှင်တစ်ဦး၏ လက်စွမ်းပြ ဆင်းတုတော်ပေတည်း။ မည်သည့်ကျမ်းကို ကိုးကားလေ သည် မသိသော်လည်း၊ ညာလက်တော်ဖြင့် သပိတ်တော် ပိုက်ထားရသဖြင့် ဘယ်လက်တော်ဖြင့်သာ ဗျာဒိတ်တော် ညွှန်းရလေသည်။)

(ရခိုင်ပြည်နယ်၊ သံတွဲမြို့ပြင်ရှိ ဒန်းဒေးစေတီသို့ ရောက်ခဲ့စဉ်ကလည်း စေတီတော်ဘေးရှိ တန်ဆောင်းတွင် ဗျာဒိတ်ပေးဟန် မတ်ရပ် ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရ သည်။ ဘုရားရှင်၏ ခြေတော်ရင်းတွင်ကား ရဟန္တာတစ်ပါး သည် ဘုရားရှင်ဘက်သို့ မျက်နှာပြုလျက် ပုဆစ်ဒူးတုပ်ထိုင် တော်မူကာ လက်အုပ်ချီထား၏။ ဘုရားရှင်သည် လက်တော် နှစ်ဖက်လုံးကို ချထားတော်မူပြီး တံတောင်ဆစ်မှသာ အနည်း ငယ် ခပ်ကားကားလေး ပင့်မြှောက်လေသည်။ ဗျာဒိတ်ညွှန်း နေဟန် လက်သီးဆုပ်ကွေးလျက် လက်ညှိုးညွှန်ထားသော၊ အနည်းငယ် ပိုမြှောက်ထားသည့် လက်ယာ လက်တော်ရှိပြီး လက်ဝဲလက်တော်ကား ခပ်ရိုးရိုးပင် မှောက်လျက် ခပ်အုပ် အုပ်ထားသည်။ ဒေသခံ ပန်းပညာရှင်သည် မည်သို့ စိတ်ကူး လေသည် မသိ။ ဤလက်တော်ထားဟန်အနေအထားကို ဗျာဒိတ်ညွှန်းဟန် "ဂဇဟတ္ထ"ဟု ဆိုနိုင်ပါမလားဟု ဆရာကြီး



သံတွဲမြို့ နံ့တော်တောင်မှ သုမေဓာရှင်ရသေ့နှင့် ဗျာဒိတ်ပေးဆင်းတုတော်

www.burmeseclassic.com


စစ်ထွန်းမှတ်ဝင်းကို တမလွန်သို့ လိုက်လျက် မေးကြည့်ချင်မိပါတော့သည်။)

(ရခိုင်ပြည်နယ်၊ သံတွဲမြို့ နံတော်တောင်စေတီသို့ ရောက်ခဲ့စဉ်ကလည်း စေတီတော်ရှေ့ရှိ စောင်းတန်းရှည်တွင် ဗျာဒိတ်ပေးဟန် မတ်ရပ် ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပြန်သည်။ ဘုရားရှင်၏ ခြေတော်ရင်းတွင်ကား သုမေဓာရှင်သည် ပါရမီဖြည့်ဖက်နှင့်အတူ မြေအပြင်ဝယ် လဲလျောင်းလျက် တံတားအဖြစ် နင်းလျှောက်တော်မူပါဟု လက်အုပ်ချီလျက် ဘုရားရှင်ဘက်သို့ မျက်နှာပြုကာ ပန်ကြားနေလေ၏။ ဘုရားရှင်သည် နောက်လိုက်နောက်ပါ ရဟန္တာများနှင့်အတူ တစ်သီတစ်တန်း ကြွချီတော်မူနေသည်။ လက်ဝဲ လက်တော်ဖြင့် သပိတ်တော်ကို ပိုက်ထားသည်။ လက်ယာ လက်တော်ကို တံတောင်ဆစ်ဆီမှ အထက်သို့ ပင့်မြှောက်လျက် လက်ဝါးတစ်ပြင်လုံးကို ဖြန့်ကာ ဗျာဒိတ်ညွှန်းနေလေသည်။ ပန်းပညာရှင်ကား ဒေသခံပန်းပညာရှင်ဖြစ်ပြီး အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် ခင်ဖြူကြည်၏ အစ်ကိုကြီးဖြစ်သည်။ ယခုအခါ အင်္ဂလန်တွင် အခြေချနေထိုင်သော စောင်းမောင်နေဝါ၏ ယောက်ဖဖြစ်၏။ သုမေဓာရှင်ရသေ့၏ ပါရမီဖြည့်ဖက်ကား ခင်ဖြူကြည် မျက်နှာပေါက်မျိုးဖြင့် အတော်လှသော အင်္ဂတေပန်းပုရုပ်ဖြစ်ပါသည်။ ခေတ်သစ် အနုပညာရှင်၊ လက်မှုပညာရှင်တို့သည် စေတနာသဒ္ဓါတရားအပြည့်အဝဖြင့် ကြိုးစားပမ်းစား ထုလုပ်ပူဇော်ထားကြခြင်းဖြစ်၏။ သို့သော် မြန်မာ့ရိုးရာ ပဋိမာ သိပ္ပံပညာရပ်မှ မုဒြာ၊ ဟတ္ထများနှင့်တော့ အနည်းငယ် သွေဖည်နေပေရော့မည်။ သည်တွင် ဗျာဒိတ်ပေးနေဟန်နှင့် ဗျာဒိတ်ညွှန်းနေဟန်ဟုများ ကွာခြားနေလေရော့သလားဟု စဉ်းစားကြည့်မိပြန်ပါသည်။)

နောက်ထပ် အထင်အရှားတွေ့နိုင်သော ဂဇဟတ္ထ လက်ဟန်ဖြင့် ရုပ်တုဆင်းတုကား မန္တလေးမြို့ မန္တလေးတောင်ပေါ်မှ ရပ်တော်မူဘုရားကြီးပင် ဖြစ်ပါသည်။

ထို့ပြင် သီရိမာဒေဝတာ နတ်သမီးရုပ်တွင်လည်း ဂဇဟတ္ထ လက်ထားဟန်မျိုး တွေ့မြင်နိုင်သည်။

ကခုန်မြူးတူးနေကြသော နတ်သိကြားရုပ်၊ ဗြဟ္မာရုပ်များတွင်လည်း ဂဇဟတ္ထပုံမျိုးကို တွေ့နိုင်ပါသည်။ မြန်မာပြည်တစ်ဝှမ်းရှိ ဘုရားစေတီများတွင် အစောင့် ဘိုးဘိုးကြီးရုပ်တုများ ရှိတတ်သည်။ ထို ဘိုးဘိုးကြီးရုပ်များကို စေတီတော်ရှိရာဘက်သို့ လက်ညှိုးညွှန်လျက် ထုလုပ်ထားတတ်ကြ၏။ အထင်ကရဖြစ်သော ရန်ကုန်မြို့လယ် ဆူးလေအဝိုင်းကြီးရှိ ဆူးလေစေတီတော်ကုန်းမှ ဆူးလေနတ်ကြီး



သံတွဲမြို့ နံတော်တောင်မှ သုမေဓာရှင်ရသေ့နှင့် ဗျာဒိတ်ပေးဆင်းတုတော်

(ဘိုးဘိုးကြီး)သည်လည်း လက်ကို ဆန့်တန်းကာ လက်ညှိုးညွှန်လျက် ဂဇဟတ္ထလက်ဟန်ဖြင့် ရှိပေသည်။

## ဗျာဒိတ်ပေးဟန်နှင့် ဆင်တူသော လက်တော်ထားဟန်

ယင်း ဂဇဟတ္ထနှင့် ဆင်တူသော လက်တော်ထားဟန်မှာ ဒဏ္ဍာဟတ္ထ (Danda Hasta)ပုံပင် ဖြစ်ပါသည်။ ယင်း ဒဏ္ဍာဟတ္ထပုံမျိုးတွင် လက်ဝဲလက်သည် ရှေ့သို့ ဆန့်တန်း၍ဖြစ်စေ၊ ကိုယ်ခန္ဓာကို ကန့်လန့်ဖြတ်၍ ဖြစ်စေ ထားသောဟန်ဖြစ်ပေသည်။ တောင်ဝှေးကိုင်ထားသည့် သဏ္ဌာန် လက်ဟန်အနေအထားဖြစ်၍ ဒဏ္ဍာဟတ္ထဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ တန်ခိုးကြီးမားခြင်း၊ အင်အားဗလကြီးမားခြင်းများကို သရုပ်ဖော်ထားခြင်းဖြစ်၏။ ရသေ့ပုံများ၊ ပုဏ္ဏားရုပ်များတွင် ဤ ဟတ္ထလက်ထားဟန်ဖြင့် တွေ့ရှိနိုင်သည်။

## ဗျာဒိတ်တော်ညွှန်းပုံများ ဘာကြောင့် ကိုးကွယ်ကြသနည်း

ရှေးမြန်မာမင်းကောင်းမင်းမြတ်တို့သည် ဗျာဒိတ်တော်ညွှန်းပုံ ဂဇဟတ္ထလက်တော်ဟန်နှင့် ဆင်းတုတော်များကို စီရင်ကိုးကွယ်ခဲ့ကြသည်။ ထုလုပ်ကိုးကွယ်ရခြင်း ရည်ရွယ်ရင်းမှာ မိမိ၏ ဘုန်းတန်ခိုးအာနုဘော် ထက်မြက်တိုးပွားရန်၊ မိမိတိုင်းပြည်ကို တိုင်းတစ်ပါးရန်သူတို့ မထိပါး မနှောင့်ယှက်နိုင်စေရန်နှင့် တိုင်းသူပြည်သားများက မိမိအား စိတ်ချယုံကြည်အားကိုးစိတ်ပေါ်လာရန်တို့အတွက် ဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

## ဗျာဒိတ်တော်ညွှန်းပုံတော်များ ကိုးကွယ်ရခြင်းအကျိုး

ဤ ဂဇေဟတ္ထ ဗျာဒိတ်တော်ညွှန်းပုံများကို ထုလုပ်စီမံကိုးကွယ်ကြခြင်းဖြင့် ရှေးဘဝကံဟောင်းက ကောင်းသော အကျိုးဆက်များက ယခုဘဝတွင် ကောင်းသော အကျိုးပေးလာနိုင်သည်။ မိမိအား မတော်မတရား စွပ်စွဲပြောဆိုမှုမှလည်း ကင်းလွတ်နိုင်ပါသည်။ ထို့ပြင် တည်ကြည်ခန့်ညားခြင်း၊ တိုင်း



သံတွဲမြို့ နံ့တော်တောင်မှ သုမေဓာရှင်ရသေ့နှင့် ဗျာဒိတ်ပေးဆင်းတုတော်

ပြည် စည်ပင် ဝပြောခြင်း၊ လမ်းမှန်ကို တွေ့မြင်ရခြင်း၊ ဘုန်းတန်ခိုးကြီးမားခြင်း စသော အကျိုးကျေးဇူးများကို ရနိုင်သည်ဟု တန္တရာယနကျမ်းများတွင် ဖွင့်ဆိုပြထားပါသည်။

## နှောင်းခေတ်၊ ယနေ့ခေတ် ဆင်းတုရုပ်တုတော်များ

မြန်မာနိုင်ငံအရပ်ရပ်တွင် ထုလုပ်ခဲ့ကြသော၊ ထုလုပ်ဆဲဖြစ်သော၊ ထုလုပ်လိမ့်ဦးမည်ဖြစ်သော၊ ဆင်းတုရုပ်တုတော်များကို ထုလုပ်ခဲ့ကြသည့်၊ ထုလုပ်နေသည့်၊ ထုလုပ်ကြမည့် လက်မှုပညာရှင်၊ ပန်းပညာရှင်များသည် မိမိတို့ စိတ်ဆန္ဒရှိသောအလျောက် သဒ္ဓါတရားဖြင့်သော် လည်းကောင်း၊ ကျောင်းရှင်တို့၏ အပ်နှံစေခိုင်းချက်ကြောင့်သော် လည်းကောင်း၊ အကြီးအမှူးတို့၏ တာဝန်ပေးမှု တစ်ရပ်ရပ်ကြောင့်သော် လည်းကောင်း ထုလုပ်ခဲ့ကြခြင်းဖြစ်ပေမည်။ သို့ဖြစ်ရာ ထိုရုပ်တိုင်းသည် စာပေကျမ်းဂန်များနှင့် ညီညွတ်ချင်မှ ညီညွတ်ပေမည်။ မည်သို့ဖြစ်စေ၊ နှောင်းခေတ် ပန်းပညာရှင်များ ဆက်လက်အတုယူကာ မှီငြမ်း ထုလုပ်ကြမည်ဖြစ်သော ရှေးခေတ်ကာလက လက်ရာ ဆင်းတုရုပ်တုများကို လေ့လာမှတ်တမ်းတင်ထားရန် လိုအပ်လာပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အား ... ၁ျာ်စွာ မြန်မာ့ဆင်းတုရုပ်တုများသည် တန်ဆာဆင်အလှထားခြင်း (Decoration)ထက် ကိုးကွယ်ဆည်းကပ်မှုအတွက်ဖြစ်ရာ လေးနက်သော အဓိပ္ပာယ်တစ်စုံတစ်ရာတော့ ရှိအပ်ပေသည်။ လက်အနေအထား၊ ထိုင်ပုံနေပုံ၊ ဝတ်စားဆင်ယင်ပုံများက အစ ခေတ်ကာလ၊ အခြေအနေ၊ အဆင့်အတန်း၊ အမျိုးသားဓလေ့ စသည်တို့ကို ဂရုတစ်စိုက် လေ့လာကာ စနစ်တကျ ထုလုပ်ဖန်တီးခြင်းရှိလျှင်မူကား ရုပ်တုဆင်းတုများ၏ တန်ဖိုးသည် ပိုမိုမြင့်မ ... ာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပဋိမာ သိပ္ပံပညာကို အလေးထား ဂရုပြုသင့်ပါကြောင်း ဆင်းတုရုပ်တု ထုလုပ်သူများ၊ ထုလုပ်ရန် စီစဉ်နေသူများကို အကြံပြုလိုက်ရပါတော့သည ■

* * *

ကိုအေးမြင့်(ပဟာဝိဇ္ဇာ : ဒုး-သု)

စာကိုး

- ထွန်းမှတ်ဝင်း-စဝ်၏ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ အာသနပလ္လင်တော်နှင့် ဝါဟန စီးတော်ယာဉ်များ (သာသနာရေးဦးစီး၊ ၁၉ဂ၁၊ ရန်ကုန်)။
- ထွန်းမှတ်ဝင်း-စဝ်၏ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ မုဒြာများ (သာသနာရေးဦးစီး၊ ၁၉ဂ၁၊ ရန်ကုန်)။
- အရှေ့တိုင်း ယဉ်ကျေးမှုပို့ချချက်များ၊ အတွဲ(၁)၊ ဗုဒ္ဓရုပ်ထုတော်များသမိုင်း (စာပေးစာယူသင်တန်းဌာန၊ ရန်ကုန်)။



www.burmeseclassic.com

www.burmeseclassic.com

# ဂုဏ်တော်သရဏဂုံ မဟာစလွယ် ဂါထာတော်ကြီး

မင်းကြည်ဖြူ



လောကဥ္စ အနှိုင်းမဲ့ သခင်မှာ ဗုဒ္ဓပင် ဖြစ်ပါ၏။ ထိုသို့ အနှိုင်းမဲ့သခင် ဗုဒ္ဓ၏ ဂုဏ်တော်များမှာလည်း အံ့မခန်းပင် ဖြစ်၏။ ဤသို့ဖြစ်ရာ ဗုဒ္ဓကိုယ်တော်တိုင်ကို ရည်စူး၍ လည်းကောင်း၊ ဗုဒ္ဓ၏ ဂုဏ်တော်တို့အား ရည်စူး၍ လည်းကောင်း၊ သတိရ ပွားများအားထုတ်နေခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၍၊ ကောင်းမြတ်သော အကျိုးတို့ကို တိုးပွားစေပါ၏။ ဘေးရန်အပေါင်းကိုလည်း ကင်းဝေးစေကာ၊ ချမ်းသာမှု အဖြာဖြာကို ပေးစွမ်းနိုင်ပါ၏။

ထို့ကြောင့် ရှေးအစဉ်အဆက် ရာဇဂုရု သာသနာပိုင် ဆရာတော်ဘုရားကြီးများကိုယ်တိုင် မိမိတို့၏ တပည့်ရင်း၊ ဒကာရင်း၊ ဒကာတော် ဘုရင်မင်းမြတ်အသီးသီးတို့အား ချီးမြှင့်တော်မူခဲ့သည့် ဗုဒ္ဓ၏ ဂုဏ်တော်များဖြင့် လွှမ်းခြုံပူဇော်ထားသည့် ဂါထာတစ်ပုဒ်ရှိခဲ့ပါ၏။ ထိုဂါထာတော်မြတ်အား "ဂုဏ်တော်သရဏဂုံ မဟာစလွယ်တော်ကြီး" ဟု ခေါ်ဆိုပါ၏။ ရွတ်ဖတ်ပူဇော်သူအပေါင်း ဘေးဥပါဒ်အန္တရာယ်တို့မှ ကင်းဝေးပြီး ချမ်းသာကြီးပွား စီးပွားတက်စေပါ၏။ ယုံကြည်စွာ ရွတ်ဖတ်ပူဇော်ကြပါကုန်။

**သောဘဂဝါ ဣတိပိ အရဟံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။**

**အကာလိကော ဣတိပိ အရဟံ ဓမ္မံ သရဏံ ဂစ္ဆာမိ။**

**သုပ္ပဋိပန္နော ဣတိပိ အရဟံ သံဃံ သရဏံ ဂစ္ဆာမိ။**

အထက်ပါ ဂါထာတော်မြတ်ကို နေ့စဉ် အိပ်ရာဝင်၊ အိပ်ရာထ ကိုးကြိမ်ထက်မနည်း ရွတ်ဖတ်ပူဇော်ပါက အကျိုးထူးများ ရရှိစေနိုင်ပါသည်။ ဤဂါထာတော်မြတ်အား တံတားဦးမြို့ ဂိုဏ်းထောက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥက္ကဋ္ဌမှ ချီးမြှင့်တော်မူခဲ့ပါသည် ■

* * *

မင်းကြည်ဖြူ



www.burmeseclassic.com

www.burmeseclassic.com

# နေစေး

## စာပေမှ

### သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် င်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား နေစေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ တ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက်ကား ဖြန့်ချိရောင်းချ နေပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ိုင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသိရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၀၅၅၄

ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ ဗိုလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄


www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် "ငါးယောက်ကိုင်း"ဟူသော ကျေးရွာတစ်ရွာရှိ၏။ ကျောက်တော်မြို့၏ အနောက်ဘက် ၄မိုင်ခန့်အကွာရှိ မင်းကြီးတောင်ခြေတွင်ရှိသော ရွာငယ်လေးတစ်ရွာဖြစ်သည်။

ကျွန်ုပ် မောင်ရွှေမိုးသည် ရန်ကုန်တက္ကသိုလ်မှ ဘီအီးဒီပညာရေးဘွဲ့ရပြီးနောက် ကျောက်တော် အစိုးရအထက်တန်းကျောင်းသို့ အထက်တန်းပြ လက်ထောက်ဆရာအဖြစ် ခန့်ထားခြင်းခံရ၏။

၁၉၇၉ ခုနှစ်တွင် ဖြစ်ပါသည် ကုလားတန်မြစ်၏ အနောက်ဘ ကမ်းတွင်ရှိသော ကျောက်တော်မြ ရန်ကုန်မြို့မှ လေယာဉ်စီး၍ စစ်တွေ ထိုမှတစ်ဆင့် ကုလားတန်မြစ်ကို ဆ ၍ သင်္ဘောဖြင့် သွားရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဒေသန္တရဗဟုသုတကို ရှာမှီးလိုသောသူဖြစ်သောကြောင့် အသွားအလာ မချောမွေ့သော်လည်း စိတ်မညစ်ပါ။ ကျောက်တော်တွင် ပြည်မမှ လာရောက် အမှုထမ်းနေကြသော နိုင်ငံ့ဝန်ထမ်းများ စု၍ငှားထားသောအိမ်တွင် ကျောင်းအုပ်ဆရာကြီး ဦးစိန်ထွန်း၏ အကူအညီဖြင့် နေခွင့်ရသောကြောင့် နေရေးအဆင်ပြေသွားပါသည်။

စားရေးမှာလည်း စပေါင်း ချက်ပြုတ်စားကြသောကြောင့် အချိုးကျငွေထည့်၍ စားကြသဖြင့် စားရေးမှာလည်း အဆင်ပြေသွားပါသည်။

ကျွန်ုပ်သည် ပထဝီဘာသာနှင့် မြန်မာစာကို ပြရပါသည်။ စာသင်ကြားရေးမှာလည်း အဆင်ပြေပါသည်။

ထိုကျောင်းသို့ ရောက်ပြီး သုံးလေးလခန့်အကြာ၌ ကျောက်တော်မြို့နယ် ငါးယောက်ကိုင်းရွာသား အလယ်တန်းပြဆရာတစ်ယောက်နှင့် ကျွန်ုပ်သည် ခင်မင်ရင်းနှီးသွားပြီး ကျောင်းပိတ်ရက်များ၌ ထိုကျောင်းဆရာ ဦးစန်းမြင့်နှင့်အတူ ငါးယောက်ကိုင်းရွာသို့ လိုက်သွားပြီး ဗဟုသုတရှာပါသည်။

ဦးစန်းမြင့်နှင့် အတူတူလိုက်သွားရင်း ငါးယောက်ကိုင်းရွာသား မော်ကွန်းတင် ပထမဆင့် ဦးစံမရနှင့် ခင်မင်ရင်းနှီးသွား၏။ ဦးစံမရမှာ အသက် ၆၀နှစ်အရွယ်။ ရခိုင်မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်၏။ လယ်ယာစိုက်ပျိုးရေးအလုပ်သမားကြီးတစ်ယောက်ဖြစ်ပြီး မြန်မာ့လွတ်လပ်ရေးရရေး တိုက်ပွဲဝင်ရာ၌ တက်တက်ကြွကြွပါဝင်ခဲ့သူဖြစ်၏။

သူတွင် မင်းကြီးတောင်ခြေ၌ ဘိုးဘွားမိဘပိုင် တည်းသီးခြံရှိရာ၊ ခြံတွင် တည်းသီးများကို ရောင်းရင်း ဝမ်းရေးကို ဖြေရှင်းနေရ၏။ ထိုတည်းသီးခြံသို့ ဦးစံမရနှင့်အတူ ကျွန်ုပ်ရောက်သွားလေ့ရှိ၏။

တစ်နေ့တွင် ဦးစံမရက . . .

"ကျောင်းဆရာ . . . ဒီခြံထဲမှာ ကျုပ်အဖေနဲ့ အမေမြှုပ်ထားတဲ့ ငွေအိုးရှိတယ်။ ကျုပ်အမေသေခါနီးမှာ တည်းခြံမြောက်ဖျားက ဝါးချုံအောက်မှာ ငွေအိုးမြှုပ်ထားတယ်လို့ ကျုပ်ကို ပြောသွားတယ်။ အဲဒါ ကျုပ်ရှာတာ ခုထက်ထိ မတွေ့သေးဘူး"

ဟု ပြောပါသည်။

ဦးစံမရမှာ တစ်ဦးတည်းသောသားဖြစ်၏။ သူ့ဖခင်မှာ သူ့မိခင်ထက် ၂နှစ်ခန့်စောပြီး သေဆုံးသွား၏။ သူ့မိခင်မှာ စစ်ကြီးပြီးခါစတွင် သေဆုံးသွား၏။

"ဒင်္ဂါးက ဘယ်လောက်လဲ"

ကျွန်ုပ်က မေးသည်။

"အတိအကျမသိဘူး။ အမေကလည်း ပြောမသွားဘူး။ ငွေအိုးလို့သာ ပြောသွားတယ်။ ကျုပ်အထင်တော့ ဒင်္ဂါးအပြားတစ်ရာထက်တော့ မနည်းဘူး။ စစ်ဖြစ်တော့ ကျုပ်ရဲ့ မိဘတွေ တည်းခြံမှာ စစ်ခိုရင်း အဲဒီဒင်္ဂါးတွေကို မြေမြှုပ်ဝှက်ထားပုံရတယ်"

"တစ်ယောက်ယောက်က သိသွားပြီး ယူသွားပြီထင်တယ်"

ကျွန်ုပ်က ထင်မြင်ချက်ပေးသည်။

"မဖြစ်နိုင်ဘူး။ တစ်ယောက်ယောက်ရသွားရင် သတင်းက ထွက်မှာပဲ။ နောက်ပြီး ဒင်္ဂါးရောင်းရင် သိမှာပဲ"

ကျွန်ုပ် စဉ်းစားကြည့်သည်။ မြေကြောပြောင်းတတ်ရာ ငွေအိုးသည် အခြားတစ်နေရာရာသို့ ရောက်ကောင်းရောက်သွားနိုင်၏။ မြေထဲ မြှုပ်ထားသည့်အချိန်မှာလည်း နှစ်ပေါင်း သုံးဆယ်ကျော် လေးဆယ်နီးပါးရှိလေပြီ။

"မြှုပ်ထားတဲ့ နေရာလို့ ယူဆရတဲ့ နေရာကို ကျွန်တော်ကြည့်ချင်တယ်။ နောက်တစ်ပတ် ကျောင်းပိတ်ရင် ကျွန်တော်လာခဲ့မယ်"

ဟု ပြောပြီး နောက်တစ်ပတ် စနေ-တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ သူနှင့် ကျွန်ုပ် နှစ်ယောက်တည်း သူ၏ တည်းခြံသို့ သွားကြသည်။

ဦးစံမရသည် သူ့မိခင်ပြောသည့် ငွေအိုးမြှုပ်ထားသည်ဆိုသော နေရာကို ခန့်မှန်း၍ ပြသည်။

"ဒီတစ်ဝိုက်မှာ ကျုပ် အခြားသူတွေ မသိအောင် သစ်ပင်စိုက်သလိုလို ချုံရှင်းသလိုလိုနဲ့ တူးပြီးရှာနေတာ ကြာပြီ။ ခုထိ မတွေ့ဘူး"

ထိုညဉ့် ကျွန်ုပ်နှင့် ဦးစံမရသည် တည်းခြံထဲရှိ တဲငယ်၌ ညအိပ်ကြပါသည်။

ကျွန်ုပ်သည် ညအိပ်ရာဝင်သောအခါ ရွှေအိုးအကြောင်းကို စဉ်းစားသည်။ ကျွန်ုပ်သည် ဂမ္ဘီရစာအုပ်များကို ဖတ်ရန် ဝါသနာပါသူဖြစ်ရာ ငွေအိုးမြှုပ်ထားသော မိခင်သည် မကျွတ်မလွတ်ဘဲ ငွေအိုးကို စွဲလမ်းပြီး အစောင့်ဖြစ်ကောင်း ဖြစ်နေနိုင်သည်ဟု စဉ်းစားမိသည်။

◈ ◈ ◈

နံနက်မိုးလင်းသောအခါ ကျွန်ုပ်တို့နှစ်ယောက် ရေနွေးကြမ်းသောက်၍ ထိုင်စကားပြောရင်း . . .

"ဦးစံမရအနေနဲ့ တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြေစောင့်နတ်တွေထံ အကူအညီတောင်းဖူးသလား"

ဟု မေးရာ . . .

"ဟင့်အင်း၊ မတောင်းဖူးဘူး"

ဟု ပြန်ဖြေသည်။

"ကျွန်တော်က စာအမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com

ဖတ်သူဆိုတော့ ကျွန်တော် နိုင်ငံခြားသားတစ်ယောက်ရေးတဲ့ ကိုယ်တွေ့ဖြစ်ရပ်တစ်ခုအကြောင်း ပြောပြမယ်"

"အင်း၊ ပြောပါ"

"နယ်ချဲ့ အင်္ဂလိပ်ခေတ်က မောရစ်ကောလစ်ဆိုတဲ့ မျက်နှာဖြူ အရေးပိုင်က ဦးစံမရတို့ရဲ့ ရခိုင်ပြည်နယ်မြို့တစ်မြို့ကို အရောက်မှာ ညဘက်ဗိုလ်တဲထဲ အရပ်လူကြီးတွေနဲ့ ထိုင်စကားပြောနေတယ်။ အရေးပိုင်က လှေကားဘက်ကို မျက်နှာမူပြီး ထိုင်နေတာ။ အဲဒီအချိန်မှာ အဘွားအိုတစ်ယောက်က လှေကားအတိုင်း တက်လာပြီး အခန်းတစ်ခန်းထဲ ဝင်သွားတာကို အရေးပိုင်က တွေ့လိုက်ရတယ်။ အဲဒီအခါမှာ အရေးပိုင်က ထိုင်ရာက ထပြီး "ဟိုမှာ အမျိုးသမီးကြီးတစ်ယောက်၊ ဟိုအခန်းထဲကို ဝင်သွားတယ်"ဆိုပြီး မီးအိမ်ယူလျက် လိုက်သွားတယ်တဲ့။ အရပ်လူကြီးတွေကလည်း အရေးပိုင်နောက်ကို လိုက်ရတာပေါ့။ ဒါပေမယ့်လို့ အမျိုးသမီးကြီးဝင်သွားတယ်ဆိုတဲ့ အခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရဘူးတဲ့၊ အရေးပိုင်လည်း မကျေနပ်သေးဘဲ တခြားအခန်းလွတ်တွေထဲ ဝင်ရှာသေးတယ်တဲ့။ ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ဗိုလ်တဲကို တက်ဖို့ ဒီလှေကားတစ်ခုသာ ရှိတော့ ဒီအမျိုးသမီးကြီးကို မတွေ့ရတာ အရေးပိုင်က မကျေနပ်ဘူး။ အဲဒီတော့ အရပ်လူကြီးတစ်ယောက်က "အရေးပိုင်ကြီး··· ဒီဗိုလ်တဲနေရာဟာ ရှေးရခိုင်ဘုရင်တွေ နေခဲ့တဲ့ နေရာ။ ရခိုင်ဘုရင်တစ်ပါးဟာ သူ့ရဲ့ ရွှေငွေတွေကို မြေကြီးထဲ မြှုပ်ပြီးတော့ အမျိုးသမီးကြီးတစ်ယောက်ကို အမြဲစောင့်ခိုင်းထားခဲ့တယ်တဲ့။ အဲဒီ အမျိုးသမီးကြီး သေတော့ မကျွတ်မလွတ်ဘဲ ဒီရတနာတွေကို ဆက်စောင့်နေရတယ်တဲ့။ ဒီဗိုလ်တဲကို လာတဲ့သူတွေဟာ အဲဒီအမျိုးသမီးကြီး ညဘက်မှာ ဗိုလ်တဲပေါ် တက်လာတာကို မြင်ကြရတယ်"လို့ ရှင်းပြလိုက်တော့ မျက်နှာဖြူ အရေးပိုင်ဟာ ခေတ္တငြိမ်နေပြီးမှ "ထူးဆန်းတယ်၊ ကျုပ်မျက်စိ မမှောက်ပါဘူး။ အမျိုးသမီးကြီး တစ်ယောက်ပါ"လို့ ပြောတယ်တဲ့"

ဟု ကျွန်ုပ်က ပြောပြလိုက်တော့ ဦးစံမရကလည်း···

"ကျုပ်ရဲ့ မိဘတွေထားခဲ့တဲ့ ဒီငွေအိုးဟာလည်း အစောင့်တွေ ရှိလေမလားဘဲ"

ဟု ပြောသည်။

"ကျွန်တော် စဉ်းစားမိတယ်၊ ဒီခြံစောင့်နတ်ကို အကူအညီတောင်းကြည့်ရအောင်။ မိဘရဲ့ ငွေအိုးပြန်ရအောင် ကူညီပါဆိုပြီး အုန်းသီး၊ ငှက်ပျောသီးတွေနဲ့ ပူဇော်ပ,သပြီး အကူအညီတောင်းကြည့်ရအောင်"

"လူရယ်စရာဖြစ်နေပါဦးမယ်"

"ကျွန်တော်တို့ နှစ်ယောက်ပဲ လုပ်မယ်လေ။ တခြားလူတွေ မသိအောင်ပေါ့၊ အကယ်၍ ပြန်ရရင် အဲဒီငွေအချို့နဲ့ အလှူဒါနတွေ ပြုလုပ်ပါမယ်ဆိုတဲ့ ကတိသစ္စာကို ဦးစံမရက ပြုလုပ်ပေါ့"

ဦးစံမရက ခေတ္တစဉ်းစားပြီးမှ-

"ကောင်းပြီလေ၊ ဘာမှမလုပ်ဘဲ နေတာနဲ့စာရင် တစ်ခုခုလုပ်ကြည့်တာကောင်းပါတယ်" ဟု ပြော၏။

◈◈◈

သို့နှင့် နောက်တစ်ပတ် စနေနေ့ နံနက်ပိုင်း၌ ဦးစံမရနှင့် ကျွန်ုပ်နှစ်ယောက်တည်း ငွေအိုးမြှုပ်ထားသည် ဆိုသောနေရာရှိ မြေလွတ်ပေါ်၌ အုန်းသီး၊ ငှက်ပျောသီး၊ ထန်းလျက်၊ ကွမ်းယာ စသည်တို့ဖြင့် ပွဲပေးပြီး ဦးစံမရအား "ငွေအိုးပြန်ရရေးအတွက် ခြံစောင့်နတ်မင်း ကူညီပါ။ ငွေတွေ ပြန်ရရင် ကုသိုလ်ကောင်းမှု ပြုလုပ်ပါမယ်ဆိုတဲ့ ကတိပေးပါတယ်"ဟု နှုတ်မှ ရေရွတ်စေပါသည်။ ထို့နောက် ထိုကန်တော့ပွဲကို သစ်ပင်တစ်ပင်၏ ခွကြားပေါ်၌ တင်ထားလိုက်ပါသည်။

ထိုညတွင် ကျွန်ုပ်တို့နှစ်ယောက်တည်းခြံထဲရှိ တဲငယ်ပေါ်တွင် အတူတူအိပ်ကြပါသည်။

ညသန်းခေါင်ကျော် ကျွန်ုပ် တစ်ရေးနိုးချိန်၌ ကန်တော့ပွဲရှိရာဘက်ဆီမှ "ရှဲ···ရှဲ···ရှဲ···"ဟူသော တောတိုးသံများ ကြားရ၏။ ဦးစံမရသည်လည်း အိပ်ပျော်နေရာမှ နိုးလာပြီး···

"ဒီအသံတွေက ထူးဆန်းတယ်"

ဟု ပြောသည်။

နောက်တစ်နေ့ နံနက်စောစော အလင်းရောင်လာချိန်၌ ကျွန်ုပ်တို့နှစ်ယောက် ထိုနေရာသို့ သွားကြည့်ရာ ထိုအုန်း၊ ငှက်ပျောပွဲ တင်ထားရာ တစ်ဝိုက်၌ မြေကြီးများမှာ အစွယ်ဖြင့် ထိုးထားသကဲ့သို့ ပွရောင်းရောင်းဖြစ်နေ၏။ သစ်ပင်ပေါ်မှ ငှက်ပျောသီးအချို့မှာလည်း အတွင်းသားများကို မြင်ရသော အခြေအနေသို့ ရောက်နေ၏။

"ငှက်ပျောသီးတွေကို ညငှက်တွေ ထိုးဆိတ်ထားတယ်။ ဒီတစ်ဝိုက်က မြေကြီးတွေ ပွရောင်းရောင်းဖြစ်နေတာကတော့ တောဝက်တွေ အစွယ်နဲ့ ထိုးထားတာ ဖြစ်မယ်"

ဟု ဦးစံမရက ပြောသည်။

"ဦးစံမရ··· တောစောင့်နတ်၊ မြေစောင့်နတ်တွေကိုသာ အကူအညီတောင်းပေတော့၊ ထူးခြားပါလိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်၏။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပတ် ကျောင်းဖွင့်ချိန် ကြာသပတေးနေ့ နံနက် ဇနာရီခန့်၌ ကျွန်ုပ်နေထိုင်ရာ အဆောင်သို့ ဦးစံမရ ရောက်လာသည်။

ညှော့ခန်းဆောင်၌ သူနှင့် ကျွန်ုပ် နှစ်ယောက်တည်းရှိစဉ်…

"ကျောင်းဆရာ…ကျုပ်မိဘတွေ ားခဲ့တဲ့ ငွေအိုးတွေ့ပြီ"

ဟု ပြောပြီး ငွေဒင်္ဂါးတစ်ပြားကို တ်ပြပါသည်။

"ဟုတ်လား၊ ဘယ်လိုတွေ့ သလဲ" ဟု ကျွန်ုပ်က မေးလိုက်သည်။

"ကျုပ်လည်း ကျောင်းဆရာပြော ဲ့အတိုင်း နတ်တွေကို အကူအညီ ောင်းတယ်။ မနက်-ညပေါ့။ မနေ့က ှာဘူးနော်၊ ကျုပ် ခြံထဲသွားတော့ န်တော့ပွဲတင်ထားတဲ့ သစ်ပင်နဲ့ ပေ လောက်ကွာတဲ့ ချုံပုတ်ကြီးအောက် မြေကြီးတွေဟာ သိပ်ပွနေတော့ ကျုပ်လည်း အဲဒီချုံပုတ်ကြီးရဲ့ အောက် ြေကို ရှင်းပြီး ပွနေတဲ့ နေရာအဆုံးမှာ တူးကြည့်တော့ နှစ်ပေ သုံးပေလောက် အနက်မှာ တဒုတ်ဒုတ်နဲ့ မာတဲ့ အရာကို ထိတဲ့ အသံကြားရတယ်။ ဒါနဲ့ ကျုပ်လည်း အားတက်ပြီး ဆက်တူးတာ လူဦးခေါင်းလောက်ရှိတဲ့ ကျောက်တုံး သုံးလုံးကို တွေ့ရတယ်။ အဲဒီ ကျောက်တုံးတွေကို ဖယ်လိုက်တော့ မြေအိုးကို တွေ့ရတော့တာပဲ။ မြေအိုးကို ဆို့ထားတဲ့ အဝတ်တွေကတော့ ဆွေးမြည့်နေပြီ။ ဒါနဲ့ ကျုပ်လည်း အိုးကို ခြံထဲက တဲထဲကို ယူသွားပြီး ဖွင့်ကြည့်တော့ ငွေဒင်္ဂါးတွေကို တွေ့ရတယ်။ ကျုပ်လည်း သိပ်ဝမ်းသာသွားပြီး အဲဒီအိုးထဲက ငွေဒင်္ဂါးတွေကို မရေတွက်တော့ဘဲ အိုးကို ပုဆိုးဟောင်းနဲ့ ပတ်ပြီးတော့ ရွာကို ပြန်လာတယ်။ ကျုပ်နဲ့ အတူနေတဲ့ သားနဲ့ မိန်းမ၊ ကျုပ်မြေးတွေကို အသိမပေးဘဲ ကျုပ်အခန်းထဲမှာပဲ အိုးကို သိမ်းထားတယ်။ သူတို့ ကျောက်တော်ဈေးကို သွားကြတော့မှ ကျုပ်လည်း အိုးထဲက ဒင်္ဂါးတွေကို သွန်ချပြီး ရေလိုက်တော့ (၁၂၅)ပြားတိတိရှိတယ်။ ကျုပ်ဝမ်းသာလိုက်တာ ကျောင်းဆရာရယ်။ ကျောင်းဆရာကို ကျုပ်တစ်ဝက်ပေးမယ်"

ဟု ပြော၏။

"ဦးစံမရ…ကျွန်တော် လုံးဝ မယူဘူး။ ယူပါလို့ နောက် မပြောနဲ့တော့။ အလှူဒါနသာ ပြုလုပ်ပါ။ နတ်တွေကိုလည်း အမျှဝေပါ။ ဦးစံမရရဲ့ ငွေဒင်္ဂါးကိစ္စကို အခုလောလောဆယ် လျှို့ဝှက်ထားပြီး လုံလုံခြုံခြုံသာ သိမ်းထားပါ။ သားနဲ့ ချွေးမကိုတော့ တဖြည်းဖြည်းမှ ပြောပြပေါ့"

ဟု အကြံပေးလိုက်ပါတော့၏။

- ကျွန်ုပ်သည် ကျောက်တော်အထက်၌ ၅နှစ်ကျော် ၆နှစ်ခန့် အမှုထမ်းပြီး ရန်ကုန်သို့ ပြောင်းလာပါသည်။

ငါးယောက်ကိုင်းရွာမှ ထိုဖြစ်ရပ်ကို ကျွန်ုပ် မေ့၍မရတော့ပါ ■

* * *

မြသိန်း

## ဝမ်းနည်းမှတ်တမ်း

ကိုမျိုးညွန့် (စိတ်ကြိုက်စာပေ၊ A7 Group)သည် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ ဖလင်ကိစ္စအဝဝကို ကူညီလက်တွဲ လုပ်ကိုင်ခဲ့သူတစ်ဦးဖြစ်ပါသည်။
(၅-၇-၂၀၁၄)ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပါသည်။
ကိုမျိုးညွန့်(၅၅နှစ်) ဆုံးပါးသွားသည့်အတွက်
မိသားစုနှင့်အတူ ထပ်တူထပ်မျှ
ကြေကွဲဝမ်းနည်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# အပြစ်အနာအဆာနှင့် အကျိုးပေးသော ဒါန

တင့်ထူး (ဇေယျဝတီ)

သည်နေ့ တနင်္ဂနွေနေ့ဖြစ်သည်။ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် ကျောင်းများ ပိတ်ထားလေသည်။ ဒေါ်ငွေးဝင်းသည် အိမ်နောက်ဖေး မီးဖိုချောင်ထဲတွင် မိသားစုအတွက် ထမင်းဟင်းချက်နေ၏။ သားသမီးများကတော့ ကျောင်းအားနေကြသဖြင့် အိမ်ရှေ့ ဧည့်ခန်းထဲတွင် တီဗွီဖြင့် အခွေကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆွမ်းတော်"

"ဟင် • • • ဆွမ်းတော်ကြွလာတာကို အိမ်ရှေ့က တစ်ယောက်မှ မမြင်ကြဘူးထင်တယ်"

"သမီး ခင်စန္ဒာရေ••အိမ်ရှေ့မှာ ထိုင်ဆွမ်းကိုယ်တော် ဆွမ်းခံကြွလာနေတယ်လေ။ ဒီမှာ အမေ လက်မအားလို့ စားပွဲပေါ်မှာ အဆင်သင့် ခူးထားတဲ့ ဆွမ်းနဲ့ ဆွမ်းဟင်းကို လောင်းလှူလိုက်ပါ သမီးရယ်"

"ဟာ•••အမေကလည်း ကိုယ့်ဘာသာ မလောင်းဘဲနဲ့ သမီးကိုပဲ ခိုင်းနေတယ်"

သမီးဖြစ်သူ ခင်စန္ဒာမှာ သူ့ကိုချည်း ခိုင်းနေသည်ဟု ညည်းညူကာ စိတ်မပါဘဲ စူစူအောင့်အောင့်နှင့် ထကာ၊ ဆွမ်းလောင်းလှူပေးခဲ့လေသည်။

"သမီးရယ် • • •အရင်ကိုယ်တော်တွေကို အမေ ကိုယ်တိုင်ပဲ လောင်းပေးနေတာပါ။ အခုဟာက အမေ လက်မအားတာနဲ့ သမီးကို လောင်းခိုင်းမိတာပါ။ ဆွမ်းလေး ခဏ လောင်းရတာ ဘာဖြစ်မှာမို့လို့လဲကွယ်။ ကုသိုလ်တောင် ရပါသေးတယ် သမီးရယ်"

"သမီးတို့က အခွေကြည့်နေတာလေ။ ဇာတ်လမ်းက ကောင်းခန်းရောက်နေမှ အမေက ခိုင်းတာကိုး"

"ဟဲ့•••နင်တို့အခွေက တစ်သက်လုံးကြည့်လည်း ကုန်ဆုံးမှာ မဟုတ်ဘူးလေ။ မထောက်မအားလေး ခိုင်းမိခဲ့တယ်။ စူစူအောင့်အောင့်နဲ့ ထ,လောင်းခဲ့တော့ တော်တော်ကြီး ကုသိုလ်ရလိုက်ပါလိမ့်မယ်"

ဒေါ်ဌေးဝင်းမှာ သမီးဖြစ်သူ၏ အပြုအမူကို တွေ့မြင်လိုက်ရသဖြင့် အပြစ်တင်ကာ ပြောဆိုနေမိလေသည်။

"ဒီသားသမီးတွေတော့ ခက်ပါတယ်။ ဘုန်းကြီး ရဟန်းတွေလို့လည်း ဦးချရမှန်းမသိ။ ဆွမ်းလောင်းခိုင်းပြန်တော့လည်း စိတ်မပါ လက်မပါနဲ့ ထ,လောင်းခဲ့တယ်။ မဖြစ်ပါဘူး။ ဒီကုသိုလ်အကြောင်းတော့ သူတို့ နားလည်အောင် ရှင်းပြဦးမှ ဖြစ်မှာပါ"

ဒေါ်ဌေးဝင်းမှာ သူ၏ သားသမီးများအား အလှူခံ ပုဂ္ဂိုလ်၊ ရဟန်း သံဃာတို့အား ပေးလှူကြရာတွင် ကုသိုလ်ရသော လောင်းလှူတတ်နည်းများကို အကျိုးနဲ့ အကြောင်း ဆက်စပ်၍ ပြောပြပေးရန် အချိန်အခါကို စောင့်ဆိုင်းခဲ့လေသည်။

◈◈◈

ကျောင်းပိတ်ရက် တစ်မနက်တွင် အလိုတော်ပြည့်ကျောင်းမှ သံဃာတော်များ လမ်းထဲသို့ ဆွမ်းခံရန် စီတန်း၍ ကြွလာကြလေသည်။ လမ်းထဲရှိ အိမ်တိုင်းမှ ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူကြရန် အိမ်ရှေ့များသို့ ထွက်၍ အဆင်သင့် စောင့်ဆိုင်းနေကြလေသည်။

"အမေ • • •တခြားအိမ်တွေက ဆွမ်းလောင်းလှူဖို့ ထွက်စောင့်နေကြပြီလေ။ သမီးတို့အိမ်ကရော မလောင်းဘူးလား"

"သမီးလောင်းလှူချင်လို့လား"

"ဟုတ်တယ် အမေ။ သမီးလည်း လောင်းလှူချင်တယ်"

"ကဲ•••ကဲ•••ဟောဒီမှာ ဆွမ်းနဲ့ ဆွမ်းဟင်း၊ ရှေ့ဆုံးက ဆရာတော်ကို ကပ်ပြီး လှူပေးပြီးမှ သပိတ်ထဲကို လောင်းလှူရတယ်နော်"

ဆွမ်းလောင်းသည့်ကိစ္စ ပြီးစီးသွားသောအခါ ဧည့်ခန်းထဲ၌ ထိုင်နေကြသော သားသမီးများကို ဒေါ်ဌေးဝင်းမှ အလှူနှင့် ပတ်သက်၍ နားလည်မှုရှိအောင် ဆုံးမစကား ပြောပြခဲ့တော့သည်။

"သားတို့၊ သမီးတို့ • • • အလှူခံ ပုဂ္ဂိုလ်၊ ရဟန်း သံဃာ၊ သီလရှင်တွေကို လောင်းလှူပေးကြရာမှာ စိတ်ကောင်းနှလုံးကောင်းနဲ့ စေတနာသဒ္ဓါတရား ရှေ့ထားပြီး လှူပေးတတ်ဖို့ လိုတယ်ကွဲ့။ ထပြီး လောင်းလှူရမှာ ပျင်းတာနဲ့ ကန်တော့ ဆွမ်းမလုပ်ရဘူး။ ပြီးတော့ လောင်းလှူပေးစဉ်မှာ ရိုရိုသေသေနဲ့ စိတ်ပါလက်ပါ စေတနာထားပြီး လောင်းလှူရတယ်။ စေတနာ မပါရင်၊ ရိုရိုသေသေ မလောင်းလှူရင် လှူလိုက်တာသာ ကုန်သွားမယ်၊ ကုသိုလ်တစ်ပြားသားမှ မရနိုင်ဘူး။ အဲဒီလို စိတ်မပါဘဲ လှူပေးတဲ့သူဟာ အသပ္ပုရိသဒါန လို့ ခေါ်တဲ့ လူမိုက်တို့ လှူလေ့ရှိတဲ့ အလှူဒါနမျိုးပဲ ဖြစ်တယ်ကွဲ့"

"ဟင်•••လူမိုက်တို့ အလှူဒါနမျိုးက ဘယ်လိုဟာကို ခေါ်တာလဲ အမေ"

"လူမိုက်တို့ အလှူက ငါးမျိုးရှိတယ်ကွဲ့။ ဘာတွေလဲဆိုရင် (၁) မရိုမသေလှူသော အလှူဒါန၊ (၂) စိတ်မပါဘဲ လှူသော အလှူဒါန၊ (၃) သူတစ်ပါးကို တစ်ဆင့်ခိုင်း၍ လှူသော အလှူဒါန၊ (၄) ပစ်လိုက်သလို လှူသော အလှူဒါန၊ (၅) အလှူ၏အကျိုးကား ပြန်မလာဟု ယူဆပြီး လှူသော အလှူဒါနမျိုးတို့ပဲ ဖြစ်တယ်လေ"

ဒေါ်ဌေးဝင်းက သူမ ရှင်းပြနေသည်ကို စိတ်ဝင်တစား နားထောင်နေကြသော သူမ၏ သားသမီးများကို ဆက်လက် ရှင်းပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ ငါးမျိုးသော ဒါနတို့ဟာ လူမိုက်တို့ရဲ့ ဒါနများဖြစ်တယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်ကွဲ့။ အကျိုးကြီး ်ငသလောက် မကြီးဘူး။ အကျိုးပေးပြန်ရင်လည်း အပြစ်အနာအဆာနဲ့သာ အကျိုးပေးတတ်တယ်လေ"

"ဘယ်လို အပြစ်အနာအဆာမျိုးနဲ့ အကျိုးပေးတာလဲ မေမေ။ သားတို့၊ သမီးတို့ သိချင်လိုက်တာ"

"ကဲ…ကဲ…သိချင်ကြရင် မေမေ ဝတ္ထုသက်သေနဲ့ ထင်ရှားအောင် ရှင်းပြပေးပါ့မယ်ကွယ်"

သူမ၏ သားသမီးများက လူမိုက်တို့၏ အလှူဒါနဖြင့် အပြစ်အနာအဆာနှင့် အကျိုးပေးတတ်ပုံကို အောက်ပါအတိုင်း ဝတ္ထုသာဓကဖြင့် ရှင်းပြပေးခဲ့တော့သည်။

◈◈◈

တစ်ရံရောအခါက ဂေါတမမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ယောက်ျားတစ်ယောက်သည် ကြံတစ်စည်းကို ထမ်း၍ ကြံတစ်ချောင်းကို စုပ်လျက်သွား၏။

မထင်ရှားသော ဥပါသကာတစ်ယောက်သည် သားငယ်တစ်ယောက်နှင့်အတူ ထိုကြံသမား၏ နောက်မှ လိုက်ပါလျက်ရှိ၏။ ခရီးဆုံး၍ တွေ့ကြသောအခါ သူငယ်သည် ကြံသမားကို မြင်လျှင် ကြံပေးရမည်ဟူ၍ ငိုကြွေး၏။ ဥပါသကာလည်း ကလေးငိုလှသောကြောင့် ထိုကြံထမ်းသမားထံမှ ကြံတောင်းလိုသဖြင့် မြောက်ပင့် ချီ့မ၍ စကားဆို၏။ သို့ရာတွင် ကြံထမ်းသမားက စကားတစ်ခွန်းမျှ ပြန်မပြောဘဲ သွားမြဲတိုင်းသာ သွား၏။ ဥပါသကာလည်း ကလေးကို ချော့မော့ပြော၏။ သို့ရာတွင် ကလေးက အငိုမတိတ်သောကြောင့် ထိုသူအား ကလေးကို ပြ၍ "ဤကလေးသည် အလွန်ငိုပါသည်။ ကျေးဇူးပြု၍ သူငယ်အား ကြံတစ်ဖြတ်လောက် ပေးပါလော့"ဟု တောင်းပန်၏။ ထိုအခါ ကြံထမ်းသမားသည် အတင်းနားပူနေသည်ကို မခံနိုင်သောကြောင့် စိတ်ဆိုးလျက် ကြံတစ်ချောင်းကို နောက်ပြန်ပစ်၍ပေးလိုက်၏။

ထိုကြံထမ်းသမားသည် ကံအတိုင်းနေ၍ စုတေသောအခါ အမြဲမပြတ် ထုံအပ်သော လောဘတရားကြောင့် ပြိတ္တာတို့၌ သွားဖြစ်လေ၏။ သို့ရာတွင် ကံကြမ္မာသည် တူသောအကျိုးကို လွန်စွာပေးတတ်သဖြင့် ကြံတစ်ချောင်းပေးလှူခဲ့သော ကောင်းမှုကံကြောင့် ရှစ်ပယ်မျှလောက်သော အရပ်၌ တရစပ်ပင် ကျည်ပွေ့လောက်ရှိသော ကြံပင်တို့ပေါက်ကြကုန်၏။ ထိုပြိတ္တာသည် ကြံပင်ကို မြင်၍ ကြံစုပ်ချင်သောကြောင့် အနားသို့သွားလျှင် ကြံပင်တို့သည် …ကို လာ၍ကိုက်ကြသဖြင့် မူးလဲလေ၏။ ထိုသို့ဖြင့် ကြံပြိ…မှာ ကြံတောကြီး ရှိလျက် ကြံမစုပ်ရဖြစ်နေလေသည်။

တစ်နေ့တွင် အရှင်မဟာမောဂ္ဂလာန်သည် ရာဇဂြိုဟ်…သို့ ဆွမ်းခံကြွလာသဖြင့် ကြံပြိတ္တာက မေးလျှောက်လေ…

"အရှင်ဘုရား… အကျွန်ုပ်၏ ကောင်းမှုအကျိုး…သော ထိုကြံခင်းသည် အလွန်များစွာပေါက်နေသော်လည်း… အကျွန်ုပ် သုံးဆောင်၍ မရပါ။ စားသုံးရန် အနားသို့ က…လျှင် အရိုက်အနှက် အနှိပ်စက်ခံရပါသည်။ ကြံရွက်တို့…လည်း အလွန်ရှကြပြီး ကြံပင်အနားသို့ ကပ်တိုင်း အားပြ…၍ လူးလဲအော်ဟစ်ရခြင်းမှာ အဘယ်ကံ၏ အကျိုးကြော…ထိုသို့ဖြစ်ရသည်ကို မိန့်ကြားတော်မူပါ ဘုရား။ အကျွ…သည် ဆာလောင်မွတ်သိပ်လှ၍ ပင်ပန်းဆင်းရဲလှပါ…အကျွန်ုပ်သည် အဘယ်သို့ ပြုလုပ်မှ ဤကြံကို စားသုံး…ရပါမည်နည်း။ နည်းလမ်းကို မိန့်ကြားတော်မူပါ ဘုရား"

ဟု လျှောက်ထားလေသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်က ထိုပြိတ္တ…အကြောင်းကို ဆင်ခြင်ပြီးလျှင် မိန့်ကြားလေသည်။

"သင်သည် ရှေးဘဝ လူဖြစ်စဉ်က သင့်ထံ …တစ်ဖြတ်တောင်းသူအား သင်က ကြံတစ်ချောင်းကို နော…ပြန်ပစ်ပေးခဲ့၏။ ယခုဘဝ၌ သင် ဤသို့ဖြစ်ရသည်မှာ ထို…၏ အကျိုးပင်ဖြစ်သည်။ သင် ကြံစားသုံးခွင့်ရလိုလျှင် …တောသို့သွားပြီး နောက်ပြန်နုတ်ယူ၍ စားမှသာလျှင် ရွှင်လ…ဝမ်းမြောက်သူဖြစ်လိမ့်မည်"

ဟု မိန့်ကြားသည်နှင့် ထိုပြိတ္တာသည် အရှင်မောဂ္ဂလာ…နည်းပေးသည့်အတိုင်း နောက်ပြန်နုတ်၍ ကြံကို စားသုံး…၏။ ပြိတ္တာသည် အရှင်မောဂ္ဂလာန်အား ကျေးဇူးတင်၍ ကြ…စည်းကြီးတစ်စည်းကို သွားရောက်လှူဒါန်းလေ၏။

ထိုအခါ အရှင်မောဂ္ဂလာန်သည် ထိုပြိတ္တာအား…ချီးမြှောက်တော်မူလို၍ ကြံစည်းကို ထမ်းပြီး ဝေဠုဝန်ကျောင်း…တော်သို့သွား၍ မြတ်စွာဘုရားအား ဆက်ကပ်လှူစေ၏…မြတ်စွာဘုရားလည်း ရဟန်းအပေါင်းနှင့် ထိုကြံကို သုံးဆော…တော်မူပြီး အနုမောဒနာပြုတော်မူသဖြင့် ပြိတ္တာလည်း ကြည်ညိုသဒ္ဓါဖြစ်ပွားကာ ရှိခိုး၍ ပြန်ခဲ့လေသည်။

ထိုအချိန်မှစ၍ ထိုပြိတ္တာသည် သူ၏ ကြံတောမှ …တို့ကို အလိုရှိတိုင်း သုံးဆောင်နိုင်လေတော့သည်။

◈◈◈

"ကဲ…သားတို့၊ သမီးတို့ ကြားသိခဲ့ကြတဲ့အတိုင်း…



www.burmeseclassic.com

www.burmeseclassic.com

ကြံထမ်းသမားဟာ နောက်က ကြံတစ်ဖြတ်တောင်းခံတာကို မပေးချင် ပေးချင်နဲ့ နောက်ပြန်ပစ်ပေးခဲ့လို့ ပြိတ္တာဘဝရောက်ခဲ့ရတယ်။ ကြံတောကြီးထဲ နေရပေမယ့်လည်း ကြံစားသုံးခွင့်မရတဲ့အဖြစ်ကို ခံစားခဲ့ရတာဟာ ကံ-ကံ၏ အကျိုးကြောင့်ပဲကွဲ့"

သူတို့၏ မိခင်ကြီး ဒေါ်ငွေဝင်းမှ ကံ-ကံ၏ အကျိုးပေးကောင်းခဲ့ပုံကို ကြံပြိတ္တာအကြောင်းအား ဝတ္ထုသာဓကဖြင့် ပြောပြပေးခဲ့လေသည်။

"ဟုတ်တယ်နော် အမေ။ အဲဒီ ကြံထမ်းသမားက စေတနာနဲ့ ပေးခဲ့တာ မဟုတ်ဘဲ၊ နားညည်းလို့ မပေးချင် ပေးချင်နဲ့ နောက်ပြန်ပစ်ပေးခဲ့မိလေတော့ နောက်ဘဝမှာ ကြံတောကြီးထဲ နေရပေမယ့် ကြံစုပ်ခွင့်မရတဲ့ ကံ-ကံ၏ အကျိုးကို ပြန်ခံစားခဲ့ရတာပဲနော်"

"ဟုတ်တယ်လေ။ စေတနာမထားဘဲ စူဆောင့်ပြီး လှူပေးခဲ့ရင် လှူလို့ ကုန်ဆုံးတာပဲ ရှိမယ်၊ ဘာအကျိုးမှ ရမှာမဟုတ်ဘူးကွဲ့။ ဒါကြောင့် အလှူခံ ရဟန်း သံဃာ၊ သီလရှင် စတဲ့ အလှူခံ ပုဂ္ဂိုလ်တွေက အလှူလာခံရင် ရိုရိုသေသေနဲ့ စိတ်ပါလက်ပါ စေတနာထားပြီး ပေးလှူပါမှ အလှူဒါနမြောက်ပြီး လှူဒါန်းရကျိုး ပြန်ခံစားကြရမှာ ဖြစ်တယ်ကွဲ့"

ထိုအခါမှပင် သားသမီးများလည်း ပေးလှူရသည့်အခါ ရိုရိုသေသေနှင့် စိတ်ပါလက်ပါ စေတနာထား ပေးလှူမှသာ လှူဒါန်းရကျိုးကို ခံစားရရှိနိုင်ပြီး လူမိုက်တို့ လှူဒါန်းသော အသပ္ပုရိသဒါနဖြစ်တဲ့ လှူဒါန်းခြင်း ငါးမျိုးကဲ့သို့ မလှူဒါန်းမိစေရန် သဘောပေါက် နားလည်သွားခဲ့ကြလေတော့သည် ■

* * *

တင့်ဆွေ(ခေယျဝတီ)

ကျမ်းကိုး

- အသပ္ပုရိသဒါနသုတ်၊ ပေတဝတ္ထုပါဠိ၊ ကုသိုလ်အကျိုးပြု တရားတော်များ (ပထမတွဲ) (ပါဠိပါရဂူ ဦးအောင်မိုး)။


## စီးပွားရေးလုပ်ငန်းသစ် စတင်လုပ်ကိုင်မည့်သူများအတွက်

ကုမ္ပဏီ၊ စက်ရုံ၊ ဘဏ်၊ ဆေးရုံ၊ ဆေးခန်း၊ သင်တန်း၊ ကျောင်း၊ ဟိုတယ်၊ မိုတယ်၊ အင်း၊ အပန်းဖြေစခန်း၊ ကစားကွင်း၊ တည်းခိုခန်း၊ ဘော်ဒါ၊ ပွဲရုံ၊ ဆိုင်အမျိုးမျိုး၊ ရေရှည်အောင်မြင်တိုးတက်ကြီးပွားချမ်းသာစေနိုင်ပြီး၊ အမြန်ဆုံးလည်း အဆင်ပြေအောင်မြင်စေမယ့် လုပ်ငန်းနာမည်ကောင်း၊ လုပ်ငန်းနာမည်မှန် ရွေးချယ်ပေးတတ်ဖို့ လိုအပ်ပါတယ်။

**(ယုံကြည်အားကိုးမှသာ လာခဲ့ပါ)**

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)
(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎ - ၀၁-၅၈၆၇၀၄၊ - ၀၉ ၃၀၁ ၇၈၀၇၅၊ ၀၉ ၇၃၀ ၀၅၉၂၄၊
၀၉ ၅၀ ၆၂၈၄၃၊ ၀၉ ၅၁၇၇၆၂၂

www.burmeseclassic.com



သီတာမောင်နှမသည် ရောဝတီတိုင် အနောက်ခြမ်းနှင့် ရခိုင်ပြည်နယ်တောင်ဘက် တစ်လွှား ထင်ရှားသော နတ်မောင်နှမဟုဆို သည်။ နှစ်စဉ် တော်သလင်းလပြည့်နေ့ရောက်တိုင် ရေကြည်ခရိုင် ငါးသိုင်းချောင်းမြို့ အနောက်ဘက် ကမ်း၊ ရိုးမတောင်ခြေရှိ သီတာကုန်းပြင်ရွာ သီတာ ဘုရားပွဲတော်ကို ကုန်းပွဲ၊ ရေပွဲ ခြိမ့်သဲစွာ သဘာ ဆင်ယင်လေ့ရှိကြသည်မှာ အစဉ်အလာ။ သီတာ မောင်နှမသည် ပေါ်တူဂီလူမျိုး ဒီဘရစ်တို (ခေ ဇွင်ကာကူ (ကုလား ငငင်ကာဟု မြန်မာ

# ပျောက်ဆုံးနေသော သီတာမောင်နှမ သချိုင်းတော်

အောင်ကျော်ဆန်း
(MRCS)

www.burmeseclassic.com

ကြသည်)နှင့် ရခိုင်မင်းသမီး၏ သမီး စောသန္တာ တို့ရဲ့ ...နှင့်သမီး မောင်နှမအရင်းအချာဖြစ်သည်။ အနောက် ...လွန်မင်းတရားကြီး သန်လျင်ကို သိမ်းပိုက်သောအခါ ...အမတ်ကြီး ဒီဘရစ်တို၏ဇနီး ရခိုင်မင်းသမီး စောသန္တာ၊ ...မောင်နှမနှင့် အခြွေအရံအချို့ ဖောင်ဖြင့် စုန်ကာ ...ရာသို့ ပြေးကြသည်။ ဤသို့ဖြင့် ကုန်းတစ်တန် ...စ်တန်၊ တောတောင်အထပ်ထပ် ဖြတ်သန်းကာ သီတာ ...ပြင်ရွာလေးသို့ ရောက်လာကြသည်။

သီတာမောင်နှမ အရွယ်ရောက်သော် ရခိုင်အမတ် ...က သက္ကရာဇ် ၉၇၅တွင် သီတာမြို့ကို တည်ထောင် ...၍ "နန္ဒဘာယ"အမည်ရှိသော အစ်ကိုဖြစ်သူကို မင်းအဖြစ် ...မြှောက်ကာ မိဖုရားအဖြစ် မင်းသွေး နန်းလျာ မရှိသဖြင့် ...အရင်း "သုပဘာဒေဝီ"ကိုပင် မိဖုရားမြှောက်ကာ ၁၄နှစ် ... သီတာမြို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်သည်။ ၃၁နှစ် ...ယ်ထိ ပျော်ရွှင်စွာ နန်းစံနေဆဲ သက္ကရာဇ် ၉၉၉ တွင် ...ထိုး ရင်ကျပ်နာဖြင့် မောင်တော် နန္ဒဘာယ ကံတော်ကုန် ...၍ အလောင်းကို အသုံးအဆောင် ရွှေငွေရတနာအပြည့် ...သွင်းလျက် ရွှေသားတလားဖြင့် ထည့်သွင်း မြှုပ်နှံကာ ...ကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ခဲ့သည်။

သုပဘာဒေဝီမှာလည်း မောင်တော်ကို လွမ်းဆွတ်တသ ...စိတ်ဖြင့် ရင်ကွဲနာကျကာ နှစ်လအကြာတွင် ကံတော် ...သည်။ အလောင်းကို သုပဘာဒေဝီ၏ အသုံးအဆောင် ...လက်ဝတ်ရတနာအပြည့် ထည့်သွင်း၍ ရွှေသားတလား ...င် မြှုပ်နှံကာ ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ခဲ့သည်။

နှစ်ပေါင်းများစွာ ကြာခဲ့သဖြင့် ထိုကြေကွဲဖွယ်ဖြစ်ရပ် ... ပါးစပ်ရာဇဝင်အဖြစ်သာ ကျန်ရစ်တော့သည်။ တိတိ ...ကျ ဂဃနဏပြောနိုင်သူ မရှိတော့။ မယုံချင်သူများ ...တွက် ပုံပြင်သဖွယ်သာဖြစ်ပါတော့သည်။ သို့သော် သီတာ ...င်နှမ ထီးနန်းအုပ်ချုပ် မင်းလုပ်သည့်နေရာတွင် ရွှေနန်းဦး ...ရားရှိလေသည်။ သီတာမောင်နှမ ပျော်ရွှင် ကြည်နူးစွာ ...စားကြသည့် ကျောက်ထပ်အလှာလှာနှင့် ကွေ့ဝိုက် ...သန်းကာ စီးဆင်းနေသော သီတာချောင်းကလေး ကမ်း ...ားတစ်နေရာတွင် သီတာမောင်နှမ နတ်နန်းနှင့် ရုပ်တုများ ...ည်း ရှိကြသေးသည်။ ရာဇဝင်အနိုင်အမာပြနိုင်စရာဟူ၍ ...နန်းဦးဘုရားကျောက်စာတိုင်က ထီးထီးမားမားရှိနေသေး ...ည်။ အထပ်ထပ် အဆင့်ဆင့်တည်ထားသော မြို့ရိုးပျက် ...ည့်လည်း သမိုင်းအထောက်အထားအဖြစ် ကျန်ရစ်သေး ...ည်။ သွားရောက်လေ့လာစဉ်က ပြန့်ကျဲနေသော ပေလှာ တချို့ကို တန်ဆောင်းတစ်ခုတွင် တွေ့ခဲ့ရသဖြင့် အလွန် နှမြောမိပါသည်။

သို့ဆိုလျှင် ယင်းဖြစ်စဉ်သည် ဒဏ္ဍာရီမဟုတ်၊ ပုံပြင် မဟုတ်၊ သမိုင်းဖြစ်သည်။ တကယ့်ဖြစ်ရပ်မှန် ဖြစ်သည်။ သိပ်အလှမ်းမကွာလှသော နှစ်ပေါင်း ၃၆၆ နှစ်ကာလက သမိုင်းဖြစ်သည်။ ရိုမီယိုနှင့် ဂျူးလီယက်ကဲ့သို့သော ဒဂုံနှင်းနှင့် သန်လျင် နှင်းဆီ (ရှင်မွေ့နွန်းနှင့် မင်းနန္ဒာ)ကဲ့သို့သော လွမ်းမောဖွယ် အချစ်ဇာတ်လမ်းလေးတစ်ပုဒ်အဖြစ်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ ကုလား ငဇင်ကာ (ဒီဘရစ်တို) ကဲ့သို့သော နယ်ချဲ့တစ်ဦး၏အနွယ် သွေးသားတို့၏ နောက် ဆက်တွဲ ဇာတ်လမ်းအဖြစ်လည်း လေ့လာဖို့ ကောင်းသည်။ ပဒေသရာဇ် ကေရာဇ်တို့နှင့် ထီးပြိုင် နန်းပြိုင် နေဝင် ဘုရင် ငယ်တစ်ဦး၏ ဘဝဖြစ်စဉ်အဖြစ်လည်း သံဝေဂယူဖို့ ကောင်း သည်။ ထို့ထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်က "သီတာမောင်နှမ၏ သင်္ချိုင်းဘယ်မှာလဲ"ဆိုသည့် မေးခွန်းပင်။

ထိုမေးခွန်းအဖြေကို သိလိုသည့်သူများ ဤသေဒသို့ မကြာခဏ လာရောက်ကြသည်။ သမိုင်းပညာရှင်တချို့ သုတေသီအချို့ (ဤဒေသအခေါ် သိုက်ဆရာများဖြစ်ကြသည်) တို့လည်း သမိုင်းကို သိလို၍ လာကြသည်။ သီတာမောင်နှမ သင်္ချိုင်းကို တူးဖော်လို၍ ရာပုံတော်ဖွင့်ကြသည်လည်း ရှိ သည်။ နေရာအနှံ့ အကြိမ်ကြိမ် ရှာဖွေ တူးဖော်ကြသည်ကို လည်း ကိုယ်တွေ့မျက်မြင် ကြုံခဲ့ဖူးသည်။ ရသွားသည်လည်း ရှိသည်။ စိတ်ဖောက်ပြန်၍ ရေကူးကာ ရူးပြန်ကြသည်လည်း ရှိသည်။ သို့သော် သီတာမောင်နှမ၏ သင်္ချိုင်းကား ရှာမတွေ့ ကြသေး။ ဤသင်္ချိုင်းအား နှစ်ပေါင်းများစွာ သဲသဲမဲမဲ ရှာဖွေ နေကြခြင်းမှာ အကြောင်းမဲ့ မဟုတ်။ သီတာမောင်နှမ၏ ခေါင်းတလားများအတွင်း ထည့်သွင်းမြှုပ်နှံခဲ့ကြသော ရွှေငွေ ရတနာများကား သမိုင်းစာအလိုအရ ကာလပေါက်ဈေးနှင့် တွက်လျှင် နည်းမည်မဟုတ်။ သန်းပေါင်းများစွာရှိမည်။

ထိုသင်္ချိုင်းကို ရခိုင်အမတ်ကြီး သုဒ္ဓိနိက လျှို့ဝှက် မြှုပ်နှံထားခဲ့ခြင်းဖြစ်ရာ မည်သူမျှ မသိကြ။ ထို့ကြောင့် ယခု တိုင် တည်ရှိနေခြင်း ဖြစ်နိုင်သည်။ ထိုသင်္ချိုင်းကို သိသူတော့ ရှိသည်။ ထိုပုဂ္ဂိုလ်ကြီးကား ရွှေဒနီးနန်းဦးကျောင်း ဆရာတော် ဖြစ်သည်။ ထိုဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်မှာ နှစ်ပေါင်း ၂၅နှစ်ပင် ကြာခဲ့ပြီ။ သို့ဆိုလျှင် ထိုသင်္ချိုင်း အကြောင်းကို သိသူ မကျန်တော့ပြီလော။ ဆရာတော်ကြီးက တော့ မည်သူ့ကိုမျှ မပြောခဲ့။ စာရေးသူတို့ နှစ်ဦးကိုမူ သွယ် ဝိုက်သောနည်းဖြင့် ပြောပြခဲ့သည်။ ပြောပြရခြင်းအကြောင်း

www.burmeseclassic.com

ရင်းကလည်း ရှိခဲ့လေသည်။

လွန်ခဲ့သော ၁၉၇၄ ခုနှစ်က တစ်ကြိမ်၊ ၁၉၇၅ခုနှစ်က တစ်ကြိမ် သီတာကုန်းပြင်ရွာကလေးသို့ ကျွန်တော် ရောက်ခဲ့သည်။ ပထမဆုံးအကြိမ်က မရောက်ဘူး၍ အလယ်ကန်ကျောင်းအုပ်အဖြစ် တာဝန်ကျသည့် ဦးလေးနု(ဆရာကြီးဦးနု) ကို အကြောင်းပြုကာ အလည်သွားခြင်းဖြစ်သည်။

ထိုစဉ်က အမည်းရောင် နယ်မြေဖြစ်၍ မလုံခြုံသေး။ ထိတ်ထိတ်ပျာပျာသွားရသည်။ ဒုတိယအကြိမ်မှာ ဒသမတန်းစာမေးပွဲဖြေခါနီး အလုပ်များလွန်းလှ၍ ရိုးမတောင်ခြေရွာကလေးတွင် သွား၍ စာကျက်ခြင်းဖြစ်သည်။ စာကျက်ရင်းနှင့် ဝါသနာအရ သီတာကုန်းပြင်ဒေသသမိုင်းကို လေ့လာသည်။ ကျောက်စာများ၊ ပေစာများ ရှာဖွေဖတ်ရှု လေ့လာသည်။ သက်ကြီးရွယ်အိုများကို မေးမြန်းသည်။ ဘုရားပွဲနှင့် ဒေသ၏ ဘာသာယဉ်ကျေးမှုပွဲများတွင် ပါဝင်ဆင်နွှဲသည်။ ဂမ္ဘီရဆိုင်ရာဖြစ်ရပ်များကို ကိုယ်တွေ့ လေ့လာသည်။ သိုက်တူးသည်ကို သေချာစွာ စောင့်ကြည့်သည်။ သီတာကုန်းပြင်၏ နောက်ခံ သမိုင်းဖြစ်ရပ်စာပေများကို လေ့လာသည်။ ထို့နောက် ကြံဆသည်။ အနှစ်ချုပ်ပြောရပါလျှင် ဒသမတန်းစာမေးပွဲအတွက် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ တ ရမည့်အစား သီတာကုန်းပြင်နှင့် သီတာမောင်နှမ၏ သမိုင်းဖြစ်စဉ်ကိုသာ အခါမလင့် သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ တခဲ့သည်ကို ဝန်ခံရပါမည်။

"သိုက်တူးလို့ ရသွားသတဲ့" ဆို၍ အုန်းအုန်းကျက်ကျက် သွားကြည့်ကြရာ သီတာကုန်းပြင်၏ အနောက်မြောက်ဘက်ထောင့် တောင်ကြောတစ်နေရာတွင် အိုးရာတစ်ခုကျန်ရစ်သည်။ ယခင် နယ်ချဲ့ လွတ်မြောက်ရေး သမိုင်းဦးကာလက ဗျိုင်းဗိုလ်၊ ရွှေလုံဗိုလ်တို့ ခိုလှုံခဲ့ရာ ဒေသပေပဲ။ အိုးအနေအထားကြည့်၍ သိုက်တူးသူသည် ရွှေငွေရတနာများစွာ ရလိမ့်မည်ဟု အားလုံးက ထင်ကြေးပေးကြသည်။ ဤဒေသတွင် နတ်နန်းရှေ့ သီတာချောင်းတွင်းမှ နဝရက်လက်စွပ်ကောက်ရသည်။ သီတာကုန်းပြင်အနောက်ဘက် ရွာတချို့၌ လယ်ထွန်ရင်း ရွှေငွေရတနာ၊ ရွှေစင်ရုပ်တု ရကြသည်ကို မကြာမကြာ ကြားရသည်။ ရွှေဒန်းနန်းဦးဘုရားကျောင်းဆရာတော်ကြီး ပြောပြချက်အရ ညနေဘက် ဘုရားအနီးလှည်းသံ လူသံများကြားရသည့်အခါ ဘုမ္မိယသိုက်နန်းမိသားစုများ၏ နေရာအပြောင်းအရွှေ့ကာလဖြစ်၍ ကျောင်းသားကလေးများကို အပြင်ထွက်ခွင့်မပြုကြောင်း ပြောကြားခဲ့သည်ကို မှတ်သားခဲ့ရဖူးသည်။

ထူးဆန်းသော ကိုယ်တွေ့ ဖြစ်ရပ်မျိုးစုံ ကြုံခဲ့ရ[illegible] သေးသည်။ ရွှေဒန်းနန်းဦးဘုရားသို့ ဆယ်တန်းစာမေး[illegible] အောင်မြင်ရေး ကုသိုလ်ပြုရန်နှင့် ဆွမ်းကပ်ရန် သူငယ်ချင်း[illegible] သုံးဦးသွားရာ ဦးဦးဖျားဖျား အငွေ့တထောင်းထောင်းနှင့် ဆွမ်း[illegible] တစ်ပွဲကပ်နှင့်ပြီးသည်ကို အံ့ဩစွာ တွေ့ရသည်။ ဘုရား[illegible] တစ်ပတ်နှင့် ဘုန်းကြီးကျောင်းဝင်းအတွင်း လှည့်ပတ်ကြည့်[illegible] ရာ မည်သူမျှ နှီးဟန်မတူသေး။ သို့နှင့် ဆွမ်း၊ ပန်း၊ ရေ[illegible] ကပ်လှူပြီး၍ အရဏ်မတက်မီ ဆရာတော်ကြီးအား ဆွမ်း[illegible] ကပ်ရန်သွားရာ ကျောင်းပေါ်တွင် စကားပြောသံများ ကြား[illegible] သည်။ သာယာသော အမျိုးသမီးသံများဟုလည်း ထင်မိသ[illegible] ခဏအကြာ ဆရာတော်ဘုရားကြီးအား အသံပေးရာ ဆရာ[illegible] တော်ကြီးက တံခါးထဖွင့်ပေးသည်။ ထိုအခါတွင် ဆရာတော်[illegible] ကြီးတစ်ပါးတည်းမှလွဲ၍ အခြား မည်သူ့ကိုမျှ မတွေ့ရ။ အံ့[illegible] ဖွယ် ကောင်းလှပေစွ။

တစ်ချိန်တွင် ဆရာတော်ကြီးက သူ့ကျောင်းနံဘေး[illegible] လက်တစ်ဖက်ကျော်ကျော်ရှိ စကားဝါပင်ကြီးကို လှသ[illegible] များနှင့် လှဲစေရာ ဆရာတော်ကြီး မရပ်မနား ဝမ်းသွားသည်[illegible] လွှကို ရပ်လျှင် ဆရာတော်ကြီး ဝမ်းသွားခြင်း ရပ်သည်[illegible] လွှဆက်တိုက်လျှင် ဆရာတော်ကြီး ဝမ်းသွားပြန်သည်။ [illegible] ဖြင့် ဆက်မလှဲဖြစ်တော့။ ယခု "သီတာမောင်နှမ သ[illegible] တော်ကား ဘယ်မှာနည်း။"

နန်းတောင်ဦးဘုရားတည်ရာ ရွှေနန်းဦးဘုရားအနီး[illegible] လား။ သီတာမောင်နှမတို့ ချစ်စ ခင်စ ကြင်နာစက ဒန်[illegible] ကလူကျီစယ်ခဲ့ရာ ရွှေနန်းဦးဘုရားအနီးမှာလား။ သို့မဟုတ်[illegible] သီတာကုန်းပြင်နှင့် ဝေးရာ သာယာလှသော တောင်[illegible] တစ်နေရာမှာလား။ သို့မဟုတ် သီတာမောင်နှမ ပျော်ရွှင်[illegible] ရေကစားခဲ့ရာ ကျောက်ထပ်လွှာနှင့် သီတာချောင်းအ[illegible] လေးမှာလား။ လှပခမ်းနားသော မြို့ရိုးအမြင့် တောင်[illegible] တစ်နေရာ ရှုခင်းသာမှာလား။ လားပေါင်းများစွာနှင့် နေ[illegible] ညည အဖြေရှာရသည်မှာ ရင်မောလှပါ၏။

တွေ့မယ့် တွေ့တော့ ဘယ်လိုမှ မျှော်လင့်မထား[illegible] တစ်နေရာ။

အလွန်ကြီးမားသော မန်ကျည်းပင်၏ ကိုင်းဖျားကိုင်း[illegible] ၌ ပြွတ်ခဲနေသော အသီးများကို ဆွတ်ခြွေရင်း မန်ကျ[illegible] ကိုင်းကို ဆွဲလွဲခိုကာ ကျွန်တော်နှင့် ကိုလူဇော် အပျော်[illegible] ပျော်ကြသည်။ "မန်ကျည်းတစ်ညှို လူတစ်ကိုယ်၊ [illegible] လက်မောင်း တဖြောင်းဖြောင်း" ဟု ဆိုစကားရှိသည့် မ[illegible] ပါလား။ မျောက်လွှဲကျော်ကဲ့သို့ မန်ကျည်းကိုင်းကို [illegible]



www.burmeseclassic.com

www.burmeseclassic.com

...ကဲ့သို့ တစ်ကိုင်းမှတစ်ကိုင်း ကူးကာ လွဲကာ အင်တေ ... မြေတမာခပ်ဝိုင်းဝိုင်းကြီးပေါ်သို့ ခုန်ချပြီး တက်လိုက် ...လိုက် ဆော့ကစားနေကြသည်။

"ဒုံ…ဟုံ…ဟုံ…ဟုံ…"

"ဒုံ…ဟုံ…ဟုံ…ဟုံ…"

မြေမာအဝိုင်းကြီးမှ ဗုံသံလို တုန်ခါ၍ အသံထွက်နေ ... ကျွန်တော်တို့ ပိုပျော်ကြသည်။ ထိုစဉ် "ဟေ့…" ...သော အသံဝါ အသံစူးကြီးဖြင့် ဆရာတော်ကြီးတစ်ပါး ...စပ်တစ်နေရာမှ ထွက်ပေါ်လာသည်။ ရွှေဒန်းဦးဆရာ ...ကြီးပေတကား။ ရွှေဒန်းဦးဆရာတော်ကြီးက ဤနေရာ ...လာ မကစားရန် တားပါသည်။ ထိုနေရာကား ကျွန် ...တော်တို့ အမှန်သိချင်သော၊ တွေ့လိုသော… ။

◈◈◈

ရွှေဒန်းဦးကျောင်းဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည် ...ပေါင်း ၂၅နှစ် ရှိခဲ့ပါပြီ။ ဆရာတော်ကြီးတူ ကျွန်တော့် ...ချင်း ကိုလှဇော် ကွယ်လွန်ခဲ့သည်မှာလည်း ၁၈ နှစ် ...င်ရှိခဲ့ပါပြီ။ ထိုအကြောင်းကို ဂဃနဏ ပြောနိုင်သည့် သူမှာ ကျွန်တော်တစ်ယောက်သာ သက်ရှိထင်ရှား ရှိပါတော့သည်။ ကျွန်တော် ဘယ်သူ့ကို ပြောပြရပါအံ့နည်း။

ထိုသီတာမောင်နှမ သချိုင်းတော်ရှိ ရွှေတလား၊ ငွေတလားအပြည့်ဖြင့် မြှုပ်နှံထားသော ရွှေငွေရတနာတို့သည် ဘယ်က ပစ္စည်းတွေနည်း။ ပေါ်တူဂီလူမျိုး ဒီဘရစ်တို သန်လျင်ကို နယ်ချဲ့စဉ်က ရေးဟောင်း ပါဒနိုင်ငံတော်ကြီးနှင့် သန်လျင်ဒေသ တန်ခိုးကြီးထင်ရှား ရေးဘုရားများစွာတို့၏ ဌာပနာတိုက်များမှ ဖောက်ကာ ရယူထားသော ပစ္စည်းများလေလား။ သီတာမောင်နှမ နောင် ဘုရင်ဖြစ်စဉ်က ပြည်သူတို့ ဂါဝရပြုကြသည့် ရွှေငွေရတနာ ကျောက်သံပတ္တမြားများလေလား။ ကျွန်တော် မသိပါ။ ကွဲပြားစွာ မသိနိုင်တော့။

ဤရတနာသိုမှီးရာ သီတာမောင်နှမ သချိုင်းတော်ကို ကျွန်တော်သည် လူပုဂ္ဂိုလ်များ သိကြားစေဖို့ ဖော်ထုတ်ရန် မဝံ့စား။ ထာဝရ ရင့်နှုတ်ပိတ် ဆိတ်ဆိတ်နေသွားရန်သာ ရှိပါတော့သည်။ ■

* * *

အောင်ကျော်ဆန်း(MRCS)

မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။

သင့်ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ် ဟောထားသည့် စာအုပ်။

ဗေဒင်ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်။

အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ

**သင့်ဘဝတစ်သက်တာ ဗေဒင်ဟောကိန်းများ**

စာအုပ်ထွက်ပြီ

**ညွန့်ချိုင်မာ (ကျောက်ဆည်)**

**ညွန့်လွင် (စက်မှုတက္ကသိုလ်)**

ဖုန်း ၀၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှအရောက်ပို့ပေးပါမည်။

ဦးညွန့်လွင် အမှတ်-၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ယခင်တစ်အုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်



www.burmeseclassic.com

www.burmeseclassic.com



# မြွေဆိပ်ပြေဆေးပင်

**စိုးစိုး**

ဤဆေးပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင်ပေါက် ရောက်ပြီး ဒန္တသုခ (ခေါ်) **တောစားပြဲဆေးပင်** ဟုခေါ်သည်။

ယင်းသည် မြွေပွေး၊ မြွေဟောက်စသော အဆိပ်ရှိသတ္တဝါများ၏ အဆိပ်နှင့် အညှော်မိ၍ကိုက်ခဲ ရောင်ရမ်းမှုမှန် သမျှကို (၅) မိနစ်အတွင်း အလျှင်အမြန် ပျောက်ကင်းစေပါသည်။ လက်တွေ့စမ်းသပ်ထားပြီးဖြစ်သဖြင့် ယုံကြည်စွာသုံးစွဲနိုင်ပါသည်။ လူနာအသက်ရှိသေးလျှင် လုံလောက်ပါသည်။

ပဉ္စငါးပါးတစ်ခုကို ဝါး၍အရည်ဖြင့် အနာဝကို သုတ်လိမ်းပေးပြီး အဖတ်ကို မျိုချလိုက်ရုံဖြင့် ပျောက်ကင်းချမ်းသာစေနိုင်ပါသည်။

* * *




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကျောင်းဆောင်ပိုင်ရှင် ဝိညာဉ်လေလား



www.burmeseclassic.com

www.burmeseclassic.com

၀

ကိုစိုးလှိုင်၏ အလုပ်က ဆောက်လုပ်ရေးပစ္စည်းများ ဆောင့်ရှောက်ရသည့် ညစောင့်အလုပ်။ နေရာက ည တွင် ထူးထူးဆန်းဆန်းများ တွေ့ရတတ်သည်ဟု များနေသော ဘုန်းကြီးကျောင်းခြံနှင့်ကပ်လျက် စာ ကျောင်းဆောင်သစ်မှာ ဖြစ်သည်။ သစ်ပင်များ အုပ်ဆိုင်း ကြောင့် ကျောင်းခြံဝန်းကျင်သည် နေ့မှာပင် သစ်ရိပ်များ မှောင်သလိုရှိနေသည်။

မူလ စာသင်ကျောင်း၏ တိုးချဲ့ကျောင်းဆောင်သစ် သုံးစွဲမည့် အုတ်၊ ဘိလပ်မြေ၊ ကျောက်၊ သံချောင်း သစ်များကို ကျောင်းခြံထဲ ယာယီအမိုးနှင့် စုပုံထားရှိ နေ့အချိန်တွင် ကိစ္စမရှိသော်လည်း ညမှုညတာ တော့ စိတ်ချထား၍ မဖြစ်။ ကျောင်းပိုင် ဆောက် ရေးပစ္စည်းများ မပျောက်ရှရေး ညစောင့်လိုအပ်သည် ဆောက်လုပ်ရေးတာဝန်ခံက ကိုစိုးလှိုင်ကို ငှားစောင့် ဖြစ်သည်။

ကိုစိုးလှိုင် စောင့်ရသည့် ကျောင်းဆောင်သစ်သည် ကျောင်းဆောင်ဟောင်းကြီး၏နောက်တွင် ရှိသည်။ မူလ ကျောင်းဆောင်ဟောင်းကြီးရှေ့တွင် မကြာသေးမီက ပြီးစီး သစ်သားကျောင်းဆောင်သစ်တစ်လုံး ရှိသေး၏။ ကျောင်းသားများအတွက် စာသင်ခန်းတစ်ခန်း အရေး လိုအပ်လာချိန်၊ ရွာထဲမှ ဦးထွန်းသိန်းဆိုသူ လှူဒါန်း အိမ်ဟောင်းလေးကို ကျောင်းဆောင်အဖြစ် ရွှေ့ပြောင်း လုပ်ပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ ကျောင်းဆောင် ဦးထွန်းသိန်းကိုကား ကိုစိုးလှိုင် တစ်ခါမျှ မမြင်ဘူး

ဦးထွန်းသိန်း လှူသည့် ရှစ်တန်း စာသင်ခန်းလေးထဲ နေ့ကျောင်းတက်ချိန်သာမက၊ ညပိုင်း အချိန်ပိုပါ သင် ဘုန်းကြီးကျောင်းခြံ မီးစက်မှ ပေးသော မီးနှင့် ည အထိ အချိန်ပိုသင်ကြားပြီး ည ၉နာရီကျော် မီးစက် နှင့် စာသင်ချိန်လည်း ဖြုတ်ပြီဖြစ်သည်။ ကျောင်း ကျောင်းသူများ၏ စာအံသံများနှင့် ဆူညံနေသော ဝန်းကျင်သည်လည်း စာသင်ဖြုတ်လိုက်ချိန်တွင် သံများ လုံးဝ တိတ်ဆိတ်သွားသလို၊ ကျောင်းတွင်း ပြင်နေရာအားလုံး အမှောင်ထုက ကြီးစိုးသွားတော့ ထိုအချိန်မျိုးတွင် တော်ရုံတန်ရုံ သတ္တိနှင့် လူတိုင်း ဤဝန်းကျင်သို့ မသွားရဲချေသည်က အမှန်။ ကျောင်းခြံအနီး ဘုန်းကြီးကျောင်းခြံ သစ်တောကလည်း လူပြောသူပြောများ သည်မဟုတ်လား။

ညစောင့် ကိုစိုးလှိုင်သည် တစ်ယောက်တည်းဖြစ်၍ ဘုန်းကြီးကျောင်းခြံ မီးစက်တဲတွင် မီးစက်သမားနှင့် အတူ အိပ်၏။ မီးစက်တဲရုံလေးမှာ စာသင်ကျောင်းခြံနှင့် ကပ်လျက် ရှိသဖြင့် ညအိပ်ရင်း ကျောင်းပစ္စည်းများကို စောင့်ရှောက် ရန် အဆင်ပြေသည်။ ညဦးပိုင်း စာအံသံများကြောင့် စောစောအိပ်မရသည့်အတူ အပျင်းလည်း ပြေ၊ ရေနွေးကြမ်း လည်း သောက်ရင်း ကျောင်းအနီး ရွာထိပ် အိမ်များသို့ ကိုစိုးလှိုင် အလည်သွားတတ်သည်။ စာသင်ဖြုတ်ချိန်ရောက် မှ ကျောင်းဆီ ပြန်လာလေ့ရှိသည်။

တစ်ည စာသင်ချိန်ဖြုတ်၍ တိတ်ဆိတ်မှောင်မည်းနေ ချိန်၌ ကိုစိုးလှိုင်တစ်ယောက် ကျောင်းဆီ ပြန်လာရာ ကျောင်း ဆောင်ဟောင်းအနီးမှ တဖျပ်ဖျပ် လမ်းလျှောက်သံ ကြားရ သည်။ တစ်စုံတစ်ယောက်များ ကျောင်းထဲ ရောက်နေသည့် လားဟု တွေးမိပြီး ဓာတ်မီးမထိုးဘဲ ကျောင်းခြံစည်းရိုးနား တွင် အသာငြိမ်၍ နားစွင့်လိုက်သည်။ တဖျပ်ဖျပ် လမ်း လျှောက်သံ ပျောက်သွားကာ ခဏအကြာ ကျောင်းဆောင် ဟောင်းကြီးအတွင်းမှ စာရေးခုံကို သံပုံတလင်းနှင့် ပွတ်ဆွဲ လိုက်သံ "ကျွီ"ခနဲ ကြားလိုက်ရ၏။ အိုးခွက်ပန်းကန်သံလို လိုလည်း ကြားရ၏။ ကြွက်များ ပြေးလွှားသံဖြစ်မည်လား စဉ်းစားမိသော်လည်း ကြွက်က ခုံရွှေ့အောင်တော့ တွန်းနိုင် မည်မဟုတ်ဟု တွေးမိပြန်သည်။ ကျေန္တ လူမရှိတုန်း သူခိုးဝင် နေခြင်းဖြစ်မည်ဟု ယူဆကာ လက်တစ်ဖက်က တုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်လျက်၊ ကျန်လက်တစ်ဖက်က ဓာတ် မီးထိုး၍ ကျောင်းထဲ ဝင်လိုက်သည်။ ဓာတ်မီးရောင်အောက် ဝယ် တစ်ခုခုတွေ့လိမ့်မည် ထင်ထားသော်လည်း ခုံများ စီစီရီရီနှင့် ပုံစံမပျက်ရှိနေသလို၊ မည်သည့်လှုပ်ရှားမှု အရိပ် အရောင်မျှ မတွေ့ရချေ။ ထူးဆန်းသည့် အကြောင်းခြင်းရာ ကို တွေးမရနိုင်ဘဲ ရှိနေစဉ် တစ်စုံတစ်ယောက်က ကိုစိုး လှိုင်ခေါင်းကို လက်နှင့် လှမ်းရိုက်လိုက်သလို ထင်မိရာ၊ မရိုက်မိဘဲ ဝုစ်ခနဲ လေဟပ်သွားသည်ကို ခံစားလိုက်ရသည်။

လက်ထဲ ပါသည့် တုတ်နှင့် ခုခံရန် နောက်လှည့်ကြည့် ပြီး အနှံ့ရှာဖွေသော်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။ ည မှောင်မှောင်တွင် အကြောက်အရွံ့မရှိ သွားနေကျဆိုစေကာ မူ၊ သည်တစ်ခါတော့ ကိုစိုးလှိုင် ကြက်သီးမွေးညင်းထကာ ခေါင်းကြီးပွလာသည်ဟု ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဤနယ် ထူးဆန်းသည့် ကြုံတွေ့မှုကို သွားနေကျ ရွာထိပ်အိမ်မှ ဦးတင်အား မေးကြည့်သည်။ ဦးတင်က ပြုံးပြုံး ကြီး လုပ်နေ...

"အဲဒီ ခုံရှေ့သံတွေ၊ တဖျပ်ဖျပ် လမ်းလျှောက်သံတွေ က ငါအမြဲကြားနေကျမို့ ရိုးနေပြီ၊ အဲဒါ လူမဟုတ်ဘူးကွ"

ဟု ပြောပါတော့သည်။ ထိုအခါ ကိုစိုးလှိုင်က...

"လူမဟုတ်ရင် ဘာလဲဗျ"

ဟု အံ့ဩထိတ်လန့်စွာဖြင့် မေးလိုက်သည်။

"အစွဲရှိတဲ့ ဝိညာဉ်ပေါ့ကွာ"

"ဘယ်က ဝိညာဉ်လဲ၊ ဘယ်သူ့ဝိညာဉ်လဲ"

ကိုစိုးလှိုင်က သိချင်ဇောနှင့် ဆက်တိုက်ဆင့်မေးနေ တော့ ဦးတင်မှာ သူသိသမျှ ပြောရလေတော့သည်။

"ဒီလိုကွ၊ ငါ သတိထားမိသလောက် ဟိုတုန်းက အဲဒီ စာသင်ကျောင်းမှာ ညပိုင်း တိတ်ဆိတ်လို့ ဘာသံမှ မကြားရဘူး။ အဲ…ဟို ရှစ်တန်းကျောင်းဆောင်သစ် ဆောက် ပြီးကတည်းက စောစောက ပြောတဲ့ အသံတွေ ညပိုင်း ကြားရတာပဲ"

"ဟုတ်လား ဦးတင်။ အဲဒီကျောင်းဆောင်က ဦးထွန်း သိန်းဆိုတဲ့လူ လှူတာဆို"

"အေး၊ ဟုတ်တယ်။ ဒါပေမယ့် မင်း မသိဘူးထင် တယ်။ အဲဒီကျောင်းဆောင်ဆောက်ဖို့ သူ့အိမ်လေးကို လှူ မယ်လို့ ဦးထွန်းသိန်း ပြောပြီး မလှူရသေးခင် သူဆုံးသွားခဲ့ တယ်"

မမျှော်လင့်သော စကားကြောင့် ကိုစိုးလှိုင်ပါးစပ်မှ "ဟင်"ခနဲ အာမေဋိတ်သံထွက်လာ၏။ ဦးတင်က ဆက်ပြော၏။

"ကျန်တဲ့ ဆွေမျိုးသားချင်းတွေက ဦးထွန်းသိန်း ဆုံး ပြီးနောက်ပိုင်း သူ့ဆန္ဒအတိုင်း အိမ်လေးကို ကျောင်းဆောက် ဖို့ လှူပေးလိုက်တာပဲ"

"ဒါဆို ဦးထွန်းသိန်းက သူ့အိမ်လေးကို စွဲပြီး သူ့အိမ် နဲ့ ဆောက်ထားတဲ့ ကျောင်းဆောင်ဆီ လာနေတယ်လို့ ဆိုလိုတာလား ဦးတင်"

ကိုစိုးလှိုင်မေးသော်လည်း ဦးတင်နှုတ်က မဖြေတော့ ဘဲ သူ့ဝသီအတိုင်း ပြုံးပြုံးကြီးလုပ်နေ၏။ ဦးတင် ပြုံးနေပုံ က ကိုစိုးလှိုင်အမေးကို ထောက်ခံနေသည်မှာ အထင်းသား။

သည်လိုနှင့် မပြီးသေးပါ။ နောက်ရက်များတွင် ထူးထူး ခြားခြားဖြစ်ရပ်တွေ ထပ်ဖြစ်ခဲ့ပါသည်။ အသစ်ဆောက်နေ သော နောက်ဘက် တစ်ထပ်ကျောင်းဆောင်သစ်၌ ပန်းရံ များ အလုပ်ဆင်းနေစဉ် ပန်းရံသမား လူငယ်လေးတစ်ဦး ရုတ်တရက် လိမ့်ကျခဲ့၏။ လိမ့်ကျပုံကလည်း ဆန်းသည်။ လူတစ်ရပ်သာသာ ငြမ်းစင်နိမ့်နိမ့်လေးမှ ပန်းရံသမားလေး ပြန်အဆင်း သတိပေးနေသည့်ကြားမှ ဘယ်လိုပြုတ်ကျသည် မသိ။ သာမန်အားဖြင့် ခုန်ချလျှင်ပင် ရနိုင်သည့် ငြမ်းစင်နိမ့် လေးမှ ချော်ကျကာ ခေါင်းကို တစ်စုံတစ်ခုနှင့် ဆောင့်မိ သလို မြေပေါ်တွင် လဲကျ သတိမေ့သွားလေသည်။ အားလုံး ဝိုင်းဝန်းတွဲထူ ပြုစုကြကာ တတ်မှတ်သလောက် ရှတ်ဖတ် မန်းမှုတ်ပြီး ရေမန်းတိုက်လိုက်သောအခါမှ သတိပြန်ရလာ သည်။ သတိရရချင်း ပန်းရံလေးက ရှိုက်ကြီးတငင်ငိုသည် မှာ အားလုံးဝိုင်းချော့ ဖျောင်းဖျမှ တဖြည်းဖြည်းအငိုတိတ် သွားသည်။

ဦးတင်၏ ပြောပြချက်အရဆိုလျှင် ရွာထဲက အိမ်လေး ကို ကျောင်းဆောင်အဖြစ် ရွှေ့ဆောက်ပြီးကတည်းက ညပိုင်း ထူးထူးခြားခြားအသံများ ကြားရသည်ဆိုခြင်းနှင့် ညစောင့် ကိုစိုးလှိုင်၏ ထူးခြားစွာ တွေ့ကြုံရခြင်းများ၊ ပန်းရံသမားလေး ရုတ်တရက် ငြမ်းနိမ့်မှ လိမ့်ကျ မူးမေ့ခဲ့ခြင်းများသည် အံ့ဩ ဖွယ် တိုက်ဆိုင်မှုများ ဖြစ်နေသည်။ ပုထုဇဉ်မှန်သမျှ သံယော ဇဉ်နှင့် မကင်းနိုင်ရကား၊ ကျောင်းဆောင်ပိုင်ရှင်သည် ပစ္စည်း စွဲသံယောဇဉ်ကြောင့် ကျောင်းသို့ ဝင်ထွက်သူများကို မကျေ နပ်ဘဲ သတိပေး လှုပ်ရှားနေခြင်းလားဆိုတာတော့…■

* * *

ညွှန့်ဝင်း(နတ်တလင်း)




www.burmeseclassic.com

www.burmeseclassic.com

# ဓနုဖြူ ကျိုက္ကလှန်ပွန်းမှ ပေါ်တော်မူဘုရားအစိတ္တာန်

ဆရာကြီး ဦးအောင်မြင့် (လက္ခဏာဗေဒပညာသုတေသီ)



လူတစ်ဦးဖာစ်ယောက်၏ မူလ မဟာဘုတ်တွင် ...ာ်တာည့်နေစဉ်၊ ကောဇာမဟာဘုတ်မှာလည်း သက်ရောက် ...ာ်ည့်နေလျှင် ထိုကာလမှာ ကံကြမ္မာအည့်အပျက်တစ်မျိုး ...(သို့မဟုတ်) တစ်မျိုးမကာ ကြုံတွေ့ရတတ်သည်။ အလား ...နက္ခတ်ဗေဒင်ပညာအရ လူတစ်ဦးတစ်ယောက်၏ ဇာတာ ...ဂြိုဟ်စီး ဂြိုဟ်မြင် ညှံ့နေသည့်အခိုက်မှာလည်း ဘာလုပ် ...ည် အဆင်မပြေ၊ ကိုယ်စိတ်ဆင်းရဲစရာတွေ ကြုံတတ်သည်။ ...ကြမ္မာကောင်းတွေ ငုပ်လျှိုးပြီး ကံကြမ္မာညံ့ပေါ်ပေါက် ...ျမှိုးနေတတ်သည်။

ထိုအခါမျိုးတွင် ပေါ်တော်မူ အစိတ္တာန်ဝင်သင့်သည်။ ...ခွဲဒေသတွင် ပေါ်တော်မူစေတီရှိသလို၊ အချို့ဒေသတွင် ...တော်မူ ဗုဒ္ဓရုပ်ပွားတော်ရှိတတ်သည်။ ပေါ်တော်မူ (စေတီ၊ ရုပ်ပွား) ဘုရားတစ်ဆူဆူမှာ ၉ရက်ဖြစ်စေ၊ ၁၈ရက်ဖြစ်စေ၊ ၂၇ရက်ဖြစ်စေ အစိတ္တာန်ထားပြီး အစိတ္တာန်ဝင်နိုင်သလို၊ မြန်မာနိုင်ငံအရပ်ရပ်ရှိ ပေါ်တော်မူဘုရား(စေတီ၊ ရုပ်ပွား)များတွင် ဖော်ပြပါ ရက်အတိုင်း အစိတ္တာန်လိုက်ဝင်ခြင်းလည်း ပြုနိုင်ပါသည်။

အစိတ္တာန်ဝင်ပုံမှာ ပေါ်တော်မူဘုရားတစ်ဆူဆူ၏ ရှေ့ အဆင်ပြေမည့် နေရာမှာ ဆွမ်း၊ ပန်း၊ သောက်တော်ရေ၊ အလင်းတိုင်၊ အမွှေးတိုင်၊ ထီး၊ တံခွန်၊ ကုက္ကား စသည်ဖြင့် အဆင်ပြေရာတို့ကို လှူဒါန်းပြီး အောက်ပါ ဂါထာတော်ကို သက်စေ့ရွတ်ပွားခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်း၊ လိုရာဆုတစ်ခုသာ တောင်းခြင်းတို့ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### ပေါ်တော်မူ အစိဋ္ဌာန်ဂါထာတော်

* တထာဂတံ အရဟန္တံ သူရိယော သရဏံ ဂတော။
ရာဟု သူရိယံ ပမုဥ္စဿု၊ ဗုဒ္ဓါ လောကာ နုကမ္ပကာ။
* တထာဂတံ အရဟန္တံ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဥ္စဿု၊ ဗုဒ္ဓါ လောကာ နုကမ္ပကာ။
* တထာဂတံ အရဟန္တံ အဟံ သရဏံ ဂတော။
ရာဟု အဟံ ပမုဥ္စဿု၊ ဗုဒ္ဓါ လောကာ နုကမ္ပကာ။

ကျွန်ုပ်အနေဖြင့် ပေါ်တော်မူဘုရား ၂၇ဆူ အစိဋ္ဌာန်ထားပြီး ဝင်ရောက်ရာတွင် ထိုခရီးစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ရောဝတီတိုင်းဒေသကြီး၊ နေပြည်တော်မြို့နယ်၊ ကျိုက္ကလွန်ဖွန်းစေတီတော်ကြီး၏ ရာဟုထောင့်ရှိ ပေါ်တော်မူစေတီတော်မှာ အစိဋ္ဌာန်ဝင်ခဲ့ဖူးသည်။


အရိမေတ္တေယျဘုရားသိုက် ပေါ်တော်မူစေတီတော်၏ သမိုင်းအကျဉ်းကို ကျောက်စာကမ္ပည်းရေးထိုး စိုက်ထူထားပါသည်။ ကျိုက္ကလွန်ဖွန်းစေတီတော်သမိုင်းစာအုပ်တွင်လည်း ထိုပေါ်တော်မူစေတီတော်အကြောင်း ဖတ်ရှုလေ့လာရပါသည်။

ကျိုက္ကလွန်ဖွန်းစေတီတော်၏ ဒုတိယဘုရားဒါယိကာ "နေသင်္ဟမင်း"သည် သာသနာသက္ကရာဇ် ၄၉၀ ၌ ရာဟုထောင့်တွင် လေးထောင့်ပုံ ကန်ငယ်တစ်ခုတူးစေပြီး သံပြား၊ ပြဒါးပြား၊ ရွှေငွေရတနာများ မြှုပ်နှံလှူဒါန်းထားခဲ့သည်။ အရိမေတ္တေယျ မြတ်စွာဘုရားကို ရည်မှန်း၍ လှူဒါန်းခဲ့သောကြောင့် "အရိမေတ္တေယျဘုရားသိုက်"ဟု သတ်မှတ်ကြသည်။

သာသနာသက္ကရာဇ် ၂၀၀၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၈၂၄ ခုနှစ်တွင် ဓမ္မစေတီမင်းက ထိုဘုရားသိုက်နေရာကို ဉာဏ်တော် ၇တောင် ၂မိုက်ရှိ စေတီငယ်တစ်ဆူတည်ထားပေးခဲ့သည်။ နန်းသုံး တော်ဝင်ပစ္စည်းဖြစ်သော မင်းမြောက်တန်ဆာငါးပါးကိုလည်း ဌာပနာထည့်သွင်းပေးခဲ့သည်။

ဟံသာဝတီဘုရင် တပင်ရွှေထီးမင်းလက်ထက်တွင် နောက်လိုက် မိုလ်ပါအချို့က ထိုဘုရားသိုက် ဌာပနာကို






တူးကြရာ ရေများ ဒလဟော စီးထွက်လာပြီး ဓမ္မစေတီ
လက်ထက်က စီရင်ထားခဲ့သော အစောင့်ရုပ်တုများက
လက်နက်များဖြင့် လိုက်လံတိုက်ခိုက်ရာ တပင်ရွှေထီး
တောင်းပန်မှ ပြေငြိမ်းခဲ့သည်။ တပင်ရွှေထီးမင်းက
ရွှေသားအစစ် မကိုဋ်နှင့် မြကို ထုဆစ်ထားသည့် ရုပ်ပွား
တစ်ဆူ ဌာပနာထည့်သွင်းပေးခဲ့သည်။

နှစ်ပေါင်းကြာမြင့်ပြီး မြေသားများ ဖုံးအုပ်ပျောက်
နေသော ထိုစေတီငယ်(ဘုရားသိုက်)ကို ရှေး ဂေါပက
များက ပြန်လည်ရှာဖွေတွေ့ရှိပြီး "ပေါ်တော်မူ စေတီ
အမည်သမုတ်၍ မွမ်းမံပြင်ဆင်ပေးခဲ့သည်။ ပေါ်တော်မူ
တော် တည်ရှိရာ ရေကန်ငယ်မှာ ဝေတီတော်တစ်ဝ
ရေမြုပ်နေသည်။ ဆိုရေကန်တွင်းသို့ ရေဖြည့်စရာမ
အလိုအလျောက် ရေလျှံတက်လာခြင်း၊ အလိုအလျော
ရေပြန်ကျသွားခြင်းကို ယခုတိုင် တွေ့မြင်နိုင်ပါသည်။

ပေါ်တော်မူဘုရားအစိဋ္ဌာန်ကြောင့် ငုပ်လျှိုးနေ
ကံကြမ္မာကောင်းများ ပြန်လည်ပေါ်ပေါက်ကာ၊ ရင်
ကြုံတွေ့နေရဆဲ ကံကြမ္မာအညံ့အပျက်အဆိုးများ ပ
သွားစေကြောင်း ကျွန်ုပ်ကိုယ်တွေ့များစွာရှိပါသည်။

စာဖတ်သူများ ဘာလုပ်လုပ် အဆင်မပြေဖြစ်
အခါ ပေါ်တော်မူ အစိဋ္ဌာန်ဝင်ကြည့်ကြပါရန် တိုက်
လိုက်ရပါသည် ■

* * *


ဆရာကြီးဦးဇော
(လက္ခဏာဗေဒင်ပညာသုတေ



www.burmeseclassic.com

www.burmeseclassic.com

# လူမိုက်ကို ရှောင် ပညာရှိကို ဆည်းကပ်



သူရအောင် (ဥပဒေ)

သုံးလောကထွတ်တင် ဗုဒ္ဓမြတ်စွာဘုရားရှင်က သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် အသေဝနာစ ဗာလနံ- လူမိုက်ကို မမှီဝဲ မဆည်းကပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏။ ပဏ္ဍိတာနဉ္စသေဝန- ပညာရှိကို မှီဝဲဆည်းကပ်ခြင်းသည် ကောင်းမြတ်သော မင်္ဂလာမည်၏ဟု ဟောကြားတော်မူခဲ့သည်။

ဤ မင်္ဂလာတရား နှစ်ပါးသည် ခေါင်းနှင့် ပန်းကဲ့သို့ ဆက်စပ်လျက်ရှိ၏။ အကြောင်းနှင့် အကျိုး၊ အကောင်းနှင့် အဆိုးကို မခွဲခြား မဝေဖန်တတ်သူကို ဗာလ-လူမိုက်ဟု ခေါ်၏။ ထိုလူမိုက်သည် မိမိ၊ သူတစ်ပါး ချမ်းသာအောင် မဆောင်ရွက်နိုင်ဘဲ ဆင်းရဲဒုက္ခရောက်အောင်၊ အကျိုးမဲ့ဖြစ်အောင်သာ ပြုလုပ်တတ်သည်။ တစ်ဖက်သား ပျက်စီးရာ ပျက်စီးကြောင်းကို ပြုလုပ်ကြံဆောင်လေ့ရှိသည်။ လူမိုက်၏ သဘောလက္ခဏာများကို ပြောင်းပြန်လှန်လိုက်ပါက ပဏ္ဍိတ ပညာကို သိနိုင်ပါ၏။

လူမိုက်ကို ပေါင်းသင်းဆက်ဆံခြင်း၊ လူမိုက်ကို ဆရာတင်ခြင်း မပြုလုပ်ရ။ ပညာရှိကို မှီဝဲဆည်းကပ် ပေါင်းသင်းရမည်။ ပညာရှိကို ရှော့နှံတင်ရမည်။ ပညာရှိကို ဆရာတစ်ဆူလို ကိုးကွယ်မှသာ စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလာမည်ဖြစ်သည်။ ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်လျှင် သမန်းမြက်ပါ အပုပ်နံ့နံ့ပါသည်။ ထို့အတူပင် လူမိုက်နှင့် ပေါင်းသင်းလျှင် လူမိုက်ဖြစ်လာနိုင်ပါသည်။ တောင်ဇလပ်ပန်းကို ပေါက်ဖက်နှင့် ထုပ်လျှင် ပေါက်ဖက်ပါ ပန်းရနံ့မွှေးကြိုင်ပါသည်။ ထို့အတူပင် ပညာရှိ သူတော်ကောင်းနှင့် ပေါင်းဖက်လျှင် ပညာရှိ သူတော်ကောင်းဖြစ်လာနိုင်ပါသည်ဟု ဝိသတိနိပါတ် သတ္တိဂုမ္ဗဇာတ်၌ လာရှိပါသည်။

ထို့အပြင် အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်ဘယသုတ်၌ ဘေးဥပဒ်အန္တရာယ် ရန်စွယ်ဟူသမျှသည် လူမိုက်ကြောင့်သာ ဖြစ်ပေါ်လာရသည်။ သူတော်ကောင်းကြောင့် မဖြစ်ပေါ်ပါ။ ထို့ကြောင့် လူမိုက်ဖြစ်ကြောင်း ဒုစရိုက်တရားများကို ရှောင်ရှား၍ ပညာရှိ သူတော်ကောင်းဖြစ်စေမည့် သုစရိုက်တရားများကို ပွားများကျင့်ကြံအားထုတ်ကြရာ၏ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။

◈◈◈



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တော်က အရှင်မဟာကဿပ မထေရ်ကြီးသည် ဝေဘာရတောင်ပေါ်ရှိ ပိပ္ပလိဂူကျောင်း၌ သီတင်းသုံးနေတော်မူသည်။ မထေရ်ကြီး၌ ဝတ်ကြီးဝတ်ငယ်ပြုစုရန် တပည့် သာမဏေနှစ်ပါးရှိသည်။ တစ်ပါးမှာ သဒ္ဓါတရားရှိ၍ တပည့်ဝတ် ကျေပွန်အောင် ဆောင်ရွက်သည်။ ကျန်တစ်ပါးကတော့ သဒ္ဓါတရားမဲ့၍ ကောက်ကျစ်စဉ်းလဲသည်။ လိမ္မာသော တပည့်သည် မထေရ်ကြီး နံနက်အိပ်ရာထ အဆင်သင့်သုံးရန် မျက်နှာသစ်ရေ၊ တံပူ၊ သွားတိုက်တံ၊ မျက်နှာသုတ်ပဝါတို့ကို အသင့်စီစဉ်ထားပေးသည်။ ကျောင်းပေါ်၌ လည်းကောင်း၊ ကျောင်းဝင်း၌ လည်းကောင်း တံမြက်လှည်း သန့်ရှင်းရေးပြုလုပ်သည်။

ရေချိုးချိန်တွင် ရေနွေးဖြင့် ချိုးနိုင်ရန် အဆင်သင့် ရေနွေးတည်ပေး၏။ မထေရ်ကြီး၏ သင်္ကန်း၊ အိပ်ရာခင်း စသည်တို့ကို လျှော်ဖွတ်ပေးသည်။ ဝစ္စကုဋီ သန့်ရှင်းစေရန် သုတ်သင်ခြင်းများ ပြုလုပ်ပေးသည်။ သို့သော်လည်း ကောက်ကျစ်စဉ်းလဲသော တပည့်ကမူ တပည့်လိမ္မာ ဆောင်ရွက်ထားသော အမှုများကို မိမိဆောင်ရွက်လေဟန် ပြုမူလေ့ရှိ၏။

"မျက်နှာသစ်ရေ ရပါပြီ"

"ရေချိုးရန် ရေနွေးရပါပြီ"

"သင်္ကန်းလည်း လျှော်ဖွပ်ပြီးပါပြီ"

စသည်ဖြင့် မိမိလုပ်ထားသည့်ဟန် နှုတ်လောကဝတ်ပြုတတ်သည်။ သူတစ်ပါး တံမြက်လှည်း၍ သန့်ရှင်းပြီးသည်ကို မထေရ်ကြီးရှေ့၌ တံမြက်လှည်းဟန် ပြုလုပ်သည်။ ထိုသို့ပြုလုပ်ဖန်များသောအခါ အမှန်တကယ် ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်နေသော တပည့်လိမ္မာသည် ဆရာဖြစ်သူ မထေရ်ကြီး အမှန်အတိုင်း သိရှိစေရန် ကြံဆောင်ခဲ့သည်။

တပည့်လိမ္မာသည် ကျိုပြီးသော ရေနွေးကို ရေချိုးအိမ်၏ နောက်ဘက်၌ ဝှက်ထားလိုက်ပြီးနောက် ရေချိုးအိမ်အတွင်း၌ ဗလာဖြစ်သော အိုးကြီးတစ်လုံးကို ထားပစ်ခဲ့၏။ ကောက်ကျစ်သော တပည့်သည် ထုံးစံအတိုင်း ရေချိုးအိမ်အတွင်း၌ ရေနွေးများ ရောက်နေပြီထင်မှတ်၍ မထေရ်ကြီးအား "ရေနွေးများ အဆင်သင့်ဖြစ်ပါပြီ ရေသုံးသပ်တော်မူပါဘုရား" ဟု လျှောက်ထားလေ၏။

ထိုအခါ မထေရ်ကြီးလည်း ရေချိုးအိမ်အတွင်း ဝင်၍ ရေမှတ်ရိုးအရှည်ဖြင့် ရေအိုးထဲသို့ လှမ်းခပ်လိုက်ရာ ရေတစ်စက်မျှ မရှိသဖြင့် ရေမှတ်သည် အိုးဖင်ကို ရိုက်ခတ်သွားလေ၏။ ဤတွင် တပည့်မိုက်သည် အရှက်ရ၍ တပည့်လိမ္မာအပေါ် ဆဲရေးလျက် ရေခပ်ရန် ထွက်သွားလေ၏။

ထို့နောက်မှာတော့ တပည့်လိမ္မာသည် ရေချိုးအိမ်၏ နောက်ဘက်၌ ဝှက်ထားသော ရေနွေးအိုးကို ထုတ်ယူခဲ့ပြီး မထေရ်ကြီးအား ရေနွေးဖြင့် ချိုးရေဆက်ကပ်လိုက်သည်။ တပည့်မိုက်၏ ကောက်ကျစ်စဉ်းလဲပုံကို တွေ့ရှိရသော ဆရာအရှင်မြတ်သည် နောင်တွင် ထိုကဲ့သို့ ကောက်ကျစ်စဉ်းလဲမှု ဟန်ဆောင်မှုများ မပြုရန် ဆိုဆုံးမတော်မူသည်။

◈◈◈

တစ်ရက်မှာတော့ တပည့်မိုက်သည် တစ်ပါးတည်း အခြားရွာသို့ ဆွမ်းခံကြွသွားရာ ရွာမှ ဒကာ၊ ဒကာမများက မထေရ်ကြီးအတွက် ဆွမ်းဘောဇဉ်များ လောင်းလှူလိုက်ကြ၏။ တပည့်မိုက်သည် ဆွမ်းဘောဇဉ်များကို သူတစ်ပါးတည်း စားပစ်လိုက်သည်။ နောက်တစ်ရက်တွင် ထိုရွာသို့ မထေရ်ကြီး ဆွမ်းခံသွားသောအခါ အဖြစ်မှန်ကို သိသွားတော့သည်။

တပည့်မိုက်ကလည်း မထေရ်ကြီးသည် ရေနွေးအိုးမရှုံဖြင့် ငါ့ကို ပြစ်တင်မောင်းမဲသည်။ ယခုလည်း ဆရာ့အားလှူသည့်ဆွမ်းကို တပည့်က စားရုံမျှဖြင့် ဆူပူကြိမ်းမောင်းနေပြန်ပြီဟု မထေရ်ကြီးပေါ် ပြစ်တင် ရန်ငြိုးဖွဲ့လေသည်။

နောက်တစ်နေ့တွင် မထေရ်ကြီး ဆွမ်းခံကြွသွားသောအခါ တပည့်မိုက်သည် ကျောင်း၌ တစ်ပါးတည်း ချန်နေခဲ့ပြီး ကျောင်းကို မီးတင်ရှို့ကာ အခြားအရပ်သို့ ထွက်ခွာသွားလေ၏။

အဆိုပါ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရားရှင်က-

"မိတ်ဆွေကို ရှာဖွေသောအခါ သီလ၊ သမာဓိ၊ ပညာ အကျင့်သိက္ခာအရာတွင် မိမိထက် သာလွန်သူကို ဖြစ်စေ၊ မိမိနှင့် တန်းတူသူကို ဖြစ်စေ၊ မတွေ့ရလျှင် မိမိတစ်ယောက်တည်းသာ နေရ၏။ လူမိုက်နှင့်ကား ပေါင်းသင်းဆက်ဆံခြင်းကို မပြုအပ်ရာ"

ဟူ၍ ဆုံးမတော်မူခဲ့၏။

မိုက်မဲဆိုးသွမ်းသော ရှင်ဒေဝဒတ်နှင့် ပေါင်းသင်းခြင်းကြောင့် အဇာတသတ်ဘုရင်သည် ဖခင်အရှင်းကို သတ်မိခြင်း ပိတုဃာတကကံကြီးထိုက်ခဲ့ရသည်။ ဤဘဝမှာပင် မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်ရနိုင်ခွင့်ရှိပါလျက် ယင်းအခွင့်အရေး ဆုံးရှုံးရုံမျှမက ငရဲသို့ပင် ကျရောက်ခဲ့ရသည်။ ဤကား လူမိုက်နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ လူမိုက်ကို ဆရာတင်၍ ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ပစ္စုပ္ပန်သံသရာ နှစ်ပါးသော ဘဝတို့၌ ဆင်းရဲဒုက္ခရောက်ခဲ့ရပုံကို အနည်းငယ်မျှ တင်ပြရ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။

ပညာရှိ-သူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံ ဆည်းကပ်ကိုးကွယ်ခွင့် ရရှိခြင်းတို့ကြောင့် ပစ္စုပ္ပန် ဘဝ၌ ဒုက္ခမှ လွတ်မြောက်နိုင်သည့်အပြင် သံသရာဝဋ်ဒုက္ခ မှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ရရှိခြင်း စသည့် အကျိုး များ ရရှိမည်ဖြစ်သည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က လှံပေါင်း ချိ၍ သတ်ဖြတ်ခဲ့သော လူမိုက်ကြီး အင်္ဂုလိမာလ သည် မြတ်စွာဘုရားဟူ၍သော ပညာရှိ သူတော်မြတ် ကို ဆည်းကပ်ခွင့်ရရှိခဲ့သဖြင့် မင်းစိုးမြစ်ဒဏ် ရာဇဝတ် များမှ လွတ်မြောက်ရုံသာမက၊ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သည်အထိ ကောင်းကျိုးရရှိသွားခဲ့လေသည်။

ထို့ကြောင့် ပညာရှိ သူတော်ကောင်းကို ကလျာဏ မိတ်ဆွေကောင်းအဖြစ် သတ်မှတ်၍ ဆက်ဆံပေါင်းသင်း သည်။ အရှင်အာနန္ဒာက, မိတ်ဆွေကောင်းသည် လိုအပ် သည့် အကျိုးတရားကို တစ်ဝက်ပြီးစေနိုင်သည်ဟု ဥဒါန်း စကားကျူးရင့်သည်ကို မြတ်စွာဘုရား ကြားသိတော်မူ၍ မြတ်စွာဘုရားရှင်မှ···

"ချစ်သား အာနန္ဒာ··· ဤသို့ မဆိုလင့်။ မိတ်ဆွေ ကောင်း ကလျာဏမိတ္တသည် လိုအပ်သော အကျိုးတရား အလုံးစုံ အပြည့်အဝပြီးစေနိုင်သည်"

ဟူ၍ မိန့်ကြားတော်မူသည်။ သို့ဆိုပါက လူမိုက်ကို မြင်အောင် ကြည့်၍ ဝေးဝေးမှ ရှောင်ရှားပြီးသကာလ၊ နှလုံး စိတ်ဝမ်းအေးချမ်းမှုကို အစဉ်ဖြည့်ဆည်းပေးနိုင်သည့် ပညာ ရှိကိုသာ အရည်တွဲ၍ မှီဝဲဆည်းကပ်နည်းယူမှသာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ဘဝတို့၌ ကောင်းကျိုးချမ်းသာကို ကေန်ရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြရပါသည် ■

* * *

သူရအောင်(ဥမခ)


" အာစရိယံဂုဏံ အဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

## ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ ဆောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ကျမ်း + သက္ကတ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာ နှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး ဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့ ယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ ဒေါ်အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေစည်ခုံသည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၀ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ငြိမ်းမယ်တစ်ယောက် အရှေ့ဘက်အိမ်မှ ကြေးစည်ထုမည့်အသံကိုသာ ကြောက်နေ၏။

ဒီရုမ်းမ မယ်စောပုတစ်ယောက်ကလည်း နံနက် ၇ နာရီထိုးပြီဆိုလျှင် ကြေးစည်မှန်မှန်ထု၏။

မယ်စောပုသည် နံနက် ၆နာရီထိုးလျှင် အိပ်ရာမှ ထ၍ ဝေယျာဝစ္စပြုလုပ်ပြီး 'ဘုရားဝတ်ပြု၏။ ထို့နောက် ပုဂ္ဂိုလ်အသီးသီးကို အမျှဝေပေး၏။ ထိုသို့ အမျှဝေပြီးသည်နှင့် ၎င်း၏ အိမ်ဝိုင်း၊ စနေထောင့်တွင် ထားသော (ရှမ်းလူမျိုးများနှင့် ထိုင်းလူမျိုးများ ကိုးကွယ်လေ့ရှိသော) မြေစောင့်နတ်ကို ပန်း၊ ရေချမ်းများ လဲလှယ်ပြီး ခုနစ်သံချီဟာစ်ကာ အောက်ပါအတိုင်း ကျိန်စာတိုက်လေတော့၏။

"သူဆင်းရဲတို့ဘက်မှ အမြဲတစ္စေ ကူညီနေသော အရှင်မြေစောင့်နတ်မင်း၊ တောစောင့်နတ်မင်း အရှင်သာငေါ့ရှင့်··· တပည့်တော်မသည် ဆင်းရဲ မွဲတေလှပါသည်ရှင့်။ တပည့်တော် မရှိမဲ့ရှိမဲ့ ငွေကလေးနဲ့ ဒီမြေကို ခြစ်ခြစ်ကုတ်ကုတ်ဝယ်ယူခဲ့ရာမှာ ပေ ၂၀အနက်မှ ပေ ၄ပေးကို ခိုးယူခြင်းခံထားရပါသည်ရှင့်။ ထိုမြေ ၄ပေကို ခိုးယူထားသူအား တပည့်တော် သိပါသော်လည်း၊ ထိုခိုးယူသူသည် စည်ပင်နဲ့သော် လည်းကောင်း၊ ရ·ဝ·တ လူကြီးများနှင့်သော် လည်းကောင်း ပုလဲနံပသင့်သူဖြစ်ပြီး ငွေရေးကြေးရေးမှာလည်း တပည့်တော်မထက် သာလွန်နေသဖြင့် တရားရုံးရောက်သော်လည်း ငွေများ တရားနိုင်ခေတ်ကြီးမှာ တပည့်တော်ပဲ ရှုံးမှာပါ အရှင်မြေစောင့်နတ်မင်းရှင့်။ ဒါကြောင့် တပည့်တော်မရဲ့ မြေကို မတရားခိုးယူထားသော၊ အဒိန္နာဒါနကံကို ကျူးလွန်ထားသော မိန်းမကြီးအား အမြန်သေအောင် လုပ်ပြီး နောက်ဘဝတွင် တပည့်တော်မ၏ထံ၌ မြေဖုတ်ဘီလူးဖြစ်၍ မြေများ ပြန်ပေးဆပ်နေသူဖြစ်အောင် ဆောင်ရွက်ပေးတော်မူပါ အရှင်နတ်မင်း"

ဟူ၍ နေ့တစ်ခုစ နံနက် ၇နာရီရောက်တိုင်း နတ်ရုပ်အား ပန်း၊ ဆီမီးတို့ ကပ်လှူပြီး ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ဆုတောင်းပြီးမှ မိမိလုပ်ကိုင်နေသော ပန်းရံအလုပ်ကို သွားရောက် လုပ်ကိုင်နေလေတော့၏။

ကြာတော့ ဒေါ်ငြိမ်းမယ် နားမချမ်းသာတော့။ ထို့ကြောင့် မယ်စောပု နတ်ရုပ်ကို မတိုင်တည်မီ အိမ်မှ လစ်လေသော့၏။

ဤမြေစောင့်နတ်၏ ရာဇဝင်မှာ မြန်မာပြည်မှ မင်းကုသ၏ ဇာတ်လမ်းနှင့် တူ၏။

မြေစောင့်နတ်ကလေး လူ့ဘဝတုန်းက အလွန်ဆင်းရဲ၏။ သူ့ဌေးတစ်ဦး၏ အိမ်တွင် သူရင်းငှားလုပ်ကိုင်စဉ်က သူဌေးသမီးနှင့် ချစ်ကြိုက်ရာ သူဌေးကြီး သိသွားပြီး အသတ်ခံရ၏။ သေပြီးနောက် ဆင်းရဲသားများဘက်မှ ရပ်တည်ကူညီပေးခဲ့သော မြေစောင့်နတ်ဖြစ်သွားခဲ့သည်ဟု ရှမ်းလူမျိုးများနှင့် ထိုင်းလူမျိုးများတို့က ယုံကြည်ကိုးကွယ်ကြ၏။

ယိုးဒယားနိုင်ငံတွင် နေထိုင်ကြသော မြန်မာလူမျိုးများ၏ အိမ်တိုင်းတွင် ထိုနတ်ရုပ်ကို ပန်းပုထု၍ ကိုးကွယ်သည်ကို တွေ့ရှိရသဖြင့် စာရေးသူ ထိုင်းသို့ စာပေဟောပြောပွဲသွားစဉ်က ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ခဲ့၏။ ထိုင်း-မြန်မာ နယ်စပ်တွင် နေထိုင်ကြကုန်သော ရှမ်းလူမျိုးများ၏ အိမ်တွင် ထိုနတ်ရုပ်ကို ယနေ့တိုင် တွေ့မြင်နိုင်၏။

အမှန်ပြောရလျှင် မယ်စောပုသည် မိမိ၏ မြေများကို လေးပေခန့် ခိုးထားသော ဒေါ်ငြိမ်းမယ်ကို တိုက်ရိုက် လက်ညှိုးထိုးပြီး ရန်တွေ့လိုက်ချင်၏။

သို့သော် လူမှုရေး၊ စီးပွားရေးနှင့် မည်သည့်အရေးမှ ဒေါ်ငြိမ်းမယ်ကို မယှဉ်နိုင်၍ ဤကဲ့သို့သာ ကျိန်စာတိုက်နေရခြင်းဖြစ်၏။

ဒေါ်ငြိမ်းမယ်သည် ဤအရပ်သို့ ရောက်စက မချမ်းသာသေး။ စားနိုင်သောက်နိုင် လူလတ်တန်းစားတစ်ဦးသာ ဖြစ်သော်လည်း ဒဂုံအရှေ့ပိုင်း (၁)ရပ်ကွက်သည် အကွက်ချ၍ အိမ်နေရာများ ချထားစဉ်တွင် ဝေးလံလွန်းသဖြင့် ဝယ်သူမရှိခိုက် ဒေါ်ငြိမ်းမယ် ရောက်ရှိလာပြီး အိမ်ဝိုင်းတစ်ဝိုင်းကို အောက်ဈေးဖြင့် ရယူနေထိုင်ခဲ့ခြင်းဖြစ်၏။

ထို့နောက် စည်ပင်ရုံးမှ ဒဂုံအရှေ့ပိုင်း (၁)ရပ်ကွက်ကြီးအား အကွက်ချထားသော မြေပုံကို မိတ္တူကူးယူပြီး အကွက်နေရာများကို အလွတ်ကျက်ထားလိုက်လေ၏။ ထို့နောက် "အိမ်ပွဲစား၊ မြေပွဲစား"ဟူသော ဆိုင်းဘုတ်ကို အိမ်တွင် ချိတ်ဆွဲထားလိုက်ပြီးနောက် အိမ်ခြံမြေပွဲစားလုပ်ခဲ့ရာမှ ချမ်းသာလာခြင်းဖြစ်သည်။

ဒေါ်ငြိမ်းမယ်သည် ရ·ဝ·တ ရုံးကိုလည်း အကျွမ်းပြု၏။ အိမ်ခြံမြေဝယ်သူများ ကိုယ်ပိုင်အမည်ပေါက် လိုပါက ရ·ဝ·တ၏ ကူညီမှုကို ယူရ၏။ မြို့နယ်တရားရုံး၏ အကူအညီကိုလည်း ယူရ၏။ ကြာတော့ ရ·ဝ·တ ရုံး၊ မြို့နယ်တရားရုံးနှင့် စည်ပင်ရုံးတို့မှာ ဒေါ်ငြိမ်းမယ်နှင့် ပုလင်းတူဖူးစိုများ ဖြစ်သွားလေတော့၏။ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကုန်၏။ ထိုအကြောင်းကို မယ်စောပု သိလေရာ သူ အားသာသော "သာငေါ့"ဟူသည့် ရှမ်းနှင့် ထိုင်းတို့ ကိုးကွယ်သော နတ် ကိုသာ အကူအညီတောင်းနေခြင်းဖြစ်လေ၏။

ဤ "သာငေါ့"ဟု အမည်ရသော နတ်ကလေး၏ ဆောင်ပုဒ်မှာ ထိုင်းစကားနှင့် ဆိုပါက "မန့်မီစလီ...ဘွန်" ဟူ၍ဖြစ်၏။

မြန်မာလိုပြန်ဆိုပါက "အောင်မြင်ပါစေ" "ပျော်ရွှင်ပါစေ"ဟူ၍ အဓိပ္ပာယ်ရ၏။ သူ့ကို ယုံကြည်စွာ ကိုးကွယ်သူ အားလုံး အခက်အခဲ ဘေးဒုက္ခမှ ကာကွယ်ပေးမည်၊ အားလုံး ပျော်ရွှင်၍ စိတ်ချမ်းသာစေရမည်ဟု အဓိပ္ပာယ်ရ၏။

ထိုဆောင်ပုဒ် ကျောက်စာကို နတ်ကလေးက ၎င်း၏ ဘယ်လက်ဖြင့် ကိုင်ထားသည်ကို နတ်ရုပ်တွင် တွေ့နိုင်၏။ ထိုနတ်သည် ရာထူးဂုဏ်ရှိန်မြင့်မားသူ၊ ငွေကြေးဓနကြွယ်ဝသူတို့ကို မုန်း၏။ ဆင်းရဲသူများကိုသာ ကူညီသည်ဟု ယုံကြည်ကြ၏။

သို့သော်လည်း ယခုအခါတွင် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံတို့တွင် ဆင်းရဲသူနှင့် ချမ်းသာသူများ၏ အိမ်မျက်နှာစာ မြေကွက်လပ်တွင် ထားရှိ၍ ပူဇော်နေကြသည်ကို တွေ့မြင်ခဲ့ရ၏။

ဒေါ်ငြိမ်းမယ်သည် မယ်စောပု၏ မြေ ၄ပေကို ယူထားရုံသာမက၊ ထိုရပ်ကွက်ကြီး အိမ်အကွက်မချမီက လယ်ကွင်းကြီးဖြစ်လေရာ မိုးရွာလျှင် ထိုမြေကွက်များသည် မိုးရေများဖြင့် ဧရာဝတီမြစ်ရေပြင်ကြီးကဲ့သို့ ဖြစ်နေ၏။ ဒေါ်ငြိမ်းမယ်သည် ထိုရေပြင်ဘေးမှ ကင်းလွတ်ရန် မယ်စောပု၏ အိမ်ဝိုင်းထဲမှ မြေများကို တူးယူပြီး ဖို့ခဲ့ရာ၊ ထိုနေရာတွင် မယ်စောပု၏ အိမ်ဝိုင်းက ကန်ကွက်နှင့် တူပြီး ဒေါ်ငြိမ်းမယ်၏ အိမ်အကွက်က ကုန်းမြေဖြစ်နေလေ၏။

မိုးသဲသဲမဲမဲရွာလျှင် မယ်စောပုတို့အိမ် ရေမြုပ်တော့သည်။ ဒါတွေကို မယ်စောပု မကျေနပ်။ မယ်စောပုတို့ ဒီနေရာမရောက်မီက လုပ်ထားသည့်ကိစ္စဖြစ်၍၊ မျက်မြင်သက်သေကလည်း မရှိ၊ တစ်ယောက်တလေ ရှိပါသော်လည်း ဒေါ်ငြိမ်းမယ်၏ ကျေးဇူးတရားနှင့် မကင်းကြ၍ မယ်စောပုဘက်မှ ကူညီလိုက်ပါ ထွက်ဆိုမည့်သူ မရှိ။

ထို့ကြောင့် မယ်စောပု နေ့စဉ်နေ့တိုင်း ကျိန်စာတိုက်နေရာ၊ နောက်ဆုံး နားမခံနိုင်၍ ဒေါ်ငြိမ်းမယ် အိမ်မှ စောစော ထွက်နေရခြင်းဖြစ်၏။

◈◈◈

အမှန်တော့ ငွေမြက်မြက်ကလေး ရသော်လည်း ဒေါ်ငြိမ်းမယ်၏ အလုပ်က အရချောင်သည်ဟုတော့ မဆိုသာ။

ရောင်းလိုသူကို လည်းကောင်း၊ ဝယ်လိုသူကို လည်းကောင်း နံနက်မှ မိုးချုပ် မော်တော်ဆိုင်ကယ်တစ်စီးဖြင့် အိမ်လိုက်ပြရ၏။ မိုးရွာရွာ နေပူပူ အလုပ်ဖြစ်ရန် ဆိုင်ကယ်ဖြင့် လိုက်ပို့ရလေရာ အရောင်းအဝယ်ဖြစ်သည့်နေ့တွင် ကိုယ့်အတွက် ကောင်းကောင်းရလိုက်၏။

ရန်ကုန်နေမှာ ပူပြင်းလှသော်လည်း ငွေလောဘကြောင့် ဒေါ်ငြိမ်းမယ်က ပူသည်ဟု မထင်။ ပင်ပန်းသည်ဟု မထင်၊ အလုပ်ဖြစ်ဖို့သာ အဓိကထားနေလေရာ အစားမမှန်၊ အအိပ်မမှန်ဖြစ်ရလေ၏။ အမှန်တော့ ဒေါ်ငြိမ်းမယ်သည် နွေ၊ မိုး ဆောင်းဟူပင် ခွဲ၍မသိတော့၊ နေ့စဉ်နှင့်အမျှ အရောင်းအဝယ် ဖြစ်နေ၏။

မယ်စောပု၏ သာငေါ့ ခေါ် ကျောက်ချိုင် ဟူသည့် နတ်ကပင် စွမ်းသလား မသိ။ တစ်ခုသော မိုးတွင်းတွင် နေပူပူကျဲကျဲထဲ၌ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် အလု ရှုပ်နေသော ဒေါ်ငြိမ်းမယ်တစ်ယောက် မထင်မှတ်ဘဲ မိုးရွ ချလိုက်ရာ ခေါင်းမှ ခြေဖျားအထိ မိုးရေများ ရွှဲရွှဲစိုသွားတော ၏။ ပူရာမှ အေးရာသို့ ပြောင်းသွားခဲ့သော ဒေါ်ငြိမ်းမယ်မှ အပူရုပ်ပြီး ဖျားလေတော့၏။

အသက် ၄၀ ကျော်သွားပြီဖြစ်သော ဒေါ်ငြိမ်းမယ်မှ ထိုအဖျားဒဏ်ဖြင့်ပင် သေဆုံးသွားခဲ့လေတော့၏။

တိုက်တိုက်ဆိုင်ဆိုင်ပင်၊ မယ်စောပု ကျိန်စာတိုက်နေ ချိန်တွင် သေလုဆဲ အသက်ငင်နေသော ဒေါ်ငြိမ်းမယ်၏ နားထဲတွင်...

"ကျွန်မထံမှ မြေ ၄ပေကို ခိုးယူထားသူအား တပည် တော်မ သိပါသော်လည်း၊ ထိုခိုးသူသည် စည်ပင်နဲ့သော် လည်းကောင်း၊ ရ၊ ဝ၊ တ လူကြီးများနှင့်သော် လည်းကောင် ပလဲနံပသင့်သူဖြစ်ပြီး ငွေရေးကြေးရေးမှာလည်း တပည့်တော် ထက် သာလွန်နေသဖြင့် တရားရုံးရောက်တော့လည်း ငွ များ တရားနိုင်ခေတ်ကြီးမှာ တပည့်တော်မပဲ ရှုံးမှာပါ အရှ နတ်မင်း။ ဒါကြောင့် တပည့်တော်မရဲ့ မြေကို မတရာ ခိုးယူထားသော၊ အာဏာဒါနကံကို ကျူးလွန်ထားသော မိန် ကြီးအား အမြန်သေအောင်လုပ်ပြီး နောက်ဘဝတွင် တပည် တော်မ၏ထံ၌ မြေဖုတ်ဘီလူးဖြစ်၍ မြေများ ပြန်လည်စေ ဆပ်နေသူဖြစ်အောင် ဆောင်ရွက်ပေးတော်မူပါ အရှင်နတ် မင်း"

ဟု မိမိအား စောင်းမြောင်းပြောဆိုနေသော အသံမှ



www.burmeseclassic.com

www.burmeseclassic.com

ကို ကြားရပြီး အသက်ထွက်သွားရလေရာ မိမိ မတရားလုပ်ထားသည့် အာဒိန္နာဒါနကံကြီးကို စွဲလမ်းသွားတော့၏။

ဒေါ်ငြိမ်းမယ် သေဆုံးပြီး ခုနစ်ရက်ပြည့်သောနေ့တွင် ရက်လည်ဆွမ်းကျွေး၏။ ထိုနေ့တွင် ဒေါ်ငြိမ်းမယ်၏ အိမ်၌ ရ-ဝ-တ လူကြီးများနှင့် ရပ်မိရပ်ဖများ ရောက်လာချိန်တွင်လည်း မယ်စောပုသည် ကျိန်စာတိုက်လျက် ရှိနေ၏။

"အရှင်နတ်မင်း . . . ဒီမိန်းမကြီး ဘယ်လောက်အကျင့်ပုပ်တယ်ဆိုတာ အရှင်နတ်မင်းအသိပါ။ အရှင်နတ်မင်းကိုတောင်မှ သေခါနီးမှာ အက်ဆစ်နဲ့ ပက်သွားတယ် မဟုတ်လား။ ဒီမိန်းမကြီးကို ကောင်းကောင်းမှတ်လောက်အောင် ဆုံးမပေးတော်မူပါ"

ဟု ပြောဆို၍ ကျိန်စာတိုက်နေလေ၏။

ဒေါ်ငြိမ်းမယ်ကလည်း ဒေါ်ငြိမ်းမယ်ပင်။ မည်မျှဆိုးသနည်းဟူမူ၊ မသေခင် တစ်ရက်က "ဒီနတ်က ဘယ်လောက်များ အစွမ်းအစရှိလို့လဲ"ဟု ပြောဆိုကာ အက်ဆစ်ဖြင့် ပက်ခဲ့ရာ နတ်ရုပ်၏ သဘော်ဆေးများ အဖတ်လိုက်ကွာကျခဲ့၏။ နတ်ရုပ်ပုံပျက်သွား၍ မယ်စောပုတစ်ယောက် နံ့ချီရခေါ်ပြီး ဆေးအသစ်ပြန်သုတ်ခဲ့ရ၏။ ဤမျှ ဆိုးသွမ်းသော ဒေါ်ငြိမ်းမယ်ဖြစ်၏။

◈◈◈

ဒေါ်ငြိမ်းမယ်ဆုံးပြီး ရှစ်ရက်မြောက်ညတွင် ဆင်းရဲသားအလုပ်သမားများ ည ၁၂နာရီကျော်တွင် အလုပ်မှ ပြန်လာကြရာ ဒေါ်ငြိမ်းမယ်၏ အိမ်ဘက်သို့ အမှတ်မထင် ကြည့်လိုက်မိသောအခါတွင် လရောင် မလင်းတလင်းအောက်၌ ဒေါ်ငြိမ်းမယ်သည် ခံတောင်းကြီးကို ရွက်လျက် မယ်စောပု၏ဘက်သို့ လည်းကောင်း၊ သူ၏ အိမ်ဘက်သို့ လည်းကောင်း သွားကာသန်းကာ လုပ်နေသည်ကို တွေ့မြင်ကြရလေ၏။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဒေါ်ငြိမ်းမယ်၏ သားသမီးများအား ပြောပြရာတွင် မိမိ၏ မိခင်ကြီးအား သရဲဖြစ်နေပြီ ပြောရပါမည်လားဟု စိတ်ဆိုးကြသဖြင့် မည်သူကမှ ပြန်ပြောမပြကြတော့ပေ။

တစ်နေ့သောညတွင် ဒေါ်ငြိမ်းမယ်၏ မိသားစုများအားလုံး တူညီသော အိပ်မက်တစ်ခုကို မက်ကြလေ၏။ အိပ်မက်ထဲ၌ ဒေါ်ငြိမ်းမယ်က သားသမီးများအား ငိုယိုပြီး အိပ်မက်ထဲတွင် ဤသို့ ပြောပြသည်ဟု ဆို၏။

"ဟဲ့ . . . ကောင်မတွေ၊ အကောင်တွေ . . . ငါ့အတွက် ကောင်းမှုတစ်ခုခုလုပ်ပြီး အမျှပေးဝေပေးကြဦး။ ငါ မသေမီက အာဒိန္နာဒါနကံကြီးတစ်ခုဖြစ်တဲ့ မယ်စောပုဆီက မြေ ၄ပေ

ကို ခိုးယူခဲ့မိလို့ ညညရောက်တိုင်း ငါ့ဘက်က မြေတွေကို ယူ့ယူပြီး ဟိုကောင်မအိမ်ကို ပို့ပေးနေရတော့ ပင်ပန်းလွန်းလို့ ငါသေတော့မယ်။ ပင်ပန်းလှပြီ။ မိုးမလင်းမချင်း မြေတွေ သယ်ပို့နေရတာ ပင်ပန်းတဲ့ကြားထဲက ဟိုနတ်ရုပ်ကို ငါ အက်ဆစ်နဲ့ ပက်ခဲ့လို့ ငါ့မှာ ယားနာတွေလည်း ပေါက်နေတော့ ခွေးထွက်တိုင်း ငါ့မှာ ယားလို့ မနေနိုင်တော့ဘူး။

အဲဒီမြေ ၄ပေနဲ့ ပတ်သက်ပြီး ဒီနေ့ရဲ့ မြေတန်ဖိုးနဲ့ တွက်ကြစမ်း။ အဲသလိုတွက်ပြီး ငါယူထားတဲ့ နှစ်နဲ့ တွက်ပြီး အဲဒီငွေပေါ်ကို အတိုးနဲ့ ပေါင်းပြီး အတိုးရော အရင်းပါ မယ်စောပု ကျေနပ်အောင် တောင်းပန်ပြီး ပေးလိုက်ကြ။ သူ့ခြံထဲက နတ်ရုပ်ကိုလည်း ငါ့ကိုယ်စား ဆေးအသစ်သုတ်ပြီး သစ်သီးဆွမ်း၊ အမွှေးတိုင်တွေနဲ့ နတ်ကျေနပ်တဲ့အထိ ငါ့ကိုယ်စား မြန်မြန်ကလေး တောင်းပန်ပေးကြစမ်း"

ဟု အိပ်မက်ပေးလေရာ ဒေါ်ငြိမ်းမယ်၏ မိသားစုမှ အိပ်မက်ပေးသည့်အတိုင်း ဆောင်ရွက်ပေးပြီးသည့်နောက်နေ့တွင် ဒေါ်ငြိမ်းမယ်တစ်ယောက် ခံတောင်းကြီးထဲ၌ မိမိ၏ အိမ်ဝိုင်းထဲမှ မြေများအား သယ်ပိုးကာ မယ်စောပု၏အိမ်သို့ ပို့ပေးနေသည်ကို မမြင်ရ၊ မတွေ့ရတော့ကြောင်း သိရှိရပါလေတော့သတည်း။

(အဖြစ်မှန်ဖြစ်ပါသည်။ အမည်များ လွှဲပြောင်းထားပါသည်။) ■

သဇ္ဈေ အနိစ္စ သင်္ခါရ

* * *

မကျွေးညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com

# အကျိတ်အဖုပျောက်စေသော ပါဠိ

**အရှင်ဝိမလ (အညတြစာဆို)**

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၊ မဟာမြိုင်ရပ်က ဒကာမကြီး ဒေါ်နုယဉ်၏ နေအိမ်သို့ စာရေးသူ ဆွမ်းခံကြွလေ့ ရှိပါတယ်။ တစ်နေ့မှာ စာရေးသူတစ်ပါးတည်းအား ဆွမ်းကပ်ပါတယ်။ ဒကာမကြီး ဒေါ်နုယဉ်က သမီးများဖြစ်သော မဇာဖြူပွင့်၊ ငွေအေးအေးပွင့်၊ စုမြတ်မွန်၊ ခိုင်ရည်မွန်၊ အိသူငြိမ်းတို့ရဲ့ ကွယ်လွန်သူ ဖခင်ကြီးအား ရည်စူးပြီး စာရေးသူကို ပင့်ဖိတ်၍ ဆွမ်းကပ်ခြင်းဖြစ်ပါတယ်။ ဆွမ်းပွဲမှာ တို့စရာ ငရုတ်သီးတောင့်က ပါနေတော့ စာရေးသူက အနားမှာ ရှိတဲ့ စုမြတ်မွန်ကို "ကပ္ပိယံ ကရောဟိ"လို့ ငရုတ်သီးတောင့်တွေကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်။ စုမြတ်မွန်က ကပ္ပိယံဘန္တေ-အပ်စပ်အောင် ပြုပါပြီ ဘုရားဆိုပြီး ငရုတ်သီး တစ်တောင့်ကို လက်သည်းနဲ့ ဆိတ်လိုက်ပါတယ်။ ဒီလိုလုပ်ရင် အပင်ပေါက်နိုင်တဲ့ ဗီဇဓာတ်တွေအားလုံး ပျက်သွားတဲ့အတွက် သုံးဆောင်ကောင်းတယ်လေ။ ရဟန်းဆိုတာ သစ်ပင်ကို ဖျက်ဆီးခြင်း မပြုရသလို၊ အပင်ပေါက်နိုင်တဲ့ မျိုးစေ့ကိုလည်း ဖျက်ဆီးခြင်း မပြုရဘူး။

ကိုယ်ဝန်ဆောင်ကို ကိုယ်ဝန်ကျဆေး မပေးရဘူး။ ပေးမိလို့ ကိုယ်ဝန်ကျရင် လူသတ်တာပဲ။ အဲဒီအခါ ကမ္မဝါအကြိမ် ကြိမ်ညှပ်လည်း ဘုရားသားတော် ရဟန်း မဖြစ်တော့ဘူး။

ဒကာမ ဒေါ်နုယဉ်တို့အိမ်သို့ ဆွမ်းခံကြွရင် သမီးတွေက ဆွမ်းလောင်းလှူကြပါတယ်။ စာရေးသူက အချိန်ရရင် ၁၀မိနစ်လောက် ဗဟုသုတဖြစ်ဖွယ် တရားလေးတွေ ဟောပြောပါတယ်။ အဲဒါကြောင့် စုမြတ်မွန်ဆိုတဲ့ ကလေးမက သိရှိပြီးလည်း ဖြစ်တယ်။ အချို့ပွဲတွေမှာ လိမ္မော်သီး၊ သပျစ်သီးတွေလည်း ဒီလိုပဲ။ ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံဘန္တေ ပြုရပါတယ်။ ရဟန်း သံဃာတွေနဲ့ အကျွမ်းမဝင်တဲ့ ဒကာ၊ ဒကာမတွေက မသိကြပါဘူး။ မြတ်စွာဘုရားရဲ့ ဝိနည်းအာဏာစက် စူးရှထက်မြက်ပုံက သိပ်အံ့ဩစရာကောင်းတယ်။ ဓမ္မဒူတ အရှင်ပညာကေတ ဆရာတော်ကြီးက လက်တွေ့စမ်းသပ်ကြည့်ဖူးတာ ရှိတယ်။

တစ်နေ့မှာ စာသင်သား သံဃာတွေအတွက် ကြံခင်းပိုင်ရှင်တစ်ဦးက ကြံချောင်းတွေ အများကြီး လာလှူသွားတယ်။ ကြံအပုံကြီးရှေ့မှာ ဆရာတော်ကြီးက ကိုရင်တစ်ပါးကို ကပ္ပိယံကရောဟိလို့ ပြောလိုက်တယ်။ ကိုရင်က ကပ္ပိယံဘန္တေလို့ ပြောလိုက်ပြီး ကြံအပုံကြီးထဲက ကြံတစ်ချောင်းကို ဓားနဲ့ တစ်ချက်ခုတ်လိုက်တယ်။ တစ်ချောင်းကို ခုတ်လိုက်တာနဲ့ ကျန်တဲ့ ကြံချောင်းတွေအားလုံးကို ကပ္ပိပြီးသား ဖြစ်သွားတယ်။ သံဃာတော်တွေကို ကပ်ပြီး ပိုနေတဲ့ ကြံချောင်းတွေကို အတိုလေးတွေ ဖြတ်ပြီး ကြံတောင်သူတစ်ယောက်ကို ကျောင်းဝိုင်းထဲက မြေကွက်မှာ စိုက်ခိုင်းလိုက်တာ မြတ်စွာဘုရားရဲ့ အာဏာစက်ကြောင့် တစ်ဆ[...]မှ အပင်ပေါက်မလာတော့ဘူး။ ကပ္ပိယံ ကရောဟိ၊ ကပ္ပိ[...] ဘန္တေဆိုတဲ့ ပါဠိဟာ မျိုးစေ့ကို ချေဖျက်နိုင်တဲ့ အစွမ်းသ[...] ရှိတာ လက်တွေ့ပဲလေ။

စာရေးသူတို့ ငယ်ငယ်ကဆိုရင် ညပိုင်း အိမ်ရှေ့[...] ဆော့ကစားပြီးတဲ့အခါ မကောင်းဆိုးဝါးတွေ စာရေးသူတို့[...]မှာ ကပ်ပါမလာအောင် ရေမန်းတိုက်ပါတယ်။ စာရေး[...] မိခင်ကြီးမန်းတာက "ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ[...] နကမ္ပတိ၊ အသောကံ ဝိရဇံ ခေမံ"ဆိုတဲ့ ပါဠိသုံးပုဒ် ဖြစ်[...]တယ်။ မကောင်းဆိုးဝါးတွေ ကပ်ပါလာရင် ရေမန်းနဲ့ မျက်[...]ကို တစ်ချက်သာ တောက်လိုက်၊ ကောင်းသွားတယ်တဲ့[...]

စာရေးသူ သိတတ်စ အရွယ်ရောက်တော့ ဒီ ပါဠိဟာ မင်္ဂလသုတ်ထဲက ဖြစ်ပါတယ်။ စာရေးသူကတော့ [...]သောက်တဲ့အခါ၊ ဆွမ်းစားတဲ့အခါ၊ ဆေးသောက်တဲ့အခါ ဒီဂါထာကို သုံးခေါက်ရွတ်ပါတယ်။ နောက်ပြီး အဖုအကျိတ် မှန်သမျှ ပျောက်တယ်လို့ သိရတယ်။

နောက်ပြီး အဖုအကျိတ်ပျောက်တဲ့ နည်းတစ်ခု[...] ဘုရားဂုဏ်တော်ကိုးပါးကို မန်းရင်လည်း ပျောက်ပါတယ်[...] လွန်ခဲ့တဲ့ ၁၅နှစ်ကျော်က မင်္ဂလာဗျူဟာအသင်းချုပ်[...] ဝေယျာဝစ္စအဖွဲ့ဝင်ဖြစ်တဲ့ ကောင်မလေးတစ်ယောက်[...] လည်ပင်းမှာ အကျိတ်တစ်ခုပေါ်လာပါတယ်။ တဖြည်းဖြည်း ကြီးထွားလာတဲ့အခါ အကျိတ်အဖုဟာ ဖန်ဂေါ်လီအသေး[...] ဖြစ်လာပါတယ်။ အဲဒီမှာ ဝေယျာဝစ္စအဖွဲ့ဝင် ဒေါ်မိမိချို[...] ဘယ်ဘက် လက်ဝါးပေါ်မှာ နနွင်းမှုန့်အနည်းငယ်၊ ကွမ်း[...] ထုံးအနည်းငယ်၊ အုန်းဆီအနည်းငယ်ကို ထည့်ပြီး ညာဘက် လက်ခလယ်နဲ့ ဘုရားဂုဏ်တော်ကိုးပါးကို ကိုးခေါက်ရွတ်[...]ပြီး ရောမွှေပေးပါတယ်။ နောက်တော့ လည်ပင်းက အကျိတ် အဖုပေါ် လိမ်းပေးပါတယ်။

နောက်တစ်နေ့ညမှာ အကျိတ်အဖုဟာ ဆက်လက် ကြီးထွားမလာဘဲ သေးသေးလေးဖြစ်သွားတယ်။ ဒီလိုနဲ့ သုံး[...] ရက်ဆက်တိုက် ပြုလုပ်ပေးလိုက်တာ အကျိတ်အဖုမရှိတော့[...]ဘဲ ပျောက်သွားပါတယ်။ အဲဒါ စာရေးသူမျက်မြင်ပါ။ (ယ[...] ဒေါ်မိမိချိုက သန်လျင်မြို့နယ်မှာ ဆရာလေး သီလရှင် "ဒေါ်ကုသလဝတီ"ဘဝနဲ့ "ကုသလဝတီ သီလရှင်ကျောင်း တိုက်"မှာ သီတင်းသုံးပြီး လယ်တီမူ အနာဂါမ်ဆရာ[...] သက်ကြီး နည်းဝိပဿနာအဖွဲ့ချုပ်မှာ ကမ္မဋ္ဌာနာစရိယအဖြ[...] သာသနာပြုလျက်ရှိနေပါတယ်။)

စာဖတ်သူများ လေ့လာဆောင်ရွက်နိုင်စေရန် တင်[...] အပ်ပါတယ် ■

* * *

အရှင်ဝိမလ(အညတြစာဆို)



www.burmeseclassic.com


www.burmeseclassic.com



ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## ယတြာမချေတဲ့ဆရာ

လွတ်လပ်ရေးမရမီကပင် ဆရာစန္ဒြသည် လက္ခဏာ၊ ဗေဒင်ဟောပြောခဲ့ပြီး (၁၉၈၁) ခုနှစ်မှစ၍ ဘုန်းကြီးဝတ်ခဲ့ရာ (၁၉၉၂) ခုနှစ်တွင် (၁၁) ဝါရသောအခါ ပျံလွန်တော်မူခဲ့သည်။

ဆရာစန္ဒြ၏သား ဆရာဒေဝသည် (၁၉၇၇) ခုနှစ်မှစ၍ ဖခင်နှင့်အတူ လက္ခဏာဟောပြောခဲ့ပြီး၊ (၁၉၈၁)ခုနှစ်မှစ၍ ယခုလိပ်စာတွင် ဟောပြောနေခဲ့ပါသည်။

ဆရာစန္ဒြ၏မြေး၊ ဆရာဒေဝ၏သား၊ ဆရာဖြုဟ္မာသည် (၁၉၉၇) ခုနှစ်မှစတင်၍ (၁၄-၁၀-၂၀၀၃) နေ့အထိ လက္ခဏာဗေဒင်ဟောပြောခဲ့သည်။ (၁၅-၁၀-၂၀၀၃)တွင် ကွယ်လွန်ခဲ့သည်။

ဆရာစန္ဒြ၊ ဆရာဒေဝ၊ ဆရာဖြုဟ္မာတို့သည် လက္ခဏာဗေဒင်ဟောပြောရာတွင် ယတြာလုံးဝ မချေပေးပါ။ ဓာတ်ဆင်၊ ဓာတ်ရိုက် လုံးဝလုပ်မပေးပါ။ အဆောင် နတ်ပွဲ၊ ဂါထာများကို မရောင်းပါ။ ထီပေါက်ကိန်းရှိလျှင်လည်း ထီပေါက်မည့် အချိန်အခါအသက်ပိုင်း၊ လပိုင်းကိုသာ ဟောကြားပေးပါသည်။ ထီနံပါတ်တွက်မပေးပါ။ ထီမရောင်းပါ။ မေးသူ၏ဖြစ်လိုသော ဆန္ဒကိုဖြစ်အောင် ဘာကိုမျှလုပ်မပေးပါ။ ဘယ်အသက်ပိုင်းမှာ ဘာဖြစ်နိုင်သည်ဟု လက္ခဏာဗေဒင်ဟောပြောခြင်း သန့်သန့်ဖြင့်သာ ရပ်တည်ဟောပြောသော ဆရာများဖြစ်ကြောင်း ကြေညာအပ်ပါသည် ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com

"မင်းလေ့မျော့လည်း မဆယ်နဲ့"

"ခြေနှစ်ချောင်းလည်း မကယ်နဲ့"

ရှေးခေတ် ဘိုးဘွားများက မှန်ကန်ပြီး မှတ်သားစရာကောင်းလှသော စကားပုံများကို ထားခဲ့သည်။

ဤစကားပုံများကို မှတ်သားလိုက်နာသူများ ဘေးရန်ကင်းကြပြီး မလိုက်နာသူများ ဒုက္ခလှလှတွေ့တတ်ကြသည်ကို ဤဖြစ်ရပ်မှန် ဇာတ်လမ်းကလေးဖြင့် သတိပေးပါရစေ။

◈◈◈

# မကျွေးသိုဖ့်

## မာယာတစ်သိန်း

၈၈ အရေးအခင်းဖြစ်ပြီး နောက်လတွင် ဖြစ်၏။

မောင်ရေချမ်းနှင့် မနင်းဖွေးတို့ နှစ်ယောက်သည် ချစ်တာ ပဓာနဟု စွဲယူမှတ်လျက် နှစ်ဖက်မိဘများ၏ ကန့်ကွက်နေသည့်ကြားမှ ခိုးယူထွက်ပြေး ပေါင်းသင်းနေထိုင်ကြ၏။

မနင်းဖွေးက လည်၏။ မောင်ရေချမ်းတို့ ယိုးဒယား-မြန်မာနယ်စပ်ဖြစ်သော မဲဆောက်မြို့နယ်၊ ဘန့်ဆောင်ခွဲ ရွာသို့ [illegible]ပြေးခဲ့ကြသည်။ [illegible] ဆောင်ခွဲ[illegible]တွင် ၈၈ အ[illegible] ကြောင့် [illegible]ပြေးလာကြသေ[illegible] များကို [illegible]ခိုလှုံခွင့်ပေးပြီး [illegible] နေရေးအ[illegible] အဖွဲ့ အစည်[illegible] တာဝန်ယ[illegible]ချိန်ဖြစ်ရာ မော[illegible] နှင့် မန[illegible]ဖွေးတို့ စားဝ[illegible] အတွက် [illegible]ရဘဲ အချစ်တ[illegible] ကိုသာ [illegible]စားပေးနေထိုင်ရ[illegible]

ဘ[illegible]ဆောင်ခွဲရွာသို့ [illegible] တစ်လ[illegible]ာက်မှာပင် လ[illegible] ပညာတ[illegible]သော မောင်ရေ[illegible] မြန်မာနိုင်[illegible] လှိုဏ့်ကစွာ ရေ[illegible]





www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်းသစ်[illegible]ကို အိမ်သုံးပစ္စည်း အဖြစ် စားပွဲ ကု[illegible]ထိုင်များ စသည် ဖြင့် ပရိဘောဂပစ္စ[illegible]များလုပ်၍ ရောင်းချရာ အလွန်ပင်[illegible]ောင်မြောက်ရှိ၏ မြန်မာပြည်သို့ ပြ[illegible] လုံးဝ စိတ်ကူ မရှိတော့။

နေရထိုင်ရ[illegible]၍အဆင်ပြေေ သည်မှာ ရှမ်းစကာ[illegible]တ်သောကြောင့် ဖြစ်၏။ နယ်ဘက်[illegible] ရှမ်းစကားကို

www.burmeseclassic.com

www.burmeseclassic.com

သာ အပြောများကြ၏။ ယိုးဒယားများကို ရှမ်းလေး၊ မြန်မာရှမ်းများကို ရှမ်းကြီးဟူ၍ သတ်မှတ်ကြသည့်အပြင်၊ ထိုဒေသမှာ ရှမ်းလူမျိုးများ နေထိုင်မှုများသဖြင့် ရှမ်းလူမျိုးဖြစ်သော မောင်ရေချမ်းနှင့် မနှင်းဖွေးတို့နှစ်ယောက်အဖို့ အလွန်မှပင် အဆင်ပြေ ချောမောလှပေ၏။

မောင်ရေချမ်းတို့ လင်မယားဘဝ အမောတွေ ပြေပျောက်စရာဖြစ်လာသည်က ထိုင်းနိုင်ငံရှိ ပရိဘောဂ ဆောက်လုပ်ရေးစက်ရုံမှ လခစားအဖြစ် ခေါ်ယူခြင်း ခံရလေ၏။

မောင်ရေချမ်းသည် မြန်မာဘုန်းကြီးဖြစ်သော မျိုးချစ်မြန်မာ ဆရာတော် သီဟဉာဏနှင့် ဆက်မိလေ၏။

ဆရာတော် သီဟဉာဏသည် ထိုင်းနိုင်ငံ၊ ထိုင်ပကာန် (၁/၂)တွင် သီတင်းသုံးနေထိုင်ပြီး "ရွှေပါရမီ ပညာဒါန"ဟု အသင်းဖွဲ့ကာ၊ ထိုင်းနိုင်ငံရောက် မြန်မာအမျိုးသမီး၊ အမျိုးသားများအား ထိုင်းစာ၊ ထိုင်းစကား၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ အခမဲ့ သင်ပေးနေသည့်အပြင် ကျောင်းတွင် ထမင်းအခမဲ့ ကျွေး၏။

မောင်ရေချမ်းတို့ လင်မယားသည် ထိုကျောင်းတွင် နေထိုင်ကြ၏။ မနှင်းဖွေးသည် ဆရာတော်အတွက် ဆွမ်း၊ ကွမ်းတို့ကို ချက်ပြုတ်ပေးသည့်အပြင် စာသင်လာကြသော ကျောင်းသူကျောင်းသားများအတွက်ပါ တာဝန်ယူဆောင်ရွက်ပေးရလေရာ လင်မယားနှစ်ယောက် နေစရိတ် စားစရိတ်မကုန်သဖြင့် ငွေစုမိလေ၏။

ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားအိမ်ပိုင်ဝယ်ယူခွင့် မပေးသဖြင့် ငွေစုမိသောအခါ သီးသန့်တိုက်ခန်းငှား၍ ကျောင်းမှ ထွက်ခွာခဲ့ကြလေ၏။

ဆရာတော် သီဟဉာဏထံတွင် တစ်နှစ်နေလိုက်သည်နှင့် လုပ်ငန်းအားလုံး လူရည်လည်သွားကြ၏။ မြန်မာပြည်မှာ အလုပ်အကိုင်မရှိ၊ ပညာကလည်း ဆယ်တန်းမအောင်သော မြန်မာယောကျ်ားလေး၊ မိန်းကလေးများ (အောက်လမ်းမှ ယိုးဒယားသို့ ခိုးထွက်လာသူများ) အား မောင်ရေချမ်းက အလုပ်ရှာပေး၏။

ထိုသို့ အလုပ်ရှာပေးသည်မှာ အလကားမဟုတ်။ အလုပ်ရှင်ထံမှ ငွေရ၏။ အလုပ်လုပ်လိုသူထံမှ တစ်လစာရ၏။ ထိုငွေကပင် မောင်ရေချမ်းတို့ လင်မယားကို လူတစ်လုံး သူတစ်လုံး ဖြစ်စေ၏။

◈◈◈

တစ်နေ့တွင် "လူခွေး"ဟု အမည်ရသော ကျောက်ပန်းတောင်းနယ်မှ လူငယ်တစ်ယောက် ပညာဒါနကျောင်းသို့ ရောက်လာ၏။ ကောင်ကလေးက အသက် ၁၇နှစ်သာရှိသေး၏။ ကျောင်းစာ လုံးဝမတတ်။ ရေးတတ် ဖတ်တတ်ရုံသာရှိ၏။ အရပ်က ထောင်ထောင်မောင်းမောင်း။ လူက တောသားပီပီ ကြံ့ခိုင်မှုအပြည့်ရှိ၏။ ရွာမှာ နေစဉ်က လယ်ထွန်၊ ဝါးခုတ်၊ သစ်ခုတ်အလုပ်များကို လုပ်ကိုင်ခဲ့ရာ အကြမ်းပတမ်းဒဏ် ခံနိုင်ရည်ရှိ၏။

မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ အသားက ဖြူဖြူနှင့် ရုပ်ကို မြင်တွေ့လိုက်ရသည်နှင့် ချစ်ခင်လိုစိတ်ပေါ်၏။ ကောင်လေးက ရည်မွန်သည်။ ဆင်းရဲသားပီပီ ကျိုးနွံသည်။ ယဉ်ကျေးသည်။ ကြီးသူကို ရိုသေတတ်ပြီး ရွယ်တူကို လေးစားစွာ ဆက်ဆံတတ်သဖြင့် ကျောင်းကို ရောက်သည်နှင့် အပေါင်းအသင်းများတော့သည်။

ဆရာတော်က လူခွေးအား မောင်ရေချမ်း၏လက်သို့ အပ်လိုက်ရာ မောင်ရေချမ်းသည် အလုပ်ကြမ်း ကောင်းစွာလုပ်နိုင်သော မောင်လူခွေးအား အုန်းသီးစက်ရုံသို့ ပို့ပေးခဲ့၏။

မောင်လူခွေးအား မြင်မြင်ချင်း ချစ်ခင်သဖြင့် အိမ်မှာ ထား၏။ မနှင်းဖွေးကလည်း လက်ခံသဖြင့် ပြဿနာ မရှိ။

မောင်လူခွေးကလည်း ချစ်ဖို့ ကောင်း၏။ အလုပ်သွားတိုင်း မောင်ရေ ချမ်းတို့လင်မယားကို ရှိခိုးပြီးမှ သွား အလုပ်က နံနက် ၆နာရီသွားရပြီး ည ၇နာရီမှ အိမ်ပြန်ရ၏။

ယိုးဒယားပိုက်ဆံ တစ်ရာကျ သည် မြန်မာငွေ သုံးထောင်ကျပ်ရှိ မောင်လူခွေး၏ လစာမှာ မောင်လူခွေ လုပ်အားကို ကြည့်၍ တစ်ရက်လျှ သုံးရာမှ လေးရာထိ ရ၏။ ထိုငွေ မောင်ရေချမ်းတို့လင်မယားထံ အပ် ၏။ အလုပ်မသွားမီ ထမင်းချက်ခဲ့သေ ၏။ ညအခါတွင် မောင်ရေချမ်း မနှင်းဖွေးတို့အား နှင်းနိုပ်ပြီးမှ အိပ်

မောင်ရေချမ်းတို့မှာ ဝမ်းမ သားတစ်ယောက် ကောက်ရ၍ မျာ ဝမ်းသာလျက်ရှိ၏။

မောင်လူခွေး၏ အလုပ် အလုပ်မဆင်းသည့်နေ့တွင် လစာ ကို တစ်ရက်စာတွက်၍ ဖြတ်၏။ ရက်မရှိ။ ပိတ်ရက်မရှိ။ ဖျားလျှင် လျှင် ခွင့်သုံးရက်ပေး၏။ သုံးရက်ထ ကျော်သွားပါက အလုပ်ဖြုတ်လေ ဤကိစ္စမှာ ထိုင်းရောက် မြန်မာအ သမားများအားလုံး လိုက်နာရ စည်းကမ်းသတ်မှတ်ချက်ဖြစ်၏။ ရက်တွင် လစာမပေးပေ။

ရက်မှ လ၊ လမှ နှစ်သို့ မောင်လူခွေးတစ်ယောက် တို့အိမ် ရောက်လာသည်မှာ တ

www.burmeseclassic.com

ကျ်ခဲ့ပြီ။

ထိုင်းတွင် မြန်မာလုပ်သားအား း ညဝ ၇နာရီမှ အိမ်ပြန်ရောက်ကြ ထိုင်းတွင် လက်ဖက်ရည်ဆိုင်မရှိ။ ယာဆိုင်သာလျှင် ရှိ၏။ ညဝ ၇နာရီ ောက်လျှင် လမ်းထိပ်၌ ဘီယာဆိုင် ာက်လာ၏။ ဘီယာဆိုင်မှာ ဆိုင် သေးမဟုတ်။ ကားဖြင့် ရောင်းခြင်း ၏။ လမ်းထိပ်တွင် ကားကို ရပ်ထား ကုလားထိုင်နှင့် စားပွဲများ ယာယီ လျက် ထိုင်းအမျိုးသမီး နှစ်ယောက်၊ ျိုးသားနှစ်ယောက်တို့က ထိုင်း ချင်းများဖြင့် သီဆိုဖျော်ဖြေကြ၏။ မာပြည်မှ စားတော်ဆက်များလို ကုံးစွပ်စရာ မလို။ သောက်သူက ာက်၊ ဆိုသူများက ဆိုနေကြ၏။ မှာ ဆောင်းဘောက်စ် တစ်ခါတည်း ပ်ထား၏။ ညလုံးပေါက် ဘီယာ င်း၏။

မောင်ရေချမ်းက အလုပ်မှ ပြန် တိုင်း ဘီယာဆိုင်တွင် ည ၁၂နာရီ ာက်ထိ ထိုင်၏။ မောင်လူခွေးက ာက်တတ်တော့ အိမ်မှာပဲ အနေ ည်။ မနှင်းဖွေး ဈေးဝယ်သွားလျှင် င်လူခွေးက ဆိုင်ကာယ်ဖြင့် လိုက်

ကြီးချင်းထား ကြိုးချင်း ညို၊ ချင်းထား အိုးချင်းထိ ဆိုသကဲ့သို့ နှင့် မနှင်းဖွေးတို့ ညိကြတော့

မောင်ရေချမ်းကလည်း မောင်ရေ င်၊ နံနက် ၆နာရီ အလုပ်သွား၊ နာရီ အိမ်ပြန်ရောက်၊ ရေချိုးပြီး ဆိုင်ကို အပေါင်းအသင်းများနဲ့ ည ၁၂နာရီ ၁နာရီမှ ပြန်ရောက်၊ ပ်န်းပန်း အလုပ်က ပြန်၊ မူးတော့ လင့်ဝတ္တရားပျက်သည်က နှစ်နဲ့



နွားအို မြက်နုကြိုက် ဆိုသကဲ့သို့ အသက် ၃၀ ကျော်ပြီဖြစ်သော မနှင်းဖွေးက အသက် ၁၈ နှစ်သား မောင်လူခွေးကို စိတ်ဝင်စားသည်မှာ အပြစ်မဆိုသာသကဲ့သို့ မမြင်ဘူးတော့ မူးမြစ်ထင် ဆိုသကဲ့သို့ မတွေ့ဘူး၊ မကြုံဘူးသော မောင်လူခွေးကလည်း မနှင်းဖွေးမှ မနှင်းဖွေးဖြစ်နေတော့သည်။

◈◈◈

တစ်နေ့တွင် မောင်ရေချမ်းသည် ဘီယာသောက်နေခိုက် ခေါင်းကိုက်သလိုလို၊ ခေါင်းမူးသလိုလိုဖြစ်နေသဖြင့် အိမ်သို့ စောစောပြန်လာရာတွင် ပက်ပင်းတိုးလေတော့၏။

"ဟော့ကောင်···လူခွေး၊ မင်းမို့ လုပ်ရက်တယ်ကွာ။ မင်း အခုစားနေတဲ့ ထမင်းကတောင်မှ ငါကျွေးထားတာပါကွာ။ ဒီနေ့က စပြီး ပြီးတာတွေ ပြီးပါစေတော့။ မင်း ငါ့မိန်းမကို ရှောင်ပါ"

ဟု ပြောတော့ လူခွေးက···

"ခင်ဗျားမိန်းမကိုသာ ပြောပါ။ ကျွန်တော်က ပြတ်တယ်။ အဲ··တစ်ခုတော့ ရှိတယ်။ ခင်ဗျားမိန်းမ မပြတ်သမျှတော့ ကျွန်တော်လည်း မပြတ်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြန်ပြော၏။

"ကိုင်း···ဘယ့်နှယ့်လဲ မိန်းမ၊ ဒီအကောင်က မင်းကို လွှဲချနေပြီ။ မင်း သဘောကရော"

ဟု မောင်ရေချမ်းက မေးလိုက်၏။

"ရှင့်အနေနဲ့ အခုကိစ္စကို မကျေနပ်ရင် ကျွန်မကို ရှင် မပေါင်းဘဲ နေနိုင်တယ်။ ကျွန်မကို ဖြတ်စာထုတ်ပေး။ ကျွန်မ ဒီလူခွေးကို မပြတ်နိုင်ဘူး"

ဟု ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ပြန်ပြောရာ မောင်ရေချမ်း အရုပ်ကြိုးပြတ်ဖြစ်ရလေတော့၏။

မောင်ရေချမ်းသည် ဘီယာဆိုင်သို့ ပြန်သွားပြီး ဘာဆက်လုပ်ရမည်ကို သူငယ်ချင်းများနှင့် တိုင်ပင်၏။ သူငယ်ချင်းများက ရေချိန်ကိုက်နေကြပြီဖြစ်၏။ မောင်ရေချမ်း အရုပ်ကြိုးပြတ်ဖြစ်လာသည်ကို တွေ့ကြရသောအခါ အံ့ဩနေကြ၏။ မောင်ရေချမ်းက သူငယ်ချင်းများကို အိမ်ကိစ္စအား အပ်ကျမတ်ကျ ပြန်ပြောပြလေ၏။

"အေးကွ··ရေချမ်းရေ ဒီကိစ္စမျိုး ဆိုတာက ဘေးလူတွေက အရင်သိပြီး နားမဆံ့မှ ကာယကံရှင်တွေ သိရတဲ့ ကိစ္စပဲကွ။ ငါတို့ ရိပ်မိနေတာ ကြာပြီ။ မင်းစိတ်မကောင်းဖြစ်မှာစိုးလို့၊ နောက်ပြီး မင်းကို မပြောရက်လို့ ငါတို့က မပြောတာ။ မင်းမိန်းမကိစ္စက ငါတို့ ရပ်ကွက်ထဲမှာ ဟိုးလေးတကြော်ဖြစ်နေတာ ကြာပြီကွ"

ဟု ကျောက်ဒိုးက ပြော၏။

"ဒါတွေ ထားပါတော့။ ဒီလို ပက်ပင်းကြီးတွေ့တော့ မင်းမိန်းမက



www.burmeseclassic.com

www.burmeseclassic.com

ဘာပြောတုန်း"

"ငါ့ကို ကွာရှင်းပေးပါတဲ့"

"ဘာ"

"သောက်ကောင်မ၊ အသေသတ်ပစ်ဖို့ ကောင်းတယ်"

ဟု စိန်လင်းနှင့် ဟန်ငြိမ်းတို့က ပြိုင်တူပြောကြ၏။

"အဲဒါ ရေချမ်း၊ မင်းလေ့မျော လည်း မဆယ်နဲ့ ခြေနှစ်ချောင်းလည်း မကယ်နဲ့လို့ ပြောတာပေါ့။ မင်း အခုတော့ ခြေနှစ်ချောင်းကယ်မိလို့ ဒုက္ခတွေ့ရပြီ"

ဟု ကျောက်ဒိုးက ပြောလေ၏။

ရေချမ်းက ရီးသည်၊ အ,သည်။ သူတစ်ပါးကို ကူညီချင်သည်။ ဒီကိစ္စတွေသိကော့ သူငယ်ချင်းသုံးယောက်မှာ မောင်ရေချမ်းအတွက် စိတ်မကောင်းဖြစ်ကြကာ၊ ဘီယာနှင့် အရက်ရော၍ မူးအောင် သောက်လိုက်ကြလေတော့၏။

◈◈◈

မောင်ရေချမ်းသည် စိတ်ညစ်ညစ်ဖြင့် မြန်မာပြည်ရှိ မိဘများထံ သို့ ပြန်သွားခဲ့လေ၏။

အိမ်တွင် မနှင်းဖွေးနှင့် မောင်လူခွေးတို့နှစ်ယောက်သာ ကျန်ခဲ့ပြီး၊ မိုးမမြင် လေမမြင် ဖြစ်နေကြ၏။

တစ်နေ့သောညတွင် ကျောက်ဒိုး၊ စိန်လင်းနှင့် ဟန်ငြိမ်းတို့ သုံးယောက်သည် မျက်နှာဖုံးများ စွပ်လာပြီး မနှင်းဖွေးတို့နှစ်ယောက် အိပ်နေသော အိပ်ခန်းထဲသို့ ဝင်လာပြီး···

"မင်းလားကွ၊ သားရေပေါ် အိပ်၊ သားရေနှားစားတဲ့ အကောင်။ မင်းလိုကောင်မျိုးကို လူခွေးလို့တောင် မသုံးသင့်ဘူး။ ခွေးမှ ခွေးအစစ်ကောင်"

"ဟေ့ကောင်···ဘာပြောပြော သိမယ့်ကောင် မဟုတ်ဘူး။ တို့လုပ်စရာရှိတာ လုပ်ကြရအောင်"

"စွပ်···အင့်···"

"စွပ်···အင့်···"

လူခွေးအား ကိုကျောက်ဒိုးသည် ဓားမြှောင်ဖြင့် ထိုးသတ်လိုက်လေ၏။

မနှင်းဖွေးကမူ သူမှားပါတယ်၊ သူ့ကို မသတ်ပါနဲ့ဟု တောင်းပန်လေရာ စိန်လင်းနှင့် ဟန်ငြိမ်းတို့က မနှင်းဖွေးအား ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပြီး ရင်ဝကို ဆောင့်၍ ကန်လိုက်ရာ မနှင်းဖွေးလည်း သတိမေ့၍ လဲကျသွားလေတော့၏။

လူခွေး သေ,မသေ စစ်ဆေးပြီးနောက် လူခွေး သေသည်မှာ သေချာသဖြင့် သုံးယောက်သား အိမ်ပေါ်မှ အေးအေးဆေးဆေး ဆင်းသွားပြီး အောင်သေ အောင်သားစားရန် ဘီယာဆိုင်သို့ ထွက်ခဲ့ကြလေတော့၏။

အိမ်နီးချင်းများ၏ သတင်းပေးချက်အရ ထိုင်းရဲတပ်ဖွဲ့များ မနှင်းဖွေးအိမ်သို့ ရောက်လာပြီး မနှင်းဖွေးအား ဆေးရုံသို့ ပို့ပေးခဲ့၏။

မနှင်းဖွေးက သတိကောင်းစွာ ရလာသောအခါ ရဲမှ စစ်ဆေးရာတွင် အောက်ပါအတိုင်း ထွက်ဆိုလေ၏။

"ကျွန်မနဲ့ ကျွန်မယောက်ျား စကားပြောအဆင်မပြေရာက စကားများ ရန်ဖြစ်ကြတော့ ကျွန်မတို့ မွေးစားသား မောင်လူခွေးက ဝင်ပြီး ဖျန်ဖြေရာမှာ ရှုပ်တယ်ဆိုပြီး ကျွန်မယောက်ျားက လူခွေးကို ဓားမြှောင်နဲ့ ထိုးသတ်ခဲ့ပြီး မြန်မာပြည်ကို ထွက်ပြေးသွားပါတယ်"

ဟု ထွက်ဆိုလေသည်။

မြန်မာလူမျိုးများအချင်းချင်း စကားများ၍ လူသတ်မှုဖြစ်ပွားခြင်းဖြစ်သဖြင့် ထိုင်းရဲသည် အမှုစစ်ဆေးချက်ယူပြီး မောင်ရေချမ်း ပြန်အလာကိုသာ စောင့်တော့မည်ဟု ပြောကာ၊ အမှုဖွင့်ထားလိုက်လေတော့၏။

◈◈◈

မောင်ရေချမ်းသည် မြန်မာပြည်တွင် ခုနစ်ရက်နေပြီးနောက်···

"ငါ ဒီလိုထွက်လာလို့လည်း ဒီကိစ္စကြီးက ပြီးသွားမှာမဟုတ်ဘူး။ ငါ ပစ်ထားရင် ဟိုအကောင်က ငါ့ပစ္စည်းတွေ သုံးဖြုန်းပြီး ငါ့မိန်းမကို ထားခဲ့မှာ ဒီကောင် ငါ့မိန်းမကို တကယ်ချစ်တာ ဟုတ်,မဟုတ် မေးပြီး တကယ်ချစ်တာဆိုရင် ပေးသင့်တဲ့ ပစ္စည်းခွဲပေးပြီး သူ[illegible] နှစ်ယောက်ကို လက်ထပ်ပေးလိုက်မယ်"

ဟု စိတ်ထားဖြူစင်သူပီပီ စိတ်[illegible] အေးချမ်းလာသောအခါ အောက်လ[illegible] မှပင် ထိုင်းသို့ ပြန်ခဲ့လေ၏။

အိမ်သို့ ရောက်သည်တွင် လူ[illegible] အသတ်ခံရကြောင်း ကြားသိရသ[illegible] စိတ်မကောင်းခြင်းများစွာ ဖြစ်ရ၏။

မနှင်းဖွေးသည် မောင်ရေချမ်း [illegible] ရောက်လာသောအခါ ရဲသို့ အကြောင်း ကြားပြီး ဖမ်းနိုင်းလေရာ ဘုမ[illegible] ဘမသိဖြင့် ထိုင်းရဲခေါ်ရာသို့ လိုက[illegible] သွားရလေတော့၏။

ထိုင်းတရားသူကြီးအားလုံး[illegible] ရှမ်းစကားလည်း မတတ်၊ မြန်မာစကား လည်း မတတ်၊ အင်္ဂလိပ်စကား[illegible] လည်း လုံးဝ မပြော၊ သူတို့ဘာသ[illegible] သစကားကိုသာလျှင် ဦးစားပေး[illegible] လေရာ မောင်ရေချမ်း ဒုက္ခရောက[illegible] လေတော့၏။

မနှင်းဖွေးကတော့ လည်သ[illegible] မြန်မာစကားကောင်းကောင်းပြောတ[illegible] သော ထိုင်းရေနေကို ငှားပြီး တရား[illegible] ကြီးများအား···

"ကျွန်မတို့မှာ မွေးစား[illegible] တစ်ယောက်ရှိပါတယ်။ အဲဒီမွေး[illegible] သားနဲ့ ကျွန်မကို ပေးစားပြောဆို[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို ရိုက်ပါတယ်။ ဆေးရုံ တစ်ပတ်တက်လိုက်ရပါတယ်။ မွေးစားသား လူခွေးကို ကျွန်မရှေ့မှာပဲ သူသတ်ပစ်တာပါ"

,ဟု ရှေ့နေမှတစ်ဆင့် ထွက်ဆိုသလေ၏။

,မနင်းဖွေး၏ ရှေ့နေက မောင်ရေချမ်းကို မေးသောအခါတွင် မောင်ရေချမ်းက မှုခင်းဖြစ်စဉ်ကာလက သူမြန်မာပြည်သို့ ပြန်နေပါကြောင်း ထွက်ဆိုပါသော်လည်း တရားသူကြီးများက ကိုယ်ချစ်လို့ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့တဲ့ ဇနီးကသာ အမှန်ထွက်ဆိုမည်ဖြစ်ကြောင်း၊ ဇနီးဖြစ်သူက ကိုယ့်လင်ယောက်ျား ဒုက္ခရောက်မည့်ထွက်ဆိုချက် ထွက်မည်မဟုတ်ကြောင်း၊ မောင်ရေချမ်းသည် လိမ်ညာထွက်ဆိုနေခြင်းသာဖြစ်ကြောင်း မှတ်ချက်ချပြီး ...ဘာလ၊ နောက်အပတ်တွင် စီရင်ချက်ချမည်ဟု ရက်ချိန်းပေးလိုက်လေသည်။

◈◈◈

မြန်မာစကား ကျွမ်းကျင်စွာ ပြောတတ်သော ထိုင်းရှေ့နေသည် မနင်းဖွေး၏အိမ်သို့ နေ့နေ့ညညရောက်... လုံးကြီးပေါက်လု မနင်းဖွေးကို ...မိရင်ဖိ ကူညီနေ၏။ နဂိုကမှ ...ကြီးသော မနင်းဖွေးသည် ယောက်ျားဖြစ်သူ မောင်ရေချမ်းအား ...လုပေးနိုင်မည့်သူမှာ ဤရှေ့နေဖြစ်ကြောင်း ကောင်းကောင်းသိလေ... ရှေ့နေ၏ အလိုဆန္ဒကို မိမိ၏ ရာဂ...နှင့် ပေါင်း၍ လိုက်ခံလိုက်လေသည်။

...ဘုရားလည်း ဖူးရင်း၊ လိပ်ဥ... တူးရင်းဆိုသကဲ့သို့ မနင်းဖွေး၏ ...ဇာတ်ပုန်းအကြံကို ထိုင်းရှေ့နေ... ထိုင်းရှေ့နေသည် သောက်၍ မပ...နိုင်သော တဏှာရာဂထဲတွင် မျောပြီးရင်း မျောနေ၏။ မနင်းဖွေး ခိုင်းသမျှ အကြံအစည်တို့ကို ဖြစ်အောင် ဆောင်ရွက်ပေးနေလေတော့၏။

မောင်ရေချမ်းနှင့် မနင်းဖွေးတို့ မိုးမမြင် လေမမြင် ချစ်ခင်ကြစဉ်က ငွေများ စုမိကြသောအခါ ထိုင်းတွင် တစ်သက်လုံးနေဖို့ မစဉ်းစား။ ထို့ကြောင့် ရသမျှ ပိုက်ဆံများဖြင့် ရှမ်းပြည်မှ လက်ဖက်ခင်းများကို ဝယ်ယူထားပြီး မိဘများ လုပ်ကိုင်စားသောက်နေထိုင်ရန် အပ်နှံထားခဲ့၏။

ယခု ထိုလက်ဖက်ခင်းများကို ရောင်းပြီး ငွေများ ရယူလိုသဖြင့် ထိုင်းရှေ့နေအား မောင်ရေချမ်းထံသွားပြီ အမှုမှ အပြစ်ဒဏ်လျှော့ပေါ့အောင် ဆောင်ရွက်ပေးမည်။ သို့သော် ရုံးစရိတ်ကုန်စရာရှိ၍ ငွေလိုသည်ဟု ပြောဆို နားချခိုင်းလေရာ ရိုးသားသော မောင်ရေချမ်းက ယုံကြည်သဖြင့် မိခင်များထံသို့ မိမိလူသတ်မှုဖြင့် အဖမ်းခံနေရကြောင်း၊ ရှေ့နေငှားဖို့ ငွေလိုကြောင်းနှင့် လက်ဖက်ခင်းကို ရောင်းပြီး ငွေများ လာပို့ရန်၊ မိမိ၏ သူငယ်ချင်းများကို စာရေးပေးပြီး ရှမ်းပြည်သို့ လွှတ်လိုက်၏။

လက်ဖက်ခင်းများကို ရောင်းလိုက်သောအခါ မြန်မာငွေ သိန်း ၅၀၀ ခန့်ရရှိခဲ့လေ၏။ ထိုငွေများကို သူငယ်ချင်းများအား သက်သေထားပြီး ရှေ့နေထံသို့ အပ်လိုက်၏။

ထိုငွေများကို အပ်နှံပြီးသည့်နေ့မှစပြီး ထိုင်းရှေ့နေကို လည်းကောင်း၊ မနင်းဖွေးကို လည်းကောင်း မမြင်ရ၊ မတွေ့ရတော့ပေ။

ထိုင်းနိုင်ငံတွင် ခိုးဝင်လာသော မြန်မာများအတွက် ဥပဒေမှာ မြွတ်၊ နတ်၊ သတ် တစ်ခုတည်းသာ ရှိ၏။

"ဖွတ် မရ၊ ဓားမ ဆုံး"ဆိုသကဲ့သို့ မောင်ရေချမ်းမှာတော့ ငွေလည်း ဆုံး၊ မိန်းမလည်း ဆုံး၊ ထောင်လုံးလုံး ကျသွားလေတော့၏။

◈◈◈

*မိန်းမဆိုတာ . . .*
*ဆောင်းလေပမာညီ*
*အတွင်းသဘော ဘယ်မတည်*
*ပြောင်းလဲတတ်သည် . . .*

ဟု "ဗိုလ်အောင်ဒင်" ဇာတ်ကားတွင် မင်းသား ခင်မောင်ရင်က ဆိုခဲ့သော သီချင်းကို စာရေးသူငယ်ငယ်က ကြားဖူးပါသည်။ ယနေ့တိုင် ခေါင်းထဲတွင် တစ်ပိုင်းတစ်စ စွဲနေပါသေးသည်။

စာရေးသူ (၃၀-၁၂-၂၀၁၃)ခုနှစ်က ထိုင်းနိုင်ငံ၌ ကျင်းပသော ဝိမိုင် တရားပွဲနှင့် စာပေဟောပြောပွဲသို့ ရွှေညဝါ ဆရာတော်နှင့် ဆရာ လင်းသိုက်ညွန့်(မြန်မာမြေ)တို့နှင့် အတူ သွားရောက်ခဲ့ရာ မောင်ကျောက်ဒိုး၊ မောင်စိန်လင်း၊ မောင်ဟန်ငြိမ်းတို့နှင့် ဘီယာဆိုင်တွင် အပေါင်းအသင်းဖြစ်ခဲ့ကြရာမှ ဤဖြစ်ရပ်မှန်ကို ကြားသိရခြင်းဖြစ်လေရာ ချစ်တတ်တဲ့ ယောက်ျားတွေအတွက် တစ်ခုခု အသိဉာဏ်ပေးလိုသဖြင့် ရေးသားတင်ပြလိုက်ရပါသည်။■

* * *

မကျေးသျှိစ်မ်


www.burmeseclassic.com

www.burmeseclassic.com


# အသိတိုက် လူသတ်သမား (သို့မဟုတ်) မာရဏဂြိုဟ်

ဆရာ မြတ်ထွန်းခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)


တစ်ခုသော နံနက်ခင်းတွင် ကျွန်ုပ်သည် ကျိုက္ကဆံဘုရားဝင်းအနောက်ဘက် မုခ်တွင် ရှိသော ကျွန်ုပ်၏ ဗေဒင်ဟောခန်းထဲတွင် ထိုင်၍ ရှေးဟောင်း မဟာဘုတ်ကျမ်းတချို့ကို ပြန်လည်လေ့လာနေခိုက် မာရဏဂြိုဟ်ပညာခန်းအပိုဒ်ကို ဖတ်မိ၍ "အလို…ကြောက်စရာကောင်းလှချည်လား" ဟု တွေးတောမိရင်း၊ ၎င်း မာရဏဂြိုဟ်ပညာခန်းကြီးအား ကျွှံရဆန်းကြယ် စာဖတ်ပရိသတ်ကို တင်ပြရန် အတွေးတစ်ခု ဝင်လာပါသည်။

◈◈◈


ကျွန်ုပ်သည် ၁၃၂၄ ခု၊ တပေါင်းလဖွား စနေသားဖြစ်ပါသည်။ ၁-ကြွင်း စနေသားသမီးတို့သည် အသက် ၂၉နှစ်မှ အသက် ၄၁နှစ်အတွင်း ရာဟုဂြိုဟ်တွင် မာရဏဂြိုဟ် အိမ်နေပါသည်။ ယခုရောက်ဆဲ အသက်သည် အသက် ၄၀ နှစ်ဖြစ်သောကြောင့် ဗုဒ္ဓဟူးဂြိုဟ်(ဒုက္ခဂြိုဟ်)တွင် သက်ရောက်ပြီး ရာဟုဂြိုဟ်တွင် ဂြိုဟ်အိမ်နေသောကြောင့် မာရဏဂြိုဟ်အိမ်၊ မာရဏသက်ရောက်ဖြစ်နေပါသည်။ ထိုအချိန်ကာလက ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ရောင်းချနေသောအခါဖြစ်ပါသည်။ တစ်ခုသော နေ့လယ်ခင်းတွင် ကျွန်ုပ်သည် နှာခေါင်းတွင်း ယားယံလာသဖြင့် လက်ဖြင့် ပွတ်၍ နှာချေလိုက်ရာ ရုတ်တရက် ခါးမှ နာကျင်၍ ပြန်လည်မထနိုင်တော့ပါ။ ဆေးခန်းသွားပြရာတွင် အာရုံကြောညပ်သွားသည်ကို သိရပြီး အိပ်ရာထဲတွင် တစ်နှစ်ခန့် လဲသွားသဖြင့် အတော်ပင် ဆေးကုခဲ့ရပါသည်။



(၁-ကြွင်း မဟာဘုတ်)





(အသက် ၂၉နှစ်မှ အသက် ၄၁နှစ်အတွင်း ရာဟုဂြိုဟ် အိမ်နေပုံ)





၎င်းကိစ္စကို ပြန်လည်တွေးတောရင်း သတိရ[...] ကျွန်ုပ်မှာ မာရဏဂြိုဟ်၏ ဒုက္ခပေးမှုကို သတိပြုမိ[...] ယခု အသက် ၅၁နှစ်တွင်လည်း မာရဏသက်ရောက်([...] ဂြိုဟ်)တွင် ဖြစ်၍ ဂြိုဟ်အိမ်ကြီးမှာ သောကြာဂြိုဟ်([...] ရန်)ဖြစ်နေကြောင်း ကိုယ့်ကိုယ်ကို သတိထားမိ၍ အ[...] ယတြာ၊ အပြင်ယတြာ၊ နဝင်းယတြာ၊ ဗုဒ္ဓယတြာမျ[...] ကာကွယ်ထားလိုက်ပါသည်။ မရပါ။

တစ်နေ့ ကျွန်ုပ်၏ အိမ်လေ့ကားအတက်အဆင်း[...] ခြေခေါက်၍ ဒူးဆစ်လည်သွားကာ ပြန်မထနိုင်တော[...] အထူးကု ဆရာဝန်နှင့် သွားရောက်ပြသခဲ့ရာ ဒူးအ[...] အရွတ်များ ဆုတ်ပြဲသွားသည်ဟု ပြောပါသည်။ အိမ်[...] တွင် တစ်လလောက် အနားယူရန် ပြောလာပါသည်[...]



မာရဏဂြိုဟ်သက်ရောက်

(အသက် ၄၁နှစ်မှ အသက် ၆[...]နှစ်အထိ)



www.burmeseclassic.com

"ပြေဘ်…မလွယ်ပါလား မာရဏဂြိုဟ်ရယ်"

◈◈◈

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

(၁-ကြွင်း
ဗုဒ္ဓဟူးဂြိုဟ် မာရဏ)

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(၂-ကြွင်း
ကြာသပတေးဂြိုဟ် မာရဏ)

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၀ |
| ၆ | ၃ | ၄ |

(၃-ကြွင်း
သောကြာဂြိုဟ် မာရဏ)

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၄-ကြွင်း
စနေဂြိုဟ် မာရဏ)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

(၅-ကြွင်း
တနင်္ဂနွေဂြိုဟ် မာရဏ)

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

(၆-ကြွင်း
တနင်္လာဂြိုဟ် မာရဏ)

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(၀-ကြွင်း
အင်္ဂါဂြိုဟ် မာရဏ)

မြန်မာ့ရိုးရာဗေဒင် မဟာဘုတ်အယူအဆတွင် မာရဏဆိုသည်မှာ -

(၁) ချူချာခြင်း။

(၂) ပျော့ညံ့ခြင်း၊ အားမရှိခြင်း။

(၃) သည်းမခံနိုင်ခြင်း၊ သည်းခံလိုစိတ်မရှိခြင်း။

ထိုသုံးမျိုးလုံးကို ခြုံ၍ကြည့်လျှင် ကျန်းမာရေး၊ လူမှုရေး၊ အိမ်ထောင်ရေးတွေကို ဖျက်ဆီးပစ်တဲ့ သဘောပဲဖြစ်ပါတယ်။

မာရဏဂြိုဟ်သည် လူတစ်ယောက်၏ အသက်၊ နေအိမ်၊ စည်းစိမ်တို့ကို ဖြည်းညင်းစွာ တစ်စစီ ခြွေပစ်တတ်သောဂြိုဟ်၊ အလွန်ကြောက်စရာကောင်းသော အသံတိတ်လူသတ်သမားတစ်ယောက်ဖြစ်ပါသည်။

မာရဏဂြိုဟ်တွင် ရိုးရိုး မာရဏဂြိုဟ်ခတ်ခြင်းနှင့် နှစ်ဘုမ္မိများ ခတ်၍ မာရဏဂြိုဟ်မိခြင်းဟူ၍ နှစ်မျိုးနှစ်စား ရှိသည်ကိုလည်း သတိပြုသင့်ပါသည်။

(၁) ရိုးရိုး မာရဏဂြိုဟ်၊

(၂) လေးခွင်ဘုမ္မိ မာရဏဂြိုဟ်၊

(၃) ခုနစ်ခွင်ဘုမ္မိ မာရဏဂြိုဟ်၊

(၄) အတွင်းရန် မာရဏဂြိုဟ်၊

(၅) အပြင်ရန် မာရဏဂြိုဟ်၊

(၆) လေးခွင်ဘုမ္မိ အပြင်ရန် မာရဏဂြိုဟ်၊

(၇) လေးခွင်ဘုမ္မိ အတွင်းရန် မာရဏဂြိုဟ်၊

(၈) ခုနစ်ခွင်ဘုမ္မိ အပြင်ရန် မာရဏဂြိုဟ်၊

(၉) ခုနစ်ခွင်ဘုမ္မိ အတွင်းရန် မာရဏဂြိုဟ်တို့ဖြစ်ပါသည်။

ထို မာရဏဂြိုဟ်များတွင် ဂြိုဟ်အိပ်ကြီး (သို့မဟုတ်) သက်ရောက်နေသော အကြွင်း ၇မျိုးဖွား ဇာတာ ၄၉မျိုးတို့သည် ကျွန်ုပ်တို့ မြန်မာ့ရိုးရာဗေဒင်ပညာအတွေ့အကြုံအရ-

(၁) မြန်းခန် လူသေတတ်ခြင်း၊

(၂) အိမ်ထောင်ကွဲခြင်း၊

(၃) ရတ်တရက် အလုပ်အကိုင်များ ရပ်ဆိုင်းသွားခြင်း၊

(၄) ကျန်းမာရေးညံ့၍ အိပ်ရာထဲ လဲသွားခြင်း၊

(၅) ကား၊ ရထား၊ လေယာဉ်ပျံ၊ ဆိုင်ကယ်များ မှောက်၍ အသက်ဆုံးရှုံးတတ်ခြင်းတို့ ဖြစ်ပါသည်။

အကြွင်း ၇မျိုး၏ မာရဏဂြိုဟ်များကို အရင်လေ့လာပါက…

၁-ကြွင်း မဟာဘုတ်၏ မာရဏမှာ ဗုဒ္ဓဟူးဂြိုဟ်ဖြစ်သောကြောင့် ဗုဒ္ဓဟူးဂြိုဟ်တွင် ဂြိုဟ်အိပ် (သို့မ ဟုတ်) သက်ရောက် ကျရောက်နေပါက ၎င်းအကြွင်း မဟာဘုတ်သမားများ၏ မာရဏဂြိုဟ်သို့ ကျရောက်နေကြောင်း သိရှိထားရပါမည်။

၁-ကြွင်း တနင်္ဂနွေသားသမီးများသည် အသက် (၄၊ ၇၊ ၁၂၊ ၁၅၊ ၂၀၊ ၂၈)နှစ်များသည် ရိုးရိုးမာရဏသက်ရောက်များ ဖြစ်ပါသည်။

အသက် (၃၆၊ ၄၄)နှစ်များသည် လေးခွင်ဘုမ္မိနှစ်ထပ်၊

www.burmeseclassic.com

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

မာရဏ

| | | |
|---|---|---|
| | | |
| | | ၄ |
| ၈ | | |

(ဗုဒ္ဓဟူး) ၄ မာရဏဂြိုဟ်

(ရာဟု) မာရဏဂြိုဟ်

မာရဏနှစ်ထပ်၊ အတွင်းရန်နှစ်ထပ်ကျရောက်သော နှစ်များ ဖြစ်ပါသည်။

အသက် (၃၁၊ ၃၉)နှစ်များသည် အတွင်းရန်၊ မာရဏ၊ ဘုမ္မိကြီးကျရောက်သော နှစ်များ ဖြစ်ပါသည်။

အထက်ပါ နှစ်များသို့ ရောက်ရှိလာသော ၁-ကြွင်း မဟာဘုတ်များသည် ကျန်းမာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ၎င်းအရေးမျိုးကို အထူးသတိပြုရန် လိုအပ်ပါသည်။

(၉-၁၂-၁၉၉၀) ခုနှစ်ဖွား တနင်္ဂနွေသားတစ်ဦးသည် အသက် ၂၃နှစ်တွင် အပြင်ရန် ဂြိုဟ်အိပ်ပြီး အတွင်းရန် မာရဏသက်ရောက်သို့ ရောက်ရှိနေပါသည်။ ၎င်းသည် မိမိအိမ်ရှေ့တွင် ညီဝမ်းကွဲတော်သူများနှင့် အတူထိုင်၍ စကားပြောနေစဉ် အမည်မသိ လူရမ်းကားတစ်စု၏ ဝင်ရောက်ရိုက်နှက်မှုကြောင့် ဦးခေါင်းတွင် ဒဏ်ရာရရှိကာ စံပြဆေးရုံကြီးတွင် ဆေးကုသမှု ခံယူလိုက်ရပါသည်။ ထို့ကြောင့် မာရဏသက်ရောက်သို့ ရောက်ရှိလာသော ခုနှစ်နေ့သားသမီးတို့သည် အထူးသတိပြုရန် လိုအပ်ပါသည်။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

မာရဏ

(၁-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| ၁ | | |
| | | |
| ၂၃ | | |

(မာရဏအတွင်းရန်သက်ရောက်)

| | | |
|---|---|---|
| ၁ | | ၃ |
| | | |
| | | |

(အပြင်ရန် ဂြိုဟ်အိပ်ကြီး)

၂-ကြွင်းအုပ်စုဝင်များ၏ မာရဏသက်ရောက်မှာ ကြာသပတေးဂြိုဟ်ဖြစ်သောကြောင့် ၎င်းသက်ရောက်တွင် ရုတ်တရက် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို အထူးသတိပြုရန် လိုအပ်ပါသည်။

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(၂-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| | | |
| | | |
| | ၉ | |

(မာရဏသက်ရောက်)

၃-ကြွင်း မဟာဘုတ်သားများ၏ မာရဏဂြိုဟ် သောကြာဂြိုဟ်ဖြစ်သောကြောင့် သောကြာသက်ရောက် ရောက်ရှိလာသော သုံးကြွင်းများ ၎င်းသက်ရောက်တွင် ရောက်လာမည့် အန္တရာယ်များကို အထူးသတိပြုရန် လို ပါသည်။

BURMESE CLASSIC

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

(၃-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| | | |
| ၆ | | |
| | | |

(မာရဏသက်ရောက်)

၄-ကြွင်း မဟာဘုတ်သားများ၏ မာရဏဂြိုဟ် စနေဂြိုဟ်ဖြစ်သောကြောင့် ၎င်းသက်ရောက်သို့ ရောက် သော လေးကြွင်းအုပ်စုဝင်များ အထူးသတိပြုရန် လိုအ သည်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

(၄-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| | | |
| | | |
| | | ၀ |

(စနေသက်ရောက်)

၅-ကြွင်း မဟာဘုတ်သားများ၏ မာရဏဂြိုဟ် တနင်္ဂနွေဂြိုဟ်ဖြစ်သောကြောင့် ၎င်းသက်ရောက်သို့ ရောက် ရှိလာသော ငါးကြွင်းအုပ်စုဝင် ခုနှစ်နေ့သားသမီးအား အထူးသတိပြုရမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

(၅-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| ၁ | | |
| | | |
| | | |

(တနင်္ဂနွေသက်ရောက်)



www.burmeseclassic.com

www.burmeseclassic.com

၆-ကြွင်း မဟာဘုတ်သမားများ၏ မာရဏဂြိုဟ်မှာ တနင်္လာဂြိုဟ်ဖြစ်သောကြောင့် ၎င်းသက်ရောက်သို့ ရောက်ရှိလာသော ခြောက်ကြွင်းအုပ်စုဝင်များ အထူးသတိပြုရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

(၆-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| | ၂ | |
| | | |
| | | |

(တနင်္လာသက်ရောက်)

၀-ကြွင်း မဟာဘုတ်သမားများ၏ မာရဏဂြိုဟ်မှာ အင်္ဂါဂြိုဟ်ဖြစ်သောကြောင့် ၎င်းသက်ရောက်သို့ ရောက်ရှိလာသော သုညကြွင်းအုပ်စုဝင် ခုနစ်နေ့သားသမီးများအား အထူးဂရုပြုရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

(၀-ကြွင်း မဟာဘုတ်)

| | | |
|---|---|---|
| | | ၃ |
| | | |
| | | |

(အင်္ဂါသက်ရောက်)

အထက်ပါ အကြွင်း (၇)မျိုးတို့သည် အကြွင်းတစ်ခုချင်း (၇)နေ့ဖွားများ ရှိသောကြောင့် အကျယ်ချဲ့ပါက အကြွင်း (၄၉)မျိုးလုံး၏ မာရဏများကို ရှင်းပြရမည်ဖြစ်ပါသည်။ အကယ်၍ ဤပညာရပ်အား မရှင်းလင်းခဲ့သည် ရှိသော် ကျွှန်ုပ်၏ ... ခ္ဆိုဆန်းကြယ်မဂ္ဂဇင်း၏ စာမျက်နှာတစ်ခုတွင် ကျွန်ုပ်၏ ကြော်ငြာပါ လိပ်စာအတိုင်း လူကိုယ်တိုင်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။■

* * *

ပဥ္စဂုဏ် အဟ်ဝန္တာမိ
ဆရာမြတ်ထွန်းခေါင်

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀၅၀၄၇၁။




www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဆောက်ဖို့အရေး

မောင်တင်ကြွယ် (ပြည်)

တွေးတွေးဆဆ



သည်နှစ်နွေက ယခင်နှစ်များနှင့်မတူ၊ တစ်မူထူး၍ ပိုပူသလိုရှိ၏။ အလာတုန်းက နံနက်စောစောလည်း ဖြစ်ပြန်၊ အလှူကြို ကားနှင့်လည်း လိုက်လာခဲ့ရသဖြင့် ချွေးပင်မစို့ဘဲ အလှူရှိရာသို့ ရောက်ခဲ့သည်။ အလှူတရားနာ၊ ရေစက်ချ၊ ညှော်ခံ ထမင်းစားပြီးချိန်ရောက်တော့ပဲ နေ့လယ် ၁၂ နာရီနီးပါးဖြစ်သွားသည်။

အလှူရှင်က "နေပူလိုက်တာ ဆရာရယ်၊ ညနေ နေအေးမှပဲ ပြန်ပါလား"ဟု တားသေးသည်။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

ညနေ နေအေးသည်အထိ နေလို့က မဖြစ်။ မိတ်ဆွေတစ်ဦး၏ အလုပ်ကိစ္စအတွက် ဆောင်ရွက်စရာရှိနေ၍ မောင်စိုးမြင့်နှင့်အတူ မပြန်မဖြစ် ထ ပြန်လာခဲ့ရခြင်းဖြစ်သည်။

ပြန်လာချိန်က နေမွန်းတည့်ချိန် နေက ခြစ်ခြစ်တောက် ပူကောင်းနေသည်။ တောလမ်းခရီးမို့ သစ်ရိပ်ဝါးရိပ်ပြီးလျှောက်ရသည်။ တချို့နေရာရောက်တော့ ပါလာသည့်ထီးကိုပဲ အားကိုးရသည်။ ဖြတ်လျှောက်ခဲ့သည့် ရပ်ကွက်လေး နှစ်ရပ်ကွက်တွင် ပထမရပ်ကွက်၌ အိမ်နှစ်လုံး၊ ဒုတိယရပ်ကွက်၌ အိမ်တစ်လုံးဆောက်နေကြဆဲကို တွေ့ရသည်။

"အိမ်လေးတွေက မပြီးသေးပေမယ့် ချစ်စရာလေးတွေ၊ လှတယ်နော် ဆရာ၊ ကျွန်တော်လည်း ဒီနှစ် မိုးမကျမီ အိမ်ပြင်ဆောက်ဖို့ လုံးပမ်းရဦးမယ်"

မောင်စိုးမြင့်က ဆောက်လက်စ အိမ်လေးများကို မြင်ပြီး အားကျစကားဆိုသည်။ သည်တော့လည်း ကျွန်တော်က...

"ဘယ်တော့လောက် ဆောက်ဖို့ ရည်ရွယ်ထားသလဲ"

ဟု မောင်စိုးမြင့်အား မေးရသည်။

"အခုအတောအတွင်းတော့ မဆောက်နိုင်သေးပါဘူး။ နောက် သုံးလေးလလောက်တော့ ဖြစ်မယ်လို့ မှန်းထားတယ် ဆရာ"

ဟု ဖြေသည်။

"အေးကွာ၊ အခု နှစ်လ သုံးလအတွင်း မင်းဆောက်ရင်တော့ အကောင်းသားကွ"

"ဘာဖြစ်လို့လဲ ဆရာ၊ ရာသီဥတု သာသာယာယာကောင်း လေကင်းဖြစ်လို့လား"

"အဲဒီလိုချည်းတော့ မဟုတ်ဘူးလေ။ အိမ်တစ်လုံးဆောက်တော့မယ်ဆိုရင် တစ်သက်လုံးနေရမယ့် အိမ်ရင်အတွက် သိပ်အရေးကြီးတယ်ကွ။ အကြမ်းဖျင်းအားဖြင့်ဆောက်သင့်တဲ့ လ၊ မဆောက်သင့်တဲ့ လ၊ ဆောက်သင့်တဲ့နေ့ မဆောက်သင့်တဲ့နေ့ သိထားဖို့ လိုတယ်။ ပြီးတော့ ပြဿဒါး၊ ရက်ပုပ်၊ ရက်ယုတ်၊ ရှမ်းရက်၊ သမားဖြူ ညှိရက်၊ မဟာရက်ကြမ်း၊ ဝါရမိတ္တူကြီးငယ် စတဲ့ ရက်တွေ လွတ်အောင် ရှောင်နိုင်ဖို့ လိုတယ်။ ဟိုတုန်းက သမားဆရာကြီးတွေ အိမ်ဆောက်ရင် ရမ်းသမ်းပြီး ဆောက်ဘူး။ ဒီ နည်းစနစ်တွေ၊ ဓလေ့ထုံးရိုးရာ၊ စည်းမျဉ်း ကမ်းတွေနဲ့အညီ လိုက်နာပြီးမှ ဆောက်ကြတာ။ အိမ်ရှင် အချိန်၊ လက်သမား အလုပ်ပါးတဲ့အချိန် ဆောက်ရ ပြီးရော၊ ဆောက်ပြီး ပြီးရော မလုပ်ဘူး။ နေမယ့် အိမ်ရှင် တစ်သက်လုံး ဒုက္ခရောက်မယ့်အဖြစ်မျိုးကို ရှောင်ကြတယ်။ ဆောက်ချင်တဲ့ အိမ်ရှင်ကိုလည်း သင့်၊ မသင့် ရှင်းပြ၊ ပြောပြတတ်ကြတယ်"

"ဆရာပြောသလိုဆိုရင် အိမ်တစ်လုံးဆောက်ဖို့က သိပ်မလွယ်ဘူးနော်"

"မလွယ်တာတော့ အမှန်ပဲကွ။ ခုခေတ်မှာတော့ အိမ်ပိုင်ရှင်ကလည်း နေစရာမရှိလို့ ဆောက်ချင်၊ လက်သမားဆရာကလည်း သူ့အလုပ်မရှိတုန်း ဆောက်ချင်ဆိုတော့ လက်ခရဖို့လောက်ပဲ ကြည့်ပြီး မဆောက်သင့်၊ ဆောက်သင့် လေကုန်ခံ မပြောဘူး။ စတိသဘော ရက်ရာဇာ၊ ပြဿဒါး လောက်ပဲ ရွေးတော့တာ"

"အခု ဆရာပြောပြသလိုဆိုရင် အိမ်ဆောင်ချင်တဲ့သူတွေက ဂရုပြုဖို့ အဓိကကျတာပေါ့နော်"

"ဟုတ်တာပေါ့ မောင်စိုးမြင့်ရာ။ အိမ်ဆောက်ချင်တဲ့သူတွေက အနည်းဆုံး အိမ်ဆောက်ဖို့ ကောင်း (၆)လ၊ မကောင်း (၆)လ။ ဆောက်သင့်တဲ့နေ့ (၃)နေ့၊ မဆောက်သင့်တဲ့နေ့ (၄)နေ့လောက်ကို သိထားဖို့ လိုတယ်"

"ဟုတ်ကဲ့ပါ ဆရာ။ အဲဒီနေ့တွေ၊ လတွေအကြောင်းနဲ့ အကျိုးအပြစ်တွေကို ပြောပြပေးပါဦး"

ဤသို့အားဖြင့် ကုက္ကိုပင်ကြီးတစ်ပင်၏ အရိပ်တွင် ခေတ္တနားခိုကြရင်း အိမ်သစ်ဆောက်လိုသူများ သိသင့်သိထိုက်၊ ဆောင်သင့် ရှောင်သင့်ရာများကို ပြောပြဖြစ်သည်။

**အိမ်ဆောက်သင့်သည့်လ (၆)လ**

(၁) တန်ခူးလ - ဥစ္စာစနကြွယ်ဝ ပြည့်စုံမည်။
(၂) ကဆုန်လ - စပါးဆန်ရေ ပေါများမည်။
(၃) ဝါခေါင်လ - ဥစ္စာစနတိုးပွားမည်။
(၄) နတ်တော်လ - ကောင်းသတင်းဖြင့် ထင်ပေါ်ကျော်စောမည်။ အစာရေစာ ပြည့်ဝ ဖူလုံမည်။
(၅) ပြာသိုလ - အမျိုးလေးပါးတို့ ချီးမြှောက် မ စမှု ခံရမည်။
(၆) တပေါင်းလ - ချမ်းသာကြွယ်ဝမည်။

**အိမ်မဆောက်သင့်သည့်လ (၆)လ**

(၁) နယုန်လ - မရဏာကိန်း၊ အိမ်ရှိလူ သေတတ်သည်။
(၂) ဝါဆိုလ - အိမ်ရှင် ပျက်စီးတတ်သည်။
(၃) တော်သလင်းလ - အဖျားအနာများမည်။ ရောဂါ

www.burmeseclassic.com

ဝေဒနာ ကြီးကြီးမားမားရတတ်သည်။

(၄) သီတင်းကျွတ်လ - ဒုက္ခအမျိုးမျိုးနှင့် ကြုံဆုံရတတ်သည်။

(၅) တန်ဆောင်မုန်းလ - နှလုံးမငြိမ်၊ သောက ဗျာပါဒများမည်။ စိတ်ကျဉ်းကျပ်မှု ရှိတတ်သည်။

(၆) တပို့တွဲလ - ဥစ္စာပျက်၊ ပျောက်ရှိမည်။ သူခိုးခိုးခံရတတ်သည်။

**အိမ်ဆောက်သင့်သည့်နေ့ (၃)နေ့**

(၁) ဗုဒ္ဓဟူးနေ့
(၂) ကြာသပတေးနေ့
(၃) သောကြာနေ့

ဤသုံးနေ့မှာ အိမ်ဆောက်ပါသော် ဥစ္စာခနပေါ်ကြွယ်ဝ၍ များလှ ရွှေငွေ၊ တိုးတက်ပေလိမ့်လို့ အဆိုရှိတယ်။

**မဆောက်သင့်သည့်နေ့ (၄)နေ့**

(၁) တနင်္ဂနွေ - မီးလောင်၊ မီးဘေးသင့်တတ်သည်။
(၂) တနင်္လာနေ့ - ဒုက္ခဆင်းရဲရောက်တတ်သည်။
(၃) အင်္ဂါနေ့ - ပျက်စီးတတ်သည်။
(၄) စနေနေ့ - ရှားပါးငတ်မွတ်ခြင်း ရရစားစားဘဝ နေရတတ်သည်။

"ဆောက်သင့်တဲ့လ၊ ဆောက်သင့်တဲ့နေ့တွေ သိပြီဆိုရင်တော့ ရက်ရဲ့ စင်ကြယ်မှုဖြစ်အောင် တတ်သိတဲ့ ဗေဒင်ဆရာများကို မေးလို့ပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဗေဒင်ပြက္ခဒိန်မှာ ပြသသဒါး၊ ဝါရမိတ္တုကြီးငယ်၊ သမားဖြူ၊ သမားညို၊ မဟာရက်ကြမ်း၊ ရှမ်းရက်၊ ရက်ပုပ်၊ ရက်ယုတ်တွေကို ကြည့်ပြီး ရှောင်သင့်သည်ကို ရှောင်နိုင်ရင် ကောင်းပါတယ်။

ဒီ့အပြင် ဂရုပြုသင့်တာက အိမ်ရဲ့ ပုံသဏ္ဌာန်ပါ။ အိမ်မှာ အိမ်ဖား၊ အိမ်လိပ်၊ အိမ်နွားဆိုပြီး ပုံသဏ္ဌာန်ကို ကြည့်ပြီး သတ်မှတ်ထားတာ ရှိသေးတယ်။ ဒါကလည်း ဂရုပြုသင့်တဲ့ ကိစ္စမို့ ပြောရပါဦးမယ်"

**အိမ်ပုံသဏ္ဌာန် (၃)မျိုး**

(၁) **အိမ်ဖား** - အိမ်ကြောနိမ့်၍ အိမ်အရပ်မြင့်သော အိမ် (အိမ်၏ ခေါင်းရင်း သို့မဟုတ် ခြေရင်းဘက် ခပ်လှမ်းလှမ်းမှ ကြည့်လျှင် ဖားတစ်ကောင်ထိုင်နေသည်နှင့် တူသော အိမ်)။ ဒီအိမ်မျိုးမှာ နေထိုင်ခဲ့သည်ရှိသော် ဥစ္စာပစ္စည်း မ[...] ခဏ ပျောက်ဆုံးတတ်သည်။ လျော့ပါးတတ်သည်။

(၂) **အိမ်လိပ်** - အိမ်ကြောမြင့်၍ အိမ်အရပ်နိမ့်သော အိမ် (အိမ်၏ ခေါင်းရင်း ခြေရင်းဘေး တစ်ဖက်တစ်ချက်စီ[...] ကြည့်လျှင် လိပ်တစ်ကောင်နှင့် တူသောအိမ်)။ သည်အိမ်[...] မှာ နေသူကို ခိုက်တတ်သည်။ နေသူတို့ အသေအပျောက်[...] များမည်။

(၃) **အိမ်နွား** - အိမ်အရပ်၊ အိမ်အကြောညီမျှ သင့်[...] တင့် လျောက်ပတ်သောအိမ် (ရပ်လျက်နေသော နွားလ[...] ဥသဘတစ်ကောင်အား ရှုမြင်ရဘိသကဲ့သို့ အဖက်ဖက်[...] ကြည့်မြင်သော်လည်း အပြစ်ဆိုဖွယ်ရာမရှိ၊ တင့်တယ်ပြေ[...] မှုရှိသည့်အိမ်)။ ထိုအိမ်မျိုးတွင် နေထိုင်ရသူတို့ကား စိတ်[...] ချမ်းသာခြင်း၊ ကိုယ်၏ ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြွယ်[...] ချမ်းသာရာ၏။ ဥစ္စာစီးပွားလည်း ဒီရေအလား တိုးတက်ရာ[...] ဟု ရှေးဆရာများ အဆိုအမိန့်ရှိထားတယ်။

"ဒါကြောင့် အိမ်ဖား၊ အိမ်လိပ်ပုံသဏ္ဌာန်ကိုတော့ ရှောင်။ အိမ်နွားပုံသဏ္ဌာန်ကိုတော့ ဆောက်သင့်တယ်။ အ[...] အားဖြင့် ဖားလိပ်ကို ရှောင်၊ နွားကို ဆောင်လို့ မှတ်သ[...] တယ်။ အိမ်တစ်လုံးဆောက်မယ်လို့ ရည်ရွယ်ထားသူတို့[...] ပထမဦးစွာ ဆောက်သင့်တဲ့လ ဟုတ်, မဟုတ် အရင်ကြ[...] ရမယ်။ ဒုတိယ ဆောက်သင့်တဲ့နေ့ ဟုတ်, မဟုတ် ကြ[...] တတိယ မိမိရွေးချယ်ထားတဲ့နေ့မှာ အစင်အကြယ်ဆုံး[...] ဖြစ်,မဖြစ် ကြည့်ရမယ်။

ပြောရရင်တော့ကွာ၊ အိမ်ဆောက်သင့်တဲ့ နေ့ (၃)[...] ရှိပေမယ့် (၃)နေ့စလုံး စင်ကြယ်မှု ရှိချင်မှ ရှိမယ်။ အဲ[...] (၃)နေ့ထဲကပဲ အစင့်ကြယ်ဆုံးနေ့ ဒါမှမဟုတ် အပြစ်အ[...] ဆုံး တွေ့တဲ့နေ့ကို ယူသင့်တယ်။ ဒီလောက်ဆိုရင်ပဲ ဆ[...] ပြောတဲ့ စကားတွေက ပြည့်စုံပြီလို့ မဆိုသာပေမယ့် [...] ဆောက် မှန်းဆောက်တဲ့သူတွေထက်တော့ အကျိုးမယုတ်[...] ပါဘူးလို့တော့ ပြောချင်ပါတယ်"

ထိုကဲ့သို့ မောင်စိုးမြင့်အား ကျွန်တော်ပြောဆိုအ[...] အမောလေးလည်း ပြေ၊ ချွေးလေးလည်း တိတ်ကြ[...] ခေတ္တနားခိုရာ ကုက္ကိုပင်မှ ရေခရီး အပြန်လမ်းသို့ ဆက်[...] ပါတော့သည်။ ■

* * *

မောင်တင်ကြွယ်[...]




www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ


မောင်ဝေအေး

■ ကျောင်းတော်ရာ ငါးစာကျွေးဆိပ်ဖွင့်ပွဲ




အမြဲတမ်းလိုလို ကျင်းပလေ့ရှိတဲ့ စန္ဒကူးနံ့သာကျောင်းတော်ရာ ငါးစာကျွေးဆိပ် ဖွင့်ပွဲကို ဝါဆိုလပြည့်နေ့က ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

စန္ဒကူးနံ့သာကျောင်းတော်ရာ၏ အရှေ့ဘက်၊ သုံးဖာလုံ အကွာမှာရှိတဲ့ ဘူးသည်ကျေးရွာအနီးမှာ ကျင်းပပြုလုပ်တာပါ။ မကွေးအနီးတစ်ဝိုက်က လူများသာမကဘဲ မြန်မာပြည် နေရာအနှံ့က လူများ လာရောက်လို့ စည်ကားလှပါတယ်။



ရေးယခင်ကတော့ ဝါဆိုလပြည့်ရက်ဝန်းကျင်မှာ ချောင်းဝသို့ ဘုရားငါးကြီးများ ရောက်လာပြီး သတင်း ကြားတာနဲ့ ပြန်လည်ထွက်ခွာသွားတတ်ပါတယ်။ ဘုရားငါး ကြီးများမှာ ဝါထပ်နှစ်ကို အလိုလိုသိခြင်း၊ လူအများကိုင် တွယ်လို့ရခြင်း၊ လူများကို အန္တရာယ် မပြုခြင်းတို့ဟာ အံ့ဩထူးဆန်းပါတယ်။ ငါးအမျိုးအစားကတော့ ငါးထွေဖြစ်ပြီး တစ်ကောင်ကို ပိဿာ ၄၀မှ ပိဿာ ၈၀ အထိရှိပြီး ပါးစပ် အဝမှာ ဇလက်မမှ ၂၅ လက်မအထိ ရှိပါတယ်။



အခုအချိန်မှာတော့ ဘုရားငါးကြီးများ ရောက်မလာခဲ့ သည်မှာ နှစ်ပေါင်း ၂၀ ကျော် ကြာခဲ့ပါပြီ။ ဒါပေမယ့် လူ တွေကတော့ ဘုရားဖူး ငါးကြီးကို လာနိုးလာနိုးနဲ့ နှစ်စဉ် နှစ်တိုင်း ပွဲတော်ကျင်းပပြီး ကြိုနေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



### * ဘုရင် သီဟာနုရဲ့ အရိုးအိုးပူဇော်ပွဲ

"သီဟာနု" ဆိုတာက ဒီကမ္ဘောဒီးယားနိုင်ငံရဲ့ ဘုရင်တစ်ပါးပါ။ ပြင်သစ်နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံငြိမ်းချမ်းရေးအတွက် နှစ်နဲ့ ချီပြီး ဦးဆောင်ခဲ့သူတစ်ဦးဖြစ်ရုံမက၊ နိုင်ငံသူ နိုင်ငံသားတွေကလည်း ကမ္ဘောဒီးယားနိုင်ငံရဲ့ ဖခင်ကြီးအား လေးစားကြည်ညိုခဲ့ကြပါတယ်။

ဒါကြောင့်လည်း ပြည်သူအများအပြားက ဘုရင်သီဟာနုကို နောက်ဆုံးနှုတ်ဆက် ပူဇော်တဲ့အနေနဲ့ ခုနစ်ရက်ကြာအောင် ကျင်းပကြပါတယ်။ ပြီးတာနဲ့ ဘုရင်သီဟာနုရဲ့ အရိုးအိုးကို နန်းတော်ဝင်းအတွင်းမှာ ရှိတဲ့ စေတီတစ်ဆူမှာ ဌာပနာထားမယ်လို့ ဆိုပါတယ်။


ဘုရင် သီဟာနုဟာ ၂၀၁၂ ခုနှစ်၊ သက်တော် ၈၉နှစ် အရွယ်မှာ နတ်ရွာစံခဲ့ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



* ၂၀၁၄၊ ကမ္ဘာ့ဖလား ထူးဆန်းကြီးကျယ်တဲ့ ဂျာမနီအလံ

၂၀၁၄၊ ကမ္ဘာ့ဖလားကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ။ ဂျာမနီအသင်းကလည်း အချိန်ပို ဒုတိယပိုင်းမှာ အနိုင်ဂိုးသွင်းယူပြီး ကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးရရှိသွားပါတယ်။

ကမ္ဘာ့ဖလားပြိုင်ပွဲကြီးနဲ့အတူ ထူးဆန်းတဲ့ သတင်းတစ်ပုဒ်ကတော့ ၃ ဒသမ ၅ကီလိုမီတာ (၂မိုင်ကျော်)ရှည်တဲ့ ဂျာမနီနိုင်ငံအလံကို ဖန်တီးခဲ့တဲ့ သတင်းပါပဲ။

ဒီအလံကို ဂုဏ်ပြုဖန်တီးခဲ့တဲ့သူကတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လယ်သမားတစ်ဦးဖြစ်တဲ့ အမ်ဂျက်ဟိုစိန်ပဲ ဖြစ်ပါတယ်။ ၎င်းဟာ အသက် ၅၆နှစ်အရွယ်ရှိသူဖြစ်ပြီး သည်းခြေအိတ် ကျောက်တည်ရောဂါကို ဂျာမနီနိုင်ငံထုတ် ဓာတ်ကြမ်းကုဆေးသောက်ပြီး ပျောက်ကင်းခဲ့လို့ ဂျာမနီပရိသတ်ဖြစ်လာခဲ့သူပါ။ သူ့အနေနဲ့ ဒီအလံကို ၂၀၀၆ ကမ္ဘာ့ဖလားပြီးနောက်ပိုင်းက စတင် ဖန်တီးပြုလုပ်ခဲ့တာပါ။ ယင်းအလံကို ဖန်တီးပြုလုပ်ရာမှာ အဝတ်စတွေ ဝယ်ဖို့ လယ်တစ်ကွက်ကို ရောင်းချပြီး အရင်းအနှီးပြုလုပ်ခဲ့တာဖြစ်ပါတယ် ■

* * *

မောင်ဝေအေး




www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောတွင် ဖြစ်၏။ နှင်းကွဲပြီဖြစ်၍ ပတ်ဝန်းကျင်ကိုလည်း လင်းလင်းရှင်းရှင်းမြင်နေရပြီ။ တောထဲတွင်မူ သစ်ရွက်တို့အကြားမှ နှင်းကြွေသံကို တဖြောက်ဖြောက်ဖြင့် ကြားနေရသေးသည်။

ကိုအောင်ကျော်ဦးသည် ဂျပန်ကားလမ်းဟောင်းမှ လက်ယာဘက်သို့ ဖွဲ့ဆင်းပြီး တောထဲသို့ ဝင်လာခဲ့သည်။ ကိုအောင်ကျော်ဦး ဝင်လာခဲ့သောတောသည် အင်ဒိုင်းဖြစ်၍ မြေပြင်သည် သိပ်ပြီး အဖုအမောက်မရှိဘဲ ညီညာသလောက်ရှိသည်။ ခုတ်ထွင် ရှင်းလင်းပြီးနောက် မြေပြင်ကို ညှိလိုက်သည်နှင့် လယ်ကွက်ဖော်၍ ရနိုင်သည့် အနေအထားမှာ ရှိသည်။ အင်ဒိုင်းကြီး၏ အရှေ့နှင့် မြောက်အရပ်တွင် ရခိုင်ရိုးမကြီးက လက်ကောက်ဝန်းသဏ္ဍာန်ကာဆီးလျက်ရှိနေပြီး တောင်နှင့် အနောက်အရပ်တွင် ရေငန်ပေါက်၊ မြစ်ချောင်း မြစ်သွယ်ကလေး...
အစီအရီရှိနေကြသည်။

ဤနေရာသည် ရွာနှင့် သ... လှမ်းသောကြောင့် တောနက်သ... ပြောနိုင်သည်။ သားရဲ သားကော... လည်း ပေါသည်။ ဤနေရာကို ... ကျော်ဦး ရလာခြင်းမှာ ယောက... ကြောင့်ဖြစ်သည်။ ယော... သားသမီးတို့အား အမွေပေး... ကိုအောင်ကျော်ဦးကို သမီးနှင့် ... သဘောမတူသောကြောင့် လ...



www.burmeseclassic.com

www.burmeseclassic.com

# ယောက်ဖလည်း ငါလည်း တီး

မင်းဟိန်းထိုက်



လယ်သားကို မပေးဘဲ လယ်ချောင်းဖျား၏ ထိပ်ဆုံးက စပါးတစ်ခွဲခင်းနှင့် ဤမြေရိုင်းမြေလွတ်ကြီးကိုသာ တီထွင်လုပ်စားပါဟု ပေးသနားတော်မူလိုက်လေသည်။

ဤမြေရိုင်း မြေလွတ်ကြီးသည်ကား တောရိုင်းမြေဖြစ်သည့်အလျောက် သားရဲတိရစ္ဆာန်များ ပေါများ၏။ တောကြမ်းကြီးလည်းဖြစ်၏။

ဂျပန်ခေတ်က ဂျပန်များသည်ပင် မနေရဲ၊ မနေနိုင်၍ ထွက်ပြေးခဲ့ရသော တောရိုင်းကြီးဖြစ်သည်။ အမဲဖျက်နေရင်း သစ်ပင်ပေါ်မှ မဲမဲအလုံးကြီးလိမ့်ဆင်းလာပြီး အမဲပေါင်ကို ကောက်ချီ သွားသည့်အဖြစ်မျိုးလည်း အကြိမ်ကြိမ်။ အမဲသားအိုးက မိုးပေါ်မြောက်တက်သွားပြီး ပျောက်ကွယ်သွားသည်ကလည်း ဆယ်ကြိမ်မက။ လက်အေးကြီးနှင့် လည်ပင်းကို လာညှစ်သဖြင့် ထပြေးကြရသော ညများကား ညတိုင်းလိုလိုပင်။

ရွာသားများ၏ ကျွဲနွားများ တောထဲသို့ ဝင်သွားလျှင်ပင် လိုက်၍ မရှာရဲကြ။ လူစုလူဝေးနှင့် ဝင်ရှာကြလျှင်လည်း နွားကို မတွေ့ဘဲ အရိုးစုကိုသာ တွေ့ရသည်ဟု သတင်းဆိုးထွက်သည်။ တောအတွင်း ကြီးစိုးနေသည်မှာ တန်ခိုးကြီးသော ကျောက်ဘီလူးကြီးတစ်ကောင်ဟု ဆိုကြသည်။ တချို့ကလည်း ထိုကျောက်ဘီလူးကြီးမှာ ဥစ္စာစောင့်ဟု ပြောကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ သဘောရှိသော တောကို ယောက္ခမက ကိုအောင်ကျော်ဦးအား ပေးသည်မှာ သေစေချင်၍လားဟုပင် ယူဆဖွယ်ဖြစ်သည်။ သမီးနှင့် သဘောမတူသည်ကို ခွဲမရသောကြောင့် ထိုသို့ သေခွဲ့ခွဲမည့် အစီအစဉ်ဖြင့် သည်တောသို့ ပို့ပေးလေသလားဟုလည်း ထင်ရသည်။

သည်အကြောင်းကို သိသော်လည်း ကိုအောင်ကျော်ဦးသည် ကြောက်လန့်ခြင်း မရှိပေ။ တစ္ဆေသရဲကို မယုံကြည်၍လည်း မဟုတ်။ ယုံကြည်သည်သာ ဖြစ်၏။ သို့သော်လည်း ခပ်ပေပေသဘောရှိသော ကိုအောင်ကျော်ဦးသည် ကြောက်လန့်ခြင်း အလျဉ်းမရှိဘဲ ကြမ်းသည်ဟု လူပြောများသော ဥစ္စာစောင့် ကျောက်ဘီလူးကြီးနှင့် မိတ်ဆွေဖွဲ့ရန်ကိုသာ စိတ်ကူးလာခဲ့သည်။

အမဲတစ်တွဲကို ချက်ပြီးလည်း ထမင်းနှင့် ထုပ်၍ ယူလာခဲ့သည်။ လူပြောသူပြောများသော ကျောက်ဆောင်ကြီးကို လိုက်ရှာသည်။ ကျောက်ဆောင်ကြီးကို တောင်ခြေတွင် တွေ့ရသည်။ မတ်စောက်သော တောင်တန်းကြီးထဲမှ တစ်ဝက်တစ်ပျက်ပေါ်ထွက်နေသော ကျောက်ဆောင်ကြီးဖြစ်သည်။

ကျောက်ဆောင်ကြီး၏ အနောက်ဘက်တွင် တောင်ကျ စမ်းချောင်းလေး တစ်ချောင်း စီးဆင်းနေသည်။ ပတ်ဝန်းကျင်တွင်လည်း သစ်တောကြီးများဖြင့် အုပ်ဆိုင်းနေသည်။ ကျောက်ဆောင်ကြီးထဲမှလည်း ကျောက်စက်ရေများ စိမ့်ထွက်နေသည်။ အတော်လေးပင် သာသာယာယာရှိသည်။

ကိုအောင်ကျော်ဦးသည် အနီးအနားက ဝါးတစ်လုံးကို ခုတ်ယူပြီး နှစ်ခြမ်းခွဲကာ ကျောက်ဆောင်ကြီးမှ စိမ့်ထွက်နေသော ကျောက်စက်ရေကို ရေတံလျောက်သွယ်ယူလိုက်သည်။ ထို့နောက် ထမင်းထုပ်ကို ဖွင့်ပြီး အမဲသားနှင့် ထမင်းကို ရေနယ်ကာ ဖက်စိမ်းဖြင့် ထည့်၍ ကျောက်စွန်းတွင် တင်လိုက်ရသည်။

"ရော့ . . . ယောက်ဖလည်း စားမယ်၊ ငါလည်း စားမယ်။ ငါ့ကိုလည်း စောင့်ရှောက် ကြည့်ရှု၊ ဒီခနိရည်ကိုလည်း သောက်၊ ငါ ဒီလောက်ပဲ ပြောတတ်တယ် ယောက်ဖ၊ ကဲ-ယောက်ဖလည်း စားတော့၊ ငါလည်း စားတော့မယ်"

ထိုသို့ပြောဆို တင်မြှောက်လိုက်ပြီးနောက် ကိုအောင်ကျော်ဦးလည်း ခနိရည်ကို အဝသောက်ပြီး ထမင်းစားလေသည်။ ကိုအောင်ကျော်ဦးက ခနိရည်ကြိုက်သည်။ ခနိရည်မရလျှင် အရက်။ ထန်းရည်တော့ အောင်ကျော်ဦးတို့ အရပ်တွင် မရှိပေ။ ခနိရည်မူးမူးနှင့် စားချလိုက်ရာ ထမင်းဟင်းများ ခဏချင်း ပြောင်စင်သွားလေသည်။ ကျောက်စွန်းပေါ်တွင် ဖက်စိမ်းဖြင့် တင်မြှောက်ထားသော ထမင်းဟင်းများကို ကြည့်လိုက်ရာတွင်လည်း ပြောင်စင်နေသည်ကို တွေ့ရလေသည်။

"ဟုတ်ပြီကွာ။ ယောက်ဖနဲ့ ငါတော့ အဆင်ပြေလောက်တယ်။ ကဲ-ယောက်ဖ၊ ငါ တောသွားခုတ်လိုက်ဦးမယ်"

ဟု ပြောပြီး ကိုအောင်ကျော်ဦးလည်း တောခုတ်ရန် ထွက်လာခဲ့လေသည်။ တစ်ယောက်တည်း သီချင်းတကြော်ကြော်ဖြင့် တစ်နေကုန် ခုတ်သည်။ ညနေ မိုးချုပ်ခါနီးမှ ရပ်ထားခဲ့၏။

"ကဲ - ယောက်ဖ၊ ငါပြန်ဦးမယ်။ နောက်နေ့မနက်မှ ပြန်ဆုံကြတာပေါ့၊ ဟုတ်ပြီလား"

ထိုသို့ ပြောထားခဲ့ပြီး ကိုအောင်ကျော်ဦး အိမ်ပြန်လာခဲ့သည်။ မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ အိမ်ဝသူသက်ထား မခင်ထွေးရီက လှမ်းမေးသည်။

"ဘယ်လိုလဲ ဆရာကြီး၊ အဆင်ပြေရဲ့လား"

"ပြေတယ်"

ထိုမျှသာ ပြောလိုက်သည်။ ဖက်စိမ်းနှင့် ထည့်ကျွေးသော အမဲသားနှင့် ထမင်းပြောင်စင်သွားသည့်အကြောင်းကိုမူ ပြောမပြပေ။ ထို့နောက် ရေမိုးချိုးပြီး ညနေစာစားကြသည်။ မိန်းမဖြစ်သူက မူ နေ့စဉ် သားငါးတစ်ခုခုချက်ခိုင်းထားသည်။ တောခုတ်၍ ပင်ပန်းလျှင် သားငါးတစ်ခုခုစားရမှ အားရှိပြီး အလုပ်လုပ်နိုင်မည်ဖြစ်သည်။ ထို့နောက် ယောက်ဖအတွက်။

နောက်နေ့မနက်တွင် ထမင်းထုပ်ကို လွယ်ပြီး တောထဲသို့ ရောက်လာပြန်သည်။ ယခင်နေ့ကအတိုင်းပင် "ယောက်ဖလည်း စား၊ ငါလည်း စား" ဟု ပြောပြီး ဖက်စိမ်းဖြင့် အမဲသားနှင့် ထမင်းကို ပုံပြီး ကျောက်စွန်းတွင် တင်ပေးလိုက်သည်။ ထို့နောက် ကိုအောင်ကျော်ဦး ထမင်းစားသည်။ ကိုအောင်ကျော်ဦး စားပြီး၍ ကျောက်စွန်းကို ကြည့်လိုက်ရာ ထမင်းဟင်းများ ပြောင်စင်နေသည်ကို တွေ့ရသည်။

ကိုအောင်ကျော်ဦး တစ်နေကုန် တောခုတ်ပြီး ညနေစောင်း၍ ပြန်ချိန်တွင် ယခင်နေ့ကအတိုင်း ယောက်ဖကို နှုတ်ဆက်သည်။

"ကဲ -- ယောက်ဖ ငါပြန်မယ် နော်။ မနက် စောင့်နေကွာ။ ခနိရည်မရရင် အရက်၊ တစ်ခုခုနဲ့ အဝနက်တာပေါ့"

အိမ်ကို မိုးချုပ်မှ ရောက်သည်





www.burmeseclassic.com

www.burmeseclassic.com

နီးမဖြစ်သူက မေးလျှင်လည်း အဆင် ပြေသည်ဟူ၍သာ ပြောထားသည်။ နီးမဖြစ်သူကလည်း အသားငါး ဟင်းကောင်း နေ့တိုင်းချက်ကျွေးသည်။ ကိုအောင်ကျော်ဦးကလည်း သူ တစ် ယောက်တည်း မစားဘဲ ယောက်ဖနှင့် ဆေ့စားသည်။ ထို့ကြောင့် အံ့ဖွယ် ဘောကြမ်းကြီးကို လယ်ကွက်ဖော်ရန် ခတ်ထွင် ရှင်းလင်းနေသော်လည်း ည်သည့်အနှောင့်အယှက်မျှ မရှိပေ။

သို့သော်လည်း ကိုအောင်ကျော် ဦးမှာ မိဘလည်း မချမ်းသာ၊ ယောက္ခမ ကလည်း မချစ်သဖြင့် အရင်းအနှီးမရ သောကြောင့် ဟင်းကောင်းစားခြင်း၊ ခနဲ ည်၊ အရက်သောက်ခြင်းတို့ကို ကြာကြာမတတ်နိုင်ပေ။ တစ်လမျှသာ ကျပြီး တစ်လ၏ ဟိုဘက်ကို လွန် သောအခါ ဇိမ်မကျနိုင်တော့ပေ။ ထို့ကြောင့် ယောက်ဖကို တင်မြှောက် သောအခါတွင်လည်း ခနဲရည်၊ အရက်၊ အသားငါး မတတ်နိုင်တော့ပေ။

"ကဲ - ယောက်ဖ၊ အားတော့ နာယ်ကွာ။ ငါ့မိန်းမကလည်း ငွေမရှာ တတ်၊ ငါကလည်း တောချည်းခုတ်နေ တော့ ငွေမရှာနိုင်ဘူး။ ဒါကြောင့် ဒီနေ့ တော့ အသောက်မပါနိုင်သလို၊ အစား လည်း ဟင်းမကောင်းဘူး။ ဘူးညွန့်၊ သီးနဲ့သာ ဆွဲပေရော့"

ဟု ပြောပြီး တင်မြှောက်လိုက်

ထိုနေ့မှစ၍ ကိုအောင်ကျော်ဦး သားစိမ်းငါးစိမ်း မတတ်နိုင်သလို၊ ခနဲရည်လည်း မသောက်နိုင် ချေ။ ထို့ကြောင့် ယောက်ဖကို မတင်မြှောက်နိုင်တော့ပေ။ ဤ ကိုအောင်ကျော်ဦးက ဖြစ်သလို သောက်နိုင်သော်လည်း ယောက်ဖ အား စားနိုင်ခြင်း မရှိပေ။

ကိုအောင်ကျော်ဦးဆိုက လသျှို ပြီး စားသောက်လာချိုဖြစ်၍ ရန်ပြုရန် လည်း မသင့်တော့ပေ။ သားစိမ်း ငါးစိမ်း မစားရလျှင်လည်း မနေနိုင်၊ ထို့ထက် ခက်သည်က အရက်စွဲသွားခြင်းပင် ဖြစ်၏။ ထို့ကြောင့် မတတ်သာသည့် အဆုံး ကိုအောင်ကျော်ဦးအား ကိုယ် ထင်ပြကာ ကူညီစောင်မ ရလေသည်။

"ကဲ - ယောက်ဖ အောင်ကျော် ဦး၊ ငါလည်း မင်းနဲ့ ပေါင်းမှ အရက် သမားဖြစ်ပါလေရော့ကွာ။ သားငါးမစား ရရင်လည်း မနေနိုင်တော့ဘူး။ ဒီတော့ ရော့၊ မင်း ငွေငါးကျပ်ယူသွား၊ နောက် နေ့မနက်မှာ အမဲသားငါး တစ်ခုခုနဲ့ ခနဲ ရည်၊ အရက်တစ်ခုခုလုပ်လာခဲ့ပါ"

ဟု ပြောပြီး ငွေငါးကျပ်ထုတ် ပေးလေသည်။

ကိုအောင်ကျော်ဦးလည်း ငွေငါး ကျပ်ရ၍ အတော်လေးပင် ဝမ်းမြောက် ဝမ်းသာဖြစ်သွား၏။ ငွေငါးကျပ်သည် ကား ပမာဏအားဖြင့် အတော်လေးပင် များ၏။ တစ်ကျပ်ခွဲမျှ သုံးလျှင်ပင် အမဲ သားငါး၊ အရက် အစုံရ၏။ ကျန်သော ငွေများကို ထိန်းသိမ်း စုဆောင်းထား၏။

နောက်နေ့မနက်တွင် ယောက်ဖ သည်လည်း ကိုယ်ထင်ရှား ထွက်လာ ပြီး ကိုအောင်ကျော်ဦးနှင့် အတူထိုင်၍ အရက်သောက်ကြ၏။ ထမင်းလည်း အတူထိုင်စားကြ၏၊ အတော်လေးပင် ဟန်ကျသွား၏။ စားသောက်ပြီးနောက် ယောက်ဖက ငွေငါးကျပ်ထုတ်ပေး လိုက်ပြန်သည်။ ကိုအောင်ကျော်ဦးနှင့် အတော်လေးပင် အပေါင်းကျသွားလေ သည်။

◈◈◈

ကိုအောင်ကျော်ဦးအဖို့လည်း ယောက်ဖနှင့် အပေါင်းကျသွား၍ အိမ် စားရေးသောက်ရေးမှ စပြီး ပူစရာမလို သောကြောင့် တောခုတ်ခြင်း၊ ငုတ်ဖော် ခြင်းကိစ္စများကို ပိုမိုလုပ်နိုင်၍ တစ်နှစ် အတွင်းမှာပင် ဆယ်ဧကနီးပါးရှိသော တောရိုင်းလယ်တစ်ကွင်းနှင့် စမ်းချောင်း ကမ်းနဖူးတွင်ရှိသော မြေနုကျွန်းများကို လည်း ကိုင်းခင်းအဖြစ် ဖန်တီးနိုင်လေ သည်။

နောက်ပိုင်းတွင် ယောက်ဖနှင့် အပေါင်းကျ၍ ငွေသားရသည့်အကြောင်း ကို မိန်းမအား တီးတိုးပြောပြလိုက် သည်။ အခြားလူများကို မပြောရန် လည်း နှုတ်ပိတ်ထားသည်။ ယောက်ဖ က ငွေသားများကို ပေးကမ်း စောင့် ရှောက်ရုံတင်မကဘဲ မိုးလယ်၊ မိုးနှောင်း စသော မိုးလေဝသအကြောင်းများကို ပါ ပြောပြနေ၍ ကိုအောင်ကျော်ဦးမှာ စပါးနှင့် ကိုင်းထွက် သီးနှံများ ပိုမိုရရှိ လေသည်။

လေးငါးနှစ်အတွင်းမှာပင် တော သူဌေးတစ်ယောက်ဖြစ်လာပြီး ပျဉ်စီ ပျဉ်ထောင်သစ်သားအိမ်ကြီးတစ်ဆောင် ကိုလည်း ဆောက်လုပ်နိုင်လေသည်။ ရွာသားများကမူ အံ့သြ၍မဆုံးဖြစ်နေကြ သည်။ သည်မြေကို လယ်လုပ်လျှင် ကိုအောင်ကျော်ဦး သေလိမ့်မည်ဟု ထင်မှတ်ထားကြရာ မသေသည့်အပြင် ယခုတွင်မူ ကိုအောင်ကျော်ဦး သူဌေး ဖြစ်လာလေသည်။

ပွားစီးလာကြသော သားသမီးများ ကိုလည်း ဘွဲ့ရ ပညာတတ်များဖြစ်လာ ကြသည်အထိ ပြည့်စွမ်းနိုင်ခဲ့သည်။ လယ်နှင့် ကိုင်းရှိ၍ စားရေးသောက်ရေး ကို မပူပင်ရသောကြောင့် ယောက်ဖ ပေးသည့် ငွေသားငါးကျပ်ထဲမှ တစ်နေ့ တာ ယောက်နှင့် သုံးစား၍ ကြွင်းသော ငွေကြေးများကို စုဆောင်းထားနိုင်ခဲ့ သည်။

ထို့နောက် အသက်အရွယ်ရလာ



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ကိုအောင်ကျော်ဦးမှသည် ဦးအောင်ကျော်ဦးဟူ၍ ဖြစ်လာခဲ့သည်။ အသက် ၅၊ အရွယ်သို့ ရောက်လာခဲ့ပြီဖြစ်၍ ဇရာပိုင်းဟု မဆိုနိုင်သေးသော်လည်း လူကြီးပိုင်း၊ လူကြီးတစ်ယောက်ဟူ၍ကား ဆိုရပေတော့မည်။

ဦးအောင်ကျော်ဦးမှာ အသက် ၅၀ ပိုင်းဖြစ်သော်လည်း ကောင်းကောင်းစားသောက်ပြီး တောလုပ်ငန်းများမှာသာ ကျင်လည်လာခဲ့၍ ကျန်းမာရေးကောင်းပြီး လူသန်ကြီးတစ်ယောက်လည်း ဖြစ်သည်။ တစ်နေ့ တစ်ခေါက် ယောက်ဖထံသို့လည်း မှန်မှန်ရောက်သည်။ ယောက်ဖထံသို့ လာတိုင်းလည်း "ယောက်ဖအကြိုက်၊ ငါ့အကြိုက်" စားသောက်ဖွယ်ရာများကို အပြည့်ယူလာတတ်သည်။

ထို့နောက် ကျောက်ဆောင်ကြီးနားတွင် ထိုင်ပြီး ယောက်ဖနှင့်အတူ သောက်စားကြသည်။ သောက်စားပြီးနောက် ယောက်ဖက ငွေသားငါးကျပ် ပေးလိုက်သည်။ အတော်အတန် တောနက်တစ်နေရာဖြစ်၍ ဦးအောင်ကျော်ဦးနှင့် ယောက်ဖတို့ ချစ်ကျွမ်းဝင်နေကြသည်ကိုလည်း သိသူဟူ၍ တစ်ယောက်မျှ မရှိကြပေ။

သို့သော် နှစ်ပေါင်းများစွာ သိုက်ငွေများကို ရောင်းစားလာခဲ့ရသောကြောင့် ဦးအောင်ကျော်ဦး ရောင်းချခဲ့သော သိုက်ငွေများသည် ပျံ့နှံ့လျက် သိုက်ဆရာတို့၏ လက်တွင်းသို့ ရောက်ရှိသွားလေ၏။ သည်အဖြစ်ကို ဦးအောင်ကျော်ဦး မသိလိုက်ပေ။ မသိ၍လည်း နေမြဲအတိုင်းသာ နေ၏။

ဦးအောင်ကျော်ဦးသည် ယောက်ဖထံသို့ လာသောအခါ မနက်ပိုင်းကိုသာ လာလေ့ရှိသည်။ ညနေပိုင်းကို လာ၍လည်း အဆင်မပြေပေ။



တောနက်တစ်နေရာဖြစ်သောကြောင့် ညနေပိုင်းကို လာလျှင် တစ်နေ့မဟုတ် တစ်နေ့ ကျားသစ် သားရဲတို့နှင့် တွေ့ဆုံပြီး ရင်ဆိုင်ရပေလိမ့်မည်။

◈◈◈

သည်မနက်စောစော ယောက်ဖထံသို့ လာခဲ့ရာ ခပ်လှမ်းလှမ်းကပင် ယောက်ဖနေသော ကျောက်ဆောင်ကြီးခြေရင်းတွင် လူသုံးလေးယောက် လှုပ်လှုပ်ရှရှ လှုပ်ခတ်နေကြသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် သူတို့ဘာများလုပ်နေကြပါလိမ့်ဟု သိလို၍ ဦးအောင်ကျော်ဦးသည် မယောင်မလည်နှင့် တိုးကပ်သွား၏။

ထိုအခါ လူသုံးလေးယောက်တို့သည် ယောက်ဖအား ကြိုးတုပ် ချည်နှောင်၍ ရိုက်ပုတ် နှိပ်စက်နေကြသည်ကို တွေ့ရလေသည်။ ယောက်ဖခမျာ လှုပ်ပင် မလှုပ်နိုင်တော့ဘဲ မျက်ရည်စက်လက်ဖြင့် တအင်းအင်းအော်ညည်းလျက် ကြီးစွာသော ဒုက္ခအား ခံစားနေရသည်ကို တွေ့လိုက်ရသည်။

"ဟော့···မဆိုင်သူ မကပ်နဲ့"

တောင်ရှည် ပုဆိုး၊ တိုက်ပုံအင်္ [cut off]
နှင့် ကျက်သရေခေါင်းပေါင်းကို ပေါင်း [cut off]
ထားသည့် လူကြီးတစ်ယောက် [cut off]
ဟန်ပါပါ ကိုင်ထားသည့် လက် [cut off]
ကြိမ်လုံးကို ဝှေ့ရမ်းပြီး အော်လိုက် [cut off]
အသံကြီး ဟိန်းထွက်သွားပြီး ကြိမ် [cut off]
ကြီးကလည်း မီးဟုန်းဟုန်းတော [cut off]
သွားလေသည်။ ထို့ကြောင့် ဦးအော [cut off]
ကျော်ဦးလည်း လန့်ဖျပ်ပြီး နောက် [cut off]
ဆုတ်သွား၏။

သို့သော်လည်း ဝေးဝေးပြေး [cut off]
သည်ကား မဟုတ်။ လယ်ကွက်က [cut off]
တစ်ကွက်မျှသာ နောက်သို့ ဆုတ် [cut off]
ပြန်ကြည့်၏။ ထိုလူသုံးယောက် [cut off]
သည် ရာဇမတ်များ ကာ၍၊ [cut off]
လေးထောင့်တွင် ငုက်ပျောပင်များ [cut off]
ပြီး ယောက်ဖအား ကြိုးဖြင့် တုပ် [cut off]
ကာ ရိုက်ပုတ် နှိပ်စက်နေကြ [cut off]

ထို့ကြောင့် ဦးအောင်ကျော် [cut off]
လည်း အနားသို့ တစ်ဖန် ကပ်သွား [cut off]
သည်။ ယောက်ဖအား ကြည့်ပြီး သ [cut off]
၍မဆုံးဖြစ်နေမိသည်။ ယောက်ဖ [cut off]
တုပ်နှောင်ခြင်းကို ခံနေရ၍ အော် [cut off]
လျက်က ဦးအောင်ကျော်ဦးအား သ [cut off]
စဖွယ် မျက်နှာဖြင့် ကြည့်ပြီး···

"ယောက်ဖ···ငါ့ကို ကယ် [cut off]
ယောက်ဖ···ငါ့ကို ကယ်ပါဦး"

ဟု အော်ပြီး အကူအညီတော [cut off]
နေလေ၏။ ထို့ကြောင့် ဦးအောင် [cut off]
ဦးလည်း နောက်သို့ ပြန်ဆုတ်ပြီး [cut off]
ခင်းကို ကာရံထားသည့်အထဲမှ [cut off]
တစ်ချောင်းကို ဆွဲနုတ်ကာ ထို [cut off]
ရာသို့ အော်ပြီး ပြေးလိုက်သွား [cut off]
သည်။

"ငါ့ယောက်ဖကို နှိပ်စက် [cut off]
တဲ့ မသာတွေ သေဖို့သာ ပြင် [cut off]
ရော့"

ဟု ခြိတိုင်ကြီး [cut off] ကိုင် [cut off]

www.burmeseclassic.com

www.burmeseclassic.com

ပြီး ဆူဆူညံညံဖြင့် အော်ဟစ် ဆဲဆို ကာ ပြေးလိုက်လာနေသော ဦးအောင် ကျော်ဦးကို မြင်လျှင် ထိုလူများလည်း အော်ဟစ်ပြီး ထွက်ပြေးကြလေသည်။ သူတို့ ထွက်ပြေးကြသည်နှင့် တစ်ပြိုင် နက် ယောက်ဖကို တုပ်နှောင်ထားသော ထိုနေရာတစ်ဝိုက်သည်လည်း မီးဟုန်း ဟုန်းတောက်ပြီး ယောက်ဖလည်း ပျောက်ကွယ်သွားလေသည်။

◈◈◈

ဦးအောင်ကျော်ဦးလည်း ယောက်ဖနှင့် ခွဲခွာလိုက်ရသောကြောင့် ယောက်ဖကို အလွမ်းကြီး လွမ်းကာ ဦးတည်ရာမဲ့ လျှောက်သွား၍သာ နေ သည်။ ယောက်ဖနှင့် တွေ့ဆုံ စား သောက်နေခဲ့ကြဖူးသော လယ်ခေါင်း ကြားက နေရာကို ရောက်သည်။ ထို နေရာတစ်ဝိုက်သည်လည်း ခြောက် သွေ့၍နေ၏။ ယောက်ဖရှိစဉ်ကကဲ့သို့ စိမ်းစိုမှု မဟုတ်တော့ပေ။

ဦးအောင်ကျော်ဦးသည် ဦးတည် ရာမဲ့ လျှောက်သွားရင်းက တောင်တန်း သားနေရာသို့ ရောက်သွား၏။ ထိုမှာပင် ယောက်ဖနှင့် ပြန်တွေ့ရလေသည်။ ယောက်ဖသည်ကား နဂိုလို မဟုတ် တော့ပေ။ တောင်တန်းသူ တောင်တန်း သားတို့၏ ကိုးကွယ်ဆည်းကပ်ခြင်းကို ခံနေရသော နတ်မင်းကြီးတစ်ပါးသာ ဖြစ်နေလေသည်။

ဦးအောင်ကျော်ဦးက တောင်တန်း သူ တောင်တန်းသားများ ယောက်ဖကို ပူဇော်ပသနေကြသောပွဲမှာ သွားတွေ့ ၏။ ဦးအောင်ကျော်ဦးက တောင်တန်း သူ တောင်တန်းသားများမှ အမဲသား နှင့် ပသရေစာများကို ကိုင်မြှောက် ၍ ဆပ်က တတွတ်တွတ် ရွတ်ဆို နေခြင်းတွင် ယောက်ဖကို အသေ အချာကြည့်၏။ ယောက်ဖက ဦးအောင် ကျော်ဦးကို ပြုံးပြ၏။ သို့မှ ဦးအောင် ကျော်ဦးလည်း ယောက်ဖကို သဲကွဲစွာ သိသွားပြီး အားရပါးရခေါ်လိုက်၏။

"ဟာ…ယောက်ဖ"

ယောက်ဖက မျက်စိမှိတ်ပြ သည်။ ထို့ကြောင့် ဦးအောင်ကျော်ဦး လည်း ဆက်၍မခေါ်ဘဲ ငြိမ်နေလိုက် ၏။ တောင်တန်းသူ တောင်တန်းသား များ သောက်စားမူးရူးပြီး အသီးသီးပြန် သွားကြမှ ဦးအောင်ကျော်ဦးသည် မယောင်မလည်နှင့် အနားသို့ ကပ်သွား ပြီး ယောက်ဖနှင့် စကားပြောဖြစ်ကြ သည်။

"ယောက်ဖက ဘယ်က ဘယ် လို ဒီနေရာကို ရောက်နေတာလဲ။ ငါ့ မှာဖြင့် ယောက်ဖကို လွမ်းလို့ လိုက် ရှာလိုက်ရတာ။ လက်စသတ်တော့ ယောက်ဖက ဒီမှာလာပြီး ကြီးပွားနေ တာကိုး"

"ငါ့ဟာနဲ့ ငါ နေတုန်းက အကောင်းသားကွ။ ယောက်ဖနဲ့ ပေါင်း မိပြီး အရက်စွဲရာကနေ ဒုက္ခရောက်ခဲ့ ရတာပေါ့။ အဲဒါကို ယောက်ဖ သိတယ် မဟုတ်လား"

"သိပါတယ်။ သိရုံနဲ့ နေသလား။ ယောက်ဖကို ငါကိုယ်တိုင် ကယ်လိုက် တာလေ"

"အေး ဟုတ်တယ်။ ယောက်ဖ သာ မကယ်ရင် ငါသေမှာ"

"ငါကလည်း ယောက်ဖကိုတော့ ဘယ်အသေပေးမလဲ။ ကိုယ်သေချင် သေပါစေ၊ ဝင်ချမှာပဲ။ ငါလည်း ခြံတိုင် ကြီးကို ကိုင်မြှောက်ပြီး ပြေးလိုက်လာ ရော ဟိုဆရာတွေလည်း ဖရိုဖရဲဖြစ်ပြီး ထွက်ပြေးကြရော။ ယောက်ဖကလည်း အဲဒီအချိန်က စပြီး ပျောက်သွားလိုက် တာ အခုမှပဲ တွေ့ရတော့တယ်။ ငါဖြင့် လိုက်ရှာလိုက်ရတာ ယောက်ဖရယ်။ ဒီတော့ ယောက်ဖ ငါနဲ့ ပြန်မလိုက် တော့ဘူးလား"

"ပြန်မလိုက်တော့ဘူး ယောက် ဖ။ ငါ ဒီမှာပဲ နေတော့မယ်။ နောက် တစ်ဖန်လည်း ဒုက္ခမဖြစ်ချင်တော့ဘူး။ ဒီမှာလည်း ငါ လူတွေနဲ့ အတတ်နိုင် ဆုံး ကင်းအောင်ပဲ နေပါတယ်။ စကား တောင် မပြောပါဘူး"

ဦးအောင်ကျော်ဦး သက်ပြင်း တစ်ချက်ချလိုက်၏။ ယောက်ဖက ပြန် မလိုက်တော့ဘူးဟု ဆို၍ အလွန် အမင်းလည်း ဝမ်းနည်းပက်လက်ဖြစ် သွားမိသည်။ ယောက်ဖအနေဖြင့်လည်း ဟိုမှာဆိုလျှင် ဦးအောင်ကျော်ဦး တစ် ယောက်တည်းကသာ ဆည်းကပ် လုပ် ကျွေးသည်။ သည်မှာကား တောင်ပေါ် သူ တောင်ပေါ်သား မြောက်မြားစွာတို့ က ဆည်းကပ် လုပ်ကျွေးနေကြသည်။ အစစအရာရာ သည်မှာ သာသည်။ ဤသည်ကို ကြည့်ပြီး ဦးအောင်ကျော်ဦး လည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

ထို့ကြောင့် ဦးအောင်ကျော်ဦး လည်း ယောက်ဖကို ပြန်ခေါ်ချင်ပါ လျက် သူ၏ အဆင်ပြေမှုများကို ကရု ဏာဖြစ်လျက် ယောက်ဖကို ပြန်မခေါ် ရန် ဆုံးဖြတ်ပြီး ဝမ်းနည်းစကားများကို အများကြီးပြောခဲ့ကာ ဇိုယိုလျက် ပြန် လာခဲ့လေသည်။

ဦးအောင်ကျော်ဦး ယောက်ဖနှင့် လမ်းခွဲပြီး ပြန်လာသောအခါ ဇာတ်လမ်း လေးပင် ညဉ့်နက်နေလေပြီ ■

* * *


မင်းဟိန်းထိဉ်



www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံအစွမ်းနှင့် အပ်ချည်မျှင်



ဦးကိုကိုအေး (ကြို့ပင်ကောက်)

ကျွန်တော့်ဇနီး ဒေါ်ဖြူဖြူဝင်းသည် ဘာသာတရားကို အထူးကိုင်းရှိုင်းသူဖြစ်ပါသည်။ ဘာသာရေးမဂ္ဂဇင်း၊ ဂမ္ဘီရ စာစောင်အမျိုးမျိုးတို့မှ အစွမ်းထက်သော မှတ်တမ်းဝင်များကို မှတ်စုကူးကာ တရိုတသေသိမ်းထားခြင်း၊ လိုအပ်သူများကို ဖြန့်ဝေပေးခြင်းဖြင့် ဓမ္မဒါနပြုသူတစ်ဦးဖြစ်ပါသည်။ သူများ ရောဂါဖြစ်လျှင် ဆေးမန်းပေးသူ၊ ပယောဂစက်မှန်သမျှကို နှိမ်နင်းသူတစ်ဦးလည်း ဖြစ်ပါသည်။ အများ၏ ချစ်ခင်လေးစားမှုကိုလည်း ခံရသူဖြစ်ပါသည်။ အထူးသဖြင့် သူ့အား မည်သည့်ခွေးကိုက်ကိုက် မပေါက်ပြခြင်း၊ ကင်းဘယ်လောက်ထိုးထိုး မနာကျင်ခြင်းတို့မှာ အစွမ်းထက်သည့် သီလစွင့်ကြယ်ခြင်း ဂါထာ မန္တန်တို့ကြောင့် ဖြစ်ပါသည်။ သူ့ကို ကျွန်တော် လေးစားချစ်ခင်ရခြင်းမှာ စိတ်ကောင်းရှိခြင်း၊ သည်းခံစိတ်ရှိခြင်းတို့ကြောင့်ပင် ဖြစ်သည်။

သူ့တွင် နှစ်စဉ်နှစ်တိုင်း မျက်သမာပေါက်တတ်၏။ တစ်လုံးပြီး တစ်လုံး ဆက်ထွက်လေ့ရှိပါသည်။ ကျွန်တော်က "မင်းကို ငါကုပေးမယ်။ အပ်ချည်ကြိုးယူခဲ့။ ဒီတစ်ညတော့ မြဲအောင် ချည်ထား"ဟု ပြောပြီး လက်ခလယ်တွင် ချည်ပေးထားပါသည်။ နောက်နေ့မနက်တွင် ဖြုတ်ပြီး "မကောင်းသည့်ရောဂါ အကုန်ပါ"ဟု ပြောပြီး စွန့်ပစ်ခိုင်း၏။ တစ်ညနှင့်ပင် သူ့မျက်သမာရောဂါပျောက်သွား၏။ ဒီနည်းကို သူ့အား သင်ပေးပါလားဟု ပြောသဖြင့် ကျွန်တော်သင်ပေးလိုက်ပါသည်။

မရွှေဖြူ၏ အောင်မြင်မှုက သွားလေရာ အပ်ချည်တစ်လုံးဆောင်ရသည်အထိဖြစ်သွားသည်။ သားကြီး ကျောင်းတက်သော အ-မ-က အရှေ့၊ မြို့ပတ်လမ်း မူလတန်းကျောင်းကို နေ့စဉ်အသွားအပြန်ကြိုသည်။ ကျောင်းသားလေးတွေ၌ မျက်သမာတွေ့လျှင် လက်ခလယ်မှာ ဘုတုံးလေး သုံးထုံးထုံး၍ချည်ပေးလိုက်သည်။ နောက်နေ့ ပျောက်ဖြစ်၍ ကျောင်းသားလေးများမှတစ်ဆင့် သူ့မိခင် ဖခင်၊ မိခင် ဖခင်မှတစ်ဆင့် ပတ်ဝန်းကျင်အထိ ကျော်ကြားသွား၏။

ဤသို့ ရောဂါကုပေးခြင်း၊ ဆေးမန်းပေးခြင်းကို သူ… သည်။ ဤပညာကို ကျွန်တော့်ဖခင်မှ သင်ကြားပေးခြင်းဖြစ်… သည်။

ဖခင်သည် ပေါင်းတည်မြို့နယ်အတွင်းရှိ ဝက်ပုတ်… ဖြစ်ပါသည်။ ဂျပန်ခေတ်တွင် ဦးမာလာဆရာတော်ဘုရား… မှာ ကိုရင်စည်း၊ စာဝါတက်ရပါသည်။ ရောဂါဘယကင်း… သူများ မပြုစားရေးအတွက် မန်းကွင်းကလေးများ ပြု… လက်တွင် ကိုရင်ကလေးများကို ဆရာတော်က ဆောင်… ခိုင်းခြင်းဖြစ်ပါသည်။ ဆရာတော်ကြီး ပေးသော မန်းကွင်း… ဘုန်းကြီးကျောင်းသားများ၊ ကိုရင်များကို ဖခင်က ချည်… ရပုံ၊ အတိုက်နိုင်ပုံ၊ မျက်စိနာ၊ မျက်စိရောဂါများ ပျောက်က… ပုံတို့အား ဖခင်မှပြောပြထားမှု၍ မှတ်သားထားခြင်းဖြစ်ပါသ…

လက်တွေ့ ကုထုံးအတတ်ပညာဖြစ်၍ ရေးသားဖော်… ခြင်းဖြစ်ပါသည်။ အစွမ်းထက်သည်၊ ပျောက်သည်ဆိုသ… မှာ ဘုရား တရား ယုံကြည်မှု၊ ကိုယ်တိုင် သီလသမာဓိ… လည်း လိုပါသည်။ မိမိသီလစွမ်းအား၊ သမာဓိစွမ်းအား တ… နေသရွေ့ သီလလုံခြုံပါက သိဒ္ဓိတက်၊ အာဏာစက်ဝင်… အစွမ်းထက်နေမည်ဖြစ်သည်။

ထိုမန်းကွင်းပြုလုပ်ပုံမှာ အပ်ချည်လုံးမှ အပ်ချည်… တစ်ထွာခန့် ဖြတ်ယူပါ။ ပြီးလျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ … ဆို၍ ဘုထုံးလေးတစ်ထုံး ထုံးပါ။ ဒုတိယအထုံးကိုလ… ဓမ္မံ သရဏံ ဂစ္ဆာမိ ဟု ဆို၍ ထုံးပါ။ တတိယအထုံး… လည်း သံဃံ သရဏံ ဂစ္ဆာမိ ဆို၍ ထုံးပါ။ ထိုအထုံးသုံး… အား ဘယ်ဘက် မျက်စိတွင် မျက်ခမ်းစွန်ပါက ညာ… လက်ခလယ်၌ ချည်ပါ။ တစ်ညအိပ်ပြီး နောက်နေ့… စွန့်ပစ်ပါ။ မျက်သမာ (သို့မဟုတ်) မျက်ခမ်းစွန်ရော… ပျောက်ကင်းသွားမည်ဖြစ်ပါသည်။ မပျောက်သူ မရှိပါ။ သ… ဂုံအစွမ်းပင် ဖြစ်ပါသည်။ ■

* * *

ဦးကိုကိုအေး (ကြို့ပင်ကော…



www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု ၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရဆန်းကြယ်

# ခုနှစ်ရက်သားသမီးများအတွက်

## ၂၀၁၄-စက်တင်ဘာ

# ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

**တနင်္ဂနွေသားသမီးများ**

ယခုလတွင် သင်သည် ကံဇာတာ မည့်ပါ။ သို့သော် ငွေဝင်သလောက် အကုန်အကျလည်း များနေပေလိမ့်မည်။ ...ကြက်ပေါက်များ ပိတ်ဆို့၍မရအောင် ဖြစ်နေလိမ့်မည်။

မီး လျှပ်စစ်မီး ဒုက္ခပေးတတ်သည်။ အမူအခင်းပေါ်တတ်သည်။ အလုပ်တွင် ရုတ်တရက် နစ်နာမှုကြုံတတ်သည်။ ...အောင် ဆင်ခြင်ပါ။ အတိုက်အခံပေါ်မည်။ တစ်သက်လုံးတွဲလာသော မိတ်ဆွေနှင့် စိတ်ဝမ်းကွဲတတ်သည့်လပါ။ ခါးနာမည်။ ...ထိုးခြင်း၊ နိပ်ခြင်း၊ အကြောကိုင်ခြင်းတွေ မပြုဘဲ လူးဆေးသောက်ဆေးဖြင့်သာ ကုပါ။ ယခုလတွင် သင့်အား သူတစ်ပါး ...မ်းကာဝေ၊ အောက်လမ်း၊ ဆေးခတ်ခြင်း စသော မကောင်းသည့် အတတ်များဖြင့် ဒုက္ခပေးတတ်သည်။ ဘာသာရေး ...တွယ်ပါ။ ယခုလတွင် အိုးအိမ်နေရာထိုင်ခင်းအတွက်လည်း စိတ်သောကရောက်စရာများ ပေါ်တတ်ပါသည်။

...ညံ့နေတာ မဟုတ်ပါ။ တိုးတက်ဖို့ ရှိနေတာကို အဖျက်တွေ ဝင်နေတဲ့သဘောပါ။ ရွှေဝင်မည်။ လက်ဆောင်ပစ္စည်း ...တွေရမည်။ ထူးခြားသော ဘုရားပုံတော်၊ ရဟန္တာပုံတော်များ ရောက်လာတတ်သည်။ အလှူကောင်းသည်။ ယခုလမှစ



www.burmeseclassic.com

www.burmeseclassic.com

စီးပွားတက်တော့မည်။ စနစ်တကျကြိုးစားပါ။ ဝန်းကျင်ကို အာရုံပြုပါ။ လေ့လာပါ။ သူများကိစ္စတွေမှာ စိတ်ပါလက် ကူညီပေးလိုက်ပါ။ ထူးခြားစွာ ကံကောင်းလာပါလိမ့်မည်။ ယခုအချိန်မှာ မောက်မာ မော်ကြွားတာတွေ လုံးဝမလုပ်မိပါစေ အချစ်ရေးကံကောင်းမည်။

**ယတြာ။** ။ တနင်္ဂနွေနေ့ညနေ၌ ဘဲဥပြုတ်တစ်လုံးကို အခွံခွာ၍ လမ်း၌ ရှိသော ခွေးတစ်ကောင်အား ချကျွေး

**ထီကံစမ်းရန်။** ။ (၄၊ ၈၊ ၆) ဂဏန်းတွေနှင့် ထီထိုးပြီး ပိုက်ဆံအိတ်ထဲမှာ သိမ်းထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ တနင်္လာသားသမီးများ

ဤလအတွင်း မြေဝယ်ခြင်း၊ နေရာသစ်တစ်ခု ထပ်မံတိုးချဲ့ခြင်းများ ပြုလုပ်ရတတ်၏။ ကိုယ့်အတွက် တိုးတက်မ ဗဟုသုတတွေ ရတတ်၏။ ငယ်ရွယ်သူများ မိမိချစ်သူ၏ အသိုက်အဝန်းမှ မိမိအပေါ် အထင်အမြင်လွဲမှားစွာ ဆက်ဆံလာတတ်၏။ ငယ်ရွယ်သူများ ပညာရေးတွင် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသော်လည်း အကူအညီပေးမည် တစ်ဦးဦး သင့်ထံသို့ ရောက်ရှိလာလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သို့ပင် စိတ်ညစ်စရာတွေ ဖြစ်ပေါ်နေပါစေ၊ သင်၏ ကံတရား သင့်အား ဖေးမကူညီပေးလိမ့်မည်မှာ မုချမလွဲဖြစ်ပေ၏။ သို့သော် အစစသည်းခံ စိတ်ရှည်ပေးရမည့်ကာလပါ။ အတတ် ဆုံး သီးသန့်နေသင့်သည်။ တန်ခိုးကြီးဘုရားစေတီတော်များသို့ မကြာခဏသွားပြီး ဘုရားဖူးကာ ကုသိုလ်ကံဆက်ပြုပေး သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ကုသိုလ်ကံ မှေးမှိန်နေသည်။ ကံညံ့တာ မဟုတ်[illegible]ဘာသာရေးဖိလုပ်ပါလေ။ တချို့ကိစ္စ တိုးလိုးတန်းလန်းဖြစ်နေမည်။ သင့်လုပ်ရပ်တွေ၊ တွေးခေါ်မှုတွေ လွဲမှားနေတတ်တာကို သတိပြုကာ ပြုပြင်ပေးဖို့ပဲ လိုသည

**ယတြာ။** ။ ဘုန်းတော်ကြီးကျောင်းကို တံမြက်စည်းနှစ်ချောင်းလှူဒါန်းလိုက်ပါ။ အညံ့များ ပြေပျောက်၍ လိုအင်း များ ပြည့်စုံလာပါလိမ့်မည်။ အရဟံဂုဏ်တော်ကို နေ့စဉ် ပုတီး (၇)ပတ်ပွားထုံသင့်သည်။

**ထီကံစမ်းရန်။** ။ (၁၊ ၆) ဂဏန်းများဖြင့် ထီကံစမ်းပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ အင်္ဂါသားသမီးများ

ဤလအတွင်း ရွှေထည်ပစ္စည်း၊ လက်ကောက်နှင့် လက်စွပ်ဝင်လာတတ်သည်။ ပတ်ဝန်းကျင်က သင့်ကို အထ အထင်ကြီးနေမည်။ ဘုရားဖူးခရီးထွက်ရတတ်သည်။ ထို့ပြင် နေအိမ်တွင် သူခိုးခိုးခံရတတ်ပါသည်။ သတိထားပါ အိမ်တွင်းရေး တည်ငြိမ်အောင်နေပါ။ အလုပ်တွင်လည်း အတွင်းရေး မကျေလည်မှုလေးတွေ ကြုံမည်။ သည်းခံပေး အိမ်တွင် မြွေနှင့် ပတ်သက်သော နိမိတ်တွေ့ရအံ့။ ကောင်းသည်။ မြွေဝင်က မသတ်ပါနှင့်။ ထူးခြားစွာ ငွေများ ဝင်လာပါ လက်ဆောင်ပစ္စည်းကောင်းတွေ ရမည်။ ထူးခြားသော ဘုရားပုံတော်၊ ရဟန္တာပုံတော်များ ရောက်လာတတ်သည်။ အထ ကောင်း၏။ ယခုလမှစ စီးပွားတက်တော့မည်။ စနစ်တကျ ကြိုးစားပါ။ ဝန်းကျင်ကို အာရုံပြုပါ။ လေ့လာပါ။ သူများ တွေမှာ စိတ်ပါလက်ပါ ကူညီပေးလိုက်ပါ။ ထူးခြားစွာ ကံကောင်းလာပါလိမ့်မည်။ ယခုအချိန်မှာ မောက်မာ မော်ကြွားတာ လုံးဝ မလုပ်မိပါစေနှင့်။

ငယ်ရွယ်သူများ မင်္ဂလာကိစ္စတွေ့ ကြုံတတ်သည်။ (သို့မဟုတ်) မိတ်ဆွေတစ်ဦး၏ မင်္ဂလာကိစ္စကို ဝိုင်းဝန်းကူ ဆောင်ရွက်ရတတ်သည်။ ထီထိုးရန် ဝါသနာပါက မင်္ဂလာစုံတွဲကို များများထိုးပါ။ ထီပေါက်ကိန်းများ ရှိနေပါသည်။ ကောင်းနေပါသည်။ ကျန်းမာရေး ဝမ်းဗိုက်ကို ဂရုစိုက်ပါ။

**ယတြာ။** ။ တန်ခိုးကြီးဘုရားရှိ တနင်္ဂနွေထောင့်တွင် ယပ် (၆)ချောင်းကို မိမိနာမည်ရေးပြီး ကပ်လှူပါ။ တစ်လလုံး သရဏဂုံသုံးပါးကို နေ့စဉ် ပုတီး (၁၀)ပတ်စိပ်ပြီး ကုသိုလ်ကံ မြှင့်တင်ပါ။

**ထီကံစမ်းရန်။** ။ (၈၊ ၅၊ ၆) ဂဏန်းများဖြင့် ထီထိုးပြီး အိပ်ရာအောက်တွင် ထားအိပ်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ဤလအတွင်း နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ရန် ရည်ရွယ်ထားသူများ စတင် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ အလုပ်အကိုင်အကြံအစည်သစ်များကိုလည်း စတင်လုပ်ကိုင်ရန် အချိန်ကောင်းဖြစ်၏။ သင်၏ ခက်ခဲနေသော ငွေကြေးများ၊ အကြံအစည်များကို ကူညီပံ့ပိုးပေးမည့် မိတ်ဆွေတစ်ဦး မမျှော်လင့်ဘဲ ရောက်ရှိလာတတ်သည် ။လုပ်ငန်းတွင်း၌ နေရာကောင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်း၊ ရာထူးတိုးခြင်း၊ ခရီးဝေးသွားရောက်ရခြင်းများ ကြုံတွေ့ရသည်။ အကျိုးဆောင်လုပ်ငန်းလုပ်သူများအဖို့ မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်မလာဘဲ ထစ်ငေါ့နေတတ်၏။

ငယ်ရွယ်သူများ အချစ်ရေးနှင့် ပညာရေး ရောထွေးယှက်နွယ်မှုများ ကြုံတွေ့နေရတတ်၏။ အသိဉာဏ်ကို ဦးစားပေး၍ ဖြေရှင်းပေးပါက သင့်ရည်မှန်းချက်များ ပြည့်စုံလာပေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ မည်သည့်လုပ်ငန်းပြဿနာကို လုပ်လုပ်၊ အချိန်ယူ စဉ်းစားပြီးမှသာ လုပ်ကိုင်သင့်ပါသည်။ ကံဇာတာ မညံ့ပါ။ ငွေဝင်မည်။ ငွေကံကောင်းသော လပါ။ မျက်နှာပွင့်လန်းနေမည်။ ပျော်ပျော်နေပါ။ ယခုလမှ စကာ သင့်ဘဝတိုးတက်မှု စတင်ပါပြီ။ လေးနှစ်အတွင်း စီးပွားတက်တော့မည်။ ပဌာန်း ၂၄ပစ္စည်းကို တစ်နေ့လျှင် (၄၂)ခေါက်နှုန်းဖြင့် ခြောက်ရက်တိတိ အဓိဋ္ဌာန်ဝင်ကာ ကုသိုလ်ကံဖွင့်ပေးပါ။ ထူးခြားစွာ ငွေဝင်ပါလိမ့်မည်။

ယတြာ။ ။ မိမိမွေးနေ့ ညနေပိုင်းတွင် စာကလေးများအား ဆန်စေ့များ ကြဲပက်ပြီး နေ့စဉ်ကျွေးလိုက်ပါလေ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

ဆီးကံစမ်းရန်။ ။ (၂၈) ဂဏန်းဖြင့် ထီထိုးပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ကြာသပတေးသားသမီးများ

ဤလအတွင်း သင်၏ လုပ်ငန်းအတွင်း စာရင်းဇယားကွာဟမှုများ၊ ငွေကြေးလေလွင့်မှုများ ဖြစ်ပေါ်တတ်၏။ သင်၏ အထက်လူကြီးမှ သင့်အား အကြောင်းမဲ့ ငြိုငြင်မှုများ ခံစားရတတ်၏။ စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းလုပ်သူများ၊ စီးပွားရေးသမားများ ဤလအတွင်း ထူးခြားစွာ ဝင်ငွေများ ရနေတတ်၏။ သင်၏မွေးနေ့၌ ရဟန်းတစ်ပါးအား ဆွမ်းဆီးဆွမ်း ဆက်ကပ်လိုက်ပါ။ ခက်ခဲနေသော ပြဿနာများသည် ကူညီဖြေရှင်းပေးမှုများကြောင့် ပြေလည်သွားပါမည်။ ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့်လည်း စိတ်သဘောထားကွဲလွဲမှု ဖြစ်ပေါ်နေတတ်သည်။

ငယ်ရွယ်သူများ သင် ရည်ရွယ်ထားသော အချစ်ရေးနှင့် ပညာရေးသည် တစ်ပြိုင်နက်တည်း လွယ်လင့်တကူ အောင်မြင်မှု ရရှိလာပါလိမ့်မည်။ မတော်တဆ ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိတတ်၏။ သတိပြုပါ။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင် ဘာကိုပင်လုပ်လုပ်၊ သင်ဖြစ်ချင်တာတွေအားလုံး ဖြစ်လာနိုင်ရန် အကြောက်မှ ကံတရားက ရပ်တည်နေပေလိမ့်မည်။ ကံကောင်းနေတဲ့ အချိန်ပါပဲ။ အိမ်တွင်းရေး မကျေလည်တာလောက်တော့ ရှိမည်။

ယတြာ။ ။ မိမိနေအိမ်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အလင်းတိုင် (၉)တိုင် ကပ်လှူပူဇော်ပါလေ။ အညံ့များ ပြေပျောက်၍ လိုအင်ဆန္ဒများ ပြည့်စုံလာပါလိမ့်မည်။

ဆီးကံစမ်းရန်။ ။ (၉)ဂဏန်းများများဖြင့် ထိုးပါ။ ကိုးနဝင်းအဓိဋ္ဌာန်ဝင်ပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤သောကြာသားသမီးများ

ယခုလ အစစကောင်းမွန်မည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမည်။ စိတ်ထဲတွင် လွတ်လပ်ပေါ့ပါးနေမည်။ အလွန်ကောင်းသောလပဲ ဖြစ်၏။ အလုပ်အကိုင်ကောင်းမွန်မည်။ အလုပ်တွင် အခွင့်ထူးတွေ ရမည်။ ရွှေဝင်မည်။ ငွေကြေးများစွာရမည်။ ထီထိုးပါ။

သင့်အသိဉာဏ်ပညာတွေလည်း အထူးထက်မြက် သွက်လက်နေမည်။ စီးပွားတက်နေမည်။ အောင်မြင်မှု ရမည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ခြောင်ရှင်များ အိမ်ထောင်ရေးသာယာမည်။ အိမ်ထောင်ရှင်များ အိုးအိမ်ခြံမြေ ဝင်ကိန်းရှိသည်။ ငယ်ရွယ်သူ… ချစ်သူတစ်ဦးကို ဘဝအဖော်အဖြစ် ပိုင်ပိုင်နိုင်နိုင်ရွေးချယ်ဖြစ်မည်။ ချစ်သူထံမှ ကတိစကားတွေ ရမည်။ သင်နှင့် သင့်ချ… တို့၏ မေတ္တာကို ဘယ်သူမှ ဟန့်တား၍ မရတော့ကြောင်း ယခုလမှ စပြီး စိတ်ချယုံကြည်နိုင်ပါပြီ။

ကျန်းမာရေး ကောင်းပါမည်။ ဤကာလတွင် သတိထားစရာတစ်ခုပဲ ရှိသည်။ ဘေးစကား၊ ကြားစကားတွေ… မေ့ထားလိုက်ဖို့ပါပဲ။ ပတ်ဝန်းကျင်က မလိုတမာ စကားတွေကို ဥပေက္ခာပြုလိုက်ပါ။ သင့်ဘဝကောင်းစားချိန် ဝေ… မျက်နှာပွင့်လန်းမည်။ နာမည်ကောင်းသတင်း စတင် ကျော်ကြားလာမည့်လ။ ဘဝအတွက် အောင်မြင်မှုတွေ စတင်ရရှိ… မည်။ ဘာမဆို ရဲရဲလုပ်ပေတော့။ ကံကောင်းမည်။

**ယတြာ။** ။ အနန္တငါးပါး၏ ကျေးဇူးဂုဏ်ကို နေ့စဉ် အောက်မေ့ သတိရပါ။ ငါးထောင့်ကြယ်ပုံလေးကို … ပလပ်စတစ်လောင်း၍ ဆောင်ထားလိုက်ပါ။ ကျောင်းကျိုးထူးပါလိမ့်မည်။

**ထီကံစမ်းရန်။** ။ မွေးနေ့တွင် (၉) နှင့် (၁) များများပါသော ထီလက်မှတ်ကို ထိုးပါ။ ပြီးက ဖလားခွက်လေး… ထည့်ပြီး အိပ်ရာဘေးမှာ ထားပါ။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➢စနေသားသမီးများ

ဤလအတွင်း သင် ကြံစည်စိတ်ကူးထားသည့် လုပ်ငန်းများကို စတင်ပြုလုပ်ရတတ်၏။ ခရီးတစ်ခုသွားမည်… ကြံစည်ထားပြီးမှ ပျက်သွားတတ်၏။ အလုပ်နေရာ၊ အိမ်နေရာအတွက် စိတ်ညစ်စရာ အနည်းငယ်တွေ့ကြုံနေရတတ်… စပ်တူရှယ်ယာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း လုပ်နေသူများအတွက် စိတ်ညစ်စရာ အနည်းငယ်တွေ့ကြုံနေရတတ်… နိုင်ငံရပ်ခြား (သို့မဟုတ်) ပညာတော်သင်(ပြည်တွင်းသင်တန်း)ခရီးတစ်ခု သွားရောက်သင်ကြား လုပ်ကိုင်ရတတ်… ဆွေမျိုးသားချင်းများနှင့် စိတ်ဝမ်းကွဲစရာ ပြဿနာများ ဖြစ်ပေါ်နေတတ်၏။

ငယ်ရွယ်သူများ သင်၏ အချစ်ဆုံး သူငယ်ချင်းတစ်ဦးထံမှ လက်ဆောင်ပစ္စည်းတစ်ခုရရှိလိမ့်မည်။ ထိုလက်ဆော… သည် ပညာရေးနှင့် ပတ်သက်သော လက်ဆောင်ဖြစ်ပါမူ သင်စိုးရိမ်ပူပန်နေသာ ပညာရေးသည် မလွဲမသွေ အောင်မြ… ရရှိစေလိမ့်မည်။

သင့်အား အထူးမှာကြားလိုသည့်အချက်မှာ သင်၏ စိတ်ကို လျှော့၍ အနားယူပါ။ သင့်အတွက် ကံဇာတာအနည်… ညံ့နေတတ်ပါသည်။ စွပ်စွဲပုတ်ခတ် ပြောဆိုခံရတတ်၏။ ဘာပြဿနာမှ မဖြစ်အောင် နေပါ။

**ယတြာ။** ။ ဘုရားတစ်ဆူဆူသို့သွားပြီး တံမြက်စည်းလှည်းပါ။ သုံးကြိမ်တိတိလုပ်ပါ။ ယခုလ အောင်သပြေ… ဝေအောင် လှူပေးခြင်းဖြင့် ကံဇာတာ မြှင့်တင်ပေးပါ။

**ထီကံစမ်းရန်။** ။ ကြုံတဲ့ ဂဏန်းကို (ရွေးချယ်မနေဘဲ) ထိုးပါ။ အရဟံဂုဏ်တော်ကို စွဲမြဲစွာ စိပ်ပါ။ ကုသိုလ်… ပေးပါ။ နေ့စဉ် ပုတီး (၇)ပတ်စိပ်ပါ။ ထူးပါလိမ့်မည်။

*အားလုံးသတ္တဝါ ချမ်းသာ…*

* * *

**အောင်အတိတ် အောင်နိမိတ်…**

*(ဖုန်း-၀၁၅၅၉ ၁၇၇၊ ၀၉ ၇၃၀ ၂၅၀…*



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာအတွင်းရှိ ရုပ်ပွားတော်
မှော်ဘီမြို့၊

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားဖူးပြီး ကားတစ်စီးပိုင်ခဲ့တယ်

သက်နှင်းဆွေ
(ပုပ္ပါး)



(၁)

မှတ်မှတ်ရရ။

ထိုညက ၂၀၁၄ ခုနှစ်၏ နှစ်သစ်ကူးည ဖြစ်သည်။

ရွှေတိဂုံဘုရားကို ကျွန်တော် စောစောတက်ပြီး စောစောပြန်ဆင်းလာဖြစ်သည်။ ည ၈နာရီလောက်တွင် ဘုရားပေါ်မှ ဆင်းလာခဲ့ပြီး ရန်ကုန်မြို့ထဲမှာ တစ်ယောက်တည်း လျှောက်လည်နေဖြစ်ခဲ့သည်။ ရန်ကုန်မြို့ကြီး [illegible] ရောင်စုံမီးဆိုင်းအလှတွေဖြင့် နှစ်သစ်ကို တက်ကြွ စို[illegible] စွာ ကြိုဆိုနေကြသည်။

ည ၁၀ နာရီကျော်မှပင် အိမ်ပြန်ဖို့ ကျွန်တော် [illegible] လှည့်ဖြစ်ကာ ဗိုလ်ချုပ်လမ်း၊ ဗိုလ်ချုပ်ဈေးရှေ့တွင် [illegible] ကားစောင့်နေခဲ့သည်။ ကားတွေက တစ်စီးပြီးတစ်စီး [illegible]

www.burmeseclassic.com

မောင်းသွားနေကြပေမယ့် ဘယ်ကားကိုမှ ကျွန်တော် မတား ဖြစ်ပါ။ အနီးအနားတွင် ရပ်ထားသည့် တက္ကစီတွေကိုလည်း ခေါ်ဖြစ်ပါ။ လမ်းဘေး ပလက်ဖောင်းတွင် အေးအေးလူလူ ဆိုကာ ဘယ်ကားကိုမှ မတားဘဲ ကားစောင့်နေမိခြင်း ဖြစ် သည်။ ကျွန်တော့်စိတ်ကို တစ်စုံတစ်ရာက စေ့ဆော်ထား သလိုလည်း ဖြစ်နေသည်။

ထိုအချိန်မှာပဲ ကားလေးတစ်စီးက ကျွန်တော် မတား ပါဘဲ ရှေ့မှာ ထိုးရပ်လာသည်။

"ဘယ်သွားမလဲ အစ်ကို"

ကားဆရာ၏ အမေးကို ပြန်မဖြေဘဲ ကားနောက်ခန်း ဆီ လှမ်းကြည့်လိုက်သည်။ နောက်ခန်းမှာ လူပါနေသည်။

"ရတယ်…ရတယ်၊ မလိုက်တော့ဘူး"

ထိုအခါ နောက်ခန်းမှ လူက…

"ကျွန်တော်က ရွှေနားမှာ ဆင်းမှာပါ။ လမ်းသင့်ရင် လိုက်ပါဗျာ"

ကျွန်တော်သည် တက္ကစီငှားသည့်ကိစ္စတွင် ထိုမျှ ဆက် စကားပြောလေ့ရှိသူ မဟုတ်။ ယခု ကားဆရာရော ခင်ဂျာကပါ တခုတ်တရ ပြောနေကြသည့်အတွက် နာသွားကာ…

"တာမွေအဝိုင်းထိပ်ဗျာ"

ဟု ပြောလိုက်တော့…

"နှစ်ထောင်ပဲပေးပါ အစ်ကို"

တဲ့။ သူတောင်းတာ စျေးမှန်ဖြစ်နေသည်။ ကျွန်တော် မပြောတော့ပါ။ ရှေ့ခန်းမှာ တက်ထိုင်လိုက်သည်။

"ကျွန်တော် ရွှေနားမှာ ဆင်းတော့မှာပါ။ ဒီက ညီလေး ည်း အော်ဒါရစေချင်လို့ပါ"

နောက်ခန်းမှ လူက ဆက်ပြောနေသေးသည်။ တော်က ဘာမှ ထပ်မပြောဖြစ်တော့ပါ။ ကားစီးရင်း တော် စကားသိပ်ပြောလေ့မရှိပါ။ ကျွန်တော့်ပင်ကိုယ် အတိုင်း ရန်ကုန်မြို့ကြီး၏ ညရှုခင်းတွေကို ငေးရင်း ဆိတ်စွာ လိုက်ပါလာခဲ့သည်။ သို့သော် ၃၃လမ်း၊ ၃၄ ဘားလမ်း၊ ပန်းဆိုးတန်း၊ ၃၈ လမ်း စသည်ဖြင့် တွေသာ တစ်လမ်းပြီး တစ်လမ်းဖြတ်လာသည်။ ကား ည်း မရပ်။ နောက်က လူကလည်း ဆင်းမသွားသေး။

ဗိုလ်အောင်ကျော်လမ်းရောက်တော့ ကားလေးက ညာ ကို ချိုးဝင်သွားမြန်သည်။

"ခဏပါ အစ်ကို။ ဒီအစ်ကိုကြီးကို ဝင်ပို့လိုက်ဦး

မှာ ဆိုကာ ကားဆရာက ဗိုလ်အောင်ကျော်လမ်း

အလယ်ဘလောက်ထဲ မောင်းဝင်သွားမြန်သည်။ ကျွန်တော် ဘာမှမပြောဖြစ်တော့ပါ။ နောက်က လူ ဆင်းသွားတော့ ကျွန်တော်က နောက်ခန်းမှာ ပြောင်းထိုင်ဖို့ စဉ်းစားသေး သည်။ သို့သော် စကားအထွေအထူး ထပ်မပြောချင်တော့၍ ရှေ့ခန်းမှာပဲ ဆက်စီးခဲ့သည်။

ကျွန်တော်သည် နေ့စဉ်လိုလို တက္ကစီတစ်စီးဖြင့် ဟိုဟို သည်သည်သွားနေဖြစ်တတ်၏။ အများအားဖြင့် ကော်ဖီဆိုင် ကောင်းကောင်းမှာ ထိုင်သည်။ ဂျာနယ်တိုက်နှင့် မဂ္ဂဇင်းတိုက် တချို့ကို သွားသည်။ ဘုရားတက်သည်။ တက္ကစီ စီးလျှင် ပုံမှန်အားဖြင့် ကျွန်တော်က နောက်ခန်းမှသာ စီးလေ့ရှိသည်။ ကားဆရာတွေနှင့် စကားပြောလေ့ သိပ်မရှိ။ နောက်ခန်းထဲ မှာ အေးအေးလူလူထိုင်ပြီး ဟိုငေး သည်ငေးနှင့်ပဲ လိုက်ပါ ဖြစ်ခဲ့တတ်သည်။

ယခုလည်း စကားမပြောဖြစ်။

ကန်တော်ကြီးဘက်ရောက်တော့ လမ်းတွေက ကျပ်သိပ် ပိတ်ဆို့နေသည်။ လမ်းပိတ်နေတာတွေကို စောင့် ရင်း ကားဆရာက ကျွန်တော့်ကို စကား စ,ပြောလေတော့ သည်။

(၂)

ကျွန်တော်သည် ကားဆရာ၏ မျက်နှာကို တစ်ချက် ငဲ့စောင်းကြည့်မိသည်။

ကျွန်တော့်ထက် ဆယ်နှစ်လောက် ငယ်မည်ထင် သည်။ သို့သော် ရုပ်ရည်က အသက်ထက်ပိုပြီးရင့်နေသည်။

"ကျွန်တော် တောက ဆက်လာတာ အစ်ကို။ အလုပ် ကြမ်းအမျိုးမျိုးကို လုပ်ခဲ့ရတယ်။ ပွဲရုံမှာလည်း ကုန်ထမ်း ခဲ့ရတယ်။ ဆိုက်ကားလည်း နင်းခဲ့ရတယ်။ နောက်မှ ကား မောင်းတာ။ စ,မောင်းတုန်းကတော့ အံ့နာကြေးနဲ့ မောင်းခဲ့ တာပေါ့ အစ်ကိုရာ။ အခုမှ ဒီကားလေးကို အရစ်ကျ စနစ်နဲ့ ဝယ်ထားတာ"

စိတ်ထား ရိုးသားဖြောင့်စင်းသူဖြစ်ကြောင်း သူ့မျက်နှာ နှင့် သူ့စကားတွေမှာ ပြက်ပြက်ထင်ထင် မြင်သာနေ၏။

ကျွန်တော်သည် သူ့စကားတွေကို စိတ်ဝင်တစား နားထောင်ရင်း လိုက်ပါလာခဲ့သည်။ သူ့ဘဝဇာတ်ကြောင်းက ဝတ္ထုတစ်ပုဒ်လို စိတ်ဝင်စားစရာတွေ ကောင်းနေသည်။

တာမွေအဝိုင်းထိပ်ရောက်တော့ ည ၁၁ နာရီကျော်နေ ပြီ။ လမ်းပေါ်မှာ လူတွေရှင်းစ ပြုနေပြီ။ ဆောင်းညက မပူ မအေး၊ အနေတော်အနေအထားဖြင့် သာယာလှပနေသည်။ နှစ်သစ်ကူးချိန်ကို ကြိုဆိုဖို့ ပြင်ဆင်ပြီး စောင့်နေသည့် လူတွေ က နေရာတိုင်းမှာ ရှိနေသည်။ လမ်းထဲကို လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်သေးသည်အတွက် ကားကို ရပ်ခိုင်းလိုက်သည်။ သူက လမ်းဘေး လွတ်လွတ်ကျွတ်ကျွတ်နေရာမှာ ကားကို ရပ်လိုက်သည်။ ကျွန်တော်က ဘေးမှာ ချထားသည့်အိတ်ကို ဖွင့်ပြီး ငါးထောင်တန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ ကားရှေ့ခန်းမှ မီးကို ဖွင့်၍ သူက ပိုက်ဆံပြန်အမ်းသည်။ သူပြန်အမ်းသည့် ပိုက်ဆံကို အိတ်ထဲ စနစ်တကျပြန်ထည့်ပြီး ဆင်းဖို့ ပြင်လိုက်သည်။

"ခဏလေး အစ်ကို"

ကားဆရာ၏ မျက်နှာက စောစောကထက် လှိုက်လှိုက်လှဲလှဲဖြစ်နေတာ တွေ့ရသည်။ တခြား ကားဆရာတွေဆိုလျှင် ပိုက်ဆံရှင်းပြီးတာနှင့် ခပ်သွက်သွက်မောင်းထွက်ဖို့ ပြင်နေတတ်မြဲ။

"အစ်ကို့အိတ်ထဲက ပုတီးကြီးကို ကျွန်တော်တွေ့လိုက်တယ်။ အစ်ကိုက ဘာသာရေးကိုင်းရှိုင်းတဲ့ လူပဲ။ အပြင်ပန်းပုံစံနဲ့ဆိုရင် ဘာသာရေးကိုင်းရှိုင်းလိမ့်မယ်လို့ ဘယ်လိုမှ မထင်ရဘူး။ ကျွန်တော် လေးစားပါတယ် အစ်ကို"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ ကျွန်တော့်အိတ်ထဲမှာ ပုတီးနှင့် ပဋ္ဌာန်းစာအုပ်ကို အမြဲလိုလိုထည့်သွားတတ်သည်။ ဘုရားတက်ချင်လျှင် စိတ်ပါသည့်အချိန် တက်နိုင်အောင် ယူသွားဖြစ်ခြင်းဖြစ်သည်။ ပိုက်ဆံထုတ်ပေးချိန်က ထိုပုတီးကို သူမြင်သွားခဲ့ဟန်တူသည်။

"တစ်ခုပြောပြချင်လို့ပါ အစ်ကို။ မော်ဘီက ဂျပန်ဘုရားတွေ ဖူးပြီးပြီလား"

သူ့စကားကြောင့် ကားအောက်ကို ဆင်းဖို့ ပြင်နေသည့် ခြေထောက်က အလိုလိုရပ်တန့်သွားသည်။ ကျွန်တော့် တစ်ကိုယ်လုံးကို ဆွဲကိုင်လှုပ်ပစ်လိုက်သလိုလည်း ခံစား လိုက်ရသည်။

"ဘာဖြစ်လို့လဲဗျ။ မဖူးရသေးဘူး။ ရှိတယ်ဆိုတဲ့ သတင်းတော့ ကြားနေတယ်"

ကားဆရာ၏ မျက်နှာက စောစောကထက် ပိုပြီး တက်ကြွ လှိုက်လှဲလာသည်။ ကားကို မောင်းထွက်သွား စိတ်ကူးရှိသေးဟန် မတူ။ တစ်ခုခုကို ပြောပြချင်စိတ်တွေ ပြင်းပြင်းပြပြရှိနေဟန် တူသည်။ ကျွန်တော့်ကိုလည်း မိတ်ရင်းဆွေရင်းတစ်ယောက်လို ရင်းနှီးစွာ ဖော်ရွေလာတာ သိသာနေသည်။

သည်လိုနှင့် ထိုကားလေး၏ ခေါင်းခန်းထဲမှာ မီးဖွင့်ပြီး ကျွန်တော်တို့နှစ်ယောက် စကားတွေ ထိုင်ပြောနေမိခဲ့ကြ တော့သည်။

(၃)

"အစ်ကို့ကို ကားရပ်စောင့်နေတာ မြင်လိုက်ကတည်း က ကျွန်တော့်ကားနဲ့ ခေါ်ချင်နေတာဗျ။ ကားပေါ်ရောက် တော့လည်း အေးအေးချမ်းချမ်း လိုက်လာတဲ့ အစ်ကို့ စကားပြောချင်နေမိတယ်။ အစ်ကို့မျက်နှာက တည်ကြည်ပြီး ကြည်ကြည်လင်လင်ဖြစ်နေတာ ကျွန်တော့်စိတ်ထဲက သိ တယ်ဗျ။ အစ်ကို အိတ်ကို ဖွင့်ပြီး ပိုက်ဆံထုတ်လိုက်တော့ အစ်ကို့အိတ်ထဲက ပုတီးကြီးကို တွေ့လိုက်တော့ စိတ်ထဲ ပိုပြီးရှင်းသွားတယ်။ ဒီလူက ဝတ်စားထားတာ လူငယ် တစ်ယောက်လို ဖြစ်နေပေမယ့် ဘာသာရေးလိုက်စား လူလို့ သိလိုက်တယ်။

လမ်းမှာ ကျွန်တော်ပြောပြခဲ့သလိုပါပဲ အစ်ကို ကျွန်တော်က တောသားပါ။ စာတွေဘာတွေလည်း သိ မတတ်ပါဘူး။ ရန်ကုန်မြို့ကြီးမှာ ကိုယ်ပိုင်ကားလေးနဲ့ နေ နေထိုင်နိုင်ဖို့လည်း စိတ်ကူးထဲ မထည့်ဝံ့ခဲ့ပါဘူး။ သူများ ကို မောင်းနေချိန်ကလည်း အခုလို ကားပိုင်လေး ရမယ် အိပ်မက်တောင် ထည့်မမက်ဝံ့ခဲ့ပါဘူး။

အခု ဒီကားဝယ်ထားတာ လေးငါးလပဲ ရှိသေး အစ်ကို။ မထင်မှတ်ဘဲနဲ့ ဝယ်ဖြစ်သွားတာ။ အမှန် ဘုရားတန်ခိုးနဲ့ ဝယ်နိုင်သွားတာပါ အစ်ကိုရာ။ ဒါ တ ပြောတာပါ။ စောစောက ကျွန်တော်ပြောတဲ့ မော်ဘီ ဂျပန်ဘုရားတွေရဲ့ တန်ခိုးပေါ့ အစ်ကိုရယ်။

ဒီလို အစ်ကိုရာ။ ကျွန်တော် တက္ကစီမောင်းတာ ကြေးပေးပြီး မောင်းတာပေါ့။ မကြာခဏ စိတ်ညစ်ရ အစ်ကို။ အုံနာကြေးနဲ့ ဆီဖိုးရအောင်ကလည်း မ ရတယ်။ ကိုယ့်အတွက် နေ့တွက်ကျန်အောင်လည်း



www.burmeseclassic.com

www.burmeseclassic.com

သေးတယ်။ တစ်ခါတလေ ကားအပ်တာ နောက်ကျသွားရင် အုံနာနဲ့ စကားပြောရပြီ။ အုံနာ ဆူတာ ခံရတာပေါ့ အစ်ကို ရာ။

တစ်နေ့တော့ ကျွန်တော့်ကားကို အော်ဒါငှားတယ်။ မော်တီက ဂျပန်ဘုရားတွေဆီ ဘုရားဖူးသွားကြတဲ့ လူတွေက ငှားတာ အစ်ကို။ ဟိုရောက်တော့ ပါစင်ဂျယ်တွေက ကျွန်တော့်ကိုလည်း အတူဘုရားတက်ဖူးဖို့ ခေါ်တယ်။ အဲဒါ ကြောင့် ကျွန်တော်လည်း တက်ဖူးဖြစ်တာ အစ်ကို။

ဘုရားတွေက အများကြီး အစ်ကိုရာ။ မျိုးစုံပဲ။ အဲဒီက ဆရာတော်က မိန့်တယ်။ ဆုတောင်းပါ။ ဖြစ်ချင်တဲ့ ဆုတစ်ခု တောင်းပါဆိုလို့ ကျွန်တော်လည်း ဘာဆုတောင်းရမလဲ ခေါင်းစားရတယ်။ လောလောဆယ် ကျွန်တော့်မှာ အလိုအပ် ဆုံးအရာဟာ ကားတစ်စီးပဲ အစ်ကိုရာ။ ကားတစ်စီးရှိရင် ကျွန်တော် စိတ်အေးလက်အေး စီးပွားရှာလို့ ရပြီ။ အဲဒါနဲ့ ရနိုင်တာ၊ မရနိုင်တာ နောက်ထားပြီး ကားပဲ ဆုတောင်းမယ် ဆုံးဖြတ်လိုက်တယ်။

ဘုရားတွေက အမျိုးစုံ အစ်ကိုရာ။ ဘယ်ဘုရားဆီ ဆုတောင်းရမှန်းတောင် မသိဘူး။ လှည့်ပတ်ပြီး ဖူးနေရင်းနဲ့ ဘုရားလေးတစ်ဆူက ထူးခြားတယ်လို့ ကျွန်တော်ထင်လိုက် တယ် အစ်ကို။ နေဦးဗျ။ ကျွန်တော် သေချာပြန်စဉ်းစား ကြည့်ဦးမယ်။ ဟုတ်တယ်။ အဲဒီဘုရားလေးက ထောင့်လေး ထဲမှာ ရွှေ လုံးဝချမထားဘူး။ ရွှေမရှိဘူး။ မည်းနက်နေတာပဲ။ သိပ်လည်း မကြီးဘူး။ အဲဒါနဲ့ အဲဒီဘုရားကို ဦးချပြီး ဆု တောင်းလိုက်တယ်။ တပည့်တော်နဲ့ မိသားစု လုပ်ကိုင်စား သောက်ဖို့ ကားလေးတစ်စီး အမြန်ရပါစေလို့ပေါ့ အစ်ကို ရာ။





www.burmeseclassic.com

www.burmeseclassic.com

ပြောပြရဦးမယ် အစ်ကိုရေ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အဲဒီနေ့က ပြန်ရောက်လို့ ကားသွားအပ်တော့ အုံနာက ဆူလိုက်တာ အစ်ကိုရာ။ ကားအပ်တာ နာရီဝက်လောက် နောက်ကျသွားတာကိုး။ ကျွန်တော်လည်း စိတ်ဆင်းရဲသွားလိုက်တာ မပြောပါနဲ့တော့။ ဘာမှတောင် ပြန်မပြောနိုင်ခဲ့ပါဘူး။ သူ့ကားကို ဆက်မောင်းချင်စိတ်လည်း လုံးဝ မရှိတော့ဘူး။ တကယ်စိတ်ကုန်သွားတယ်။

အဲဒါ စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ မိန်းမက "ရှင့်မျက်နှာမကောင်းပါလား"ဆိုပြီး မေးတာပေါ့ဗျာ။ ကျွန်တော်ကလည်း "အဲဒီကားကို ဆက်မမောင်းချင်တော့ဘူး"လို့ ပြောလိုက်မိတယ်။ ကျွန်တော့်မိန်းမက ကျွန်တော့်လို မဟုတ်ဘူး။ စိတ်ထက်တယ်ဗျ။ နောက်နေ့ကစပြီး ကားတစ်စီးရဖို့ ကြံဆကြတော့တာပဲ။ ကျွန်တော်တို့မှာ ကားတစ်စီးဝယ်ဖို့ မနီးစပ်ခဲ့ဘူး အစ်ကို။ ကိုယ့်မှာရှိတာလေးတွေ ခြစ်ကုတ်ပြီး စုကြည့်လိုက်တယ်။ ရောင်းသင့်တာလေးတွေ ရောင်းလိုက်တယ်။ ဘုရားတန်ခိုးပဲ အစ်ကိုရေ။ လိုနေတဲ့ ပိုက်ဆံ ထုတ်ပေးတဲ့သူကလည်း ပေါ်လာခဲ့တယ်။ အဲဒီလိုနဲ့ ဒီကားကို ဂျပန်ကို မှာလိုက်တာ။ ကားအရောင်းပြခန်းတစ်ခုကနေ ကားပုံကို ကြည့်ပြီး မှာတာ အစ်ကို။ အရစ်ကျပေးစနစ်နဲ့ မှာတာ။ ကျွန်တော်တို့ တတ်နိုင်တဲ့ အင်အားထဲက ကျွန်တော့်စိတ်ကြိုက်ပါပဲ။

ကိုယ့်ကားလေးနဲ့ ကိုယ်ဆိုတော့ အခုလို စိတ်အေးလက်အေးဆွဲနိုင်ပြီ အစ်ကို။ နားနေချင်ရင်လည်း အေးအေးဆေးဆေး နားနေနိုင်တယ်။ ကျွန်တော် တကယ်စိတ်ချမ်းသာနေတယ်။

အဲဒါပါပဲ အစ်ကိုရာ။ အစ်ကို့ကိုလည်း အဲဒီဘုရားတွေသွားဖူးစေချင်လို့ပါ။ သွားလိုက်ပါ အစ်ကိုရာ။ ဖူးလိုက်စမ်းပါ။ ဖူးရတာကိုက စိတ်ထဲ ကြည်နူးစရာကောင်းတယ်။ ကျွန်တော့်ကိုယ်တွေ့အရတော့ ထူးလည်း တကယ်ထူးခြားပါတယ်။ ကျွန်တော်ကတော့ ရဲရဲပြောဝံ့တယ်။ ဘုရားတန်ခိုးကြောင့် ဒီကားလေးရခဲ့တာ အမှန်ပဲ။

(၄)

အားပါးတရပြောနေသည့် သူ့စကားတွေကို နားထောင်ရင်း ကျွန်တော့်စိတ်ထဲ ကြည်နူးနေမိသည်။ နာရီကို ကြည့်လိုက်တော့ ည ၁၂နာရီထိုးခါနီးနေပြီ။ ထိုအချိန်မှာပဲ အပြင်မှ ဟက်ပီးနယူးယီးယားသံတွေ ဝေစည်လို့လာသည်။ ရန်ကုန်မြို့ကြီးက နှစ်သစ်တစ်ခု၏ နိဒါန်းအစထဲတွင် ဝေဝေစည်စည် လှုပ်နေ၏။ ကျွန်တော်သည် ကားဆရာကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ လမ်းထိပ်မှတစ်ဆင့် (၁၅၇)လမ်းထဲသို့ စိတ်လက်ကြည်လင်စွာဖြင့် အေးအေးလူလူ လမ်းလျှောက်ပြီး ပြန်ခဲ့သည်။ စိတ်ထဲကမူ မော်တီမှ (၃၀၁) ဆူ ဘုရားတွေဆီသို့ ရောက်နေသည်။ တီဗွီမှ (၃၀၁) ဆူ ဘုရားတွေအကြောင်း ကြည့်ရကတည်းက သွားချင်နေခဲ့သည်။ အောင်ဇေယျ ဆ… တော်ကိုလည်း ဖူးတွေ့ချင်နေခဲ့သည်။

ထေရဝါဒ ဗုဒ္ဓသာသနာအရ စေတီဖြစ်စေ၊ ရုပ်ပွား တော်ဖြစ်စေ တစ်ဆူနှင့် တစ်ဆူ အတူတူပင်ဖြစ်၏။ ဘုရား… အား ,ကိုယ်စားပြုထားခြင်းသာ ဖြစ်၏။ သို့သော် မြတ်… ရုပ်ပွားတော်ချင်းတူသော်လည်း ထိုရုပ်ပွားတော်ကို သွန်း… ပူဇော်ခဲ့သော မူလ အလှူရှင်ပုဂ္ဂိုလ်၏ သဒ္ဓါတရားနှင့် သ… အဓိဋ္ဌာန်စွမ်းအားအလိုက် စေတီပုထိုးဖြစ်စေ၊ ရုပ်ပွားတော် ဖြစ်စေ၊ တစ်ဆူချင်းအလိုက် ဂုဏ်ပါတ်တန်ခိုး အာနိသ… တွေ ကွဲပြားခြားနားနေတတ်သည်ဟု ကျွန်တော် နားလ… ထားပါသည်။

မြတ်ဗုဒ္ဓရုပ်ပွားတော်တို့ကို ဖြစ်စေ၊ စေတီတော်… ဖြစ်စေ သက်တော်ထင်ရှား မြတ်ဘုရားကဲ့သို့ စိတ်က … မှတ်ကာ ဖူးမြင်ခြင်း၊ ပူဇော်ခြင်း၊ ဆုတောင်းခြင်းတို့ ပြု… စေတနာသဒ္ဓါတရားထက်သန်လျှင် သက်တော်ထင်… မြတ်ဘုရားအား ဖူးမြော်ရသလိုပင် ကုသိုလ်စွမ်းအား ကြီး… ကြောင်း အတိအကျမှတ်သားရဖူးပါသည်။ အနန္တတန်… တော်ရှင် မြတ်ဘုရားနှင့် ပတ်သက်သမျှ သဒ္ဓါတရားမှ… ထက်သန်သည့် ကုသိုလ်အကြောင်းတရားတိုင်းသည် အ… စွမ်းအားအကျိုးတရားများကို ဖြစ်စေနိုင်ကြောင်း ကျွန်… အကြွင်းမရှိ ယုံကြည်ထားပါသည်။

မည်သို့ပင်ဖြစ်စေ၊ ရှေးနှစ်ပေါင်းများစွာကတည်း… သွန်းလုပ် ပူဇော်ထားသည့် ရှေးဟောင်း ဘုရားပေါင်း (၃… ဆူကို တစ်စုတဝေးတည်း ဖူးတွေ့ခွင့်ရနိုင်တာကပင် … သည့် ကုသိုလ်ကံ မဟုတ်ဟု တွေးမိပြန်သည်။

သည်လိုနှင့် (၃၀၁) ဆူ ဘုရားတွေကို သွား… သေချာသွားခဲ့လေတော့သတည်း ■

*အားလုံးသတ္တဝါချမ်းသာ…*

* * *

သက်နှင်းဆွေ(…



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ - စက်တင်ဘာလအတွက် ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

ဤစာမျက်နှာဟာ စာဖတ်သူများအတွက် ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ မိမိဘဝကံအတွက် တစ်ထောင့်တစ်နေရာက အကူအညီပေးမည့် အကြံပြု စာမျက်နှာဖြစ်ပါတယ်။

**"ကံကောင်းချင်ရင် ကံကို လုံအောင်ထိန်း"**

*(ရွှေတောင် မုံ့ရှင်ဆရာတော်)*

## ၂၀၁၄၊ စက်တင်ဘာလ စန်းပွင့်ရက်များ

စန်းသည် မိဿ၊ သိဟ်၊ နေရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ မကာရ၊ ပြိဿ၊ ကန်ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဓနု၊ မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။ စန်းပွင့်ထောင့်အရပ်များကို မျက်နှာမူ၍ ဉာဏ်ရှိသလို အသုံးပြုနိုင်သည်။

| | |
|---|---|
| ၁၊ ၂၊ ၉၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၈၊ ၂၉ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂၊ ၃၀ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၅၊ ၆၊ ၁၄၊ ၁၅၊ ၂၃၊ ၂၄၊ ၂၅ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၁၆၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |



www.burmeseclassic.com

www.burmeseclassic.com

## ရတနာအဆောင်

ဤလအတွင်း ခုနစ်ရက်သားသမီးများ "နီလာ"ကို အဆောင်ပြု၍ ကြံစည်ပါ။ များစွာသော အကျိုးကျေးဇူးများ ရနိုင်ပါသည်။ အထူးသဖြင့် ဆန့်ကျင်ဘက် လိင်တို့၏ ချစ်ခင်နှစ်သက်စေမှုကို ရနိုင်သည်။ ထို့အပြင် လိမ်လည်လှည့်ဖြား ခံရခြင်းမှ ကင်းဝေးစေပါသည်။ ဘာသာရေးလုပ်ချင်စိတ် ပေါ်လာနိုင်ပြီး လုပ်နိုင်လေလေ အစွမ်းထက်လေလေဖြစ်လိမ့်မည်။

## ငွေကြေးကံ ပွင့်လန်းရန်

နီးစပ်ရာ ဘုရားတစ်ဆူဆူသို့ သွားရောက်ပြီး အလှူခံပုံးထဲသို့ တတ်နိုင်သရွေ့ ငွေကြေးလှူဒါန်းပါ။ ဖြစ်နိုင်လျှင် အလှူခံပုံးလုပ်၍ ဘုရားတစ်ဆူဆူတွင် လှူထားပေးပါ။ အလှူခံပုံးသည် ငွေကြေးများ စီးဆင်းလာစေသော ပညတ်ဓာတ်သက် ရှိပါသည်။ နေအိမ်က ဘုရားကျောင်းဆောင်တွင် ဘုရားရှင်အား မနက် ၉နာရီမှ ၁၀နာရီအတွင်း ကြံရည်ကပ်လှူ တစ်လလုံး တစ်နေ့ (၁၀၀)နှုန်းဖြင့် အလှူခံသူကို လှူပေးပါ။

## ပြေဆေးယတြာ

* တနင်္ဂနွေသားသမီးများ ဒုက္ခိတကို ဒါနပြုပါ။
* တနင်္လာသားသမီးများ အုတ်ခဲ ၆ခဲကို လူသွားလမ်းတွင် ခင်းပေးပါ။
* အင်္ဂါသားသမီးများ ခွေးကို အစာကျွေးပါ။
* ဗုဒ္ဓဟူးသားသမီးများ စိတ်ကျန်းမာရေးဆေးရုံတွင် ဆေးလှူပါ။
* ကြာသပတေးသားသမီးများ ကိုရင်္ဘာန်ရုံသွား၍ ယုန်ကို အစာကျွေးပါ။
* သောကြာသားသမီးများ မျောက်ကို အစာကျွေးပါ။
* စနေသားသမီးများ ဘုရားတွင် သန့်ရှင်းရေးလုပ်ပါ။ တံမြက်လှည်းပါ။

## အကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး ဘုရားတစ်ဆူဆူသို့ အရောက်သွား၍ မိမိ၏ မွေးနံဂြိုဟ်တိုင်နှင့် အနီးပတ်ဝန်းကျင် တံမြက်လှည်း၊ အမှိုက်သိမ်း၊ ရေညှိခွာ စသော သန့်ရှင်းရေးလုပ်ပါ။ မိမိနေအိမ်ရှိ ဘုရားကျောင်းဆောင်ကို သန့်ရှင်းစင်ကြယ် အောင် လုပ်ပါ။ မိမိ၏ ခန္ဓာကိုယ်ကို အထူးသန့်ရှင်းစေပြီး တစ်ပတ်တစ်ကြိမ် နွားနို့ဖြင့် ရေချိုးပါ။ တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပါ။ မေတ္တာသုတ်၊ ခန္ဓသုတ်နှင့် သမ္ဗုဒ္ဓေဂါထာ အမြဲရွတ်ပွားပူဇော်ပါလေ။

* * *

ဒေဝ္ဘရာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော သတ္တဝါအကောင်များ

အောင်ဆန်းလင်း (ဘီ-အေ)

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထု သန်း ၆၀ကျော် လူဦးရေ၏ လေးပုံသုံးပုံသည် မြို့ကြီးပြကြီးနှင့် အလှမ်းဝေးကွာသော တောနေ လူတန်းစားများသာ ဖြစ်ကြသည်။ မြို့ကြီးပြကြီးနှင့် နီးသည် ဖြစ်စေ၊ ဝေးသည်ဖြစ်စေ တိုင်းပြည်၏ ရာစုနှစ် ထက်ဝက်ခန့် သည် ပြည်သူကို ကိုယ်စားမပြုသော အုပ်ချုပ်သူ အာဏာရှင် အစိုးရ၏ အားနည်းချက်ကြောင့် ဆင်းရဲမွဲတေခဲ့ရပြီး လမ်း ဆက်သွယ်ရေး ညံ့ဖျင်းကာ ပြည်သူအများ သွားလာရေး ခက်ခဲနေရဆဲဖြစ်သည်။ သွားလာရေးအခက်အခဲသည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို များစွာထိခိုက် စေလေသည်။

ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသော လူတို့၏ ခန္ဓာ ကိုယ်တွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးမျိုးထဲမှ တစ်မျိုးမျိုး အားနည်းချို့ယွင်းလျှင် ကျန်းမာရေးဖောက်ပြန် တတ်သည်မှာ ထုံးစံဖြစ်လေသည်။ ထိုအခါတွင် ရောဂါတစ်ခု တတ် တစ်ခုရရှိတတ်သည်။ ထို့အပြင် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ဒဏ်ရာအနာတရလည်း ဖြစ်နိုင် သည်။ ထိုအခါများတွင် ဆေးရုံ ဆေးပေးခန်းကို အားထားရ မြဲဖြစ်လေသည်။

တောနေ လူတန်းစားအများစုအတွက် ဆေးရုံ၊ ဆေး ပေးခန်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိ အားကိုးနိုင် ရန်မှာ အလွန်ရှားပါးခက်ခဲသော အခွင့်အရေးတစ်ရပ်ဖြစ်နေ လေသည်။ သို့သော် မကျန်းမာ၍ ရောဂါဝေဒနာရရှိခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကတော့ ကြုံတွေ့နေရမြဲဖြစ်သည်။

ထိုအခါ မြန်မာတို့၏ သမိုင်းစဉ်ဆက် တိုင်းရင်းဆေး တွင် ပါဝင်သော ဆေးမြီးတိုဆေးဝါးနှင့် ဓာတ်စာများသည် လက်တစ်ကမ်းနေရာတွင် အစဉ် အဆင်သင့်ရှိနေပါ သော်လည်း မသိရှိခြင်းကြောင့် မသုံးစွဲလိုက်ရသဖြင့် နစ်နာဆုံးရှုံးမှု ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် "မရှိတာထက် မသိတာ ခက်" မဖြစ်ရလေ အောင် ယခုတစ်လအတွက် ဆေးဖက်ဝင်သော သတ္တဝါ အကောင်ငယ်တို့ဖြင့် ကုသနိုင်စွမ်းရှိသော ရောဂါနှင့် ဆေးဝါးနည်းလမ်းများထဲမှ တချို့ကို အများအကျိုးငှာ စုဆောင်းထားရှိသမျှ တင်ပြလိုက်ပါသည်။

* ကလေးငယ် ငိုရင်း တက်သွားသော် ကင်းခြေများ ကို မီးဖုတ်ပြီး ကလေး၏ ပါးစပ်တွင်း ခွံ့ကျွေးပါ။
* ကင်းခြေများအကိုက်ခံရလျှင် ၎င်းကင်းခြေများ၏ အခြောက်မှုန့်ကို ရှူပေးပါ။ (ပုံသကူ ကင်းခြေများ အသေကို အခြောက်လှန်း အမှုန့်ပြုပြီး ပုလင်းဖြင့် သိမ်းဆည်းထားရှိရန် လိုပါသည်။)
* ကင်းကိုက်ခံရသော ဒဏ်ရာကို သင်္ဘောသီးအစိမ်း မှ ရသော အစေးနှင့် လူ၏ နို့ရည်ကို သမအောင် ရောနယ်၍ လူးပေးပါ။ ထို့နောက် နွားချေးစိုဖြင့် အုံပေးပါ။ (နွားချေးခြောက်သာ ရှိနေက ရေဆွတ်၍ ထုချေပြီး နယ်ပါ။)
* ကင်းခြေများအကိုက်ခံရလျှင် (တစ်နည်း) ဖားပြုတ် ကို ယူ၍ ဒဏ်ရာပေါ်တွင် နာရီဝက်ခန့်ကြာအောင် တင်ထားခြင်းဖြင့် ကင်းဆိပ်များ သွေးနှင့်အတူ ဒဏ်ရာထဲမှ ထွက်လာပါလိမ့်မည်။
* ကင်းမြီးအကိုက်ခံရသော် ဖားပြုတ်ခြောက်ကို မီး ဖြင့် အပူပေး ပြာချပြီး လူးပေးပါ။
* ရေဖျဉ်းရောဂါခံစားရသော် ဖားပြုတ်ခြောက်ကို ပြာချ၍ ပြာကို မရိုးစေ့ဖြင့် နယ်ပြီး ရွှေးစေ့ခန့် အလုံးလုံးပါ။ ကိုယ်ခံအား ကောင်းသူဖြစ်က တစ်နေ့ သုံးကြိမ်စားပါ။ တစ်ကြိမ်စားလျှင် တစ်လုံး ဖြင့် ချင့်ချိန်ပြီး စားပါ။ ဆေးတစ်ကြိမ်(တစ်ဖုံ)ကို ၁၅ရက်၊ ၂၀ရက်ခန့် စားပေးပါ။ နံနက်ပိုင်းတွင် ရေချိုးပေးပါ။ ဆေးတစ်ဖုံကုန်လျှင် ဖလံတောင်ဖေး



www.burmeseclassic.com

www.burmeseclassic.com

ကို ဝက်သားနှင့် ဟင်းချက်ပြီးစားပါ။

* ရေယုန်နာဖြစ်လျှင် ယုန်အရိုးကို ပေပင်အမြစ်နှင့် ရော၍ သွေးလိမ်းပါ။
* ကျောက်ကပ်ရောဂါကြောင့် ဖောရောင်သော ယုန်သားနှင့် ကျောက်ဖရုံသီး ရော၍ ဟင်းချက်စားပါ။
* ပန်းနာရောဂါဖြစ်သော် ဆီးဖြူသီးနှင့် ကြက်သား ရောနှောပြီး ဟင်းချက်စားပါ။
* ကလေး နာပိတ်၍ အသက်ရှူခက်ခဲသော် ကြက်မများ၏ ကိုယ်တွင်းအဲဆီ (ကြိုတင်စုဆောင်း ပုလင်းဖြင့် ထားရှိရန်လို)ကို ဇွန်းမှာ ထည့်၍ မီးဖြင့် အပူပေး၍ အရည်ပျော်လျှင် ကလေးငယ်၏ ငယ်ထိပ်ကို ပွတ်လိမ်းပေးပါ။
* နှင်းခူ၊ ပွေး၊ ဝဲ၊ ဂျုတ်၊ နှီပွေး၊ အနာစိမ်းနှင့် အနာ ဆိုဖြစ်လျှင် ကြက်အစာအိမ်အတွင်းဘက်မှ အကာ အမှေးကို ခြောက်သွေ့အောင် နေလှန်းပါ။ သံပြား မှာ တင်၍ မီးတိုက်ပြီး ကျွမ်းလျှင် သံခုံမှာ ထောင်း ၍ အမှုန့်ကို အုန်းဆီနှင့် ဖျော်ပါ။ မာလကာခေါက်၊ တမာခေါက်၊ ဆီးခေါက် သုံးမျိုးမှ ရရာ တစ်မျိုးမျိုး ကို ထုထောင်းပြီး ရေနှင့် ပြုတ်၍ ၎င်းအရည်[illegible] အနာကို ဖန်ဆေးပါ။ ထို့နောက် ဆေးဖျော်ရည်[illegible] လိမ်းပေးပါ။
* ဒူလာသွေးဝမ်းဖြစ်သော် ပုံသကူ ကြက်တစ်ကော[illegible] ကို ရခိုင်ငှက်ပျောပင်မှ ရသော အရည်နှင့် ဟင်း ချက်စားပါ။
* လိစ်ခေါင်းရောဂါဖြစ်သော် ကြက်အမွေးပ[illegible] အတောင်ကို ပြာချ၍ အုန်းဆီနှင့် ရောစပ်ပြီး ထွ[illegible] နေသော လိပ်ခေါင်းကို လိမ်းပေးပါ။ (တောအ[illegible] ဒေသရှိ မြန်မာကြက်ထဲတွင် ကြက်အမွေးပ[illegible] တွေ့ရတတ်သည်။)
* ဆီးချိုရောဂါဖြစ်သော် ကြက်သည်းခြေကို ရအော[illegible] မျိုချပါ။ (တစ်နည်း) ကြက်သည်းခြေကို ဆီသ[illegible] အခြောက်လှန်းပြီး မျိုချပါ ■

အာရောဂျ ပရမံ လာ[illegible]

* * *

အောင်ဆန်းလင်း(ဘီ–[illegible]


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

# ဆရာမြတ်ထွဋ်ခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၃၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.

သင်တန်းသား လက်ခံ[illegible]




www.burmeseclassic.com

www.burmeseclassic.com

## ၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX–ဓာဧပဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်


## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်–

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၇၆၈၀၈
အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အငြိမ်းစားယူပြီးနောက် တနင်္ဂနွေနံနက်တိုင်း ရွှေတိဂုံဘုရားတွင် ဘဝတူ အငြိမ်းစားများနှင့် တွေ့ဆုံနေကျဖြစ်သည်။ ဘဏ်မန်နေဂျာ ဦးမောင်မောင်၊ ကုန်သွယ်ရေး မန်နေဂျာဟောင်း ဦးအောင်ချမ်းနှင့် ကျွန်တော်၊ မိတ်ဆွေ သုံးဦးမှာ ပျက်ကွက်ခြင်း မရှိဘဲ အပတ်စဉ် တွေ့နေကျဖြစ်သည်။ အသက်အရွယ်အရ ရွှေတိဂုံဘုရားတွင် တွေ့ဆုံရသည်မှာ အလွန်ကောင်းမွန်ပါသည်။ ဘုရားသို့ ရောက်သည်နှင့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ဆောင်ရွက်ပါသည်။ ဆွမ်း၊ ပန်း၊ ရေ ဆီမီးလှူသည်။ သီလဆောက်တည်ပြီး ဝိပဿနာတရားရှုမှတ်သည်။ ထိုကုသိုလ်သုံးမျိုးကို ဆောင်ရွက်ပြီးမှ ထွေရာလေးပါး စကားများကို ပြောလေ့ရှိကြသည်။

ဦးအောင်ချမ်းမှာ ကုန်သွယ်ရေး မန်နေဂျာကြီးဖြစ်၍ မြန်မာပြည်အနှံ့ အနယ်နယ်အရပ်ရပ်တွင် တာဝန်ထမ်းဆောင်ဖူးသူဖြစ်သဖြင့် ဗဟုသုတစုံလင်သူဖြစ်ပါသည်။ ဘဏ်မန်နေဂျာ ဦးမောင်မောင်က သူ သိလိုသမျှ မေးသည်များကို ဦးအောင်ချမ်းက ပြည့်ပြည့်စုံစုံ ဖြေကြားပေးလေ့ရှိပါသည်။ သူတို့နှစ်ဦး အပြန်အလှန်ဆွေးနွေးမေးမြန်းချက်များကို ကျွန်တော်က မှတ်သားရသည်။

သူတို့ ဆွေးနွေးသည့်အကြောင်းအရာများတွင် ထူးဆန်းအံ့သြဖွယ် ကြုံရသည့် ဖြစ်ရပ်များကို ကျွန်တော်က စာများ ရေးသားလေ့ရှိပါသည်။ ယခုလည်း ဦးမောင်မောင်က မေးခွန်းစ,ပါသည်။

"ဦးအောင်ချမ်း… ခင်ဗျား လေချွန်နတ်ဆိုတာ ကြားဖူးသလား"

"ဘာဖြစ်လို့လဲ ဦးမောင်မောင်ရဲ့၊ လေချွန်နတ်ဆိုတာ ဘဝဟောင်းကို ပြောင်းသွားတဲ့ လူတွေ ဘယ်မှာ ရှိတယ်၊ ဘာလုပ်နေတယ်ဆိုတာ ကျန်ရစ်သူ မိသားစုက သိလို၍ မေးရင် လေချွန်ပြီး ဖြေတတ်တဲ့ လေချွန်နတ်ကို ပြောတာလား"

"ဟုတ်တယ်။ ကျွန်တော့်ညီမရဲ့ သားတစ်ယောက် ဆုံးပါးသွားတာ၊ သူ့အမေက သူ့သား ဘယ်ဘဝရောက်နေတယ်ဆိုတာ သိချင်လို့ လေချွန်နတ်ကို ဒီနေ့ သွားမေးကြမယ် ကြားလို့ပါ။ ကျွန်တော်သိချင်တာက လေချွန်နတ်ဆိုတာ တကယ်ရောရှိရဲ့လား။ ဟောတာတွေကရော မှန်ပါ့မလားဆိုတာ သိချင်လို့ပါ"

"လေချွန်နတ် ဆိုတာ နတ်ကတော်တွေ ဟောသလိုမျိုး ဟောတာပါပဲ။ ကျွန်တော်ကိုယ်တိုင် ငယ်စဉ်က ကြုံခဲ့ရတဲ့ အကြောင်းကို ခင်ဗျားတို့ စိတ်ဝင်စားမယ်ဆိုရင် ပြောပြချင်ပါတယ်"

"ဟုတ်ကဲ့၊ ပြောပါဗျာ၊ ကြားချင်ပါတယ်"

ကျွန်တော်က ကြားဖြတ်၍ ပြောလိုက်ခြင်းဖြစ်ပါသည်။

"ဟုတ်ကဲ့၊ ခင်ဗျားရဲ့ အတွေ့အကြုံဆိုတော့ ဗဟုသုတ ရနိုင်တာပေါ့။ ပြောပါဗျာ၊ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်"

"ကျွန်တော်ပြောတာ ဆုံးရင် လေချွန်နတ် တကယ်ရှိ၊ မရှိ၊ သူဟောတာ မှန်,မမှန်ဆိုတာ ခင်ဗျားတို့ ဆုံးဖြတ်ကြပေါ့ဗျာ။ ကျွန်တော့်ရဲ့ တကယ့်ကိုယ်တွေ့ပဲ။ ကျွန်တော်တွေ့ခဲ့ရတဲ့ လေချွန်နတ်က ကျွန်တော့်ကို တကယ် အကျိုးပြုခဲ့တယ်။ ကျွန်တော် ဆယ်တန်းဖြေပြီးစ နှစ်က စ,ပြောမယ်။ လေချွန်နတ်ရဲ့ ကျေးဇူးကတော့ မေ့လို့မရအောင်ပါပဲဗျာ"

ဦးအောင်ချမ်းသည် သူ ငယ်စဉ်က ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ကြားရသူများ စိတ်ဝင်စားစေရန် ဇာတ်လမ်းသဖွယ် ပြောပြပါသည်။

◈◈◈

၁၉၆၀ ခုနှစ်က ဖြစ်သည်။ အောင်ချမ်းနှင့် ထွန်းမြင့်တို့မှာ မူလတန်းကတည်းက ငယ်သူငယ်ချင်းများ ဖြစ်ကြသည်။ အတန်းတိုင်း အတူတွဲလာသူများဖြစ်၍ ယခု ဆယ်တန်းဖြေဆိုပြီးသည်အထိ နှစ်ယောက် မခွဲမခွာ ပေါင်းသင်းခဲ့ကြသည်။

ထွန်းမြင့်သည် ဆယ်တန်းစာမေးပွဲဖြေဆိုပြီးသည့်နေ့တွင် မိန်းမခိုးရန် စီစဉ်ထားရာ အောင်ချမ်းက အမျိုးမျိုး ဖျက်သော်လည်း ဖျက်၍ မရသဖြင့် ကြည့်နေလိုက်ရသည်။ ထွန်းမြင့်၏ ချစ်သူမှာ ဆေးလိပ်လိပ်သူ မကျော့မေ ဖြစ်သည်။ ထွန်းမြင့်၏ မိဘများက ငွေကြေးပြည့်စုံသဖြင့် ထွန်းမြင့်ကို တားကြသည်။ မိဘများက သဘောမတူကြောင်းသိလေ၊ မကျော့မေက အတင်းခိုးပြေးရန် ပူဆာလေဖြစ်သည်။ အခွင့်သာခိုက်တွင် ခိုးမပြေးပါက ဝေးရတော့မည်ဟု မကျော့မေက တောင်းပန်သဖြင့် ခိုးဖြစ်ခဲ့ပါသည်။

မစဉ်းစားဘဲ ခိုးပြေးခဲ့ကြသောကြောင့် နေရန် အခက်အခဲကြုံတွေ့ခဲ့ရပြီး မြို့စွန်ရပ်ကွက်တွင် ယာယီအခန်းငှားနေခဲ့ကြရသည်။ အိမ်ထောင်ကျစဇနီးမောင်နှံမှာ ပျော်သင့်သလောက် မပျော်နိုင်ရှာဘဲ ဘဝကို ဖြစ်သလို ထူထောင်ကြရသည်။

နောက်နေ့တွင် အကူအညီလို

www.burmeseclassic.com

က ကူညီနိုင်ရန် ထွန်းမြင့်တို့အိမ်သို့ အောင်ချမ်း ရောက်သွားသည်။ အောင်ချမ်းကို ေ႒ာ့သည်နှင့် ထွန်းမြင့်နှင့် မကျော့မေတို့မှာ ဝမ်းသာအားရ ကြိုဆိုရင်း အကူအညီတစ်ခုတောင်းခံပါတော့သည်။

"အောင်ချမ်း… ငါတို့ကို ကူညီပါဦးကွာ"

"ဘာကူညီရမလဲ ပြောလေ။ ငါကူညီနိုင်တာဆိုရင် ကူညီပါ့မယ်"

"ငါတို့မှာ ငွေလိုတယ်ကွ။ ငွေငါးထောင်လောက် ရှာပေးပါကွာ"

ထိုအချိန် ငွေငါးထောင်သည် အလွန်တန်ဖိုးရှိပါသည်။ ဗိုလ်ဂျစ်ကားအသစ်စက်စက်တစ်စီးကို ငါးထောင်ပေးလျှင် ရနေချိန်ဖြစ်သည်။ ဒုက္ခရောက်နေသော သူငယ်ချင်းကို ကူညီချင်သော်လည်း ငွေငါးထောင်ရရန် အလွန်ခက်ခဲပါသည်။ ထွန်းမြင့်ကလည်း အခြားတွင် မရနိုင်သဖြင့် အတင်းအကျပ်တောင်းခံနေပါသည်။

"မကျော့မေရဲ့ အလုပ်ရုံကလည်း လကုန်ရင် ငွေငါးထောင်ရမှာပါ။ လကုန်တာနဲ့ မင်းရဲ့ ငွေကို ပြန်ဆပ်ပါ့မယ်"

"ဟုတ်ပါတယ်ရှင်။ ကျွန်မတို့ အလုပ်ရုံက ကြိုတင်ငွေတောင်းထားတာ လကုန်မှ ရမှာမို့ လောလောဆယ် လိုနေတာပါ။ အလုပ်ရုံက ရတာနဲ့ ကိုအောင်ချမ်းကို ချက်ချင်းပြန်ပေးပါ့မယ်"

ဇနီးမောင်နှံနှစ်ဦးလုံးက အသနားခံနေသဖြင့် ငွေကို ရအောင်ရှာပေးမှ ဖြစ်တော့မည်။ မိမိလို အထက်တန်းကျောင်းသားတစ်ဦးအနေဖြင့် မှန့်ဖိုးလောက်သာ ရှိနိုင်သဖြင့် ကူညီလိုသော်လည်း ခက်ခဲနေပါသည်။ အားကိုးရာမဲ့နေသော အိမ်ထောင်ရှင်နှစ်ဦးကို ကူညီချင်၍ ကြိုးစားပါမည်ဟု ပြောခဲ့ရသော်



လည်း ဖြစ်နိုင်ခြေမရှိသည်ကို သိပါသည်။ ထွန်းမြင့်တို့၏ စိတ်ညစ်မှုသည် မိမိထံ ကူးစက်နေပြီဖြစ်၍ စားမဝင် အိပ်မပျော်ဖြစ်လာသည်။ ငွေရရှိမည့် အခွင့်အရေးအတွက် အစဉ်တွေးနေခဲ့ရသည်။

ကုသိုလ်ကံကောင်းသည်ဟုပင် ပြောရမလား မသိ။ ထွန်းမြင့်ကို ကူညီနိုင်ရန် အကြောင်းက ဖန်လာပါသည်။ ကျွန်တော့်အဖေ ခရီးထွက်နေစဉ် အဖေ၏ မိတ်ဆွေတစ်ဦးက အကြွေး ငွေငါးထောင် လာဆပ်သဖြင့် လက်ခံထားလိုက်မိသည်။ အဖေကလည်း ခရီးထွက်ရာမှ လကုန်ရက်မှ ပြန်ရောက်မည်ဟု သိရသဖြင့် ထိုငွေငါးထောင်ကို ထွန်းမြင့်အား ခေတ္တပေးထားလိုက်ပါက အဆင်ပြေနိုင်ကြောင်း စဉ်းစားမိသည်။ အဖေပြန်ရောက်ပါက ငွေငါးထောင်ကို အချိန်မီ ပေးအပ်နိုင်ပါက ပြဿနာမရှိနိုင်ပါ။ ထွန်းမြင့်တို့ကလည်း လကုန်လျှင် ငွေငါးထောင်ပြန်ပေးမှာ သေချာသဖြင့် အားလုံးအဆင်ပြေသွားမည်ဖြစ်၍ စိတ်ကူးနှင့် ကျေနပ်နေမိပါသည်။

နောက်နေ့တွင် ထွန်းမြင့်တို့လင်[…] အား ငွေငါးထောင်သွားပေးလိုက်[…] သည်။

"ဒါ ငါ့ငွေတော့ မဟုတ်ဘူ[…] ငါ့အဖေရဲ့ ငွေကို မင်းတို့ အခက်[…] တယ်ဆိုလို့ ငါပေးရတာ။ လကု[…] တော့ အပြည့်အဝရမှ ဖြစ်မှာနော်[…] ကုန်လို့မှ ငွေပြန်မရရင် ငါ ပြဿ[…] တွေ့မှာ"

"စိတ်ချရပါ အောင်ချ[…] လကုန်ရင် ဆက်ဆက်ပြန်ပေးပါ့မ[…]"

"ဟုတ်ပါတယ် ကိုအောင်[…] ကျွန်မတို့ ဆက်ဆက်ပြန်ပေးပါ့မ[…]"

ဇနီးမောင်နှံနှစ်ဦးလုံး တ[…] ပျော်ရွှင်နေပါသည်။ သူတို့လိုအ[…] သော ငွေရလိုက်သဖြင့် ပြုံးရွှင်ရယ်[…] ကာ ကတိတွေ အထပ်ထပ်ပေး[…] သည်။

◈◈◈

ကံကြမ္မာအလှည့်အပြောင်း[…] မြန်ဆန်လှသည်။ မမျှော်လ[…] ကုသိုလ်ကံကောင်းသဖြင့် ထွ[…] ငွေငါးထောင်ရခဲ့သလို၊ ငွေရပြီး[…] ရက်အကြာတွင် ထွန်းမြင့် ကွယ်လွ[…] သည်။ အလုပ်ရမည်ဆိုပြီး တစ်[…] ကမ်းသို့ လှေနှင့် သွားရာတွင် [...] မှောက်ပြီး ကွယ်လွန်ခဲ့ခြင်းဖြစ်သ[…] ဇနီးသည် မကျော့မေမှာ ယူကျုံ[…] အောင် ခံစားရတော့သည်။ ထွန်းမြ[…] အသုဘကိစ္စကို အောင်ချမ်း [...] ဆောင်သည့် သူငယ်ချင်းတစ်[…] ဝိုင်းဝန်းကူညီကြသည်။ ထွန်းမြင့်၏ [...] များက သူတို့ သဘောမတူသည့် [...] ကလေးကို ယူသဖြင့် ထွန်းမြင့်ကို [...] မကြည့်ကြသော်လည်း ယခုလို [...] တရက် ကွယ်လွန်သွားသော ထွ[…] ၏ နာရေးကိစ္စအတွက်တော့ [...] သမျှငွေကို ထုတ်ပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထွန်းမြင့်၏ မိဘများက ပေး
သာငွေ၊ သူငယ်ချင်းအပေါင်းအသင်း
များ၏ ကူငွေ၊ ညဘက် ဖဲဝိုင်းမှ
အကောက်ရငွေများဖြင့် ထွန်းမြင့်၏
ဆုဘက်ိစ္စမှ ရက်လည်ဆွမ်းကျွေးပြီး
သည်အထိ၊လုလုပပ လောက်လောက်
း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထွန်းမြင့်ကွယ်လွန်ပြီးနောက်
အောင်ချမ်း နေ့တိုင်း သွားရောက်ပြီး
ကျော့မေကို ကူညီခဲ့ပါသည်။ တစ်စ
စ်စဖြင့် လကုန်ရက်သို့ ရောက်လာ
သည်။ မကျော့မေ အလုပ်ရုံမှ ငွေထုတ်
ပြီးကြောင်းကိုလည်း သိပါသည်။
ကျော့မေထံမှ ငွေတောင်းရန် ခက်နေ
သည်။ မကျော့မေကလည်း ထိုငွေ
ကြောင်း စကားမစသဖြင့် တောင်းရန်
နေပြီး မတောင်းရက်သဖြင့် ထိုငွေ
တွက် ရင်ပူနေရပါသည်။

အဖေပြန်ရောက်လာပြီဖြစ်၍
ကို ငွေအပ်ရမည့်အရေး တွေး
ေမာနေရသည်။ ယနေ့တော့
ကျော့မေထံမှ ငွေတောင်းတော့မည်
ဆုံးဖြတ်လိုက်ပြီး မကျော့မေ၏
သို့ သွားခဲ့သည်။ မကျော့မေကို
တွေ့ရသော်လည်း မကျော့မေ
ငွေအကြောင်း မပြောဘဲ အခြား
ကို စ,တင်ပြောပါသည်။

"ကိုအောင်ချမ်း… လေချွန်နတ်
ကြောင်း ကြားဖူးသလား"

"လေချွန်နတ်…၊ ဘာကိစ္စရှိ
မကျော့မေ"

"အခုတစ်လော ကိုထွန်းမြင့်ကို
မက်မက်နေလို့။ သူ ဘယ်ဘုံဘဝ
နေတယ်၊ ဘယ်လိုနေရတယ်
သိချင်လို့ပါ။ လေချွန်နတ်ကို
သိရတယ် ကြားလို့ပါ"

ကျော့မေ၏ စကားကြောင့်
ရုတ်တရက် အံ့ဩမိသွား
သည်။ မကျော့မေ၏ စကားနှင့် ဆက်
စပ်၍ အကြံတစ်ခုရလိုက်သည်။ ထို
အကြံကို အကောင်အထည်ဖော်ရ
တော့မည်။

"မကျော့မေ သွားချင်ရင် စုံစမ်း
ပေးပါ့မယ်။ ဘယ်နေ့၊ ဘယ်အချိန်
သွားချင်တယ်ဆိုတာသာ ပြောပါ"

"မနက်ဖြန် ကျွန်မ အားတယ်။
မနက်ပိုင်း သွားချင်တယ်။ အိပ်မက်မက်
ပြီး ကိုထွန်းမြင့်အတွက် စိတ်မအေးနိုင်
အောင် ဖြစ်နေတယ်။ ကိုထွန်းမြင့်
ဟိုဘက်ဘဝမှာ အခက်အခဲတွေ့နေရ
ရင် ကူညီရအောင်ပါ။ မြို့သစ်က လေ
ချွန်နတ်က သိပ်မှန်တယ်လို့ ပြောကြ
လို့ပါ။ သွားပြီး မေးကြည့်ချင်တယ်"

"ကောင်းပြီလေ။ ကျွန်တော်
လည်း မြို့သစ်ကို သွားဖို့ ကိစ္စတစ်ခုရှိ
တယ်။ တကယ်လို့ ကြိုတင် စာရင်း
ပေးရမယ်ဆိုရင် ပေးခဲ့မယ်။ ကျွန်တော်
ညနေပြန်လာရင် အကျိုးအကြောင်း
လာပြောပါ့မယ်"

"ကျေးဇူးတင်ပါတယ်ရှင်"

အောင်ချမ်းသည် လေချွန်နတ်



ကို လုံး၀ အယုံအကြည်မရှိသော်လည်း
မိမိအကြံအစည်အောင်မြင်ရန်အတွက်
လေချွန်နတ်ရှိရာ မြို့သစ်သို့ သွားခဲ့
သည်။

လေချွန်နတ်ဟောသော ဆရာမ
လေးမှာ အသက် ၂၀ ခန့်ရှိ ငယ်ရွယ်
လှပသူဖြစ်ပါသည်။ အောင်ချမ်း ရောက်
ချိန် လူရှင်းနေသဖြင့် ဆရာမလေးနှင့်
အေးအေးဆေးဆေး စကားပြောခွင့်ရခဲ့
ပါသည်။ မိမိသိလိုသမျှ ဆွေးနွေး မေး
မြန်းခဲ့ပါသည်။ နောက်နေ့တွင် မကျော့
မေလာမည့်အကြောင်းပြောရင်း ကြို
တင် စာရင်းပေးခဲ့သည်။ ညနေတွင်
မကျော့မေထံသွား၍ အကျိုးအကြောင်း
ပြောပြရသည်။

"ဆရာမနဲ့ တွေ့ခဲ့ပါတယ်။ မနက်
ပိုင်းရလို့ ကြိုတင် စာရင်းပေးခဲ့ပါတယ်။
နေ့လယ်ပိုင်းနဲ့ ညနေပိုင်းက လူပြည့်
နေပြီ။ မနက် ၈နာရီလောက် ရောက်
အောင် သွားပေါ့"

"ဆရာမရဲ့ အိမ်လိပ်စာရော"

"လိပ်စာက လွယ်ပါတယ်။ သွန်း
ဘုရားကြီးရှိတဲ့ လမ်းပဲ။ လမ်းအမှတ်
(၁)၊ အိမ်အမှတ်(၁)၊ အစွန်ဆုံးအိမ်ပဲ။
ဆိုက်ကားနဲ့ သွားလိုက်ပါ"

"ဆရာမ ဟောတာ ပြောတာ
တွေရော မှန်သတဲ့လား"

"စုံစမ်းရသလောက်တော့ သိပ်
မှန်တယ်လို့ သိရတယ်။ ဆရာမက
သေသူရဲ့ အကြောင်းကို မမေးခင်
အတိတ်အကြောင်းကို အရင်ဟော
တယ်။ အတိတ်က ဖြစ်ရပ်တွေ မှန်လို့
မေးချင်တဲ့ ဆန္ဒရှိမှ မေးနိုင်တယ်။ သူ
ဟောချက်ကို မကျေနပ်လို့ ဆက်မမေး
ရင်လည်း ရတယ်။ ကြားရသလောက်
တော့ အလွန်မှန်တယ်လို့ သိရတယ်။
လာလိုက်တဲ့ လူတွေကလည်း သိပ်များ
တယ်။ အနယ်နယ်အရပ်ရပ်က လာ



www.burmeseclassic.com

www.burmeseclassic.com

နေကြတာပဲ"

"ဒါဆို နေရာကျပြီ၊ ကျွန်မ မနက်စောစောသွားလိုက်မယ်"

"ဘာတွေ ပြောလိုက်တယ် ဆိုတာ အကျိုးအကြောင်းသိရအောင် မနက်ဖြန်ညနေ ကျွန်တော်လာခဲ့ပါဦးမယ်"

◈◈◈

ထိုညက အောင်ချမ်း အိပ်မပျော်ပါ။ မကျော့မေကို ဘယ်လိုပြောလိုက်မည်ကို သိချင်နေပါသည်။

နံနက် အိပ်ရာထချိန်တွင်လည်း ထိုအကြောင်းကိုသာ စိတ်က ရောက်နေသည်။ ယခုအချိန်ဆို မကျော့မေ အိမ်က ထွက်လောက်ပြီ။ ဒီအချိန်ဆို ဆရာမနှင့် တွေ့ပြီ။ တွေ့တွေ့ချင်း ထွန်းမြင့်၏ အတိတ်ဘဝကို ပြောလိမ့်မည်။ ထွန်းမြင့်၏ အတိတ်က အဖြစ်အပျက်မှန်ကန်လျှင် ဆက်မေးလိမ့်မည်။ ဆက်မေးမှ လက်ရှိ ထွန်းမြင့် ရောက်ရှိနေသော ဘဝကို ပြောမည်ဖြစ်သည်။

မကျော့မေကို ဘာတွေ ပြောလိုက်မည်ကို အလွန်သိချင်နေသည်။ ညနေတွင် မကျော့မေကို လာတွေ့မည်ဟု မှာခဲ့သော်လည်း ညနေအထိ မစောင့်နိုင်သဖြင့် နေ့လယ်တွင် အိမ်က ထွက်ခဲ့မိပါသည်။ မကျော့မေတို့ အိမ်သို့ ရောက်သည်နှင့် မကျော့မေက ဆီးကြို၍ နှုတ်ဆက်ပါသည်။

"ကိုအောင်ချမ်းကို ကျွန်မ မျှော်နေတာ"

"ဗျာ၊ ···၊ လေချွန်နတ်က ဘာတွေ ပြောလိုက်လို့လဲ။ ကျွန်တော် လေချွန်နတ် ပြောလိုက်တာ မှန်မမှန် သိချင်လို့ လာခဲ့တာပါ"

"သိရမှာပေါ့ရှင်၊ ကဲ - ခဏထိုင်ပါဦး"



မကျော့မေသည် အိပ်ခန်းတွင်းသို့ ဝင်သွားပြီး ခဏအကြာ ပြန်ထွက်လာသည်တွင် လက်ထဲ၌ ငွေစက္ကူများ ကိုင်ဆောင်လာသည်ကို တွေ့ရသည်။

"ရော့··· ဒီမှာ၊ ကိုထွန်းမြင့် မသေခင်က ချေးယူထားတဲ့ ငွေငါးထောင်။ ဒါက အတိုးငွေတစ်ထောင်။ ပေါင်း ခြောက်ထောင်"

"ဒီငွေက ဘာလုပ်ရမှာလဲ။ ဘာလို့ ချက်ချင်းပေးရတာလဲ။ ငွေက ကိစ္စမရှိပါဘူး"

"ရှင့်အတွက် ကိစ္စမရှိပေမယ့် ကျွန်မအတွက် သိပ်အရေးကြီးလို့ပါ။ ကိုအောင်ချမ်း မလာရင်တောင် ကျွန်မက လာပေးတော့မလို့"

"လေချွန်နတ်က ဘာတွေပြောလိုက်လို့လဲ"

"ပြောတာတွေက သိပ်မှန်တာပဲ။ ကိုထွန်းမြင့်က စာမေးပွဲဖြေပြီးတဲ့နေ့မှာ မိန်းမခိုးတဲ့အကြောင်း။ နေစရာမရှိလို့ မြို့ စွန်ရပ်ကွက်မှာ နေရတဲ့အကြောင်း။ ငွေကြေးမပြေလည်လို့ သူငယ်ချင်းဆီက ငွေငါးထောင်ချေးရတဲ့အကြောင်းနဲ့ ရေနစ်သေတဲ့အကြောင်း အထိ အားလုံးမှန်အောင် ပြောတယ်။ အဲဒါတွေ ပြောပြီးမှ ဆန္ဒရှိရင် မေး တယ်လို့ ပြောတယ်။ သူပြောတာ သိပ်မှန်နေတော့ ဆက်မေးပါ့မယ် ပြော ရတာပေါ့။ ကျွန်မ သိချင်နေတဲ့ ကိုထွန်း မြင့် ဘယ်ဘုံဘဝကို ရောက်နေသ ဘာအခက်အခဲရှိသလဲ၊ ဘာကူညီ မလဲ မေးရတာပေါ့။ အဲဒီအခါ ဆရာ က ကိုထွန်းမြင့်ကို ခေါ်လိုက်တယ် လေချွန်သံ ကြားရတယ်။ ကိုထွန်းမြင် ရောက်လာပြီ ပြောတယ်။ ကျွန်မ နားထဲမှာ မကြားရပေမယ့် ဆရာ ပြောလို့ သိရတာကတော့ ကိုထွန်းမြင် ဒုက္ခရောက်နေတယ်။ ဒီဒုက္ခက လွတ် အောင် သူငယ်ချင်းဆီက ချေးထား ငွေငါးထောင် အမြန်ပြန်ဆပ်လိုက်ပါ အတိုးတစ်ထောင်ပါ ပေါင်း ခြောက် ထောင်ပေးလိုက်ရင် ၊ ကိုထွန်းမြင် အခက်အခဲက လွတ်မြောက်ပြီလို့ ပြောပါတယ်။ အဲဒီကိစ္စ ချက်ချင်းလု ဖို့ ဆရာမက ပြောလိုက်လို့ ငွေကို ဆောင်ရွက်ရတာပါ။ ကိုထွန်းမြင် အခက်အခဲက လွတ်မြောက်အောင် ဒီငွေတွေကို ယူလိုက်ပါရှင်"

မကျော့မေ ပေးသည့် ငွေခြောက် ထောင်ကို လက်ခံခဲ့ပါသည်။ လေချွန် နတ်၏ ကူညီမှုကို တစ်သက်မေ့ မရနိုင်တော့ပါ။ ရရှိလာသော ငွေမှ အနက် ငွေငါးထောင်ကို အဖေ့ထံ အ နှံ၍ ကျန်ငွေတစ်ထောင်ကို လေချွ နတ် ဆရာမကို ကတိအတိုင်း ပေ လိုက်ရပါသည်။ ■

* * *

ကောင်းဆေ

www.burmeseclassic.com

တက္ကသိုလ်စိုးမိုးနိုင်

# ဘဝပုစ္ဆာ အဖြေရှာကဏ္ဍ

**DKMK**

**အမှတ် (၁၆၄)၊ ၇၃လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**မေး ။ ဒီနှစ်ထဲမှာ ကံကောင်းမလား။**

**ဖြေ** ။ DKMK သည် ဂဏန်းဗေဒင်ပညာရပ်အရ (၂) ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒဗေဒင်ပညာရပ်အရ ကြွက်နှစ်ဖွားဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ တူရာသီဖွား(Libra) ဖြစ်ခြင်းကြောင့် စိတ်ကူးစိတ်သန်းကောင်းသူ၊ စိတ်ကူးဉာဏ် ရင့်သန်သူ၊ ကြုံလာသော အခွင့်အရေးကို အမိအရဖမ်းတတ်သူ၊ လောင်းကစားမှုကို ဝါသနာပါသူဖြစ်သည်။ ကိစ္စတိုင်းကို ချင့်ချိန်နိုင်စွမ်းအား မြင့်မားသည်။

ကံဆိုသည်ကား အလုပ်ပင်ဖြစ်သည်။ သင်ပြုသောကံ သင့်ထံသို့ ပဲ့တင်သံကဲ့သို့ ပြန်လည်ရောက်ရှိလာမည်မှာ သေချာပေါက်ဖြစ်သည်။ သင်၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့သည် ကံကို ပြဋ္ဌာန်းပေးလိမ့်မည်။

အသက်ကို ဉာဏ်စောင့်ဆိုသော စကားနှင့်အညီ မိမိကိုယ်မိမိ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါး မျှတစွာနေထိုင်ခြင်းဖြင့် မိမိ၏ ကျန်းမာရေးကို စောင့်ရှောက်ပါ။ ကျန်းမာရေးကံ ပိုမိုမြင့်မားလာစေရန် နေ့စဉ် ဘုရားဂုဏ်တော်ကိုးပါးနှင့် ဗောဇ္ဈင်သုတ်တော်တို့ကို ရွတ်ဖတ်ပူဇော်ပါ။ ကံကောင်းခြင်းမင်္ဂလာအဖြာဖြာကို ပိုင်ဆိုင်နိုင်ပါစေ။

**DKMS**

**အ/၁ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး။**

**မေး ။ ဒီနှစ်ထဲမှာ ကံကောင်းမလား။**

**ဖြေ** ။ DKMS သည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ ကျားနှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီးကိုင်ရိုရဲ့ ဂဏန်းဗေဒင်ပညာရပ်အရ (၇)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ မိဿရာသီဖွား(Aries) ဖြစ်ခြင်းတို့ကြောင့် ဂမ္ဘီရဆန်သော ကိစ္စရပ်များကို အထူးစိတ်ဝင်စားသည် ဝါသနာပါသူ၊ ရဲစွမ်းသတ္တိရှိသူ၊ ဦးစီးဦးဆောင်လုပ်ကိုင်တတ်သူမျိုးဖြစ်သည်။ တည်ကြည်ရဲရင့်သူဖြစ်ပြီး ဘဝတစ်လျှောက်လုံးတွင် အတိုက်အခံ အခက်အခဲများကို ရင်ဆိုင်တိုက်ခိုက်ရန် ဦးမလေးသူမျိုးဖြစ်သည်။

ကံဆိုသည်ကား မိမိလုပ်သောအလုပ်၏ အကျိုးဆက်ကို ခံစားရခြင်းပင်ဖြစ်သည်။ DKMS ၏ ယခုနှစ် တွေ့ကြုံရသော ကံတရားမှာ "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်" ကြိုးစားရမည့် ကံတရားပင်ဖြစ်သည်။ အထူးသဖြင့် လက်ရှိလုပ်ကိုင်နေသော အလုပ်အကိုင်၊ စီးပွားရေးပိုင်းမှာ စိန်ခေါ်နေသော အခက်အခဲအချို့ရှိနေသည်။ အခက်အခဲကို အခွင့်အရေးအဖြစ် အသွင်ပြောင်းလဲယူနိုင်ရန် အထူးလိုအပ်၏။

DKMS အတွက် ကံကောင်းခြင်းလက်ဆောင် ယတြာမှာ နေ့စဉ်နံနက်တိုင်း စောစောထပြီး အိမ်ရှိ ဘုရားမှာ ပန်း၊ ရေ၊ ဆွမ်းကပ်လှူပြီး မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ဆင်ခြင်ပွားများပါ။ မင်္ဂလသုတ်တော်လာ အချက်များကို လိုက်နာကျင့်ကြံမည်ဆိုပါက သင့်ဘဝ ပျော်ရွှင်မှု အထူးကြုံပါလိမ့်မည်။

**MYMS**

**အ-၁၊ ၂၄ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**မေး ။ ဒီနှစ်ထဲမှာ ကံကောင်းမလား။ ထီပေါက်ကံရှိသလား။ အလုပ်ရာထူးတိုးကိန်းရှိသလား။**

**ဖြေ** ။ MYMS သည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ ခွေးနှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီးကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၁)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ပြိဿရာသီဖွား(taurus) ဖြစ်ခြင်းတို့ကြောင့် သစ္စာတရားကို ဦးထိပ်ပန်ဆင်သူမျိုးဖြစ်သည်။ မိမိချစ်သူခင်သူတို့အပေါ် အထူးပင် သစ္စာတရား၊ မေတ္တာတရား ကြီးမားသည်။ ချစ်သူခင်သူတို့၏ ရန်သူအပေါ်မှာ ပြန်လည်တုံ့ပြန် တိုက်ခိုက်လိုစိတ်ရှိသည်။

ကံဆိုသည်ကား စေတနာ၏ ပုံရိပ်ပင်ဖြစ်သည်။ သင်၏ ဖြူစင်မြင့်မြတ်သော စေတနာက ကောင်းကံကို ဖြစ်ပေါ်စေလိမ့်မည်။ ကြိုးစားမှု အားကောင်းလျှင် အားကောင်းသလောက် ကံကောင်းမည့်နှစ်ပင် ဖြစ်သည်။

ယခုနှစ်ထဲမှာ ထီဆုကြီးပေါက်၊ ငွေအလုံးအရင်းရကံ



www.burmeseclassic.com

www.burmeseclassic.com

မျိုးတော့ ရှိမနေပါ။ သို့သော် လာဘ်ရွှင်၊ ငွေရ၊ ထီပေါက်စေရန် ဘာသာရေးအဓိဋ္ဌာန်တစ်ခုကို ယုံယုံကြည်ကြည်ပြုလုပ်စေချင်ပါသည်။ မြတ်စွာဘုရားရှင်၏ "ဒိဝါတပတိဂါထာတော်မြတ်"ကို နေ့စဉ်မှန်မှန် ၉ခေါက်တိတိ ရွတ်ဖတ်ပါ။

ရာထူးနေရာအပြောင်းအလဲအချို့တော့ ကြုံတွေ့ရလိမ့်မည်။ ကောင်းသော ပြောင်းလဲမှုမျိုးဖြစ်စေရန် အလုပ်သွားခါနီးတိုင်း ဘုရားဂုဏ်တော်ကိုးပါးကို ၃ခေါက်တိတိရွတ်ဆိုပါ။

**ယဉ်မိုးသူ**

**အမရပူရမြို့၊ လေးစုတိုက်နယ်၊ နန်းမတော်။**

**မေး** ။ **ဘဝအောင်မြင်မှုကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။**

**ဖြေ** ။ မယဉ်မိုးသူသည် တရုတ်ရိုးရာ ဂမ္ဘီရဝေဒဗေဒင်ပညာရပ်အရ နွားနှစ်ဖွားဇာတာရှင်ဖြစ်ပါသည်။ ဆရာကြီးကိုင်ရို၏ ဂဏန်းဗေဒင်ပညာရပ်အရ (၃)ဂဏန်းသမားဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ဓနုရာသီဖွား(sagittarius) ဖြစ်ခြင်းတို့ကြောင့် ရတနာမြတ်သုံးပါးအပေါ်မှာ ကိုင်းညွတ်စိတ်ရှိသူ၊ အိမ်တွင် နေထိုင်ရခြင်းထက် ပြင်ပတွင် လှုပ်ရှားသွားလာရခြင်းကို ပိုမိုမြတ်နိုးသူ၊ ဘာကိုပဲလုပ်လုပ် အလေးအနက်ထား စဉ်းစားလုပ်ကိုင်တတ်သူပင် ဖြစ်သည်။

အောင်မြင်မှုဆိုသည်ကား မိမိဖြစ်ချင်သောအရာကို မိမိဆန္ဒအတိုင်း အကောင်အထည်ဖော်လာနိုင်ခြင်းပင် ဖြစ်သည်။ ပတ်ဝန်းကျင်၏ တုံ့ပြန်မှုနှင့် မသက်ဆိုင်ပေ။ ကြိုးစားအားထုတ်မှုနှင့် ကောင်းမွန်သော ဆုံးဖြတ်ချက်တို့ ပေါင်းစပ်ထားသော သရဖူပင်ဖြစ်သည်။ မယဉ်မိုးသူအတွက် ဘဝအောင်မြင်ရေးကျင့်စဉ်တစ်ရပ်မှာ...

* **အဖျက်စကားကို နားမထောင်နှင့်။**

"မဖြစ်နိုင်ပါဘူးကွာ၊ မင်းလုပ်လို့ မရနိုင်ပါဘူး"ဆိုသော အဖျက်စကားများကို နားမယောင်ပါနှင့်။ "ငါလုပ်ရင် ငါဖြစ်ရမယ်"ဆိုသော စိတ်ဓာတ်ကို မွေးမြူပါ။

* **အကြီးအကဲ မိတ်ဆွေများနှင့် တိုင်ပင်ဆောင်ရွက်ပါ။**

အကြီးအကဲနှင့် မိတ်ဆွေများသည် မိမိ၏ ကောင်းကျိုးကို လိုလားခြင်း၊ မိမိထက် အကြုံဉာဏ်ရှိခြင်းတို့ကြောင့် မိတ်ဆွေများနှင့် တိုင်ပင်ခြင်းက သင့်ဘဝအောင်မြင်မှုအတွက် အကောင်းဆုံး နည်းလမ်းတစ်ရပ်ပင်ဖြစ်သည်။

* **ကျားကုတ်ကျားခဲ ကြိုးစားပါ။**

အောင်မြင်မှုအတွက် အလုပ်လုပ်ရာတွင် အလုပ်၏ အမြစ်သည် ခါးသီးသည်။ ထိုအလုပ်မှ သီးပွင့်လာသော အသီးအပွင့်များသည် ချိုမြိန်လှသည်။ ထို့ကြောင့် အောင်မြင်မှု အသီးအပွင့်ကို ရရှိခံစားနိုင်ရန် ကျားကုတ်ကျားခဲ ကြိုးစားရန် အထူးလိုအပ်သည်။

* **နှလုံးသားဖြင့် ခံစားပြီး ဦးနှောက်ဖြင့် ဆုံးဖြတ်ပါ။**

အောင်မြင်မှု ခရီးလမ်းကို လျှောက်လှမ်းရာတွင် မရှေ့မနှောင်းလင့်ဘဲ အချစ်ဆိုသော ခလုတ်ကန်သင်းနှင့် ဝင်တိုက်မိတတ်သည်။ မိမိ၏ အချစ်ရေးကြုံကြိုက်လာပါက ဇွတ်မလုပ်ပါနှင့်။ မိဘများနှင့် တိုင်ပင်ပါ။

* **ယုံကြည်စိတ်ထားပါ။**

အောင်မြင်သော ဘဝကို စိတ်ကူးဖြင့် ပုံဖော်ကြည့်ပါ။ ယုံကြည်ပါ။ လက်တွေ့ ပိုင်ဆိုင်ခွင့်ရရှိပေလိမ့်မည်။

* **ဘာသာစကားများနှင့် အိုင်တီပညာရပ် (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပညာတစ်ခုခုကို လေ့လာပါ။**

အောင်မြင်မှုအတွက် ပညာတစ်ခုခုကို ကျွမ်းကျင်ပိုင်နိုင်ရန် အထူးလိုအပ်သည်။ ထို့ကြောင့် မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော တစ်ခုခုကို ကျွမ်းကျင်ပိုင်နိုင်အောင် သင်ကြားပါ။

* **ဇွဲလုံ့လသာရှိလျှင် သံတုတ်ကြီးကို အပ်ဖြစ်အောင် သွေးနိုင်လိမ့်မည်။**

အောင်မြင်မှုပန်းတိုင်သို့ လျှောက်ရာလမ်းမှာ ဇွဲလုံ့လရှိရန် အထူးလိုအပ်သည်။

* **အောင်မြင်မှုဆိုတာ ဂုဏ်ပြောင်သော ရှုံးနိမ့်မှုဇာတ်လမ်းတွဲတစ်ပုဒ်ပင်ဖြစ်သည်။**

အောင်မြင်မှုသို့ သွားရာလမ်းခရီးမှာ ရှုံးနိမ့်မှုများကို ကျော်ဖြတ်ရစမြဲပင်ဖြစ်သည်။ အရှုံးနှင့် ကြုံကြိုက်သောအခါ သင်ခန်းစာယူဖြစ်အောင် ယူပါ။ ရှုံးနိမ့်မှုကို အောင်မြင်မှုအဖြစ် အသွင်ပြောင်းပါ။

* **ဘဝတရား၏ အဆုံးအမကို နာခံပါ။**

သုံးဆယ့်ရှစ်ဖြာမင်္ဂလာ၏ အဆုံးအမအတိုင်း လူမိုက်ကို ရှောင်၊ လူလိမ္မာနှင့် ပေါင်း၊ ပူဇော်ထိုက်သူကို ပူဇော်ပါ။ သုံးဆယ့်ရှစ်ဖြာမင်္ဂလာကို ရွတ်ဖတ်ပြီး အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပွားများပါ။ နံနက်တိုင်း စောစောထပြီး အိမ်ရှိဘုရားမှာ ပန်း၊ ရေချမ်း၊ ဆွမ်း ကပ်လှူပြီး သီလခံယူပါ။ မင်္ဂလသုတ်တော်ကို ရွတ်ပါ။

မယဉ်မိုးသူ၏ ဘဝမှာ အောင်မြင်မှု၊ ကြီးပွားမှုများနှင့် ကြုံကြိုက်နိုင်ပါစေ ■

* * *

ဘဏ္ဍာသိပ္ပံမိုးမိုးဝင်း



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ်။ ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးသဲမှာ မောပန်းလမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒသနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ၊ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

**A** = ဒီနှစ်ထဲမှာ ကံကောင်းမလား။

**B** = ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။

**C** = ကျန်းမာရေးခာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)

**D** = ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။

**E** = အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့၊ရက်၊လ၊ ခုနှစ်၊ မွေးဒေသနှင့် လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)

**F** = ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန်၊ မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်။

**G** = အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် : ____________________

မွေးခုနှစ်၊လ၊ရက် : ____________________

နေရပ်လိပ်စာ : ____________________

____________________

____________________

သိမေးလိုသည့် : ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

**A** ( ) **B** ( ) **C** ( ) **D** ( ) **E** ( ) **F** ( ) **G** ( )

✂ ------------------------------------------------------------

☞ပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင်အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ။ (သို့မဟုတ်)

☞ပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း


ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမှတ်-၁၇၉(ဒုတိယထပ်/ဝဲ)၊၃၁-လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း - ၃၇၄၄၈၅



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပဲခူးရိုးမတောင်တန်းကြီး၏ ...ရှေ့ဘက်စောင်းတွင် သစ်ပင်ကြီးများ ...င်းမဲ့နေသော ချုံပင်၊ ကလိန်ပင်၊ ...ပင်များလောက်သာ တောဖြစ်၍ ...တော့သည်။ ထိုသို့ဖြစ်ရခြင်းမှာ ...ိုးမကြီး၏ အရှေ့ဘက် တောင်ခြေ ...များတွင် နေထိုင်ကြသော ကျေး ...နေသူများက ထိုတော၊ ထိုတောင် ... အမှီသဟဲပြုကာ လိုအပ်သော ... ဝါးများ၊ ခုတ်ယူ အသုံးပြုခြင်းများ ...စဉ် ပြုလုပ်ကြသောကြောင့် ဖြစ်

တချို့က အရှေ့ဘက် တောင် ...င်းရှိ သစ်ပင်၊ ဝါးပင်များကို ခုတ် ...ကြသည်။ နေပူတွင် တစ်လကျော် ...အောင် အခြောက်လှန်းထားသည်။ ...က်သွားသည်နှင့် ထိုခုတ်ကွက်ကို ...ိုက်ကြသည်။ ကိုင်းသေးကိုင်းမွား ... သစ်ရွက်ခြောက်ဟူသမျှ မီးလောင် ...သွားပြီး မြေကွက်ကြီး ပေါ်လာ ...ည်။ ထိုမြေကွက်တွင် သီးမွှေး ...ပြော၊ ဖရုံ၊ သခွား၊ ကုလားအော် ... ဆင်ခရမ်းသီး၊ ပြောင်း၊ စူးထိုး ...များ စိုက်ကြကာ ယာလုပ်ကြလေ ...ည်။

ယာကွက်တစ်ကွက်ခုတ်ပြီး ...များ စိုက်လျှင် သုံးနှစ်လောက် ...စိုက်နိုင်ကြသည်။ သုံးနှစ်ထက် ...လျှင် စိုက်သော သီးနှံများ လိုလာ ...ဆောင်းပန်းမလှတော့ပေ။ ထိုအခါ ...ပေါ်တွင် နောက်ထပ် နေရာသစ် ... ယာခုတ်ကြရပြန်သည်။ ယာ ...များမှ ရွှေ့ပြောင်း တောင်ယာများ ...ရှင်းလင်း၍ ယာစိုက်ကြသဖြင့် ...များ ပြုန်းတီးခဲ့ရတော့သည်။

"ဥတုရာသီ တောကို မှီ" ဆို စကားရှိသည်။ သစ်တောများ ထူထပ်ပြီး စိမ်းလန်းနေကြလျှင် အအေးဓာတ်များ ရှိနိုင်၏။ မုန်သုန်လေ တိုက်ခတ်ချိန်တွင် လေနှင့်အတူ သယ်ယူလာသော ရေခိုးရေငွေ့များသည် အအေးဓာတ်နှင့် ထိတွေ့လျှင် ရေငွေ့မှ ငွေ့ရည်ဖွဲ့လာပြီး မိုးသီးမိုးပေါက်များ ဖြစ်လာကာ မိုးအဖြစ် ရွာချ၏။ သစ်တောများ ကင်းမဲ့၍ အအေးဓာတ်မရှိလျှင် ထိုအရပ်ဒေသများ၌ ငွေ့ရည်မဖွဲ့နိုင်ခြင်းကြောင့် မိုးရွာနိုင်ခြင်း မရှိတော့ဘဲ မိုးခေါင်လေတော့သည်။

"ဟာ···မိုးကလေး မစို့မပို့ ရွာလာလို့ လယ်တွေအတွက် ပျိုးထောင်ခဲ့မိတာ။ အခုတော့ မိုးမရွာတော့ဘဲ နေပူနေလို့ ပျိုးခင်းတွေ ခြောက်လိုက်လာပြီး ကောက်ရိုးဘဝရောက်ကြပြီကွာ။ မျိုးစပါးတွေလည်း ဆုံးပြီ၊ မိုးရွာမှ ပျိုးပြန်ထောင်ရတော့မှာပဲကွာ"

အအေးဓာတ်က မရှိတော့ မိုးအနည်းငယ်မျှသာ ရွာခဲ့၏။ ထိုမိုးရွာသည်နှင့် ပျိုးထောင်ခဲ့သည့် လယ်သမားများမှာ ပျိုးပင်ကလေးများ ခြောက်သွေ့ပျက်စီးကြရသည်။ မိုးခေါင်သဖြင့် စပါးစိုက်ကြရပြန်တော့လည်း စပါးထွက်ကမကောင်းသဖြင့် တချို့ လယ်သမားများဆိုလျှင် ဝမ်းစာစပါးတောင် လုံလုံလောက်လောက် မရခဲ့ကြပေ။

◈◈◈

သာအေးတို့က တောင်ခြေရွာကလေးတွင် နေထိုင်ကြကာ၊ လယ်လုပ်၍ အသက်မွေးနေကြ၏။ သူတို့ရွာ၏ အနောက်ဘက် ပဲခူးရိုးမကြီးမှာ ထင်း၊ ဝါးများ ခုတ်ယူခြင်း၊ တောင်ယာလုပ်ခြင်းများကြောင့် သစ်တောများ ပြုန်းတီးပြီး သစ်ပင်ကြီးများ ကင်းမဲ့နေတော့၏။ ထင်း၊ ဝါးများ ရရှိရန် တောင်ပေါ် ခပ်ဝေးဝေးသို့ တက်ခုတ်မှ ရကြတော့သည်။ နှစ်စဉ်ပင် မိုးအနည်းငယ်သာ ရွာခဲ့၍ လယ်လုပ်ရသည်မှာလည်း ဝမ်းစာပင် အနိုင်နိုင်ရကြသည်။

တစ်နေ့သော နံနက်ပိုင်းတွင် သာအေးက တောင်ပေါ်မှ ထင်းတုံးဖြတ်၍ လှည်းနှင့် တင်ပြီး မောင်းလာလေသည်။

"ဟေ့···သာအေး၊ မင်း ထင်းလှည်းမောင်းလာတော့ တောထဲမှာ လူအုပ်ကြီးကို မတွေ့ခဲ့ဘူးလားကွ"

"အင်း···ဟို ကျတ်မြောင်းအဝမှာ တွေ့ခဲ့တယ်ဗျ"

"အဲဒီလူအုပ်ကြီးက တောထဲဘာလာလုပ်ကြတာတဲ့လဲကွ"

"မသိပါဘူးဗျာ။ တောထဲမှာ တောင်ထိုး မြောက်ထိုးနဲ့ လက်ညှိုးထိုးပြီး ပြောဆိုနေကြတာပဲဗျ။ ပြီးတော့ သူတို့လက်ထဲမှာ မြေပုံစာရွက်ကြီးလားပဲ၊ ဖြန့်ဖြန့်ကြည့်နေကြတာပဲဗျ"

"အေးကွ၊ ဒီတော ဒီတောင်ကို လာကြည့်ကြတာဆိုတော့ သစ်တောဘက်က အရာရှိတွေပဲ ဖြစ်မယ်ကွ"

ကိုသာအေးတို့လည်း ထိုလူများအား တွေ့မြင်ကြကာ အမျိုးမျိုးတွေးကြည့်နေကြခြင်းဖြစ်လေသည်၊ နောက်တစ်ပတ်ခန့်အကြာတွင် ကိုသာအေးတို့ရွာသားများ သိလာခဲ့ကြတော့သည်။

◈◈◈

ဟာ···ငါတို့ရွာအနောက်ဘက်က ပြုန်းနေတဲ့ သစ်တောနေရာမှာ နိုင်ငံတော်က ကျွန်းနဲ့ ပျဉ်းကတိုးပင်တွေ ပြန်စိုက်ဖို့ စီမံကိန်းချလိုက်ပြီတဲ့ကွ"

"ဩော်··· အဲဒါကြောင့် ဟိုတစ်လောက သစ်တောဘက်က တာဝန်ရှိသူတွေ မြေပုံနဲ့ တောထဲ လာကြည့်ခဲ့ကြတာကိုး"





www.burmeseclassic.com

www.burmeseclassic.com

မကြာမီရက်တွင် ကျတ်မြောင်းအဝတွင် ဗိုလ်တဲသုံးလုံး စတင်ဆောက်ကြတော့၏။ လိုအပ်သည့် တိုင်၊ သွပ်၊ ပျဉ်တို့ကို ရွာမှ လှည်းများ ငှားရမ်း၍ သယ်ယူကြသည်။

"ဟာ . . . ကျတ်မြောင်းအဝမှာ ဗိုလ်တဲကြီးသုံးလုံးကို ဆောက်ထားတာ သွပ်တွေကို ဖွေးနေတာပဲဟေ့"

"ဟုတ်တယ်။ အဲဒီ ဗိုလ်တဲတွေမှာ သစ်တောဘက် အရာရှိတွေ၊ တောခေါင်း၊ တောအုပ်တွေလည်း ရောက်နေကြပြီတဲ့ကွ"

မကြာမီတွင် စိမ်ကိန်းစိုက်ကွက် ဖော်ထုတ်နိုင်ရေးအတွက် လိုအပ်သော လုပ်သားများ ရရှိရန်၊ တောင်ခြေရှိ ရွာများမှ လူများကို ဗိုလ်တဲသို့ ညှိနှိုင်းရန် အစည်းအဝေးခေါ်ယူလေသည်။ ထိုနေ့တွင် တောင်ခြေရွာများမှ ရွာသားများ ရောက်ရှိလာခဲ့ကြလေသည်။

"ကဲ-လူတွေလည်း တော်တော် စုံစုံရောက်လာခဲ့ကြပြီဆိုတော့ အစည်းအဝေးစ လိုက်ကြရအောင်ဗျာ"

"ဟုတ်ကဲ့၊ စုံကြပါပြီဗျာ။ စကြပါတော့"

"ဒီကနေ့ အစည်းအဝေးခေါ်ယူရတာကတော့ နိုင်ငံတော်က ဖော်ထုတ်နိုင်းလာတဲ့ ကျွန်း၊ ပျဉ်းကတိုး စိမ်ကိန်းစိုက်ကွက်အတွက် အကောင်အထည် ဖော်ပေးဖို့ပါပဲ။ ဒီ စိမ်ကိန်းကို အကောင်အထည်ဖော်ရာမှာ ပထမဦးဆုံး စိုက်ကွက်အတွက် တောခုတ် ရှင်းလင်းဖို့ပါပဲ။ အဲဒီလို ခုတ်ထွင်ရာမှာ ကျွန်တော်တို့ သစ်တောဝန်ထမ်းတွေနဲ့ချည်း မလုံလောက်ပါဘူး။ တောင်ခြေရွာတွေက တောခုတ် လုပ်သားတွေရဲ့ အားနဲ့ ဆောင်ရွက်ကြရမှာပါ။ ဒီတော့ တောခုတ်လိုတဲ့ လုပ်သားတွေကို နေ့တွက်ခ ပေးပြီး ငှားရမ်းသွားမှာပါ။ ခင်ဗျားတို့လည်း အလုပ်ရကြ၊ ကျွန်တော်တို့လည်း စိမ်ကိန်းအကောင်အထည်ဖော်နိုင်မှာပါ။ လုပ်ခကိုတော့ တစ်နေ့ချင်း ရှင်းယူမယ်ဆိုလည်း ရမယ်။ ဒါမှမဟုတ် ကေအလိုက် ရှင်းယူချင်ရင်လည်း ရပါမယ်။ စိုက်ကေအားလုံးပေါ်လာပြီးရင်လည်း ကျွမ်းခွေ၊ ပျိုးထောင်၊ စိုက်တဲ့ အလုပ်တွေ၊ အပင်ပေါက်လာရင် ပေါင်းရှင်းတဲ့ အလုပ်တွေကို ခင်ဗျားတို့ကိုပဲ ငှားရမ်းပြီး လုပ်ရမှာဆိုတော့ ခင်ဗျားတို့ရွာသားတွေ အလုပ်တွေ ရကြမှာပါပဲ"

ရွာသားများလည်း နွေဘက်၌ အလုပ်အားနေကြသဖြင့် သစ်တောခုတ်ထွင်ရေးကို ကေအလိုက် တာဝန်ယူကာ စတင်ခုတ်ထွင်ခဲ့ကြတော့သည်။ ယခုဆိုလျှင် တောထဲ၌ ဟိုနေရာက ဓားခုတ်သံ၊ ဒီနေရာက တောရှင်းသံ၊ သစ်ပင်လဲသံများ ဆူညံ၍နေတော့၏။ စိမ်ကိန်း ကေပြည့်အောင် တောခုတ်လုပ်သားအများနှင့် ကေအလိုက် တာဝန်ခွဲဝေပေးပြီး ခုတ်စေခဲ့ကြသည်။

နေ့စဉ် ခုတ်လာခဲ့ရာတွင် ခုတ်ပြီးသော နေရာများ၌ ချုံများ၊ သစ်ပင်များ လဲသွားသဖြင့် တောအတော် ရှင်းလင်းလာခဲ့လေသည်။ ထိုတောခုတ်သူများအား ကြီးကြပ်ပေးရန် တောခေါင်းများကို ခုတ်ကွက်အလိုက် တာဝန်ချထားပေးခဲ့သည်။

"ကဲ - တောခေါင်းများက မိမိတို့ တာဝန်ယူ ကြီးကြပ်ရတဲ့ ခုတ်ကွက်တွင် သစ်ပင်၊ ချုံပင် မကျန်စေရေး၊ ခုတ်ပြီးသမျှကို ကေတိုင်းထွာပေးရေး၊ ကေအလိုက် ခုတ်ခများ ရှင်းယူပြီး ခုတ်သားများအား ပြန်ရှင်းပေးရေးတို့ကို နေ့စဉ်လိုက်ပါ ကြီးကြပ်ပေးကြဖို့ လိုအပ်တယ်"

တောခုတ် ရှင်းလင်းသူများက
နံနက်စောစော ရွာများမှ ထမင်း
ထည့်လာ၍ တောခုတ်ကြသ
ညနေ ၄နာရီတွင် ပြန်ကြသည်။
က ဗိုလ်တဲနားတွင်ပင် တစ်ဖ
အမိုးကလေးထိုးကာ အိမ်မပြန်
ညအိပ်နားကာ ခုတ်ကြသည်။
စောင်၊ အိုးခွက်၊ ဆန်၊ ဆီ၊ ရိက္ခာ
တစ်ပတ်စာ ထည့်ယူလာကာ ဗို
မှာပင် ချက်ပြုတ်စားပြီး တောခုတ်
လေသည်။

"ဟေ့ . . . မောင်ပိန်ရေ
ယူလာတဲ့ ရိက္ခာတွေက နက်
တစ်နေ့စာပဲ ကျန်တော့တယ်ဆို
နက်ဖြန် တောခုတ်ပြီးရင် ရွာ
ရိက္ခာသယ်လာကြဦးမှပဲဟေ့"

"ဟုတ်တယ်၊ ငါတို့ လူစု
ရိက္ခာကုန်တော့မယ်လေ။ ငါတို့
ကို လိုက်ကြမယ်"

တောထဲတွင် ရွာမပြန်တဲ့ ည
ပြီး တောခုတ်ရတာက အသွားအ
လုပ်စရာမလိုသဖြင့် ခရီးတွင်ကာ
များများခုတ်နိုင်ကြသည်။

"ဟေ့ . . . မင်းတို့ လူစု
တောလိုက် ဝါသနာပါတဲ့သူ ရှိသ
ဟေ့"

"ဟာ . . . ရှိပါတယ်ခင်ဗျ
ထွန်းဝတို့၊ သိန်းမောင်တို့က
လည် ဝါသနာပါကြတယ်လေ"

"အေး၊ ဒီလိုဆိုရင် ဟော
တောခေါင်း မောင်စိုး၊ မောင်မြတို့
ဘက်မှာ တောလျှောက်လည်ကြ
သားကောင်ရလာတော့လည်း ခွဲဝေ
ကြတာပေါ့"

သစ်တောဝန်ထမ်းများအတွ
သားကောင်များနှင့် ကြုံတွေ့
အကာအကွယ်ပြုနိုင်အောင် ရိုင်
သေနတ်သုံးလက်ကို လိုင်စင်ပြ
ချပေးထားလေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

င်းများက ညဘက်တွင် တောလည် မ်းကျင်သူနှင့် တောလည်ထွက်ကြ ဖြစ်သည်။ ယုန်၊ ချေ၊ ဆတ်၊ တော က် တစ်ကောင်ကောင်ရခဲ့လျှင် သူတို့ စုအတွက် အသားဟင်းချက်စားနိုင် မည်ဖြစ်သည်။ ဆတ်လို အကောင် ရခဲ့လျှင် ချက်လည်း စားနိုင်သည်။ သားမြှောင်းလုပ်၍ နေလှန်းပြီး ဆတ် ခြောက်လုပ်ထားလျှင် ရက်ကြာ စားသောက်နိုင်ကြလေသည်။

◈◈◈

"တောအုပ်ကြီးခင်ဗျာ... ဟို တ်မြောင်ထဲက ခုတ်ကွက်ကို ဘယ် ဝင်မခုတ်ရဲကြလို့ ခုတ်မည့်သူ ဖြစ်နေပါတယ်"

"ဟာ...ဘယ်ဖြစ်မှာလဲ။ အဲဒီ ကွက်က စီမံကိန်းထဲမှာ ပါတဲ့ ပဲ။ ခုတ်ကို ခုတ်ရမှာလေ"

တောခေါင်းများက တင်ပြလာ ၍ နောက်တစ်နေ့နံနက်တွင် ခုတ် အသီးသီးသို့ တောခုတ်သွားကြ သူများကို တောအုပ်ကြီးက ခေါ် သည်။

"ခင်ဗျားတို့က ဘာကြောင့် အဲဒီ တ်မြောင်ထဲက ခုတ်ကွက်ကို မခုတ် ကြရတာလဲဗျ"

"ဒီလိုပါ တောအုပ်ကြီး။ အဲဒီ တ်မြောင်ထဲက ခုတ်ကွက်နေရာဟာ အင်မတန်ကြမ်းပါတယ်။ ရွာက တွေ သစ်ပင်ဝင်လှဲတာတို့၊ ဝါးဝင် တာတို့ လုပ်ခဲ့ရင် အန္တရာယ် မျိုးမျိုးနဲ့ ကြုံတွေ့ ကြရပါတယ်။ ပြောရရင် ဝါးထိုးမိတာတို့၊ သစ်ပင် တို့၊ ကျွဲနွားခြေကျိုးတာတို့ ဖြစ် လွန်းလို့ ရွာသားတွေက ဒီကျတ် င်တောကို ဝင်မခုတ်ရဲကြပါဘူး"

"ဟုတ်ပါတယ်ခင်ဗျ။ အဲဒီ မြောင်တောထဲဝင်ရင် မြောင်တွေ ထဲက တီးတိုးပြောသံတွေသာ ကြားရ တယ်။ လူရယ်လို့ ရှာမတွေ့ကြပါဘူး။ ကျတ်တွေ ပြောဆိုနေကြတဲ့ အသံတွေ ပါ"

ရွာသားတချို့က ကျတ်မြောင်၏ ဖြစ်တတ်ပုံတို့ကို သူတို့အတွေ့အကြုံ တွေအရ ပိုင်း၍ရှင်းပြနေကြလေသည်။

"ဒါပေမယ့်ဗျာ၊ ဒီ ကျတ်မြောင် တောဟာ စီမံကိန်းကေထဲ ပါနေလေ တော့ ချန်ထားခဲ့လို့ မဖြစ်ဘူးဗျ။ ခုတ် ကို ခုတ်ရမှာပဲ။ ပြီးတော့လည်း ကျုပ် တို့က နိုင်ငံတော်က ချမှတ်ပေးတဲ့ စီမံ ကိန်းကို အကောင်အထည်ဖော်ကြရ မှာပါ။ ကျွန်တော်တို့ သဘောဆန္ဒနဲ့ ဆောင်ရွက်ကြတာ မဟုတ်ပါဘူး။

ဒီလိုလုပ်မယ်ဗျာ။ ခင်ဗျားတို့ မခုတ်ဝံ့တဲ့ အဲဒီ ကျတ်မြောင်တောကို ကျုပ်တို့ သစ်တောဘက်က အမိန့်ပြန် ပေးမယ်။ ဒီလိုဆိုရင် ခုတ်ဝံ့ကြမလား ဗျ"

"ဟုတ်ကဲ့၊ အဲဒီလို ဆောင်ရွက် ပေးရင်တော့ ကျွန်တော်တို့ ဝင်ခုတ်ဝံ့ ကြပါမယ်"

ကျတ်မြောင်တောကို ခုတ်ထွင် ရှင်းလင်းနိုင်ရေးအတွက် နောက်တစ်နေ့ တွင် တောအုပ် တောခေါင်းများမှ ထို ကျတ်မြောင်တောသို့ လာခဲ့ကြသည်။

"ကဲ - ဒီ ကျတ်မြောင်တောထဲ မှာ ရှိနေကြတဲ့ ပရလောကသားအား လုံး နားထောင်ကြ။ အသင်တို့ မှီတင်း နေထိုင်ရာ ထိုကျတ်မြောင်တောဟာ နိုင်ငံတော်မှ ပိုင်ဆိုင်ပါတယ်။ ယခု ဒီ ကျတ်မြောင်တောကို ခုတ်ထွင်၍ စီမံ ကိန်းဝင် ကျွန်း၊ ပျဉ်းကတိုးများ ပြန်စိုက် မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီတောထဲ မှာ ရှိနေကြတဲ့ ပရလောကသား အားလုံး ဘေးလွတ်ရာကို ရွှေ့ပြောင်း ပေးကြပါ။ ကျွန်ုပ်တို့ တာဝန်ပေး စေ နိုင်းထားတဲ့ တောခုတ် လုပ်သားများ၊ တောခေါင်းများအားလည်း တစ်စုံ တစ်ရာနှောင့်ယှက်ခြင်း၊ ခြောက်လှန့် ခြင်း၊ အန္တရာယ်ပြုခြင်း လုံးဝ မပြုပါ နှင့်။ ဒါဟာ နိုင်ငံတော်ရဲ့ အမိန့်ဖြစ် တယ်"

"ကဲ - တောခုတ် လုပ်သားများ အဲဒီ ကျတ်မြောင်တောကို စိတ်ချ လက်ချသာ ဝင်ခုတ်ကြပါ။ နိုင်ငံတော် အမိန့်နဲ့ တားမြစ်ပြီးပြီဆိုတော့ သူတို့ အမိန့်ကို မလွန်ဆန်ရဲဘဲ ဘေးလွတ်ရာ ကို ပြောင်းကြတော့မှာပါပဲ"

တောအုပ်ကြီးမှ နိုင်ငံတော်၏ အမိန့်ဖြင့် ထုတ်ပြတ်ပြီးခဲ့သဖြင့် တော ခုတ် လုပ်သားများ ဝင်ရောက် ခုတ်ထွင် ခဲ့ကြတော့သည်။ ထိုကျတ်မြောင်တော ကို ခုတ်ထွင်ပြီးလျှင်တော့ စီမံကိန်းကေ ပြည့်သွားမည်ဖြစ်သည်။

◈◈◈

စီမံကိန်းကေကြီးတစ်ခုလုံး တောခုတ်ပြီး၍ နေအခြောက်လှန်းထား သည်မှာပင် တစ်လကျော်ခဲ့လေပြီ။ ဤ ခုတ်ကွက်အား မီးရှို့ရတော့မည်ဖြစ်၍ ရက်သတ်မှတ်ကာ တောင်ခြေရှိ ကျေး ရွာများသို့ တောမတက်ကြရန်၊ ကျွဲ၊ နွား၊ လူများ ထိုနေ့တွင် တောထဲ မလာ ကြရန် သတိပေး အကြောင်းကြားခဲ့ သည်။ ခုတ်ကွက်ပတ်လည်တွင်လည်း မီးရှို့သည့်အခါ မီးမကူးစက်စေရန် မီး တားများ လုပ်ခဲ့ကြသည်။

ညနေပိုင်း ၂နာရီအချိန်ခန့်တွင် မီး စ,တင်၍ ရှို့လိုက်တော့သည်။ နေပူ ပြီး ခြောက်သွေ့နေသော ခုတ်ကွက်ကြီး တစ်ခုလုံး မီးများ ရဲရဲထိန်နေတော့၏။

"ဖောင်း...ဖောင်း...ဖောက်"

"ဖောက်...ဖောင်း"

"ဝေါ...ဝေါ...ဝေါ"

ဝါးများ မီးလောင်၍ ပေါက်ကွဲ



www.burmeseclassic.com

www.burmeseclassic.com

သံများမှာ တဖောင်းဖောင်းနှင့် မြည်နေကြသည်။ ခုတ်ကွက်ကြီးတစ်ခုလုံး မီးအရှိန်နှင့် တဝေါဝေါ တဟဲဟဲအသံကြီးဖြင့် မီးလောင်နေပေရာ မီးတောက်ကြီးမှာ အထက်ဘက် ဝါးသုံးလေးပြန်ခန့် မြင့်မားလေသည်။ တောခေါင်း၊ တောအုပ်၊ ခုတ်ကွက်လုပ်သားများမှာ ခုတ်ကွက်ကြီးနှင့် ခပ်ဝေးဝေးမှာ နေကြသော်လည်း မီးအပူရှိန်ဟပ်ကြကာ ချွေးသံတရွှဲရွှဲဖြစ်နေကြလေသည်။ ညမှောင်ခြေသန်းချိန်တွင် လောင်စာများကုန်ပြီဖြစ်၍ မီးအရှိန်လည်း ကျခဲ့တော့သည်။ တချို့နေရာတွင် သစ်တုံးကို မီးစွဲကာ မီးခိုးအူထွက်နေ၏။ တချို့နေရာ၌သာ မီးတောက်ကလေး ဟိုနေရာ တစ်ကွက်၊ သည်နေရာ တစ်ကွက် တောက်လောင်နေလေသည်။ တောခေါင်း၊ တောအုပ်နှင့် ခုတ်သားများလည်း မီးရှို့၍ပြီးသဖြင့် ပြန်ရန် လှုပ်ရှားခဲ့ကြသည်။

"ဟာ . . . တောအုပ်ကြီး၊ ဟိုအနိမ့်ပိုင်း မြောင်းထဲကို ကြည့်ပါဦး။ လူတွေ သွားနေကြတယ်နော်"

"ဟင် . . . ဟုတ်ပါ့။ တချို့က အထုပ်တွေ ထမ်း၊ တချို့က ကလေးကို ပခုံးပေါ်တင်ထမ်း၊ အသက်ကြီးသူကို တွဲခေါ်သူက ခေါ်နဲ့ ဒီလူတွေ ဘယ်နားက ထွက်လာကြတာလဲ။ မီးရှို့တုန်းက မီးမပူကြဘူးလားပဲ"

"ဟော . . . ဟော . . . သွားနေကြရင်းက တဖြည်းဖြည်းပျောက်ကွယ်သွားကြပြီ"

"ဟာ . . . ဒါတွေဟာ လူတွေ မဟုတ်ဘူးပဲ။ ဒီကျုတ်မြောင်းထဲက ပရလောကသားတွေ ဖြစ်မယ်။ ...
တော်ရဲ့ အမိန့်ပြန်တမ်းကြောင့် ဒီ...
ထဲမှာ ဆက်မနေဝံ့ကြတော့လို့ ...
လွှတ်ရာကို ပြောင်းရွှေ့သွားကြ...
ဖြစ်မယ်ဟေ့"

ထိုမြင်ကွင်းကို တွေ့မြင်...
သဖြင့် ထိုကျုတ်မြောင်းထဲမှ လူတို့...
ခြောက်လှန့်ခြင်း၊ တီးတိုးစကား...
ခြင်း၊ လန့်ဖျပ်သေကြေအောင် ပြ...
သည့် ပရလောကသားများကို ...
ခြေသန်းအချိန်တွင် တွေ့မြင်ကြ...
မင်းမိန့်နှင့်ကျတော့ မနေရဲဘဲ ပြေ...
ခဲ့ကြခြင်းဖြစ်သည်ကိုပါ တအံ့တ...
တွေ့မြင်ခဲ့ကြရလေတော့သည် ■

* * *

တင့်ထူး(ဓေယျ...


## အတိုင်အတော၊ အမှုအခင်း၊ အချုပ်အနှောင်ကိစ္စများ

- ပြည်တွင်းမှာ ဖြစ်စေ၊ ပြည်ပမှာဖြစ်စေ အချုပ်အနှောင် ထောင်တန်း ကျခံနေရသူ အမြန်ဆုံးလွတ်မြော...လာစေဖို့။
- အဖမ်းအဆီး အချုပ်အနှောင်မခံရဘဲ ကင်းရှင်းလွတ်မြောက် ကံကောင်းနေစေဖို့။
- လက်ရှိ ရင်ဆိုင်ကြုံတွေ့နေရသော အမှုအခင်းကိစ္စ အမြန်ဆုံး ကြေအေး/ရုပ်သိမ်း/ပြီးပြတ် သွားစေဖို့။
- အလုပ်အကိုင်၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးဆိုင်ရာ အနှောင့်အယှက် အဖျက်အဆီးများ ကင်း...စေဖို့။
- အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေး ကိစ္စများ ကင်းရှင်းစေဖို့။ အနှောင့်အယှက် အမြန်ဆုံးကင်းစေ...

နည်းလမ်းကောင်းများရှိပါတယ်

**ဆရာကြီး ဦးပိုင်ဇအောင်**

**(ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)**

ဟောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်ဿစ်ကြီးအ...
ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။ ☎ - ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁




www.burmeseclassic.com

www.burmeseclassic.com





ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄

## ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် လိုက်ရသည်။ ကိုမင်းဆွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေး တွေအကြံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ နည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျ ဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရှစ်ရှစ်ဖြစ်ပြီး တတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်း သက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ ပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- တို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ **ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြား**ကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ သောက်လိုက်ပါ။ **ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှင်္တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြား**ဟာ ရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ **ဆရာ ဦးလှိုင်မြင့်က** **လည်ဆံ ဆီးဆေး**ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ **ဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်**ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ တွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ **ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့** **ဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် ··· ကိန္နရီ ···**တဲ့ဗျ။

## ပင်ရင်းဌာန- ကန္တရဝတီဆေးတိုက်

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁-၄၀၃၇၉


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ် မောင်ဖိုးစီသည် အလွန်စိတ်နလုံး ညှိုးချုံး၍ ဝမ်းနည်းကြေကွဲရသော သတင်းတစ်ခုကို ကြားသိရလေတော့သည်။

ကျွန်ုပ် မောင်ဖိုးစီနှင့် ရန်ကုန်မြို့ ပုဇွန်တောင်ဆိုသည့် တစ်ရပ်တည်း၊ တစ်လမ်းတည်းနေ ကိုကျော်အောင်ခနှင့် မသွယ်သွယ်ဥတို့သည် ပစ္စည်းဥစ္စာ ကုံလုံပြည့်စုံကြသော်လည်း သားသမီး မရ။ ရမယ့်ရတော့လည်း နှစ်ဦးစလုံး အသက် ၃၀ ကျော်၊ ၄၀နီးပါးရောက်ကာမှ ရှားရှားပါးပါး "သိမ့်သိမ့်အောင်ခ" ဆိုသော သမီးရတနာကလေး တစ်ယောက်ကို ရလိုက်ကြပေတော့သည်။

သမီးရတနာဆိုသည့် စကားနှင့်အညီ သိမ့်သိမ့်ကလေးက အသားကဖြူဝင်း၊ ရုပ်ရည်ရူပကာအားဖြင့်လည်း မွေးလာစဉ်ကတည်းက မျက်ခုံးကောင်း၊ မျက်လုံးလှ၊ နှာတံစင်း၊ နှုတ်ခမ်းမြှာကလေးအစုံကလည်း ဖူးဖူးလုံးလုံး နီတျာတျာအဆင်းနှင့်ဆိုတော့ အလွန်ချောမောလှပသော ကလေးတစ်ဦးဟူ၍ ခေါ်ဆိုထိုက်ပေတော့သည်။

သိမ့်သိမ့်သည် အရွယ်မတိုင်သေးသော်လည်း မြင်တွေ့ရသူ ရင်သပ်ရှုမော အလွန်ချစ်စရာကောင်း၍ ချောမောလှပရုံမျှမက၊ အတော်မှလည်း ချက်ချက်ချာချာ ယဉ်ယဉ်ကျေးကျေး ရည်ရည်မွန်မွန်ရှိသော ကလေးတစ်ဦး ဖြစ်လေသည်။ ယခုနှစ် သိမ့်သိမ့် စတုတ္ထတန်း ပညာသင် တက်ရပြီဖြစ်၍ ကျောင်းမှာ အတန်းစဉ်တိုင်းလည်း ပထမ၊ ဒုတိယ အမြဲရ၊ စာလည်း အလွန်မှ တော်သော ကျောင်းသူကလေး တစ်ဦးဖြစ်သည်။

လမ်းတွေ့သူက···

"သိမ့်သိမ့်က ကျောင်းမှာ စာလည်း တော်တယ်ဆိုပဲ။ အန်တီဆွေ ဝမ်းသာတယ် သမီး"

လို့ ပြောလေတိုင်း···

"ကျေးဇူးတင်ပါတယ် အန်တီဆွေဆွေရယ်။ သိမ့်သိမ့် စာကြိုးစားတာ တစ်နေ့ ဆရာဝန်မကြီးဖြစ်ချင်လွန်းလို့ပါ။ အဲဒီအခါကျတော့ အန်တီဆွေဆွေတို့ကို သိမ့်သိမ့်က ဆေးကုပေးနိုင်အောင်ရယ်ပေါ့"

ဆိုတာမျိုးနှင့် သူဖြစ်ချင်တာကို လိုက်လျောညီထွေ ပြောတတ်ပြန်လေသည်။

မမျှော်လင့်၊ ဘယ်လိုမှ မမျှော်လင့်သော သတင်းဆိုးက မောင်ဖိုးစီတို့





www.burmeseclassic.com

www.burmeseclassic.com



...ကဲလုံးသို့ ပျံနှံ့ရိုက်ခတ်သွား
...သည်။
...သိမ့် စ,ဖျားကတည်းက
... ဆေးကုသခဲ့ကြပေမယ့်
...င်နောက်ကျသွားပြီး ညက
... သွေးလွန်တုပ်ကွေးရောဂါဖြင့်
...သည်ဟူသော သတင်း
... ကြားသိလိုက်ရသောကြောင့်
... အားလုံးရင်မှာ ဖြစ်မှဖြစ်ရ
...သိမ့်ရယ်ဆိုသော အသိဖြင့်
... ယူကျုံးမရဖြစ်ရလေတော့

◈◈◈

မြရာပင် မောင်တင်ယုံ

# အဖေနှစ်ယောက်၊ အမေနှစ်ယောက်

ကျွန်ုပ် မောင်ဖိုးစီ၏ ဝမ်းကွဲ နှမကလေး ခင်ခင်မှုံသည် သိမ့်သိမ့် တက်နေသော ကျောင်းက ဆရာမလေးတစ်ဦးဖြစ်လေသည်။ ခင်ခင်မှုံနှင့် သိမ့်သိမ့်သည် အတန်းစဉ်မပျက်၊ ရင်ခွင်ပိုက်စနစ်ဆိုသောမူအရ ဟိုး သိမ့်သိမ့် သူငယ်တန်း စတက်စဉ်ကတည်းက နှစ်စဉ်မပျက် သည်ဆရာမနှင့် သည်တပည့်မ သူငယ်တန်း၊ တစ်တန်း၊ နှစ်တန်း၊ သုံးတန်း၊ လေးတန်းအထိ အစဉ်အတူတွဲ ပညာသင်ကြားပါလာသော ဆရာတပည့်များ ဖြစ်ကြလေသည်။

တစ်နေ့ ညီမ ခင်ခင်မှုံသည် ကျွန်ုပ်တို့ရှိရာအိမ်သို့ ရောက်ရှိလာပြီး အလွန်ထူးဆန်းသော စကားတစ်ခွန်းကို ပြောလေတော့သည်။

"အစ်ကို ဖိုးစီရယ်…သူ့ ညီမ

www.burmeseclassic.com

အိပ်မက်ထဲမှာ သိမ့်သိမ့်ကို တွေ့လိုက်ရတယ်။ ညီမ အိပ်တဲ့ ခုတင်ခြေရင်းမှာ ကျုံ့ကျုံ့ကလေးထိုင်၊ လက်အုပ်ကလေး ချီလို့ပေါ့။ နောက်ပြီး ညီမကို "ဆရာမရယ်···သိမ့်သိမ့် ဆရာမကို နောက်ဆုံးအနေနဲ့ လာကန်တော့တာပါ။ သိမ့်သိမ့် ဟိုး ရန်ကုန်တစ်ဖက်ကမ်း သန်လျင်နဲ့ ကျောက်တန်းကြားမှာ ရှိတဲ့ ကားလမ်းနံဘေး ဘုရားကလေးတစ်ဆူ ရှိရာဆီ ပြန်ရတော့မှာပါ။ အဲဒါ ဆရာမကို လာနှုတ်ဆက်ရင်း ကန်တော့ခဲ့ပါတယ်" ဆိုပြီး ညီမကို ဦးသုံးကြိမ်ချ ကန်တော့သွားတာ အစ်ကို ဖိုးစီရဲ့။ သူ အဲဒီလို ကန်တော့အပြီးမှာ ညီမ အိပ်မက်က လန့်နိုးသွားတာပဲ။ စိတ်ထဲ မကောင်းလိုက်တာလေ"

ဟု ပြောသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ကို ပြန်တွက်စစ်ကြည့်သော် သိမ့်သိမ့် သေဆုံးပြီး တစ်လတင်းတင်းပြည့်သော နေ့ရက်ဖြစ်နေလေတော့သည်။

◈◈◈

ကျောက်တန်း၊ ကျိုက်မော်ဝန်း ရေလယ်ဘုရား၏ ဘုရားဂေါပက လူကြီးတစ်ဦးလည်း ဖြစ်၊ ဘုရားကျောင်း ဒါယကာကြီးလည်း ဖြစ်သော ဦးထွန်းမြိုင်၏ သမီးကြီး နှင်းမြမြကြိုင်သည် တက္ကသိုလ်မှ ဘွဲ့ညာလည်း ရခဲ့ပြီးမို့ သူမ၏ ချစ်သူ မောင်မောင်တင့်နှင့် မကြာမီ လပိုင်းကပင် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားခဲ့လေသည်။

မောင်မောင်တင့်နှင့် နှင်းမြမြကြိုင်တို့ လက်ထပ်အပြီး ၆လခန့်အကြာတွင် နှင်းမြမြကြိုင်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေသည်။

အိပ်မက်ထဲတွင် နှင်းမြမြကြိုင်တို့ မောင်နှံသည် ကျောက်တန်းနေအိမ်မှ ရန်ကုန်မြို့သို့ အတက်၊ မောင်မောင်တင့်က ကားမောင်း၊ နှင်းမြမြကြိုင်က မောင်မောင်တင့်နံဘေးတွင် ထိုင်လျက် ထွက်လာခဲ့ကြရာ ကျိုက်ပိုင်းဘုရားအနီးသို့အရောက် ကားလမ်းမကြီးတစ်ဖက် နံဘေးတွင် ခေါင်းက ကြက်တောင်စည်းကလေးဖြင့် ကလေးမလေး တစ်ယောက်က သူတို့စီးလာသော ကားကို လက်ယပ်တားနေသည်ကို ဘွားခနဲ မြင်တွေ့လိုက်ရ၏။ ဒီတော့ နှင်းမြမြကြိုင်က ထိတ်ထိတ်လန့်လန့်ဖြင့်···

"ကိုတင့်···ကားကို သတိထားမောင်း။ ဟိုမှာ···ဟိုမှာ ကလေးမလေး တစ်ယောက် ကြိုင်တို့ကားကို လက်တား ရပ်ခိုင်းနေတယ်"

မောင်မောင်တင့်က···

"သူ့ခမျာ ကားကြုံလိုက်ချင်လို့ တားတာဖြစ်မှာပေါ့ကွာ"

ဆိုပြီး ထိုကလေးမလေးအနီး အရောက်တွင် ကားကို ရပ်ပေးလိုက်လေတော့သည်။

ကားစက်ရပ်သည်နှင့် ကလေးမလေးက ကားအနီး အပြေးကပ်လာပြီး- နှင်းမြမြကြိုင်အား အသေအချာကြည့်၍···

"အန်တီ··· သမီးနာမည်က သိမ့်သိမ့်ရယ်ပါ။ သမီး အန်တီတို့နဲ့ လိုက်ပါရစေ···နော်···အန်တီ။ သမီးကို ခေါ်သွားပါ အန်တီရယ်"

ဟူ၍ သနားစဖွယ်ပြောနေသဖြင့် နှင်းမြမြကြိုင်က···

"ဟဲ့··· ဘယ်က သိမ့်သိမ့်လဲ၊ နင့်ကို ငါတို့ မသိဘူး။ ငါတို့က နင့်ကို ဘာလို့ခေါ်သွားရမှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်"

ဟု အပြောမှာ သိမ့်သိမ့်ဆိုသော ကလေးမလေးက မျက်ရည်တွေတွေကျပြီး···

"သမီး အန်တီတို့နဲ့ လိုက်ပါ စေ။ သမီး ဆရာဝန်မကြီး ဖြစ်ချင်လို့ အန်တီရယ်၊ ခေါ်သွားပါ"

ဟူ၍ သနားစဖွယ် ငိုယိုပြော လေသည်တွင် မောင်မောင်တင့်က သနားလေသဖြင့်···

"ခေါ်ခဲ့လိုက်ရအောင် ကြိုင် သမီးကလေး သနားပါတယ်"

ဟူ၍ ပြောတော့မှ နှင်းမြမြကြိုင်က···

"အေး ဆရာဝန်ဖြစ်အောင် ကြိုး စားမယ်ဆိုရင်တော့ အန်တီတို့နဲ့ အတူ နေဖို့ လိုက်ခဲ့။ တစ်ခုတော့ ရှိတယ် နာမည် ဘယ်လို၊ သိမ့်သိမ့်···ဟုတ် လား။ အေး···သိမ့်သိမ့်ပြောတဲ့ စကား နဲ့တော့ ညီအောင် အန်တီတို့ကို လုပ် ရမယ်နော်။ အန်တီတို့က စကားတည် မှ ကြိုက်တာ"

သည်တော့ ရှစ်နှစ်၊ ကိုးနှ အရွယ်ခန့်ရှိ သိမ့်သိမ့်ဆိုတဲ့ ကလေး လေးက ဝမ်းသာအားရ ခေါင်းညိတ် ကတိတွေ အထပ်ထပ်ပေးပြီး မောင်မောင်တင့်တို့ ကားပေါ်သို့ တက် ၍ နှစ်ယောက်ကြားတွင် ထိုင်လျက် လိုက်ပါလာခဲ့လေသည်။ ဒါကိုပင် မောင်မောင်တင့်နှင့် နှင်းမြမြကြိုင်တို့က ဝမ်းသာမဆုံးဖြစ်နေကြလေတော့သည်။

◈◈◈

ထို့နောက် နှင်းမြမြကြိုင်တွင် ကိုယ်ဝန်ရ၊ လရင့်၍ အာထရာဆောင် ရိုက်ကြည့်သောအခါ မိန်းကလေး တစ်ဦးဖြစ်နေကြောင်း သိရလေတော့ သည်။

မောင်မောင်တင့်နှင့် နှင်းမြ ကြိုင်တို့က သမီးဦးလေး ရတော့မည် ဆို၍ မိဘများရဲ့ တိုင်ပင်ဖော် ဖက် အားကိုးရပေတော့မည်ဟူ၍ ဝမ်း အသာကြီး သာနေလေသည်။ အထူ

www.burmeseclassic.com

သဖြင့် မောင်မောင်တင့်က ဖခင်ရဲ့ အချစ် သမီးဆိုသလို ပို၍ဝမ်းသာနေရှာလေသည်။

ဒီလိုနဲ့ သမီးကလေး "နှင်းထက်ထက်မိုး" ကို မွေးတော့ နေတက်ရေတက် စနေသမီး။ သမီးကလေးက နှဖူးကလေး ပြည့်ပြည့်ဝန်းဝန်း၊ မျက်ခုံး မျက်တောင်ကလေးတွေက ကော့ကော့စင်း၊ နှာတံလေးကလည်း စင်းစင်း၊ နှုတ်ခမ်းလေးကလည်း စုစုလုံးလုံးကလေး။ မျက်နှာဝိုင်းစက်စက်ကလေးဖြင့် အလွန်ကြည့်ကောင်း၊ ချစ်စရာကောင်းလှလေသည်။ သို့သော် ဖအေ အသားဖြူ မအေ အသားဖြူဆိုပေမယ့် နှင်းထက်ထက်မိုးလေးကတော့ အသားညိုစိမ့်စိမ့်ကလေးဖြစ်နေလေသည်။

ဒါကိုပဲ အဘိုးအဘွားများက "ငါ့မြေးကလေးက ညိုချောကလေးဟဲ့" ဆိုပြီး ချစ်ကြသလို၊ ဖခင် ကိုမောင်မောင်တင့်၊ မိခင် နှင်းမြမြကြိုင်၏ ဦးလေး အဒေါ်များကလည်း "အသားတော် ညိုပြာညက်ကယ်…ရွှေပေးလို့ မရတယ်"ဆို၍ ချစ်ကြပြန်တာပါပဲ။

ထက်ထက်ကလေး တစ်နှစ်တင်းတင်းပြည့်တဲ့နေ့မှာတော့ တစ်နှစ်ပြည့် မွေးနေ့ပွဲကလေးကို ဆင်ယင်ကျင်းပကြလေသည်။ မောင်မောင်တင့်နှင့် နှင်းမြမြကြိုင်တို့က နှစ်ဖက်မိဘ ဆွေမျိုးအသိုင်းအဝိုင်းနှင့် သူငယ်ချင်း အပေါင်းအသင်း မိတ်သင်္ဂဟများကိုသည်း မလွတ်တမ်း ဖိတ်ကြားခဲ့ကြလေသည်။

ဖြစ်ချင်တော့ နှင်းမြမြကြိုင်နှင့် အတူ မောင်ဖိုးစီ၊ ညီမ ကျောင်းဆရာမလေး ခင်ခင်မွှုတို့သည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် သချာ်သိပ္ပံတွဲ မေဂျာစာတူ၊ ကျောင်းအတူတက်လာကြသူချင်းမို့ ထိုပွဲသို့ ခင်ခင်မွှုအားလည်း လှမ်းဖိတ်ကြားလေသဖြင့် ခင်ခင်မွှုလည်း ထက်ထက်မွေးနေ့ပွဲသို့ တက်ဖြစ်လေတော့သည်။

ထိုနေ့က မွေးနေ့ပွဲလာ ဧည့်ပရိသတ်များအပြန် တက္ကသိုလ်တုန်းက ကျောင်းနေ သူငယ်ချင်းများအဆုံ စကားဝိုင်းဖွဲ့ပြောကြရာမှ နှင်းမြမြကြိုင်က အခု သမီးကလေး ထက်ထက်ဟာ သူမအိပ်မက်တွင် သိမ့်သိမ့်ဆိုသော ကလေးမလေးဖြစ်ကြောင်းနှင့် သူမ မြင်မက်သော အိပ်မက်ကို ပြောပြလေသည်။

သည်တော့ ခင်ခင်မွှုကလည်း တစ်ရပ်တည်းနေ ကိုကျော်အောင်ခနှင့် မသွယ်သွယ်ဥတို့ရဲ့ သမီးကလေး၊ သူမရဲ့ တပည့်မလေးလည်း ဖြစ်သော သိမ့်သိမ့်၏ အကြောင်းစုံနှင့် သေဆုံးပြီး တစ်လတင်းတင်းပြည့်သည့်နေ့က အိပ်မက်တွင် သိမ့်သိမ့်က သူမအား လာရောက် နှုတ်ဆက် ကန်တော့သွားကြောင်း၊ သူ သန်လျင်နဲ့ ကျောက်တန်းကားလမ်းမကြီးနံဘေး တစ်နေရာက ဘုရားတစ်ဆူရှိရာဆီ ပြန်ရတော့မည်ဖြစ်ကြောင်းကို ပြောသွားကြောင်းတို့အား ပြန်ပြောပြလေရာ မောင်မောင်တင့်နှင့် နှင်းမြမြကြိုင်တို့က စိတ်ဝင်တစား သိမ့်သိမ့်ဆိုတဲ့ ကောင်မလေး ပုံပန်းသဏ္ဌာန်ကို မေးလေသည်။ ဒီတော့ ခင်ခင်မွှုကလည်း သူ့တပည့်မလေး သိမ့်သိမ့်ရဲ့ ကိုယ်လုံးကိုယ်ပေါက်နှင့် မျက်နှာအနေအထားမှအစ၊ အသားအရောင်က အစ၊ တစ်ကွက်မကျန် ပြောပြလေသော်…

"အေး၊ ဟုတ်တယ်။ ခင်မွှုပြောတဲ့အတိုင်းပဲ။ ဒါပေမယ့် ကြိုင့်အိပ်မက်ထဲမှာ ဆံပင် ကုပ်ထောက်ပုံ မဟုတ်ဘူး။ ကြက်တောင်စည်းပုံကလေး။ အကျီက ရှီးရှီးပြောင်ပိတ်ဖြူပါ။ ရှင်မီးအကျီပုံကလေး။ ခါးမှာ အစိမ်းရောင်ပွင့်ခက် ထမီကလေးတိုတိုဝတ်ဆင်လို့ပေါ့။ နောက်ပြီး သမီးနာမည်က သိမ့်သိမ့်ဆိုတာပါလို့လည်း ပြောသေးတာ။ ကြိုင် ခုထိမှတ်မိတယ်"

အဲဒီက စ၍ သူငယ်ချင်းနှစ်ယောက်တိုင်ပင်ပြီး ကိုကျော်အောင်ခတို့ရဲ့ "တော်ဝင်ဖူးသစ်"စတိုးဆိုင်ကြီးသို့ ထက်ထက်ကိုပါ ခေါ်လာပြီး ထက်ထက်အတွက် ကလေးဝတ်အကျီနှင့် ခေတ်ပေါ် အထည်ဆန်းကလေးများ အဝယ်ထွက်ကြရန် ချိန်းဆို၍ ခင်ခင်မွှုလည်း ရန်ကုန်သို့ ပြန်လာခဲ့လေတော့သည်။

◈◈◈

"တော်ဝင်ဖူးသစ်"စတိုးဆိုင်ကြီးထိပ်တစ်ဖက် ငွေသိမ်းကောင်တာတွင် ထိုင်နေသော ဆိုင်ရှင် မသွယ်သွယ်ဥကို မြင်လေသော် ထက်ထက်ကလေးသည် နှင်းမြမြကြိုင် ရင်ခွင်ပိုက် ချီခေါ်လာရာမှ အတင်းငိုယို ရုန်းကန်လျက် ပါးစပ်မှလည်း မပီကြည်နိုင်စရာ "ဥ…အေဥ"ဟူ၍ မြည်တမ်း ဟစ်ကြွေးခေါ်ဆိုပြီး မသွယ်သွယ်ဥထံ လက်နှစ်ဖက် ဆန့်တန်း၍ ပြေးသွားလေသည်။ မသွယ်သွယ်ဥကလည်း သမီးကလေး သိမ့်သိမ့်အား လွမ်းဆွတ် အောက်မေ့ဆဲမို့ ထက်ထက်ကလေးက သူမဆီ လိုက်လိုကြောင်း လက်အကမ်းမှာ အတင်းပွေ့ယူလျက် အငမ်းမရ နမ်းရှုပ်လေသည်။

ထက်ထက်က သည်တော့မှ အငိုတိတ်၍ မသွယ်သွယ်ဥ၏ မျက်နှာကို သူ့လက်နုနုကလေးများနှင့် တို့ထိလျက် တခစ်ခစ်ရယ်ရင်းက မျက်ဝန်းမှာ မျက်ရည်စကလေးများ ဝဲနေကြောင်းကိုလည်း အားလုံး အံ့သြစွာ


www.burmeseclassic.com

www.burmeseclassic.com

တွေ့မြင်နေရလေတော့သည်။

သမီးကလေး ထက်ထက်သည် ကိုကျော်အောင်ခ တစ်လှည့်၊ မသွယ်သွယ်ဥတစ်လှည့် ပွေ့ချီမခြင်းကို ကြည်ကြည်သာသာပင် ခံယူနေရှာ၏။ သူ့အမေ နင်းမြမြကြိုင်က···

"သမီး ထက်၊ ပြန်ကြရအောင်"

ဆိုပြီး ပြန်ပွေ့အချိမှာ ငိုပြန်လေသည်။ ထို့နောက် ဟိုလက်ညှိုးထိုး၊ သည်လက်ညှိုးထိုးလေသဖြင့် အိမ်ကြီးပေါ်ကို ခေါ်အပြမှာ ဧည့်ခန်းဆောင် ဗီရိုထက်တွင် တင်ထားသော ဝက်ဝံရုပ်ကလေးကို လက်ညှိုးထိုးပြ၏။ ထိုဝက်ဝံရုပ်ကလေးကို ယူ၍ပေးမှာ ထက်ထက်က သူ့လက်ကလေးနဲ့ မလွှတ်တမ်း ထွေးပိုက်ထားလျက် "မီးဟာ···မီးဟာ" ဟူ၍ မပီကလာ ပီကလာပြောနေပြန်လေသည်။

ထက်ထက်ကလေး အပြန်မှာ ကိုကျော်အောင်ခနှင့် မသွယ်သွယ်ဥတို့က ထိုဝက်ဝံရုပ်ကလေးနှင့် အသစ်စက်စက် အင်္ကျီ၊ ဘောင်းဘီကလေးများကို အဖိုးအခ မယူဘဲ လက်ဆောင်အဖြစ် ပေးလိုက်ကြလေသည်။ ဒါတောင် မပြန်ဘူးဆိုပြီး အတင်းရုန်းကန်နေသဖြင့်···

"နောက်နေ့ တစ်ခေါက်လာခဲ့ကြဦးမယ်လေ သမီး"

ဆိုပြီး မနည်းချော့ခေါ်လျက် ပြန်ခဲ့ကြရလေသည်။

ထိုနေ့မှစ၍ ထက်ထက်ကလေးက "တုန်···တုန်···တွားမယ်"ဆိုပြီး ပူဆာတတ်လေသဖြင့် တော်ဝင်ဖူးသစ်သို့ အရောက်ပြန့်ပြန်ခေါ်ခဲ့ကြရသည်မှာ အခေါက်ပေါင်း မနည်းတော့ချေ။

ထိုအချိန်မှ စ၍ ကိုကျော်အောင်ခနှင့် သွယ်သွယ်ဥတို့လည်း သမီးကလေး သိမ့်သိမ့်အမှတ်ဖြင့် သံယောဇဉ်ဖြစ်လျက် နှစ်အိမ်တစ်အိမ်နေခဲ့ကြရလေတော့သည်။

◈◈◈

အရွယ်ရောက်၍ ကျောင်းနေသောအခါ ထက်ထက်သည် စာတော်သလို၊ ဆရာဝန်ကြီးဖြစ်ချင်သော ဆန္ဒကြောင့် စာကို အထူးကြိုးစားခဲ့လေသည်။

သို့သော် ကံကြမ္မာ၏ အလှည့်အပြောင်းခေါ်ရမလားပင်၊ ထက်ထက် ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနှင့် အောင်မြင်သည့်နှစ်တွင် ထက်ထက်ဖခင် ကိုမောင်မောင်တင့် ကားအက်စီးဒင့်ဖြစ်ပြီး ကိုယ်ခန္ဓာအောက်ပိုင်း လုံးဝလှုပ်မရဖြစ်လေတော့သည်။ ရှေ့ကကားကို နောက်မှ သူ၏ကားက ဝင်တိုက်မိလေသဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုဖြစ်ပြီး ကိုယ့်ဘက်က အမှားဖြစ်လေသောကြောင့် တစ်ဖက်က ပျက်စီးဆုံးရှုံးသွားသော ကားအတွက် လျော်ကြေးပေးလိုက်ရသဖြင့် ငွေအမြောက်အများ အလုံးအရင်းနှင့် ကုန်ခန်းသွားရသည့်အဖြစ်နှင့် ကြုံရလေတော့သည်။

ကိုမောင်မောင်တင့်နှင့် နင်းမြမြကြိုင်တို့ ဇနီးမောင်နှံမှာ သမီးကြီးဆေးကျောင်းတက်နိုင်ဖို့ အခက်တွေ့နေစဉ်မှာပင် တော်ဝင်ဖူးသစ် စတိုးဆိုင်ပိုင်ရှင် ကိုကျော်အောင်ခနှင့် မသွယ်သွယ်ဥတို့က ဝမ်းသာအားရပင် သမီးထက်ထက်အား နေရေး၊ စားရေးမှအစ ဆေးကျောင်းစရိတ်အား တာဝန်ယူထောက်ပံ့ခွင့်ရခဲ့သည်။

ယခုဆိုလျှင် ထက်ထက်သည် ဒေါက်တာဘွဲ့ပိုင် ဆရာဝန်မကြီးတစ်ဦးပင် ဖြစ်ခဲ့ရလေပြီ။

သမီး နင်းထက်ထက်မိုး၏ ကြိုးစားမှုကြောင့် ယနေ့ဆိုလျှင် ရိုးရိုးအမ်ဘီဘီအက်(စ်) ဒေါက်တာဘွဲ့မှ သည် အထူးကု ပါရဂူဘွဲ့များပါ ထပ်မံရရှိလေသဖြင့် ဖခင် ကိုမောင်မောင်တင့်ရောဂါအားလည်း အနီးကပ် ကုသပေးနိုင်သလို၊ တစ်ဖက်က ဆရာဝန်အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသော ရှေ့ဘဝမှ ဖခင်၊ မိခင်တို့အားလည်း အမြဲမပြတ် ဆေးစစ်၊ လိုအပ်သည့်ဆေးတိုက်ကျွေး၊ သွေးပေါင်ချိန်၊ ဆီးဝမ်းစစ်အစရှိသဖြင့် ဖခင်၊ မိခင်ရင်းနှင့်မခြားဆေးကုသအလုပ် အကျွေးပြုနိုင်ခဲ့လေသည်။

ဒေါက်တာ နင်းထက်ထက်မိုးသည် ကျေးဇူးရှင်များအား ကျေးဇူးဆပ်ခွင့်ရသဖြင့် အတော်ပင် ဝမ်းသာနေရှာလေသည်။

ကျွန်ုပ် မောင်ဖိုးစီ အထူးအံ့ဩဝမ်းသာရသည်မှာ ဒေါက်တာ နင်းထက်ထက်မိုးသည် ကိုကျော်အောင်ခအားရှေ့ သိမ့်သိမ့်ဘဝက ခေါ်ဝေါ်ခဲ့သည့်အတိုင်း "ဖေခ"ဟုပင် သုံးနှုန်းခေါ်ဝေါ်သလို၊ မသွယ်သွယ်ဥအားလည်း "မေဥ"ဟုသာ သုံးစွဲခေါ်ဆိုတတ်လေသည်။

ယခုဘဝ တော်စပ်သော အဖေ ကိုမောင်မောင်တင့်နှင့် အမေ နင်းမြမြကြိုင်တို့ကိုတော့ ဖေဖေ၊ မေမေ ဟူ၍သာ ခေါ်ဆိုတတ်သည်ကို မယုံမရှိ ယုံကြရလေအောင် အလွန်တရာ အံ့ဩသိရှိရလေသည်။■

* * *

မြဲရေပင်မောင်တင်ယုံ



www.burmeseclassic.com

www.burmeseclassic.com



"စီဖွားရွာ"

ရွှေကူမြို့နယ်နှင့် ရွှေလီချောင်း နယ်စပ်မှာ တည်ရှိလေတာပါ။ အဲဒီရွာကို "ဖိုးစီဖွား" အမည်ရှိတဲ့ ပုဂ္ဂိုလ်ထူးက တည်တာကြောင့် "စီဖွားရွာ" လို့ ခေါ်ကြလေတာပါ။ ဖိုးစီဖွားဟာ ဖြင့် နာနာရုပ်အတတ်ကို တတ်ပါလေတယ်။ ရွှေကူမြို့က တရုတ်တွေ ဝက်ဝယ်လာကြလို့ရှိရင် ခြင်းကြားကို ဝက်ဆိုပြီး ရောင်းလိုက်ပါလေတယ်။ တရုတ်က ဝက်အဖြစ် ဝယ်သွားပြီး အိမ်မှာရှိတဲ့ ဝက်ခြံ

# စိဏ္ဍဝိုရိ ဖိုးစီဖွား

သာစည် အောင်တင်

www.burmeseclassic.com

www.burmeseclassic.com

မယ် လျှောင်ထားရာက မိုးလင်းတဲ့အခါ ခြင်းကြားပြန်ဖြစ်သွားတယ်ရယ်လို့ ဆိုကြပါလေတယ်။

ထို့အတူပါပဲ။ ကြက်၊ ဘဲတွေကိုလည်း ဝယ်သူလာလို့ရှိရင် အတုလုပ်ပြီး ရောင်းတတ်တာကြောင့် တစ်နယ်လုံးက ဖိုးစီဖွားကို ကြောက်ရွံ့ကြလေတာပါ။ ဖိုးစီဖွားပိုင်တဲ့ လယ်က ၃ကေလောက် ရှိပါတယ်။ အဲဒီလယ်တွေ ထွန်ယက်ချိန်၊ ကောက်စိုက်ချိန်၊ ကောက်သိမ်းချိန်တွေမယ် ရွာသားတွေဟာ ဖိုးစီဖွားလယ်ကို လုပ်ကြရတယ်လို့ အိပ်မက်ကြပါလေတယ်။ အိပ်မက်သာ မဟုတ်၊ အမှန်တကယ်လည်း ဖိုးစီဖွားရဲ့ လယ်ကို လုပ်ပေးကြရပါလေတယ်။

◈◈◈

ဖိုးစီဖွား နာနာရုပ်အတတ် တတ်လာပုံက အလွန်အံ့သြဖို့ ကောင်းပါလေတယ်။ ဖိုးစီဖွား အိပ်မောကျနေတုန်း အိပ်မက်ထဲမယ် ဝိဇ္ဇာမိုရ်တစ်ဦးရောက်လာပြီး・・・

"သင်ဟာ နာနာရုပ်အတတ်ကို တတ်လိုတယ်ဆိုရင် အခု အိပ်ရာက ထလို့ အိမ်အောက်ကို ဆင်းသွားပါ။ ရှေးဦးစွာ တွေ့လိုက်တဲ့ အရာကို စားလိုက်မယ်ဆိုရင် ချက်ချင်း နာနာရုပ်အတတ် တတ်လိမ့်မယ်"

အဲသလိုမျိုး အိပ်မက်ပေးလာလို့ အိပ်ရာက နိုးလျှင်နိုးချင်း အိမ်အောက်ကို ဆင်းခဲ့လေတာပါ။ ဖိုးစီဖွား တပ်ထားတဲ့ လှေကားဟာ ကျောက်ပျဉ်ပေါ်မယ် ထောက်ထားတာပါ။ အဲဒီ ကျောက်ပျဉ်ထက်မယ် မစင်ပုံတစ်ပုံကို တွေ့လိုက်ရလေတာပါ။

"ဒီလှေကားရင်း ကျောက်ဖျာထက်မယ် ဘယ်သူမှ မစင်စွန့်မှာ မဟုတ်ပါဘူး။ ကေန်ပဲ ဝိဇ္ဇာမိုရ်ရဲ့ ဆေးပဲဖြစ်ရမယ်"လို့ နှလုံးသွင်းပြီး အဲဒီ မစင်ပုံကို ကုန်အောင်စားလိုက်တဲ့အတွက် ဖိုးစီဖွားဟာ နာနာရုပ်အတတ်ကို တတ်လာရတယ်လို့ ဆိုကြပါလေတယ်။ ဖိုးစီဖွားဟာ နာနာရုပ်အတတ်နဲ့ ဆင်၊ ကျား စတဲ့ သဏ္ဍာန်ကိုလည်း ဖန်ဆင်းတတ်တယ်။ ခြင်းကြားကိုလည်း ဝက်၊ နွားထင်အောင် ဖန်ဆင်းတတ်တယ်လို့ ဆိုပါလေတယ်။

◈◈◈

ရွှေကူမြို့တစ်ဖက်၊ ဧရာဝတီမြစ်အလယ်မယ် ရွှေပေါ်ကျွန်းစေတီ ရှိပါလေတယ်။ ရွှေပေါ်ကျွန်းစေတီတော်ဟာ နှစ်စဉ်နှစ်တိုင်း တပေါင်းလဆန်း ၈ရက်မှ တပေါင်းလပြည့်နေ့အထိ ဘုရားပွဲတော်ကျင်းပပါတယ်။ တပေါင်းလ၊ ဗုဒ္ဓဟူးဆန်းလို့ရှိရင် ဘုရားပွဲတော်ကို ရဟန္တာ ကြွရောက်တယ်ရယ်လို့ ကောလာဟလဖြစ်ပြီး အလွန်တရာ အထူးစည်ကားတတ်ပါလေတယ်။

တစ်နေ့၊ တပေါင်းလ ဘုရားပွဲရာသီမယ် ဖိုးစီဖွားဟာ ဘုရားပွဲကို သွားချင်တဲ့ စိတ်ဖြစ်လာပါလေတယ်။ ဒါကြောင့် သမီးနှစ်ယောက်နဲ့အတူ ရွှေပေါ်ကျွန်းဘုရားပွဲကို သွားပါလေတယ်။ ရွှေပေါ်ကျွန်းကို မကူးမီ ရွှေကူမြို့ကို ဦးစွာရောက်ပါတယ်။ ရွှေကူမြစ်ကမ်းက ရွှေပေါ်ကျွန်းကို ကူးဖို့ လှေရှာနေတုန်း ထူးဆန်းတဲ့ လှေတစ်စင်းကို တွေ့ရပါလေတယ်။ လှေပိုင်ရှင်ဟာဖြင့် ဦးရင်ကြီးတစ်ပါးလို့ ဆိုပါတယ်။ ဒါပေမယ့် အဲဒီအချိန်မယ် ဦးရင်ကြီးဟာ ရွှေပေါ်ကျွန်းဘုရားကို ကူးသွားလို့ လှေမှာ မရှိပါလေဘူး။

အဲဒီ ဦးရင်ကြီးဟာလည်းပဲ ဖိုးစီဖွားလို နာနာရုပ်တတ်တယ်လို့ ဆိုပါလေတယ်။ ဖိုးစီဖွားဟာ လှေကို မြင်တာနဲ့ နာနာရုပ်တတ်သူရဲ့ လှေဖြစ်ကြောင်းကို သိပါလေတယ်။ အဲဒီအခါမယ် ပညာပြိုင်တဲ့ သဘောနဲ့ ဦးရင်ကြီးရဲ့ လှေပေါ်မယ် မစင်စွန့်ခဲ့ပါလေတယ်။ လှေလှော်သူတွေက အဲဒီ မစင်ကို တွေ့လို့ ရေဆေးပစ်ကြပါလေတယ်။ ဒါပေမယ့် တစ်ပုံဆေးလို့ရှိရင် နှစ်ပုံဖြစ်လာ၊ နှစ်ပုံဆေးလို့ရှိရင် လေးပုံဖြစ်လာနဲ့၊ တစ်လှေလုံး မစင်တွေနဲ့ ရွံစရာဖြစ်လာလေတော့တာပါ။

ဦးရင်ကြီး ပြန်လာလို့ အကျိုးအကြောင်းသိရတဲ့အခါမယ် လှေလှော်သူတွေကို ဆက်မဆေးကြနဲ့၊ ပေါဟို ငှက်ပျောပင်သွားခုတ်ကြလို့ အနီးခြံက ငှက်ပျောပင်ကို ခုတ်နှိုင်းပြီး ရေမှာ မျှောစေပါလေတယ်။

ထိုညမယ် ဖိုးစီဖွားဟာ ခြေတစ်ဖက်ညောင်းတယ်ဆိုပြီး သမီးတွေကို အနင်းအနှိပ်ခိုင်းပါတယ်။ သမီးတွေ နင်းနှိပ်နေပါလျက် နင်းနှိပ်မှန်း မသိတဲ့အခါ မိမိရဲ့ ခြေထောက်ကို ပြန်လို့ကြည့်လိုက်ပါတယ်။ မိမိရဲ့ ခြေအစစ်မရှိပါလေတော့ဘူး။ မိမိရဲ့ ခြေအစား ငှက်ပျောတုံးတပ်ထားမှန်း သိလို့ ငါဟာဖြင့်ရင် ရန်သူရဲ့ လက်ချက်နဲ့ ကေန် သေရမယ်။ သို့သော် ငါတစ်ဦးတည်း မသေစေရဘူး။ ငါ့ရဲ့ ရန်သူပါ သေစေရမယ်။

ဤအကြံဖြစ်ပြီး သမီးတွေကို ခေါ်ပြီး・・・

"ငါ မကြာမီ သေရတော့မယ်။ ငါသေခါနီး ပါးစပ်အဟာမယ် ဒီဆေးလုံးကို ငါ့ခံတွင်းအရောက် ပစ်သွင်းတော့"

လို့ မှာထားပြီး ကွယ်လွန်ပါလေတယ်။ သမီးတွေကလည်း အဖေမှာတဲ့အတိုင်း ဆေးလုံးကို ပစ်သွင်းကြပါလေတယ်။ ဒီမှာတင် ဦးရင်ကြီးလည်း အဲဒီညမှာပဲ ကွယ်လွန်ပါလေတယ်။

ဒါဟာဖြင့်ရင် ထူးထူးဆန်းဆန်း ဝိဇ္ဇာမိုရ်ဖြစ်တဲ့ အကြောင်းပါ ■

* * *

သာစည်အောင်တင်

စာကိုး

- ဝိဇ္ဇာမိုရ်ဟူသည် (နိုင်ငံတော် ဩဝါဒစရိယ၊ မြန်မာ ဩဝါဒစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ထီးချိုင့်မြို့ တည်တောဆရာတော်ဘုရားကြီး)။



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ကံတရားကို ဉာဏ်ကစားခွင့်ရရှိမည့်ကာလ။ ဖိစီးလာသော တာဝန်နှင့် ဝတ္တရားကို မကြောက်တတ်ပေ။ မိမိလုပ်ဆောင်ရမည့်ကိစ္စကို ရဲရဲရင့်ရင့်လုပ်ဆောင်နေပေလိမ့်မည်။ အကျင့်စရိုက်ကောင်းပြီး သီလ စင်ကြယ်နေလိမ့်မည်။ ယာဉ်၊ စက်ပစ္စည်းအရောင်းအဝယ်ကိစ္စ ရောရောရှုရှု အဆင်ပြေသွားလိမ့်မည်။ ဆက်ဆံရေး ပြေပြစ်ခြင်းကြောင့် လုပ်ငန်းခွင်မှာ လုပ်ဖော်ကိုင်ဖက်တို့နှင့် အဆင်ပြေမည်။ သင့်ကို အားပေးကူညီမည့်သူများ ရှိနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရာသီဥတုအပြောင်းအလဲကြောင့် အနည်းငယ် ချူချာတတ်၏။ ချစ်သူကို မိုးမွှန်အောင် ချစ်ကြောင်း ဖွဲ့နွဲ့ပြောမိနေမည်။

ထီထိုးသင့်သောနေ့ - သောကြာ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၇)အဆုံး။ (၆)အစ (၈)အဆုံး။
ယတြာ - မွေးနံထောင့်မှာ သီလဆောက်တည်ပြီး ပန်း၊ ရေချမ်းနှင့် နံ့သာလှူဒါန်းပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မည်။ သင်က သင်ထားသည်ထက်ပင် ပိုတော်သော အရည်အချင်းနှင့် အစွမ်းအစများ ရှိနေလိမ့်မည်။ အောင်မြင်မှုဆိုသည်ကား သင့်လက်ထဲမှ ပြေးမလွတ်နိုင်ပေ။ လူတကာ ၏ မျက်စိထဲမှာ သင့်ဟန်ပန်စတိုင်က ပေါ်လွင်ထင်ရှားနေပေလိမ့်မည်။ သင့်ဘဝကို အိုးတက်စေမည့် အသိပညာ၊ အတတ်ပညာတို့ကို သင်ယူခွင့် ရရှိပေလိမ့်မည်။ ကျန်းမာစေရန် သဘာဝတရား၏ လက်ဆောင် လေကောင်းလေသန့်ကို ရှူရှိုက်သင့်၏။ အချစ်ရေးမှာ အချစ်မိုးကောင်းကင်အောက်၌ နှလုံးသားချင်း နီးစပ်ခွင့်ရလိမ့်မည်။

ထီထိုးသင့်သောနေ့ - စနေ၊ တနင်္ဂနွေ။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၂)အဆုံး။ (၂)အစ (၆)အဆုံး။
ယတြာ - လူကြီးမိဘ ဆရာသမားတို့ကို လှူဖွယ်ပစ္စည်းဖြင့် ကန်တော့ပါ။ ဆုံးမ ဩဝါဒခံယူပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

သက်ဝင်လှုပ်ရှားသော ဘဝစာမျက်နှာများကို လှန်ခွင့်ရရှိမည့်ကာလ။ ပြည်တွင်းပြည်ပခရီးများကို မကြာခဏသွားလာရတတ်သည်။ ကြီးကြီးကြံ၊ ကြီးကြီးတွေးနေမည်။ တောက်လျှောက် အလုပ်များနေမည်။ အလုပ်များသလောက်လည်း အကျိုးများ တိုးပွားမည်။ ဘဝဦးတည်ချက် မှန်ကန်နေပေလိမ့်မည်။ စကားကို လိုရင်းတိုရှင်းပြောဆိုနေပေလိမ့်မည်။ ဈေးကွက်သစ် ချဲ့ထွင်မှုကိစ္စမှာ ရလဒ်ကောင်း ထွက်ပေါ်လာလိမ့်မည်။ အလုပ်ကို ခေါင်းမဖော်တမ်း လုပ်ကိုင်တတ်ခြင်းကြောင့် ဇက်ကြောတက်၊ ခေါင်းကြောထိုး ဝေဒနာမျိုး ခံစားရတတ်၏။ အချစ်ရေးမှာ ရင်ခုန်သံများ စည်းချက်ညီနေပေလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္ဂနွေ၊ အင်္ဂါ။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၀)အဆုံး၊ (၉)အစ (၉)အဆုံး။
ယတြာ - မွေးနေ့မှစ၍ သားကြီးငါးကြီးရှောင်ပြီး အမိဗ္ဗာန်ပုတီး ၉ရက်ဆက်တိုက် စိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကင့်ရာသီ




( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အရေးပါ အရာရောက်နေလိမ့်မည့် ကာလ။ အောင်မြင်မှု ယန္တရားကြီးကို လည်ပတ်စေမည့် စိတ်ဓာတ် ခွန်အားများ ရှိနေလိမ့်မည်။ စိတ်ဓာတ်အာဟာရ ပြည့်ဝနေပေလိမ့်မည်။ အကောင်းမြင် အပြုတွေး တတ်၏။ လေ့လာစူးစမ်းမှု အားကောင်းနေမည်။ ဝေဖန်မှု၊ အပြစ်တင်မှုကို မကြောက်တတ် ကူညီသူ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိုယ်လျှောက်လှမ်းရမည့်လမ်းကို ဖြောင့်ဖြောင့်မတ်မတ် လျှောက်လှမ်းနေလိမ့်မည်။ ကျန်းမာရေးအတွက် ဆေးမြီးတိုနှင့် ကုသမှုကို ရှောင်ပါ။ တတ်ကျွမ်းနားလည် သော သမားတော်နှင့် တိုင်ပင်ကုသပါ။ အချစ်ရေးမှာ အသိုင်းအဝိုင်းတူသည့် ဝန်းကျင်မှ တစ်ယောက်ကို မြတ်နိုးသွားမိလိမ့်မည်။

**ထီးထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏာန်း** - (၆)အစ (၃)အဆုံး၊ (၆)အစ (၀)အဆုံး။

**ယတြာ** - လမ်း၊ တံတားပြုပြင်ရေးသို့ ငွေ (သို့မဟုတ်) လုပ်အားပေးလှူပါ။

## သိဟ်ရာသီ




( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

မိမိဘဝကို ကိုယ်တိုင်ဖန်တီးခွင့်ရရှိမည့် ကာလ။ ကြိုတင်ပြင်ဆင်မှု အားကောင်းသော သင့်အ အခွင့်အလမ်းများက မျက်နှာသာပေးလိမ့်မည်။ မိသားစုဝင်တစ်ဦး၏ ဝမ်းမြောက်ဂုဏ်ယူဖွယ် သတင်း ကို ကြားသိရလိမ့်မည်။ ပျော်ရွှင်မှုများ ပံ့တင်ရိုက်ခတ်နေလိမ့်မည်။ လက်လှမ်းမီသော လုပ်ငန်းသစ် တစ်ခုကို စတင်လုပ်ကိုင်ခွင့်ရရှိလိမ့်မည်။ ကောင်းပေ့ဆိုသော ယာဉ်၊ စက်ပစ္စည်းပိုင်ဆိုင်ခွင့် ကြုံ လိမ့်မည်။ အရေးကြီးသော စာချုပ်ချုပ်ဆိုမှု၊ ကတိပေးမှုကိစ္စရပ်အချို့ ပြုလုပ်ရပေလိမ့်မည်။ အထပ်ထပ် အခါခါ မျှော်လင့်နေသော အခွင့်ထူးတစ်ခုရရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတအောင် နေထိုင်သင့်၏။ အချစ်ရေးမှာ မျှော်လင့်နေသော ချစ်စိတ်ကူးဆန္ဒများ ပြည့်ဝမည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏာန်း** - (၁)အစ (၁)အဆုံး၊ (၂)အစ (၂)အဆုံး။

**ယတြာ** - ကိုယ်ဝန်ဆောင်တစ်ဦးကို ဆေးနှင့် မုန့် လှူဒါန်းပါ။

## ကန်ရာသီ




( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

သင့်နှလုံးသားဗိသုကာမှ အောင်မြင်မှု နန်းတော်ကြီး ဘွားခနဲ ထွက်ပေါ်လာမည့်ကာလ။ သင် အနှစ်နှစ် အလလက ပြုစုပျိုးထောင်ခဲ့သော လုပ်ငန်းမှ အသီးအပွင့် အကျိုးအမြတ်များစွာ ခံစား လိမ့်မည်။ ပင်ကိုယ် ပါရမီရှိနေလိမ့်မည်။ အကြီးအကဲတို့ထံမှ အဖိုးတန်သော အကြံကောင်း ဉာဏ်ကောင်းများ ရရှိပေလိမ့်မည်။ ကိုယ့်အူကိုယ်ချွန်စိတ်ဓာတ် အပြည့်ရှိနေပေလိမ့်မည်။ ကျန်းမာ ရန် ဆေးဖြစ်စေမည့်အစာကို ရွေးချယ်စားသောက်သင့်၏။ အချစ်ရေးမှာ သင့်အခက်အခဲများ ဖိုင်ခံဖြေရှင်းပေးမည့် ချစ်သူနှင့် ကြုံရလိမ့်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏာန်း** - (၄)အစ (၁)အဆုံး၊ (၉)အစ (၃)အဆုံး။

**ယတြာ** - ဒါနကောင်းမှုပြုရန် တရားစာအုပ်သုံးမျိုး မိတ်ဆွေတစ်ဦးကို လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

မျှဝေခံစားတတ်သော မေတ္တာနလုံးသားကို ပိုင်ဆိုင်နေမည့် ကာလ။ သင့်ကို ခင်ချင်ချင်သူများ ဝိုင်းဝိုင်းလည်နေလိမ့်မည်။ အများအတွက် အကျိုးရှိမည့်ကိစ္စရပ်များကို လုပ်ဆောင်ခွင့်ရမည်။ သင့်လက်ကို ပေးကမ်းလှူဒါန်းခြင်းဖြင့် အလှဆင်နိုင်လိမ့်မည်။ ဘာသာရေးကို လိုက်စားပြီး လူမှုရေးလုပ်ငန်းများနှင့် မွေ့လျော်နေပေလိမ့်မည်။ အကြောင်းကောင်းပြီး အကျိုးကောင်းများကို ခံစားခွင့်ရရှိပေလိမ့်မည်။ ကျန်းမာရေးအတွက် သင့်တော်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်မျိုးမျိုးပြုလုပ်သင့်၏။ အချစ်ရေးအနေဖြင့် သင့်ဘဝထဲကို အချစ်က တံခါးမခေါက်ဘဲ ဝင်ရောက်လာလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၃)အစ (၆)အဆုံး၊ (၈)အစ (၂)အဆုံး။
ယတြာ - မွေးနေ့တူနှင့်အတူ ဘုရားဖူးသွားပြီး လိုရာဆုတစ်ခုတောင်းပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

မြင့်မြင့်မားမား ယုံကြည်ချက်ရှိနေမည့် ကာလ။ ရိုးသားပြီး သစ္စာရှိ ကတိတည်နေလိမ့်မည်။ သင်နှင့်ထိုက်တန်သော အခွင့်အလမ်းတစ်ခုကြုံရလိမ့်မည်။ စွန့်စားလုပ်ရှားမှုအချို့ကို စိတ်ဝင်စားနေမည်။ မေ့မရနိုင်စရာ ပျော်ရွှင်ဖွယ် ခရီးတစ်ခုကို သွားရလိမ့်မည်။ နေအိမ်သို့ ရဟန်း သံဃာတစ်ပါးကြွလာပါက ထီထိုးပါ။ ထီဆုကြီးကြီးပေါက်ပေလိမ့်မည်။ ကျန်းမာရေးအတွက် အနာနှင့် ဆေး တွေ့မည်။ အချိန်တော်တော်ကြာ ခံစားနေရသော ဝေဒနာသက်သာပျောက်ကင်းသွားလိမ့်မည်။ အချစ်ရေးအနေဖြင့် ရင်းနှီးကျွမ်းဝင်သူတစ်ဦးထံမှ ချစ်ခွင့်ပန်စကားကို ကြားခွင့်ရပေလိမ့်မည်။

ထီထိုးသင့်သောနေ့ - ဗုဒ္ဓဟူး၊ သောကြာ။
ရွေးချယ်ရမည့်ဂဏန်း - (၁)အစ (၇)အဆုံး၊ (၄)အစ (၂)အဆုံး။
ယတြာ - သီလခံယူပြီး ၂၄ ပစ္စည်းပဋ္ဌာန်းရွတ်ဆိုပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

ကံကောင်းတော့မည့် အတိတ်ကောင်း နိမိတ်ကောင်းများနှင့် ကြုံရမည့်ကာလ။ မင်္ဂလာရှိသော နေကောင်းနေ့မြတ်များကို ပိုင်ဆိုင်ခွင့်ကြုံရလိမ့်မည်။ လုပ်ငန်းနယ်ပယ်မှာ ရာနှုန်းပြည့် အောင်မြင်မှု ရရှိမည်။ ရေစုန်ကို လှေကြုံလိုက်သကဲ့သို့ အဆင်ပြေမှု ကြုံမည်။ ခရီးသွားလာမှုက ကောင်း၏။ သတိဆိုသော ပဲ့ကို ကိုင်လျက် လှုပ်ရှားနေလိမ့်မည်။ ကျန်းမာစေရန် မိမိစိတ်ကို သင့်တင့်မျှတအောင် တွေးပါ။ ဒေါသ၊ လောဘ၊ မောဟများ မဖြစ်အောင် ဆင်ခြင်သင့်၏။ အချစ်ရေးမှာ သင့်စိတ်ကြိုက် ချစ်သူလေးနှင့် လက်တွဲခွင့်ရပေလိမ့်မည်။

ထီထိုးသင့်သောနေ့ - တနင်္လာ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၈)အစ (၅)အဆုံး၊ (၂)အစ (၇)အဆုံး။
ယတြာ - ရဟန်းသံဃာတစ်ပါးကို ထီး (သို့မဟုတ်) ဖိနပ်လှူဒါန်းပါ။


www.burmeseclassic.com

www.burmeseclassic.com

**မကာရရာသီ**



**CAPRICORN**

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

အယူအဆမှန်ကန်နေမည့် ကာလ။ သင့် အိုင်ဒီယာများ ဆန်းသစ်လွန်းနေလိမ့်မည်။ သင့်လုပ်ငန်းများ အထမြောက် အောင်မြင်စေရန် လှုံ့ဆော်ပြုက် နည်းလမ်းကောင်းများကို တွေ့ရှိပေလိမ့်မည်။ လူမှုဆက်ဆံရေးနယ်ပယ်မှာ ဝင်ဆံ့နေလိမ့်မည်။ သင့်ကောင်းသတင်းများ ရေပန်းစားနေလိမ့်မည်။ ကြန့်ကြာနေသော တန်ဖိုးကြီးပစ္စည်း ရောင်းဝယ်မှု ယခုလအတွင်း ရောင်းထွက်သွားလိမ့်မည်။ ကျန်းမာရေးအတွက် ဆီများလွန်းသော အစာတို့ကို ရှောင်ပါ။ အချစ်ရေးမှာ နားလည်မှုချင်း တိုက်ဆိုင်သူလေးနှင့် လက်တွဲခွင့်ရပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း:** - (၉)အစ (၃)အဆုံး၊ (၆)အစ (၃)အဆုံး။
**ယတြာ** - မွေးနံ့ထောင့်မှာ ရေသပ္ပာယ်ခြင်း၊ ရေလှူခြင်းပြုလုပ် ကုသိုလ်ယူပါ။

**ကုမ်ရာသီ**



**AQUARIUS**

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

ဆုံးဖြတ်ချက် ခိုင်မာနေမည့် ကာလ။ အခက်အခဲများကို စိန်ခေါ်ကာ တိကျပြတ်သားသော ဆုံးဖြတ်ချက်ချရလိမ့်မည်။ ရဲရင့်သော သတ္တိထူးရှိနေလိမ့်မည်။ တာဝန်ယူရဲသောစိတ်၊ တာဝန်ယူတတ်သော စိတ် ရှိနေလိမ့်မည်။ ကိုယ်ချင်းစာနာတတ်သောစိတ် ရှိနေမည်။ မည်သည့်ကိစ္စကိုပဲ လုပ်လုပ် အကောင်းတကာ့ အကောင်းဆုံးဖြစ်အောင် ကြိုးစားချင်သောစိတ် ရှိနေလိမ့်မည်။ မှန်ကန်သော စိတ်စေတနာကြောင့် ဝင်ငွေတိုးတက်မည်။ စာရင်းဇယား တိကျနေလိမ့်မည်။ ကျန်းမာရေးကောင်းပြီး မကြာခဏ ခရီးသွားရတတ်၏။ အချစ်ရေးအနေဖြင့် ချစ်သူကို မကုန်မခန်းနိုင်သော အချစ်များဖြင့် ချစ်နေမိမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း:** - (၁)အစ (၂)အဆုံး၊ (၄)အစ (၇)အဆုံး။
**ယတြာ** - မွေးနေ့မှာ ဆေးရုံသို့သွားပြီး ဆေး (သို့မဟုတ်) သွေးလှူဒါန်းပါ။

**မိန်ရာသီ**



**PISCES**

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

ဟိတ်ဟန်စတိုင် ခန့်ညားနေမည့် ကာလ။ လုပ်ငန်းသစ်ကိစ္စအတွက် အစွမ်းကုန် အားသွန်ခွန်စိုက် ကြိုးစားနေလိမ့်မည်။ လုပ်ငန်းဟောင်းမှ ဝင်ငွေထူးများ ရရှိလိမ့်မည်။ ပင်ကိုယ်စွမ်းရည်မြင့်မားပြီး တစ်ပြိုင်တည်းမှာ လုပ်ငန်းနှစ်မျိုးလုပ်ကိုင်ရလိမ့်မည်။ တွေ့ကြုံလာသော အခက်အခဲအချို့တော့ ရှိနေလိမ့်မည်။ သို့သော် အခက်အခဲကို ဖြတ်ကျော်နိုင်းကာ မိမိတက်ချင်သော အောင်မြင်မှုလှေကားဆီ တက်လှမ်းခွင့်ရလိမ့်မည်။ ကျန်းမာရေးအတွက် ရေချိုး ခေါင်းလျှော် ဆင်ခြင်သင့်၏။ အချစ်ရေး အနေဖြင့် ရှေ့သွားနောက်လိုက်ညီသော ချစ်သူနှင့် ဖူးစာဆုံခွင့်ရပေလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ အင်္ဂါ။
**ရွေးချယ်ရမည့်ဂဏန်း:** - (၁)အစ (၇)အဆုံး၊ (၂)အစ (၅)အဆုံး။
**ယတြာ** - သီလရှင်တစ်ပါးကို ဆပ်ပြာလှူပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com

ဆေးစွမ်းကောင်းများ

- ချပန်နားသန့်ဆေးကြီး
- ချပန်နားရောဂါပျောက်ဆေးကြီး
- ချပန်မျက်စိကြည်ဆေးကြီး
- ချပန်မျက်စိရောဂါပျောက်ဆေးကြီး
- ချပန်သွားရောဂါပျောက်ဆေးကြီး
- ချပန်နှာခေါင်းရောဂါပျောက်ဆေးကြီး




အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၂/၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၄၅၉၉

အမြို့မြို့ဆိုင်တိုင်းမှာမေးဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မိုးဖွဲဖွဲရွာနေသည့် တစ်ခုသော ...ဦးကျ နံနက်ခင်းလေးဝယ်၊ ...ျွန်တော်ထိုင်နေသော ဘုန်းကြီး ...ျောင်း၏ ခြိုင်းအတွင်းသို့ အမျိုးသမီး ...ကြီးတစ်ဦး ခပ်သုတ်သုတ်ဝင်လာနေ ...သည်ကို တွေ့လိုက်ရသည်။ ထီးကွယ် ...သဖြင့် ရုတ်တရက် မည်သူမှန်း မသိ ...သော်လည်း စကြံ့ထိပ်တွင် ထီးပိတ် ...က်သောအခါတွင် မြို့ထဲမှ ဒေါ်တင်ဦး ...ကို တွေ့လိုက်ရပါသည်။

ဘုန်းကြီးကျောင်းလေးက ...ျွန်တော်တို့ မြို့လေး၏ အစွန်ပိုင်း ...တွင်ရှိလေရာ လူအသွားအလာနည်းပါး ...သည်ဟု ဆိုနိုင်သော်လည်း ဆရာတော့် ...ဲ နေ့စဉ်လာရောက်ကြသူများကြောင့် ...ျောင်းက စည်စည်ကားကားတော့ ရှိ ...တတ်ပေသည်။ ဝါတွင်း ဥပုသ်နေ့ ...မှလွဲ၍ ဝါပကာလ ဥပုသ်နေ့များ ...ဆရာတော်က မည်သူ့ကိုမျှ အတွေ့ ...သဖြင့် ကျောင်း၌ ညေ့သည်အလာ ...သော်လည်း ကျန်ရက်များတွင်မူ ...သည်များက တစ်ယောက်မဟုတ် ...ယောက်ရှိနေမြဲပင် ဖြစ်ပါသည်။

ကျွန်တော့်ဆရာတော်က ထိုစဉ် ...ကျွန်တော်တို့မြို့လေးတွင် ပယောဂ ...သော ဘုန်းကြီးတစ်ပါးအဖြစ် လူသိ ...ခဲ့ပါသည်။ နေထိုင်မကောင်းဖြစ်သူ ...ကို ဆေးလည်း ကုသပေးသဖြင့် ...တော့်ထံ ရပ်နီးရပ်ဝေးမှ ဧည့် ...ည့်များ လာလေ့ရှိခဲ့ပါသည်။ ထိုစဉ် ...က ဆရာတော်သည် သက်တော် ...င် မပြည့်တတ်သေးသော်လည်း ...ကြီးသော ဆရာတော်တစ်ပါးဖြစ် ...ည်ဟု ဆိုချင်ပါသည်။ ပယောဂအစွဲ ...ိုသူများ၊ ဥစ္စာစောင့် သိုက်ကြိုး ဖြတ်လိုသူများ၊ အဆောင်၊ လက်ဖွဲ့အင်း အလိုရှိသူများ၊ စီးပွားတိုးတက်အောင်မြင်လိုကြသူများ စသည်ဖြင့် မိမိတို့၏ ဆန္ဒအလျောက်၊ လောဘအလျောက် ဆရာတော့်ထံ လာကြသူများကို နေ့စဉ်လိုလို တွေ့ခဲ့ရပါသည်။ အထူးသဖြင့် ပယောဂ ကုရာတွင် ရိုက်နှက်ခြင်း လုံးဝ မရှိဘဲ၊ လူနာရှင်ကျေနပ်အောင်၊ တစ်နည်းအားဖြင့် ပယောဂအစွဲကျွတ်အောင် ကုနိုင်သော ဆရာတော်တစ်ပါးအဖြစ် ကျွန်တော်တို့နယ်တွင် ထင်ရှားလှပါသည်။

ဒေါ်တင်ဦးက မြို့ထဲတွင် နေသော တရုတ်ကပြား အမျိုးသမီးကြီးတစ်ဦးဖြစ်ပြီး သူ့ခင်ပွန်းမှာလည်း ကျွန်တော်တို့မြို့မှ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ပါသည်။ မြို့လယ်တွင် ကုန်စုံဆိုင်ကြီးတစ်ဆိုင်နှင့်၊ မြို့တစ်ဖက်ကမ်းတွင် ဆန်စက်တစ်လုံးရှိပါသည်။ ကျွန်တော်တို့မြို့နယ်အတွင်း ရွာများသို့ နေ့စဉ် ပြေးဆွဲသည့် လိုင်းမော်တော်တစ်စီးကိုလည်း ထောင်ထားပါသေးသည်။

ဒေါ်တင်ဦးသည် တရုတ်သွေးစပ်သော အမျိုးသမီးတစ်ဦးဖြစ်သော်လည်း ဗုဒ္ဓဘာသာနှင့် နီးနီးစပ်စပ်ရှိကာ၊ အလှူအတန်းများကိုလည်း မကြာမကြာပြုလုပ်လေ့ရှိပြီး ဆရာတော်နှင့်လည်း ရင်းနှီးသော ဒကာမကြီးတစ်ဦးဖြစ်ပါသည်။

"အားမကြီး…လာ၊ ဆရာတော်ကျောင်းပေါ်မှာ ရှိတယ်"

သူ့ကို ကျွန်တော်တို့မြို့မှ လူများက "အားမကြီး" ဟု ခေါ်ကြပါသည်။ ကျွန်တော်က သူ့ကို အများခေါ်သလိုပင် နှုတ်ဆက်လိုက်ပြီး ဆရာတော်ရှိရာ ကျောင်းပေါ်သို့ ခေါ်သွားလိုက်ပါသည်။

ဆရာတော်ကို ဦးချနေစဉ် ဆရာတော်မှ…

"ဒကာမကြီး…စောလှချေလား"

"မှန်လှပါ ဘုရား။ အရေးကြီးလို့ပါ"

"ဆိုပါဦး၊ ဘာတွေ အရေးကြီးလာလို့လဲ"

ဒေါ်တင်ဦးက ဆရာတော်ကို လက်အုပ်ချီထားရင်း လျှောက်ထားနေသည်။

"တပည့်တော်ကို ညက သရဲကိုက်သွားလို့ပါ ဘုရား။ ဒီမှာ ဒဏ်ရာတောင် ကျန်ခဲ့တယ်"

ဒေါ်တင်ဦးက သူ့ယာဘက်လက်ဝါးကို မှောက်လိုက်ပြီး လက်မနှင့် လက်ညှိုးကြားကို ပြနေသည်။

"ဒီမှာ ဘုရား။ တပည့်တော်လက်ကို ကိုက်သွားတာ။ အရာလေး နှစ်ခု ကျန်ခဲ့တယ်"

ဆရာတော်ကလည်း ကြည့်၊ ကျွန်တော်ကလည်း ဒေါ်တင်ဦး ပြနေသည်ကို ကြည့်လိုက်သည်။ ကျွန်တော်ကတော့ ဘာမှမမြင်။

"ဒီနေရာကို အတင်းကိုက်ပြီး ထွက်ပြေးသွားတာ ဘုရား"

ဆရာတော်က ဒေါ်တင်ဦးကို ကြည့်ကာ ပြုံးနေသည်။

"ဒကာမကြီးက သရဲကို မြင်လိုက်ရတာလား"

"မြင်ရုံတင် ဘယ်ကမလဲ ဘုရား။ တပည့်တော်နဲ့ ဖက်လုံးခဲ့တာ ဘုရား"

ကျွန်တော်က အားမကြီး ဒေါ်တင်ဦးကို စိတ်ဝင်တစားကြည့်နေမိပါသည်။

◈◈◈

ဒေါ်တင်ဦးတို့ ကုန်စုံဆိုင်က မနက် ၆နာရီဆိုလျှင် ဖွင့်သည်မို့ ဒေါ်တင်ဦးက နေ့စဉ် နံနက် ၃နာရီထ



www.burmeseclassic.com

www.burmeseclassic.com

ကာ ရေနွေးအိုးတည်၊ ထမင်းချက်ရသည်။ ဆိုင်မှ အလုပ်သမားများကိုပါ ထမင်းကျွေးသဖြင့် မနေ့က ဝယ်ပြီး လုံးထားသော ဟင်းများကိုပါ ချက်ရသည်။ ဥပုသ်နေ့ဆိုလျှင် အရုဏ်ဆွမ်းကြွသည့် သံဃာများကို ဆွမ်းထွက်လောင်းသည်။ သမီးနှင့် အတူအိပ်သော်လည်း သမီးက မနက် ဆိုင်ထွက်ရသည်မို့ ဒေါ်တင်ဦးနှင့် အဖော်မိန်းကလေးတို့ နှစ်ယောက်သာ စောစောထလေ့ရှိသည်။

နံနက် ၃နာရီဆိုလျှင် နှိုးစက်ပေးရန် မလို။ နိုးနေကျမို့ ခုတင်ပေါ်မှ အထလိုက်တွင် ပြတင်းပေါက်မှ ဝင်နေသော မှုန်ပျပျမီးရောင်အောက်တွင် လူတစ်ယောက်ကို ဖျတ်ခနဲ မြင်လိုက်ရသည်။ သူခိုးဝင်နေခြင်းဖြစ်ပေလိမ့်မည်။

ဆံပင်ဖားလျားချထားသည်ကို မြင်လိုက်ရသဖြင့် မိန်းမတစ်ယောက်ပဲဟု ဒေါ်တင်ဦး သိလိုက်သည်။ သမီးကျောကို အသာပုတ်လိုက်သည်။ သမီးက တုတ်တုတ်မျှပင် မလှုပ်။ အဖော်ကောင်မလေးကလည်း တစ်ဖက်ခန်းတွင် အိပ်သည်မို့ သူ့ကို လှမ်းခေါ်၍ မဖြစ်နိုင်။ ထိုမိန်းမက အိပ်ခန်းဝကို ကျောပေးကာ ရပ်နေသည်။ ဘာပစ္စည်းတွေ ယူသွားသည်တော့ မသိ။ ဒေါ်တင်ဦးက မီးကို မဖွင့်ဘဲ ခြင်ထောင်ကို အသာလှပ်လိုက်ကာ···

"ဟော့···ဘယ်သူလဲ"

ဟု မေးလိုက်သည်။ ခင်ပွန်းဖြစ်သူက အိမ်ရှေ့ခန်းတွင် အိပ်သည်မို့ သူ့အော်သံကို ကြားနိုင်မည်မဟုတ်သကဲ့သို့၊ သူ့ထံသွားရန်လည်း မဖြစ်နိုင်သေးပါချေ။

သူခိုးမက ဘယ်အပေါက်မှ ဝင်လာခဲ့လေသနည်း။



ကပ်လျက်အခန်းတွင် အိပ်နေသော အဖော်မိန်းကလေးလည်း နိုးလောက်ပြီဟု ဒေါ်တင်ဦး ရုတ်တရက် တွေးလိုက်မိသည်။

ဒေါ်တင်ဦး အော်လိုက်သံကို သူခိုးမလည်း ကြားလောက်သည်။ သို့တိုင်အောင် သူက မလှုပ်မယှက် ရပ်နေသည်ကို တွေ့နေရသဖြင့်···

"ဟော့···ဘယ်သူလဲ"

ဟု ဒေါ်တင်ဦး ထပ်အော်လိုက်သည်။ သူခိုးမက လုံးဝ လှည့်မကြည့်။

ခြင်ထောင်ထဲမှာ ဖြစ်နေသဖြင့် ဆွဲယူစရာ ဘာလက်နက်မှလည်း မရှိ၊ ဒေါ်တင်ဦးက သမီးကျောကို ထပ်ပုတ်လိုက်ပြန်သည်။ အိပ်နေသည့် သမီးကလည်း တုတ်တုတ်မျှ မလှုပ်။

တစ်ဖက်ခန်းတွင် အိပ်နေသော အဖော်မိန်းကလေးကို အော်နှိုးလိုက်လျှင် ကောင်းမည်လားဟု ဒေါ်တင်ဦး တွေးလိုက်မိသေးသည်။ သူ့ကို ရန်ပြုမည်ကိုလည်း စိုးရိမ်ရသည်။

သူခိုးမက သူ့ကို လုံးဝ လှည့်မကြည့်။ သူ့အော်လိုက်သံကိုလည်း ကြားလိုက်ပုံ မပေါ်ပါချေ။

ဒေါ်တင်ဦး ရဲဆေးတင်လိုက် ခြေသံ မကြားရအောင် ထသွားလိုက် ကာ သူခိုးမကို နောက်မှ ဖက် ချုပ်လိုက်တော့သည်။ ထိုအခိုက်မှာ သူခိုးမက ချာခနဲလှည့်လိုက်ပြီး ဒေါ်တင် ဦးလက်ကို ကိုက်ချလိုက်တော့သည်။ လက်ဖဝါးကို ကိုက်မိသွားပြီး ဒေါ်တင် အားခနဲ အော်ကာ သူခိုးမမျက်နှာ အကြည့်လိုက်တွင် မေ့မြောလုနီးပါး သွားရတော့သည်။ သူခိုးမက ကိုက် လိုက်သောလက်ကို လွှတ်လိုက်ပြီး တွင် ဒေါ်တင်ဦး ကြက်သေသေ ငိုင်နေမိစဉ်ဝယ် သူခိုးမက နောက် ပေါက်မှ ပြေးထွက်သွားလေပြီ။

ဒေါ်တင်ဦး သူခိုးမမျက်နှာ အသေအချာမြင်လိုက်ရသည်။ သူခိုး ၏ မျက်နှာပေါ်တွင် မျက်လုံး မရှိ၊ နှာခေါင်းလည်း မတွေ့ရ၊ ပါး ပေါက်ကိုလည်း မမြင်ရ၊ လေး တိတိကြီးဖြစ်နေသော သူခိုးမ မျက်နှာပေါ်တွင် ပပ်ကြားအက် သာ ဒေါ်တင်ဦး အသေအချာတွေ့ ရပေသည်။ သည်တော့မှ ဒေါ်တင် အထိတ်တလန့်ဖြစ်ကာ အိမ်ရှေ့ ပြေးထွက်သွားခဲ့မိပြီး ခင်ပွန်းဖြစ် နှိုးရတော့သည်။

◈◈◈

ဆရာတော်က ဒေါ်တင်ဦး သမျှကို နားထောင်နေပြီး ပြုံး

"ဒကာမကြီး···သူ့အသံ လိုက်ရဘူးလား"

"သူက ဘာမှပြန်မ တပည့်တော်လည်း ဘာအသံ လိုက်ရပါဘူး"

"မျက်နှာက လေး ကြီး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဘုရား။ စာအုပ်တစ်အုပ်ကို လည်ပင်းပေါ်မှာ ထောင်ထားသလိုပါပဲ ဘုရား"

"မျက်နှာပေါ်မှာ အင်းကွက်ရော မတွေ့လိုက်ဘူးလား"

ဆရာတော့် စကားကြောင့် ဒေါ်တင်ဦး မျက်လုံးပြူးသွားသည်ကို ကျွန်တော်မြင်လိုက်ရသည်။

"ဆရာတော်ပြောလိုက်မှ တပည့်တော် သတိရတော့တယ်။ ဟုတ်တယ် ဘုရား။ ပင်ကြားအက်တွေလို ဖြစ်နေတဲ့ မျက်နှာပေါ်မှာ အင်းချထားသလို အကွက်တွေ တွေ့လိုက်ရပါတယ် ဘုရား"

"ကဲ…ဘာမှမပူနဲ့၊ ဒကာမကြီးကို တိုက်အင်းလွှတ်လိုက်တာ"

"တပည့်တော် ဘယ်လိုလုပ်ရမလဲ ဘုရား၊ ကယ်ပါဦး"

"ဒကာမကြီး ဘာမှမပူပါနဲ့။ ဘာမှ မဖြစ်ပါဘူး။ ဘုန်းကြီး လုပ်စရာရှိတာ လုပ်ထားလိုက်မယ်။ နေ့ခင်း ဆွမ်းစားချိန်လောက်မှ ပြန်လာခဲ့။ ဆိုင်ကကောင်မလေးကိုပါ ခေါ်ခဲ့၊ ဟုတ်ပြီလား"

"မှန်ပါ့ ဘုရား"

ဒေါ်တင်ဦးက ဆရာတော်ကို ကန်တော့ကာ ပြန်သွားခဲ့ပါသည်။

ဒေါ်တင်ဦး ပြန်သွားပြီးနောက် ဆရာတော်က ကျွန်တော့်အား အင်းချအကွက်ငယ်များ ဆွဲထားသော ကြိုင်စက္ကူတစ်ချပ်ကို ယူနိုင်းလိုက်ပါသည်။

ဆရာတော်က အင်းချရန်အတွက် ကြိုင်စက္ကူရွက်များပေါ်တွင် ၄ကွက်၊ ၉ကွက်၊ ၁၆ကွက် စသည်ဖြင့် စတုရန်းအကွက်ငယ်လေးများကို ခဲတံဖြင့် ဆွဲထားရပါသည်။ ဆရာတော် အလိုရှိသည့်အခါတွင် ထိုမိုင်းကိုင် စက္ကူများပေါ်တွင် အင်းဆံသွင်းကာ အသုံးပြုလေ့ရှိပါသည်။

ဒေါ်တင်ဦးအတွက် ဆရာတော် အင်းချ၊ အင်းဆံထည့်၊ အင်းသက်သွင်းနိုင်ရန်အတွက် ဆရာတော်နိုင်းစေသည့် လိုအပ်သမျှကို ကျွန်တော် ဆောင်ရွက်ပေးပြီးလျှင် ဆရာတော်က အင်းချထားသော စာရွက်များကို ယူကာ ဘုရားဆောင်အတွင်းသို့ ဝင်ရောက်သွားပါတော့သည်။

◈◈◈

"ဒကာမကြီးကို အင်းနဲ့ တိုက်ထားတာကွ။ သူတို့ စီးပွားတက်နေတာကို မနာလိုတဲ့ သူတစ်ယောက်ယောက်က လုပ်လိုက်တာ ဖြစ်မယ်။ အင်းမှာ လူရုပ်သွင်းပြီး အိမ်ထဲကို ဝင်နှောင့်နိုင်းထားတာ"

ဆရာတော်က ဒေါ်တင်ဦး မလာသေးမီ ကျွန်တော့်အား ပြောပြနေခြင်းဖြစ်သည်။

"အဲဒါ တိုက်ထားတဲ့သူကို ခေါ်မှာလား ဘုရား"

"မခေါ်လည်း ရပါတယ်ကွာ။ ငါ အင်းနဲ့ ပြန်တိုက်လိုက်မယ်"

"သူ့အင်းကို ပြန်နုတ်ရမှာလား ဘုရား"

"အေး၊ ငါ့အင်း မီးထွန်းလိုက်ရင် ရပါပြီ"

"တိုက်တဲ့သူက မြှုပ်ထားရင်ရော ဘုရား"

"အေး၊ မေးကြည့်တာပေါ့ကွာ။ မြှုပ်ထားရင်လည်း ဖော်လိုက်တာပေါ့"

ဆရာတော့်ထံတွင် ကျွန်တော်နေခဲ့စဉ်က အင်းဖြင့် တိုက်ခြင်းများကို ကြုံခဲ့ရဖူးပါသည်။ ဆရာတော်က လုပ်ထားသူကို သွင်းပြီး အင်းကို ပြန်ဖော်ကာ မြစ်ထဲသို့ သွားပစ်နိုင်းလိုက်သည်က များပါသသည်။ အင်းဖြင့် စီရင်ကာ တစ်ဖက်သားတို့အား ဒုက္ခရောက်အောင် စီရင်ပေးတတ်သော လူများ နေရာအတော်များများတွင် ရှိတတ်ပါသည်။ ထိုသူတို့သည် ငွေကြေးရယူကာ ဆောင်ရွက်ပေးတတ်ကြသူများဖြစ်ပြီး အများက အောက်လမ်းဟု ခေါ်သည့် မသန့်ရှင်းသော နည်းမျိုးစုံဖြင့် စီမံပေးလေ့ရှိကြပါသည်။

အင်းဖြင့် အတိုက်အခိုက်ခံရသူများ ဆရာတော့်ထံ ရောက်လာကြလျှင် ဆရာတော်က ထိုအင်းစီရင်ပေးသူကို မိန်းကလေးတစ်ယောက်ထံ ပူးကပ်စေပြီး ဆုံးမစကားပြော၍ စီရင်ထားသော အင်းမြှုပ်ထားသည့် နေရာကို ပြောနိုင်းပါသည်။ နေရာသိပြီဆိုပါက တစ်ယောက်ယောက်ကို ဖော်နိုင်းပြီး မြစ်အတွင်းသို့ သွားရောက် စွန့်ပစ်နိုင်းလေ့ရှိပါသည်။ အချို့သော ပယောဂကု ဆရာများကဲ့သို့ ရိုက်နှက်ခြင်း၊ နှိပ်စက်ခြင်းတို့ ပြုလုပ်လေ့ မရှိပါချေ။

"အင်းတွေကို ပက်ထားလိုက်တော့ကွာ"

ဆရာတော် နိုင်းစေသည့်အတိုင်း ဆရာတော်ပေးသော အင်းရွက်များကို ဖယောင်းတိုင်သုံးတိုင်တွင် တစ်တိုင်စီ ပတ်ကာ အပ်ချည်ကြိုးဖြင့် ကျွန်တော် သေသေချာချာစည်းလိုက်ပြီး ဘုရားစင်ပေါ်တွင် တင်ထားလိုက်ပါသည်။

◈◈◈

မွန်းလွဲပိုင်းတွင် ဒေါ်တင်ဦးနှင့် အဖော် မိန်းမငယ်လေးတို့ ကျောင်းသို့ ရောက်လာကြပါသည်။ ဆရာတော်မိန့်ထားသည့်အတိုင်း သူတို့နှစ်ယောက်ကို ကျောင်းပေါ်သို့ ကျွန်တော်ခေါ်သွားလိုက်ပါသည်။ ဆရာတော်က ကျောင်းအောက်ထပ်တွင် ဧည့်သည်များကို လက်ခံ စကားပြောလေ့ရှိပြီး ဆေးကု၊ ပယောဂကုသည့် ကိစ္စများကိုတော့



www.burmeseclassic.com

www.burmeseclassic.com

ကျောင်း၏ အပေါ်ထပ်တွင်သာ ဆောင်ရွက်လေ့ရှိပါသည်။

ကျောင်းအပေါ်ထပ်တွင် ဘုရားဆောင်တစ်ဆောင်ရှိလေရာ ဆရာတော်က ဘုရားစင်ရှေ့ရှိ သံဃာစင်ပေါ်တွင် ထိုင်နေပါသည်။ ကျွန်တော်တို့ တက်လာသည်ကို မြင်သောအခါ···

"ဒေါ်တင်ဦး ရောက်လာပြီလား"

ဟု နှုတ်ဆက်လိုက်သည်။

ဒေါ်တင်ဦးက ဆရာတော်ကို ဦးချနေစဉ် ဆရာတော်က ကျွန်တော့်ကို ဘုရားစင်သို့ လက်ညှိုးညွှန်ပြလိုက်ပါသည်။ ဆရာတော့်အထာကို သိပြီးဖြစ်သောကြောင့် ကျွန်တော်က အင်းချထားသော စက္ကူများ ပတ်ထားသည့် ဖယောင်းတိုင်များကို ယူကာ ဆရာတော့်ထံ ပေးလိုက်ပါသည်။ ဆရာတော်က ဒေါ်တင်ဦးအား···

"ကိုင်း··· ဒကာမကြီး ဘာမှမဖြစ်တော့ဘူး။ စိတ်တွေ ပူမနေနဲ့တော့။ ကြောက်လည်း မကြောက်နဲ့တော့။ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ကဲ - နှစ်ယောက်စလုံးထံ ဖယောင်းတိုင်တွေ ဘုရားကို ပူဇော်"

ဆရာတော်က ဒေါ်တင်ဦးတို့အား ကျွန်တော်ယူပေးထားသည့် အင်းဖယောင်းတိုင်များကို ပေးလိုက်ပါသည်။

"ဘုရားစင်ပေါ်မှာ မီးခြစ်ရှိတယ်"

ဒေါ်တင်ဦးတို့ နှစ်ယောက် ဖယောင်းတိုင်များကို မီးညှိကာ ဘုရားရုပ်ပွားတော်ရှေ့ရှိ ဖယောင်းခွက်တွင် စိုက်ထားလိုက်ကြသည်။

"ဘုရားရှိခိုးပြီး ငါးပါးသီလယူရအောင်"

ဆရာတော်က သူတို့နှစ်ယောက်အား သီလတိုင်ပေးပြီး ဒေါ်တင်ဦးတို့က လိုက်ဆိုကာ ငါးပါးသီလဆောက်တည်ကြသည်။ သီလယူအပြီးတွင်···

"ဒကာမအငယ်လေးက ဘုရားကိုပဲ ဆက်အာရုံပြုနေ"

ဟု မိန့်ကြားလိုက်သည်။

ဒေါ်တင်ဦးက ဆရာတော်ရှေ့တွင် ငြိမ်သက်စွာ ထိုင်နေစဉ် အဖော်ပါလာသော မိန်းမငယ်ကလည်း ငြိမ်သက်စွာ လက်အုပ်ချီပြီး ဘုရားကို အာရုံပြုနေသည်။

ဘုရားစင်ပေးမှ အင်းဖယောင်းတိုင်များကလည်း မီးညွန့်မလှုပ်ဘဲ လောင်ကျွမ်းနေကြသည်။

ခဏမျှအကြာတွင် မိန်းမငယ်၏ ခန္ဓာကိုယ်က လှုပ်ရမ်းလာတော့သည်။

ကျွန်တော်က အလိုက်သိစွာ ဘုရားစင်ထောင့်တွင် ထောင်ထားသော ဆေးတံကို ယူကာ ဆရာတော့်ထံ ဆက်ကပ်လိုက်ပါသည်။

ထိုဆေးတံသည် အရှည် တစ်တောင်မျှလောက်သာ ရှိသော သစ်သားတံတစ်ချောင်းဖြစ်ပြီး တံ၏ မျက်နှာ နှစ်ဖက်ပေါ်တွင် ဘုရားဂုဏ်တော်များကို ရေးထိုးထားပြီး ဂုဏ်တော်များ၏ အောက်တွင် အင်းကွက်များကို ချထားပါသည်။ ဆရာတော်က ထိုတံဖြင့် ပယောဂကုလေ့ရှိပြီး အစွဲရှိသူများကို ထိုတံဖြင့် ရှယ်ကာ ဝမ်းဗိုက်ပေါ်သို့ ဖွဖွလေးတင်ကာ ခုတ်ယောင်ပြုလိုက်သည်နှင့် အောက်မှ ဝေဒနာရှင်သည် မခံမရပ်နိုင်အောင် အော်ဟစ်နေရသည်ကို ကျွန်တော် များစွာကြုံခဲ့ရဖူးသည် ဖြစ်ပါသည်။

ဆရာတော်က ဆေးတံကို ယူကာ လှုပ်ရမ်းနေသော မိန်းကလေး၏ ချီထားသော လက်အုပ်ပေါ်သို့ အသာလေး တင်လိုက်ပါသည်။ မိန်းကလေးသည် လှုပ်နေရာမှ တုံ့ခနဲ ရပ်သွားပြီး မျက်စိပွင့်လာကာ ဆရာတော်ကို ကြည့်နေတော့သည်။

"ကဲ - ပြောချင်တာ ပြော[...]

မိန်းကလေးက ဘာမျှမပြော[...] ဆရာတော့်ကို စိုက်ကြည့်နေသည်[...]

"ဘာဖြစ်လို့ တစ်ဖက်သား အ[...] ရောက်မယ့် အလုပ်တွေကို လုပ်[...] နေတာလဲ"

ဘာမျှ ပြန်မပြော။

"ဘယ်မှာ အင်းမြှုပ်ထား[...] ပြော"

သူက ဆရာတော့်ကို တွေ[...] ကြီး ကြည့်နေသည်။ ခဏနေ[...] သူ အသံထွက်လာသည်။ ငယ်[...] သော မိန်းမငယ်လေးက နဂို[...] မဟုတ်တော့ဘဲ ယောက်ျားသံဖြ[...] သည်။

"ဆရာတော်နဲ့ ပတ်သက်[...] မသိလို့ပါ ဘုရား"

"ဩော် ·· မင်းက ငါ့ကို [...] သလား"

"သိပါတယ် ဘုရား"

"အေးလေ၊ သိသိ[...] မကောင်းတဲ့အလုပ်တွေ မလုပ်[...]

"တပည့်တော်အမျိုးဖြစ်နေ[...] ဘုရား"

"ကဲ···ကဲ··· ပြန်နှုတ်[...] ဘယ်မှာ မြှုပ်ထားသလဲ"

ဒေါ်တင်ဦးကြီးက တအံ့[...] ဖြစ်နေသည်။

"ခြံထဲမှာ ပစ်နှိုင်းထား[...] ဘုရား"

"မင်းကြည့်ရတာ လူ[...] တစ်ယောက်ပါပဲလား။ အကုသို[...] မယ့်အလုပ်တွေ မလုပ်နဲ့၊ စား[...] ရင် ငါ့ကျောင်းမှာ လာနေ"

"မှန်ပါ ဘုရား"

သည်လောက် သ[...] သောလူကို ကျွန်တော် မမြင်ဘူး[...]



www.burmeseclassic.com

www.burmeseclassic.com

ာစ်ခါတစ်ရံ ဆရာတော်ကိုယ်တိုင် ချေပြန်အောင် ပြောရတတ်သည်ကို ကြာမကြာ ကြုံရဖူးပါသည်။ လွယ် ယ်ဖြင့် ပြောမရသူများကို ဆေးခါး ဖြင့် ခပ်ဆတ်ဆတ်လေး ခတ်ပေးရပါ သည်။ သာမန်လူတို့ မည်သို့မျှ နာကျင် ည်မဟုတ်သော်လည်း အပူခံနေသူက တော့ မခံနိုင်အောင် နာကျင်သည့်ပုံ ဖြင့် အော်ဟစ်ကြရသည်သာ ဖြစ်ပါ သည်။

ဘုရားစင်ပေါ်တွင် ထွန်းထား သာ ဖယောင်းတိုင်မီးများက တဖြည်း ဖြည်း ငြိမ်းသွားချိန်ဝယ် မိန်းမငယ်လေး က ဆရာတော်ကို ဦးချလိုက်သည်။

"ကဲ - ဒကာမကြီးရေ…ရပါပြီ ထဲမှာ အိုးခြမ်းကွဲစလေး ရှာကြည့် လိုက်တော့"

"ဘယ်လိုဖြစ်ရတာပါလဲ ဘုရား၊ တပည့်တော်ကို ပြောပြပါဦး ဘုရား"

"ဒကာမကြီးကို မလိုတဲ့သူ တစ်ယောက်ယောက်က အင်းနဲ့ တိုက် လိုက်တာ။ ခုန ကြားတဲ့အတိုင်းပဲ အင်း ပေးတဲ့သူကလည်း သူ့အမျိုးမို့ လုပ် ရတာပါလို့ ပြောတယ်"

"ဆရာတော်က ဘယ်လိုပြန် လိုက်တာလဲ ဘုရား"

"ဘယ်လိုမှ ပြန်မလုပ်ပါဘူး။ ပြန် အင်းချပြီး မီးပူဇော်လိုက်ရင် တဲ့သူ နေလို့ မရဘူးလေ။ ဒီကို ရတော့တာပဲ"

"လုပ်တဲ့သူက ဘယ်သူပါလဲ ား"

"ဘယ်သူပဲဖြစ်ဖြစ် မသိချင်ပါနဲ့ ာ ဒကာမကြီး။ ဒကာမကြီးကိုစွ ်ပြေဖို့သာ အဓိက မဟုတ်လား။ သူ ဘယ်ဝါလုပ်တယ် ဆိုတာ ကို သိနေရင် ဒကာမကြီး ဒေါသ ရာတွေ ဖြစ်ကုန်တတ်တယ်"

"မှန်ပါ ဘုရား။ ကျေးဇူးတင်လှ ပါတယ် ဘုရား"

ဒေါ်တင်ဦးနှင့် သူ့အဖော် မိန်း ကလေးတို့ ဆရာတော်အား ဝတ်ချကာ ပြန်သွားကြတော့သည်။

ကျောင်းအပြင်ပင် မရောက် သေး၊ ဒေါ်တင်ဦးက မိန်းကလေးကို တတွတ်တွတ်မေးနေသည်ကို အသံ မကြားရသော်လည်း ကျောင်းပေါ်မှ လှမ်းမြင်နေရသည်။

◈◈◈

နောက်နေ့နံနက်တွင် ဒေါ်တင်ဦး တစ်ယောက်တည်း ကျောင်းသို့ ရောက်လာခဲ့ပါသည်။

"တပည့်တော် အိမ်ရှေ့က အိုး ခြမ်းကွဲတစ်ခုတွေ့လို့ ဆရာတော့်ကို လာပေးတာပါ ဘုရား"

ဟု ဆိုကာ ဆရာတော်အား စက္ကူဖြင့် ထုပ်ယူလာသော အိုးခြမ်းကွဲစ တစ်ခုအား ထုတ်ပေးလိုက်ပါသည်။

ဆရာတော်က အသေအချာ ကြည့်နေပြီး…

"ဒကာမကြီးဆီ ရောက်လာတာ သူ့ပေါ့။ ဒါ အိုးခြမ်းကွဲမဟုတ်ဘူး။ သိမ် ဝင် သပိတ်ကွဲ"

ဟု ပြောရင်း ထိုသပိတ်ကွဲစ လေးကို ဒေါ်တင်ဦးအား ပြနေသည်။

ဒေါ်တင်ဦးက အင်းချထားသော သိမ်ဝင် သပိတ်ကွဲကို ယူပင် မကြည့် တော့ဘဲ…

"တပည့်တော် ကြောက်ပါတယ် ဘုရား"

"ဘာမှမကြောက်နဲ့တော့။ အား လုံး ပြီးသွားပြီ။ မြစ်ထဲသာ စွန့်လိုက် ပေတော့"

"တပည့်တော် မလုပ်တတ်ပါဘူး ဘုရား။ အရှင်ဘုရားပဲ စီစဉ်တော်မူပါ"

"ကိုင်း…ဒါဆိုလည်း ထားခဲ့ လိုက်။ ဒကာမကြီးတို့ မိသားစုဝင်တွေ အားလုံး အန္တရာယ်ကင်း၊ ငြိမ်းချမ်း (?) ကောင်း မွန်အောင် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ် တော်တွေကို နေ့စဉ် ပွားများ၊ ၂၄ ပစ္စည်း ပဋ္ဌာန်းကိုလည်း နေ့တိုင်းရွတ်၊ ဟုတ်ပြီလား ဒကာမကြီး"

ဒေါ်တင်ဦး ပြန်သွားပြီးနောက် ဆရာတော်က ကျွန်တော့်အား သိမ်ဝင် သပိတ်ကွဲကို ပေးကာ မြစ်ထဲသို့ သွား စွန့်ခိုင်းပါသည်။ ကျွန်တော်လည်း ဆရာ တော် ပေးလိုက်သော သပိတ်ကွဲစ လေးကို ကြည့်လိုက်မိပါသည်။

သပိတ်ကွဲပေါ်တွင် ရေးထား သည့် အင်းကွက်များပေါ်မှ မိန်းကလေး ရုပ်လေးက မျက်လုံး၊ နှာခေါင်း၊ ပါးစပ် များ မပါသော်လည်း ကျွန်တော့်ကို ကြည့်နေသလားဟု ကျွန်တော် ထင် မှတ်မှားမိခဲ့ပါသည်။

ဒေါ်တင်ဦး ပြောသကဲ့သို့ပင် လည်ပင်းပေါ်တွင် စာအုပ်တစ်အုပ်ကို ထောင်ထားသကဲ့သို့ ဖြစ်နေသော မိန်းကလေး၏ မျက်နှာပုံသွင်ကို ကျွန်တော် ယခုတိုင် မှတ်မိနေဆဲဖြစ် ပါတော့သည်■

* * *

ဝင်းကိုဇော်


www.burmeseclassic.com

www.burmeseclassic.com



အဝ္ဂမျိုး

# ကား၊ အိမ်၊ မြေ အရောင်းသွက်လိုလျှင်

ကျွန်ုပ်၏ ဗေဒင်လက္ခဏာဟောပြောခြင်းအလုပ်နားသည့် တစ်ခုသော ဗုဒ္ဓဟူးနေ့တွင် ဖြစ်လေသည်။ ထိုနေ့ နံနက် ၉နာရီခန့်တွင် ကျွန်ုပ်သည် မြောက်ဥက္ကလာပမြို့နယ်၊ မယ်လမုစေတီတော်ကြီးအတွင်း လှည့်ပတ်လေ့လာ ဖူးမြော်ပြီး ဘုရားဝင်းအတွင်း ငမိုးရိပ်ချောင်းကမ်းစပ်ဘေးရှိ စားသောက်ဆိုင်တန်းများရှိရာသို့ ထွက်လာခဲ့လေသည်။ ထိုစဉ် ကျွန်ုပ်၏ ဗေဒင်ဖောက်သည်ကြီး ကိုကြီး မောင်ကျော်နှင့် ဆုံရလေသည်။ တွေ့တွေ့ချင်း သူက···

"ရှာလိုက်ရတာ မောင်အဂ္ဂရယ်။ အိမ်ကို သွားတော့ မယ်လမုစေတီမှာ ပုတီးစိပ်သွားတယ်တဲ့။ အရေးကလည်း ကြီးတော့ စောင့်ခိုင်းတဲ့ကြားကပဲ မစောင့်နိုင်ဘဲ အမီလိုက်လာခဲ့ရတာ။ တော်ပါသေးရဲ့ လူချင်းလွဲလို့ကတော့···"

ဟု ဆိုကာ စားသောက်ဆိုင်တန်းသို့ လှမ်း၍ကြည့်သည်။ ထို့နောက်···

"လာကွယ်၊ စားရင်းသောက်ရင်း စကားစမြည်ပြောကြရအောင်"

ဟု သူက ဖိတ်ခေါ်ကာ ဦးဆောင်သွားလေသည်။ ကျွန်ုပ်တို့နှစ်ယောက် "ဖိုးကံကောင်း"တွင် အသုပ်... ကော်ဖီတို့ မှာယူကာ စားရင်းသောက်ရင်း စကားပြော... ကြလေသည်။

ကိုကြီး မောင်ကျော်မှ···

"ဒီလို ညီရဲ့ ငါက အသက် ၆၀ ကျော်ပြီ... ဒီတော့ ညီ့ရဲ့ တူ၊ တူမတွေက ငါ့ကို ကားမောင်းသမား... က နားစေချင်လို့ပြီ။ ယဉ်တွေကလည်း များလာ၊ ယာဉ်... တွေကလည်း ဟိုမှာဆို၊ သည်မှာပိတ်ဆိုတော့ ငါ အိ... မရောက်မချင်း အစ်မနဲ့ တူ၊ တူမတွေက စိတ်ပူနေ... တယ်လေ။ ဒါကြောင့် အခု ငါ့ကားကို ပြန်ရောင်းချင်တ... မရမ်းကုန်းက အိမ်ကိုလည်း ရောင်းမယ်။ ပြီးရင် အ... အကွင်းကောင်းတဲ့ နေရာမှာ စားသောက်ဆိုင်... ရေကြည်ရာ မြက်နုရာ ရှာကြမယ်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပြီ ကိုကြီး မောင်ကျော်။ ဒီလိုကိစ္စမျိုးဆိုတာက အလုပ်သဘောဝင်အောင် ကျွန်တော့်ရဲ့ အလုပ်ခန်းမှာ ဆွေးနွေးကြရမှာပါ။ ဒါပေမယ့်လည်း ကိုကြီးမောင်ကျော်ရဲ့ အသက်အရွယ်နဲ့ လက်ငင်းဖြစ်နေရတဲ့ အခက်အခဲကို ငဲ့ကွက်ပြီး ခုပဲ ပြောပြလိုက်ပါ့မယ်။ သေသေချာချာ မှတ်သားပြီး ယုံယုံကြည်ကြည်သာ လုပ်ပေတော့"

ကျွန်ုပ်က ရေနွေးကြမ်းတစ်ခွက်သောက်၍ ခံတွင်းရှင်းလိုက်ပြီး…

"ပထမအဆင့်က စွယ်တော်သားစစ်စစ်ကို ရှာယူရမယ်။ ပြီးရင် ယောက်မငယ်လေးတစ်ခုလုပ်ရမယ်။ သင့်တင့်တဲ့ အရွယ်ပေါ့။ အဲဒီ ယောက်မလေးကို ရွှေအစစ်မချနိုင်သေးရင် ဒစ္စကိုရွှေကို ချ။ ဒါမှမဟုတ် ရွှေရောင်ဆေးမှုတ်လိုက်ပါ။ ပြီး အဲဒီ ရွှေယောက်မလေးကို လက်ဖက်အသားနုအတူ ဖက်ရွက်တစ်ရွက်နဲ့ သေချာထုပ်ပိုးရမယ်။ နောက် အဲဒီ ယောက်မအထုပ်ကို ကိုကြီး မောင်ကျော် ရောင်းချင်တဲ့ ကားရဲ့ ဒက်(စ်)ဘုတ်မှာ ထည့်ထားလိုက်ပါ။ ဈေးကောင်းကောင်းနဲ့ ရောင်းထွက်ဖို့ ဆုတောင်းပေါ့ဗျာ။ စ,လုပ်ရမှာက လာစ်နေ့ရဲ့ မနက် ၉နာရီ ၄၅မိနစ်မှာပေါ့။ မှတ်မိတယ်နော်"

"ရှင်းတယ်၊ သဘောပေါက်တယ် ညီ။ ဒါပေမယ့် ကားရောင်းရငွေလောက်နဲ့ ငါလုပ်ချင်တဲ့ စားသောက်ဆိုင် မဖွင့်လောက်သေးဘူးထင်တယ်။ ဒါကြောင့် အိမ် ဲပါ ရောင်းချင်သေးတာ"

"ဒီကိစ္စလည်း မခက်ပါဘူး။ စောစောက ရွှေယောက်မထုပ်ကိုပဲ ကိုကြီး မောင်ကျော်အိမ်က ထုတ်တန်းမှာ ချည်ထားလိုက်ပါ။ မြေရောင်းချင်ရင်လည်း ရောင်းမယ့်မြေရဲ့ အလယ်တည့်တည့်လောက်မှာ အဲဒီယောက်မထုပ်ကို ငါးပုံလေးပုံလောက် ဝင်အောင် မြေထဲမှာ မြှုပ်ထားရမယ်။ လက်ကိုင်ဘက်ခြမ်းကို မြှုပ်ရမှာ။ နံ့သာရည်မွှေး ဆွတ်ဖျန်းပြီး စောစောက စနစ်အတိုင်း ဆုတောင်းပေါ့ ကိုကြီး မောင်ကျော်ရယ်"

"ကောင်းပါပြီ ငါ့ညီရယ်။ ညီမောင် လမ်းညွှန်ချက်အတိုင်း ယုံကြည်·စိတ်ချစွာ လိုက်နာ လုပ်ဆောင်ပါ့မယ်။ ခုလို ရှင်းပြတာတွေလည်း ကျေးဇူးပါ"

ဟု ဆိုကာ စားသောက်ကုန်ကျငွေအာ သူကပင် ရှင်းပေးသွားလေသည်■

* * *

အဂ္ဂမျိုး


ဆရာမကြီး နိယာမ ဒေါ်စန်းမေ၏ တပည့်ရင်း

**နိယာမ ဆရာအောင်ကျော်မင်း**

**သာစီတွဲဆန်းဗေဒင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ် အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ် ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့ စသည်တို့ကို ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဉက္ကံ၊ သောင်ကြီးလေးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

■ ဆက်သွယ်ရန်ဖုန်း – ၀၉ ၃၁၅၉၃၉၀၂ ■




www.burmeseclassic.com

www.burmeseclassic.com

“ဓလေ့”ဟူသည် ထုံးစံဖြစ်သည်။ ဓလေ့ကို ထုံးစံနှင့် တွဲစပ်ကာ “ဓလေ့ထုံးစံ”ဟု ပြည့်စုံအောင် ပြောဆိုသုံးစွဲ ရေးသားကြပါသည်။ နန်းတော်တွင်းမှ ဘုရင်၊ မိဖုရား၊ မောင်းမ မိဿံ၊ ရံရွေတော်၊ မှူးတော်မတ်တော် စသည်များနှင့် ပတ်သက်သော အကြောင်းအရာများကို နန်းဓလေ့မှတ်တမ်းဟု ခေါ်သည်။ “မြကေတု”ခေါ် ဆရာကြီး ဦးချမ်းမြက “နန်းဓလေ့ မှတ်တမ်း”ဟူ၍ တစ်တုံးတစ်ဖွဲ့ ရေးသားမှတ်တမ်းတင်ခဲ့ သည်။



# ကွမ်းဓလေ့

မုံရွာနေဇာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဇေယျ ခေါ် ဦးယောကလည်း "မြန်မာမျက်နှင့်" ဟူသော ခေါင်းစီးဖြင့် စာဓလေ့၊ ရွာဓလေ့၊ ရပ်ဓလေ့သည်ဖြင့် "ဓလေ့"ဟူသော ဝေါဟာရကို သုံးစွဲ၍ ရေးသားခဲ့လေသည်။ ဖတ်၍ အလွန်ကောင်းပြီး မြန်မာမှု ဗဟုသုတများ ရရှိစေနိုင်သော စာအုပ်ကောင်းများ ဖြစ်ပေသည်။ ဟိုယခင်က တက္ကသိုလ်ဝင်တန်း(၁၀တန်း)တွင် မြန်မာစာ အထောက်အကူ ကျောင်းသုံး ပြဋ္ဌာန်းခဲ့ဖူးလေသည်။

ယခု မိမိတင်ပြမည်ဖြစ်သော "လက်ဖက်ဓလေ့"ဆိုသည်မှာလည်း မြန်မာတို့၏ လက်ဖက်စား(လက်ဖက်ဝါး)သော လူဓလေ့တစ်ခုအကြောင်းဖြစ်ပါသည်။ လက်ဖက်စားသော ဓလေ့မှာ ရှေးယခင် မြန်မာမင်းများလက်ထက်ကပင် ရှိသည်။ လက်ဖက်တော်ဆက်ဟူ၍ပင် ဘုရင်မင်းမြတ်ကို လက်ဖက်ဆက်ရသော အထူးရှိခဲ့ပေသည်။ လက်ဖက်အစ်ဟု ခေါ်သော ယွန်းထည်ပစ္စည်းသည်း ရှိပေသည်။ ပုဂံ-ညောင်ဦးဒေသနှင့် မုံရွာ ကျောက်ကာအရပ်တို့မှ လက်ဖက်အစ်၊ ယွန်းလက်ဖက်အစ်များ ထွက်ရှိသည်။

ဘုရင်ကို ကဲ့ရဲ့ရှုတ်ချလိုသဖြင့် ယွန်းလက်ဖက်အစ်ပဲ့ဖြင့် လက်ဖက်တော်ဆက်ကာ "လက်ဖက်အစ်ပြုလုပ်သူများ ကောင်းစားနေသဖြင့် ဤလက်ဖက်အစ်ပဲ့ဖြင့်သာ လက်ဖက်ဆက်သရပါကြောင်း" စောင်းမြောင်း တင်လျှောက်သော ဖြစ်ရပ်များပင် ရှိခဲ့လေသည်။

"လက်ဖက်ယာ"ဟု ခေါ်သော စားသုံးဖွယ်ကို လက်ဖက်ရွက်၊ ... လက်ဖက်သီးတို့ကို အခြေခံပြီး ကြိုက်နှစ်သက်သူတို့က ... မာဆေးရွက်ကြီးကို ထည့်ပြီးစားကြသည်။ ယနေ့ခေတ်တွင်မူ အိမ်နီးချင်းဖြစ်သော အိန္ဒိယနိုင်ငံနှင့် အခြား နိုင်ငံရပ်ခြားတို့မှ လာသော အမွှေးအကြိုင်ပစ္စည်းမျိုးစုံတို့ကိုပါ ထည့်၍ စားသုံးကြလေသည်။ မိမိတို့ ငယ်စဉ်က လက်ဖက်တစ်ယာ ... ပြားမှ ယနေ့ ၂၅ကျပ်ပေး၍ စားသုံးနေကြပေပြီ။

လက်ဖက်စားသည်။ လက်ဖက်ဝါးသည်။

လက်ဖက်ဝါးသည်ကိုပင် လက်ဖက်စားသည်ဟု ခေါ်ကြသည်။

ပစ္စည်းစုံထည့်ထားသော လက်ဖက်ယာကို ကျေညက်အောင် ဝါးပြီး ထွက်လာသော အရည်ကို ထွေးပစ်ကြသည်။ ဤကား လက်ဖက်ဝါးသည်။

လက်ဖက်စားသည်ဆိုခြင်းမှာ ပထမ ထွက်လာသော အရည်မျှကိုသာ ထွေးပစ်ပြီး ဝမ်းတွင်းသို့ မျိုချသည်အထိ စားသုံးခြင်းကို ခေါ်သည်။ လက်ဖက်စားခြင်းကား အန္တရာယ်များသည်။ လက်ဖက်ယာတွင် ပါဝင်သော ထုံး စသော ပစ္စည်းသည် ဝမ်းထဲတွင် အကျိတ်အခဲဖြစ်တတ်သည်။

မိမိနှင့် သိကျွမ်းသော ဆရာတော်တစ်ပါးမှာ လက်ဖက်အလွန်စား၏။ ဆွမ်းခဲဖွယ်ဘောဇဉ်များ ဘုဉ်းပေးချိန်မှအပ ကျန်အချိန်များတွင် ပါးစပ်ထဲ၌ လက်ဖက်ယာ မပြတ်ပေ။ တရားဟော၊ စကားပြောစရာရှိလျှင် လက်ဖက်ယာကို ပါးစောင်းနှစ်ဖက်တွင် တစ်လှည့်စီကပ်ကာ ငုံထားလေ့ရှိသည်။

မကြာပါ။ သံဃာအစည်းအဝေးတစ်ခုတွင် စကား ထ,ပြောရင်း ပစ်လဲကျကာ သတိမေ့သွားသဖြင့် ဆေးရုံတင်လိုက်ရသည်။ ဆေးရုံတွင် ပိတ်နေသော အူကို ဖြတ်တောက်ပြီး ဆက်ပေးလိုက်ရ၏။ ကံကောင်းထောက်မ၍ ပျံတော်မမူခဲ့ပေ။ နောက် ဆရာတော်တစ်ပါးကမူ လည်ချောင်းကင်ဆာဖြစ်ကာ သက်တမ်းစေ့ မနေရဘဲ ပျံတော်မူသွားခဲ့ဖူးလေသည်။

ဤသို့ လက်ဖက်စားခြင်း၏ အပြစ်ကို ရေးပြသဖြင့် လက်ဖက်ကြိုက်သူတို့ကမူ လက်ခံချင်မည် မဟုတ်ပေ။ သူတို့ လက်ဖက်စားနေတာ ကြာလှပြီ။ ဘာမျှ မဖြစ်ပါဘူးဟု ပြောကြလိမ့်မည် ထင်ပါသည်။

အကြောင်းတရားနှင့် အကျိုးတရားဟူသည် ထာဝရ ဆက်စပ်နေပေသည်။ ဆက်နွှယ်မှု အမြဲတမ်း ရှိပေသည်။ ဝေးသော အကြောင်းနှင့် နီးသော အကြောင်းဟူ၍သာ ကွာခြားချက်ရှိသည်။

လက်ဖက်ကြိုက်သူတို့အတွက်မူ လက်ဖက်ယာ ယာနည်း၊ လက်ဖက်ဝါးနည်းများကိုပင် ဖွဲ့ဆိုထားသော စာချိုး (ဒွေးချိုးကဗျာ)ရှိလေသည်။

**တံတားဦးက လက်ဖက်နဝါ၊**
**မြောက ဆေး၊**
**လက်ဖက်သီး တောင်ငူနှင့်၊**
**ကိုင်း ထုံးဖြူ၊ ပြည်-ရွား၊**
**သာ ဝါး လို့ ထွေး။ ။**

ကဗျာ၏ ပေါ်လွင်သော အဓိပ္ပာယ်မှာ တံတားဦးအရပ် (ယနေ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးရှိသော ဒေသ)မှ ထွက်ရှိသော လက်ဖက်ရွက်မှာ နူးညံ့ပြီး စိမ်းဝါဝါအဆင်းရှိသည်။ တံတားဦးအရပ်က ထွက်သော လက်ဖက်ရွက်ရပြီ။

ဆေးကြိုက်သူတို့အတွက် မြောအရပ်မှ ထွက်သော ဆေးရွက်ကြီးက တယ်ကောင်းဆိုပဲ။ မြောက လာသော ဆေးရပြီ။

လက်ဖက်သီး။ လက်ဖက်သီးတွင် တောင်ငူမှ ထွက်ရှိသော လက်ဖက်သီးမှာ အသားပြည့်ပြီး အရသာလည်း ရှိ၊ မျိုးကောင်းသည်ဟု ဆိုပါသည်။ တောင်ငူ လက်ဖက်သီးလည်း ရပြီ။

လက်ဖက်ယာတွင် ထုံးပါရာ၊ စစ်ကိုင်းက ထုံးသည် ဖြူဖွေး

www.burmeseclassic.com

နှုးညံ့ပြီး ထုံးလည်း မပေါက်သဖြင့် အကောင်းဆုံးဟု ဆိုကြသည်။ ထုံးလည်း ရပါပြီ။

ကွမ်းယာတွင် ရှားစေးလည်း ပါဝင်ရလေရာ၊ ပြည်မြို့ဘက်မှ ထွက်သော ရှားစေးသည် သန့်ရှင်း ကောင်းမွန်သဖြင့် ထည့်သွင်းစားသုံးကြသည်။ ရှားစေးလည်း ရပါပြီ။

ကွမ်းယာတော့ ဖြစ်ပါပြီ။ ဝါးနည်း၊ စားနည်းကလည်း လိုပါသေးသည်။

ကဗျာတွင် "သာ ဝါ၊ လို့ ထွေး"ဟု ဆိုထားပေရာ အထက်သွား၊ အောက်သွားတို့ဖြင့် အသာအယာ ကြိတ်ချေ ဝါးရလေသည်။ သို့မှသာ ကြေညက်ပြီး အရည်များ ထွက်လာပေလိမ့်မည်။ ထွက်လာသော ပထမရည်ကို ထွေးပစ်လိုက်ပါဟု ဆိုလိုပေသည်။

ဤ ရေးကဗျာ၏ စာဆိုရှင်မှာ စာဆိုရှင် လူဦးမင်း ဖြစ်ပါသည်။

ဤကဗျာကို ရှင်းလင်းဖွင့်ဆိုပြီး စည်းလုံးညီညွတ်ရေးအကြောင်း လုပ်ထုံးလုပ်နည်းအကြောင်းကို ဆရာကြီး ဆန်းထွန်း(မန်းတက္ကသိုလ်) ရေးဖူးပါသည်။ "ရှေးသို့ ဝတ္ထုတိုများ"နှင့် အထက်တန်း မြန်မာစကားပြေ လက်ရွေးစင်တွင် ဖတ်ခဲ့ရဖူးပါသည်။

ယနေ့ခေတ်တွင်လည်း ကွမ်းစားသူ များပြားပြီး ကွမ်းခြေလေ့ ထွန်းကားလျက်ပင် ရှိသည်။ ကွမ်းယာဆိုင် ရောင်းခြင်းဖြင့် မိသားစုဘဝ စားဝတ်နေရေး ဖူလုံနိုင်ပေသည်။ မိမိတပည့်မ တစ်ဦးမှာ ရွှေပြည်သာ ပတ္တမြားဈေးတွင် ကွမ်းယာဆိုင်ရောင်းရာ တစ်နေ့လျှင် ကွမ်းလေးပိဿာ ကျော် ကုန်သည်။ သူကိုယ်တိုင်လည်း ကွမ်းစားရာ ပါးစပ်ထဲမှာ ကွမ်းယာ မပြတ်ပေ။ တပည့်တစ်ယောက်က တောင်ဥက္ကလာ ပါရမီကားဂိတ်အနီးမှာ ကွမ်းငါးပိဿာကျော် နေ့တိုင်း ရောင်းရလေရာ ၄-ရပ်ကွက်ထဲမှာ အိမ်ပိုင်၊ မြေပိုင် ဖြစ်နေပါပြီ။

ကွမ်းစားခြင်းကို အားပေးခြင်း မဟုတ်သော်လည်း၊ ကွမ်းစားသူတွေ များပြားကြောင်းကို ထင်ရှားအောင် အမြွက်မျှ တင်ပြလိုက်ခြင်းဖြစ်သည်။

◈◈◈

ဆရာကြီး ဆန်းထွန်း(မန်းတက္ကသိုလ်)ကတော့ ကွမ်းယာတွင် ပစ္စည်းကောင်း စုံလင်ပါဝင်ရသလို ဝါးတဲ့၊ စားတဲ့လူကလည်း ဝါးတတ်၊ စားတတ်ဖို့ လိုကြောင်း၊ သို့မှသာ ကွမ်းယာအရသာ ပေါ်လွင်နိုင်ကြောင်း ဖွင့်ဆိုခဲ့သည်။

ယနေ့ကဲ့သို့ တိုးတက်ခေတ်မီသော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်ကြရာတွင် အားလုံးဝိုင်းဝန်းကူညီ ပါ[...] ကြပြီး စည်းလုံးညီညာစွာ ရှိကြဖို့ လိုအပ်ကြောင်း ကွမ်း[...] ခြင်းဖြင့် ဥပမာပြုလိုပါသည်။ ကွမ်းခြေလေ့ဖြင့် တင်စားလို[...] သည်။

ကွမ်းခြေလေ့ဖြင့် တင်ပြ ဥပမာပေးရခြင်းမှာ ကွမ်းစား[...] အရေအတွက် များပြားသည်နှင့်အမျှ ထင်ရှားပေါ်လွင်စေ[...] ၍သာ ဖြစ်ပါသည်။ ကွမ်းစားခြင်းကို အားပေးခြင်းတော[...] မဟုတ်ပါ။

ကွမ်းစားခြင်းကို ကျန်းမာရေးအရ လည်းကော[...] ပတ်ဝန်းကျင် အမြင်မကောင်း ညစ်ကြေးစွန်းထင်းခြင်းအ[...] လည်းကောင်း ရှောင်ကြဉ်ရန် ပညာပေးထားသည်များ ရှိ[...] သည်။ "ကွမ်းတံတွေး မထွေးရ"ဟု သတိပေးစာ ရေးထား[...] သော နေရာတွင် ဆေးခြယ်ထားသလို၊ ညစ်ပေနေခြင်း[...] စည်းကမ်းမဲ့မှုကို ဖော်ပြလျက်ရှိနေပေသေးသည်။ စည်းကမ်း[...] ရှိမှသာ နိုင်ငံကြီးသားပီသတိုးတက်သော နိုင်ငံနှင့် ကိုက်ညီ[...] ပေလိမ့်မည်။

ကွမ်းတံတွေး မထွေးရန် ပုံးများ၊ လိုင်းကားပေါ်တွင်[...] ကြွပ်ကြွပ်အိတ်ထားရှိသော စနစ်ကို ရန်ကုန်မြို့တွင်း ခြော[...] မြို့နယ်တွင် စည်ပင်မှ ချမှတ်ခဲ့ဖူးသည်။ မအောင်မြင်သေး[...] ပါ။ ထွေးချင်ရာ ထွေးနေကြပေသေးသည်။

ကွမ်းခြေလေ့နှင့် ပတ်သက်၍ ကျန်းမာရေးထိခိုက်[...] များ၊ စီးပွားရေးအဆင်ပြေပုံများ၊ ကွမ်းစားနည်း ဝါးနည်းများ[...] တို့ကို ဥပမာပေး၍ အကောင်းအဆိုးရောနှောကာ တင်[...] ခဲ့ပါပြီ။ ရှောင်သင့်သည်ကို ရှောင်၍၊ ဆောင်သင့်ရာ[...] ဆောင်ကြရန်သာ ဖြစ်ပါသည်။ ဘယ်နေရာ၊ ဘယ်အကြောင်း[...] အရာမှာမဆို အကောင်းနှင့် အဆိုးကား ရောထွေးနေတတ်[...] ပေသည်။

မည်သို့ပင်ဖြစ်စေ၊ "စည်းကမ်းရှိမှ တိုးတက်မည်" ဟု စာလုံးကြီးကြီးနှင့် ဟည်းထနအောင် ရေးပြရုံနှင့် မရ[...] ပါ။ လက်တွေ့ ကျင့်သုံးလိုက်နာကြမှသာ သာယာဝပြော[...] မည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် ရေးသားအပ်ပါ[...] သတည်း ■

* * *

မုံရွာနေအ[...]



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင်သော ရှောက်ဘီလူးသီး အသုံးဝင်ပုံ

ရောမြေ ကျော်ဝေ

လွန်ခဲ့သော ၁၅နှစ်ခန့်က ဖြစ်မည်ဟု ထင်ပါသည်။ ရေးသူသည် ဝန်ထမ်းဘဝတွင် ရထားဝင်းထဲတွင် နေထိုင်ခဲ့ က အလုပ်သွား အလုပ်ပြန်ရာတွင် လိုင်းခန်းများ၏ အရှေ့ ဖြတ်သွားဖြတ်လာ လုပ်ခဲ့ရပါသည်။ မိတ်ဆွေ ရဲဘော်ကြီး လှရွှေနှင့် ဇနီးဖြစ်သူ ဒေါ်သန်းညွန့်တို့၏ နေအိမ်ရှေ့တွင် ပုလင်းများဖြင့် နေလှန်းထားသော သံပရာသီးအရွယ် သော အလုံးကလေးများကို တွေ့ရသဖြင့် ဦးလှရွှေကို ကြည့်ရာ...

"ဩော်...ဒါပွေက ရှောက်ဘီလူးသီးလေးတွေပါ။ က်နုသီးလို့လည်း ခေါ်ပါတယ်။ ကမ္ဘလာသီး၊ ရှောက်ချို တို့နဲ့ အရွယ်အစားတူညီပေမယ့် သူက အချဉ်ဆုံးပါတယ်။ က ကြမ်းပြီး အဖုအထစ်တွေပါလို့ ရှောက်နုသီးလို့ ကြတာပါ။ သူ့အသီးပုံစံက ဘီလူးမျက်နှာလို ဆင်ဆင်တူ နဲ့ တချို့က ရှောက်ဘီလူးသီးလို့ ခေါ်ကြတာပဲ။ ဆေး ဝင်ပုံကတော့ အလုံးမပျက် လေးစိတ်ခွဲမ်းပြီး ဆားသိပ်၊ နည်းငယ်ထည့်ပြီး နေပူပူမှာ သုံးရက်လှန်း၍ အရိပ်ထဲ တစ်လထားပြီးမှ စားရပါတယ်။ ရောဂါသုံးလေးမျိုးပျောက် ယ်။

(၁) အစာမကြေသော အစာအိမ် လေနာရောဂါ။
(၂) မူးဝေ အော့အန်သော နှလုံးမကြည်မသာရောဂါ။
(၃) သွေးချို ဆီးချိုရောဂါ။
(၄) လေငန်းရောဂါတွေအတွက် အထူးကောင်းမွန်ပါ တယ်။

ဒီရှောက်ဘီလူးသီးတွေက ဆောင်းရာသီဥတုမှာပဲ ဝယ် ပါတယ်"ဟု ဦးလှရွှေက စိတ်ရှည်စွာဖြင့် ပြောပြပါ သည်။

စာရေးသူက ဆေးအသုံးပြုပုံ ပြုနည်းကို မှတ်သားထား ပြီး ယခု ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏ စာဖတ် ပရိသတ်ကြီး အတွက် တိုင်းရင်းဆေးဆောင်းပါးတစ်ပုဒ်အဖြစ် ဖော်ပြလိုက် ပါတယ်။

* အစာမကြေသော အစာအိမ် လေနာရောဂါအတွက် တစ်နေ့လျှင် တစ်လုံးကျ စားပေးပါ။ သက်သာပါက ဆေး ဆက်စားရန် မလိုပါ။

* မူးဝေ အော့အန် နှလုံးမကြည်သာသူများအတွက် တစ်နေ့လျှင် တစ်လုံးကျပဲ စားပေးရပါမည်။ သက်သာပါက ဆေးဆက်စားရန် မလိုပါ။

* သွေးချို ဆီးချိုရောဂါသမားများအတွက် နံနက် တစ်လုံး၊ ညတစ်လုံး ပုံမှန်စားပေးရပါမည်။

* လေငန်းရောဂါသမားများအတွက်လည်း နံနက် တစ်လုံး၊ ညတစ်လုံး ပုံမှန်စားပေးရပါမည်။ ရောဂါပျောက် ကင်း၍ ဆက်လက်သုံးစွဲ စားမည်ဆိုပါကလည်း ဤဆေးသည် ဘေးဥပဒ်အန္တရာယ်မရှိပါ။ ရာသီအလိုက် ဝယ်ရသော ဆေး ဖက်ဝင် ရှောက်ဘီလူးသီးခေါ် ရှောက်နုသီးသည် ဆေးဖော်စပ် ရာတွင် အခြားတိုင်းရင်းဆေးများတွင်လည်း အသုံးဝင်ပါ သဖြင့် လွယ်လင့်တကူ ဝယ်ရဖို့သာ လိုပါသည်။ ၎င်းဆေး သည် ရှေးဆရာတော်ကြီးများ အသုံးပြု စားသုံးသော ဆေး တစ်လက်ဖြစ်ပါသည်။

* * *

ရောမြေ ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ် စာအုပ်စင်

သုတအံ့




## မသန်းသန်း(မန်းတက္ကသိုလ်) ၏
## သမ္မာဒိဋ္ဌိမှတ်စု

မြတ်ပန်းရဂုံ ဓမ္မစာစောင်မှာ ရေးခဲ့တဲ့ အယ်ဒီတာ့အာဘော်များကို စုစည်းထုတ်ဝေထားတဲ့ စာအုပ်ဖြစ်ပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်တွေထဲကနေ လူအများ ရရှိစေလိုတဲ့ အချက်တွေကို ရေးသားထားခြင်းဖြစ်တယ်လို့ စာရေးသူက ပြောထားပါတယ်။

သမ္မာဒိဋ္ဌိ မှတ်စုတွေဟာ လူပုဂ္ဂိုလ်တစ်ယောက်ရဲ့ အတွေးအခေါ်တွေ၊ ဒဿနတွေ မဟုတ်ဘဲ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ အဆုံးအမ တရားတော်တွေဖြစ်တာကြောင့် မှတ်မိတဲ့သူတိုင်း အသိမှန်၊ အမြင်မှန်ကို ရစေရုံမက၊ ကိလေသာ တရားဆိုတွေနဲ့ အစဉ်ဝေးကွာနေမှာ ဖြစ်ပါတယ်။

ဓမ္မမိတ်ဆွေ၊ သာသနာတော်သန့်ရှင်းတည်တံ့ရေး၊ အများဝင်ပါ၊ ဓမ္မကို ကာကွယ်ကြ၊ ဓမ္မဝါဒီနှင့် အဓမ္မဝါဒီ ဉာဏ်နှင့်ယှဉ်သော ကောင်းမှု၊ တရားအမှားကို ဖြန့်သူ၊ ကိုးကွယ်ရာအစစ်အမှန်၊ ဆုတောင်းပြည့်ခြင်း၊ အပြစ်ကို တူ… …စတဲ့ ခေါင်းစဉ်ပေါင်း (၄၅)ခု ပါဝင်ပါတယ်။

'Wisdom house' စာပေတိုက်က ထုတ်ဝေပြီး တန်ဖိုးမှာ (၁၀၀၀)ကျပ် ဖြစ်ပါတယ်။

---




## မြတ်မင်းလှိုင်
## ဇာတ်တော်ကြီးဆယ်ဘွဲ့ (အကျဉ်း)

ဇာတ်တော်ကြီးဆယ်ဘွဲ့(အကျဉ်း)သည် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ ပြုစုထား… စာအုပ်ကောင်းဖြစ်ပါတယ်။ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နာ၊ ဝိ၊ ဝေ…လို့ အ… ကောက် မှတ်သားခဲ့တဲ့ ဇာတ်ကြီးဆယ်ဘွဲ့ ဖြစ်ပါတယ်။

ဘုရားအလောင်း ကျင်လည်ခဲ့ရတဲ့ ဘဝတွေကို ဖတ်ရှုရင်း ကျင့်ကြံမှု… အမူအကျင့်တွေ၊ ဇာတ်ကြောင်းတွေကို လေ့လာဖတ်ရှုရမှာပါ။ ဘုရားအလောင်းရဲ့ သ… ပါရမီ၊ သည်းခံစိတ်တွေကို လူငယ်လူကြီးမရွေး ဖတ်မှတ်ကျင့်ကြံသင့်ပါတယ်။

အာဏာကြောင့် လမ်းမှားလိုက်နေသူများအတွက် တေမိဇာတ်၊ လုံ့လ ဝီရိယအကျိုးဖြစ်တဲ့ မဟာဇနက၊ သစ္စာအ… ကို ဖော်ကျူးတဲ့ သုဝဏ္ဏသာမ၊ ဉာဏ်စွမ်းရည် မြင့်မားတဲ့ မဟော်သဓာ အစရှိတာတွေကို စာဖတ်သူများအ… အင်္ဂလိပ်-မြန်မာ နှစ်ဘာသာနဲ့ ဖတ်ရှုလေ့လာနိုင်ကြပါတယ်။

"မဇ္ဈိမစာပေ"က ထုတ်ဝေပြီး၊ ရောင်းဈေးကတော့ (၃၀၀၀)ကျပ် ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




ဉာတိခမ်း ၏

## နတ်ပြည်မှာ အောင်ပွဲခံချင်သူများအတွက်

ဉာတိခမ်း ရေးတဲ့ စာအုပ်ကတော့ နတ်ပြည်မှာ အောင်ပွဲခံနေကြတဲ့ နတ်သား၊ နတ်သမီးတွေရဲ့ အကြောင်းကို ရှာဖွေ တင်ပြပေးထားပါတယ်။

စာဖတ်သူများအနေနဲ့ ဒီစာအုပ်ကို ဖတ်ပြီး လူ့စည်းစိမ်ချမ်းသာနဲ့ နတ်စည်းစိမ်ချမ်းသာကို ပိုင်ဆိုင်နိုင်ကြပြီး နတ်ပြည်မှာ အောင်ပွဲခံနိုင်ဖို့အတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

ပါရမီနနယ်သေးစဉ်၊ နိဗ္ဗာန်ကို မရမီစပ်ကြား ဘဝဆက်တိုင်း အပါယ်လေးပါးကျရောက်ခြင်းကနေ ကင်းလွတ်ပြီး ချမ်းသာသုခနဲ့ ပြည့်စုံတဲ့ နတ်ပြည်ရောက်နိုင်ကြောင်း ဓမ္မရသ ဝတ္ထုများပင် ဖြစ်ပါတယ်။

ပြိတ္တာဘဝမှ ငရဲဘဝသို့ ကူးပြောင်းရမည့် ပြိတ္တာသူဌေး၊ သေလွန်သွားသူများအတွက် ကျေးဇူးဆပ်နည်း၊ ငရဲကျဖို့များတဲ့ ပုဂ္ဂိုလ် (၂၀)၊ ငရဲသို့ ကျစေတတ်သော အလှူ(၁၀)မျိုး စသည်ဖြင့် စိတ်ဝင်စားဖွယ် ဓမ္မဝတ္ထုများကို တစ်ပေါင်းတည်း ဖတ်ရှုရမှာ ဖြစ်ပါတယ်။

---




ဦးကျော်ဇေယျ

## သစ္စာနှင့်အတူ ငါသေမည်

ဥပဒေရေးရာတွေကို အမြဲရေးသားလေ့ရှိတဲ့ ဆရာ ဦးကျော်ဇေယျရဲ့ ဓမ္မရေးရာစာအုပ်တစ်အုပ်ထွက်ရှိလာပါတယ်။ စာအုပ်အမည်ကတော့ "သစ္စာနှင့်အတူ ငါသေမည်" ဖြစ်ပါတယ်။ စာရေးသူရဲ့ ၆၉ နှစ်မြောက် မွေးနေ့အဖြစ် ဓမ္မရသ စာစုနှစ်ပုဒ်ကို စုစည်းထုတ်ဝေလိုက်ခြင်းပါ။

"ကုသိုလ်ပန်းတွေ ပွင့်တဲ့ သစ်ပင်" ဓမ္မစာစုထဲက ကောက်နုတ်တင်ပြရရင် လိုချင်တာက လောဘ၊ မလိုချင်ဘူးဆိုပြီး ငြင်းပယ်တာက ဒေါသ၊ လိုချင်တာလည်း မဟုတ်၊ မလိုချင်တာလည်း မဟုတ်တာက မောဟ" ဖြစ်တယ်လို့ ဆိုထားပါတယ်။

"သစ္စာနှင့်အတူ ငါသေမည်"မှာတော့ ငါဆိုတဲ့ အတ္တကို ဖြုတ်ဖို့ ဘယ်ပုံ အရေး ကြီးကြောင်း၊ ဘယ်လိုနည်းနဲ့ ငါကို သတ်ရမလဲဆိုတဲ့ ဓမ္မအတွေးများကို ဖတ်ရှုရမှာ ဖြစ်ပါတယ်။

စာဖတ်သူများအနေဖြင့် သစ္စာနှင့်အတူ ငါသေမည်မှာ စီးမျောဝင်ရင်း ဓမ္မအတွေး၊ ဓမ္မရသများကို ချိုက်ခံစားကြည့်စေချင်ပါတယ်။

"စကားပြောနေသူများ"စာပေက ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ (၂၀၀၀)ကျပ် ဖြစ်ပါတယ်။

*****



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၁)

ထိုနေ့က ရာသီဥတုသာယာနေသည်။ မိုးလေကင်းစင်သည့် မိုးရာသီတစ်နေ့ဖြစ်သည်။ မနက် ၉နာရီကျော်ကျော်လောက်ကတည်းက ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေကျောင်းဆရာ ဦးမြင့်အောင်တို့ မြို့နယ်ပညာရေးမှူးရုံးမှာရောက်နေသည်။ မြို့နယ်ပညာရေးမှူးရုံးက အထက်တန်းကျောင်းကြီးနှင့် တွဲလျက်ရှိသည်။ အထက်တန်းကျောင်းကြီးက မြို့လေး၏ မြောက်ဘက် ကုန်းမြင့်လေးတွင် ရှိသည်။ ကျွန်တော် တာဝန်ကျသည့်ကျောင်းက မြို့လေး၏ အနောက်ဘက်အစွန်းတွင် ရှိသည်။

ဆရာ ဦးမြင့်အောင်နှင့် ကျွန်တော်က အထက်တန်းကျောင်းတွင် ဆုံရန် ချိန်းထားခဲ့ကြခြင်းဖြစ်သည်။ ကျွန်တော်နှစ်ယောက်လုံး သူတာဝန်ကျသည့်ကျောင်းနှင့် ကျွန်တော်တာဝန်ကျသည့် ကျောင်းတို့အတွက် စာမေးပွဲမေးခွန်းတွေကို ကူးသလို စက်ဖြင့် လိမ့်ပြီးပွားရန် ပညာရေးမှူးရုံးသို့ ရောက်နေခြင်းဖြစ်သည်။ ထိုစက်က ထိုအချိန်က မြို့နယ်ပညာရေးမှူးရုံးမှာပဲ ရှိသည်။ ကျွန်တော်တို့သည် မေးခွန်းကိစ္စကို တစ်လှည့်စီ လုပ်နေကြသည်။ သူဆောင်ရွက်နေချိန် ကျွန်တော်က အထက်တန်းကျောင်းမှ ဆရာ/ ဆရာမ နေခန်းသို့သွားကာ အထက်တန်းကျောင်းမှ မိတ်ဆွေ ဆရာမတွေနှင့် စကားပြောနေဖြစ်သည်။ အထက်တန်းကျောင်းတွင် ကျွန်တော့်ဇနီးက တာဝန်ကျသည်။ ထိုကျောင်း ဆရာ၊ ဆရာမအားလုံးက ကျွန်တော့်ကိုလည်း ခင်မင် နေကြသည်။

အထူးသဖြင့် ထိုကျောင်းမှ ဆရာနှစ်ယောက်က မြန်မာ တီးတာနှင့် တယောထိုးတာ ကျွမ်းကျင်ကြသည်။ ကျွန်တော်သည် ထိုကျောင်းကြီးသို့ ရောက်လျှင် ထိုဆရာ မြန်မာဂစ်တာနှင့် တယောလက်သံတို့ကို ကျကျနန နားထောင်ရမြဲဖြစ်သည်။ ထိုအထက်တန်းကျောင်းမှာက မြန်မာဂစ်တာ၊ တယော၊ ပလွေ၊ အကော်ဒီယံ တူရိယာတွေ စုံစုံလင်လင်ရှိသည်။ ကျွန်တော်က သည်း စွဲစွဲမက်မက် မြတ်နိုးစွာ ခံစားတတ်သူဖြစ်သည်။ ဘာတူရိယာကိုမျှ တီးတတ်၊ မှုတ်တတ်တာမျိုး သီချင်းကိုပင် တစ်ပုဒ်လုံးဆုံးအောင် အလွတ်ရတာ သော် ဂီတကို လွန်စွာချစ်မြတ်နိုးတာကို ထိုကျောင်း ကျွန်တော့်မိတ်ဆွေ ဆရာတွေ သိသည်။ ထို့ကြောင့်လည်း ကျွန်တော်သွားလည်ချိန်တို့တွင် အဆိုအတီးဝိုင်းလေး ဖွဲ့ဖြစ်သွားတတ်ကြသည်။

ကျွန်တော်နှင့် ဆရာ ဦးမြင့်အောင်တို့သည် ထိုနေ့က အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမတွေနှင့်အတူ မနက်စာစားပြီး မေးခွန်းကိစ္စတွေကို ဆက်လုပ်နေကြရာ နေ့ခင်း ၂နာရီကျော်လောက်မှ အလုပ်ပြီးပြတ်ကြသည်။ နေက စူးစူးရှရှ သာနေသည်။ ရှမ်းပြည်နယ်၏ မြို့လေးက မိုးမရွာသည့် မိုးရာသီ နေ့ခင်း၏ နေရောင်ခြည် စူးလက်လက်အောက်မှာ သာယာလှပနေသည်။ ကျွန်တော်တို့သည် အထက်တန်းကျောင်းဝိုင်း၏ မြေနီလမ်းအတိုင်း စက်ဘီးကိုယ်စီဖြင့် ပြန်ခဲ့ကြသည်။ နှစ်ယောက်အတူ စက်ဘီးနှစ်စီးကို ယှဉ်လျက် ခပ်မှန်မှန်လေး နင်းရင်း စကားတပြောပြောနှင့် နင်းလာခဲ့ကြသည်။ လမ်းပေါ်မှာ ကားတွေဘာတွေ ရှုပ်ထွေးမှု မရှိ၊ ဖြတ်သွားဖြတ်လာ လူတွေတွေ့လျှင် ပြုံးပြ နှုတ်ဆက်ရင်း ကျွန်တော်တို့နှစ်ယောက်က စကားပြောမပျက်ကြ။ ဆရာ ဦးမြင့်အောင်က ကျွန်တော့်ထက် ဆယ်နှစ်လောက်ကြီးသည်။ စာအုပ်အရာဆိုင်လည်း ဖွင့်ထားပြီး ဘဝကို ရိုးရှင်းအေးဆေးစွာ ရှင်သန်နေသူဖြစ်သည်။ သူလည်း ဂစ်တာတီးကောင်းပြီး စာပေနှင့် အနုပညာကို ချစ်မြတ်နိုးစိတ် ပြင်းပြသူဖြစ်၏။ ကျွန်တော်လိုချင်သမျှ စာအုပ်တွေကို လစဉ်ရှာဖွေဖြည့်ဆည်းရင်း ကူညီပေးခဲ့တတ်သည်။ ကျောင်းအားရက်တချို့မှာ ကျွန်တော့်ထံ လာလည်ပြီး ကျွန်တော့်ခြံထဲက သစ်ပင်ရိပ်မှာ ရေနွေးကြမ်းသောက်ရင်း ကဗျာအကြောင်း၊ စာအကြောင်း ပြောဖြစ်တာတွေ ရှိသည်။

"ဆရာ･･･အမိဋ္ဌာန်တွေ ဝင်ဖြစ်သေးလားဗျ"

မြို့လယ်လမ်းအတိုင်း ဖြည်းဖြည်းမှန်မှန် နင်းလာရင်း ဆရာ ဦးမြင့်အောင်က ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်သည်။

"ဝင်ဖြစ်တယ် ဆရာ။ ၄၅ ရက် အဓိဋ္ဌာန်တစ်ခုဝင်တာ ဒီနေ့မနက်မှပဲ ပြီးသွားတယ်။ အောင်မြင်သွားဘယ်ဆိုရမှာပေါ့ ဆရာ"

"ကောင်းတယ်ဗျာ။ ဆရာလည်း စာလေး ရေးလိုက်၊ စာလေးဖတ်လိုက်၊ အဓိဋ္ဌာန်တွေ ဝင်လိုက်နဲ့။ တကယ် အေးချမ်းတာပဲ"

နေ့ခင်း ၂နာရီကျော်ကျော် နေရောင်အရှိန်ကြောင့် ကျွန်တော့်မှာရော၊ ဦးမြင့်အောင်မှာပါ ချွေးစတွေ တွဲခိုနေသည်။ ကျွန်တော်တို့သည် မြို့အလယ်ပိုင်းသို့ ရောက်လာ၏။ မြို့လယ်လမ်းမကြီးက ကတ္တရာလမ်းမကြီးဖြစ်သည်။ သို့သော် တောင်ပေါ်မြို့လေး၏ သဘာဝအတိုင်း လမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com

အတက်အဆင်း အကွေ့အကောက်တွေ များသည်။ မြို့လယ်လမ်းတွင် ဒ⸺တော်မြင့်မြင့် လမ်းအတက်တစ်ခုရှိသည်။ ယခုအထက်တ⸺ကျောင်းရှိရာ မြောက်ဘက်မှ ပြန်လာရာတွင် အဆင်းဖြစ်သည်။ ကျောင်းဘက်သို့အလာ အတက်ဆိုလျှင် စက်ဘီးကို ဆင်းတွန်းပြီး တက်ရသည်။ ယခုလို အဆင်းဆိုလျှင် ဘရိတ်ကို ခပ်တင်းတင်းဆွဲပြီး ဆင်းရသည်။ ကျွန်တော်ရော၊ ဦးမြင့်အောင်ပါ စက်ဘီးကို ထိန်းပြီးဆင်းသည်။ သို့သော် လူတွေ၊ ကားတွေရှင်းနေသည့်အတွက် ခပ်သွက်သွက်လေး ဆင်းဖြစ်သည်။ ဘရိတ်ကို တင်းတင်းကျပ်ကျပ် ဖိဆွဲမထားဖြစ်ပါသည်။

ထိုသို့ အရှိန်မှန်မှန်လေး ဆင်းနေတုန်းမှာပဲ ဖြုန်းခနဲ ကျွန်တော့်စက်ဘီးဘရိတ်က ပြုတ်ထွက်သွားသည်။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားဆဲမှာပဲ စက်ဘီးက အရှိန်ဖြင့် ပြေးဆင်းသွားသည်။ ကျွန်တော်က စက်ဘီးဘရိတ်ကြိုးကို ခြေမဖြင့် လှမ်းဆွဲဖို့ ကြိုးစားမိလိုက်သေးသည်။ သို့သော် မရတော့။ ပြေးဆင်းသွားရုံသာမက စက်ဘီးလက်ကိုင်က ဘယ်လိုပြုတ်ထွက်သွားသည် မသိ။ ထိုတစ်ခဏအတွင်းမှာပဲ ဝုန်းဆိုသည့် အသံတစ်ခုနှင့်အတူ ကျွန်တော်ရော စက်ဘီးပါ လမ်းဘေးတစ်နေရာသို့ လွင့်စဉ် ပြုတ်ကျသွားလေပြီ။ ကျွန်တော်သည် သတိကို အတတ်နိုင်ဆုံး ထိန်းထားသည့်ကြားမှ စက္ကန့်ပိုင်းလေးလောက် မိုက်ခနဲမေ့သွားသည်။

လူတွေ ပြေးလာကြသည်။ "ကျောင်းဆရာ၊ ကျောင်းဆရာ"ဟူသော အသံတွေ ဆူညံသွားသည်။ "ဆရာ⋯ဆရာ" ဟု လှမ်းခေါ်ရင်း ပြေးလာပြီး ကျွန်တော့်ကို ဝိုင်းပြီး ဆွဲထူကြသည်။ ကျွန်တော်က ပလက်ဖောင်းအနီးမှာ မှောက်ရက်လဲကျနေသည်။ စက်ဘီးက တခြားတစ်နေရာမှာ။

"ဆရာ⋯ ဘာဖြစ်သွားလဲ၊ ဘာဖြစ်သွားလဲ"

ဆရာ ဦးမြင့်အောင်က ကျွန်တော့်လက်မောင်းကို ဆွဲထူရင်း မေးသည်။

"စက်ဘီး ဇက်ပြုတ်သွားတာ။ တော်သေးတယ် စက်ဘီးတခြား လူတခြားမို့လို့"

"ဟာ⋯ ခေါင်းနဲ့ ပလက်ဖောင်းအုတ်ခုံနဲ့ မဆောင့်မိတာ ကံကောင်းတာ"

ကျွန်တော့်ခေါင်းနှင့် ပလက်ဖောင်းအုတ်ခုံက သုံးလက်မလောက်အကွာ။ ကျွန်တော့်တိုက်ပုံအင်္ကျီမှာ ဖုန်တွေ ပေကျံနေသည်။ ပြီးတော့ သွေးတွေ။ ကျွန်တော့်မျက်နှာတစ်ခုလုံး သွေးတွေ ချင်းချင်းနီနေသည်။ မျက်နှာက ထုံပူရှိန်းဖိန်းနေသည်။

"ဆေးခန်းသွား၊ ဆေးခန်းခေါ်သွားကြပါဟ"

တစ်မြို့လုံးက ကျွန်တော့်အသိမိတ်ဆွေတွေချည်း⸺သည်။ စက်ဘီးအကျိုးကို သိမ်းဆည်းသူက သိမ်းဆည်း⸺သည်။ ကျွန်တော့်ရင်ဘတ်ကို လာစမ်းကြည့်သူက ကြ⸺ခြေထောက်ကို စစ်ဆေးကြည့်သူက ကြည့်နှင့်။

"တော်သေးတယ် ဆရာရေ။ စက်ဘီး ဇက်ကျိုး⸺အဲဒီဖောက်တံက ရင်ဘတ်ကို စူးတတ်တာ၊ အခု အရ⸺ကောင်းတယ် ပြောရမယ်"

သို့သော် ကျွန်တော့်တစ်ကိုယ်လုံး အားနှင့် ကိုင်⸺ထားသလို လှုပ်၍မရ။ မျက်နှာတစ်ခြမ်းလုံး မြေကြီးမှာ အ⸺နှင့် ပွတ်တိုက်မိထားသဖြင့် စုတ်ပြဲနေသည်။ ဦးမြင့်အေ⸺ရော လူတွေအားလုံး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေ⸺သည်။

ကျွန်တော်သည် ဆေးခန်းသို့ ဦးမြင့်အောင်ကို တွ⸺သွားနေရသည်။ သွားနေရင်းနှင့် တစ်ကိုယ်လုံးမှ ဝေဒနာ⸺ကို ဝိပဿနာဓမ္မဖြင့် စူးစူးစိုက်စိုက် ရှုမှတ်နေမိသ⸺တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေအောင် နာကျ⸺သည်။ ဆေးခန်းက ဖြစ်သည့် နေရာနှင့် ခပ်လှမ်းလှ⸺ရှိသည်။ ဒေါက်တာက ကျွန်တော့်ကို ခုံပေါ်မှာ ထိုင်နိုင်⸺

"ဆရာ⋯ အရက်ပျံနဲ့ နည်းနည်းဆေးမယ်။ ခံ⸺မလား"

ဆရာဝန်က ကျွန်တော့်ကို စာဟနာနာပင် မေး⸺

"ရတယ် ဆရာ၊ စိတ်တိုင်းကျ လုပ်ပါ"

ဖုန်တွေ၊ သွေးတွေ ပေကျံနေသည့် မျက်နှာတစ်⸺လုံးကို အရက်ပျံဆွတ်ထားသည့် ဂွမ်းစတွေနှင့် ပယ်⸺နယ်နယ် ဆေးကြောပါတော့သည်။ လူဝကြီး ဆ⸺ဦးမြင့်အောင်၏ မျက်နှာက ဆီးရွက်လေးလို သေးငယ်⸺သည် ထင်ရ၏။ စပ်တသပ်သပ်ဖြစ်နေသည်။ အမှန်⸺ကျွန်တော့်တစ်ကိုယ်လုံးမှာ ဆိုးဆိုးဆတ်ဆတ် နာကျ⸺သည်။ ကျွန်တော် မျက်စိမှိတ်ထားမိသည်။ ဝေဒနာ၊ ဝေ⸺ကွန္တာ၊ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်ပျက်။ ကျွန်တော်⸺ထိုအချိန်က မိုးကုတ်ဆရာတော်ကြီး၏ တရားတော်⸺ကျကျနန နာယူလေ့ကျင့်နေချိန်ဖြစ်၏။ ထိုမြို့လေးမှ မိ⸺ဝိပဿနာရိပ်သာသို့လည်း မှန်မှန်သွားရောက်ကာ တ⸺ဖြစ်၊ တရားထိုင်ဖြစ်နေခဲ့၏။ ထိုစဉ်က ကျွန်တော့်အသ⸺နှစ်ဆယ်ကျော်စလေးသာ ဖြစ်သည်။ ကျွန်တော်⸺ဆရာဝန်၏ အရက်ပျံနှင့် တင်ချာဒဏ်တွေကို ဖြစ်ပျ⸺တွန်းလှန်နေမိ၏။ နာလိုက်တာ၊ စပ်လိုက်တာ၊ ဖြ⸺ပျက်တယ်။ ငါမဟုတ်၊ သူမဟုတ်၊ ဝေဒနာကွန္တသ⸺

ကျွန်တော်သည် စက်ဘီးပေါ်မှ ပြုန်းခနဲ ဘရိတ်⸺

www.burmeseclassic.com



သွားချိန်မှစကာ မြေပြင်ပေါ် ကိုင်ရိုက်ချလိုက်သလို ပစ်ကျသွားချိန်အထိပါ တရားမှတ်ဖြစ်လိုက်၏။ မြေပြင်ပေါ် ပြုတ်ကျသွားခိုက် ခဏမျှ မိုက်ခနဲ သတိမေ့သွားသေး၏။ သတိပြန်ဝင်တာနှင့် တရားပြန်မှတ်မိခဲ့၏။ ယခု ဆေးထည့်နေချိန်အထိ အဆက်မပြတ် ရှုမှတ်နေဖြစ်သည်။ ထူးဆန်းလှသည်မှာ ထိုသို့မှတ်နေရင်းနှင့်ပင် ခန္ဓာကိုယ်ပေါ်မှ နာကျင်သော၊ စပ်ဖျဉ်းဖျဉ်းဖြစ်နေသော၊ ကိုက်ခဲလေးလံနေသော ဝေဒနာတွေမှာ လျှောခနဲ ပြယ်လွင့်သွားတော့၏။ ကျွန်ုပ်တော့တဝတွင် တရား၏ ကျေးဇူးကို ပထမဦးဆုံးအကြိမ်အဖြစ် သိသိသာသာ ခံစားရခြင်းပင်ဖြစ်သည်။

"ဆရာက တော်တော်သဏ္ဍိကောင်းတာပဲ။ တကယ် ခိုင်ရည်ရှိတာပဲ။ ကျွန်တော်ဆိုရင် ဘေးက ကြည့်နေတာတောင် ဘယ်လိုမှ မခံစားနိုင်ဘူး။ ဆရာ့ကိုယ်စား နာနေတယ်ဗျ"

ဆေးခန်းက ပြန်ထွက်လာပြီးနောက် ဆရာ ဦးမြင့်အောင်က ကျွန်တော့်ကို စက်ဘီးဖြင့် တင်ကာ အိမ်သို့ ပို့သည်။ လမ်းမှာ ထိုစကားကို ပြောဖြစ်ခြင်းဖြစ်သည်။ ကျွန်တော့်မျက်နှာတစ်ခြမ်းလုံး ပတ်တီးတွေ အပြည့်စည်းထားသည်။

ကျွန်တော်အိမ်ရောက်တော့ ဘုရားခန်းထဲမှာ အိပ်ရာ ပြင်သည်။ ကျွန်တော်တစ်ယောက်တည်း အိပ်ယာပေါ်မှာ လှဲ၍ နားရင်း မိုးကုတ်ဆရာတော်ကြီး၏ တရားခွေကို ဖွင့်ကာ တရားဆက်မှတ်နေဖြစ်သည်။

သို့သော် တရားချည်းလည်း မှတ်မနေနိုင်ပြန်။ ကျွန်တော် ရွတ်ပွားမြဲဖြစ်သည့် ဂါထာတော်ကြီးတစ်ပုဒ်ကို လည်း အကြိမ်ကြိမ်အထပ်ထပ် ရွတ်ပွားနေမိပြန်ပါသေးသည်။

(၂)

မှတ်မှတ်ရရပါပဲ။ သုံးရက်တိတိပြည့်ပြီး နောက်နေ့တွင် ကျွန်တော့်မိတ်ဆွေ ဆရာဝန်တစ်ယောက် ရောက်လာပြီး ကျွန်တော့်မျက်နှာမှ ပတ်တီးကို ဖြည်ကာ အနာကို ဆေးထည့်ပေးဖို့ စီစဉ်လေသည်။ မျက်နှာတစ်ခြမ်းလုံးက ပတ်တီး အပြည့်စည်းထားရခြင်းဖြစ်သည်။ ကျွန်တော်သည် ထိုသုံးရက်လုံးလုံး တရားနာရင်း တရားရှုမှတ်လိုက်၊ ဂါထာတော်ကို ရွတ်ပွားပူဇော်လိုက်နှင့် နေဖြစ်ခဲ့၏။ ထိုမိတ်ဆွေ ဆရာဝန်က ကျွန်တော်နှင့်အတူ ပုတီးစိပ်ဖက်လည်း ဖြစ်သည်။ သူ အားလပ်ချိန်တို့တွင် မြို့လေး၏ ခပ်လှမ်းလှမ်းရှိ တောင်ပေါ် စေတီလေးတွေဘက်ဆီသို့ ကျွန်တော်နှင့်အတူ လိုက်ပါလာပြီး ပုတီးစိပ်ဖြစ်တတ်သည်။

"ဆေးထည့်မယ် ဆရာ၊ နည်းနည်းတော့ စပ်ဦးမယ် ထင်တယ်။ နှစ်ကြိမ်လောက် ဆေးထည့်ပြီးရင်တော့ ပျောက်သွားမှာပါ"

ဟု ပြောရင်း မိတ်ဆွေ ဆရာဝန်က ပတ်တီးစတွေကို တစ်လွှာချင်း ဖြည်ချသည်။ ပတ်တီးစအားလုံး ပြေကျသွားသောအခါ ကျွန်တော့်ကို ကြည့်နေသည့် မျက်နှာမှာ အံ့ဩစိတ်ဖြင့် ငေးကြောင်သွားလေတော့သည်။

"ထူးတာတော့ တော်တော်ထူးဆန်းတာပဲ ဆရာ၊ ဆရာ့မျက်နှာက ဒဏ်ရာတွေ အားလုံးပျောက်နေပြီ၊ ဘာဆေးမှ ထည့်ဖို့ မလိုတော့ဘူး။ အမာရွတ်တွေတော့ ဘင်ကျန်နေတယ်။ ဒီဒဏ်ရာအနေအထားနဲ့ဆိုရင် ဘယ်လိုနည်းနဲ့မှ ဒီရက်လေးလေးနဲ့ အခုလို ခပ်မြန်မြန်ပျောက်သွားဖို့ မရှိဘူး။ တော်တော်လေး ထူးခြားတာပဲ ဆရာ"

ကျွန်တော်တို့အားလုံး အံ့ဩခဲ့ကြရပါသည်။ မှန်ထဲမှ ကိုယ့်မျက်နှာကို ပြန်ကြည့်ပြီး ကျွန်တော်လည်း အံ့ဩနေခဲ့မိပါသည်။ မျက်နှာတွင် အနာက ပြည်တွေဘာတွေပင် တည်နေမည် ထင်ထားခဲ့တာ။ ယခုတော့ အနာတွေက တစ်လနှစ်လလောက်ကြာသွား၍ ဒဏ်ရာပျောက်ကင်းသွားခဲ့သလိုမျိုး လုံးဝ ရှင်းရှင်းလင်းလင်း ပျောက်ကင်းလို့ နေသည်။ အမာရွတ်တွေကမူ အတော်များသည်။ စက်ဘီးပေါ်က ပြုတ်ကျသည့်အရှိန်ဖြင့် ရှေ့သွားတစ်ချောင်းမှာ အက်နေသည်။ ထိုအက်ကြောင်းကြီးမှာ ယခုတိုင် ရှိနေပါသေးသည်။

ကျွန်တော်သည် ရတနာသုံးပါး၏ ကျေးဇူးနှင့် တရားတော်၏ ကျေးဇူးကို လွန်စွာ အံ့ဩမဆုံးဖြစ်ခဲ့ရသည်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com

ကို ဝန်ခံရလျှင် ထိုနှစ်ထဲတွင် ဝိပဿနာတရားကို တစူးတစိုက် နာယူနေဖြစ်ခဲ့သလို၊ စက်ဘီးမမှောက်မီ ၄၅ရက်လုံးလုံးမှာမူ လောကီပညာနှင့် ဆိုင်သည့် အစီအရင်တစ်ခုကို နေ့စဉ် ဆောင်ရွက်နေဖြစ်ခဲ့သည်။ ထိုအစီအရင်ကမူ ဝိပဿနာမေ့မှုနှင့်လည်း ဆန့်ကျင်ဘက် မဟုတ်ပါ။ လောကီမှု သက်သက်သာဖြစ်ပါသည်။ သို့သော် ရတနာသုံးပါးကို ပူဇော်ခြင်းသက်သက်ဟုလည်း ဆိုနိုင်မည်ထင်သည်။ ဘာပဲဖြစ်ဖြစ် ဝိပဿနာမေ့မှုနှင့် စပ်ဆိုင်သော ကိစ္စမဟုတ်တာလည်း အသေအချာပင်။ သူ့အပိုင်းအကန့်နှင့် သူ နှလုံးသွင်းပြီး ကျွန်တော် ဆောင်ရွက်သုံးစွဲဖြစ်ခဲ့တာကို ဝန်ခံချင်ပါသည်။ ထိုအစီအရင်ကို "အနန္တသိဒ္ဓိမဟာဒီပ" ဟု ကျွန်တော် ခေါ်ဝေါ်သုံးစွဲနေဖြစ်ခဲ့သည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါး၏ ဂုဏ်တော်ကို ရှိခိုးပူဇော်သော ဂါထာတော်များဖြစ်သည်။ ထိုဂါထာတော်တွေကို ဖယောင်းတိုင်မှာ ရိုးရိုးရှင်းရှင်းလေး ရေးပြီး ဆီမီးပူဇော်ခြင်းသာ ဖြစ်သည်။ အထွေအထူး အကြောင်းတရားတွေ မပါဝင်ပါ။ သို့သော် လောကီမှု ကောင်းကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သည့် လောကီအစီအရင်တစ်ခုသာ ဖြစ်သည်။

ထိုအစီအရင်ကို ဆရာကြီး မင်းသိင်္ခ၏ ဆောင်းပါးတစ်ပုဒ်မှ စတင်ရရှိခဲ့သည်။ ထို့နောက် အိမ်ဖြူတော် မန္တန်ကျမ်းမှ ရရှိပြန်သည်။ တစ်ဖန် လောကီပညာနှင့် ဆိုင်သည့် ကျွန်တော့်ဆရာတစ်ဦးကလည်း ထိုပညာခန်းကို သင်ပြပေးပြန်သည်။ ထို့ကြောင့် ထိုပညာခန်းကို ကျွန်တော် အထူးတန်ဖိုးထားဖြစ်ခဲ့သည်။ ထိုသို့ တန်ဖိုးထားဖြစ်ခြင်း၏ အဓိကအကြောင်းရင်းတွင် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်တော်တို့ကို ပူဇော်ခြင်းသန့်သန့်ဖြစ်သည့်အတွက် ပိုပြီးအလေးအနက်ထားမိခြင်းဖြစ်သည်။

ယခု ပြန်တွေးကြည့်သောအခါ ထိုနှစ်အပိုင်းအခြားတွေတုန်းက ကျွန်တော် ကြိုးစားပမ်းစားလုပ်ဖြစ်သော အလုပ်သုံးခုရှိပါသည်။ ကျွန်တော်ငယ်စဉ်ကတည်းက စူးစူးစိုက်စိုက် လုပ်လာခဲ့သည့် ကဗျာရေးခြင်း၊ စာရေးခြင်းအလုပ်ကို ၁၉၉၅ ဝန်းကျင်နှစ်များက အများဆုံးရေးနေဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကျွန်တော်သည် ထိုအချိန်တုန်းက ဂန္ဓာရီကျင့်စဉ်တွေဘက်ကို ရောက်သွားသည့်အတွက် လောကီပညာတွေကို မဖြစ်မနေ သင်ယူခဲ့ရပြန်၏။ ထိုသို့ ကဗျာတွေရေးရင်း၊ လောကီပညာကို သင်ရင်း၊ သမထဆိုင်ရာ ကျင့်စဉ်တွေကို ကျင့်နေရင်းနှင့်ပင် ဝိပဿနာတရားတော်တွေကိုပါ အချိန်ရသလောက် လေ့လာသင်ယူဖြစ်ခဲ့ပြန်၏။

"ကဗျာရေးတဲ့ အလုပ်၊ စာရေးတဲ့ အလုပ်ကတော့ သေတဲ့အထိ လုပ်သွားဖို့ ဆုံးဖြတ်ထားတာမို့ ဆက်လုပ်နေ[…] မှာပဲ။ အခု ဂန္ဓာရီကျင့်စဉ်လမ်းကို လျှောက်လှမ်းနေမို့ ဆိုတော့လည်း လောကီပညာတွေကို တတ်နိုင်သမျှ လုံ[…] လောက်လောက်ဖြစ်အောင် လေ့လာသင်ယူရတော့မှာပဲ"

ကျွန်တော်သည် မည်သည့် အထုံပါရမီရေစက်က[…] တွန်းပို့ပေးလိုက်သည် မသိ။ ထိုလောကီကျင့်စဉ်တွေ[…] သဲသဲမဲမဲ ကျင့်ဖြစ်သွားခဲ့၏။ ထိုမြို့လေးတွင် အထင်ကရ[…] ရှေးဟောင်းစေတီတော်ကြီးသုံးဆူရှိသည်။ အနီးဝန်းကျင်[…] တောတောင်ထဲတွင်လည်း ရှေးဟောင်း စေတီတော်လေး[…] တွေ များစွာရှိနေ၏။ သဘာဝ လိုဏ်ဂူကြီးတွေလည်း ရှိနေ[…] ကျွန်တော်သည် ထိုစေတီပုထိုးများနှင့် သဘာဝ လိုဏ်ဂူများ[…] တွင် လှည့်လည်ကာ အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့၏။ ထို့အပြင် "ဆွမ်[…] ကုန်း"ဟု ခေါ်ကြသည့်မြို့နှင့် ခပ်လှမ်းလှမ်းမှာ ရှိသည့် ကုန်းမြင့်လေးထက်တွင် ကျောင်းလေးတစ်ကျောင်းရှိသည်။ ထိုကျောင်းလေးသည် ဝိပဿနာ တောရကျောင်းလေးဖြစ်[…] ထိုကုန်းမြင့်တွင် ရှေးဟောင်းစေတီလေးတစ်ဆူလည်း [...] သည်။ ထိုကျောင်းမှ ဆရာတော်ကြီးမှာ ဝိပဿနာတရား[…] ကို တစိုက်မတ်မတ် အားထုတ်နေတော်မူသည့် ဆွမ်မီ့ဆရာ[…] တော်ကြီးပင် ဖြစ်သည်။

"ဒကာ…လောကီကိစ္စတွေလည်း လုပ်ပါ။ လောကီ[…] ပညာတွေကိုလည်း သုံးစွဲပါ။ လောကီကျင့်စဉ်တွေကိုလည်း ကျင့်ပါ။ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ဘုရားဂုဏ်တော်တွေ[…] ပရိတ်တော်တွေ၊ ပဋ္ဌာန်းတော်တွေကိုပဲ အဓိက ကျင့်သုံးပါ[…] ပြီးတော့ ဝိပဿနာတရားကို သင်ယူထား။ အထပ်ထပ်[…] နာကြားထား။ နောင်တစ်ချိန်ကျရင် လောကီမှုကိစ္စတွေ[…] စွန့်လွှတ်ပြီး ဝိပဿနာလမ်းကြောင်းကို လျှောက်။ ဝိပဿနာ ထက်ကောင်းတဲ့ တရားမရှိဘူး။ ဝိပဿနာဆိုတာ အကောင်းဆုံး၊ အမြင့်ဆုံးတရား၊ အမြင့်ဆုံး ကျင့်စဉ်ပဲ"

တချို့ညတွေမှာ ကျွန်တော် ပုတီးစိပ်ပြီးချိန်သည် ည[…] ၉နာရီနီးပါးရှိပြီ၊ ဆရာတော်သည် ကျွန်တော့်ကို တကူးတက[…] စောင့်နေပြီး ညစာထမင်းကျွေးကာ ထိုသို့ ဩဝါဒစကား[…] မိန့်မှာသင်ကြားပေးဖြစ်တတ်၏။ သို့သော် ထိုစဉ်ကတည်းက[…] ဆရာတော်ကြီးသည် သုံးလလုံးလုံး၊ သို့မဟုတ် ခြောက်လ[…] လုံးလုံး အခန်းအောင်းပြီး အဓိဋ္ဌာန်တင်ကာ တရားအားထုတ်[…] နေသည့်အတွက် ဆရာတော်နှင့် တွေ့ဆုံရဖို့မှာ အလွန်ရခဲ[…] သော အခွင့်ထူးဖြစ်နေ၏။

ကျွန်တော်သည် ညနေ ၄နာရီလောက်တွင် ထိုဆွမ်[…] စေတီတော်လေး၏ ရင်ပြင်တွင် ရောက်ရှိပြီး ပုတီးစိပ်နေဖြစ်[…] ခဲ့တတ်၏။ ထိုစေတီအနီးတွင် ကြီးမားသော ညောင်ပင်ကြီး[…]



www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိနေသည်။ လွန်စွာ တိတ်ဆိတ်အေးချမ်းလှသည်။ ညအချိန် ပုတီးစိပ်ပြီးတိုင်း ဆွမ်းစားကျောင်းတော်ထဲတွင် ကျွန်တော့်အတွက် ညစာကို ကပ္ပိယကြီးက ပြင်ထားတတ်လေသည်။ ကျွန်တော်က မစားလိုပါ။ သို့သော် ဆရာတော်မိန့်မှာထားသည်ဆိုသဖြင့် စားပြီးမှ ပြန်ရ၏။ ဆရာတော်ကြီးကိုမူ ဝေးဝေးမှ တစ်ခါလောက်သာ ဖူးတွေ့ခွင့်ရ၏။ ဖူးတွေ့ရတိုင်းလည်း ကျွန်တော့်အား ဩဝါဒစကားတွေ မိန့်ခြွေကာ၊ သမထလမ်းနှင့် ဝိပဿနာလမ်းကို ကွဲကွဲပြားပြားဖြစ်အောင် ခွဲခြားဆုံးမတတ်၏။

ထို့ကြောင့်လည်း လောကီကျင့်စဉ်တွေ၊ လောကီအလုပ်တွေကို လုပ်ရင်းနှင့်ပင် ဝိပဿနာတရားတော်တို့ကို ပိုနှာယူဖြစ်၊ သင်ကြားနေဖြစ်ခဲ့ပြန်၏။

ထိုစဉ်က ထိုသို့ စက်ဘီးမမှောက်ခင် ၄၅ရက်လုံးလုံးမှာမူ အနန္တသိဒ္ဓိမဟာဒီပံကျင့်စဉ်ကို နေ့စဉ်ဝင်ဖြစ်ခဲ့ပါသည်။ ထိုနှစ်က ကျွန်တော့်ကံဇာတာသည် အလွန်ညံ့သော နှစ်ဖြစ်သည်။ အာမေဋိတ် ဥပါဒါသိန်ဟု ခေါ်သည့် မထင်မှတ်ဘဲ ကြီးမားစွာ ထိခိုက်တတ်သောနှစ်လည်း ဖြစ်သည်။ အထူးသဖြင့် ကားမှောက်ခြင်းကဲ့သို့သော ထိခိုက်မှုမျိုးကို ကြီးစွာဖြစ်တတ်ချိန်ဖြစ်သည်။

အနန္တသိဒ္ဓိမဟာဒီပံကျင့်စဉ်မှာ တစ်နေ့လျှင် အလင်းတိုင်တစ်တိုင်ထွန်းပြီး ထိုဂါထာတစ်ပိုဒ်ကို သက်စေ့ပူဇော်ရသည်။ ၄၅ရက်ပြည့်အောင် အတော်ကြိုးစားပြီး ပူဇော်ခဲ့ရသည်။ အဖျက်အမျိုးမျိုးဝင်ခဲ့သည်။ ၄၅ရက်ပြည့်လျှင် ကြီးမားလှစွာသော အခက်အခဲ၊ ဒုက္ခရန်ဘေးနှင့် ဥပါဒ်အန္တရာယ်တို့မှ လွတ်မြောက်နိုင်သည်ဟု အတိအကျညွှန်းဆိုထားလေသည်။

၄၅ ရက်ပြည့်သည့်နေ့တွင် ကျွန်တော်သည် စက်ဘီးမှောက်ကာ ကြီးမားစွာ ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စသည် လွန်စွာ စဉ်းစားရခက်သော ကိစ္စဖြစ်၏။ သို့သော် ကျွန်တော်ကမူ အနန္တသိဒ္ဓိမဟာဒီပံကို သံသယမရှိ။ စိတ်ကန်၊ ပိုမိုယုံကြည်သွားခဲ့၏။ အကြောင်းမူ ကြီးမားလှစွာသော ဥပါဒ်အန္တရာယ်မှ လွတ်ကာ ထိုမျှသော ဘေးဒဏ်လေးလောက်နှင့် ကျမ်းကျေသွားသည်ဟု ကျွန်တော်လက်ခံယုံကြည်နေမိသောကြောင့်ပင်ဖြစ်သည်။

ယခု ပြန်တွေးကြည့်သောအခါ ထိုနှစ်၊ ထိုအချိန်မှစ၍ ကျွန်တော့်ဘဝတိုးတက်မှု အခွင့်ထူးတွေ တစ်ခုပြီးတစ်ခု ပွင့်လန်းလာခဲ့တာ ဘယ်လိုမှ ငြင်းလို့မရ။ စားဝတ်နေရေး အထူးပြေလည်လာသည်။ အောင်မြင်မှုတချို့ရလာသည်။ နောက်ပိုင်းတွင် ကျွန်တော် ငယ်စဉ်ကတည်းက အစိကထားပြီး ကြိုးစားခဲ့သည့် စာရေးခြင်း၊ ကဗျာရေးခြင်းအလုပ်အတွက်လည်း အခွင့်အလမ်းတွေ ပွင့်လန်းလာခဲ့တော့သည်။



ကျွန်တော့်ဘဝ တိုးတက်မှုတွင် ထိုအနန္တသိဒ္ဓိ မဟာဒီပံ ပညာခန်းသည်လည်း တစ်ထောင့်တစ်နေရာမှ ကြီးမားစွာ ထောက်ပံ့ထားခဲ့တာ လွန်စွာသေချာလို့နေပါသည်။ ထိုပညာခန်းကို လည်းကောင်း၊ ကျွန်တော့်ဆရာများကို လည်းကောင်း၊ ကျေးဇူးရှင် ဆွမ်းမီဆရာတော်ကြီးကို လည်းကောင်း အကြိမ်ကြိမ် ဦးတင်နေမိပြန်ပါသည်။

ကျွန်တော်သည် လောကီပညာနှင့် ဆိုင်သည့် ဆောင်းပါးတွေ၊ သမထ အဓိဋ္ဌာန်ကျင့်စဉ်နှင့် ဆိုင်သည့် ဆောင်းပါးလေးတွေ များစွာရေးဖြစ်ခဲ့ပါသည်။ ထိုသို့ရေးခဲ့ရာတွင် ရတနာသုံးပါးအဆုံးအမအောက်မှ ကျင့်စဉ်နှင့် ပညာခန်းတို့ကိုသာ ဦးစားပေး ရေးဖြစ်ခဲ့၏။ ကျွန်တော်သည် ရသစာပေကို လွန်စွာချစ်မြတ်နိုးသည်ဖြစ်သဖြင့် ရသပါသော ဆောင်းပါလေးတွေ ဖြစ်ဖို့လည်း အားထုတ်ဖြစ်ပါသည်။ အထူးသဖြင့် စာဖတ်ပရိသတ်အတွက် လက်တွေ့ သုံးစွဲပြီး ကောင်းကျိုးဖြစ်စေသည့် ကျင့်စဉ်နှင့် ပညာခန်းတို့ကိုသာ ရွေးချယ်ပြီး ရေးသားဖြစ်ခဲ့ပါသည်။

ယခုနောက်ပိုင်းတွင် ကဗျာရေးသည့်အလုပ်နှင့် လုံးချင်းဝတ္ထုရေးသည့်အလုပ်ကို အချိန်များများပေးပြီး ကြိုးစားနေဖြစ်ပါသည်။ လုံးချင်းဝတ္ထုသည် ယခုထက်တိုင် မရေရာမသေချာလှသေးသည့် အလုပ်ဖြစ်နေသေးဆဲဖြစ်သော်လည်း ကျွန်တော် အလွန်ဖြစ်ချင်သော အိပ်မက်တစ်ခုဖြစ်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မသေချာလှသေးသော်လည်း ထိုအလုပ်ကိုပင် အထူးအချိန်ပေးကာ တပင်တပန်းကြိုးစားပြီး ရေးဖြစ်နေ၏။ ထို့ကြောင့် ဆောင်းပါးတွေရေးတာ ကျဲပါးသွားခဲ့ရသည်။ အချိန်လုပြီး ဆောင်းပါးရေးမည် စဉ်းစားသောအခါတွင် ရေးချင်တာတွေ များစွာရှိနေသော်လည်း ပရိသတ်အတွက် လက်တွေ့ ထိထိရောက်ရောက် သုံးစွဲကျင့်သုံးနိုင်မည့် အကြောင်းအရာကိုသာ ရွေးချယ်ချင်မိပြန်သည်။

ထို့အပြင် ကျွန်တော်ရေးသည့် အကြောင်းအရာက ကျွန်တော်ကိုယ်တိုင် လက်တွေ့သုံးစွဲတာမျိုးဖြစ်ချင်ပြန်သည်။ ယခု အနန္တသိဒ္ဓိမဟာဒီပံကို ကျွန်တော်ကိုယ်တိုင် ယခုပြန်သုံးဖို့ ရွေးချယ်ပြီး ပရိသတ်ထံ ထပ်မံတင်ပြလိုက်မိပါသည်။

## * အနန္တသိဒ္ဓိဂါထာတော်ကြီး *

### "ပထမဂါထာ"

* ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယသဗ္ဗပါဏိနံ။
* ဓမ္မောလောကေ သမုပ္ပန္နော သုခါယသဗ္ဗပါဏိနံ။
* သံဃောလောကေ သမုပ္ပန္နော ပုညာယသဗ္ဗပါဏိနံ။

ဂါထာအသံထွက်

* ဗုတ်ဒေါလောကေ သမုတ်ပန်နော၊ ဟိတာယသတ်ဗ ပါနိနံ။
* ဓံမောလောကေ သမုတ်ပန်နော၊ သုခါယသတ်ဗ ပါနိနံ။
* သံဃောလောကေ သမုတ်ပန်နော၊ ပုညာယသတ်ဗ ပါနိနံ။

### "ဒုတိယဂါထာ"

* ဗုဒ္ဓတေဇေန အရိန္ဒမော ဗုဒ္ဓေါမေရက္ခန္တုနိစ္စံ။
* ဓမ္မတေဇေန မဟာလာဘော ဓမ္မောမေ ရက္ခန္တုသဒါ။
* သံဃတေဇေန မဟာယသော သံဃောမေ ရက္ခန္တုသဒါ။

ဂါထာအသံထွက်

* ဗုတ်ဒတေဇေန အရိန်ဒမော ဗုတ်ဒေါမေရက်ခံတု နိတ်စံ။
* ဓံမတေဇေန မဟာလာဘောဓံမောမေရက် ခံတုသဒါ။
* သံဃတေဇေန မဟာယသောသံဃောမေရက်ခံတု ဒိန်နေ။

### "တတိယဂါထာ"

* နမောတေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိသဗ္ဗဓိ။
* သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿမေ သရဏံဘဝ။
* အရဟံဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
* အကာလိကော ဓမ္မော ဓမ္မံသရဏံဂစ္ဆာမိ။
* သုပ္ပဋိပန္နေသံဃော သံဃံသရဏံဂစ္ဆာမိ။
* ဗုဒ္ဓေါသဗ္ဗညုတာဉာဏော။
* ဓမ္မော လောကုတ္တရာနဝ။
* သံဃော မဂ္ဂလေဌကာစ။
* ဣစ္စေတေ ရတနတ္တယံ၊ ယေနသစ္စေန သင်္ဂမော ပေါတုမေဇယမင်္ဂလံ။

ဂါထာအသံထွက်

* နမောတေ ဗုတ်ဒဝီရတ်ထု၊ ဝိတ်ပမုတ်တောသိ သတ်ဗ[…]
* သန်ဘာဒ ပဋိပန်နောသမိ၊ တတ်သမေ သရဏံ ဘဝ[…]
* အရဟံဗုတ်ဒေါ ဗုတ်ဓံသရဏံ ဂစ်ဆာမိ။
* အကာလိကော ဓံမော ဒန်မံသရဏံဂစ်ဆာမိ။
* သုတ်ပတိပန်နော သံဃော သံဃံသရဏံ ဂစ်ဆာမိ။
* ဗုတ်ဒေါသတ်ဗင်ညုတာဉာ ဏော။
* ဓံမောလောကုတ်တရာနဝ။
* သံဃောမက်ဂဖလထောစ။
* ဒိတ်ဆေတေ ရတနတ်တယံ ယေန သစ်စေန သင်္ဂ[…] ပေါတု မေဇယ မင်္ဂလံ။

## * အနန္တသိဒ္ဓိမဟာဒီပံအလင်းတိုင် စီရင်ပုံ *

၁။ အထက်ပါ ဂါထာတော်သုံးပိုဒ်ကို အသံထွက်[…] မှန်ကန်စွာဖြင့် စာလုံးပေါင်း တိကျစွာ ရေးတတ်အော[င်…] ကျက်မှတ်လေ့ကျင့်ပါ။ ဖယောင်းတိုင် စီရင်သောအ[…] (ကျောက်ဖယောင်းတိုင်)ဟုခေါ်သော မြောက်တိုင် ဖယော[င်း…] တိုင်သုံးစွဲပါက အသင့်လျော်ဆုံးဖြစ်၏၊ ဖယောင်းတိုင်ပေါ်တ[…] ထိုဂါထာကို ရေးရမည်ဖြစ်၏။ ရေးသောအခါတွင် သံချွ[န်…] လည်း ရေးနိုင်၏။ ခဲတံဖြင့် ရေးခြင်းမှာ အကောင်းဆုံးဖြစ်[…]

### "ကျောက်ဖယောင်းတိုင်"

၂ + ၅ + ၄ + ၇ = ၁၈ = ၉ နဝင်း

### "ခဲတံ"

၂ + ၇ = ၉ နဝင်း

၂။ လောကီအစီအရင်တို့တွင် နဝင်းမာတ်သ[…] အလွန်စွမ်းအားကြီး၏။ စီရင်သော အခိုန်မှာ သင့်တော်သ[…] စီရင်နိုင်၏။ အကောင်းဆုံးမှာ ကိုယ်တိုင်က သန့်သန့်ရှ[င်း…] ဝတ်စားထားပြီး ငါးပါးသီလခံယူကာ ဘုရားစင်ရှေ့တွင် စီ[…] ခြင်းသည် အကောင်းဆုံးဖြစ်၏။ စီရင်ရာတွင် ပထမ ဂါထာ[…] တော်ကို ပထမ ဖယောင်းတိုင်တွင် ဒီးစာဘက်မှ အော[က်…] ဘက်သို့ ရေးသွားရမည်ဖြစ်၏။ ပထမ တစ်ကြောင်းကို ရေး[…] လျှင် အနည်းငယ်ခွာ၍ ဒုတိယတစ်ကြောင်းကို ရေး ပြီး[…] အနည်းငယ်ခွာ၍ တတိယတစ်ကြောင်းကို ရေးရမည်ဖြစ်[…] အထူးသတိပြုရန်မှာ ထိုအကြောင်းတို့ကို ရေးနေစဉ် န[…] တစ်လုံးချင်း အသံထွက်ရွတ်ဆိုပြီး ရေးရမည်ဖြစ်၏။ ဥပမာ "ဗုဒ္ဓေါလောကေ"ဟု လက်မှ ရေးနေရင်း နှုတ်မှလ[…]



www.burmeseclassic.com

www.burmeseclassic.com

ထိုဂါထာစာလုံးကို ရွတ်ဖတ်ရင်း ရေးရမည်ဖြစ်၏။

ထိုကဲ့သို့ ဒုတိယ ဖယောင်းတိုင်းတွင် "ဒုတိယဂါထာ" သုံးကြောင်းကို ရေးရပါမည်။ ထို့နောက် တတိယဂါထာမှာ များသဖြင့် ဖယောင်းတိုင်တွင် ဆံ့အောင် ရေးနိုင်ဖို့ အတော်ခဲယဉ်းပါမည်။ သို့အတွက် တတိယဂါထာကိုမူ စာရွက်လွတ်တစ်ခုတွင် ခဲတံဖြင့် ရေးပြီးမှ ထိုစာရွက်ကို ဖယောင်းတိုင်တွင် ပတ်ပြီး ကော်ဖြင့် ကပ်လိုက်ပါ။

၃။ ထိုကဲ့သို့ သုံးတိုင်လုံး ရေးပြီးသောအခါ ပထမအတိုင်ကို လက်ဖြင့် ကိုင်၍ ဖယောင်းတိုင်ကို စူးစိုက်ကြည့်နေပြီးလျှင် ပထမ ဂါထာသုံးပိုဒ်ကို "ထွန်းမည့်သူ၏" သက်စေ့အရေအတွက်ရွတ်ကာ သိဒ္ဓိတင်ရပါမည်။ ဒုတိယတိုင်ကို ကိုင်ကာ ဒုတိယ ဂါထာသုံးပိုဒ်ကို သက်စေ့ရွတ်ပြီး သိဒ္ဓိတင်ရပါမည်။ တတိယတိုင်ကို ကိုင်ပြီးလျှင် တတိယ ဂါထာကို သက်စေ့ရွတ်ကာ သိဒ္ဓိတင်ပေးရပါမည်။

၄။ ဤသို့ စီရင်ထားသော အလင်းတိုင် သုံးတိုင်ကို မိမိ၏ မွေးနေ့နံနက်တွင် ရေမိုးချိုးကာ အထူးသန့်စင်စွာ ဝတ်စားပြီးလျှင် နံနက် ၉နာရီတိတိတွင် ဘုရားစင်၌ အမှတ် (၁)တိုင်ကို ထွန်းညှိကာ ပူဇော်ရပါမည်။ ငါးပါးသီလခံယူ၍ တည်ဆောက်ပြီးမှ ထွန်းညှိပူဇော်ရပါမည်။ ဥပမာ- တနင်္လာနေ့ နံနက် ၉နာရီတွင် ပထမတိုင်ကို စပြီး ထွန်းညှိပူဇော်ရမည်။ အင်္ဂါနေ့တွင် ဒုတိယတိုင်ကို ထွန်းညှိ ပူဇော်ရမည်။ ထိုသို့ သုံးတိုင်ကို သုံးရက်ဆက်တိုက် ပူဇော်ရမည်။ အလွန်သားလေးနက်နက် အာရုံပြု၍ ပူဇော်ပေးရမည်။ ပူဇော်ပြီးက ဘေးဒုက္ခအခက်အခဲတို့မှ လွတ်ကင်း၍ ကောင်းကျိုးချမ်းသာ ဖြစ်စေဖို့ ဆုတောင်းခြင်း၊ အမျှဝေ မေတ္တာပို့ခြင်းတို့ကို ပြုလုပ်ရမည်။ မိမိဖြစ်လိုသော ကိစ္စရှိကလည်း သီးသန့် ဆုတောင်းနိုင်ပါသည်။

၅။ ဤကဲ့သို့ သုံးတိုင်ကို မကြာခဏ စီရင်ပူဇော်ပေးနိုင်ပါသည်။ ထို့အပြင် ကြီးမားသော ဘေးဒုက္ခကြုံတွေ့နေလျှင်၊ အခက်အခဲကြီးစွာ ဖြစ်နေပါက၊ သို့မဟုတ် ဇာတာခွင်လဂ် ကံကြမ္မာသိပ်ညံ့နေပါက ၄၅တိုင် စီရင်ပြီး ၄၅ရက် ဆက်တိုက် မပျက်မကွက် ထွန်းညှိ ပူဇော်နိုင်ပါသည်။

ထိုကဲ့သို့ ပူဇော်သွားပါက ကြီးမားသော ဘေးဒုက္ခ၊ အချုပ်အတည်း၊ ဆင်းရဲခြင်းတို့မှ လွတ်ကင်းနိုင်ပေ၏။ ဤဂါထာတော်တို့မှာ ရတနာသုံးပါးနှင့် စပ်ယှဉ်သော အလွန်အစွမ်းထက်သည့် ဂါထာများဖြစ်သကဲ့သို့၊ ဤဂါထာခွင်မှာ ယောင်း ပညာရပ်စစ်စစ်ဖြစ်ပေ၏။ ဤအနန္တသိဒ္ဓိမဟာဒီပံ အစီအရင်ဖြင့် ဆင်းရဲဒုက္ခမှ လွတ်ကင်း၍ ကောင်းကျိုးများသာဖြစ်ခဲ့သူ၊ ဖြစ်နေသူ များစွာရှိနေပါ၏။ ကျွန်တော်ကိုယ်တိုင်လည်း ကောင်းကျိုးများစွာဖြစ်ခဲ့ရုံသာမက၊ ယခုတိုင် လက်စွဲပြုနေရဆဲဖြစ်ပေသည်။

လူ့ဘဝသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းလေးပါးနှင့် အသက်ရှင်ရ၏။ ကံ၊ ဉာဏ်၊ ဝီရိယဖြင့် ကြီးပွားချမ်းသာကြရ၏။ အတုမရှိသော ရတနာသုံးပါးနှင့် ဆိုင်သည့် ဂါထာတော်ကို ဉာဏ်ဖြင့် နှိုင်းချင့်၍ ဝီရိယဖြင့် ဆောင်ရွက်ကာ ပူဇော်ခြင်း၊ ရွတ်ပွားခြင်းသည် ကောင်းသော အကြောင်းဖြင့် ကုသိုလ်ကံမြင့်ခြင်းသာဖြစ်ကြောင်း ကျွန်တော် ယုံကြည်ပါသည်။

ရိုးရိုးရှင်းရှင်းနှင့် လွန်စွာ ကောင်းမြတ်လှသော၊ လွန်စွာ စွမ်းအား အာနိသင် ထက်မြတ်သော ဘုရားရှိခိုး ဂါထာ၊ ဆီမီးပူဇော်သည့် လောကီအစီအရင်ပညာခန်းတစ်ခုဟု ဆိုချင်ပါသည်။

ဤဆောင်းပါးကို ရေးမည်စဉ်းစားသောအခါ ကျွန်တော့် အာရုံတွင် ပြက်ပြက်ထင်ထင် ပေါ်တင်ထပ်လာနေသော စကားလေးတစ်ခုရှိနေပါသည်။ "အရိုးကို အရွက်မဖုံးစေရာ" ဆိုသည့် မြန်မာဆိုရိုးစကားလေးပင် ဖြစ်ပါသတည်း ■

***အားလုံးသတ္တဝါချမ်းသာပါစေ***

* * *

သက်နှင်းဆွေ(မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်း

# အုပ် (၁၀၀)ပြည့်

လာမည့် ၂၀၁၄ အောက်တိုဘာလတွင် ထုတ်ဝေမည့်
အတွဲ(၉)၊ အမှတ်(၄)မှာ
အုပ် (၁၀၀)ပြည့်မည်ဖြစ်ပါသည်။

ဂမ္ဘီရဆန်းကြယ် ပရိသတ်များ အားပါးတရ ဖတ်ရှုသိမ်းဆည်းနိုင်ရန်
အယ်ဒီတာအဖွဲ့မှ စီစဉ်နေကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဂမ္ဘီရဆန်းကြယ်တွင် ပါဝင်ရေးသားကြသော စာရေးသူများအနေဖြင့်လည်း
အုပ်(၁၀၀)ပြည့်အထိမ်းအမှတ်တွင်
ပါဝင်ရေးသားကြပါရန် တိုက်တွန်းဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာအဖွဲ့. ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၃)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

www.burmeseclassic.com

မောင်လင်းအောင်

# ထူးဆန်း ထွေလာ ဤကမ္ဘာ



**ပန်းပွင့်လေးများ၏ သဘာဝအလှ**

သဘာဝအလှတရားသည် လူသားတို့ကို အံ့အားသင့်ဖွယ် ဖမ်းစားနိုင်စွမ်းရှိသည့် ကလေးမလေးများပုံသဏ္ဍာန် ပန်းပွင့်လေးများ၏ သဘာဝအလှတရားဆန်းကြယ်မှုကို မှင်သက်ဖွယ် မြင်တွေ့ရသည်။



**ရုရှားခွေး**

Caucasian She pherd ခွေးမျိုးစပ်ဖြစ်သော ရုရှားခွေးဟု လူသိများသော ခွေးကြီးသည် ဝံပုလွေများနှင့် ဝက်ဝံများကိုပါ အမဲလိုက်နိုင်စွမ်းရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





## Miss America

၁၉၂၄ ခုနှစ်က အမေရိကန်အလှမယ် (Miss America) လှပျိုဖြူတစ်ဦး၏ ပုံဖြစ်သည်။ ယနေ့ခေတ် အလှမယ်များနှင့် နှိုင်းယှဉ်လျှင်တော့ ခေတ်များစွာ ကွာခြားသွားခဲ့ပြီဖြစ်သည်။

## ဆွီဒင်မီးတောက်

ဆွီဒင်မီးတောက်ဟု ခေါ်သည်။ ထင်းတုံးကို ကိတ်... ကဲ့သို့ ခွဲခြမ်းပြီး အောက်ခြေတွင် ခြောက်လက်မခန့် နေ... ချန်ထားကာ၊ လောင်စာဆီတစ်မျိုးမျိုးထည့်သွင်း အသုံး... နိုင်သည်။ ထိုထင်းတုံးသည် နှစ်နာရီမှ သုံးနာရီခန့်အ... အဆက်မပြတ် လောင်ကျွမ်းနေနိုင်သည်။





## ဆင်ကလေးနှင့် ပင်လယ်

ဆင်ပေါက်စကလေ... သည် ပင်လယ်ပြင်ကြီး... ပထမဦးဆုံးအကြိမ် မြ... တွေ့လိုက်ရသောအခါ မြ... တူးပျော်ပါးကာ ပင်လယ်... ရေပြင် ဆော့ကစား... ပုံကို ကြည်နူးဖွယ်ရာ မြ... တွေ့ရပါသည်။





www.burmeseclassic.com

www.burmeseclassic.com

## အထီးကျန် လမ်းမ

အမေရိကန်ပြည်ထောင်စုရှိ အမှတ်(၅၀) အဝေးပြေးလမ်းမကြီး၏ တစ်နေရာဖြစ်ပါသည်။ ထိုအဝေးပြေးလမ်းမကြီးကို အမေရိကန်နိုင်ငံ၏ အထီးကျန်အဆန်ဆုံး လမ်းမကြီးအဖြစ် တင်စားခေါ်ဝေါ်ကြသည်။ ပုံမြင်ရုံနှင့်ပင် ကားသမားများအတွက် မည်မျှ ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းသော လမ်းမကြီးဖြစ်ကြောင်း သိသာလှပါသည်။





## အံ့မခန်း ချောက်ကမ်းပါးကြီး

နော်ဝေနိုင်ငံရှိ 'Trolltunga' ဟု အမည်ရသော ထူးဆန်းသော ချောက်ကမ်းပါးကြီး၏ ပုံဖြစ်ပါသည်။ ထိုချောက်ကမ်းပါးကြီးသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ(၁၁၀၀)အမြင့်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com




## စာပို့သမား၏ အနုပညာလက်ရာ

ပြင်သစ် စာပို့သမားတစ်ဦးသည် အနုပညာလက် မြောက်လှသော နန်းတော်ပုံသဏ္ဌာန်အဆောက်အအုံ ကို ကျောက်တုံးများသက်သက်ဖြင့် ၃၃နှစ်ကြာ အချိန် တည်ဆောက်ခဲ့သည်။ စာပို့ရာလမ်းကြောင်းတစ်လျှောက် ကျောက်တုံးအရွယ်အစားအမျိုးမျိုးကို နေ့စဉ် ကောက် လာခဲ့ပြီး ထိုနန်းတော်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်

## နလုံးလှ ဆရာဝန်

ဆေးရုံတစ်ရုံတွင် ကင်ဆာရောဂါဝေဒနာ ခံစားနေရသော ကလေးများကို နာကျင်မှုဝေဒနာလျော့ပါးပြီး စိတ်ပျော်ရွှင်စေရန်အတွက် ဆရာဝန်များ၊ သူနာပြုများက လူရွှင်တော်များသဖွယ် သရုပ်ဆောင်ပြီး နှစ်သိမ့်ပေးနေပုံလေးဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဤ ဩကာသလောကကြီး၌ တစ္ဆေ၊ သရဲတို့သည် အမှန်တကယ် တည်ရှိနေကြခြင်းလား။ သို့မဟုတ် ဆန်းကြယ်ထွေပြားလှသော လူတို့ စိတ်၏ အရောင်ပြောင်း လှည့်စားမှုများကြောင့် တစ္ဆေ၊ သရဲ၊ နာနာဘာဝ မကောင်းဆိုးဝါး ဝိညာဉ်တည်းဟူသော နာမ်ပုဒ်တို့ ဖြစ်ထွန်းပေါ်ပေါက်လာခြင်းလား။

ထိုအချင်းအရာနှင့် ပတ်သက်လာလျှင် အစဉ်မြဲလိုလို အဖွဲ့သုံးဖွဲ့ကွဲသွားတတ်သည်။ သရဲမရှိဘူးဟု ယူဆထားသော အဖွဲ့၊ သရဲရှိသည်ဟု ယူဆထားသော အဖွဲ့၊ သရဲရှိသည်ဟု အယုံအကြည်ကြီးမဟုတ်သော်လည်း တစ္ဆေ သရဲနှင့် ပတ်သက်သည့် ပုံပြင်ဇာတ်လမ်းများကြားလျှင် စိတ်ဝင်တစားနှင့် နားဆင်လျက် အငြင်းမပွားဘဲ ကြောက်ရွံ့တတ်သည့်အဖွဲ့၊ ထိုအဖွဲ့သုံးဖွဲ့တွင် ကျွန်မ ပါဝင်သည့်အဖွဲ့မှာ တတိယမြောက်အဖွဲ့ဟု ဆိုရပေလိမ့်မည်။

ဟုတ်ပါသည်။ ကျွန်မသည် တစ္ဆေသရဲ နာနာဘာဝများ၊ မကောင်းဆိုးဝါးမှင်စာသဘက်များ၊ မြေဖုတ်တီလူး စုန်းကဝေ အောက်လမ်းပညာသည်များမှအစ အထက်ဂိုဏ်းဆရာ ဝိဇ္ဇာဇော်ဂျီ တပသီ ရက္ခစိုးတို့ အလယ်၊ နတ်နဂါး သိကြား ဂဠုန် ဂန္ဓဗ္ဗတို့အဆုံး၊ ထူးဆန်းထွေလာလှသော မမြင်အပ် မမြင်နိုင်သည့် ထိုသက်ရှိများအား အလုံးစုံ အကြွင်းမဲ့ ယုံကြည် လက်ခံနေသူ တစ်ယောက်တော့ မဟုတ်။

လူငယ်ပီပီ ဟိုတွေး သည်တွေး နှင့် သူတို့တစ်တွေ ရှိမှရှိပါ့မလားဟု မကြာခဏ သံသယဖြစ်မိပေမယ့် ထိုသူတို့နှင့် ပတ်သက် ဆက်နွယ်သည့် အကြောင်းကိစ္စ ဆန်းဆန်းပြားပြားမှန်သမျှကိုတော့ စိတ်ဝင်တစား နားဆင်ချင်သည်။ ထိုကိစ္စမျိုးနှင့် ပတ်သက်သည့်သတင်း တစ်စွန်းတစ်စကြားရုံဖြင့် နားကို စွင့်ထားတတ်ခဲ့၏။ သို့ကြောင့်လည်း "ဟဲ့…မိစန်းရေ၊ ငါတော့ ကြုံခဲ့ရပြီဟေ့" ဟု အစချီကာ ဘယ်အိမ် ဘယ်နေရာ၌ တစ္ဆေအခြောက်ခံခဲ့ရသည့်အကြောင်းကို လာရောက် ရင်ဖွင့်သတင်းပေးသူတွေကလည်း ကျွန်မ အနီးအနားတွင် အများအပြား၊ ဒုနှင့်ဒေး။ အများစုကလည်း လုပ်ကြံ ဇာတ်လမ်းမျိုးမဟုတ်ဘဲ၊ အရှိကို အရှိအတိုင်း ကြုံတွေ့ခဲ့ရသူကိုယ်တိုင် ကြက်သီး တဖြန်းဖြန်းထလျက်သားနှင့် ဇာတ်ကြောင်းလှန် ပြောပြသွားကြသည်ချည်း။

ထိုကြောင့်ပင် ဖြစ်ပါလိမ့်မည်။ စာရေးချင်စိတ်ဝင်ပြီး ကလောင်သွေးသည့် သဘောနှင့် စာရေးကြည့်သည့် အခါ ရေးချင်စရာ သည်အကြောင်းတွေ ရှိသည်က တစ်ကြောင်း၊ ကျွန်မကိုယ်တိုင်က ဤသို့သော ဂန္ဓာရီဆန်ဆန် အကြောင်းအရာများကိုသာ စိတ်ဝင်စားသည်က တစ်ကြောင်းကြောင့် တဖြည်းဖြည်းနှင့် ဂမ္ဘီရလိုင်းရေးသူတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရသည်။ နို့ပေမယ့် အရက်သောက်သူ စာရေးဆရာက အရက်မကောင်းကြောင်း ရေးသားသကဲ့သို့၊ ဂမ္ဘီရအကြောင်းအရာတွေကို အကြွင်းမဲ့ ယုံကြည်သူမဟုတ်သည့် ကျွန်မက ထိုအကြောင်းနှင့် ပတ်သက်သည့် ဇာတ်လမ်းတွေချည်း ရေးသားနေမိ၍ တစ်ခါတစ်ရံလည်း ငါလုပ်တာ ဟုတ်ကော ဟုတ်ရဲ့လားဟူ၍ တွေဝေ တွန့်ဆုတ်နေမိသည်။ သို့သော်လည်း အသေအချာတွေးကြည့်လိုက်မှ ဆီလျော် သင့်မြတ်သည်ဟု သုံးသပ်မိပြန်၏။ အရက်သောက်သူမှသာ အရက်၏ ဆိုးကျိုးများကို ပိုမိုနားလည်နိုင်မည်ဖြ သလို၊ ဂမ္ဘီရအကြောင်းအရာတွေကို အကြွင်းမဲ့ မယုံကြည်မှသာ မိမိရေးသား မည့် ဇာတ်လမ်းအပေါ် ဖြစ်နိုင်၊ မဖြ နိုင် စဉ်းစား ချင့်ချိန်နိုင်လိမ့်မည်ဟု ကျွန်မ ယူဆမိသည်။

◈◈◈

"ဟယ်… ဒါ မစန်းရဲ့ ဝတ္ထု မဟုတ်လား။ ဓာတ်ပုံလည်း ပါတယ် နော်။ ဂမ္ဘီရလောက မဂ္ဂဇင်း (၇၅)အုပ် မြောက် စိန်ရတုအထူးထုတ်။ ဟုတ်ပြီ ဟုတ်ပြီ၊ သား ဝယ်ပြီး သိမ်းထားဦးမယ် မစန်း"

ထိုစကားကို ဆိုလာသူက ကျွန်မ နှင့် ကျောင်းဖယ်ရီကား အတူစီးသည့် မောင်ကျော်ဝင်းဖြစ်၏။ မောင်ကျော်ဝင်းက ပထမနှစ် ကျောင်းသား။ ကျွန်မ ထက် လေးနှစ်ခန့် ငယ်သည်။ စာပေ အပေါ် မြတ်နိုးသူဖြစ်တာကြောင့် ကျွန်မ ဆီမှ ကောင်းနိုးရာရာ စာအုပ်များကို တားရမ်းဖတ်ရှုတတ်သလို၊ မဂ္ဂဇင်း စ စောင်များတွင် စာရေးသားနေသူ ကျွန်မ အပေါ်၌လည်း မောင်ငယ်လေး တစ်မျိုး၊ စာဖတ်ပရိသတ်လို တစ်သွယ် လေးစားခင်မင်နေသူဖြစ်သည်။ ယ လည်း မဂ္ဂဇင်းစာအုပ်ထဲတွင် ကျွန်မ ဝတ္ထုပါလာသည်ကို တွေ့မြင်သဖြ ဝမ်းသာအားရနှင့် ထိုသို့ပြောလိုက်ခြ ဖြစ်၏။

"ဒါနဲ့ ဟိုတစ်ခေါက်က သူငယ် မဂ္ဂဇင်းမှာ ပါတဲ့ "တစ္ဆေ စုံထောက် မိန်းကလေး" ဝတ္ထုကို သား အရမ်း ကြိုက်တယ်။ အားက သူငယ်ချင်းကို တောင် အဲဒါ ငါ့အစ်မရေးထားတာ ပြီး ဖတ်ကြည့်ခိုင်းသေးတယ်။ သူ လည်း သဘောကျတယ်တဲ့၊ အဲ ဒါပေမယ့် Ghost Whisperer နဲ့ ဆင်



www.burmeseclassic.com

www.burmeseclassic.com

သလိုပဲလို့ ပြောတယ်။ တူတော့ မတူပါဘူး မစန်းရယ်။ ပုံကိုက အိမ်ထောင်သည်၊ ပြီးတော့ အင်္ဂလိပ်ရဲ့ ထုံးစံအတိုင်း မြန်မာအမြင်နဲ့ မသင့်တော်တာတွေလည်း ပါတာပဲကို။ မစန်း ရေးထားတာကို ပိုကြိုက်တယ်"

"ဒါကတော့ သူပြောတာလည်း မှားပါဘူး။ ဇာတ်ကောင်စရိုက်အခြေခံက ဆင်တူသလိုဖြစ်နေတာကိုး မောင်လေးရဲ့။ အစ်မရေးတဲ့ ဇာတ်ကောင်က Ghost Whisperer ဇာတ်ကားထဲက ဇာတ်ကောင်လို တစ္ဆေတွေကို မြင်တွေ့နိုင်တဲ့သူပဲ မဟုတ်လား။ ဒါပေမယ့် လောကမှာ ဘဝဖြစ်စဉ်ချင်းတူနေတဲ့ လူတွေ တစ်ပုံတပင်ကြီး ရှိနေနိုင်တာပဲလေ။ ဒီတော့ ဇာတ်လမ်းချင်း ဆင်တာလည်း မဆန်းပါဘူး။ အစ်မကတော့ အစ်မရဲ့ ကိုယ်ပိုင်အတွေးနဲ့ပဲ အမြဲရေးလို့ ကိုယ့်လိပ်ပြာကိုယ်လုံတယ်။ သူများတွေ ဘယ်လိုပဲတွေးတွေး ကိုယ်မှန်ဖို့က အရေးကြီးဆုံး မဟုတ်လား"

"ဟုတ်တယ်··· ဟုတ်တယ် မစန်း။ သားတော့ မစန်းကို အရမ်းအားကျတာပဲ။ သားလည်း မစန်းလို စာရေးဆရာဖြစ်ချင်လိုက်တာ။ ဒါပေမယ့် ရေးတတ်ဘူး မစန်းရဲ့"

"ဩော် · · ·ဖြစ်ချင်စိတ်ရှိရင် အမဆို ဖြစ်နိုင်တာချည်းပဲ။ မောင်လေး ကြိုးစားရင် ဖြစ်မှာပေါ့။ စာများများဖတ်၊ လေ့လာပြီး စားပွဲမှာ ထိုင်ပြီး ကိုယ်ရေးချင်တဲ့ အကြောင်းအရာကို ရေးချကြည့်။ အထပ်ထပ်ဖတ်။ အထပ်ထပ်ပြင်။ နောက်တော့ အဆင်ပြေလာမှာပေါ့။ အစ်မတုန်းကလည်း ဒီလိုပဲ။ အခုထိလည်း အယ်ဒီတာ ဆရာတွေဆီမှာ ခံနေရတုန်း"

"အင်း···မစန်း အားပေးတာနဲ့ သား ရေးကြည့်ဦးမယ်။ ဒါနဲ့ မစန်းက ဇာတ်လမ်းတွေ အမျိုးမျိုးရေးတယ်နော်။ ဘယ်လို စဉ်းစားပြီးမှ ရေးတာလဲဟင်"

"အစ်မရေးတာ အများစုက ဖြစ်ရပ်မှန်တွေ မောင်လေးရဲ့။ အစ်မနဲ့ နီးစပ်တဲ့ မိတ်ဆွေတွေ၊ ဆွေမျိုးတွေက သူတို့ကြုံခဲ့တာတွေကို ပြန်ဖောက်သည်ချကြတာတွေကို အစ်မက ရေးတာ။ တချို့ တချို့ကတော့ စိတ်ကူးယဉ်ပေါ့"

"ဟုတ်လား အစ်မ။ ဒါဆို တစ္ဆေသရဲတွေက တကယ်ရှိတာပေါ့နော်။ သားကတော့ ယုံပါတယ်။ ဘုရားဟောပေတာဝတ္ထုတွေတောင် ရှိသေးတာပဲ။ ဟော··· သား မှတ်တိုင်ရောက်ပြီ ဆင်းရတော့မယ်။ တာ့တာ··· မစန်း"

"အေးအေး···မောင်လေး"

မောင်ကျော်ဝင်းက ရီးသားပွင့်လင်းသူပီပီ တစ်ခါတစ်ရံ ထိုသို့ပင် စိတ်ထဲရှိသမျှကို မေးမြန်းတတ်သည်။ မောင်ကျော်ဝင်း နှုတ်ဆက်ပြီး ကားပေါ်က ဆင်းသွားတော့မှ ကျွန်မ အတွေးနယ်ချဲ့ ခွင့်ရသည်။ တွေးမိသည်က မောင်ကျော်ဝင်း နောက်ဆုံး ဖမ်းသွားသော မေးခွန်းနှင့် ဆက်စပ်နေ၏။ ထိုသို့ တွေးတောမိအောင် စပ်စပ်စုစု မေးမြန်းသွားသည့် မောင်ကျော်ဝင်းကိုပင် ကျေးဇူးတင်မိတော့သည်။

အင်း···တစ္ဆေ သရဲဟူသည် လောကဌ် အမှန်တကယ်ရှိပါသလား။

ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်မ ဘယ်သောအခါမျှ အချင်းမများ၊ အငြင်းမပွားတတ်ပါ။ ယုံလိုက ယုံကြည်နိုင်သည်ဟူ၍သာ ပြောပါရစေ။ ကျွန်မကို ယုံကြည်လားဟူ၍ မေးလျှင်တော့ "အင်း"ဟူသောအဖြေကို တုံ့ဆိုင်းဆိုင်း ဖြေမိလိမ့်မည်။ နို့ပေမယ့် ကျွန်မ ပတ်ဝန်းကျင်ရှိ အသိမိတ်ဆွေများကိုယ်တိုင်တွေ့မြင် ကြုံကြိုက်သော တစ္ဆေဇာတ်လမ်းပေါင်းများစွာရှိသလို၊ ကျွန်မကိုယ်တိုင်လည်း သုံးကြိမ်ထက်မနည်း အခြောက်အလှန့်ခံရဖူးသည်ဖြစ်၍ ယုံကြည်သည့်ဘက်ကိုတော့ ပိုကဲပေလိမ့်မည်။

တစ္ဆေ သရဲတွေက များသောအားဖြင့် ရန့်ပေးခြင်း၊ အသံပေးခြင်း၊ အရိပ်အယောင်ပြခြင်းတို့ကို ပြုလုပ်တတ်ကြသည်။ သနားစရာအကောင်းဆုံးအချက်မှာ တချို့ တချို့သော ဝိညာဉ်များသည် မိမိကိုယ်မိမိ သေဆုံးသွားမှန်း မသိရှိကြသေး။ သို့ကြောင့်လည်း နေ့စဉ်သွားလာနေထိုင်နေကျပုံစံအတိုင်း သွားလာလှုပ်ရှားနေကြသည့်အခါ ပတ်ဝန်းကျင်မှ လူများသည် ခြောက်လှန့်နေပြီဟု ထင်သွားတတ်ကြသည်။

ထိုတစ္ဆေတို့နှင့် ပတ်သက်ပြီး ကျွန်မနှင့် သိသော အစ်မတစ်ယောက်သည် မကြာခဏဆိုသလို ပြဿနာများ လိုက်ဖြေရှင်းပေးခဲ့ရဖူး၏။ သူ့အကြောင်းတွေကို ကျွန်မ အလျဉ်းသင့်သလို ရေးသားဖော်ပြဖူးခဲ့သော်လည်း မကြုံစဖူး ထူးကဲနက်နဲလှသော ဤသဘာဝလွန် အကြောင်းအရာတွေက ရေးသား၍ မကုန်နိုင်သေးပေ။ (တစ္ဆေစုံထောက် မိန်းကလေးဟူသော ဝတ္ထု၊ ဇာတ်လမ်းရှည်အများစုမှာလည်း သူမ၏ အကြောင်းသာဖြစ်သည်။)

ပြောရလျှင် သူမက ဝမ်းတွင်းပါ အကြားအမြင် ဆရာမဟု ဆိုရမလားမသိ။ လေးငါးနှစ်သားအရွယ်ကတည်းက ထိုမမြင်အပ်သော ပုဂ္ဂိုလ်သတ္တဝါတွေကို တွေ့မြင်နေရသူဖြစ်၏။ သူမ၏ နာမည်က "မခင်မေစိန်" ဖြစ်သည်။ သူမနှင့် ပတ်သက်၍ ကျွန်မ သိသလောက် အကြောင်းအရာများစွာထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ တချို့တစ်ဝက်ကို ကောက်နုတ် တင်ပြရလျှင်···

◈◈◈

အသက် ၅နှစ်အရွယ်ခန့်ရှိသော ခင်မေစိန်သည် မိခင်ဖြစ်သူ ဒေါ်စိန်တင့် နှင့်အတူ ရွာထိပ်ရှိ သစ်သားအိမ်ကြီး ဆီသို့ လမ်းလျှောက်ထွက်ခဲ့သည်။ ခင်မေစိန်သည် ပါရမီထူးပါရှိလာသူပီပီ ကလေးအရွယ်ကတည်းကပင် အေး ဆေးတည်ငြိမ်သူဖြစ်တာကြောင့် ငိုခြင်း၊ ဂျီကျခြင်းမရှိဘဲ ပတ်ဝန်းကျင်ရှိ လယ် ကွင်းစိုက်ခင်းများကို ငေးမောကြည့်ရှု ရင်း မိခင်၏ လက်တစ်ဖက်ကို ဆွဲ ကိုင်လျက် အေးအေးလူလူ လျှောက် လာခဲ့သည်။ မိခင်ဖြစ်သူက ရွာထိပ် အိမ်ကြီးတွင် နေထိုင်သူ ဦးဖိုးသာမောင် ထံမှ အကြွေးတောင်းရန်အတွက် ထွက်လာခဲ့ခြင်းဖြစ်လေသည်။

"ကိုဖိုးသာမောင်ရေ·· ကျွန်မ စိန်တင့်ပါ၊ ဝင်ခဲ့မယ်နော်"

အိမ်ကြီးရှေ့သို့ ရောက်သည့်အခါ ဒေါ်စိန်တင့်က ထိုသို့အော်ပြောရင်း ခင်မေစိန်၏ လက်ကို ဆွဲကာ အိမ်ထဲ သို့ ဝင်သွားလိုက်၏။ အိမ်ကြီးက မကြာ သေးမီကမှ ဆောက်လုပ်ထားခြင်းဖြစ် ပြီး လူကြီးတစ်ဖက်မျှရှိသော တိုင်လုံး ကြီးများဖြင့် ခန့်ညားကြီးကျယ်လှသော သစ်သားအိမ်ကြီးဖြစ်သည်။ ခင်မေစိန် လည်း ကလေးပီပီ ဘုန်းကြီးကျောင်း ကြီးတမျှ ကြီးမားထည်ဝါလှသော ဦးဖိုးသာမောင်၏ အိမ်ကြီးအတွင်း၌ ဟိုဟိုသည်သည် လျှောက်ပြေးကြည့်ရှု မိ၏။ ဦးဖိုးသာမောင်နှင့် ဒေါ်စိန်တင့်က တော့ အလုပ်ကိစ္စအကြောင်း ဆွေးနွေး ပြောဆိုနေကြသည်။

"ကိုဖိုးသာမောင်ရယ်···ကျွန်မ လည်း အားနာပါတယ်။ ကိုယ့်ဆွေမျိုး လိုဖြစ်နေလို့ ကျွန်မ အတိုးလည်း မယူ



ခဲ့ပါဘူး။ ဒါပေသိ အခု ကိုဖိုးသာမောင် ချေးထားတာ တစ်နှစ်နားတောင် ကပ် နေပြီ။ ကျွန်မတို့မှာလည်း သူဌေး သူကြွယ်တွေ မဟုတ်တော့ ငွေက သူ့ လုပ်ငန်းနဲ့သူ ဝင်ချည်ထွက်ချည်ဖြစ်နေ တာလေ။ အခု ကိုဖိုးသာမောင်လည်း သိတဲ့အတိုင်း စပါးတွေက ဈေးကျနေ တာမဟုတ်လား။ ကျွန်မတို့လည်း အဆင်မပြေလို့ပါ"

"ကျွန်တော်လည်း အားနာလို့ မျက်နှာ ဘယ်ထားရမှန်းတောင် မသိ တော့ဘူး။ တကယ်ပါဗျာ။ ဒီအိမ်ကို ပြောင်းလာကတည်းက ဘာအလုပ်မှ ကို မဖြစ်တာ။ ကျွန်တော် ကန်တွေ ရှုံးနေတာလည်း တစ်နှစ်ယောက်ရှိနေ ပြီမို့သာ အစ်မကြီးရဲ့ ငွေကို ပြန်မဆပ် ဖြစ်တာပါ။ စိတ်ချပါဗျာ၊ ဒီတစ်လ အတွင်း ပြန်ဆပ်နိုင်အောင် ကျွန်တော် ကြိုးစားပါ့မယ်"

"ဟုတ်ကဲ့ပါရှင်၊ ဒီလိုဆိုရင်ဖြင့် ကျွန်မအမျိုးသားကို ကျွန်မ အကျိုး အကြောင်းပြောပြလိုက်ပါ့မယ်။ ဒါဆို

ကျွန်မ ပြန်တော့မယ်။ အိမ်မှာကလည်း အငယ်ကောင်လေး ကျန်ခဲ့လို့။ ဟဲ·· သမီးရေ···သမီး···မိစိန်"

ဒေါ်စိန်တင့်က ခပ်လှမ်းလှမ်း တိုင်ကြီးတစ်လုံး၏ နံဘေးတွင် ငေးငေး ကြီး ရပ်ကြည့်နေသူ ခင်မေစိန်ကို လှမ်း အော်ခေါ်လိုက်သည်။ သို့သော်မယ် ဒေါ်စိန်တင့်၏ ခေါ်သံကို ခင်မေစိန်က ကြားဟန်မတူ။ တိုင်လုံးကြီးကိုသာ မော့ငေးကြည့်နေဆဲ။

"ဩော်···သမီးကလဲ၊ လာ··· အမေတို့ ပြန်ကြစို့။ ဦးဖိုးသာမောင်ကို နှုတ်ဆက်လိုက်ဦး"

"အင်···ဟုတ်···ဟုတ်ကဲ့၊ ဦး ···သမီးပြန်တော့မယ်နော်။ ဟို···ဦးဦး ဒီအိမ်ကြီးထဲမှာ မနေနဲ့၊ သိလား။ ဟို ···ဟိုတိုင်လုံးကြီးနားမှာလည်း မနေနဲ့ နော်"

"အယ်·· ဒီကောင်မလေး ဘာတွေ လျှောက်ပြောနေတာလဲ သွားပြီ ကိုဖိုးသာမောင်ရေ"

ဒေါ်စိန်တင့်က ခင်မေစိန်ကို တစ်ချက်ငေါက်လိုက်ပြီး နှုတ်ဆက် ထွက်ခဲ့သည်။ ကလေးမလေး အရွယ် သာရှိသည့် ခင်မေစိန်၏ စကားကို မည်သူကမျှ အလေးမထားခဲ့၍ မကြာ မီတွင် ဦးဖိုးသာမောင်တစ်ယောက် စီးပွားပျက်ကာ အိမ်ကြီးကို ခင်မေစိန် ၏ မိဘနှစ်ပါးလက်သို့ ထိုးအပ်ခဲ့ရသည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ရ၏။ ခင်မေစိန်၏ မိဘနှစ်ပါးခမျာမှာလည်း အကြွေးတွေအစား ဤပျဉ်ထောင်အိမ် သစ်ကြီးကို ပိုင်ဆိုင်လိုက်ရသဖြင့် ဝမ်း သာသင့်သည်မှန်သော်လည်း ဝမ်းမသာ နိုင်ကြချေ။ အဘယ့်ကြောင့်ဆိုသော် ထိုအိမ်ကြီးတွင် တစ္ဆေ သရဲတို့ ကိန်း အောင်းနေထိုင်နေသည်။ လာရောက် နေထိုင်သူတို့ကိုလည်း အန္တရာယ်ပြု

www.burmeseclassic.com

အောင် အမျိုးမျိုးအဖုံဖုံ ဒုက္ခပေးနေသည်ဟူ၍ တစ်ရွာလုံး၌ သတင်းပြန့်လျက်ရှိသောကြောင့်ပင်တည်း။

ထိုသို့သော အကြောင်းများကြောင့် ထိုအိမ်ကြီးကို သည်အတိုင်းပစ်ထားခဲ့သည်မှာ ခင်မေစိန်အသက် ၁၀ နှစ်သမီးအရွယ်အထိ ဖြစ်သည်။ ထိုအိမ်ကြီးတွင် နေထိုင်ရင်း ဦးဖိုးသာမောင်တစ်ယောက် စီးပွားပျက်ရုံသာမက၊ ညဥ့်နက်သန်းခေါင်ယံတွင် အသံကျက်ကြီးဖြင့် ထအော်ပြီး သွေးလေချောက်ချားကာ စိတ်ဖောက်ပြားသွားပြီးနောက် ရပ်ထဲရွာထဲက ပုဏ္ဏကတိုက်သည့် အိမ်ကြီးဟူ၍ လည်းကောင်း၊ တစ္ဆေအိမ်ကြီးဟူ၍ လည်းကောင်း ခေါ်ဆိုနေကြသဖြင့် ထိုအိမ်ကြီး၌ ခင်မေစိန်၏ မိဘများသည်လည်း မနေထိုင်ဝံ့တော့။ အိမ်ကြီးကို သည်အတိုင်း ပစ်ထားရတာကို နှမြောလှ၍ အိမ်ငှားတင်သော်လည်း၊ ရွာသိမ်ငယ်လေးတွင် ကောင်းသတင်း ပျံ့နှံ့ပြီဆိုလျှင် ဖုံးဖိခက်လှသည်ကြောင့် ထိုအိမ်ကြီးလာရောက်ငှားရမ်းနေထိုင်မည့်သူနောက်ဆုံး သည်အတိုင်းပစ်ထားလျှင် အိမ်ပျက်စီးသွားမည်ကို စိုးရိမ်၍ ငှားခမပေးဘဲ အလကားနေပါဟုဆင်းရဲသည့် မိသားစုတစ်စုကိုတင်ထားရာ တစ်လပင် မကြာ၊ ...သုံး ပြောင်းပြေးသွားကြသည်။ ...င်းသဲ့သဲ့ ပြန်ကြားသည်က အိမ်...ပေါ်မှ ကြောက်မက်ဖွယ် တစ္ဆေ...ည်းထွားထွားကြီးတစ်ကောင်က ...ထုတ်၍ ဟူ၏။

◈◈◈

"မေမေ…သမီးတို့ ဟိုအိမ်ကြီး သွားကြရအောင်"

တစ်နေ့ အသက် ၁၀နှစ်အရွယ် ခင်မေစိန်က မိခင်ဖြစ်သူ၏ လက်မောင်းကို ကိုင်လှုပ်ရင်း ခပ်တည်တည်ဆိုလိုက်သည်။ ခင်မေစိန်၏ စကားကို ရုတ်တရက် ဒေါ်စိန်တင့် သဘောမပေါက်။

"ဘယ်အိမ်ကြီးကို ပြောတာတုန်း သမီးရဲ့"

"ရွာထိပ်က သစ်သားအိမ်ကြီးလေ မေမေ။ ရွာထဲက လူတွေ ပြောပြောနေတဲ့ ပုဏ္ဏကတိုက်တဲ့ အိမ်ကြီးလေ"

"အမလေး…ဒီကောင်မလေး ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒုက္ခရောက်ကုန်တော့မှာပဲ။ ဘာလုပ်ဖို့ အဲဒီအိမ်ကို သွားမှာတုန်း"

ဒေါ်စိန်တင်က ကြောက်အားလန့်အားဖြင့် ငြင်းရင်း မျက်စိမျက်နှာပျက်လျက်ရှိသော်လည်း ခင်မေစိန်ကတော့ ခပ်တည်တည်ပင်။ ဒေါ်စိန်တင့်စကားဆုံးတော့ သူပြောလိုရာကို ဆက်ပြောသည်။

"မကြောက်ပါနဲ့ မေမေရယ်။ ဒုက္ခလည်း မရောက်ပါဘူး။ အဲဒါ သစ်စွဲပြိတ္တာကြီးပါ။ သမီး သူ့ကို မောင်းထုတ်နိုင်ပါတယ်"

"အယ်… ဒီကောင်မလေး၊ ပေါက်ကရ၊ တော်စမ်း တိတ်…အခု၊ လျှောက်မပြောရဘူး။ သမီး နောက်နောင် ဒီလိုလျှောက်ပြောလို့ကတော့ မေမေအရိုက်ပဲ။ ကြားလား မိစိန်"

ကလေးအရွယ်သာရှိသေး၍ ခင်မေစိန်၏ စကားက အရာမဝင်ပါချေ။ ဒေါ်စိန်တင့်ခမျာ သမီးဖြစ်သူထံမှ ထိုသို့သော စကားမျိုးတွေ ကြားလိုက်ရသဖြင့် သုံးလေးရက်လောက် နလုံးငြိမ်သွေးဆေးသောက် ယူရသည်အထိ ထိတ်လန့်သွားရာ၏။ မိခင်ကို ကြောက်ရွံ့ရသူဖြစ်တာကြောင့် ထိုသို့သော စကားမျိုးကို ခင်မေစိန် ထပ်မပြောတော့ဘဲ ဆိတ်ဆိတ်နေခဲ့ရသည်မှာ အသက် ၁၆နှစ်တိုင်သည်အထိ ဖြစ်သည်။

ခင်မေစိန်၏ အသက် ၁၆နှစ်ရောက်သည့်အခါ ခင်မေစိန်မိသားစု ထိုအိမ်ကြီးသို့ ပြောင်းရွှေ့ဖို့ရန် အကြောင်းဖန်လာခဲ့သည်။ ခင်မေစိန်၏ အစ်မ ခင်မှုစိန်တစ်ယောက် အိမ်ထောင်ရက်သားကျသွားပြီး၍ လက်ရှိနေထိုင်နေသော အိမ်ငယ်လေးကို သမီးဖြစ်သူအတွက် လက်ဖွဲ့ပေးလိုက်တာကြောင့် ခင်မေစိန်တို့မိသားစုလေးယောက် သစ်သားအိမ်ကြီးသို့ ပြောင်းလာခဲ့ကြသည်။ ၁၀နှစ်နီးပါး ပစ်ထားခဲ့ပြီးမှ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်၍ အိမ်ကြီးတွင် ကပ်ညှိနေထိုင်သော ပရလောကသားတို့ မရှိလောက်တော့ဟု ခင်မေစိန်၏ မိဘတွေက ယူဆထားကြပုံရသည်။ သို့သော်လည်း ပထမဦးဆုံး ရွှေ့ပြောင်းနေထိုင်သည့် ညဥ့်ပင် အခြောက်အလှန့်တို့ စ ခဲ့ကြ၏။

သိမ်ကြီးကြီးမားမား ခြောက်လှန့်ခြင်းတော့ မဟုတ်။ ညဘက် အိပ်မောကျနေချိန်တွင် ခင်မေစိန်၏ ဖခင် အသံနက်ကြီးဖြင့် ဟစ်အော်လျက် လန့်နိုးလာလေသည်။ အိပ်ရာမှ နိုးနိုးချင်း မျက်လုံးတို့ ပြူးကြောင်ကာ ပတ်ဝန်းကျင်သို့ ထိတ်လန့်တကြား လျှောက်ကြည့်သည်။ ခင်ပွန်းဖြစ်သူ၏ အော်သံကြားကတည်းက ဒေါ်စိန်တင့်မှာ ဖယောင်းတိုင် မီးထွန်းညှိထားပြီးပြီမို့ တစ်အိမ်လုံးတွင် အလင်းရောင်ဖြန့်ကျက်ခင်းနေသဖြင့် တစ်စုံတစ်ရာ ချောက်ချားစရာ မတွေ့ရ။ ဖခင်ဖြစ်သူ၏ အော်သံကြောင့် တစ်ဖက်ခန်းတွင် အိပ်စက်နေသော ခင်မေစိန်တို့ မောင်နှမလည်း အခန်းတွင်းသို့ ပြေးဝင်လာကြပြီ။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုကြီး…ရှေး ရေသောက်လိုက်ဦး။ ဘာဖြစ်လို့လဲ အစ်ကိုကြီးရယ်"

ဒေါ်စိန်တင့်က ခင်ပွန်းဖြစ်သူ ဦးသာမောင်အတွက် ရေအေးတစ်ခွက် ခပ်တိုက်ရင်း မေးသည်။ ဦးသာမောင် မဖြေနိုင်သေး။ ရေအေးကို ခပ်မြန်မြန် မော့သောက်ရင်း စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်လိုက်ပြီးမှ…

"ဘာ…ဘာမှမဟုတ်ပါဘူးကွာ။ ဟို…အိပ်…အိပ်မက်ဆိုး မက်တာပါ"

"ဘယ်လိုမက်လို့လဲ ဖေကြီးရယ်။ သားကြောက်လိုက်တာ"

၁၀နှစ်သား ကောင်လေး ထွေးမာန်က ကလေးပီပီ အသံတုန်တုန်ယင်ယင်ကလေးနှင့် မေး၏။ ခင်မေစိန်က မောင်ငယ်လေးကို ကြင်ကြင်နာနာပွေ့ဖက်လိုက်ရင်း…

"မကြောက်ပါနဲ့ မောင်လေးရယ်။ အလကား…အတ္တဘောကောင်ကြီးပါ။ ရုပ်ဆိုးတာက လွဲပြီး ဘာအစွမ်းမှ မယ်မယ်ရရ မရှိပါဘူး"

ဟု နှစ်သိမ့်လိုက်သဖြင့် ဦးသာမောင် သမီးငယ်ကို တအံ့တသြလှမ်းကြည့်မိသည်။ ဦးသာမောင် မအံ့သြပဲ ရှိပါ့မလား။ အိပ်မက်ထဲတွင် မိမိခြေရင်း၌ အသားမည်းမည်း ခန္ဓာကိုယ်တုတ်တုတ်နှင့် ဂင်တိုတို ကုလားလိုလို လူကြီးတစ်ယောက်က မားမားကြီးရပ်နေပြီ နီရဲရဲ မျက်လုံးပြူးကြီးများဖြင့် မိမိအား စိုက်ကြည့်နေခဲ့၍ ယခုကဲ့သို့ ကြောက်လန့်တကြား ဟစ်အော်လိုက်မိခြင်း မဟုတ်ပါလား။ ယခုများတော့ သမီးငယ်က ထိုသတ္တဝါကြီးကို မြင်တွေ့ဖူးသည့်အလား အေးအေးလူလူ ပြောဆိုနေသည်မို့ တအံ့တသြလှမ်းကြည့်လိုက်မိခြင်းဖြစ်၏။ ခင်မေစိန်ကတော့ မိဘတွေ မည်သို့တွေးမလဲ မစဉ်းစား။ မောင်လေး စိတ်ချမ်းသာစေရန်အတွက်သာ အားပေးနှစ်သိမ့်နေ၏။

"ကဲ…ကဲ…ဖေကြီး ဘာမှ မဖြစ်တော့ဘူး။ မကြောက်နဲ့ သွား… ကလေးတို့၊ သွားအိပ်ကြတော့"

မိဘတွေက သွားအိပ်ခိုင်း၍ ခင်မေစိန်က မောင်ငယ်လေးကို လက်ဆွဲလျက် တစ်ဖက်ခန်းသို့ ထွက်သွားကြသည်။ ထိုအခါမှ ဦးသာမောင်ခမျာ မိမိအိပ်မက်အကြောင်း ဒေါ်စိန်တင့်ကို ရင်ဖွင့်ရသည်။ အိပ်မက်အကြောင်း သိရတော့ ဒေါ်စိန်တင့်မှာလည်း မည်သို့ ဖြေရှင်းရမလဲ မသိ။ ဘုန်းကြီးပင့်ပြီး ကမ္မဝါဖတ်ဖို့ရန်ကျတော့ သေးနုတ်လှသော သူတို့ရွာကလေးတွင် ဘုန်းကြီးကျောင်းက နီးနီးနားနားမရှိ။ မြစ်တစ်ဖက်ကမ်းသို့ လှေဖြင့် ကူးပြီး တစ်ရက်လောက်သွားမှ ဘုန်းကြီးကျောင်းရှိရာ တစ်ဖက်ရွာဆီသို့ ရောက်နိုင်မည်။ ထိုသို့ သွားပင့်ဖိတ်ဖို့ကျလည်း ဦးသာမောင် သွားဖိတ်နေလျှင် အိမ်၌ ဒေါ်စိန်တင့်နှင့် ကလေးတွေသာ ကျန်ရစ်ခဲ့ရမည်ဖြစ်၍ ထိုသို့လည်း နေရဲကြမည်မဟုတ်။ ထိုညက ဦးသာမောင်နှင့် ဒေါ်စိန်တင့်တို့ခမျာ မအိပ်ရဘဲ မိုးလင်းခဲ့ရသည်။

ခင်မေစိန်သည် ဒသမတန်းကို ရန်ကုန်မြို့တွင် ဘော်ဒါသွားရောက်နေထိုင်ကာ ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၏။ သို့သော် ခင်မေစိန်ဟာ ထိုသို့ မမြင်အပ်သော ပုဂ္ဂိုလ်တို့အား အကျွမ်းတဝင် မြင်တွေ့နိုင်မှန်း မိဘများသာမက၊ ဆွေမျိုးသားချင်းများကလည်း မသိကြ။ ခင်မေစိန်ကလည်း သူ့ပါရမီနှင့်သူမို့ ထိုကိစ္စကို လူတကာအား ပြောမပြ။ ပြောပြလျှင်လည်း ယုံကြည်ကြမည့်သူထက် မယုံကြည်ဘဲ လှောင်ပြောင်ကြမည့်သူက ပိုများမည်မှန်း ခင်မေစိန် သိနေသည်။ သို့ကြောင့်လည်း တစ်ကိုယ်တည်း တခြား… မသိအောင် တိုးတိုးတိတ်တိတ် ကြိ… ဖြေရှင်းပေးခဲ့ရသည့် ပြဿနာတွေ… လည်း မနည်း။

◈◈◈

နောက်တစ်နေ့ညတွင် ယမန်… ညကကဲ့သို့ အိပ်မက်မြင်မက်မည်စိုး… ဦးသာမောင်သည် သတိနှင့် မေးရုံသာ… မှေးနေလိုက်သည်။ ယောက်ျားကြီးတ… မဲ့ ဤမျှလောက် ကြောက်ရွံ့ရသလား… ဟု အပြစ်တင်လျှင်လည်း ဦးသာမော… ခံရမည်သာ။ အိပ်မက်ဟု ဆိုရပေမဲ့… အိပ်မက်နှင့် မတူဘဲ၊ အပြင်၌ အ… တကယ်ဖြစ်ပျက်နေသည့်အလား ခံ… လိုက်ရသည့် ထိုအိပ်မက်မျိုး… ကိုယ်တိုင်ကြုံတွေ့ မြင်မက်ဖူးသူ… ဦးသာမောင်၏ ကြောက်စိတ်ကို … လည် သဘောပေါက်နိုင်လိမ့်မည်။ … ကြောင့်လည်း ယနေ့ညတွင် မနေ့… ကလို ကြုံတွေ့ရမည်ကို စိုးရွံ့သ… ဦးသာမောင် နှစ်နှစ်ခြိုက်ခြိုက် မအိ… ဝံ့တော့ဘဲ မှေးရုံသာ မှေးစက်နေလို… ၏။

ထိုစဉ် ခြေရင်းခန်းဆီမှ ခြေ… သဲ့သဲ့ကို ကြားလိုက်ရသဖြင့် ဦး… မောင် လန့်နိုးသွားသည်။ အသံက … ချပ်များကို ခပ္ပွပွနင်းလျှောက်နေသ… အသံ။ တစ္ဆေခြောက်တာများလား… ဦးသာမောင် တွေးမိပေမယ့် တစ်… ကလည်း သူခိုးဝင်တာများ ဖြစ်မ… ဟု စိုးရိမ်သွားမိ၏။ ရပ်ထဲရွာထဲ… ဦးသာမောင်တို့မိသားစုက မျက်… စာရင်းဝင်တွေ မဟုတ်လား။ သူခိုး… ဦးသာမောင်တို့ မိသားစု၏ ကြေ… စိတ်ကို အခွင့်ကောင်းယူကာ ယ… အချိန်တွင် ဝင်ရောက်လာနိုင်သ…



www.burmeseclassic.com

www.burmeseclassic.com

သာမောင် ခြေရင်းခန်းကို သွားရောက်ကြည့်ရှုရန် ဆုံးဖြတ်လိုက်သည်။

ဤတွင် အိမ်၏ ပုံသဏ္ဌာန်ကို ယဘုယျ တင်ပြရလျှင် အိမ်ကြီးသည် ထောင် သွပ်မိုးအိမ်ကြီးဖြစ်ပြီး အိမ်ကြီးများကဲ့သို့ တိုင်လုံးကြီးများ အိမ်မကြီးအား ထောက်ပံ့ အလှ ထားသည်။ ညေ့ခန်းနှင့် ထမင်းစား သည် ဒိုးယိုပေါက်တွေ့ မြင်နိုင်ပြီး ရင်းဘက်တွင် တည်ရှိသည်။ ထမင်း ခန်းဘေး လမ်းသွယ်လေးမှ ဆက် လျှင် မီးဖိုချောင်၊ ရေအိမ်နှင့် ရေ ခန်းသို့ ရောက်ရှိသည်။ အိပ်ခန်း ခန်းက ထိုလမ်းသွယ်လေးဘေး မင်းစားခန်းနှင့် ကပ်လျက်တွင် ည်ရှိ၏။ ဦးသာမောင်က အိပ်ခန်း မှ ထွက်လာကာ ထမင်းစားခန်းသို့ ရဲချောင်းကြည့်လိုက်သည်။

"အား…"

"အစ်ကိုကြီး … ·အစ်ကိုကြီး သာမောင်"

ဒေါ်စိန်တင့်၏ ခေါ်သံကြောင့် မောင် အိပ်မက်မက်နေရာမှ လန့် ခဲ့သည်။ အိပ်ရာမှ ငေါက်ခနဲ ထ ပြီး ဘာတွေဖြစ်နေတာပါလိမ့်ဟု ဝေါ်တွေးနေရာမှ ဩော်…စောစော ဒါ အိပ်မက်မက်နေတာပါလားဟု တွေးလိုက်မိသဖြင့် အနည်းငယ် သက်သာရာ ရမိသော်လည်း လန့်စိတ်ကတော့ မပျောက်သေး။ နေ့ညကအတိုင်း ဇနီးသည် ကော ရေအေးတစ်ခွက်ကို ကျိုက်တည်း မော့ချလိုက်မိသည်။

"ဘာဖြစ်တာလဲရှင်၊ ဘာလို့ ကြီးနဲ့ အော်ရတာလဲ" ဟု ဒေါ်စိန်တင့် မမေးတော့။ မောင် မနေ့ညကကဲ့သို့ အိပ်မက် မြင်မက်ခြင်းသာ ဖြစ်မည်ဟု



မိမိဘာသာမိမိ သုံးသပ်လိုက်မိ၏။ ဦးသာမောင်၏ အိပ်မက်အပေါ် မိမိ ကိုယ်တိုင်လည်း ထိတ်လန့်မိပေမယ့် အိပ်ခန်းတွင်းသို့ စိုးရိမ်တကြီး ပြေးဝင်လာကြသော သားသမီးနှစ်ယောက်ကို ငဲ့ပြီး မကြောက်သလို မာန်တင်းထားရသည်။

ခင်မေစိန် ကြည့်မနေနိုင်တော့။ စောစောက မိမိတို့ မိသားစုအား အန္တရာယ်မပြုနိုင်ပါဘူးဟု တွက်ဆထား၍ ပညာကို ဖုံးဖိပြီး ဘာသိဘာသာနေထိုင်မိသော်လည်း ယခုလို မိမိဖခင်အား အိပ်ရေးပျက်ရုံမက၊ စိတ်ချောက်ချားလောက်သည်အထိ ညစဉ်ရက်ဆက် အိပ်မက်ပေး ခြောက်လှန့်နေမှုအပေါ် ခင်မေစိန် ဝင်ရောက် တားဆီးရတော့မည်။ ထိုသစ်စွဲ ပြိတ္တာကြီးနှင့် မျက်နှာချင်းဆိုင်ရတော့မည်။

သစ်စွဲ ပြိတ္တာကြီးဟာ ခင်မေစိန် ခေါ်ယူမှုညီတွင်ရခြင်းမှာ သစ်တိုင်လုံးကြီးတစ်လုံးအပေါ် အခွံပြုကာ မကျွတ်လွတ်နိုင်ဘဲ ကပ်ညိနေသောကြောင့် ပင်ဖြစ်၏။

◈◈◈

"သင် … ဘာလို့ ကျွန်မတို့ မိသားစုကို နှောင့်ယှက်နေရတာလဲ"

နောက်တစ်နေ့နံနက် မိဘနှစ်ပါးနှင့် မောင်ငယ်လေးတို့အား အစ်မဖြစ်သူထံသို့ ဥပါယ်တံမျဉ်နှင့် သွားခိုင်းလိုက်ပြီး အိမ်တွင် ခင်မေစိန်တစ်ဦးတည်းသာ ကျန်ရစ်ခဲ့သည့်အချိန်တွင် ထိုစကားကို ဆိုလိုက်ခြင်းဖြစ်၏။

သစ်လုံးတိုင်ကြီးတွင် ဇောက်ထိုးကြီးနေလျက်ရှိသော ထိုသစ်စွဲ ပြိတ္တာကြီး၏ ရှေ့မှောက်၌ ခပ်မတ်မတ်ရပ်ကာ ဆရာက တပည့်ကို ဟောက်သကဲ့သို့ တည်တည်တံ့တံ့ မေးမြန်းလိုက်သည်။

"ဒါ ငါ့နေရာ။ ငါ့နေရာမှာ နင်တို့က လာနေတာ။ ဒါကြောင့် ငါက နင်တို့ကို နှောင့်ယှက်နေရတာ။ နင်တို့ ထွက်သွားကြ"

"သင်မှားနေပြီ။ ဒီတိုင်လုံးကို ဒီအိမ်မှာ ဆောက်လုပ်လိုက်ကတည်းက ဒီအိမ်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်သွားပြီဖြစ်တဲ့အတွက် သင်ဟာ ဒီတိုင်လုံးနဲ့ မသက်ဆိုင်တော့ဘူး။ သင် ဒီမှာ နေလို့ မရဘူး။ ဒီအိမ်ပိုင်ရှင်ကိုလည်း မနှောင့်ယှက်သင့်ဘူး"

"အောင်မာ…ငါ့ကို ဘာကောင်မှတ်နေလဲ။ ငါက နင်တို့တစ်မိသားစုလုံးကို အသေသတ်ပစ်နိုင်တယ်။ နင်တို့သွားရင် သွား၊ မသွားရင်တော့ ငါ့ အဆိုးမဆိုနဲ့"

သစ်လုံးတိုင်ကြီးတွင် နှစ်ရာချီစွဲကပ်နေထိုင်ခဲ့ရသော၊ ဤတိုင်ကြီးကို အိမ်တိုင်လုံးအဖြစ် အသုံးမပြုမီ သစ်ပင်ဘဝကတည်းက တွယ်ငြိ ရှင်သန်နေသော ထိုသစ်စွဲ ပြိတ္တာကြီးကလည်း ခေသူတော့ မဟုတ်။ တော်တန်ရုံလူနှင့်မရ၊ ပြမရသဖြင့် ဤမျှလောက်အချိန်အထိ ကပ်ငြိနေထိုင်နိုင်ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

၍ အရွယ်ငုတ်စိသာသာရှိသော ခင်မေစိန်ကို နည်းနည်းမျှ ဂရုမစိုက်။

အမျိုးမျိုးသော ပယောဂ ဆရာသမား မြောက်များစွာနှင့် တွေ့ဆုံဖူးခဲ့ပြီး ဆရာအားလုံး လက်မြှောက် အရှုံးပေးကာ ထွက်ပြေးသွားကြလောက်အောင် အစွမ်းသတ္တိရှိသော သစ်စွဲပြိတ္တာကြီးအား အပြောဖြင့် နှင်၍ရမည်မဟုတ်ကြောင်း ခင်မေစိန် သဘောပေါက်လိုက်သည်။ သို့ကြောင့် နှုတ်မှ...

"ချုပ်စမ်း"

ဟု တစ်ချက်အော်လိုက်ရာ တိုင်လုံးတွင် ဇောက်ထိုးဆွဲနေသော သတ္တဝါကြီးမှာ ချက်ချင်းပင် ကြမ်းပေါ်သို့ ဝုန်းခနဲ ပြုတ်ကျလာ၏။ အကျနာရုံသာမက၊ ကိုယ်လက်တို့ကလည်း ကြိုးအထပ်ထပ် တုပ်နှောင်ခံထားရသောကြောင့် နာကျင်နေလေပြီ။

"အမလေး...မလုပ်ပါနဲ့တော့။ ဒီလောက်အဆင့်ရှိမှန်း မသိလို့ ပြောမိတာပါ။ ကျုပ်ကို လွှတ်ပေးပါ။ ကျုပ်တောင်းပန်ပါတယ်"

"ဟုတ်ပြီ ဒါဆိုရင် သင် နောက်နောင် ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးတော့ပါဘူး၊ ဒုက္ခမပေးတော့ပါဘူးလို့ သစ္စာရေသောက်ရမယ်။ နောက်ပြီး အမျှအတန်းပေးဝေတာကို ကြားနာရတဲ့အခါ သာဓုခေါ်ဆိုပါ့မယ်လို့လည်း ကတိပေးရမယ်။ ဒါဆိုရင် ကျွန်မ လွှတ်ပေးမယ်"

"ဟုတ်...ဟုတ်ကဲ့ပါ။ ကျုပ်ကတိပေးပါတယ်။ လွှတ်ပေးပါတော့။ အသားတွေ နာလှပါပြီ"

ဘီလူးကြီးတမျှ ထွားကျိုင်းသန်မာလှသော သစ်စွဲ ပြိတ္တာကြီးမှာ မြေပြင်တွင် လူးလိမ့်မတတ် ခံရခက်နေဟန်ဖြင့် ကတိအထပ်ထပ်ပေးကာ ကြိုးဖြတ်ပေးပါရန် တောင်းဆိုနေတာကြောင့် ခင်မေစိန်လည်း သောက်ရေတစ်ခွက်ကို ခပ်လိုက်ပြီး...

"ကဲ...ယိုက်ဆို။ အရှင်ဘုရား...ဘုရားတပည့်တော်သည် ဤနေ့ ဤရက် ဤအချိန်မှစ၍ သူတစ်ပါးတို့အား မိမိ၏ တန်ခိုးအစွမ်းဖြင့် ဒုက္ခပေးခြင်း၊ အနှောင့်အယှက်ပေးခြင်းများ မပြုတော့ပါ။ ပြုမိပါက မိမိကိုသာ တန်ပြန်သက်ရောက်ပါစေသား"

ဟူ၍ တိုင်တည်ပေးပြီး သစ္စာရေသောက်စေသည်။

လူ့ကျွဲကြီးကလည်း တုပ်နှောင်ခံထားရသော ကြိုးများကြားတွင် နာကျင်လွန်းလှသဖြင့် ခင်မေစိန် တိုင်တည်ပေးသည့်အတိုင်း တစ်သွေဝေမတိမ်း ရွတ်ကာ သစ္စာရေကို သောက်သုံးလိုက်၏။ ပုံစံကို ကြည့်ရသည်မှာ ယခင်ကနှင့် မတူတော့ဘဲ နောင်တဝင်ကာ အသိတရားရသွားဟန် တူသည်။

ဤကဲ့သို့ ဣဒ္ဓိပါတ်တန်ခိုးကြီးစွာနှင့် သက်တမ်းရင့်သော တစ္ဆေသရဲ ပရလောကသားအဖြစ် ရပ်တည်နေရခြင်းမှာ ဘဝပေး ကုသိုလ်ကံကြောင့်ပါသလို၊ ထိုဘဝတွင် ကြာမြင့်လာသည့်အခါ ချေးထဲက လောက်၊ ချေးထဲမှာ ပျော် ဆိုသကဲ့သို့ ထိုဘဝတွင် ပျော်ဝင်သာယာပြီး အမျှအတန်းပေးဝေသကြားသော်လည်း ဘဝကူးပြောင်းလိုစိတ်မရှိတော့သဖြင့် သာဓုမခေါ်ဆိုဘဲ နေသောကြောင့် သက်တမ်းရင့်သထက် ရင့်ကာ မကျွတ်မလွတ်နိုင်ဖြစ်နေကြခြင်းဖြစ်မည်ဟု ခင်မေစိန်ယူဆမိသည်။

◈◈◈

ခင်မေစိန်၏ ခဲအို၊ ခင်မူစိန်၏ အမျိုးသားက တစ်ဖက်ရွာသို့ သွားကာ ဘုန်းကြီးသုံးပါးပင့်လာသောကြေ ယခုအခါတွင် ခင်မေစိန်တို့အိ အိမ်တက်ပွဲအလှူ ပြုလုပ်နေလေ ခင်မေစိန်တို့ နေထိုင်သော ဆပ် ကုန်းရွာတစ်ရွာလုံးတွင် အခမ်းနား အလှူဖြစ်သလို၊ ပုဏ္ဏကအိမ်ကြ မကောင်းသော ပယောဂတို့ကို မြတ်သည့် ပရိတ်၊ ပဋ္ဌာန်းတရားေ တို့ဖြင့် သန့်စင်ပေးတော့မည်ဖြစ် အတွက် တစ်ရွာလုံး စိတ်ချမ်းသာ တရားနာရန် ကြွရောက်ကြသည်။

အလှူအိမ်ဆီမှ ကျယ်လော ထွက်ပေါ်လျက်ရှိသော လော်စပီက ချက်ပြုတ်ကြော်လှော်သူများ၏ မော စ,နောက်သံ၊ ကြွရောက်လာ တရားနာ ပရိသတ်အပေါင်း၏ တ ဓမ္မအကြောင်း ဆွေးနွေးပြောဆိုသံ သည် ခင်မေစိန်၏ အိမ်ကို မ ကျက်သရေ ဝေစည်နေစေ၏။ အ ထဲမှ အကောင်းဆုံးသော မင်္ဂလာ ဘုန်းတော်ကြီးများ အမျှပေးဝေ အခါ ခင်မေစိန် ကြားသိလိုက်ရ သစ်စွဲ ပြိတ္တာကြီး၏ သာဓုခေါ်ဆို ဖြစ်လေတော့သည်။ ■

* - *

ဂါဦး






www.burmeseclassic.com

www.burmeseclassic.com




**ကမ္ဘာ့အကြီးဆုံး သင်္ချိုင်း**

ရုတ်တရက်ကြည့်ပါက မြို့ကြီးအလားဟု ထင်မှတ်သွားစရာပင်။ အမှန်တကယ်တော့ မြို့ကြီးတစ်မြို့မဟုတ်ဘဲ ကမ္ဘာ့အကြီးဆုံး သင်္ချိုင်းကြီးဖြစ်သည်။ အီရတ်နိုင်ငံတွင် တည်ရှိလေသည်။



**ခမ်းနားသော စာကြည့်တိုက်**

ဂျာမနီနိုင်ငံရှိ ခမ်းနားထည်ဝါလှသော စာကြည့်တိုက်တစ်ခု၏ ပုံဖြစ်ပါသည်။ သပ်ရပ်သော ဒီဇိုင်းပုံကလည်း ...အများကို ဆွဲဆောင်မှုရှိသည်။





www.burmeseclassic.com

www.burmeseclassic.com



လ,မဟာ

စူပါမွန်း(Super moon) ဟု ခေါ်သော လနှင့် အ[illegible] နီးကပ်နေချိန်တွင် ရိုက်ကူးထားသောပုံဖြစ်သည်။ ထိုပုံ[illegible] ဂရိနိုင်ငံတွင် ရိုက်ကူးခဲ့သည်။



ရေတံခွန်စားသောက်ဆိုင်

ဖိလစ်ပိုင်နိုင်ငံရှိ ရေတံခွန်တစ်ခု၏ အခြေတွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင်၏ ပုံဖြစ်သည်။ အစားအသောက်များ၏ အရသာကို ခံစားရင်း သဘာဝ ရေမြေတောတောင်များ၏ အလှတရားကိုပါ တစ်ပြိုင်နက် ခံစားရရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အဘိုးအဘွားတို့မြေ

ဂျပန်နိုင်ငံရှိ အိုကီနာဝါကျွန်းတွင် အသက် ၁၀၀နှင့်အထက် အဘိုးအဘွား(၄၅၀)ကျော် နေထိုင်ကြကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အကျန်းမာဆုံးသော လူသားများအဖြစ်လည်း ကျွန်းသူကျွန်းသားများကို တင်စားခေါ်ဝေါ်ကြသည်။






## နက္ခတ္တဗေဒနာရီ

နက္ခတ္တဗေဒဆိုင်ရာ နာရီတစ်လုံး၏ ပုံဖြစ်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com

## စိတ်ဓာတ်စွမ်းအား

Terry Fox ဆိုသူ အသက် ၂၁နှစ်အရွယ် ကင်ဆာ ဝေဒနာရှင်လေးသည် ကနေဒါနိုင်ငံကို ဖြတ်သန်း၍ မိုင်ပေါင်း (၃၃၃၉) မိုင်ကို ၁၄၃ ရက်နှင့် မာရသွန်ပြေးခဲ့သည်။ သူသည် ခြေထောက်တစ်ဖက်ဆုံးရှုံးထားသော မသန်စွမ်းလူငယ်လေး တစ်ဦးလည်းဖြစ်ကာ၊ သူ မသေမီ ပြေးသွားခဲ့ခြင်းလည်းဖြစ်သည်။





## ဦးနှောက်ပုံ ဦးခေါင်း

Cutis Verticis Gyrata ဆိုသူသည် ရှားပါးသော အရေပြားပုံစံအခြေအနေကြောင့် သူ၏ ဦးရည်သည် ဦးနှောက်ပုံသဏ္ဍာန်ဖြစ်ပေါ်နေရသည်။




www.burmeseclassic.com

www.burmeseclassic.com

### ရေခဲတံတား

အေးခဲနေသော ရေပြင်ကို ဖြတ်၍ စကိတ်စီးရသော အရသာကို ခံစားကြည့်လိုပါသလား။ နယ်သာလန်နိုင်ငံရှိ ရေကန်သည် တစ်ကန်လုံးနီးပါး ရေခဲနေခဲ့ပြီး တံတားသဏ္ဍာန် အဖြူရောင်လမ်းကြောင်းကြီးသည် စကိတ်စီးသူများ၏ လမ်း ကြောင်းရာကြီးဖြစ်သည်။ အပူပိုင်းနိုင်ငံများရှိ ရေကန်များ သည် အပူရှိန်ကြောင့် ရေများ ခန်းခြောက်နေရကာ၊ အအေး ပိုင်း နိုင်ငံများ၌မူ ရေကန်များသည် ရေခဲမှတ်အောက် အပူ ရှိန်ကြောင့် ဤကဲ့သို့ အေးခဲနေလေ့ရှိကြသည်။



### သစ်သားနာရီ

သတ္တုနာရီ၊ ပလတ်စတစ်နာရီ၊ သားရေကြိုးတပ် နာရီများကို ဝတ်ဆင်နေရသည်ကို ငြီးငွေ့လာပါက အပြောင်းအလဲတစ်ခုအဖြစ် သစ်သားဖြင့် ပြုလုပ်ထားသော နာရီကို ဝတ်ဆင်ကြည့်ပါ။ နာရီတစ်ခုလုံးကို သစ်သားချည်းဖြင့်သာ ပြုလုပ်ထားခြင်းဖြစ်သည်။



### ကမ္ဘာ့အသေးငယ်ဆုံး ဘွန်ဆိုင်း

ကမ္ဘာ့အသေးငယ်ဆုံး ဘွန်ဆိုင်းပင်လေးသည် ၂၂ မီလီမီတာအမြင့်သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



### ကြက်ဆျေး၏ အသုံးဝင်ပုံ

ကြက်ဆျေးကို ထိပ်ပြောင်သူများအတွက် ဆေး တစ်ခွက်အဖြစ် ၁၇ရာစုခန့်က အင်္ဂလန်နိုင်ငံတွင် အသုံး ခဲ့ကြဖူးကြောင်း လေ့လာသိရှိရပါသည်။

### သစ်ပင်လိုဏ်ခေါင်းလမ်းလေး

သစ်ပင်များ တစ်ပင်နှင့် တစ်ပင် ယှက်နွယ်နေပြီး လိုဏ်ခေါင်းသဖွယ် လမ်းလေးဖြစ်ပေါ်နေပုံကို မြောက်အိုင်ယာလန်နိုင်ငံတွင် တွေ့မြင်ရသည်။





### ကမ္ဘာ့အပျော်တတ်ဆုံးသော တိရစ္ဆာန်လေးများ

ကမ္ဘာပေါ်တွင် အပျော်တတ်ဆုံးဖြစ်ပြီး စိတ်ချမ်းသ ဖွယ်ရာ ပြုံးပျော်ရွှင်နေကြသော တိရစ္ဆာန်ငယ်လေးများ ပုံကို ကြည်နူးဖွယ် မြင်တွေ့ရသည်။

### မိဘမေတ္တာ

လူသားများ၌သာမက၊ တိရစ္ဆာန်များတွင်လည်း မိဘမေတ္တာစိတ်ရှိကြသည်။ ပုံတွင် တိရစ္ဆာန်များ၏ မိဘမေတ္တာကို ဖော်ကြူးနေပုံများအား လေးစားဖွယ် မြင်တွေ့ရသည်■

* * *


မောင်လင်းအောင်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် ရွှေမြယာသို့ မရောက်ဖြစ်ခဲ့သည်က နှစ်အတန်ပင် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ တိတိပပဆိုရလျှင် နှစ်ပေါင်းလေးဆယ်ကျော်နီးပါးပင် တိုင်ခဲ့ချေပြီ။ သို့တိုင် ကျွန်ုပ်သည် ရွှေမြယာနှင့် ပတ်သက်ခဲ့ရသည့် ဘဝအစိတ်အပိုင်းအစများကို ကျွန်ုပ်နှလုံးသားတွင် မေ့လျော့မိအောင် အခါခါကြိုးစားမိသော်လည်း အချည်းနှီးပင် ဖြစ်ခဲ့ပါသည်။

အဘယ့်ကြောင့် ဆိုရသော် ရွှေမြယာသည် ကျွန်ုပ်ဘဝတွင် မထင်မှတ်ဘဲ တွေ့ကြုံခံစားရသည့် အဖြစ်အပျက်များထက် ပို၍ထူးဆန်းအံ့ဩဖွယ်ရာအတိဖြစ်ခဲ့ရသည်က မယုံကြည်နိုင်စရာအမှန်ပင် ဖြစ်ပါသည်။ ဆိုရလျှင် ကျွန်ုပ်ဘဝတွင် ယခုကဲ့သို့ ရွှေမြယာနှင့် ထူးထူးခြားခြား ဆက်နွယ်ခဲ့မည်ဟု ဘယ်တုန်းကမှ မျှော်လင့်မထားဘူးသလို၊ အိပ်မက်ထဲ၌လည်း ယောင်လို့ပင် မမက်ဖူးခဲ့ချေ။

ယခုသော် ကျွန်ုပ်ကြုံတွေ့ခဲ့သည့် အဖြစ်ကို ကြားသိသူတိုင်း ယုံကြည်နိုင်ဖွယ်ရာ တစိုးတစိမျှ ရှိလိမ့်မည်မထင်ပါ။ ကျွန်ုပ်ဘက်က ရွှေမြယာနှင့် ပတ်သက်ခဲ့သည်ကို ခိုင်မာသည့် သက်သေသာဓကများ ပြပါဆိုလျှင် ပြဆိုနိုင်ခြင်း အလျဉ်းမရှိခဲ့ပါ။ သို့အတွက် ကျွန်ုပ် ရွှေမြယာနှင့် ပတ်သက်ခဲ့သမျှ အဖြစ်အပျက်များကို ပြောပြခဲ့လျှင် ကျွန်ုပ်ကို သူရူးတစ်ယောက်ဟု ဆိုကြမည်မှာ မလွဲကေန်ပင် ဖြစ်ချိမ့်မည်။

သို့သော် ကျွန်ုပ်အား သူရူးတစ်ယောက်ဟု ယိုးစွပ်စေကာမူ၊ ကျွန်ုပ်ရင်ထဲတွင် နက်နက်ရှိုင်းရှိုင်း ခံစားခဲ့ရသည့် ဝေဒနာများ အတန်ပင် ပြေလျော့သွားမည်ဟု ကျွန်ုပ် ယုံကြည်မျှော်လင့်မိပါသည်။

ထို့ကြောင့် ကျွန်ုပ်ဘဝနှင့် ဆက်နွယ်ခဲ့သည့် ရွှေမြယာအဖြစ်အပျက်များကို ကျွန်ုပ် ဤသို့ နိဒါန်းချီ၍ ပြောဆိုရခြင်း ဖြစ်ပါသည်။

ပြောရပါလျှင် ကျွန်ုပ်အသက် ၂၀ ကျော်အရွယ်က ဖြစ်ပါသည်။

◈◈◈

သူရိယ နေမင်းကြီးသည် အနောက် ဂေါယာကျွန်းသို့ တိမ်းစောင်းယွန်းစ အချိန်ဖြစ်သည်။ ကျွန်ုပ်ရောက်ရှိနေသည်က ရောဝတီမြစ်ကမ်းနံဘေးရှိ ပြန့်ပြူးညီညာသည့် မြေနေရာလေးတစ်ခုတွင်ဖြစ်သည်။ ကျွန်ုပ်သည် ညနေ ဆည်းဆာတိမ်တောက်ချိန်အလှကို စောင့်စားပြီး ပန်းချီရေးဆွဲနေခြင်းမှာ ရက်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ယခုလို ညနေ ဆည်းဆာ တိမ်တောက်ချိန်ကို ရက်အတန်ကြာ စောင့်စားပြီး ပန်းချီရေးဆွဲနေရခြင်းသည် ကျွန်ုပ်၏ ပင်ကိုယ်ဓာတ်ခံ ဝါသနာကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်သည် အတိတ်ဘဝက ဖြည့်ဆည်းခဲ့သည့် ပါရမီ ပါရှိခဲ့၍လား မသိချေ။ ငယ်ရွယ်စဉ်ကတည်းက ပန်းချီရေးဆွဲခြင်း အတတ်ပညာကို ခုံမင်နှစ်ခြိုက်သဖြင့် လေ့လာလိုက်စားခဲ့ရာ ပန်းချီပညာ အဆင့်အတန်း မမြင့်မားသော်လည်း အတန်အသင့် ပန်းချီပညာ၏ အရောင်အသွေးနှင့် သဘာဝ ပတ်ဝန်းကျင်အလှများကို ရေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ် အနှစ်ခြိုက်ဆုံးဖြစ်သည့် သဘာဝရှုခင်း ပန်းချီကားထဲတွင် တိမ်တောက်ချိန် ဆည်းဆာအလှက ကျွန်ုပ်နှလုံးသားကို ပို၍ဆွဲဆောင်နေခြင်းဖြစ်သည်။ သို့သော် စိတ်တိုင်းမကျဖြစ်မိ၍ ယခုလို ရက်အတန်ကြာလင့်ခဲ့ခြင်း ဖြစ်သည်။

ယခုသော် ကျွန်ုပ်မျက်စိထဲတွင် မြင်တွေ့နေရသည့် ကောင်းကင်ပြင်ကြီးထဲတွင် တိမ်နီ၊ တိမ်ပြာ၊ တိမ်ဝါတို့၏ လှုပ်ရှားမှုအမျိုးမျိုးနှင့်အတူ နောက်ခံ ပေါ်လာသည့် လိမ္မော်ရောင် ဆည်းဆာ အလှက ကျွန်ုပ်နှလုံးသားဓာတ်ခံကို ညှို့ငင်ဆွဲယူနေခဲ့ဖြစ်သည်။

ကျွန်ုပ်သည် သဘာဝ ရှုခင်း ပန်းချီကားကို စိတ်တိုင်းကျ အာရုံသက် ဝင်ပြီး ရေးဆွဲနေမိသည်က မည်မျှ ကြာမြင့်ခဲ့သည် မသိပါ။ ရုတ်တရက် ကျွန်ုပ်နားခေါင်းဝသို့ ရောဝတီမြစ်ပြင်မှ ဖြတ်သန်းတိုက်ခတ်လာသည့် လေနု အေး တဖြူးဖြူးနှင့်အတူ ထူးခြားလွန်း သည့် စပယ်ပန်းရနံ့သင်းသင်းကို သတိ ထားလိုက်မိလေသည်။

ကျွန်ုပ်သည် ထူးခြားစွာ စပယ် ပန်းရနံ့ကို ရရှိခံစားမိသော်လည်း ဂရု မပြုနိုင်သေးပေ။ ကျွန်ုပ် အလိုလားဆုံး အနှစ်ခြိုက်ဆုံးဖြစ်သည့် ညနေ ဆည်း ဆာ တိမ်တောက်ချိန်အလှကို မိမိရ စုတ်ချက်သိမ်းနိုင်ရန် အာရုံစိုက်ပြီး ရေး ဆွဲနေမိသည်။ ပြီးမှ ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိလေသည်။

ဒီအခါတွင် ကျွန်ုပ် တစ်ခါဖူးမျှ မြင်ဖူး၊ တွေ့ဖူးခြင်းမရှိသည့် ကျွန်ုပ်နှင့် သက်တူရွယ်တူ မိန်းမချော၊ မိန်းမ လေးတစ်ဦးသည် ကေသာတွင် စပယ် ပန်းများ ပန်ဆင်ထားပြီး ကျွန်ုပ်နှင့် မ မဝေးနေရာတွင် မန့်တရိုအပြုံးဖြင့် ကြည့်ကာ ရပ်နေသည်ကို တွေ့လိုက် သည်။ ထိုမိန်းမချောလေးသည် ကျွ ပန်းချီရေးဆွဲနေသည့်အဖြစ်ကို သည့်အချိန်က ရောက်ရှိပြီး ကြ နေပါလိမ့်။ ကျွန်ုပ် မယုံကြည် စိတ်ထဲတွင် ခံစားမိရင်း ပါး အံ့ဩတကြီး စကားသံ ထွက်သွ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

"ခင်...ခင်ဗျားက ဘယ်သူလဲ"

"မြယာကို တွေ့လိုက်ရလို့ အံ့သြသွားပြီလား မောင်ကြီးရယ်"

ချိုလွင်သည့် စကားသံနှင့်အတူ ထူးထူးခြားခြား "မြယာ" ဆိုသည့် အမည်နာမကြောင့် ကျွန်ုပ်သည် စကားဆက်ပြောရန်ပင် အတန်ကြာ မေ့လျော့သွားမိလေသည်။

"မောင်ကြီးက မြယာကို မတွေ့ဘူး မမြင်ဘူး ဖြစ်နေပါလား။ မြယာနဲ့ မောင်ကြီးက ဘဝ...ဘဝက ဆုပန်ထားကြတဲ့ သစ္စာရှင်တွေလေ"

"သစ္စာရှင်" ဟူသော စကားကို ကြားလိုက်ရ၍ ကျွန်ုပ် မည်သို့ တွေးဆရမှန်း မသိတော့။

"ခင်...ခင်ဗျား...လူမှားနေပြီနဲ့ တူတယ်။ ကျုပ်က ဧည့်သည် တစ်ယောက်ပါ။ ဒီမှာလာပြီး ပန်းချီရေးဆွဲနေတာပါ"

"ပြောရက်လိုက်တာ မောင်ကြီးရယ်။ မြယာက မောင်ကြီးနဲ့ ဘဝဆက်တိုင်း ဆုံတွေ့ဖို့ သစ္စာဆုပန်ခဲ့ကြတာ မောင်ကြီးနလုံးသားမှာ မေ့လျော့သွားပြီလား။ ပြန်ပြီး စဉ်းစားကြည့်ပါဦး မောင်ကြီးရယ်။ မောင်ကြီး ဒီနေရာကို ရောက်အောင် မြယာ ကြိုးစားခဲ့တာ မောင်ကြီး မသိတော့ဘူးမဟုတ်လား"

မြယာဆိုသည့် မိန်းမချောလေး ...မှ မချိတင်ကဲ စကားသံထွက်ပေါ် ...မှ ကျွန်ုပ်အဖြစ်ကို အမှတ်ရမိလေသည်။

ကျွန်ုပ်နေထိုင်ခဲ့သည့် ဇာတိရင်း ...သည် မြို့ပြနှင့် အလှမ်းဝေးလံခေါင် ...သည့် ရွာလေးတစ်ရွာဖြစ်သည်။ ကျွန်ုပ်ဖခင်ကြီးသည် ကျွန်ုပ်ငယ်ရွယ် ...တည်းက ဝါသနာအလွန်ကြီးမား ...သည့် ပန်းချီအတတ်ပညာကို ထွန်းပေါက်စေရန်အလို့ငှာ၊ ပန်းချီအတတ်ပညာရှင်တစ်ဦးထံသို့ စေလွှတ်၍ ပန်းချီပညာသင်ကြားစေခဲ့သည်။

ကျွန်ုပ်သည် ထိုပန်းချီကျော် ဆရာထံတွင် ပျပ်ဝပ်ရိုကျိုးစွာ ပန်းချီပညာကို အခြေခံမှစပြီး သုံးလေးမိုး ပညာနို့သက်ခဲ့ပြီး လက်တွေ့ ပန်းချီရေးဆွဲရင်း အသက်မွေးဝမ်းကျောင်းပြုခဲ့ခြင်းဖြစ်သည်။

"ကျုပ် ခင်ဗျားကို မသိကျွမ်းတာ ခွင့်လွှတ်ပါဗျာ။ ကျုပ် ဒီပန်းချီကား ရေးဆွဲပြီးရင် ပြန်မှာပါ။ ဒီ ပန်းချီကားက ကျုပ်ဘဝအတွက် အရေးအကြီးဆုံး ပန်းချီကားတစ်ချပ်ဆိုရင် မမှားပါဘူး မြ...မြယာ"

ကျွန်ုပ်သည် မြယာကို ပြောဆိုပြီး ပန်းချီရေးဆွဲသည့် ပစ္စည်းများကို သိမ်းဆည်းနေမိလေသည်။ ထိုသို့ သိမ်းဆည်းနေစဉ် ငိုရှိုက်သံမျှင်းမျှင်းကို ကြားလိုက်ရ၍ ကြည့်လိုက်မိရာ မြယာ ငိုနေသည်ကို အံ့သြတကြီး တွေ့လိုက်ရသည်။

"မြ...မြယာ ငိုနေတယ်။ ဘာကြောင့် ငိုနေရတာလဲ။ ကျုပ် မြယာ ပြောတာတွေကို နားမရှင်းခဲ့တာ အမှန်ပါ။ ကျုပ်မေးပါရစေ၊ မြယာက ဘယ်မှာ နေတာလဲ။ ဒီအနီးအနားက ရွာမှာ နေတာလား"

"မြယာနေတာက ဟိုးအဝေးကြီးမှာပါ။ မောင်ကြီးကို တွေ့ချင်လို့ လာခဲ့မိတာပါ။ ခုတော့ မောင်ကြီးက စိမ်းစိမ်းကားကား စကားတွေ ပြောနေပါလား။ အင်းလေ၊ မောင်ကြီးနဲ့ မြယာက ဘဝချင်း မတူတော့ မောင်ကြီးနလုံးသားမှာ မြယာကို မေ့သွားတယ်ဆိုတာ မြယာ သိပါပြီ မောင်ကြီးရယ်"

ကျွန်ုပ်သည် မြယာပါးစပ်ဖျားဆီမှ ထွက်ပေါ်လာသည့် စကားသံများကို တအံ့တသြဖြစ်နေမိသည်။ အမှန်ဆိုရလျှင် ကျွန်ုပ်ဘဝတွင် ကျွမ်းဝင် ရင်းနှီးဖူးသည့် မိန်းမသားတစ်ဦးတစ်ယောက်မျှ မရှိပါ။ ယခုလို မြယာက ကျွန်ုပ်အား တရင်းတနှီး ကျွမ်းဝင်စွာ ပြောဆိုနေသည့်အဖြစ်ကို ကျွန်ုပ် စဉ်းစားမရနိုင်အောင် ဖြစ်နေမိလေသည်။

"မောင်ကြီးနလုံးသားမှာ ပန်းချီခံစားမှုက လွှဲလို့ ဘာမှမရှိတော့ဘူးဆိုတာ မြယာ သိပါပြီ။ ဒါပေမယ့် မောင်ကြီးနဲ့ ဆုံတွေ့တုန်း မြယာ ဧည့်ဝတ်ပြုမှုကို လက်ခံပါ မောင်ကြီးရယ်"

ကျွန်ုပ်သည် မြယာ၏ ဧည့်ဝတ်ပြု ဖိတ်ခေါ်မှုကို ကြားလိုက်ရ၍ အဘရွှေလူကို သတိရသွားမိလေသည်။

"ကျုပ် အချိန်မီ ပြန်မရောက်ရင် အဘ ရွှေလူ ကျုပ်ကို စိုးရိမ်ပူပန်နေရှာမှာပါ။ ကျုပ် မြယာ ဧည့်ဝတ်ပြုတာကို လက်မခံနိုင်တာ ခွင့်လွှတ်ပါ။ တစ်နေ့နေ့ တစ်ချိန်ချိန် မြယာနဲ့ ကျုပ် ပြန်တွေ့ခဲ့ရင် ကျုပ် မြယာတို့ရွာကို လိုက်ခဲ့ပါ့မယ်"

ကျွန်ုပ်သည် မြယာစကားကို သိမ်မွေ့ညင်သာစွာ ငြင်းဆိုပြီး ပန်းချီပစ္စည်းများ ထည့်ထားသည့် သေတ္တာလေးကို ဆွဲကာ ရေဝတီမြစ်ပြင်သို့ ကြည့်လိုက်မိသည်။ ကျွန်ုပ် အံ့အားသင့်သွားမိချေသည်။

ညအမှောင်ထုက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းနေသည်ကို တွေ့လိုက်ရသည်။ သို့ပေမယ့် ငွေလရောင်ကြောင့် ရေဝတီမြစ်ပြင်ကို ဝိုးတဝါး မြင်တွေ့နေရသည်။

"မောင်ကြီးရယ်... မြယာကို နောက်ဆုံးတွေ့ရတဲ့အနေနဲ့ မြယာ ဧည့်ဝတ်ပြုတာကို လက်ခံပါ မောင်ကြီးရယ်"

ကျွန်ုပ်လက်မောင်းကို တွယ်



www.burmeseclassic.com

www.burmeseclassic.com

ဖက်ပြီး ငိုရှိုက် တောင်းပန်နေသော မြယာမျက်နှာလေးကို ကြည့်လိုက်မိသည်။ ကျွ ်သည် ယခုမှ နဖူးတွေ့ ဒူးတွေ့ အနီးကပ်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ဘာ့ကြောင့် မြယာသည် ကျွန်ုပ်ကို မောင်ကြီးဟု ခေါ်ငင်ကာ တရင်းတနှီး ကျွမ်းကျွမ်းဝင်ဝင် ပြုမူနေခြင်းကို ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ကျွန်ုပ်သည် မြယာမျက်နှာလေးကို ကြည့်ပြီး အတွေးဝင်မိလေသည်။ ကျွန်ုပ်သည် ပန်းချီရေးဆွဲခြင်းအတတ်ပညာဖြင့် မြန်မာပြည်တစ်နံတစ်လျား ခရီးသွားရမည်ဖြစ်သဖြင့် တစ်ချိန်ချိန်တွင် မြယာတို့ဒေသသို့ ပြန်ရောက်နိုင်ကောင်း ရောက်နိုင်မည်မှာ သေချာသည်။ ကျွန်ုပ်ဘက်က တင်းကျပ်စွာ ဆက်၍ ငြင်းဆန်ဖို့ မသင့်တော့ဟု စိတ်ဖုံးဖုံးချလိုက်မိလေသည်။

"မငိုပါနဲ့တော့ မြယာရယ်။ ကျုပ်နဲ့ ပတ်သက်ပြီး မြယာ ခုလို မျက်ရည်ပေါက်ကြီးငယ်ကျရတာ ကျုပ် စိတ်မကောင်းဖြစ်မိပါတယ်။ ကျုပ် မြယာတို့ရွာကို ခဏတော့ လိုက်ခဲ့ပါမယ်"

"မြယာ ဝမ်းသာလိုက်တာ မောင်ကြီးရယ်။ မြယာလေ မောင်ကြီးနဲ့အတူ ဟိုတုန်းက ဘဝလို နေချင်ပါတယ်။ ဒါပေမယ့် မြယာဘဝက···"

မြယာက ရစ်ဝဲကျလု မျက်ရည်စကို စိတ်အားတင်းပြီး သိမ်းငင်နေသည်ကို တွေ့လိုက်ရလေသည်။ ကျွန်ုပ်သည် မြယာအဖြစ်ကို တွေ့လိုက်မိ၍ ပိုသနားသွားမိလေသည်။

မြသာသည် ကျွန်ုပ်စကားကို ကြားလိုက်ရသောအခါ ဝမ်းသာသွားပြီး ကျွန်ုပ်လက်ဖဝါးကို သူ့လက်ဖဝါးနုနုလေးဖြင့် တင်းကျပ်စွာ ဆုပ်ကိုင်ပြီး ခေါ်ငင်နေသဖြင့် ကျွန်ုပ်လိုက်ပါခဲ့မိလေသည်။

"မြယာတို့နေတဲ့ ရွာက အတော်ဝေးသလား"

"မဝေးကော့ပါဘူး မောင်ကြီးရယ်။ ဟောဟိုက မြင်တွေ့ရတဲ့ ရွာက မြယာတို့ရွာလေ"

ကျွန်ုပ်သည် မြယာ ညွှန်ပြရာ အရပ်ဆီသို့ ကြည့်လိုက်မိရာ လရောင်မှုန်ဝါးဝါးအောက်တွင် တွေ့မြင်လိုက်ရသည့် တောင်ပေါ် တောအုပ်ကလေး



စုစုပင် ဖြစ်သည်။ ကျွန်ုပ်သည် မြယာခေါ်ဆောင်ရာသို့ လိုက်ပါခဲ့ရာ လေနအေးအေးနှင့်အတူ မွှေးထုံ သင်းပျံ့သော ပန်းပေါင်းစုံရနံ့များကို ထူးခြားစွာ ရှူရှိုက်မိလေသည်။

◈◈◈

"မောင်ကြီး···မြယာတို့နေရာ ရောက်ပြီလေ။ ကြည့်စမ်းပါဦး"

ကျွန်ုပ်သည် မြယာခေါ်ဆောင်ရာသို့ လိုက်ပါမိရင်း လေနအေးအေးနှင့်အတူ မွှေးပျံ့ထုံအီသော ပန်းပေါင်းစုံရနံ့ကို မည်မျှ အာရုံငြိတွယ်နေမိသည် မသိပါချေ။ ရုတ်တရက် မြယာ၏ စကားသံကို ကြားမှ ကျွန်ုပ်အ အာရုံတို့ နိုးကြားပြီး ကြည့်လိုက်မိ သည်။ ကြည့်မိရင်း ကျွန်ုပ် စကား နိုင်အောင် ဖြစ်သွားမိလေသည်။

အင်မတန် ခမ်းနားကျယ် လွန်းသည့် ဧည့်ခန်းကျယ်ကြီးတ အတွင်းသို့ ကျွန်ုပ်ရောက်ရှိနေသ အဖြစ်ကို တွေ့မြင်လိုက်ရ၍ ကျွ မှင်တက်မိလေသည်။ အဘယ့်ကြော ဆိုသော် ဘယ်နေရာကြည့်ကြည့် ရွှ ရောင်များ လင်းလက်ပြီး ထူးခြား မွမ်းမံထားသည့် ဧည့်ခန်းကြီးတစ်ခု နေ၍ မြယာနှင့် ဘာမှမသက်ဆိုင်သ ဖြစ်နေလေသည်။

"မောင်ကြီးက မြယာအဖြစ် သိပ်အံ့သြနေပြီနဲ့ တူတယ်။ ကဲ··· မောင်ကြီးလည်း ခရီးပန်းနေပြီ၊ အ ဟာရပြည့်ဝဖို့ သုံးဆောင်ပါဦး"

မြယာသည် ကျွန်ုပ်ကို ပြော ပြီး တဖိတ်ဖိတ်တောက်ပနေသည့် ရွှ လင်ဗန်းထဲရှိ ရွှေငှက်ပျောသီးနှင့် ရွှ ခရားဖြင့် ရေအေးတစ်ခွက်ကို တိ ကျွေးပြီး ဧည့်ဝတ်ပြုလေသည်။ ကျွ သည် မြယာ ဧည့်ဝတ်ပြုသည့် ရွှေထ ပစ္စည်းများကို ကြည့်ပြီး ကျွန်ုပ်အ ကို ကျွန်ုပ်မေ့လျော့နေမိလေသည်။

"ခုလို မောင်ကြီးနဲ့ ဆုံတွေ့တ မြယာ လက်ဆောင်ပေးပါရစေ"

မြယာသည် ကျွန်ုပ်ကို ထူး စွာ ပြောဆိုပြီး နှင်းဆီရောင် ကတ္တီ အိတ်ရှုံ့လေးတစ်လုံးကို ကမ်းလှမ်း နေသည်ကို တွေ့လိုက်ရ၍ ကျွန်ုပ် စိ ဝင်စားသွားမိလေသည်။ ထို့ကြော ကျွန်ုပ်သည် မြယာ လက်ဆောင်က ပေးသည့် ကတ္တီပါ အိတ်ရှုံ့လေးကို ငင်ပြီး မဆိုင်းမတွ ဖွင့်လှ၍ ကြ ရှုမိလေသည်။

www.burmeseclassic.com

"ဟင်…ပတ္တမြားပါလား မြယာ"

"ဟုတ်တယ် မောင်ကြီး၊ မောင်ကြီးကို လက်ဆောင်ပေးဖို့ မြယာ ရည်မှန်းပြီး သိမ်းဆည်းထားခဲ့တာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပါပြီ မောင်ကြီးရယ်"

မြယာသည် ကျွန်ုပ်ကို ပတ္တမြား လက်ဆောင်ပေးရန် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည်ဆိုသော စကားကြောင့် ကျွန်ုပ် မယုံကြည်နိုင်အောင် ဖြစ်သွား လေသည်။ ကျွန်ုပ်သည် မြယာ လက်ဆောင်ပေးသည့် ပတ္တမြားကို ကြည့်ရင်း အတွေးဝင်သွားမိလေသည်။ ကျွန်ုပ်တာဝ င် ပန်းချီအတတ်ပညာတစ်ခုက လွဲ အဘယ်ကဲ့သို့သော တန်ဖိုးကြီး ည်းများဖြစ်စေကာမူ ကျွန်ုပ်စိတ်ထဲ င် ခုံမင်မြတ်နိုး နှစ်သက်ခြင်း မရှိခဲ့ ချေ။

"ကျုပ်ကို လက်ဆောင်ပေးတဲ့ ည်းက တန်ဖိုးကြီးပါတယ် မြယာ။ ုပ် မြယာရဲ့ စေတနာကို လေးစားမိ တယ်။ ဒါပေမယ့် ကျုပ် လက်မခံပါရ စေ့"

လက်ဆောင်ပစ္စည်းကို လက်မခံ ပြန်ပေးလိုက်သဖြင့် မြယာသည် ်၏ အပြုအမူကို အံ့ဩတကြီး သွားပြီး မျက်ရည်လေး ဝဲနေသည်။ သည် ကျွန်ုပ်အဖြစ်ကို အတန် ငေးစားမိပြီး သတိရသွားဟန်ဖြင့် ကို ထပ်ဆင့်ပြီး ရွှေပြားလေး ်ကို လက်ဆောင်ပေးကာ…

"ဒီရွှေပြားလေးကိုတော့ လက်ခံ ောင်ကြီးရယ်။ ဒီရွှေပြားလေး ကြီးထဲမှာ အမြဲရှိရင် မောင်ကြီး ဆုံတွေ့ခွင့်ရမှာပါ။ မောင်ကြီး မှာချင်တာက ဒီရွှေပြားလေး ကြီးထဲမှာ ရှိနေတယ်ဆိုတာ မပြောပါဘူးလို့ မြယာကို ကတိပေးပါ မောင်ကြီးရယ်"

မြယာသည် ကျွန်ုပ်ကို တောင်းပန်သည့်အကြည့်ဖြင့် ရင်ထဲတွင် မချိတင်ကဲ ခံစားနေရသည့်ပုံ တွေ့မြင်လိုက်ရသဖြင့် ကျွန်ုပ်သည် မြယာပေးသည့် လက်ဆောင် ရွှေပြားလေးကို ကတိပြု၍ လက်ခံလိုက်မိလေသည်။

"ဟော… မမကြီး လာနေပြီ မောင်ကြီး၊ မြယာ ကြိုရဦးမယ်"

မြယာပြောသော မမကြီးကို ကျွန်ုပ် ကြည့်လိုက်မိရာ အင်မတန် ချောမောလှပပြီး မြယာနှင့် ရုပ်ဆင်း သဏ္ဌာန်တူသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလေသည် ။

"မြယာရဲ့ ဧည့်သည်ထင်ပါရဲ့"

"ဟုတ်ပါတယ် မမကြီး"

"သြော်…မြယာနဲ့ ဘဝ ပတ္တာန်းဆက်ပါတဲ့ ဧည့်သည်ကိုး။ အင်းလေ၊ ခုလို မြယာ စိတ်လက်ပျော်ရွှင်နေတာကို တွေ့မြင်ရတော့ မမကြီး ဝမ်းသာပါတယ်ကွယ်။ ဒါပေမယ့်…"

မြယာ၏ မမကြီးသည် စကားပြောနေရာမှ ရပ်တန့်သွားပြီး ကျွန်ုပ်ကို စူးစမ်းသည့် မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေလေသည်။

ကျွန်ုပ်လည်း မြယာ၏ မမကြီးကို တုံ့ပြန်ကြည့်မိရာ ခက်ထန် ရန်လိုသည့် မျက်နှာထားဖြင့် ကျွန်ုပ်အား ကြည့်နေသည်ကို မြင်တွေ့လိုက်ရလေသည်။ ကျွန်ုပ်စိတ်ထဲတွင် နာကြည်းကြေကွဲမှု ခံစားချက်ဝေဒနာများက အလိုလိုပေါ်ပေါက်လာလေသည်။

"မြယာ…မမကြီးကို ပြန်ခွင့်ပြုပါဦးကွယ်"

မမကြီးဆိုသူသည် မြယာကို နှုတ်ဆက်ပြီး ဧည့်ခန်းကြီးထဲမှ ထွက်သွားလေသည်။ ကျွန်ုပ်တစ်သက်နှင့် တစ်ကိုယ် ယခုလိုအဖြစ်မျိုးနှင့် ကြုံတွေ့ရလိမ့်မည်ဟု လုံးဝ မထင်ခဲ့ပါ။

"မောင်ကြီး"

ကျွန်ုပ်သည် ကြုံ… တွေ့နေရသည့် အဖြစ်အပျက်များကို ပြန်လည်တွေးတောနေမိစဉ် မြယာ၏ ခေါ်သံကို ကြားလိုက်ရသဖြင့် ကြည့်လိုက်မိစဉ် မြယာသည် ကျွန်ုပ်ကို ကြည့်၍ မျက်ရည်ကျနေသည်ကို တွေ့လိုက်ရသည်။

"မြယာ… ဘာဖြစ်လို့ ငိုနေရပြန်တာလဲ။ ကျုပ်ကို ပြောပြစမ်းပါဦး"

"မောင်ကြီးနဲ့ မြယာတို့ ဟိုတုန်းက သစ္စာအတူပန်ခဲ့တဲ့ ရွှေစေတီကို မြယာ အမှတ်ရမိလို့ ငိုမိတာပါ မောင်ကြီးရယ်"

"ရွှေစေတီ…ရွှေဝေတီ"

ကျွန်ုပ်သည် မြယာ ပါးစပ်ဖျားဆီမှ ထွက်ပေါ်လာသည့် ရွှေစေတီကို အခါခါရေရွတ်မိရင်း စဉ်းစားနေမိလေသည်။ သို့တိုင် မြယာပြောသည့် ရွှေစေတီကို ကျွန်ုပ်ခေါင်းထဲတွင် အမှတ်မရနိုင်ဘဲ ရှိနေလေသည်။

"ကျုပ် မြယာပြောတဲ့ ရွှေစေတီကို မမှတ်မိတော့ဘူး။ အဲဒီ ရွှေစေတီက ဘယ်မှာရှိတာလဲ"

ကျွန်ုပ် တုံ့ပြန်မေးလိုက်သည့် စကားကို ကြားလိုက်ရ၍ မြယာသည် ပို၍ မချိတင်ကဲ ခံစားသွားရဟန်တူသည်။ အတန်ကြာသည်အထိ ရှိုက်ငင်ငိုကြွေးမဆုံးနိုင်အောင် ဖြစ်သွားလေသည်။ အတန်ကြာမှ…

"ရွှေစေတီက တောင်ကုန်းပေါ်မှာ ရှိပါတယ်။ မောင်ကြီးနဲ့ မြယာ ဘဝချင်း အမြန်ဆုံတွေ့ဖို့ သစ္စာဆုပန်ခဲ့ဖူးတယ်လေ။ မောင်ကြီး မမှတ်မိဘူးဆိုတော့ မြယာ ပိုပြီးဝမ်းနည်းပါတယ်။ မောင်ကြီး တစ်နေ့နေ့ ရွှေစေတီကို ဖူးမြော်ပြီး ဘဝဟောင်းက အဖြစ်တွေကို အမှတ်ရပါစေလို့ မြယာ ဆုတောင်း

www.burmeseclassic.com

နေပါ့မယ်။ မြယာ နှလုံးသားမှာ မောင်ကြီးနဲ့ ဆုံတွေ့ဖို့ မျှော်လင့်စောင့်စားနေတယ် ဒိုတာ မောင်ကြီးသိရင် မြယာ ကျေနပ်ပါပြီ မောင်ကြီးရယ်"

"မငိုပါနဲ့တော့ မြယာရယ်။ ကျုပ်လည်း မြယာနည်းတူ ခံစားရပါတယ်။ ပြီးတော့ ကျုပ် မြယာနဲ့ ဘဝချင်း အမြန်ဆုံးဆုံတွေ့ဖို့ ရွှေစေတီကို ဖူးမြော်ပြီး သစ္စာစကား ဆုပန်ပါ့မယ်"

"မောင်ကြီးစကားကို ခုလို ကြားရတော့ မြယာ ဝမ်းသာလိုက်တာ မောင်ကြီးရယ်။ ကဲ - မောင်ကြီးပြန်ဖို့ အချိန်လင့်နေပြီ။ မြယာ လမ်းညွှန်ပေးပါ့မယ်"

ကျွန်ုပ်သည် တကယ်တမ်းတွင် မြယာနှင့် ခွဲခွာရမည့်အဖြစ်ကို တွေးမိရင်း စိတ်ထဲတွင် ဖော်မပြနိုင်သည့် ဝေဒနာတစ်ခုကို စူးစူးနစ်နစ်ခံစားနေရလေသည်။ မြယာသည် ကျွန်ုပ် ခံစားနေရသည့်အဖြစ်ကို ရိပ်စားမိဟန်တူသည်။

"မောင်ကြီးရယ် . . . မြယာနဲ့ မောင်ကြီးတို့ ဘဝ စင့်ကြွေးတွေ ရှိခဲ့ရင် အမြန်ဆုံး ကျေပါစေလို့ မြယာ ဆုတောင်းနေပါတယ်"

မြယာသည် ဝမ်းနည်းကြေကွဲစိတ်ဖြင့် ကျွန်ုပ်ရင်ခွင်ထဲသို့ ခေါင်းမှီပြီး တသိမ့်သိမ့်ရှိုက်ငင် ငိုကြွေးနေလေသည်။

"မောင်ကြီး . . . မြယာပြတဲ့ လမ်းအတိုင်းသွားရင် မကြာခင် ရွာကို ရောက်မှာပါ"

မြယာ ညွှန်ပြနေသည့် လမ်းကလေးမှာ ပြန့်ပြူးညီညာနေသည်။ ကျွန်ုပ် အချိန်ဆိုင်းဖင့်မနေတော့ဘဲ မြယာပြသည့် လမ်းကလေးကို မျက်နှာမူပြီး ထွက်ခဲ့တော့သည်။

ကျွန်ုပ်၏ နားထဲတွင်လည်း မြယာ၏ ငိုရှိုက်သံကို အဆက်မပြတ် ကြားနေရဆဲဖြစ်သည်။

◈◈◈

"လူလေး . . . မောင်ချိမ့်၊ လူလေး မောင်ချိမ့်"

ကျွန်ုပ်သည် မြယာနှင့် ဝေးရာဆီသို့ သွက်လက်သည့် ခြေလှမ်းအစုံဖြင့် သွားနေရင်း ရုတ်တရက် ကျွန်ုပ်နားထဲတွင် ခေါ်သံကြားမိသဖြင့် ကြည့်လိုက်ရာ ကျွန်ုပ်ကို စိုးရိမ်တကြီးဖြင့် ကြည့်



ပြီး ခေါ်နေသည့် အဘ ရွှေလူကို တွေ့မြင်လိုက်ရလေသည်။

ကျွန်ုပ်သည် အဘ ရွှေလူကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရသဖြင့် ကျွန်ုပ်ရေးဆွဲထားသည့် ပန်းချီကားကို အရင်ဆုံး သတိရသွားမိလေသည်။

"အဘ . . . ကျုပ် . . . ကျုပ် ရေးဆွဲထားတဲ့ ဆည်းဆာပန်းချီကား"

"ဘယ်လို . . . လူလေး မောင်ချိမ့်၊ လူလေး ရေးဆွဲထားတဲ့ ဆည်းဆာပန်းချီကား . . . ဟုတ်စ"

ကျွန်ုပ်၏ အမေးစကားကြောင့် အဘ ရွှေလူမျက်နှာပေါ်တွင် အထူး အဆန်းသဖွယ် ဖြစ်တည်သွားသည်ကို တွေ့လိုက်ရလေသည်။

"လူလေး မောင်ချိမ့် ပန်းချီဆွဲ မနေ့ညနေက ထွက်သွားပြီး ပြန်ရောက် မလာလို့ အဘ ညက လူစုပြီး ရှာခဲ့ကြ ရတယ်ကွဲ့။ ခုမှပဲ လူလေး မောင်ချိမ့် ကို ပြန်တွေ့ရတာကွဲ့"

"အဘ . . . ကျုပ် . . . ကျုပ်ကို လူစုပြီး ရှာကြတယ်၊ ဟုတ်လား"

အဘ ရွှေလူ၏ စကားကြောင့် ကျွန်ုပ်အဖြစ်ကို အံ့သြတကြီးဖြစ်မိရင်း သတိရ၍ ကြည့်မိရာ ကျွန်ုပ် ပန်းချီ ပစ္စည်းများ ထည့်သိုထားသည့် သေတ္တာ လေးကို တွေ့ရှိရလေသည်။ သို့သော် ဆည်းဆာပန်းချီကားချပ်ကိုတော့ လုံး မတွေ့ရတော့ချေ။

"ကျုပ် . . . ညက အဘဆီက ပြန်လာခဲ့တာ အမှန်ပဲ အဘ"

ကျွန်ုပ်က အဘ ရွှေလူကို ပြော ရင်း မြယာမျက်နှာလေးကို ထူးထူး ခြားခြား မြင်ယောင်သွားမိကာ သတိ သွားမိလေသည်။ ညက မြယာခေါ် ဆောင်ရာနောက်သို့ ကျွန်ုပ်လိုက်ပါ ရွာသို့ ပြန်ခဲ့သည်က အမှန်ပင်။ သို့ သော် ယခု ကျွန်ုပ်သည် ညနေ ပန်းချီရေးဆွဲခဲ့သည့် ရောဝတီမြစ်ကမ်း ဘေးရှိ ပြန့်ပြူးညီညာသည့် မြေနေ လေးတွင် ရောက်ရှိနေ၏။

"ဟောဒီမှာ လူလေး မောင်ချိမ့် ကို ရှာဖွေရင်း အဘ မြစ်ကမ်းဘေး သောင်ခုံမှာ တွေ့လို့ ယူလာတဲ့ ပစ္စည်း လေး"

ကျွန်ုပ်သည် အဘ ရွှေလူပြော သည့် စကားကြောင့် ကြည့်လိုက်မိရာ ကျွန်ုပ်ရေးဆွဲထားသည့် ပန်းချီကား လေးကို ပဝါနီနီလေးဖြင့် ထုပ်ပြီး ပတ်ထားသည်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်ုပ်သည် ပန်းချီကားကို ကမန်းကတန်းဖြည်ပြီး ကြည့်လိုက်မိလေသည်။

"ဟင်···မြ···မြယာ"

ကျွန်ုပ်ရေးဆွဲထားသည့် ပန်းချီကားချပ်ကို ကြည့်ရင်း ပါးစပ်ဖျားဆီမှ တန့်မဆည်နိုင်ဘဲ အလျင်စလိုထွက်သွားမိသည်။ ကျွန်ုပ်အသံကြောင့် အဘ ရွှေလူသည် ကျွန်ုပ်ကို အထူးအဆန်း သဖွယ် ကြည့်နေလေသည်။

"ဘယ်လို··လူလေး မောင်ချိမ့် မြယာ···ဟုတ်လား"

ကျွန်ုပ်သည် အဘ ရွှေလူ၏ စကားကို ရုတ်ခြည်း မတုံ့ပြန်နိုင်သေးဘဲ ကျွန်ုပ်ရေးဆွဲထားသည့် ပန်းချီကားချပ်ထဲတွင် မြယာ၏ ပုံတူကို မြင်တွေ့နေရသဖြင့် အံ့အားသင့်နေမိခြင်းဖြစ်သည်။

ကျွန်ုပ်အဖြစ်ကို ကျွန်ုပ် မယုံကြည်နိုင်အောင် ခံစားမိလေသည်။ ကျွန်ုပ်စိတ်တိုင်းကျ ပုံဖော်ရေးဆွဲထားသည့် ဆည်းဆာချိန် သဘာဝမြင်ကွင်းသည် ယခု မြယာ၏ မနိုတရိုအပြုံးလေးနှင့် ပုံတူပန်းချီကားချပ် ဖြစ်နေလေသည်။

"လူလေး မောင်ချိမ့်၊ လူလေးပြောတဲ့ မြယာဆိုတဲ့ မိန်းကလေးက ဘယ်ရွာမှာ နေထိုင်တာလဲ။ အဘကို ပြောစမ်းပါဦးကွယ်။ လူလေး မောင်ချိမ့် ရေးဆွဲခဲ့တဲ့ ပန်းချီကားထဲကအတိုင်းဆို အနီးအနားရွာမှာ ဒီလို မိန်းကလေးမျိုး တစ်ယောက်မှ မရှိရိုးအမှန်ပဲကွဲ့"

အဘ ရွှေလူသည် ထူးထူးခြားခြား စကားပြောဆိုပြီး ကျွန်ုပ်ကို တစ်လှည့် ကျွန်ုပ်ရေးဆွဲထားသည့် မြယာပုံတူ ပန်းချီကားကို တစ်လှည့် ကြည့်နေလေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အဘ ကျေနပ်စေရန် မည်သို့ တုံ့ပြန်ပြောဆိုရမည်ကို စကားရှာမတွေ့နိုင်ဘဲ ငူငူကြီး ထိုင်နေမိဆဲဖြစ်သည်။ အတန်ကြာမှ ကျွန်ုပ်သည် အဘ ရွှေလူကို စကားစ,မိလေသည်

"ကျုပ် မနေ့ညနေက ဒီနေရာလေးမှာ ပန်းချီဆွဲရင်း မြယာဆိုတဲ့ မိန်းကလေးနဲ့ ဆုံတွေ့ခဲ့တာ အမှန်ပဲ အဘ ရွှေလူ။ ကျုပ်နဲ့ တွေ့ဆုံခဲ့တဲ့ မြယာရဲ့ ရုပ်သွင်က ဒီပန်းချီကားထဲက အတိုင်းပါပဲ"

"အင်း··အဘအထင်ပြောရရင် လူလေး မောင်ချိမ့်စိတ်ထဲမှာ တစ်ခုခုကို မျိုသိပ်ခံစားနေရတယ်လို့ အဘ ထင်မြင်မိတယ်ကွဲ့"

အဘ ရွှေလူက ငူငူကြီးထိုင်နေဆဲဖြစ်သည်။ ကျွန်ုပ်ကို ကြည့်ပြီး တွေးတွေးဆဆ စကားပြောရင်း အဖြေရှာနေဟန်တူသည်။

"အဘကို မေးပါရစေ။ အဘတို့ ရွာအနီးအနားမှာ မြယာဆိုတဲ့ မိန်းကလေးရှိဖူးလား အဘ"

"အဘက ဒီအရပ်ဒေသသားဆိုတော့ အဘသိရှိသမျှ ရွာတွေမှာ မြယာဆိုတဲ့ မိန်းကလေး မပြောနဲ့၊ နာမည်တူတောင် လုံးဝမရှိခဲ့တာ။ အမှန်ပဲကွဲ့။ လူလေး မောင်ချိမ့် စိတ်တွေ လွင့်ပါးပြီး ခံစားနေရတာလားကွယ်"

"ဒါဆို ရွှေ··ရွှေစေတီဆိုတာရော အဘသိလား"

"လူလေး မောင်ချိမ့်ပြောတဲ့ ရွှေစေတီတော့ စပယ်တောင်မှာ ရှိတယ်လို့ ကြားဖူးခဲ့ပါတယ်။ ဒါပေမယ့် ရောက်ဖူး ပေါက်ဖူးတဲ့သူ နည်းပါးခဲ့တယ်ကွဲ့။ ပြီးတော့ တောက နက်ပြီး သားရဲတိရစ္ဆာန်တွေရှိလို့ မသွားရဲတာလည်း ပါတာပေါ့ကွယ်။ လူလေး မောင်ချိမ့်က အဲဒီရွှေစေတီကို သိလို့လား"

ကျွန်ုပ်သည် မြယာ လက်ဆောင်ပေးခဲ့သည့် ရွှေပြားလေးကို သတိရသွားမိလေသည်။ ရွှေစေတီကို ဖူးမြော်ကာ မြယာနှင့် ဘဝချင်းဆုံတွေ့ရန် ကျွန်ုပ် သစ္စာဆုပန်ရဦးမည်မဟုတ်ပါလား။

"ကဲ··ကဲ··လူလေး မောင်ချိမ့် စိတ်တွေလည်း ပင်ပန်းလှပါပြီကွယ်။ အိမ်ပြန်ပြီး အနားယူပါဦး"

ကျွန်ုပ်သည် အဘ ရွှေလူနှင့်အတူ ရွာသို့ ပြန်လာခဲ့သော်လည်း ကျွန်ုပ်နှလုံးသားထဲတွင် မြယာက အမြဲရှိနေသည်။

◈ ◈ ◈

"မောင်ရင်ပြောပြတဲ့ မြယာဆိုတဲ့ မိန်းကလေးမျိုး ဒီအရပ်၊ ဒီဒေသမှာ လုံးဝ မရှိတာ အမှန်ပဲကွဲ့။ အင်း··· မောင်ရင် တွေ့ ကြုံခဲ့ရတဲ့အတိုင်းဆို အဓိက ပတ်သက်နိုင်တာက ရွှေမြယာဂူပဲ ဖြစ်နိုင်တယ်"

"ဗျာ···ရွှေမြယာဂူ"

ကျွန်ုပ်သည် ရွာစွန်တွင် တောင်ယာစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုနေသည့် အဘထုံကို တွေ့ဆုံမေးမြန်းခဲ့ရာ ရွှေမြယာဂူ ဆိုသည့် ထူးထူးခြားခြားအမည်ကို ကြားသိလိုက်ရ၍ ကျွန်ုပ် အံ့အားသင့်သွားမိခြင်းဖြစ်သည်။

"အဘတို့ ငယ်ငယ်တုန်းကဆို အဲဒီ ရွှေမြယာဂူက သိပ်နာမည်ကြီးခဲ့တာကွဲ့။ အဘရဲ့ အဘိုးကိုယ်တိုင် ရွှေမြယာဂူကို လက်တွေ့ ရောက်ဖူးခဲ့တယ်"

ကျွန်ုပ်သည် အဘထုံ၏ အဘိုးကိုယ်တိုင်ရောက်ဖူးခဲ့သည်ဆို၍ ပိုပြီး စိတ်ဝင်စားသွားမိသည်။

"အဘထုံရဲ့ အဘိုးက ဘယ်လိုကြောင့် ရွှေမြယာဂူကို ရောက်သွားခဲ့တာလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com

"အဘရဲ့ အဘိုးက မုဆိုးပါ။ တစ်နေ့ သားကောင်လိုက်ရင်း နယ်ကျွံပြီး အဲဒီ ရွှေမြယာဂူကို မမျှော်လင့်ဘဲ ရောက်သွားခဲ့တာကွဲ့။ အဲဒီဂူထဲမှာ သိပ်ချော သိပ်လှတဲ့ မိန်းကလေးတွေကို တွေ့ရလို့ အဘိုးက အံ့သြနေတာ။ အဲဒီ မိန်းကလေးတွေထဲက တစ်ဦးက အဘိုးကို အကုသိုလ်အလုပ်တွေ ဆက်မလုပ်နဲ့ ကုသိုလ်ကောင်းမှုပြုဖို့ ရွှေတုံးရွှေခဲတွေပေးပြီး ဘယ်သူမှ မပြောဖို့ ကတိတောင်းခဲ့တယ်။ အဘရဲ့ အဘိုးလည်း ရွာကို ပြန်ရောက်ပြီး ဘယ်သူမှ မပြောဘဲ နေထိုင်ခဲ့တယ်။ ဒါပေမယ့် အဘိုးက မုဆိုးဆိုတော့ မရဘူးတဲ့ ရွှေတုံးရွှေခဲတွေ ရပြီး ထပ်လိုချင်လို့ လူစုပြီး ရွှေမြယာဂူကို ရှာဖွေခဲ့ကြတယ်"

"တွေ့ခဲ့လား အဘထုံ"

"အင်း…အဘိုးက တစ်သက်လုံး အကုသိုလ်အလုပ်တွေ မလုပ်ဘဲ ထိုင်စားလို့ ရပေမယ့် လောဘစိတ်ဝင်ပြီး သွားရှာဖွေတော့ ရွှေမြယာဂူကို လုံးဝ မတွေ့ရဘဲ အဘိုးနဲ့အတူ ပါသွားတဲ့ လူတွေလည်း ထူးထူးဆန်းဆန်း သေဆုံးခဲ့ကြတယ်။ အဘိုးက အသက်ဘေးလွတ်ခဲ့ပေမယ့် အဲဒီအချိန်က စပြီး ရွှေမြယာလို့ အခါခါရေရွတ်ရင်း အရူးကြီးဘဝနဲ့ပဲ ဆုံးပါးခဲ့ရှာတယ်"

အဘထုံက စကားကို အဆုံးသတ်ရင်း ကျွန်ုပ်ကို အကဲခတ်ကြည့်နေလေသည်။ အဘထုံစကားနှင့်အတူ ကျွန်ုပ်ဆုံတွေ့ခဲ့ရသည့် မြယာဆိုသည့် မိန်းကလေးသည် ရွှေမြယာဂူနှင့် ပတ်သက်နေသလားဟု စဉ်းစားမိရင်း မြယာ လက်ဆောင်ပေးခဲ့သည့် ရွှေပြားလေးကို စမ်းလျက်၊ မြယာ၏ စကားသံကို ကြားယောင်သွားမိလေသည်။

"ဒီရွှေပြားလေး မောင်ကြီးထံမှာ အမြဲရှိနေရင် မြယာ မောင်ကြီးနဲ့ တွေ့ခွင့်ရနေတဲ့ ဘဝပါ"

ကျွန်ုပ်သည် မြယာ၏ စကားသံကို ကြားယောင်မိရင်း ယခု ကျွန်ုပ်ခံစားနေရသည့်အဖြစ်များကို မြယာသိနေပြီလားဟု လိပ်ပြာမလုံတဲ့ ရှိနေလေသည်။

"မောင်ရင်လေး ပြောတဲ့ ရွှေစေတီတစ်ဆူတော့ ရှိတယ်ကွဲ့။ ဒီရွှေစေတီကိုတော့ အဘတို့ရဲ့ ဘိုးဘွားအစဉ်အဆက် ရေးစကားအရ သိရတာကတော့ မင်းသား၊ မင်းသမီးတည်ထားခဲ့တယ်လို့ ကြားဖူးတာပဲ"

ကျွန်ုပ်သည် အဘထုံ၏ စကားကို ကြားလိုက်ရချိန်တွင် စိတ်ထဲ၌ တစ်စုံတစ်ခုကို ထူးခြားစွာ လွမ်းဆွတ်တ,သစိတ်များ ခံစားနေရလေသည်။ အဘထုံကို နှုတ်ဆက်ပြီး ပြန်လာခဲ့သော်လည်း ကျွန်ုပ်စိတ်ထဲတွင် မြယာကို သတိရနေမိဆဲဖြစ်သည်။

ကျွန်ုပ်သည် ကတိကဝတ်ပြုခဲ့မိသည့်အဖြစ်ကို အမှတ်ရကာ ရွှေစေတီကို ရှာဖွေရန် စိတ်ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် တောတောင်ခရီးကို မကျွမ်းကျင်သော်လည်း ရင်ထဲတွင် တိုင်တည်ထားသည့် ကတိသစ္စာနှင့် ရွှေစေတီကို ရည်မှန်းပြီး ခရီးထွက်ခဲ့မိတော့သည်။

◈◈◈

သစ္စာစကားကြောင့်လား မသိချေ။ ကျွန်ုပ်သည် အန္တရာယ်ကင်းရှင်းစွာဖြင့် တောတောင်စိမ့်စမ်း ချိုင့်ဝှမ်းအသွယ်သွယ်ကို ဖြတ်ကျော်ပြီး တောင်ကုန်းလေးပေါ်ရှိ ရွှေစေတီလေးကို အဝေးမှ ဖူးမြော်ခွင့်ရရှိလေသည်။ ထို့ကြောင့် ကျွန်ုပ် စိတ်ပင်ပန်း၊ လူပင်ပန်းမှုတို့ ကင်းစင်သွားလေသည်။ ထိုစဉ် စပယ်ပန်း၏ သင်းရနံ့ကို ထူးခြားစွာ ရရှိလိုက်လေသည်။ ထို့ကြောင့် ကျွန်ုပ်သည် မြယာနှင့် ပထမဆုံး ဆုံတွေ့ခဲ့သည့်အဖြစ်ကို သတိရမဆုံး ရှိနေလေသည်။

"ဒူဝေဝေ…ဒူဝေဝေ…"

ကျွန်ုပ်သည် ရွှေစေတီကို မြင်တွေ့ပြီး အနီးကပ် ဖူးမြော်ရန် တောင်ကုန်းပေါ်သို့ အားစိုက်တက်နေစဉ် ရုတ်တရက် ကြားလိုက်ရသည့် ကြေးစည်သံကြောင့် အံ့အားသင့်သွားမိလေသည်။ ထို့ကြောင့် ရွှေစေတီတည်ရာ… ကြည့်လိုက်မိရာ ရွှေစေတီတွင် ဆီမီး ရေချမ်းတို့နှင့်အတူ လတ်ဆတ်သည့် စပယ်ပန်းကုံးများ ကပ်လှူထားသည်ကို တွေ့ရှိလိုက်ရလေသည်။ ကျွန်ုပ် မယုံကြည်နိုင်အောင် ဖြစ်သွားမိရင်း ရွှေစေတီ ပရိဝုဏ်အနှံ့သို့ ကြည့်လိုက်ရာ ရသေ့ကြီးတစ်ပါးကို ထူးထူးခြားခြား တွေ့လိုက်ရလေသည်။

"အချိန်လင့်လုချည်လား နန္ဒာ… စောစောကပဲ မြယာ လာပြီး ဆီမီး ရေချမ်းနဲ့ ပန်းတွေ ကပ်လှူသွားခဲ့ပြီကွဲ့… ဟောဒီမှာ နန္ဒာ့အတွက် မြယာက စပယ်ပန်းကုံးတစ်ဝက် လှူဒါန်းဖို့ ထား… ခဲ့တယ်"

"မြ…မြယာ လာသွားတယ် ဟုတ်လား ရသေ့ကြီး"

ကျွန်ုပ်သည် ရသေ့ကြီးစကားကို ကြားလိုက်ရ၍ မယုံနိုင်အောင် ဖြစ်သွားမိလေသည်။ ထို့ကြောင့် မြယာကို တွေ့မြင်ရနိုးနှင့် ရွှေစေတီအနှံ့ ရှာဖွေမိလေသည်။ ကျွန်ုပ်အဖြစ်ကို ရသေ့ကြီးက သိနေသည့်အလား ခေါင်းတဆတ်ဆတ် ညိတ်ကာ…

"အင်း…ဘဝတွေ ဘယ်လို… ခြားခြား အတိတ်ဘဝက သစ္စာစကား… ပန်ဖူးခဲ့သူတွေဆိုတော့ နှလုံးသား… ခံမှာ သံယောဇဉ် မကင်းပြတ်နိုင်သေး… ပါလားကွယ်"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရသေ့ကြီး၏ ကရုဏာစကားကို ထပ်ဆင့်ကြားလိုက်ရ၍ ရင်ထဲတွင် ပို၍ကြေကွဲစွာ ခံစားနေမိလေသည်။ ထို့နောက် ကတိပြုခဲ့သည့် သစ္စာစကားကို အမှတ်ရမိသွားလေသည်။

"ဒီ စပယ်ပန်းကုံးကို ကျုပ် လှူရမယ်…ဟုတ်လား ရသေ့ကြီး"

"ဟုတ်တယ် နန္ဒာ။ နန္ဒာနဲ့ မြယာက သံသရာတစ်ကွေ့မှာ ပြန်လည်ဆုံတွေ့ကြဖို့ သစ္စာဆုပန်ထားခဲ့ကြတဲ့သူတွေဆိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မလွဲမသွေ ဆုံတွေ့ကြမှာပါကွယ်"

ကျွန်ုပ်သည် ရသေ့ကြီးကို စကားမဆက်နိုင်တော့ဘဲ စပယ်ပန်းကိုယူပြီး မြယာ လက်ဆောင်ပေးခဲ့သည့် ရွှေပြားလေးနှင့်အတူ ရွှေစေတီတွင် ကပ်လှူဒါန်းပြီး သစ္စာပြု ဆုတောင်းလိုက်မိလေသည်။

"ကျွန်ုပ်သည် ဤရွှေပြားနှင့် စပယ်ပန်းကုံး လှူဒါန်းရခြင်းအကျိုးကြောင့် ဘဝ ဝဋ်ကြွေးများ ရှိခဲ့ပါလျှင် အမြန်ဆုံး ကင်းစင်ပြီး မြယာနှင့် ဆုံတွေ့ခွင့်ရတဲ့ဘဝ ဖြစ်ရပါလို၏"

"သာဓု…သာဓု…သာဓု"

ကျွန်ုပ်သည် ရွှေစေတီတွင် ရွှေပြားနှင့် စပယ်ပန်းကုံး လှူဒါန်းပြီး သစ္စာဆုပန်ပြီးချိန်တွင် ထပ်ဆင့်ထွက်ပေါ်လာသည့် ရသေ့ကြီး၏ သာဓုခေါ်သံကြောင့် ရင်ထဲတွင် အတိုင်းအဆမရှိ ကြည်နူးပီတိဖြစ်သွားမိလေသည်။

သို့တိုင် ရသေ့ကြီးထံမှ ကျွန်ုပ်အား "နန္ဒာ…နန္ဒာ"ဟု ထူးခြားစွာ ခေါ်ဆိုသံကိုတော့ ကျွန်ုပ်အဖို့ အံ့ဩစရာကြီးဖြစ်နေရ၏။

"မောင်ရင်က နန္ဒာဆိုတဲ့ နာမည် ကို ထူးထူးခြားခြား ကြားလိုက်ရလို့ အံ့ဩနေပြီနဲ့ တူတယ်။ အင်းလေ…လူ့ဘဝဆိုတာလည်း အလွန်ဆန်းကြယ်လွန်းပါတယ်။ နန္ဒာက လူ့ဘဝကို ပြန်ရောက်နေတော့ အတိတ်ဘဝကို လုံးဝမေ့လျော့ခဲ့မယ့် မြယာက မမေ့နိုင်ရှာလို့ အစွဲအလမ်းကြီးမားစွာနဲ့ ဘဝချင်းဆုံတွေ့နိုင်ဖို့ ဆုတောင်းနေရှာတယ်ကွဲ့။ ခုလို အတိတ်ဘဝရဲ့ အဖြစ်မှန်ကို နန္ဒာသိရပြီဆိုရင်တော့ မြယာ ဝမ်းသာနေရှာမှာပါကွယ်။ ကဲ - အချိန်လင့်နေပြီ၊ ဘုရားသေ့ ပြန်တော့မယ် နန္ဒာ"

ရသေ့ကြီးသည် ကျွန်ုပ်ကို ပြောဆိုပြီး ရွှေစေတီအား ဖူးမြော်ကာ တောင်အောက်သို့ တရွေ့ရွေ့ဆင်းသွားလေသည်။ ကျွန်ုပ်သည် တောပန်း တောင်ပန်းရနံ့များကြားတွင် ထူးခြားစွာ ရရှိလိုက်သည့် စံပယ်ပန်းရနံ့သင်းသင်းကြောင့် မြယာကို ပို၍ သတိရမိပြန်သည်။ မပြန်မီ မြယာကို တွေ့လေနိုးနိုးဖြင့် ရွှေစေတီအနှံ့ ရှာဖွေကြည့်မိလေသည်။

ရုတ်တရက် တွေ့ရှိလိုက်ရသည့် အရာကြောင့် ကျွန်ုပ်ရင်တစ်ခုလုံး ဆုပ်နယ် ခြေမွခြင်းနယ် ခံစားမိသလို၊ ကျွန်ုပ်ဘဝကိုလည်း ကျွန်ုပ်တွေးမိရင်း အံ့ဩမဆုံးနိုင်အောင် ဖြစ်သွားမိလေသည်။ အဘယ့်ကြောင့်ဆိုသော် ရွှေစေတီဘေးရှိ ကြေးကမ္ပည်းစာကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

"နန္ဒာနှင့် မြယာတို့ ကောင်းမှု၊ နတ်လူ သာဓုခေါ်စေသောဝ်"ဟူသော ရွှေစေတီတည်ထားခဲ့သည့် အလှူရှင်နာမကို တွေ့လိုက်ရပြီ၊ ထိုအမည်နာမမှာ စောစောက ရသေ့ကြီးထံမှ ကျွန်ုပ်ကို ခေါ်ခဲ့သော အမည်နာမပင်ဖြစ်ချေသည်။

သည်အတိုင်း မှန်ကန်ခဲ့လျှင် ကျွန်ုပ်နှင့် မြယာသည် တစ်ခုသော ဘဝတွင် ဆုံစည်းခဲ့စဉ်က ကောင်းမှုကုသိုလ်အတူပြုခဲ့သည့် နန္ဒာဖြစ်ခဲ့လေသည်လား။ မြယာကရော။

ကျွန်ုပ်သည် ရွှေစေတီကို ဖူးမြော်ပြီး ရင်ထဲတွင် အမည်မသိ ခံစားမှုများနှင့်အတူ အတိတ်က ထင်ဟပ်လာသည့် အရိပ်တို့ကြောင့် ကျွန်ုပ်နှင့် ဘဝချင်းဆုံတွေ့ရန် သစ္စာပန်ခဲ့သည့် မြယာကို မြင်ယောင်သွားမိလေသည်။

ထို့ကြောင့် ကျွန်ုပ်ရင်ထဲတွင် နာကျင်လှိုက်မောသည့် ဝေဒနာနှင့်အတူ မြယာနှင့် ဟိုစဉ်က အတူကြည်နူးပျော်ရွှင်စွာ သစ္စာပြုခဲ့သည့် အဖြစ်ကို လည်းကောင်း၊ ကျွန်ုပ်နှင့် ဘဝချင်းဆုံတွေ့ရန် မျှော်လင့် စောင့်စားရင်း ကြေကွဲစိတ်ကြောင့် မြယာပါးပြင်ပေါ်သို့ စီးသက်လာသည့် မျက်ရည်စနှင့် ငိုရှိုက်နေသည့်အဖြစ်ကို လည်းကောင်း မြင်ယောင်လာမိသည်။

ကျွန်ုပ်သည် ရင်ထဲတွင် တန့်မဆည်နိုင်ဘဲ အလိုလိုထွက်ပေါ်သွားမိလေသည်။

"မြယာ…မြယာ…"

ကျွန်ုပ်၏ ပါးစပ်ဖျားဆီမှ မြယာကို တမ်းတမ်းတတခေါ်မိသည် အသံက ရွှေစေတီပင်မက၊ တစ်တောလုံး တစ်တောင်လုံး ဖုံးလွှမ်းသွားလေပြီ မဟုတ်ပါလား ■

* * *

ဇလွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

ရတနာ

လူတို့သည် ရတနာကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ကြလေ၏။ လောကုတ္တရာ ရတနာသုံးပါး၌ ဘုရား၊ တရား၊ သံဃာ ဟူ၍ရှိပြီး လောကီရတနာသုံးပါးတို့တွင်···

(၁) စကြာမင်း၏ နှစ်သက်တန်ဖိုးထားရာ ရတနာ ပစ္စည်း၊

(၂) လူသတ္တဝါအပေါင်းတို့၏ အသုံးအဆောင် ရတနာ ပစ္စည်း၊

(၃) သိက္ခာပုဒ်နှင့် သက်ဆိုင်သော စောင့်တည်ရာ ရတနာပစ္စည်း ဟူ၍ ဖြစ်လေသည်။

အလုံးစုံသော ရှားပါး တန်ဖိုးထားအပ်သည့် လူ့အသုံးအဆောင်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများသည် လောကီရတနာပစ္စည်းများဖြစ်ပြီး ရွှေသည်လည်း တစ်ပါးအပါအဝင်ဖြစ်လေသည်။ ထို့ပြင် ရွှေမှလွဲ၍ လူကြိုက်အများဆုံးနှင့် တန်ဖိုးအထားဆုံး၊ အပြားခတ် နန်းဆွဲရ အလွယ်ကူ

# ငွေသတ္တု၏ တန်ဖိုးရှိ အသုံးဝင်ပုံ



**အောင်ဘုန်းမြင့် (ကချင်မြေ)**

www.burmeseclassic.com

www.burmeseclassic.com

ဆုံး။ သတ္တုပစ္စည်းများထဲတွင် အသုံးအများဆုံးဖြစ်သော ငွေသတ္တုကိုလည်း ရတနာတစ်ပါးအဖြစ် ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ၊ ရွှေသတ္တုကို သတ္တုတို့၏ "ဘုရင်"ဟု ဆိုလျှင်၊ ငွေသတ္တုကိုမူ သတ္တုအပေါင်းတို့၏ "ဘုရင်မ"ဟု ဆိုရမည်ဖြစ်သည်။ အကြောင်းမှာ ငွေသတ္တုသည် ...သည်း ရွှေနှင့် အခြားကျောက်မျက်ရတနာများကဲ့သို့ လွန်စွာ ...ားပါးပြီး တန်ဖိုးကြီးသော သတ္တုပစ္စည်းဖြစ်သောကြောင့် ဖြစ်ပါသည်။

## ငွေသတ္တု

ငွေသတ္တုသည် ကန့်ငရဲမီးမှလွဲ၍ အမျိုးမျိုးသော အက်စစ်များစွာတို့၏ တိုက်စားခြင်းမှ ခံနိုင်သော ဂုဏ်သတ္တိ ...လေ၏။ သို့ဖြစ်သောကြောင့် ကန့်ငရဲမီး၏ ထိတွေ့တိုက် ...းခြင်း မခံရပါက နှစ်ပရိစ္ဆေဒ ကြာညောင်းသော်လည်း ...ပျက်အစီးမရှိဘဲ မူလ ပကတိအတိုင်း ရှိနေနိုင်သော သတ္တုမျိုးဖြစ်သည်။

ငွေသတ္တုရိုင်းများသည် မြေထုအပေါ်လွှာ၌ ပါဝင်မှု ...နှစ်စွာနည်းပါး၍ သတ္တုတူးဖော်ရရှိမှု၏ သံရိုင်းအချိုး (၁၀) ...န်းတွင် ငွေသတ္တုအချိုး နှစ်ရာခိုင်နှုန်းကိုသာ ရရှိနိုင်သည် ...ု ဆိုသည်။

ငွေသတ္တုကို ကမ္ဘာ့မြေပထဝီအနှံ့အပြား၌ တူးဖော်ရရှိ ...င်သော်လည်း သတ္တုအညံ့မျိုးဖြစ်သော ခဲသတ္တု၊ သွပ်၊ ...ကြေးနီ အစရှိသော သတ္တုများကို ထုတ်လုပ်စဉ် ဘေးထွက် ...စ္စည်းအဖြစ် ထုတ်လုပ်ယူကြရ၏။ ငွေသတ္တုကို လူသမိုင်း ...ကြေးခေတ်နောက်ပိုင်းရောက်မှ ထပ်မံတွေ့ရှိရသော သတ္တု ...ဖြစ်သည်ဟူ၏။ ဘီစီ ၄၀၀၀ ခန့်မှ ငွေဖြင့် ပြုလုပ်ထားသော ...ူအသုံးအဆောင်ပစ္စည်းများကို တွေ့ရှိနိုင်ပါသည်။

ရှေး ဘီစီ ၃၀၀၀ ကျော်ခန့်က အီဂျစ်နိုင်ငံတော်တွင် ...ုပ်ချုပ်ခဲ့သော မင်းဘုရင်သည် ရွှေသတ္တုတစ်ဆနှင့် ငွေသတ္တုတစ်ဆခွဲကို တန်ဖိုးညီစေသော မင်းအမိန့်တော်ကို ...ထုတ်ပြန်ခဲ့သည်ဟူ၏။ ငွေသတ္တုကို ဘီစီ ၁၀၀၀ခန့် ...၍ အီဂျစ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြားရှိ နိုင်ငံအများအပြား ...ွင် ကုန်ပစ္စည်းများကို ရောင်းဝယ် ဖလှယ်ရာ၌ ကြားခံ ...ကြေးအဖြစ် သုံးစွဲခဲ့ကြသည့် သမိုင်းအထောက်အထားများကို ...တွေ့ရှိနိုင်မည်ဖြစ်သည်။ အထူးသဖြင့် နိုင်းမြစ်နှင့် အိန္ဒုမြစ် ... နယ်ပယ်များအတွင်း နေထိုင်ခဲ့ကြသူများသည် ငွေသတ္တု ... ငွေကြေးအဖြစ် လည်းကောင်း၊ အဖိုးတန် လက်ဝတ် ...နာအဖြစ် လည်းကောင်း၊ အသုံးအဆောင်ပစ္စည်းများ အဖြစ် လည်းကောင်း၊ လှပသော အနုပညာပစ္စည်းအဖြစ် လည်းကောင်း မြတ်နိုး အသုံးပြုခဲ့ကြသည်။

အေဒီ ၁၆ ရာစုနှစ်များတွင် စပိန်လူမျိုးတို့သည် တောင်အမေရိကတိုက်ရှိ ဘိုလီးဗီးယား၊ ပီရူးနှင့် မက္ကဆီကို ဟု ခေါ်တွင်သော ဒေသများတွင် ငွေသတ္တုများစွာပါဝင်သော တွင်းထွက်ပစ္စည်းများကို စတင်တွေ့ရှိခဲ့ကြ၏။ ထို့နောက် ထိုဒေသကြီးများသည် စပိန်နိုင်ငံ၏ လက်အောက်ခံ နိုင်ငံများဖြစ်လာပြီး အေဒီ ၁၇ရာစုနောက်ပိုင်းအထိ ကမ္ဘာ့အဓိက ငွေသတ္တုထုတ်လုပ်သောနိုင်ငံများ ဖြစ်လာခဲ့သည်။ ထိုအချိန်မှစ၍ ငွေသားအသုံးပြုမှုသည် လွန်စွာကျယ်ပြန့်လာခဲ့ခြင်း ဖြစ်ပေသည်။

အေဒီ ၁၉ရာစုနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံနှင့် မက္ကစီကိုနိုင်ငံတို့သည် ငွေသတ္တုအများဆုံး ထုတ်လုပ်သော အဓိက ရှေ့တန်းနိုင်ငံများ ဖြစ်လာခဲ့သည်။

## ငွေအသုံးဝင်ပုံ

ငွေကြေးမည်သည် အရာရာတိုင်းကို အဆုံးအဖြတ်ပေးနိုင်သော ကြားခံ ပစ္စည်းဖြစ်သောကြောင့် အသုံးဝင်လှ၏။ သိပ္ပံအတတ်အမျိုးမျိုး တိုးတက်ထွန်းကားနေသော ဒီခေတ်ကြီး၌ ငွေ၏ အသုံးဝင်မှုသည် လွန်စွာကျယ်ပြန့်လျက်ရှိပေ၏။ ငွေကို အသပြာအဖြစ် အသုံးပြုရာ၌ လည်းကောင်း၊ လက်ဝတ်တန်ဆာနှင့် လူအသုံးအဆောင်ပစ္စည်းအဖြစ် အသုံးပြုရာ၌ လည်းကောင်း၊- စက်မှုကုန်ကြမ်း သတ္တုစပ်အဖြစ် ပြုလုပ်ရာ၌ လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရ၏။ လက်ဝတ်ရတနာအဖြစ် အသုံးပြုရသော ရွှေဝါရောစပ်မှုတွင် ငွေသား ၁၂ရာခိုင်နှုန်းနှင့် ကြေးနီ ၁၁ရာခိုင်နှုန်းထိ ရောစပ်ရပါသည်။

အခြားသတ္တုများသည် အပူနှင့် လျှပ်စစ်ဓာတ်အား ကူးစက်စီးဆင်းရာ၌ ငွေသားကဲ့သို့ အကျိုးသက်ရောက်မှု မရှိပါ။ သို့ဖြစ်သောကြောင့် လျှပ်စစ်ဓာတ်ကူး လွယ်ကူသော ငွေသားပါဝင်သည့် သတ္တုစပ်များသည် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုတွင် အရေးပါသော ကုန်ကြမ်းများ ဖြစ်လာသည်။

ကွန်ပျူတာ၊ မိုးအားမြင့် ဘက်ထရီ၊ အီလက်ထရွန်းနစ်ပစ္စည်း၊ အာကာသယာဉ် အစရှိသော ခေတ်မီ စက်မှုတည်ဆောက်မှုများတွင် မရှိမဖြစ် အဓိက လိုအပ်သော ပစ္စည်းသည်လည်း ငွေသတ္တုဖြစ်သည်။ ထို့ပြင် ရွှေပန်းထိမ်၊ ငွေပန်းထိမ်လုပ်ငန်း၊ အနုစိတ် ငွေထည်ပစ္စည်းနှင့် ငွေရည်သုတ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်း၊ ရွှေ ကြေးနီ ကြေးဝါ ဂဟေဆက်လုပ်ငန်း၊ ဆေးဝါး ထုတ်လုပ်မှုနှင့် ကြွေထည် ဖန်ထည်လုပ်ငန်းများ၌ လည်း ကောင်း ကျယ်ပြန့်စွာ အသုံးပြုရသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ငွေပြည်သုံးစွဲမှု၏ ၁၅ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ သုံးစွဲသော နိုင်ငံဖြစ်လေသည်။

## ငွေ၏ အာနိသင်

ငွေသည် ရောဂါပိုးများကို သေစေနိုင်သော ဆေးဂုဏ်သတ္တိလည်း ရှိ၏။ သွားပိုးစားခြင်းမှ ကာကွယ်ပေးနိုင်သော အာနိသင်ရှိသောကြောင့် ငွေသွားကို ပြုလုပ်အသုံးပြုကြ၏။ နားမကြားသူများအတွက် ငွေအောက်ဆိုဒ် ဘက်ထရီဖြင့် ပြုလုပ်ထားသော နားကြားကိရိယာများကို အသုံးပြုစေ၏။ ရေငုပ်သင်္ဘော၊ လေယာဉ်ပျံ၊ ဂြိုဟ်တု၊ အရေးပါသော စစ်သုံးလျှပ်စစ်ပစ္စည်းများတွင် ငွေအောက်ဆိုဒ် ဘက်ထရီများကို အသုံးပြုကြသည်။

ငွေသားကို ဆေးအဖြစ် ဖော်စပ်အသုံးပြုကြ၏။ ငွေဖြင့် ဖော်စပ်ထားသောဆေးသည် အားကို ဖြစ်စေပြီး အသက်အရွယ်ကို နုပျိုစေနိုင်၏။ ဦးနှောက်၊ နှလုံး၊ အစာအိမ်ကို ကောင်းစေ၏။ မူးမော်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်းကို ကောင်းစေနိုင်၏။ ဆီးဝမ်းကို ရှင်စေတတ်၏။ လေသည်းခြေကို နိုင်၏။ ခန္ဓာကိုယ်ကို စည်ပင်ဝဖြိုး အလုတိုးစေပြီး အညစ်အကြေးများကို သန့်ရှင်းစေတတ်၏။ အဆင်းကို လှပစေနိုင်၏။ သုက်ကို ပွားစေတတ်ပြီး အဆိပ်နာ၊ ဆီးလွန်နာများကို နိုင်၏။ နှတ်ကို မြိန်စေတတ်ပြီး အသက်ကို ရှည်စေနိုင်သည်။ ထို့ပြင် ရှူသွင်ခြင်းကို ကင်းဝေးစေနိုင်ပြီး ရောဂါအပေါင်းမှ ချမ်းသာရစေနိုင်ပါသည်။

## မြန်မာနိုင်ငံနှင့် ငွေ

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ငွေထည်ပစ္စည်းများကို အသုံးပြုခဲ့ကြ၏။ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ပုဂံနှင့် အင်းဝခေတ်များတွင် ငွေဒင်္ဂါးအစား ငွေသားများကို ငွေတုံး၊ ငွေပြား၊ ငွေခဲများအဖြစ် ငါးကျပ်သား၊ တစ်ကျပ်သား၊ တစ်ဆယ်သား၊ အစိတ်သား စသည်ဖြင့် အသုံးပြုခဲ့ကြသည်။ ခေတ်ဦးပိုင်းက တွေ့ရှိရသော ပုတီးနှင့် ငွေဒင်္ဂါးပြားများသည် တိုင်းတစ်ပါးမှ ဝင်ရောက်လာခြင်းဖြစ်ဟန်တူသည်။

ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရားကြီးလက်ထက်တွင် ငွေဒင်္ဂါးကို စတင်အသုံးပြုခဲ့သော်လည်း မင်းတုန်းမင်းတရားကြီးလက်ထက်ရောက်မှ ဒင်္ဂါးသွန်းစက်ရုံ တည်ေ[...] နိုင်ပြီး ငွေကြေးအဖြစ် အသုံးပြုခဲ့၏။ ထို့နောက် ဗြိ[...] လက်အောက်ခံခေတ်တွင် အိန္ဒိယနိုင်ငံသုံး ငွေဒင်္ဂါးမ[...] မြန်မာနိုင်ငံအနှံ့၌ အသုံးပြုခဲ့ကြရသည်။

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ္မတူ[...] တွင်းတွင် ငွေသတ္တုထွက်ရှိပြီး လက်ရာမြောက်သေ[...] ထည်ပစ္စည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရှမ်းပြည်[...] များမှ အများဆုံး ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။

## ကမ္ဘာ့ငွေအနာဂတ်

၂၀ ရာစုနောက်ပိုင်းတွင် ကမ္ဘာ့သိပ္ပံနည်းပညာ[...] လွန်စွာတိုးတက်ထွန်းကားလာ၏။ ထို့ကြောင့် လွန်စွာ[...] သော တွင်းထွက်ပစ္စည်းများနှင့် ရော်ဘာကဲ့သို့သော သ[...] သယံဇာတပစ္စည်းများအစား အခြား ပေါများသော ပ[...] များဖြင့် အစားထိုး ထည့်သွင်းအသုံးပြုလာနိုင်သည်။

ထို့ပြင် ငွေဒင်္ဂါးသွန်းလုပ်အသုံးပြုရာ၌လည်း ငွေ[...] များက အပြည့်အဝ အစားထိုး နေရာယူထားပြီးဖြစ်ေ[...] သို့ဖြစ်၍ ငွေသတ္တုသုံးစွဲမှု၏ အခန်းကဏ္ဍသည် လျော့[...] လာနိုင်သည်ဟု ပညာရှင်အချို့က ယူဆကြသည်။ မ[...] ပင်ဆိုစေ၊ ငွေထည်ဖြင့် ပြုလုပ်သော လက်ဝတ်လက်စ[...] ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အနုပညာဆိုင်ရာ အ[...] ပစ္စည်းများနှင့် လူ့အသုံးအဆောင်ပစ္စည်းများသည် တ[...] တခြား လိုအပ်မှု မြင့်မားနေသည်ဖြစ်သောကြောင့် ငွေ[...] လိုအပ်မှုသည် ဆက်လက်ရှင်သန်ကြီးထွား ဖွံ့ဖြိုးနေဦ[...] သာ ဖြစ်ပါသည်။ ■

* * *

ဒအောင်ဘုန်းမြင့်(ကစ[...]



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ စက်တင်ဘာလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ရပ်နေသောလုပ်ငန်းများ ပြန်လည်စတင်ရမည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ မရောက်ဘူးသော နေရာဒေသအသစ်သို့ ရောက်မည်။ ပညာရေး ဘာသာရေးကိစ္စများ ဆောင်ရွက်ရမည်။ ငွေဝင်သော်လည်း မတည်မမြဲဖြစ်နေမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ စိန် . . .စသည့် အင်္ဂါနံပစ္စည်းများ ထွက်မည်။ စနေ၊ အင်္ဂါသားသမီး/နေ့နံများ သတိပြုရှောင်ပါ။ နိုင်ငံခြားခရီးကိစ္စ ရက်ရွှေ့ဆိုင်းနေရမည်။ ချစ်သူနှင့် ခွဲခွာနေထိုင်ရမည်။ ခင်ပွန်းဖြစ်သူ ကျန်းမာရေးညံ့မည်။ ဆက်အောက်ငယ်သားကြောင့် စိတ်ညစ်ရမည်။ အမိဋ္ဌာန်တစ်ခု မပျက်မကွက် ဆောင်ရွက်ပါ။

**ကောင်းကျိုးပြုယတြာ** - သောကြာနေ့ မွေးနံထောင့်တွင် အုန်းသီးတစ်လုံးလှူပြီး အရဟံဂုဏ်တော် ပုတီးစိပ်ပါ။

---

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ဝင်ပြီးပစ္စည်း ပြန်ထွက်ခြင်း၊ ထွက်ပြီးပစ္စည်း ပြန်ဝင်ခြင်းတို့ ကြုံတွေ့ရမည်။ ရတာမလို၊ လိုတာမရဖြစ်နေမည်။ လုပ်ငန်းတာဝန်နှစ်ခု ဆောင်ရွက်ရမည်။ အကြီးအကဲ၊ ဆရာသမားထံမှ အကူအညီရမည်။ လက်ရှိအလုပ် ဆက်လုပ်နေတာ ပိုကောင်းသည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ မပြုလုပ်သင့်သေးပါ။ ဘုရားဖူးခရီး၊ ဘာသာရေးနှင့်ဆိုင်သော ခရီးထွက်ရမည်။ ပညာရေးကိစ္စ၊ ပရဟိတလုပ်ငန်း၊ လူမှုရေး ပါဝင်လုပ်ကိုင်ရမည်။ ပတ်ဝန်းကျင်တွင် မနာလို ဝန်တိုသူရှိသည်။ ရင်းနီးသော မိတ်ဆွေနှင့် လမ်းခွဲရမည်။ သားသမီး ကျန်းမာရေးညံ့မည်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေး ဂရုစိုက်ပါ။ (၆)အစ (၁)အဆုံး (၁)အစ (၆)အဆုံး ထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - သံပရာသီး(၉)လုံး ဘုရားကပ်လှူပြီး လိုရာဆန္ဒ ဆုတောင်းပါ။

---

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည်များ လွဲချော်နေတတ်သည်။ အမှုပြဿနာ ဖြေရှင်းရတတ်သည်။ လူလိမ်၊ စာရိတ္တမကောင်းသူနှင့် တွေ့တတ်သည်။ ခရီးဝေးသွားလာကိန်း ကောင်းသည်။ ကွဲကွာနေသော ဆွေမျိုးသားချင်း၊ မိတ်ဆွေဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ ချစ်ခင်မြတ်နိုး၊ သံယောဇဉ်ရှိသူနှင့် ခွဲခွာရတတ်သည်။ စပ်တူရှယ်ယာကိစ္စ ရှောင်ပါ။ အိမ်ခြံမြေကိစ္စ ဆောင်ရွက်ရမည်။ အိမ်ခြံမြေဝယ်ခြင်း၊ ကား၊ ကျောက်၊ ကြေးထည်ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းသည်။ မြေလေးချောင်းသား ရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - ငါး၊ စာကလေးတစ်မျိုးမျိုး (၈)ကောင်လွှတ်ပေးပါ။ ငါး၊ ခို၊ ခွေး၊ ကျီးတို့ကို တနင်္လာနေ့တိုင်း အစာကျွေးပေးပါ။

---



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အမျိုးသားများ ငွေဝင်လာပါက ဇနီး၊ မိသားစုထံ အပ်နှံထားပါ။ လောင်းကစားနှင့် အပျော်အပါးကိစ္စရှောင်ပါ။ လုပ်ငန်းအသစ်ပြုလုပ်ခြင်း၊ တိုးချဲ့ခြင်း၊ စပ်တူရှယ်ယာတို့ မပြုလုပ်သင့်သေးပါ။ ဝန်ထမ်းအလုပ် ပိုကောင်းသည်။ ရာထူးတိုး ပြောင်းရွှေ့ရကိန်းရှိသည်။ စီးပွားရေးသမားများ ပုံမှန်အလုပ် ဆက်လုပ်ပါ။ လူငယ်များ ပညာရေးကိစ္စ ဦးစားပေး ဆောင်ရွက်ပါ။ အင်္ဂါနှင့် စနေနေ့နံများ ရှောင်ပါ။ ဆိတ်သား၊ အမဲသား၊ တညင်းသီး၊ နို့ဆီ၊ နို့မှုန့် စသည်တို့အပြင် ဆေးထိုးခြင်းကိစ္စလည်း တတ်နိုင်သမျှ ရှောင်ပါ။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ရေလမ်းခရီးလည်း ထွက်ရမည်။ (၁၅၆)ပါသော ဂဏန်းရွေးချယ်ပြီး ထီထိုးပါ။

**ကောင်းကျိုးပြု ယတြာ** - တောင်အရပ်တွင် သပြေညွန့် (၁၇)ညွန့်လှူ(တတ်ဆင်)ထားပြီး နေ့စဉ် သမ္ဗုဒ္ဓေဂါထာ သက်စေ့ရွတ်ဆိုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံအကွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် လုပ်ငန်းသစ် ပြုလုပ်ရမည်။ လုပ်ငန်းတိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း ဆောင်ရွက်ရမည်။ သံ၊ သစ်၊ သွပ်၊ သံ၊ သစ်သီး၊ အနုပညာပစ္စည်း စသည့်တို့ အရောင်းအဝယ် အဆင်ပြေမည်။ အကြံအစည်အောင်မြင်မည်။ အကြီးအကဲ ဆရာသမားထံမှ အကူအညီရမည်။ ဆန်၊ ဆီ၊ ဆေး၊ စက်၊ ဆိုင်ခန်း . . .စသည့် အင်္ဂါနံများ ထွက်မည်။ သိုလှောင်ထားခြင်း မပြုလုပ်သင့်ပါ။ အစားများ၊ ဆေးများဖြစ်တတ်သည်။ ခင်ပွန်းဖြစ်သူ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲမှု ကြုံမည်။ အိုးအိမ်အဆောက်အအုံ ခြံမြေ အကျိုးဆောင်လုပ်ငန်း အဆင်ပြေမည်။ မွေးနေ့တွင် သက်သတ်လွတ်စားပါ။ အရဟံဂုဏ်တော် နေ့စဉ်ပွားများပါ။ (၆)အစ (၁) အဆုံး၊ (၁)အစ (၆)အဆုံး ထီထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မြတ်စွာဘုရားအား သစ်သီး(၆)လုံး၊ ဖယောင်းတိုင် (၆)တိုင်လှူဒါန်း ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံအကွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ ကံစမ်းမဲပေါက်၊ အမွေရ၊ ကြွေးဟောင်းများ ပြန်ရ စသည်ဖြင့် ငွေဝင်လာမည်။ ဝန်ထမ်းများ ရာထူးတိုး၊ နေရာအပြောင်းအရွှေ့ ကြုံရမည်။ မည့်သည့်ကိစ္စမဆို လောဘ၊ ဒေါသ ရှေ့မထားဘဲ လုပ်ဆောင်ပါ။ မရောက်ဘူးသောဒေသသို့ ရောက်မည်။ အိုးအိမ်အဆောက်အအုံ အိမ်ခြံမြေကိစ္စ ဆောင်ရွက်ရမည်။ ပတ်ဝန်းကျင်မှ မျက်စိစွေစောင်းသူတစ်ဦး ပွဲစား ရှေ့နေ အနှောင့်အယှက်ရှိသည်။ ငွေချေးငှားခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း ရှောင်ပါ။ အချစ်ရေးတွင် ချစ်သူနှင့် ခွဲခွာနေရသလို၊ အိမ်ထောင်ဖက်နှင့်လည်း ဝေးကွာနေတတ်သည်။ (၆၅၊ ၅၆)အတွဲထီ ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် အုန်း(၆)ညွန့်၊ ဖယောင်းတိုင်အနီ၊ ထီးအနီ (၇)ခုစီ လှူလိုက်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံအကွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိလုပ်နေကျ ပုံမှန်အလုပ် ဆက်လုပ်ပါ။ ငွေရင်းနှီးမြှုပ်နှံရသောအလုပ်၊ စပ်တူရှယ်ယာ၊ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်ရသောအလုပ် မပြုလုပ်သင့်သေးပါ။ အိုးအိမ်အဆောက်အအုံ၊ အိမ်ဆောက်ပစ္စည်း၊ ဦးထုပ်လုပ်ငန်း အဆင်ပြေမည်။ ပြည်တွင်းပြည်ပခရီးဝေးသွားလာရမည်။ အကြီးအကဲ ဆရာသမားထံမှ အကူအညီရမည်။ အပျော်အပါး လောင်းကစားကိစ္စ ရှောင်ပါ။ ကွဲကွာနေသော ချစ်သူ၊ အိမ်ထောင်ဖက်နှင့် ပြန်ဆုံရမည်။ မျက်စိ၊ အစာအိမ်၊ အဆုတ်၊ ဆီးရောဂါ တစ်ခုခုခံစားရတတ်သည်။ ခြေလေးချောင်းသား ယာဉ်ရှောင်ပါ။ ထီဝါသနာပါက တနင်္ဂနွေ သောကြာသားသမီး တစ်ဦးဦးနှင့် စပ်တူထိုးပါ။ အရဟံဂုဏ်တော်ကို နေ့စဉ် ပုတီးစိပ်ပါ။

**ကောင်းကျိုးပြုယတြာ** - ရဟန်း သံဃာကို သစ်သီးဆွမ်းလောင်းလှူပါ။

*ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ*

* * *




www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုတင်စိုး··· ဒီရေအိုးတွေ တင်ပြီးရင် ...တော့၊ ထမင်းစားကြမယ်"

...ွားလှည်းပေါ်တွင် ရေအိုးများ စီထပ်၍ ...နေသော ခင်ပွန်းဖြစ်သူ ကိုတင်စိုးအား ...အောက်မှ အိုးများတင်ပေးနေရင်းမှ ...သူ မလှဝင်းက ပြောလိုက်ခြင်း ...ည်။

"အေးပါကွာ၊ နေလည်း ဝင် ...ာပဲ။ ဒီရေအိုးတွေ စီပြီးရင် ...ီး ထမင်းစားကြတာပေါ့။ ...တဲ့ ထမင်းချက်အိုးနဲ့ ...ကျိုအိုး၊ ဒယ်အိုးတွေ ...ောက်နေမှ တင်ကြ ...ပေ့"



# မင်းမြင့်ဦး
( ဘူးသီးတောင် )

## အရိုးတောင်ရွာလေးမှာ တစ်ညတာ



www.burmeseclassic.com

www.burmeseclassic.com

“ဒီလိုဆိုရင် အစ်ကိုတို့သားအဖ သန်ဘက်ခါမှ ထွက်နိုင်မှာပေါ့နော်”

“အေးပေါ့ အဝင်းရဲ့ မနက်ဖြန်မှ အိုးတွေအစုံတင်လို့ ပြီးမှာမဟုတ်လား။ ဒါကြောင့် သန်ဘက်ခါမနက် စောစောမှ ထွက်ဖြစ်မှာ”

လှည်းပေါ်မှ ဆင်းရင်း ကိုတင်စိုးက ပြောလိုက်ပြီး ဇနီး၏ လက်ကို ကိုင်ကာ အိမ်သို့ ထွက်လာလေသည်။

ကိုတင်စိုးနှင့် မလှဝင်းတို့ ဇနီးမောင်နှံမှာ ငယ်သူငယ်ချင်း၊ တစ်ရွာတည်းသားများဖြစ်ကြပြီး မိဘများကလည်း သဘောတူ၊ လူငယ်ချင်းကလည်း ကြည်ဖြူကြသောကြောင့် အိမ်ထောင်ပြုခဲ့ကြသည်မှာ အိမ်ထောင်သက် ၁၄နှစ်ခန့်ရှိပြီဖြစ်သည်။ သားသမီးသုံးယောက်ရရှိပြီး သားအကြီးဆုံး မောင်ဝင်းစိုးပင် အသက် ၁၁ နှစ်ရှိနေပြီဖြစ်၏။

သူတို့ လင်မယားနှစ်ယောက်သည် ရွာမှထွက်သော မြေအိုးများအား လှည်းဖြင့် တင်၍ စစ်တောင်းမြစ်အရှေ့ဘက်တွင် ရှိသောရွာများသို့ သွားရောက် ရောင်းချပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နေကြသူများဖြစ်သည်။ သူတို့တွင် ကလေးမရခင်ကတော့ လင်မယားနှစ်ယောက် အတူသွား၍ ရောင်းခဲ့ကြသော်လည်း သားဦး မောင်ဝင်းစိုးကို မွေးဖွားပြီးသည့်အချိန်မှစ၍ ကိုတင်စိုးတစ်ယောက်တည်း သွားရောက် ရောင်းချနေရလေသည်။ သားကြီး မောင်ဝင်းစိုး အသက် ၉နှစ်ခန့် အရွယ်ရောက်မှ သားကြီး ကျောင်းပိတ်ရက်များတွင် သားကို ခေါ်၍ သားအဖနှစ်ယောက် အတူသွားခဲ့ခြင်းဖြစ်သည်။

ကိုတင်စိုးတို့ နေထိုင်သော “ပွဲစွန်မြောင်းရွာ” ရွာကြီးမှာ ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်တွင် ရှိပြီး စစ်တောင်းမြစ်ကမ်းနဖူးတွင် တည်ရှိသော အိမ်ခြေ ၁၅၀၀ ခန့်ရှိသည့် ရွာကြီးတစ်ရွာဖြစ်လေသည်။ ပွဲစွန်မြောင်းရွာကြီးတွင် နေထိုင်ကြသူများမှာ လယ်သမား၊ ကိုင်းသမားများနှင့် အရောင်းအဝယ်လုပ်ကိုင်ကြသူများ ရှိကြသလို၊ ရိုးရာလုပ်ငန်းဖြစ်သော မြေအိုးလုပ်ငန်းကို လုပ်ကိုင်ကြသူများလည်း အများအပြားရှိကြသည်။

ပွဲစွန်မြောင်းရွာကြီးတွင် ရပ်ကွက်အပိုင်း (၇)ပိုင်းရှိသည်။ ထိုအပိုင်း (၇)ပိုင်းထဲမှ ရပ်ကွက်အပိုင်း (၃)ပိုင်းမှာ ရိုးရာ မြေအိုးလုပ်ငန်းကို လုပ်ကိုင်ကြသည်။

ပွဲစွန်မြောင်းရွာမှ ထွက်သော မြေအိုးများမှာ အိုးအသားပါး၍ ပေါ့ပါးခြင်း၊ အိုးများမှာ ထင်းမီးဖြင့် ဖုတ်သည့်အတွက်ကြောင့် အိုးကျက်၍ ခိုင်ခံ့ခြင်း၊ အိုးပုံစံလှပခြင်းတို့ကြောင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင်သာမကဘဲ ပဲခူးမြို့၊ ဒိုက်ဦးမြို့၊ ပြွန်တန်ဆာမြို့နှင့် တောင်ငူမြို့ ပဲနွယ်ကုန်းကျောက်တံခါး၊ ပိန်းဇလုပ်၊ တော်ဝိမြို့များသို့ထိ ပို့ဆောင် ရောင်းချကြရပြီး သုံးစွဲသူများ အကြိုက်တွေ့သော ရောင်းအားကောင်းသည့် မြေအိုးများ ဖြစ်ပါသည်။

(ထိုအချိန် ၁၉၆၅ ခုနှစ်လောက် အချိန်က ယနေ့ခေတ်လို ဒန်အိုး၊ စတီးအိုးများ ပေါပေါများများ ရောင်းချသုံးစွဲခြင်း မရှိသေးပါချေ။)

နွားလှည်းပေါ်တွင် မြေအိုးများ တင်ပြီးပြီဖြစ်၍ မိမိအိမ်ရှေ့တွင် နွားလှည်းအား လှည်းထောက်ခွ ရှေ့ ခွ၊ နောက်ခွ ထောက်၍ရပ်ထားပြီး နံနက်စောစော ခရီးထွက်ရန်အတွက် ကိုတင်စိုးသည် အိမ်ပေါ်တွင် လိုအပ်သော ပစ္စည်းများ ထုပ်ပိုးနေသည်။

နွားလှည်းပေါ်တွင် မြေအိုးများ တင်ရသည်မှာ အလွန်ဂရုစိုက်ပြီး တင်ရသည်။ နွားလှည်းသွားနေစဉ် ကျင်းများ ချိုင့်များအတွင်း လှည်းဘီးကျ၍ လှည်းဆောင့်ပြီး အိုးများ မကွဲစေရန်အတွက်ဖြစ်သည်။ အိုးတင်ရန်အတွက် ဝါးနက်ဝါးကို လက်သုံးလုံးခန့် ခွဲစိတ်ပြီး မျက်ကွင်းခတ်ရသည်။ လှည်းအိမ်နှင့် တိုင်းပြီး ဝါးခြမ်းနှစ်ချောင်းပူး ဝါးကပ်(မျက်ကွင်း)ကို လှည်းအိမ်တွင် ဝါးလုံးများ ချည်နှောင်ထားသည့် အတွင်းဘက်မှနေ၍ ကာပြီး ဝါးကပ်(မျက်ကွင်း)ကို လွန်ကြိုး (နွားသားရေကို ကျစ်ထားသည့်ကြိုး) ဖြင့် ချည်နှောင်ပြီး လှည်းအိမ်ပေါ်တွင် ကောက်ရိုးထူထူခင်းကာ ထိုကောက်ရိုးများပေါ်မှ အိုးများကို တင်ရသည်။ အိုးတစ်လုံးဖင်ဘက်နှင့် အိုးတစ်လုံးအကြားတွင် ကောက်ရိုးများ ညှပ်ခုပြီး စီရသည်။ လှည်းအိမ်တွင် အိုးတစ်ထပ်စီပြီးပါက ထိုအိုးများအပေါ် ကောက်ရိုးထူထူခင်းရပြီး ထိုကောက်ရိုးအပေါ်မှ အိုးကို စီပြီးတင်ရသည်။ ထိုကဲ့သို့ ကောက်ရိုးတစ်ထပ်၊ အိုးတစ်ထပ်စီတင်၍ လေးတောင်ခန့် အမြင့်ရှိသော ဝါးကပ်(မျက်ကွင်း)ပြည့်သည့်အိုးများကို တင်ရသည်။ ထိုကဲ့သို့ တင်မှသာ အိုးများ မကွဲနိုင်တော့ပါ။

နံနက် မိုးလင်းလု ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံကြားရသည်နှင့် ကိုတင်စိုးသည် သားဖြစ်သူ မောင်ဝင်းစိုးအား နှိုး၍ ဇနီး မလှဝင်း ချက်ပြုတ်ပေးထားသော ထမင်းအိုး၊ ဟင်းအိုး (မြေအိုး) လေးများကို တောင်းငယ်တစ်လုံးတွင် ထည့်၍ နွားလှည်းပေါ် တင်ပြီး နွားနှစ်ကောင်အား လှည်းကောက် (လှည်းတွင် နွားတပ်) လိုက်ပြီး သား မောင်ဝင်းစိုးအား လှည်းပေါ်သို့ တင်ပေးလိုက်ကာ၊ ဇနီး မလှဝင်းအား နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဝင်း . . . အစ်ကိုသွားတော့မယ်။ ကလေးတွေကို ဂရုစိုက်ပြီး သားကြီးကိုလည်း ဂရုစိုက်ပါ"

ကိုတင်စိုးသည် ဇနီးအား နှုတ်ဆက်လိုက်ပြီး နွားလှည်းအား မောင်းထွက်ခဲ့လေသည်။

◈◈◈

လမ်းတွင် ဝိုင်ရွာ၊ ပျဉ်ရေကြီးရွာ၊ မိုးခိုရွာများအား ဖြတ်ကျော်လာခဲ့ပြီး မိုးခိုရွာအလွန် ကူးတို့ဆိပ်မှ တစ်ဖက်ကမ်းတွင် ရှိသော ကရင်ကျိုးရွာသို့ ကူးခဲ့လေသည်။

စစ်တောင်းမြစ်အား ဖြတ်ကူးသော ကူးတို့ဖောင်မှာ စပါးတင်း သုံးရာလေးရာပါ လှေကြီးသုံးစင်းပေါ်တွင် ပျဉ်းကတိုးသားသစ်များအား အောက်ခံထား၍ အပေါ်မှ ပျဉ်းကတိုးသား သစ်ချောင်းများ စီ၍ ခင်းထားသော လှေဖောင်ပေါ်တွင် လှည်းကို တင်၍ ကူးရခြင်းဖြစ်သည်။

ကိုတင်စိုးတို့ သားအဖနှစ်ယောက် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် ရှိသော ကရင်ကျိုးရွာကြီးသို့ ရောက်ကြပြီး၊ ထိုရွာတွင် ညအိပ်ကြလေ၏။ ကရင်ကျိုးရွာကြီးမှာ အိမ်ခြေ (၃၀၀)ခန့် ရှိသည့်ရွာကြီးဖြစ်ပြီး ကရင်အမျိုးသားများ နေထိုင်ကြသည်။ ၎င်းရွာတွင် ဆင်ပိုင်ကြီး၊ ဆင်သူဌေး ဦးဖိုးချော ဆိုသော သူဌေးကြီးတစ်ယောက်ရှိသည်။ ဦးဖိုးချောတွင် ဆင်အကောင် ၂၀ ခန့်ရှိပြီး ကရင်ကျိုးရွာနှင့် ထိုရွာအနီးရှိ ရွာများတွင် အချမ်းသာဆုံးသူဖြစ်လေ၏။

ထိုရွာတွင် ကိုတင်စိုးတို့သားအဖ အိုးများ ရောင်းချရာ အတော်များများ ရောင်းရလေသည်။ အိုးများ ရောင်းချရာတွင် ငွေဖြင့် ရောင်းချသလို၊ စပါး၊ အမျိုးမျိုးနှင့် ဆေးလိပ် လိပ်သောက်သော ဆေးရွက်ကြီး (ဓားလိုးဆေး)တို့နှင့် တန်ဖိုးသတ်မှတ်ပြီး လဲလှယ်သည်။ ထိုကဲ့သို့ လဲလှယ်၍ ရရှိသည့် စပါး၊ ပဲနှင့် ဆေးတို့ကို ဝယ်ယူသည့် လူအမည်များနှင့် တန်ဖိုးကို မှတ်သားထားပြီး ရေ့ကို ဆက်၍ အိုးများ ရောင်းချပြီး အပြန်မှ ဝင်ရောက်၍ သိမ်းရ၏။ ရောင်းရသည့် ပစ္စည်းများကို အသွားတွင် တစ်ပါတည်း သိမ်းယူသွား၍ မရပါချေ။ နွားလှည်းပေါ်တွင် အိုးများ ရှိနေသဖြင့် ပစ္စည်းများ တင်၍မရသောကြောင့် ဖြစ်သည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် ရှိသောရွာများမှာ ကရင်တိုင်းရင်းသားများ နေထိုင်သော ကရင်ရွာများဖြစ်သည်။ ဗမာလူမျိုးတစ်ယောက်စ နှစ်ယောက်စသာ ရှိကြလေ၏။ ကိုတင်စိုးတို့သားအဖသည် ကရင်ကျိုးရွာမှ နံနက်ပိုင်းတွင် ထွက်ခဲ့ကြပြီး ရွာစဉ်တစ်လျှောက် အိုးများကို လှည့်လည်ရောင်းချလေသည်။

ငါးရက်ခန့် ရွာစဉ်လှည့်လည်ရောင်းချပြီးချိန်တွင် ကိုတင်စိုးထံ၌ သောက်ရေအိုး နှုတ်ခမ်းပဲ့ နှစ်လုံး၊ အနာအဆာနှင့် နှုတ်ခမ်းပဲ့နေသော ထမင်းအိုးနှင့် ဟင်းအိုး လေးငါးလုံးခန့်သာ ကျန်တော့သည်။ ရောင်းချခဲ့ပြီးသော အိုးဖိုးငွေနှင့် စပါး၊ ပဲ၊ ဆေးများကို ရွာစဉ်ပြန်လှည့်၍ သိမ်းယူလာခဲ့ပြီး ပြန်လာခဲ့ကြလေသည်။

◈◈◈

ကိုတင်စိုးသည် နွားများ နေမပူစေရန်နှင့် နေအေးအေးတွင် လှည်းဆွဲရ သက်သာစေရန် အင်းချောင်းရွာမှ ညနေ ၄နာရီခွဲအချိန်မှ ထွက်လာခဲ့လေသည်။ အင်းချောင်းရွာနှင့် ကရင်ကြီးရွာမှာ ၇မိုင်ခန့် ကွာဝေးပြီး နွားလှည်းနှင့်ဆိုလျှင် နှစ်နာရီခန့်သာ မောင်းရသည့် အကွာအဝေးဖြစ်သည်။ ရွာနှစ်ရွာကြားတွင် ကိုင်းတောကြီးများနှင့် တောင်ပူဇာငယ်များ၊ သစ်ပင်များ ဟိုတစ်ပင် သည်တစ်ပင်ပေါက်ရောက်နေသောကြားထဲမှ လှည်းလမ်းဖောက်ထားခြင်းဖြစ်သည်။

နွားလှည်းကို မောင်းလာရာ နေလုံးကြီးမှာ အနောက် ဂေါယာကျွန်းသို့ ဝင်ရောက်သွားလေပြီ။ လဆန်း ၅ရက် လကလေး၏ မလင်းသာ လင်းသာ အလင်းရောင်အောက်တွင် တအိအိသွားနေသော လှည်းပေါ်၌ ထိုင်ရင်း ကိုတင်စိုးသည် မျက်ခွံများ လေး၍ အိပ်ချင်လာသောကြောင့် ဝါးကပ် (မျက်ကွင်း)အား မှီ၍ ငိုက်မြည်းရင်း ပါလာလေသည်။ ကိုတင်စိုး၏နံပါးတွင် သားဖြစ်သူမှာ အိပ်ပျော်လျက်ရှိလေ၏။

တအိအိသွားနေသော လှည်းပေါ်တွင် ငိုက်မြည်းရင်း လိုက်ပါလာသော ကိုတင်စိုးသည် နွားနှစ်ကောင်၏ တရှူးရှူး နှာမှုတ်သံကို ကြားရမှ အိပ်ပျော်နေရာမှ လန့်နိုးသွားပြီး နွား



www.burmeseclassic.com

www.burmeseclassic.com

နွားနှစ်ကောင်၏ နဖားကြိုးကို ဆွဲ၍ ကြိမ်တို့လိုက်ပြီး နွားလှည်းရှေ့ကို လှမ်းကြည့်လိုက်ရာ လဆန်း ၅ရက်၏ လရောင်သည် မရှိတော့ချေ။ အလင်းရောင် မရှိသော ညမှောင်မှောင်တွင် နွားနှစ်ကောင် ဆွဲရာနောက် လှည်းမှာ တအိအိသွားနေဆဲဖြစ်သည်။ သည်လမ်း၊ သည်ခရီးကို ကိုတင်စိုး ခဏခဏသွားနေကျဖြစ်သော်လည်း ယခုလို ညမှောင်မှောင်တွင် ဘယ်နေရာရောက်နေသည်ကို မခန့်မှန်းနိုင်တော့သဖြင့် နွားလှည်းပေါ်တွင် ဆက်လက်ငိုက်မြည်းရင်း လိုက်ပါလာခဲ့သည်။

ညမှောင်မှောင်ထဲတွင် နွားလှည်းပေါ် အိပ်ငိုက်ရင်း လိုက်ပါလာသော ကိုတင်စိုးသည် သူ့နွားလှည်းသွားရာ လှည်းလမ်း၏ရှေ့တွင် မီးရောင်လက်လက်ကို မြင်တွေ့လိုက်ရသောကြောင့် မျက်လုံးနှစ်လုံးအား ပွတ်သပ်၍ ကြည့်လိုက်ရာ မီးခွက်အလင်းရောင်ဖြစ်သည်ကို မြင်ရလေ၏။ မီးရောင်လက်လက်များမှာ အခု ၂၀ ခန့်ရှိမည်ဟု ခန့်မှန်းမိသည်။ နွားနှစ်ကောင်မှာ နှာမှုတ်ရင်း နွားလှည်းကို ဆွဲသွားနေသော်လည်း တစ်စုံတစ်ရာကို ကြောက်လန့်နေဟန်ရှိလေသည်။

ကိုတင်စိုး စဉ်းစားနေမိသည်မှာ အင်းချောင်းရွာနှင့် ကရင်ကျုံးရွာ နှစ်ရွာကြားတွင် ဤကဲ့သို့သော ရွာငယ်ရှိသည်ကို မမြင်မတွေ့ခဲ့ဘူးပါချေ။ ယခုသည့်ရွာလေးကို တွေ့မြင်ရခြင်းမှာ နွားလှည်းပေါ်တွင် သူအိပ်ငိုက်နေစဉ် နွားနှစ်ကောင်မှာ ကရင်ကျုံးရွာသွားသည့် လှည်းလမ်းမှနေ၍ သည်ရွာ လမ်းခွဲအတိုင်း လမ်းမှား၍ လိုက်လာခဲ့ခြင်းကြောင့် သည့်ရွာသို့ ရောက်လာခဲ့ရခြင်းဖြစ်ရမည်ဟု တွေးမိလိုက်ပြီး သည်နေ့ညတစ်ညတော့ ဒီရွာလေးတွင် အိပ်ပြီး နံနက်မိုးလင်းမှ ကရင်ကျုံးရွာသို့ သွားသည့်လမ်းအား ရွာသားများကို မေးပြီး သွားတော့မည်ဟု ဆုံးဖြတ်လိုက်ကာ၊ ရွာထိပ်တွင် ရှိသော မီးခွက်ထွန်းထားသည့် အိမ်တစ်လုံး၏ ခြံရှေ့တွင် နွားလှည်းကို ရပ်တန့်လိုက်လေသည်။

လှည်းရပ်သွားလျှင် လှည်းဆောင်ပန်းပေါ် ခွေခွေလေးအိပ်နေသော သားငယ် မောင်ဝင်းစိုးအား နိူး၍ နှာမှုတ်သံတရှူးရှူးဖြင့် ကြောက်လန့်နေသော နွားနှစ်ကောင်၏ နဖားကြိုးအား ဆွဲခိုင်းထားပြီး လှည်းပေါ်မှ ခုန်ဆင်းလျက် မီးခွက်ထွန်းထားသည့်အိမ်ရှိရာသို့ ဝင်သွားလေသည်။

အိမ်ပေါ်တွင် ထိုင်နေသော အသက် ၆၅နှစ်ခန့်ရှိ သျှောင်ထုံးနှင့် ဆေးတံသောက်နေသည့် လူကြီးတစ်ယောက်ကို မြင်ရသဖြင့် ကိုတင်စိုးက-

"ဖထီး…ကျွန်တော်တို့သားအဖက ရွာစဉ်လှည့်ပြီး နွားလှည်းနဲ့ အိုးလိုက်ရောင်းကြတဲ့သူတွေပါ။ ဒီနေ့ညမိုးချုပ်သွားလို့ ဒီတစ်ည ဖထီးတို့ရဲ့ ခြံ



ရှေ့က သစ်ပင်အောက်မှာ အိပ်ပါရစေ
အိပ်ခွင့်ပြုပါခင်ဗျာ"

ကိုတင်စိုး၏ ခွင့်တောင်းသံကို ကြားလိုက်ရမှ အိမ်ရှင် လူကြီးက ခေါင်းမော့ကြည့်လိုက်ပြီး အက်ကွဲ ရှ… သော အသံသြကြီးဖြင့် ပြောလိုက်လေသည်။

"အိမ်း…အိမ်း…ညကလည်း အတော်နက်နေပြီကိုး။ အိပ်ချင်သပေ… လည်း အိပ်ပေါ့ကွယ်။ အဲ…ဒါပေမယ့် ဒီရွာရဲ့ စည်းကမ်းကိုတော့ လိုက်နာ… မယ်၊ ကြားလား"

လူကြီး၏ စကားသံအဆုံး… ကိုတင်စိုးက…

"ဟုတ်ကဲ့၊ လိုက်နာပါ့မယ်။ ဒီရွာရဲ့ စည်းကမ်းတွေက ဘာတွေများလဲ… ဖထီးရဲ့ ပြောပြပါဦး"

"ဒီရွာမှာ ညအိပ်တည်းခိုမယ် ဆိုရင် ရွာထဲမှာ အလေးအပေါ့ မစွန့်… ရဘူး။ ရွာနဲ့ လွတ်ကင်းတဲ့ နေရာမှာ သွားစွန့်ရမယ်၊ ကြားလား"

"ဟုတ်ကဲ့ပါ ဖထီး၊ စိတ်ချပါ… ကျွန်တော်တို့သားအဖ အညစ်အကြေး… စွန့်ချင်ရင် ရွာအပြင်မှာ သွားစွန့်ပါ့မယ်"

"အေးအေး ကောင်းပြီ၊ သွား… တော့…သွားတော့"

အိမ်ရှင် လူကြီး၏ စကားသံ… ဆုံးသည်နှင့် ကိုတင်စိုးသည် လှည်း… ရာသို့ ပြန်လာခဲ့ပြီး နွားနှစ်ကောင်အား… လှည်းမှ ဖြုတ်၍ နွားကြိုးများကို လှည်း… ရန်တိုင်တွင် ချည်ထားလိုက်သည်။ လှည်းအိမ်အား လှည်းနောက်ခွထောက်… ထောက်လိုက်ပြီး လှည်းဆောင်ပန်းပေါ်… သို့ တက်၍ လေးဘက်ကာထားသော… ဝါးကပ်ထဲမှ လှည်းဆောင်ပန်းဘက်တွ… ကာထားသော ဝါးကပ်အား ဖြုတ်၍… ဘေးဘက်သို့ ပြောင်းကာလိုက်ပြီး သား… ဖြစ်သူအား ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သားရေ··· မင်း အပေါ့အပါး သွားချင်ရင် အဖေ့ကို ပြောနော်။ ဒီရွာမှာ အညစ်အကြေးကို အရမ်းစွန့်လို့ မရဘူးကွ၊ ကြားလား"

"ဟုတ်ကဲ့ပါ အဖေ။ သား အပေါ့အလေးသွားချင်ရင် အဖေ့ကို နှိုးပါ့မယ်။ အခု သားအိပ်ချင်နေပြီ၊ အိပ်တော့မယ်"

မောင်ဝင်းစိုးက ပြောပြီးသည်နှင့် ဖခင်ကြီး၏ နံပါးတွင် လှဲအိပ်လိုက်လေ၏။ မကြာမီ မောင်ဝင်းစိုး အိပ်ပျော်သွားလေသည်။ ကိုတင်စိုးသည် ပတ်ဝန်းကျင်သို့ လှည့်၍ ကြည့်လိုက်မိ၏။ သစ်ပင်များအောက်တွင် မီးခွက်များ ထွန်းထားသောအိမ်များအားလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး ညအမှောင်တွင်းဝယ် ချောက်ချားဖွယ်ဖြစ်၏။ ထိုအချိန်တွင် ချောင်းဆိုးသံတစ်သံကို ကြားရပြီး လူညည်းသံသဲ့သဲ့ကိုလည်း ကြားရပြန်သည်။ ကိုတင်စိုးမှာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုနေရင်း မျက်ခွံများ လေးလံလာပြီး အိပ်ချင်လာသောကြောင့် သားငယ်ဘေးတွင် လှဲ၍ အိပ်လိုက်လေတော့သည်။

ကိုတင်စိုး မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပါ။ သူ၏ ဘေးတွင် အိပ်နေသော သားငယ်၏ အသံကြား၍ အိပ်ပျော်ရာမှ နိုးလာလေသည်။ သား မောင်ဝင်းစိုးက···

"အဖေ···အဖေ ထပါဦး၊ သား အပေါ့သွားချင်လို့၊ ဘယ်မှာ သွားရမှာလဲ"

ကိုတင်စိုးသည် အိပ်ချင်လွန်းနေသည်မို့ ညမှောင်မှောင်တွင် လှည်းနှင့် အရာနေရာသို့ သွားရန်ကလည်း မြွေကင်းကြောက်ရသည်ဖြစ်၍ ရောင်းကုန်ဘဲ ကျန်ရှိနေသည့် နှုတ်ခမ်းပဲ့ မြေအိုးတစ်လုံးကို ယူလိုက်ပြီး···



"ကဲ - ဒီအိုးထဲမှာပဲ ပေါက်ချထားလိုက်ကွာ။ မနက်မိုးလင်းမှ ရွာနဲ့ဝေးရာ နေရာမှာ သွန်ပစ်မယ်"

ဖခင်ပေးသော အိုးထဲသို့ အပေါ့စွန့်ပြီး မောင်ဝင်းစိုး ပြန်အိပ်သွားလေ၏။ ကိုတင်စိုးလည်း သားငယ် အပေါ့စွန့်၍ မပြီးမီ ပြန်လည်အိပ်ပျော်သွားသည်။

ကိုတင်စိုးသည် နောက်ကျောကုန်းများ တောင့်တင်း၍ အပေါ့သွားချင်လာသောကြောင့် အိပ်ရာမှ နိုးလာခဲ့ရလေသည်။ သူအိပ်နေသည့် လှည်းအိမ်နောက်ဘက်တွင် ထားသော သားငယ် အပေါ့စွန့်ထားသည့် မြေအိုးအား ယူ၍ အပေါ့စွန့်လိုက်လေသည်။ ကိုတင်စိုး အပေါ့စွန့်၍မပြီးမီ သားငယ် မောင်ဝင်းစိုးက နိုးလာပြီး···

"အဖေ···သား အပေါ့စွန့်ချင်ပြန်ပြီ"

ကိုတင်စိုးက သူ အပေါ့စွန့်၍ အိုးပြည့်လုနီးပါးဖြစ်နေသော မြေအိုးအား လှည်းနောက်ဘက်တွင် ပြန်ထားလိုက်ပြီး သားငယ်ကို မြေအိုးတစ်လုံး ထပ်ယူပေးလိုက်ကာ ထိုအိုးအတွင်း အပေါ့စွန့်ခိုင်းလိုက်၏။ သူကတော့ အိပ်ရာတွင် ပြန်လှဲအိပ်လေသည်။

ပက်လက်လှန်လျက် ကောင်းကင်သို့ မော့ကြည့်လိုက်ရာ သစ်ပင်သစ်ရွက်များ အုံ့ဆိုင်းနေသည့်အတွက် ကြောင့်ပေလား မသိ၊ ကောင်းကင်ယံတွင် ကြယ်များကို မြင်တွေ့ရခြင်း မရှိပါချေ။ လေငြိမ်နေသောကြောင့် သစ်ရွက်သစ်ခက်များကို လေတိုးသည့်အသံကိုလည်း မကြားရသဖြင့် တိတ်ဆိတ်လွန်းလှပေသည်။ ရွာထဲတွင် ရှိကြသော အိမ်များမှ မီးခွက်များမှာလည်း မီးငြိမ်းသွားပြီဖြစ်သည်။ ရွာတွင်းမှ ချောင်းဆိုးသံတိုးတိုးနှင့် ညည်းသံသဲ့သဲ့သာ တစ်ခါတစ်ခါကြားရလေ၏။ ခွေးသံ၊ ကြက်သံ လုံးဝ မကြားရပါချေ။ ကိုတင်စိုး စဉ်းစားရင်း ပြန်လည်အိပ်ပျော်သွားလေသည်။

◈◈◈

ကိုတင်စိုးသည် ကျောကုန်းမှ ပူလောင်သည့် အပူဒဏ်ကို ခံစားလိုက်ရမှ အိပ်ရာမှ နိုးလာခဲ့သည်။ မည်မျှကြာအောင် အိပ်ပျော်သွားခဲ့သည် မသိပါချေ။ အပူဒဏ်ခံရသော ကျောကုန်းအား တစ်ဖက်သို့ စောင်းပြီး မျက်လုံးဖွင့်ကြည့်လိုက်ရာ သူ၏ မျက်စိအား နေရောင်ထိုးသည်ကို ခံစားရပြီး ပတ်ဝန်းကျင်တွင်လည်း လင်းထိန်လျက်ရှိနေသည်ကို မြင်တွေ့လိုက်ရသည်။ နေလုံးကြီးမှာ သူ၏ ဦးခေါင်းတည့်တည့်သို့ပင် ရောက်လုနီးပါးရှိနေသည်ကို မြင်တွေ့လိုက်ရလေ၏။ လှဲနေရာမှ ထ,ထိုင်လိုက်ပြီး ရွာဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုတင်စိုးမှာ သူ့မျက်စိကိုပင် သူမယုံချင်ဖြစ်သွားရလေတော့သည်။

ရွာထိပ်တွင် ရှိသော၊ ညက သူ



www.burmeseclassic.com

www.burmeseclassic.com

ဝင်၍ အိပ်ခွင့်တောင်းခဲ့သော အိမ်နှင့် ရွာထဲမှ မီးခွက်များ ထွန်းထားကြသည့် အိမ်များမှာ တစ်လုံးမှ မရှိတော့ဘဲ သစ်ပင်ငယ်များနှင့် သစ်ငုပ်တိုများသာ မြင်ရလေသည်။ သူ အိပ်ခွင့်တောင်းခဲ့သည့် အိမ်နေရာတွင် သစ်ပင်ငယ်တစ်ပင်နှင့် သစ်ငုတ်တိုတစ်ခုကိုသာ မြင်ရပြီး၊ ထို သစ်ငုတ်တိုပေါ်တွင် ပလိုင်းတစ်လုံးနှင့် ယောက်ျားဝတ် အင်္ကျီ၊ လုံချည် အဟောင်းများ တင်ထားပြီး ဓားတစ်ချောင်းနှင့် ပေါက်တူးအဟောင်း တစ်ချောင်းကို သစ်ငုတ်တိုတွင် မှီ၍ထောင်ထားသည်ကိုသာ မြင်တွေ့ရ၏။ အိမ်နှင့်တူသည့် အရာဝတ္ထု ဘာတစ်ခုမှ မမြင်တွေ့ရသောကြောင့် ကိုတင်စိုး အံ့ဩထိတ်လန့်သွားရခြင်းဖြစ်သည်။

သူ၏ ဘေးတွင် အိပ်ပျော်နေသော သားငယ် မောင်ဝင်းစိုးလည်း အိပ်ရာမှ နိုးလာပြီဖြစ်၍ လှည်းပေါ်မှ ဆင်းရန် ထလိုက်သည့်အချိန်တွင် လှည်းအိမ်နောက်ဘက်၌ ထားသော သူနှင့် သူ၏သားတို့ အပေါ့စွန့်ထားသေး ဆီးအိုးတစ်လုံးမှာ လဲကျနေပြီး ဆီးများ လှည်းအောက်သို့ စီးကျနေသည်ကို မြင်လိုက်ရလေသည်။ လှည်းပေါ်တွင် ရပ်လျက်အနေအထားဖြင့် ရွာအတွင်း လှမ်းကြည့်လိုက်ရာ ညက မီးခွက်ထွန်းထားကြသည့် အိမ်နေရာများတွင် သစ်ပင်ငယ်များ၊ သစ်ငုတ်တိုများနှင့် သစ်ငုပ်တိုအနီးအနားတွင် ပလိုင်းများ၊ တောင်းများ၊ အင်္ကျီ၊ လုံချည်၊ ထမီအဟောင်းများ၊ ဓားနှင့် ပေါက်တူးများကိုသာ တွေ့မြင်ရပြီး သစ်ပင်ငယ်များတွင် မြေအိုးငယ်များကို အဖုံးပိတ်လျက်သား ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

တောင်ကုန်းငယ်ကိုသာ မြင်တွေ့ရသောကြောင့် ကိုတင်စိုးသည် လှည်းအောက်သို့ အမြန်ဆင်း၍ နွားနှစ်ကောင်အာ လှည်းတောက်(လှည်းတပ်)လိုက်ပြီး ထိုနေရာမှ အမြန်မောင်းထွက်လာခဲ့လေတော့သည်။ ညက မောင်းလာခဲ့သည့် လှည်းလမ်းအတိုင်း မောင်းလာခဲ့ရာ ၁၀ မိနစ်ခန့်အကြာ လှည်းလမ်းမကြီးတစ်ခုသို့ ရောက်လာလေသည်။ ထိုလှည်းလမ်းမကြီးအတိုင်း ဆက်၍ မောင်းလာခဲ့ရာ ကွမ်းတစ်ယာညက် အချိန်ခန့်တွင် အိမ်ခြေ ၅၀ ခန့်ရှိသော ရွာငယ်တစ်ရွာသို့ ရောက်လာခဲ့ရာ၊ ရွာအဝင်လမ်းအတိုင်း မောင်းဝင်လာခဲ့ပြီး အရိပ်ကောင်းသော ကုက္ကိုပင်ကြီးတစ်ပင်အောက်တွင် လှည်းရပ်၍ နွားများကို လှည်းမှ ဖြုတ်လိုက်ပြီး လှည်းတံပိုးတွင် ချည်ထားလိုက်၏။ ထို့နောက် အနီးရှိ အိမ်တစ်အိမ်သို့ ဝင်၍ အိမ်ရှင်များအား ကိုတင်စိုးက…

"အိမ်ရှင်တို့…မရှိကြဘူးလား ခင်ဗျာ"

ကိုတင်စိုး၏ ခေါ်သံကို ကြားသောကြောင့် အိမ်အတွင်းမှ လူတစ်



ယောက်ထွက်လာ၍ ကိုတင်စိုးကို ကြည့်လိုက်ပြီး…

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်က နွားလှည်းနဲ့ ခ… စဉ်လှည့်ပြီး အိုးတွေ လိုက်ရောင်းတဲ့… ပါ။ အခု နေမွန်းတည့်နေပြီဖြစ်… ထမင်းချက်ဖို့အတွက် ရေနည်းနည်း… လောက် လိုချင်လို့ပါ။ ဟိုလှည်းပေါ်မှ… ကျွန်တော့်သားငယ်လည်း ပါပါတယ်"

"ဩော်…အိုးရောင်းတဲ့ အိုးသည်… ကိုး။ သားအဖနှစ်ယောက်တည်းဆိုရင်… ထမင်းချက်ဖို့ မလိုပါဘူးဗျာ။ ကျုပ်အိမ်… မှာ ထမင်းဟင်းတွေ အဆင်သင့် ရှိ… တယ်။ ကျုပ်တို့ရွာကို ရောက်လာ… ဧည့်သည်အနေနဲ့ ကိုယ့်ထမင်း ကို… ချက်စားရတယ်ဆိုတာ မဟုတ်သေး… ဘူးဗျာ။ လှည်းပေါ်က ခင်ဗျားသား… ခေါ်လိုက်ပါ"

အိမ်ရှင်ဖြစ်သူက သူ၏ အိမ်တ… ထမင်းစားရန် ပြောပြီး သားငယ်… ခေါ်ခိုင်းသဖြင့် သား မောင်ဝင်းစိုးအ… ခေါ်လိုက်ပြီး အိမ်ပေါ်သို့ တက်… အိမ်ရှင် ချပေးသော ရေနွေးကြမ်းအ… ငုံသောက်နေစဉ် အိမ်ရှင် အမျိုးသ… က…

"ကဲ…ထမင်းခူးနေတုန်း ရေ… ကြမ်းသောက်ပါဦး။ ကျုပ်မိန်းမ ထ… ခူးနေပါပြီ"

"ဩော်…ဒါနဲ့ ဒီရွာနာမည်… ဘယ်လိုခေါ်လဲဗျ။ ကရင်ကျုံး… ဘယ်လောက်ဝေးလဲ"

"ကျုပ်တို့ရွာနာမည်က ဘန်… ကုန်းရွာလို့ ခေါ်ပါတယ်။ ဟို က… ကျုံးရွာနဲ့ ငါးမိုင်လောက်ပဲ ဝေးပါတ… လှည်းနဲ့ဆိုရင် တစ်နာရီခွဲလောက်… ရင် ရောက်ပါတယ်"

"ဒီဘန်ဘွေးကုန်းရွာ… ဖူးပေမယ့် တစ်ခါမှ မရောက်ဘူး…



www.burmeseclassic.com

www.burmeseclassic.com

ဘူးဗျ။ အခုမှ ရောက်ဖူးတာ။ ဒါတောင် ညတုန်းက လှည်းကို နွားတွေက လမ်းမှားပြီးဆွဲသွားလို့ လမ်းက ရွာလို့ ပြောရအောင်လည်း ရွာမဟုတ်ဘူး။ အဲ··· ဘယ်လိုပြောရမယ်ဆိုတာတောင် မသိတော့ဘူး။ အဲဒီမှာ ညအိပ်ခဲ့ပြီး ဒီမနက်မှ ဒီရွာကို ရောက်လာရတာပဲဗျို့"

ကိုတင်စိုး၏ ပြောစကားကို ကြားရသော ရွာသားက နားမလည်ဟန်ဖြင့်···

"ခင်ဗျားပြောတဲ့ စကားက တစ်မျိုးပါလား။ ကျုပ်ကို ရှင်းအောင် ပြောပြစမ်းပါဦးဗျ"

"ခင်ဗျားကို နားလည်အောင် ပြောပြပါ့မယ်။ ညတုန်းက ကျုပ်တို့ သားအဖ အင်းချောင်းရွာက နေညိုမှ နွားလှည်းမောင်းပြီး ကရင်ကျိုးရွာကို ထွက်လာကြတာ။ လှည်းမောင်းရင်း လှည်းပေါ်မှာ ကျုပ်အိပ်ပျော်သွားတယ်။ ကျုပ်နိုးလို့ ကြည့်လိုက်တော့ ကရင်ကျိုးရွာသွားတဲ့ လမ်းမဟုတ်ဘဲ၊ နွားတွေ လမ်းမှားပြီး ဆွဲလာတဲ့ လမ်းဖြစ်နေတယ်။ လှည်းလမ်းရှေ့မှာ မီးခွက်ထွန်းထားတဲ့ ရွာတစ်ရွာကို မြင်လိုက်ရတယ်။ ညကလည်း မှောင်နေပြီဖြစ်လို့ ဒီရွာမှာပဲ ညအိပ်မယ်ဆိုပြီး ရွာထိပ်က မီးထွန်းထားတဲ့ အိမ်တစ်အိမ်ရှေ့မှာ လှည်းကို ရပ်ပြီး အိမ်ထဲကို ဝင်သွားတော့ အိမ်ရှင် အဘိုးကြီးတစ်ယောက်ကို တွေ့ရတယ်။ ခေါင်းမှာ ဆံပင်သျှောင်ထုံးနဲ့ ဆေးတံသောက်လို့ဗျ။ ကျုပ်က မိုးချုပ်သွားလို့ ဒီရွာမှာ တစ်ညအိပ်ဖို့ ခွင့်တောင်းတော့ အဘိုးကြီးက အိပ်လို့ ရပါတယ်။ ဒါပေမယ့် ဒီရွာရဲ့ ထုံးကမ်းကို လိုက်နာရမယ်တဲ့။ ရွာရဲ့ ထုံးကမ်းက ရွာထဲမှာ အလေးအပေါ့ သည်စ်အကြေး မစွန့်ရဘူးတဲ့လေ"

ကိုတင်စိုးက ပြောရင်း စကားကို



ရပ်လိုက်ပြီး ရေနွေးကြမ်းပန်းကန်ကို ယူ၍ မော့သောက်နေလေသည်။ ထိုအချိန် အိမ်ရှင် အမျိုးသားက···

"ခင်ဗျားတို့သားအဖ အဲဒီအဘိုးကြီးရဲ့ အိမ်ပေါ်မှာ အိပ်ခဲ့တာလား"

"မဟုတ်ဘူးဗျ။ ကျုပ်တို့သားအဖ နွားလှည်းပေါ်မှာပဲ အိပ်ခဲ့တာ။ ကျုပ်တို့ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားကြသလဲဆိုရင် မနက် နေမွန်းတည့်ခါနီးမှ နိုးလာကြတာဗျ။ အဲ···ကျုပ်တို့ အိပ်ရာက နိုးလို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ညက ကျုပ် အိပ်ခွင့်တောင်းခဲ့တဲ့ အိမ်နဲ့ ရွာထဲက မီးခွက်ထွန်းထားတဲ့ အိမ်တွေ တစ်လုံးမှ မတွေ့ရတော့ဘဲ တောင်ကုန်းလေး တစ်ကုန်းနဲ့ သစ်ပင် သစ်ငုတ်တွေပဲ တွေ့ရတော့တယ်။ သစ်ငုတ်တွေပေါ်မှာ ပလိုင်းတွေ၊ တောင်းတွေ တင်ထားပြီး အဲကျီ လုံချည် ထမီအဟောင်းတွေနဲ့ ဓား၊ ပေါက်တူးအဟောင်းတွေ ထောင်ထားပြီး သစ်ပင်သစ်ကိုင်းတွေမှာ မြေအိုးကို အဖုံးပိတ်လျက် ချိတ်ဆွဲထားတာတွေပဲ မြင်ရတော့တယ်ဗျို့။ ညက ရွာ ဘယ်ရောက်သွားလဲဆိုတာ မတွေးတတ်တော့ဘူးဗျာ"

ကိုတင်စိုး၏ ပြောစကားဆုံးလျှင် အိမ်ရှင်အမျိုးသားက ပြုံးလျက်ဖြင့် -

"ခင်ဗျားတို့ ညက အရိုးတောင်ရွာကို ရောက်သွားခဲ့တာပဲဗျ"

အိမ်ရှင်ဖြစ်သူ၏ ပြောစကားကို ကြားလိုက်ရသော ကိုတင်စိုးမှာ အံ့ဩလျက်···

"ဗျာ··· အရိုးတောင်ရွာ၊ ဟုတ်လား။ အရိုးတောင်ရွာဆိုပြီး ညဘက်မှာ အိမ်တွေနဲ့ လူတွေကို မြင်တွေ့ရပြီး မိုးလင်းတော့ မရှိတော့တာက ဘာဖြစ်တာလဲ။ ရွာဆိုရင် ရှိရမှာပေါ့၊ မဟုတ်ဘူးလား"

"အဲဒီ အရိုးတောင်ရွာဆိုတာ အမှန်ကတော့ ကျွန်တော်တို့ရွာရဲ့ အရိုးတောင်လေးပေါ့ဗျာ။ ကျုပ်တို့ရွာက ကရင်လူမျိုးတွေ နေတဲ့ ကရင်ရွာလေးပေါ့။ ကျုပ်တို့ ကရင်လူမျိုးတွေ သေရင် မီးသင်္ဂြိုဟ်ပြီး အရိုးကောက်ရတယ်။ အဲဒီအရိုးကို အရိုးအိုးထဲ ထည့်ပြီး အရိုးအိုးနဲ့အတူ သေသူရဲ့ အသုံးအဆောင်ပစ္စည်းတွေကို ယူပြီး ကရင်ထုံးစံအတိုင်း အရိုးတောင်ကို ပို့ရတယ်။ အခမ်းအနားနဲ့ဗျ။ အဲဒီ အရိုးတောင်မှာ ဒီရွာက သေဆုံးသွားကြသူတွေရဲ့ အရိုးအိုးတွေနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ခင်ဗျားမြင်ခဲ့ရတာပဲပေါ့"

"အရိုးတောင်ဆိုတာကတော့ ဟုတ်ပါပြီ။ ကျုပ် ညက မြင်ခဲ့ရတဲ့ ရွာနဲ့ အိမ်၊ လူကြီးကရောဗျာ၊ ဘာတွေလဲဗျ"

"အဲဒါတွေက အရိုးတောင်က မကျွတ်မလွတ်ကြသေးတဲ့ ဝိညာဉ်တွေပေါ့ဗျာ။ သူတို့က ခင်ဗျားတို့ကို ရွာအဖြစ် ပြုလုပ်ပြီး ခင်ဗျားတို့သားအဖ



www.burmeseclassic.com

www.burmeseclassic.com

ကို သူတို့ရွာမှာ ဧည့်သည်အဖြစ် အိပ်စေချင်လို့ အိပ်ခိုင်းတာပါ။ ခင်ဗျားနဲ့တွေ့ခဲ့တယ်ဆိုတဲ့ ဆံပင်သျှောင်ထုံးနဲ့ လူကြီးဟာ ကျုပ်ရဲ့ ဖထီး(အဖေ)ပဲပေါ့။ ဒီရွာမှာ သျှောင်ထုံးနဲ့ ဆေးတံသောက်တာ ကျုပ်ဖထီးတစ်ယောက်တည်း ရှိတာဗျ"

အိမ်ရှင်ဖြစ်သူ၏ ပြောစကားကြောင့် ကိုတင်စိုးက သူသိလိုသောအချက်အား မေးလိုက်လေ၏။

"ကျုပ် မသိလို့ မေးပါရစေ။ ညက တွေ့ခဲ့ရတဲ့ အဘိုးကြီးပြောတဲ့ သူတို့ရွာထဲမှာ အလေးအပေါ့ အညစ်အကြေးမစွန့်ရဘူးဆိုတာက ဘာဖြစ်လို့လဲဆိုတာ ရှင်းပြစမ်းပါဦး"

"ဪ ဒီလိုပါ။ အရိုးတောင်ဆိုတာက ကျုပ်တို့ရွာထဲက သေသွားကြတဲ့သူတွေထဲမှာ ရွာက လူတွေရဲ့ အဘိုးအဘွား အမိအဖတွေရဲ့ အရိုးအိုးတွေလည်း ရှိကြတယ် မဟုတ်လား။ ဒါကြောင့် အရိုးတောင်မှာ ရွာက လူတွေ အလေးအပေါ့ မစွန့်ကြဘူး။ တခြားက လူတွေကိုလည်း အညစ်အကြေးစွန့်ခွင့် မပြုဘူး။ အမိအဖ အဘိုးအဘွားတွေကို ရိုသေကြတဲ့ သဘောနဲ့ပေါ့ဗျာ"

အိမ်ရှင်အမျိုးသား ရှင်းပြသည်ကို နားထောင်နေစဉ် အိမ်ရှင်၏ ဇနီးဖြစ်သူက ထမင်းခူးပြီးကြောင်း၊ ထမင်းစားရန်ခေါ်သဖြင့် ကိုတင်စိုးတို့ သားအဖ ထမင်းစားကြသည်။ ဟင်းမှာ ကရင်တာလပေါ်ဟင်းနှင့် ငါးပိရည် တို့စရာတို့ဖြစ်သည်။

ထမင်းစားပြီး ရေနွေးကြမ်းသောက်နေစဉ် အိမ်ရှင် အမျိုးသားအား ကိုတင်စိုးအား မေးလိုက်လေသည်။

"ထမင်းစားလို့လည်း ပြီးပြီ။ ထမင်းကျွေးတဲ့ အိမ်ရှင်ရဲ့ နာမည်ကို မသိရသေးဘူး၊ ပြောပြပါဦး"

"ကျုပ်နာမည်က စောသာထူး။ ကျုပ်မိန်းမနာမည်က နော်အုန်းမေတဲ့။ နောက်တစ်ခေါက် အိုးလာရောင်းရင် ကျုပ်တို့ရွာကို ဝင်လာခဲ့ပါ။ စားရေးသောက်ရေးအတွက် မပူပါနဲ့။ ကျုပ်အိမ်မှာပဲ တည်းပါ။ ခင်ဗျားတို့သားအဖ ဒီရွာက ညနေ နေညိုမှ သွားကြပေါ့။ ကရင်ကျိုးရွာကို နေမဝင်ခင် ရောက်ပါတယ်ဗျာ"

"ဟုတ်ကဲ့ပါ။ ညနေမှပဲ သွားပါ့မယ်။ နောက်တစ်ခေါက် အိုးရောင်းလာရင် ဒီရွာကို ဝင်လာခဲ့ပါ့မယ်၊ စိတ်ချပါ"

◈◈◈

ကိုတင်စိုးတို့ သားအဖသည် ညနေ ၄နာရီအချိန်ခန့် နေညိုချိန်မှ ဘန့်ဘွေးကုန်းရွာကလေးမှ လှည်းဖြင့်ထွက်လာခဲ့ကြလေသည်။ လှည်းမောင်းရင်း ကိုတင်စိုး စဉ်းစားနေမိသည်မှာ ညက သူတို့သားအဖ အိပ်ခဲ့သည့် အရိုးတောင်ရွာမှ အဘိုးကြီးပြောသည့် သူတို့ရွာအတွင်း အလေး အပေါ့ အညစ်အကြေးမစွန့်ရ ဆိုသည့်စကားကို ဖြစ်သည်။

ကိုတင်စိုး ကြားဖူးသော လူကြီးသူမများ၏ ပြောစကားများမှာ ဝိညာဉ်လောကသား(ပရလောကသား)များနှင့် နာနာဘာဝ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ သရဲ ကျတ်တို့သည် လူတို့၏ အပေါ့ရည်ကို အလွန်ကြောက်ကြသည်။ ၎င်းလောကသားများ လူကို ပူးကပ်နေလျှင် လူ၏ ဆီးရည်ဖြင့် ပက်ဖျန်းလျှင် ထိုပူးကပ်နေသော မကောင်းဆိုးရွား ပရလောကသား ထွက်သွားကြောင်း ကြားဖူးခဲ့သည်။

ယခုလည်း အရိုးတောင်မှ ဝိညာဉ်များသည် သူတို့၏ အရိုးတောင်လေးအား ရွာပုံစံ ဖန်ဆင်းပြုလုပ်ထားပြီး ကိုတင်စိုးတို့အား ညအိပ်ခိုင်းခဲ့ခြ ဖြစ်၍၊ ၎င်းရွာအတွင်း အပေါ့မစွန့်ရ ဟန့်တားခဲ့ခြင်းဖြစ်သည်။ ကိုတင်စိုး သားအဖက အပေါ့စွန့်သည့်အခါ မြေ အိုးထဲသို့ စွန့်ခဲ့ကြသော်လည်း ထို မှောက်ပြီး အရိုးတောင်(ရွာ) မြေ ပေါ်သို့ ကျခဲ့သောကြောင့် အရိုးတော ရွာရှိ ဝိညာဉ်လောကသား(ပရလော သား)များ ဖန်ဆင်းထားသော ရွ သဏ္ဌာန်ပျောက်ကွယ်သွားခဲ့ပြီး နေ တည့်ချိန်ရောက်မှ ကိုတင်စိုးတို့ နိုး ခဲ့ခြင်းဖြစ်မည်ဟု စဉ်းစားမိလေသည်။

ပရလောကသား ဖုတ်၊ ပြိတ္တာ တစ္ဆေ သရဲ ကျတ်တို့သည် လူသာ အား နောက်ပြောင်ကျီစယ်လို၍သော် လည်းကောင်း၊ ခြောက်လှန့်လို၍သော် လည်းကောင်း၊ လူတို့၏ အမြင်တွ အမျိုးမျိုးသော အသွင်သဏ္ဌာန်ပုံစံမျာ ဖြင့် မြင်တွေ့ရလေအောင် သူတို့ ဣန္ဒြိယပါတ်အစွမ်းဖြင့် လှည့်စားပြုလ ပြတတ်ကြောင်းများကို ကျမ်းဂန်စာ များတွင် ရေးသားထားကြသည်များ နေပါသည်။

အကယ်၍သာ အပေါ့ရည်အိ မမှောက်ဘဲ ဆီးရည်များ မြေပေ မကျခဲ့ပါက ကိုတင်စိုးတို့ သားအ နှစ်ယောက် ဘယ်အချိန်၊ ဘယ်ကာ အထိ အိပ်ပျော်နေကြဦးမည်နည်း စဉ်းစားရင်း ကိုတင်စိုးက နှင်တံ မြှောက်၍ နွားနှစ်ကောင်အား မော လိုက်လေတော့သည်■

* * *

မင်းမြင့်နိုင်(ဘူးသီးတော



www.burmeseclassic.com

www.burmeseclassic.com

# ဥသျှောင်တို့၏ စံအိမ်များ

■ မောင်သာ (ရှေးဟောင်းသုတေသန) ■

လူသားများသည် ဤကမ္ဘာမြေပေါ်ဝယ် စတင် အခြေချ နေထိုင်ခဲ့ကြသည့်အချိန်မှ စတင်၍ တစ်ဦးတစ်ယောက်တည်း နေထိုင်ခဲ့ကြသည် မဟုတ်ဘဲ၊ အစုလိုက် အဖွဲ့လိုက် နေထိုင်ခဲ့ကြသည်ဖြစ်လေရာ လူသားတို့ များပြားလာသည့်အချိန်ဝယ် မိမိတို့ မျိုးနွယ်စုအလိုက် တည်နေရာတစ်ခုခုတွင် စုစည်းနေထိုင်ကြရာမှ နိုင်ငံများ၊ တိုင်းပြည်များ ပေါ်ထွန်းလာခဲ့ရပေသည်။ နိုင်ငံတစ်ခု၊ တိုင်းပြည်တစ်ခု ဖြစ်ပေါ်လာသည်နှင့် အုပ်ချုပ်သူသည်လည်း ရှိလာရသည်သာ ဖြစ်ပေရာ၊ ထိုအုပ်ချုပ်သူ နေထိုင်အုပ်ချုပ်ရန်အတွက် အဆောက်အအုံများကို စီမံ ဆောက်လုပ်ကြရမြဲပင် ဖြစ်ပါသည်။ လူသားတို့ယဉ်ကျေးမှု ထွန်းကားလာချိန်တွင် အုပ်ချုပ်သူတို့၏ နေအိမ်များသည် နန်းတော်များ၊ စံအိမ်များ ဖြစ်လာကြပေသည်။


နိုင်ငံတစ်ခု၏ အကြီးအကဲ၊ နိုင်ငံတစ်ခု၏ ခေါင်းဆောင်သည် ထိုနိုင်ငံ၏ ဥသျှောင်ပင်ဖြစ်ရာ သူနေထိုင်ရာ အိမ်များ၊ အဆောက်အအုံများသည်လည်း ထိုနိုင်ငံများ၏ ဥသျှောင်အိမ်များ ဖြစ်လာရပါသည်။ ရာစုပေါင်းများစွာ ပဒေသရာဇ်တို့ နေထိုင်ခဲ့ကြသည့် နန်းတော်များ၊ ခံတပ်များ အစရှိသည့် ဥသျှောင်တို့၏ စံအိမ်များသည် တစ်ခါတစ်ရံ၌ နိုင်ငံ့သမိုင်း၏ အရေးပါသော အစိတ်အပိုင်းများ ဖြစ်ခဲ့ကြရသည်။ ရှေးအခါက ဘုရင်တို့ စိုးစံ နန်းစိုက်ခဲ့ကြသည့် အချို့သော စံအိမ် နန်းတော်များသည် ယခုအခါတွင် အသုံးပြုမှု မရှိကြသော်လည်း များစွာသောလူများ၏ စိတ်ဝင်တစား လာရောက်ကြည့်ရှုရာ နေရာများ ဖြစ်လာခဲ့ရပေသည်။

အချို့သော စံအိမ်တော်များသည်လည်း လက်ရှိ အုပ်ချုပ်သူတို့ နေထိုင် အသုံးပြုလျက်ရှိနေကြသေးပေရာ ထိုစံအိမ်များသည်လည်း အများပြည်သူတို့ စိတ်ဝင်စားစရာ နေရာများဖြစ်ကြပေသည်။

ယင်းတို့အနက် ကမ္ဘာပေါ်တွင် အထင်ရှားဆုံးသော ဥသျှောင်တို့၏ စံအိမ် (၁၁)ခုကို တင်ပြလိုပါသည်။

## (၁) ကရင်မလင် နန်းတော် (Kremlin)

ရုရှားနိုင်ငံ၊ မော်စကိုမြို့ရှိ ကရင်မလင် နန်းတော်ကို "ရင်ပြင်နီ" ဟုလည်း လူသိများသည်။ ရုရှားသမ္မတ အစဉ်အဆက် ရုံးထိုင်ခဲ့ကြသော နေရာဖြစ်ပြီး အဆောက်အအုံများစွာဖြင့် ဖွဲ့စည်းထားသော၊ အခိုင်အမာတည်ဆောက်ထားသော အစုအဝေးကြီးတစ်ခုဖြစ်သည်။ ကရင်မလင် နန်းတော်ကို နန်းတော်လေးခု၊ ဘုရားရှိခိုးကျောင်း လေးခုနှင့် ကရင်




မလင် မျှော်စင်များ ပါဝင်သည့် တံတိုင်းတစ်ခုတို့ဖြင့် ဖွဲ့စည်းထားသည်။ ကရင်မလင်နန်းတော်သည် လက်ရှိ ရုရှားနိုင်ငံသမ္မတ၏ နိုင်ငံတော်အဆင့် ရုံးထိုင်ရာ နေရာဖြစ်ပြီး ကရင်မလင်နန်းတော် ဧရိယာ၏ သုံးပုံတစ်ပုံခန့်သော နေရာများကိုသာ အများပြည်သူတို့အား ဝင်ခွင့်ပြုထားပြီး၊ ကျန်နေရာများအား ပိတ်ပင်ထားသည်။ ဝင်ခွင့်ပေးထားသော သုံးပုံတစ်ပုံမျှသော နေရာများသည်ပင်လျှင် ရက်အတန်ကြာ အချိန်ယူ လေ့လာကြရမည့် နေရာများဖြစ်သည်။

## (၂) အိမ်ဖြူတော် (White House)

အမေရိကန်သမ္မတများ နေထိုင် ရုံးစိုက်ရာ အိမ်ဖြူတော်ကို သက္ကရာဇ် ၁၇၉၂ ခုနှင့် ၁၈၀၀ ခုနှစ်ကြားတွင် ဆောက်လုပ်ခဲ့ပြီး အမေရိကန်နိုင်ငံ သမ္မတ ဂျွန်အဒမ်က ပထမဆုံး နေထိုင် ရုံးစိုက်ခဲ့သည်။ ယခင်က အိမ်ဖြူတော်ကို




www.burmeseclassic.com



လူများ အလွယ်တကူ ဝင်ရောက်လေ့လာနိုင်ကြသော်လည်း ၉/၁၁ တိုက်ခိုက်ခံရမှုအပြီးတွင် ဆယ်ယောက်နှင့်အထက် ခရီးသွား အုပ်စုများကိုသာ အဖွဲ့လိုက် ဝင်ခွင့်ပြုထားပါသည်။ ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်သို့ ဝင်ရောက်လေ့လာနိုင်ရန် အမေရိကန်နိုင်ငံသားများသည် မိမိတို့၏ မဲဆန္ဒနယ် ကွန်ဂရက်အမတ်မှ တစ်ဆင့်ဖြစ်စေ၊ အမေရိကန်နိုင်ငံသား မဟုတ်သူများသည် မိမိတို့နိုင်ငံအသီးသီးရှိ အမေရိကန် သံအမတ်ကြီးများမှ တစ်ဆင့်ဖြစ်စေ ၆လ ကြိုတင်ကာ ခွင့်ပြုချက်ရရှိရန် လျှောက်ထားနိုင်ကြပါသည်။

**(၃) ထိုင်းဘုရင့်နန်းတော် (Grand Palace)**


ထိုင်းဘုရင့်နန်းတော် ထိုင်းနိုင်ငံ၏ မြို့တော်ကို တွန်ဘူရီမှ ဘန်ကောက်သို့ ပြောင်းရွှေ့ချိန် ၁၇၈၂ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ထိုနန်းတော်မှာပင် ထိုင်းဘုရင်များ နန်းစိုက်ခဲ့ရာ ၁၉၄၆ ထိုင်းဘုရင်ဖြစ်သော အာနန္ဒမဟီဒေါ (Anand Mahidol) ထူးဆန်းစွာ ကွယ်လွန်ခဲ့ချိန်အထိ



ဖြစ်သည်။ ဘုရင် အာနန္ဒမဟီဒေါ ကွယ်လွန်ပြီးနောက် ထီးမွေ နန်းမွေဆက်ခံသူ (မဟီဒေါ၏ ညီဖြစ်သူ) ယခုလက်ရှိ ထိုင်းနိုင်ငံ၏ ဘုရင်ဘူမိဘော(Bhumibol Adulyadej) က ထိုင်းဘုရင့်နန်းတော်ကို ချိတြာလာဒ(Chitralada)သို့ အပြီး ပြောင်းရွှေ့ကာ ယခုအချိန်အထိ နန်းစံလျက်ရှိနေသည်။ သို့သော်လည်း ထိုင်းဘုရင်အဆက်ဆက်တို့ နန်းစိုက်ခဲ့ရာ Grand Palace သည် ထိုင်းနိုင်ငံ၏ တရားဝင် နန်းတော်တစ်ခုအဖြစ် ယခုတိုင် ရပ်တည်လျက်ရှိပြီး တော်ဝင်အခမ်း အနားများကို လည်း ရံခါရံခါဆိုသလို ကျင်းပလျက် ရှိနေပါသေးသည်။

**(၄) အယ်လ်ကာဇာ နန်းတော် (Alcazar of Seville)**

အယ်လ်ကာဇာ နန်းတော်သည် စပိန်နိုင်ငံမှ သမိုင်းဝင် အထင်ရှားဆုံးသော မူဒေဂျာ (Mudejar) ဗိသုကာ လက်ရာများထဲမှ ကြွင်းကျန်နေသေးသော အကောင်းဆုံး အနုလက်ရာဖြစ်သည့် ဖုန်ဆိုးမြေပေါ်မှ ခံတပ်အဆောက်အအုံ တစ်ခုပင်ဖြစ်သည်။ မူလ နန်းတော်ကို တစ်ဆယ်ရာစု နှစ်ဦး



ပိုင်းတွင် စတင်တည်ဆောက်ခဲ့ပြီး ဝပိန် 'Almohade' မင်းဆက်တွင် စိုးစံခဲ့ကြသူများက ဆက်လက် တိုးချဲ့တည် ဆောက်ခဲ့ကြသည်။ အဆက်ဆက်သော နန်းစံခဲ့ကြသူတို့က အယ်လ်ကာဇာကို မိမိတို့စိတ်ကြိုက် ပြင်ဆင်ခဲ့ကြရာ နန်း ဆောင်၏ အပေါ်လွှာတွင် ယနေ့တိုင် တော်ဝင်အခမ်းအနား များကို တရားဝင် ကျင်းပလျက် ရှိနေပါသည်။

**(၅) ဘာကင်ဟမ် နန်းတော် (Buckingham Palace)**

ဘာကင်ဟမ် နန်းတော်သည် ဗြိတိန်ဘုရင်မကြီး Elizabeth II နန်းစိုက်ရာ ကမ္ဘာကျော် အဆောက်အအုံပင်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် တည်ရှိပြီး တော်ဝင်မိသားစုပိုင်မဟုတ်သည့် ဗြိတိန်နိုင်ငံပိုင် နန်းတော်ကြီးဖြစ်သည်။ နန်းရှေ့ရင်ပြင်တွင် လုံခြုံရေးအစောင့်များ တာဝန်လဲလှယ်မှုကို အခမ်းအနားတစ်ခုအဖြစ် ပြုလုပ်သည် ဖြစ်ရာ ကမ္ဘာတစ်ဝန်းမှ ခရီးသွားများ စိတ်ဝင်တစား လာရောက် ကြည့်ရှုလေ့ရှိသည်။ နှစ်စဉ် မေလနှင့် ဇူလိုင်လများတွင် နေ့စဉ် နံနက် ၁၁နာရီ ၃၀မိနစ်ခန့်တွင် တာဝန်ချိန်လွှဲပြောင်းခြင်းအခမ်းအနားကို ကျင်းပလေ့ရှိကာ၊ ကျန်လများတွင်မူ ရာသီဥတုအပေါ် မူတည်လျက် နေ့အလိုက် အလှည့်ကျ ကျင်းပမြဲဖြစ်ပါသည်။

## (၆) စပိန်နန်းတော် (Palacio Real)


စပိန်နိုင်ငံ၏ ဘုရင် 'Juan Carlos' သည် စပိန်နိုင်ငံ၏ မြို့တော် မက်ဒရစ်၏ အပြင်ဘက်ရှိ Palacio de la Zarzuela တွင် နေထိုင်သော်လည်း Palacio Real သည် စပိန်ဘုရင်၏ တရားဝင် ရုံးထိုင်ရာ နေရာဖြစ်သည်။ Palacio Real ကို



…ခဲ့သော ဆယ်ရာစုနှစ်က တည်ဆောက်ခဲ့ပြီး လွင်တီး…ခေါင်ဒေသတွင် အဆီးအတားမြို့ရိုးတစ်ခုအဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၇၃၈ ခုနှစ်မှ ၁၇၅၅ ခုနှစ်ထိ တည်ဆောက်ခဲ့ရပြီး နန်းတော်ပြီးစီးချိန်တွင် စပိန်ဘုရင် Carlos III က ၁၇၆၄ ခုနှစ်တွင် နန်းစိုက်ခဲ့သည်။

## (၇) တိုကျိုနန်းတော် (Tokyo Imperial Palace)

ကြီးမားကျယ်ပြန့်သော ဥယျာဉ်တစ်ခုနှင့် တူသည့် ဂျပန်ဘုရင့်နန်းတော်သည် ဂျပန်ဘုရင်တို့ အဓိက ရုံးစိုက်…သော စံအိမ်တော်ဖြစ်သည်။ ၁၉၈၀ ခုနှစ်ဝန်းကျင်က ဂျပန်နိုင်ငံတွင် အိမ်ခြံမြေဈေးများ အဆမတန် မြင့်တက်ခဲ့…က နန်းတော်မြေနေရာ၏ တန်ဖိုးသည် အမေရိကန်နိုင်ငံ၊



ကာလီဖိုးနီးယားပြည်နယ်တစ်ခုလုံးရှိ အိမ်ခြံမြေအားလုံး၏ တန်ဖိုးထက် ပိုခဲ့သည်။ ဘုရင့်မိသားစုတို့ ပြည်သူတို့ထံမှောက် ရှေ့ထွက်လေ့ရှိသည့် နှစ်စဉ် ဇန်နဝါရီလ ၂ရက်နှင့် ဒီဇင်ဘာလ ၂၃ရက်တို့မှလွဲ၍ ကျန်ရက်များတွင် နန်းတော်ဥယျာဉ်အတွင်းပိုင်းနှင့် အဆောက်အအုံအားလုံးတို့အား အများပြည်သူများအား ဝင်ခွင့်မပြုဘဲ ပိတ်ထားလေ့ရှိသည်။

## (၈) ဟော့ဖ်ဘာ့ခ် နန်းတော် (Hofburg Imperial Palace)

ဟော့ဖ်ဘာ့ခ်နန်းတော် (Hofburg Imperial Palace) သည် သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် တည်ရှိပြီး သြစတြီးယားနိုင်ငံ သမ္မတ တရားဝင် ရုံးစိုက်ရာ စံအိမ်တော်



ဖြစ်သည်။ ဟော့ဖ်ဘာ့ခ်နန်းတော်တွင် ၁၄၃၈ ခုနှစ်မှ ၁၅၈၃ ခုနှစ်နှင့် ၁၆၁၂ ခုနှစ်မှ ၁၈၀၆ ခုနှစ်အထိ ရိုမန်အင်ပါယာဘုရင်များ နန်းစိုက်ခဲ့ပြီး ၁၉၁၈ ခုနှစ်၊ ပထမကမ္ဘာစစ်ပြီးသည့်နောက်ပိုင်းမှစ၍ သြစတြီးယား ကေရာဇ်များ နန်းစိုက်ခဲ့သည်။


## (၉) ဆွစ်နန်းတော် (Drottningholm)

၁၆ ရာစုနှောင်းပိုင်းတွင် တည်ဆောက်ခဲ့သော ဆွစ်



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်(Drottningholm)သည် ဆွီဒင်တော်ဝင် မိသားစုပိုင် နန်းတော်ဖြစ်ပြီး ဘုရင်နန်းစိုက်ရာနေရာလည်း ဖြစ်သည်။ နန်းတော်ကို ပတ်ရံထားသော ဥယျာဉ်များ၊ ပန်းခြံများနှင့် နန်းတော်အတွင်းမှ အဆောက်အအုံများသည် ကမ္ဘာလှည့် ခရီးသွားများ အဓိက စိတ်ဝင်စားသော နေရာများဖြစ်ကြပြီး နှစ်စဉ် ခရီးသည်အများအပြား လာရောက်ကြည့်ရှုကြသည်။ နန်းတော်အတွင်း အော်ပရာရုံတစ်ရုံ၊ ကဇာတ်ရုံတစ်ရုံတို့လည်း ရှိရာ၊ ယင်းတို့ကို ယနေ့တိုင် အသုံးပြုဆဲဖြစ်ပါသည်။

## (၁၀) အမ်စတာဒမ်နန်းတော်
## (Koninklijk Paleis Amsterdam)

အမ်စတာဒမ် နန်းတော်သည် နယ်သာလန်နိုင်ငံ၏ နန်းတော်လေးခုအနက်မှ တစ်ခုဖြစ်သည်။ နန်းစွန့် ဘုရင်မ Queen beatrix ၏ နန်းဟောင်းတစ်ခုလည်းဖြစ်ပြီး အမ်စတာဒမ်မြို့လယ်ရှိ ဒမ်စကွဲယား(Dam Square) ၏ ဝဲဘက်



ခြမ်းတွင် တည်ရှိသည်။ ဒတ်ချ်တို့ ရွှေခေတ်ဖြစ်ခဲ့သည့် ၁၇ ရာစုတွင် မြို့တော်ခန်းမဆောင်တစ်ခုအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ဒတ်ချ်ဘုရင် Louis Nepoleon နန်းစိုက်ခဲ့ရာ ဒတ်ချ်တို့၏ စံတော်အိမ်နန်း ဖြစ်လာခဲ့သည်။

## (၁၁) လာဖိုတာလေဇာ နန်းတော် (Lafortaleza)

လာဖိုတာလေဇာသည် ခံတပ်မြို့ရိုးတစ်ခုဖြစ်ပြီး လက်ရှိတွင် Puerto Rico အုပ်ချုပ်ရေးမှူးရုံးအဖြစ် အသုံးပြုလျက်ရှိသည်။ ယင်းခံတပ်သည် ခေတ်သစ် ကမ္ဘာ၏ ရှေးအကျဆုံး



သော အာဏာပိုင်တို့ ရုံးစိုက်ရာ အိမ်ဂေဟာကြီးတစ်ခုလည်း ဖြစ်ပါသည်။ ၁၅၃၃ ခုနှစ်နှင့် ၁၅၄၀ ခုနှစ်အတွင်း တည်ဆောက်ခဲ့သော မြို့တော်ကို ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ထားသည့် စစ်ဘက်ဆိုင်ရာ အဆောက်အအုံလည်း ဖြစ်သည်။ San Juan ဆိပ်ကမ်းကို ကာကွယ်စောင့်ရှောက်ရန်လည်း ဖြစ်ပေသည်။

ယခုအခါတွင် ရှေးယခင်က ဘုရင်တို့ စံမြန်းခဲ့သည့် စံအိမ်များကိုရော၊ လက်ရှိ နိုင်ငံခေါင်းဆောင်တို့ ရုံးစိုက်နေထိုင်ကြသည့် စံတော်အိမ်များကိုပါ လူအများက စိတ်ဝင်တစားမှု ရှိကြပေရာ၊ အချို့သော စံအိမ်များကို ပြည်သူများ သွားရောက်လေ့လာနိုင်ကြသော်လည်း၊ အချို့သော စံအိမ်များကား အနီးသို့ပင် ကပ်၍မရအောင် လုံခြုံရေးများက တင်းတင်းကျပ်ကျပ် စောင့်ကြပ်လျက်ရှိနေသည်ကို ကမ္ဘာအနှံ့ မြင်တွေ့နိုင်ကြပေသည် ■

* * *

မောင်သာ(ရှေးဟောင်းသုတေသန)

မှီငြမ်း -
- **11 Famous Official Residences, www.tourpoia.com.**




www.burmeseclassic.com

www.burmeseclassic.com

# သတ္တအောင်မြေလော

ဦးကျော် (ပြည်)



## အောင်မြေ

လောကီလိုက်စား ပညာများထဲတွင် "အောင်မြေ" သည်လည်း အရေးပါသော အရာကိစ္စတစ်ခုအဖြစ် ပါဝင်ပါသည်။ အောင်မြေတွင် အောင်မြေနင်းကြသည်။ အောင်စာတ်ယူကြသည်။ အောင်စာတ်ဆက်ကြသည်။ အောင်ပန္နက်ချကြသည်။ အောင်မြေနင်း၊ အောင်စာတ်ယူ၊ အောင်စာတ်ဆက်၍ အစိဋ္ဌာန်များ ဝင်ကြပေသည်။

အောင်မြေတွင် လောကီအောင်မြေ၊ လောကုတ္တရာအောင်မြေဟု အခြေခံ နှစ်မျိုးရှိသော်လည်း လောကုတ္တရာမှ လောကီ၊ လောကာမှ လွန်မြောက်ရာကိစ္စသာဖြစ်၍ ပညတ်သဘော စာတ်နှော၍ သဘောသက်ဝင်အောင် ပြောကြခြင်းသာ ဖြစ်သည်။ မလိုအပ်ပေ။

လောကီမှာတော့ ဤသို့မဟုတ်။ လိုအပ်သည်ဖြစ်၏။ ဗိဇ္ဇာရေ ဂမ္ဘီရဖြစ်သောကြောင့် အောင်မြေ အောင်စာတ်သည် အရေးပါလှသည်။ အောင်မြေနင်းကြခြင်း၊ အောင်စာတ်ဆက်ကြခြင်းသည် သိဒ္ဓိ၊ မဟိဒ္ဓိအရာ၌ပင် အကျုံးဝင်ကြောင်း လိုက်စားသူတိုင်း သိကြမည်။ လက်ခံကြပေမည်။

ထပ်မံ လေ့လာကြည့်လျှင် ဇင်္ဂမ အောင်မြေ၊ ထာဝရ အောင်မြေရှိပြန်သည်။ တချို့အယူအဆမှာ တဒင်္ဂ အောင်မြေနှင့် ထာဝရ အောင်မြေဟူ၍ ဆိုသည်။ ချက်ချင်း အကျိုးပြုသော အောင်မြေ၊ ခဏတာ အကျိုးပြုသော အောင်မြေနှင့် ထာဝရ အမြဲတမ်း အောင်မြေဖြစ်နေသော အောင်မြေဟူ၍ ဖြစ်သည်။

အောင်မြေတွင်...


* ဗုဒ္ဓအောင်မြေ
* တရားအောင်မြေ
* သံဃာ့အောင်မြေ
* သာသနာ့အောင်မြေ
* ဝိဇ္ဇာအောင်မြေ
* ရာဇအောင်မြေ
* ဒေဝအောင်မြေ
* စစ်အောင်မြေ
* စီးပွားအောင်မြေ
* သိုက်အောင်မြေ
* ရက္ခအောင်မြေ
* သတ္တအောင်မြေ ဟူ၍ အမျိုးမျိုးရှိပေသည်။

အသေးစိတ်ရေးရလျှင် စာတစ်စောင်၊ ပေတစ်ဖွဲ့ လုံးချင်းစာအုပ်တစ်အုပ်ပင် ဖြစ်ဖွယ်ရာရှိသည်။ နောင်အလျဉ်းသင့်ပါက ဆရာသခင် ကျေးဇူးရှင်တို့၏ ဩဝါဒအဆိုအမိန့်များကို စုဆောင်းရှာဖွေ တင်ပြပေးပါဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## သတ္တအောင်မြေ

သတ္တအောင်မြေ ဆိုသည်မှာ အင်အား၊ စွမ်းအား နည်းပါးသော သတ္တဝါက အင်အားကြီးသော၊ စွမ်းအားကြီး သော၊ တစ်ဖန် ဖြစ်နေကျ သဘောသဘာဝကို ဆန့်ကျင် လျက် ဖြစ်ပေါ်သော၊ တစ်နည်းပြောရလျှင် ပြန်လည်တိုက် ခိုက် အနိုင်ရသောသဘော ဓာတ်ဆောင်သည့် မြေနေရာဖြစ် သည်။

ဤနေရာတွင် ဖားက မြွေကို ကိုက်ငုံ၍ ပြန်မျိုနေခြင်း ကို တွေ့ရသည်။ သဘာဝမှာ မြွေကသာ ဖားကို မျိုရန်ဖြစ် သော်လည်း ဆန့်ကျင်လျက် အနိုင်ယူရာ မြေဌာနဖြစ်နေ ခြင်းမှာ ထူးခြားချက်ပင်။ ထို့ကြောင့် သတ္တအောင်မြေဟု ခေါ်သည်။ ဥပမာ - သမင်က ကျားကို ပြန်လိုက်လျှင် ကျားက ပြေးသော် ထိုနေရာသည် သတ္တအောင်မြေပင် ဖြစ်သည်။ ဤသည်မှာ စကြဝဠာထဲက ထူးခြားဖြစ်စဉ် လျှို့ဝှက်ဓာတ်ဆောင်သဘောပင် ဖြစ်၏။ ထိုနေရာတွင် အကြောင်းဓာတ်ခံတစ်ခုခုကြောင့် ဓာတ်တို့ လှုပ်လှုပ်ရှားရှား ဖြစ်နေသော နေရာဌာနပင်ဖြစ်သည်။.


ယခုဓာတ်ပုံပါ မြွေကို ဖားက မျိုသောနေရာမှာ သင်္ဃန်းကျွန်း၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ အိမ်အမှတ် (၁၇၈) နေ ဦးသန်းဦး(နေခြည်သစ်ခွ) နေအိမ်၏ အိမ်ရှေ့မျက်နှာ ခေါင်းရင်းဘက် တစ်နေရာတွင် ဖြစ်သည်။ ဖားသည် အကောင်နှင့် မလိုက်အောင် မြွေကို လိုက်၍ဖမ်းသည် မြွေက ပြန်ပေါက်သည်။ ဖားက ရှောင်သည်။ လွတ်သည် ဤသို့ဖြင့် နှစ်ကြိမ်သုံးကြိမ်ခန့်အပြီးတွင် ဖားက မြွေ ခေါင်းကို အတင်းဝင်ခဲရာ မြွေမှာ အခဲခံလိုက်ရသည်။ ပထ ပိုင်းတွင် ကန့်လန့်ဖြတ် ခဲထားသည်။ ပြီးသော် တဖြည်းဖြည် ချင်းလှည့်၍ အတည့်ငုံတော့သည်။ ပြီးမှ မျိုချသည်။ သော် ခေါင်းသာ မျိုနိုင်သည်။ မြွေက အတော်ကြီးနေသော ကြောင့်ပင်။

မည်သို့ဆိုစေ၊ ထိုဖြစ်ရပ်မှာ ထူးခြားလှသည်။ တဓာ တမ်းတွင် ထိုနေရာမှာ သတ္တအောင်မြေဖြစ်ကြောင်း သ မှတ်နိုင်ပေသည်။ ထို့ကြောင့်လည်း ပညာရှင်တစ်ဦး၏ အ အညီဖြင့် အောင်မြေနေရာသတ်မှတ်လိုက်သည်။

### ဦးသန်းဦး၏ ပြောစကား

ကျွန်တော် ပြီးခဲ့တဲ့ နှစ်ကနေ ဒီနေ့အထိ ပဋ္ဌာ ငါးကျမ်းကို အမြဲရွတ်ပါတယ်။ ကျွန်တော့်ရဲ့ ဆရာသ တစ်ဦးက ပဋ္ဌာန်းရွတ်ပါလို့ ပြောတယ်။ ကျွန်တော်လည် ယုံယုံကြည်ကြည်ရွတ်ခဲ့တာ လေးကြိမ် အောင်မြင်ခဲ့ ဒီဝါတွင်းမှာ နောက်ထပ်တစ်ကြိမ် ရွတ်မယ်လို့ စီစဉ်ထာ တယ်။ ဒီ ပဋ္ဌာန်းငါးကျမ်း လေးကြိမ်အပြီးမှာ တိုက်တို ဆိုင်ဆိုင် အိမ်ရှေ့မှာ ဒီလိုဖြစ်လာတယ်။ ထူးခြားတယ် ကျွန်တော်ယုံပါတယ်။

### ဇာတာ




ထိုဖြစ်ရပ် ဖြစ်ခဲ့သောနေ့၏ ဇာတာကို တွက်ချ ကြည့်သော် အထက်ပါအတိုင်း တွေ့ရပါသည်။ နေ့ (၁၃-၅-၂၀၁၄)၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ မနက် ၉ ၉မိနစ်ခန့် ဖြစ်ပါသည် ■

* * *

ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆိုး ရင်ကျပ်ပျောက်ဆေး

ရောမြေ ထွန်းထွန်း

ယခုအချိန်အခါသည် မိုးရာသီကုန်ဆုံး၍ မြောက်အရပ်ဗွာနေဆီမှ အေးမြသော ဆောင်းလေများ စ၍တိုက်ခတ်ပြီဆိုရင် လူသားတွေဟာ ဝေဒနာတစ်ခုကို ဥတုအကူးအပြောင်းတို့တွင် ခံစားရလေ့ရှိပါတယ်။ မိုးရာသီတွင် နေ့စဉ်နှင့်အမျှ မိုးရွာနေသည်မဟုတ်ပါ။ အလွန်ပူသော နေသည်အပူရှိန်မြင့်မားစွာ ထွက်တတ်သည်။ ဆောင်းရာသီတွင် နေ့ဘက်၌ ပူ၍ ညဘက်တွင် အအေးဓာတ်လွန်ကဲလေ့ရှိ၏။ အပူနှင့် အအေးမှာ မတည့်သဖြင့် ဆောင်းရာသီတွင် လူသားတိုင်းလိုလို ချောင်းဆိုးခြင်းဝေဒနာကို မခံစားဖူးသူ မရှိ၊ ခံစားရ၏။ ချောင်းဆိုးခြင်းဝေဒနာမှာ သုံးမျိုးသုံးစားပင် ရှိ၏။ အပူချောင်း၊ အအေးချောင်း၊ အမိချောင်းတို့ပင် ဖြစ်သည်။ အမိချောင်းမှာ ရာသီအကူးအပြောင်းတွင် အလွန်ဆိုးဝါးစွာဆိုးသောချောင်းဖြစ်သည်။

အမိချောင်းသည် ဆောင်းရာသီတွင် လူတိုင်း ဆိုးတတ်သော ချောင်းဖြစ်ပြီး ဝမ်းခေါင်းသံပေါက်အောင် အဆက်မပြတ်ဆိုးခြင်းဖြစ်သည်။ လူ၏ ခန္ဓာကိုယ်ထဲတွင် အပူများ အောင်းနေပြီး အပြင်၏ အအေးဓာတ်ကြောင့် အစာအိမ်နှင့် အူထဲတွင် ရှိသော ချွဲသလိပ်တို့သည် အေးခဲကာ လည်ချောင်းများကွဲမတတ်၊ ဝမ်းဗိုက်ကြောများ ပြတ်မတတ်ဆိုးပြီး အမြစ်ပြတ် ပျောက်ကင်းခြင်း မရှိပါ။ ထို့ကြောင့် ချောင်းဆိုးနေရသော ဝေဒနာရှင်များအတွက် ချောင်းဆိုး(အမြစ်ပြတ်)ဆေးနည်းကို အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်ရန် တင်ပြလိုက်ပါသည်။ ယခုဆေးနည်းမှာ လက်တွေ့ ရောဂါဝေဒနာသက်သာပျောက်ကင်းမှုတွေ တွေ့ရှိရသဖြင့် ယုံကြည်စိတ်ချစွာ ဖော်စပ်သုံးစွဲနိုင်ကြပါသည်။

**ဆေးဖော်စပ်သုံးစွဲပုံ**

(၁) ပရုတ် လေးပဲသား။

(၂) သိန္ဓောဆား နှစ်ကျပ်သား။

(၃) ဇာတိပ္ဖိုလ်သီးအဆန် ရှစ်ပဲသား။

(၄) ဇက်သာ လေးကျပ်သား။

အထက်ပါ ဆေးအမျိုးအမည်များကို ရှာဖွေပြီး ဆေးတစ်မျိုးချင်း အမှုန့်ထောင်းကာ လေးမျိုးရောနှောမွှေပြီးနောက် ချောင်းဆိုးရောဂါဖြစ်ပွားနေသူ ကလေး တစ်နှစ်မှ ဆယ်နှစ်အထိကို ကွမ်းသီးခြမ်းခန့် ဆေးမှုန့်ကို ရေနွေးနွေးဖြင့် ရောစပ်၍ တိုက်ရပါမည်။ လူကြီးဖြစ်ပါက ကင်ပွန်းချဉ်ရွက်အကြမ်းလက်တစ်ဆုပ်ကို ရေသုံးပုံတစ်ပုံကျန်အောင် ပြုတ်ယူ၍၊ ၎င်းပြုတ်ရည်ထဲ ဆေးမှုန့် ကွမ်းသီးတစ်လုံးစာထည့်၍ ရောမွှေပြီး ချောင်းဆိုးနေစဉ် (သို့မဟုတ်) ချောင်းဆိုးပြီးချိန်တွင် သောက်သုံးရပါမည်။ ထိုသို့ တစ်နေ့ နှစ်ကြိမ် သုံးရက်ဆက်တိုက် ဆေးသောက်သွားပါက မုချ ချောင်းဆိုးရောဂါ အမြစ်ပြတ်ပျောက်မည်ဖြစ်ပါသည်။

ဝေဒနာခံစားနေရသူများအနေဖြင့် အလွယ်တကူ ဆေးဖော်စပ် သုံးစွဲနိုင်စေရန် ရည်ရွယ်၍ ဤ ဣန္ဒြေဆန်းကြယ် မဂ္ဂဇင်းမှတစ်ဆင့် တင်ပြလိုက်ရပါသည်။ ■

**စာရှုသူအပေါင်း ချမ်းသာသုခ နှစ်ဖြာဖြင့် ပြည့်စုံနိုင်ကြပါစေ**

* * *

ရောမြေထွန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

"အစ"ဆိုတာ ရှိခဲ့လို့ "အဆုံး" ဆိုတာ ရှိလာရတဲ့ လောကကြီးထဲမှာ လောကစံရဲ့ ရိုက်ပုတ်ခြင်းကို မရှုမလှ ခံလိုက်ရတဲ့ မိသားစုလေးအကြောင်း ပြောပြချင်ပါတယ်။

"လောကစံ"ဆိုတာ လောကဓမ္မ။ "လောက"ဆိုတာ လောကကြီးထဲမှာ ဓမ္မ-ဖြစ်တတ်တဲ့ သဘောတရားဟု နားလည်ပြီး "စခြင်း၊ ဆုံးခြင်း၊ ရှင်ခြင်း၊ သေခြင်း"တွေနှင့် နေ့စဉ် ရင်ဆိုင်နေရ

# လူတွေ ပြောတဲ့ လောကစံ

ဝေး
(ဇရာဝတီ)



www.burmeseclassic.com

www.burmeseclassic.com

လာကခံဆိုတဲ့ တရားကို လူတိုင်း
ား ကြုံဖူးကြမှာပါ။

ဒီအဖြစ်အပျက်က မဝေး
သေးတဲ့ အချိန်ကာလတစ်ခုက
ဖြစ်စဉ်တစ်ခုပါ။ တစ်ဆင့်စကား
တစ်ဆင့်နား မှတ်သား
ရတဲ့ ရာဇဝင်မဟုတ်။ အိပ်ရာဝင်ပုံပြင်
လည်း မဟုတ်သလို၊ စိတ်ကူးယဉ်
ဇာတ်လမ်းလည်း မဟုတ်ပါ။

ကျွန်မတို့ မိသားစုဘဝထဲက
တစ်စိတ်တစ်ဒေသ၊ တိကျစွာ ပြောရ
လျှင် ကျွန်မတို့ မွေးချင်းညီအစ်ကို
မောင်နှမ ငါးဦးထဲက ကျွန်မရဲ့ အထက်
စတုတ္ထမြောက် အစ်ကိုလေးရဲ့ ရင်နာ
စရာဇာတ်လမ်းတစ်ခုပါ။

ကျွန်မတို့
မိသားစုမှာ မမေ့နိုင်သေးသလို၊ တွေးမိ
တိုင်းလည်း ရင်နာရခဲ့ပါ။ မိသားစုထဲမှာ
အငယ်ဆုံးဖြစ်တဲ့ ကျွန်မထက် အစ်ကို
လေးက ၅နှစ်ကြီးပါတယ်။ ကျွန်မမှာ
အရမ်းခင်တဲ့ သူငယ်ချင်းတွေထဲက
တစ်ယောက်ဖြစ်တဲ့ "မြတ်သန္တာ
အောင်"ဆိုတဲ့ သူငယ်ချင်းမတစ်
ယောက်နဲ့ ကျွန်မအစ်ကို ချစ်သူဖြစ်
ခဲ့ပါတယ်။

သူနဲ့ ကျွန်မက သူငယ်ချင်းဆို
ပေမယ့် အသွင်မတူပါဘူး။ သူက
ဆံပင်ရှည်ရှည်ကို ကျစ်ဆံမြီးကျစ်ပြီး
ရင်ဖုံးအင်္ကျီနဲ့ ရိုးရိုးယဉ်ယဉ်ပါ။ အရပ်
က ခပ်သွယ်သွယ်၊ ကိုယ်ဟန်က
နွဲ့နွဲ့နှင့်မို့ ကျောင်းမှာ "ခင်က
လျာနွဲ့နှောင်း"ဟု တိတ်
တခိုးအခေါ်ခံရတဲ့ ချော
မောသူတစ်ဦးပါ။



www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်ကြီးရင့်ပြီး စည်းကမ်းကြီးတဲ့ ရှေးရိုးအပျိုကြီး ညီအစ်မတစ်စုရဲ့ အလယ်မှာ ကြီးပြင်းခဲ့သူပါ။ ပိုက်ဆံချမ်းသာတဲ့ ရှေးအဘွားတွေရဲ့ လက်ထဲမှာ ၁၉ ရာစု မိန်းမပျို့ဒီဇိုင်းနဲ့ အနေကျပ်ခဲ့တာက လွဲရင် ဘဝမှာ ပြည့်စုံခဲ့သူပါ။

ကျွန်မကတော့ သူနဲ့ ဆန့်ကျင်ဘက်ပါ။ ခေတ်မီမီ ဝတ်စားတတ်ပြီး ဒိုင်ယာနာကေ စတက်ကေနဲ့ ကျွန်မက သူနဲ့ အသွင်မတူပေမယ့် စိတ်ချင်းတူလို့ ပေါင်းခဲ့တာပါ။ ကျွန်မက စာရူးပေရူး။ စာဖတ်ဖို့၊ စာရေးဖို့အတွက် လူဖြစ်လာခဲ့သည်ဟု မှတ်ယူထားချင်သူ။ သူက ကဗျာတွေအပေါ်မှာ ရူးသွပ်စွာ ခံစားတတ်သူ။

ခေတ်ပညာတတ် ဆွေကြီးမျိုးကြီးထဲက သူ့ကို မရှိမရှားဘဝထဲက ကျွန်မအစ်ကိုနဲ့ သူ့အသိုင်းအဝိုင်းက သဘောမတူခဲ့တာ မဆန်းပါဘူး။ သူ့အသက် ၁၆နှစ်မပြည့်ခင်မှာ ဆယ်တန်းစာမေးပွဲတွေ မဖြေခင် သူတို့နှစ်ယောက် လိုက်ပြေးကြတယ်။ အချိန်မီ သိလို့ လိုက်ခွဲပြီး စာမေးပွဲဖြေနိုင်းရတယ်။ မိဘတွေက သူ့ကို ရန်ကုန်ပို့လိုက်ကြတယ်။ သောကတွေကြားက သူမှာ "နွေသံဝါ (စာပေးစာယူ)" ဆိုတဲ့ နာမည်နဲ့ ကဗျာတွေ ရေးလိုက်သေးတယ်။

ဘဝဆိုတာ ကဗျာလို နူနေမယ်၊ ရွနေမယ်၊ ကာရန်လို လိုက်ဖက်ညီမယ်လို့ သူထင်ခဲ့တာ။ အချစ်ကြောင့် သူ မိုက်မဲစွာ ဆုံးဖြတ်ပြီး တိုက်ပေါ်က ခုန်ချ၊ ခြေထောက်မှာ ဒဏ်ရာရပြီး ဒုတိယအကြိမ် နိုးရာလိုက်ခဲ့ပြန်တယ်။

ပြန်ခွဲကြတဲ့အခါ ချစ်သူနဲ့ မပေါင်းရလည်း သေမယ်ဆိုတဲ့အတွေးနဲ့ ကွန်ပျူတာဦးနှောက်ရှင်ကြီးက အိပ်



ဆေးအလွန်အကျွံသောက်ပြန်တယ်။ ကံကောင်းလို့ သေကံမရောက်ခဲ့ပေမယ့် နားအကြားအာရုံတွေ ချို့တဲ့ပြီး ဆေးကုမရတဲ့ အခြေအနေရောက်မှ ချစ်သူနှစ်ယောက် ဆုံစည်းခဲ့ကြတယ်။

ဒီလိုနဲ့ သားသမီးနှစ်ယောက်ရပြီးတဲ့အခါ သူက စကားတစ်ခွန်းပြောလာတယ်။

"ဟဲ့…ဂျမ်းဘုံ၊ ငါကလေ ဥစ္စာစောင့်ဟ။ ငါတို့ ထန်းပင်ကုန်း လယ်ဦးစုက ဘုရားသုံးဆူရဲ့ အလယ်ဆူကတဲ့"

"နင်ရူးနေလား၊ အရူးမ"

သူ့စကားကို ကျွန်မက လှောင်တယ်။ သူက နားမကြားတော့ စကားပြောချင်ရင် ဟန်နဲ့ ပန်နဲ့ လုပ်ပြရတယ်။ တစ်ခါတလေ စာရေးပြရတယ်။

"ငါက သားသမီးသုံးယောက်ရရင် ပြန်ရမှာ"

"နောက်တစ်ယောက် မယူနဲ့ဟာ"

◈◈◈

ဒီလိုနဲ့ နောက်တစ်ယောက်မွေး

လိုက်ပြန်ရော။ ၁၆နှစ်အရွယ်နှင့် အိမ်ထောင်ကျသူမို့ သားအကြီးက အိမ်ထောင်ကျပြီး သားတစ်ယောက်ရ တယ်။ မိသားစု စီးပွားရေးက ပြေပြေလည်လည်မို့ သူတို့ဘဝက သာယာ ပြည့်ခဲ့ပါတယ်။

ကျွန်မအစ်ကိုက အပေါင်း အသင်းစုံပြီး အရက်သောက်တတ်လာ တယ်။ အရက်သောက်တဲ့ ယောက်ျား ကို မပြောရက်မဆိုရက်တာနဲ့ စိတ်ည လို့ဆိုပြီး ရေကန်ထဲ ခုန်ချ၍ သေ ကြောင်းကြံပြန်တယ်လေ။

လူအသိဦးလို့ မသေဘဲ ဆေး ရောက်၊ အမှုအခင်းဖြစ်၊ သူ သေ မရောက်ခဲ့သေးဘူးလေ။

တစ်နေ့မှာ ကိုးတန်းကျောင်းသူ သမီးနဲ့ နှစ်တန်းကျောင်းသား သားငယ် ကို ကျောင်းသွားဖို့ ပြင်ဆင်ပေးပြီး…

"မောင်ရေ… မနွေ သားကြီး ကလေး နေမကောင်းလို့ ဖုန်းဆက်တ သွားဦးမယ်။ သားလေးကို ကျောင်း လိုက်နော်"

အဲဒီစကားတွေ သူပြောခဲ့တ သူဖြစ်ရတဲ့ လူ့ဘဝရဲ့ နောက်ဆုံးနေ နောက်ဆုံးစကားလို့ သူ ဘယ်သိခဲ့ လဲ။ ခမောက်ကလေး ဆောင်း၊ ဆွဲခြ လေးဆွဲ၍ အိမ်က လှမ်းထွက်ခဲ့တာ ဒီမိသားစုနေအိမ်မှ ထာဝရထွက်ခြ လို့ ဘယ်သူမှ မသိနိုင်ခဲ့ပါဘူး။

ထန်းပင်ကုန်းရောက်၍ ကလေး ကို ကြည့်ရှုပြီး ပြန်မယ်ပြင်တော့…

"အမေ သားလိုက်ပို့မယ်"

ဟု သားကြီးက ဆိုင်ကယ်ချ ထွက်တော့…

"နေ…နေ သား၊ အမေ လ နဲ့ ပြန်မယ်"

ပြောပြောဆိုဆို ခြ လမ်းမကို ရောက်တော့ တစ်

www.burmeseclassic.com

တည်းနေ အသက် ၂၀ ကျော်အရွယ် ကလေးတစ်ယောက်နဲ့ သွားတွေ့တယ်။

"ဟာ…အစ်မ အိမ်ပြန်မှာလား"

"ဟုတ်တယ် မျိုးနောင်။ ငါလည်း လမ်းကြုံလိုက်မယ်"

ဆိုင်ကယ်ပေါ် တက်ဖို့ ပြင်တုန်း မှာပဲ ခွေးတစ်အုပ်ရောက်လာပြီး သူ့ကို ဝိုင်းဟောင်ပါတော့တယ်။ သူ့ကို ကြည့်ပြီး စူးစူးဝါးဝါးဟောင်လျက် ရန်လုပ်နေတဲ့ ခွေးတွေကို ကြောက်လန့်စွာဖြင့် ခမောက်နဲ့ ရမ်းရင်း ဆိုင်ကယ်ပေါ် တက်လိုက်တယ်။

"အို…ဒီခွေးတွေ ခက်တာပဲ။ မျိုးနောင်…ဆိုင်ကယ်မောင်း၊ ရပြီ"

ဒီဆိုင်ကယ်သည် သူ့အတွက် သေမင်းဆီ ခေါ်ဆောင်သွားမည့် သေမင်းတမန်ဟု သူ မသိခဲ့ပါ။ အိမ်မှာ ကျန်ခဲ့သည့် ခင်ပွန်းသည် အရက်သောက်မှာကို စိုးရိမ်စိတ်၊ ကျောင်းဆင်းလာမည့် သမီးနှင့် သားကို နောက်ဆံတင်းစွာနှင့် ခွေးတစ်အုပ်ကို သူ အမှတ်မထားနိုင်။

မျိုးနောင်ဆိုသည့် ဆိုင်ကယ်သရဲကလည်း ဆိုင်ကယ်ပေါ် ရောက်တာနဲ့ ဘာဝတ်ိသာအထိ မြောက်လေသည်လား မသိ။ လောကကြီးကို ထိမထင်သလို၊ ငရဲပြည်ရောက်အောင် ပို့မဟဲ့ဟု ဟိုးဘဝများစွာက ရန်ငြိုးတွေ ရှိခဲ့သည့်နှယ်။

လေးမိုင်မျှ ဝေးသော ခရီးကို ၄မိနစ်ဖြင့် ရောက်ရမည်ဟု ဆုံးဖြတ်ထားပုံနှင့်၊ မြို့အဝင်မှာ လူကျကျန်ခဲ့ခြင်းကို မသိ၊ လေးမှ လွှတ်သည့် မြားသဖွယ်၊ ငရဲမှ လွှတ်သော ငရဲစေတမန် ဘန်အသွင်နှင့် နောက်လှည့်ကြည့်ရန် ပင် စိတ်ကူးမရှိ။ တစ်မိုင်ခွဲလောက်အရောက်မှာ နောက်မှလူ ကျခဲ့မှန်း သိသည့်အဖြစ်။

မြို့အဝင်မှ လူများသိ၍ တာဝန်သိသိ ဆေးရုံပို့ကြပေမယ့် ကျကတည်းက သတိမရ။ ခေါင်းမှာ ညှပ်ထားသော ခွဆံညှပ်၏ သံချောင်းက ဦးနှောက်ကို စိုက်၍ သွေးသီးနေပြီး မြို့မှ ရန်ကုန်ဆေးရုံသို့အသွား လမ်းတွင် ဆုံးရှာသည့်အဖြစ်။

မဆင်မခြင် မောင်းနှင်သူရဲ့ ဖြစ်ရပ်က လောလောဆယ် အချုပ်ခန်းက သူ့အတွက် တန်ရာတန်ကြေး။ ကျန်ခဲ့သည့် မိသားစုက ငရဲတမျှ ဆူကြပွက်ကြ ငိုကြယိုကြ။ ဒီနေ့ သေမင်းခေါ်မည့်နေ့ဟု ဘွတ်ကင်ယူထားခြင်း မရှိ။ တစ်နေ့ သေမည်ဆိုတာတော့ သူမလည်း သိသည်ပဲ။ ဒီလောက် နီးကပ်နေမှန်း သူမ မသိခဲ့ပါ။

◈◈◈

မမျှော်လင့်ဘဲ လိုက်ပါသွားရတဲ့ သူမမှာ ဘာမှပါမသွား။ သူချစ်လွန်း၍ သုံးကြိမ် နိုးရာလိုက်ယူရသည့် ချစ်လင်၊ သားသမီးသုံးယောက်။ သူ့မှာ ရှိသည့် စည်းစိမ်၊ ခန္ဓာကိုယ်မှာ ဝတ်ထားဆဲ ရွှေငွေရတနာ။

"မသာနဲ့ နားဒေါင်း ကြည့်မကောင်း" ဟု ဘယ်သူက စ,ပြောခဲ့လေသလဲ မသိ။ ပူပင်သောကကြားမှ ဖြုတ်သူက ဖြုတ်၊ ကျန်ပစ္စည်းစာရင်း ပြုစုသူက ပြုစု၊ လင်နှင့် သားသမီး အသိုင်းအဝန်းက ပရိဒေဝမီး တောက်လောင်။ ကျွန်မကတော့ အသက်ဝိညာဉ်ချုပ်ငြိမ်းနေတဲ့ သူ့ခန္ဓာပါးပါးကို ငေးကြည့်ရင်း ရင်မှာ ဆို့နင့်စွာ လောကဓံ အလှည့်အပြောင်းကို ကြောက်ရွံ့စွာ တွေးနေမိပါတယ်။

"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်" ဆိုသော စကား မှန်လေစွ။ မိန်းမကို ရှုမလောက်ချစ်သော်လည်း ပူပင်သောကကို သူရာမေရိယကာနှင့် ရောနှောလျက် အမိအရအကွက်ယူနေသော အစ်ကိုက တဂ်စခန်းထပြန်တယ်။

ဖြေမဆည်နိုင်အောင် ကြေကွဲရတာ မှန်ပါ၏။ အန္တိမ-ခွဲခွာခြင်းပေမယ့် ယမကာက ခွဲခွာမှုကို ပြန်လည်စုစည်းနိုင်ခဲ့သလား။ အရက်က သောကကို ပေါ့စေ၊ မေ့စေသည်ထားဦး၊ ဥပဒ္ဒေဝက ကံနှင့် သေသူ ဇနီးအတွက် နောက်ဆုံးအကြိမ် သူလုပ်ပေးနိုင်တာ ဘာရှိသလဲ စဉ်းစားမိပုံမပေါ်။ ခု မြေချမယ်ဆိုပြီး မြေကျင်းတူးခိုင်း၊ နောက် မီးသင်္ဂြိုဟ်၊ အရိုးပြာ ဂူသွင်းမယ်နှင့် အရှုံးတစ်ပိုင်းပေမယ့် လက်ထဲက ယမကာပုလင်းကို ကျွန်မ ဘဝင်မကျ။

သူမကရော…။ မိသားစု စားဝတ်နေရေး ခင်တွယ်မှု သံယောဇဉ်ပေါ်မှာသာ အချိန်ဖြုန်းခဲ့တဲ့ သူမ။ လောကရဲ့ အပေါ်ယံ အလှတရားတွေအပေါ်မှာသာ ငြိတွယ်တဲ့ သူမ။ သူ့နောက်ကို ဘာတွေ ပါသွားခဲ့သလဲ။ အတ္တ၊ လောဘ၊ တဏှာတွေလား။ ဒါန၊ သီလနဲ့ ဘာဝနာတွေရော လုံလောက်အောင် ပါသွားရဲ့လား။

ကျွန်မချစ်တဲ့ သူငယ်ချင်းမ၊ ဘယ်ကို သွားမလဲ၊ ဘယ်ကို လားမလဲ။ လောလောဆယ်မှာဖြင့် ဘာရောဂါဝေဒနာမှ မရှိပါဘဲလျက် သေမှုသေခင်းမို့ ရင်ခွဲရုံမှာ ရင်ခွဲခံနေရသော ဘဝ။ ဘယ်မှာလဲ သူ့အလှ၊ သူ့ခန္ဓာ၊ နွေသံဝါ (စာပေးစာယူ) ဆိုသည့် ကလောင်နာမည်လေးကရော သံသရာတစ်ဖက်ကမ်း အိမ့်အပြန်လမ်းအတွက် အဖော်ကောင်းမဟုတ်ခဲ့ပါ။

ဒါ လောကဓံဟု ဆိုပါမူ မာယာတကာ့ မာယာထဲမှာ လောကဓံ အလှည့်အပြောင်းရဲ့ မာယာက ကြောက်စရာအကောင်းဆုံးဟု သိလာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရတာ ကျွန်မပါ။ လူကြီးသူမတွေက…

"ဟော့-----င် ကိုစိုး၊ မြေကြီးတူးပြီးသားချည်၊ မချလို့ မရဘူးကွ။ မလုပ်ကောင်းဘူး။ ရှေးထုံး မပယ်ရဘူး"

"ကျွန်တော့်မိန်းမကို မီးသင်္ဂြိုဟ်မယ်။ အရိုးပြာယူမယ်။ အုတ်ဂူလုပ်မယ်။ ကျွန်တော့်ကို ဘာမှမပြောကြပါနဲ့။ ကျွန်တော်လုပ်ချင်တာ လုပ်ပါရစေ၊ ဟီး…ဟီး…"

ယောကျ်ားကြီးတန်ပေမယ့် စိတ်မထိန်းနိုင်ဘဲ ဟီးတိုက်ငိုနေမှုကြောင့် ဘယ်သူမှ ဝင်မစွက်ဖက်တော့ပါ။ သူမက ငွေတိုးချေးသူမို့ သူမ ရစရာရှိသူတွေ မနည်းပါ။ မှန်ကန်စွာ ပေးသူက ပေးပေမယ့် တောမီးလောင် တောကြောင် လက်ခမောင်းခတ်သူတွေက မနည်း။ ဒါတွေကလည်း လောကမှာ လူတွေက လောဘနှင့် လူလုပ်နေသူမို့ ဆန်းတော့ မဆန်း။ သံသရာမကြောက်သူတွေက အများသား။ လူလည်း သေ၊ ငွေကြေးလည်း ဆုံးရှုံး။ သူမ ကျဆုံးခန်းက ဆိုးဝါးလွန်းလှပါတယ်။

◈◈◈

အရိုးပြာအိုးကို တစ်ခါတည်း မမြှုပ်ခဲ့ပါဘဲ အိမ်ပေါ် ယူလာသည့် အဖြစ်က ပိုဆိုးတော့တယ်။

"မနွေရေ…ဘယ်မှ မသွားပါနဲ့၊ ဒီအိမ်မှာပဲ နေပါ"

နေ့လယ်နေ့ခင်းတော့ ထူးမခြားနား။ သူမ ဘယ်ကို လွင့်သွားပြီလဲ ထင်စရာ။ ညအမှောင်ကို ရောက်တော့ မမျှော်လင့်တဲ့ ဆိုးဝါးမှုက စခဲ့ပြီ။ အရိုးအိုးနားကို ဘယ်သူမှ မကပ်ရဲ။ ညအမှောင်ကြောင့် အိမ်ပေါ်တွင် စောင့်အိပ်သူများအားလုံး ထုံးစံအတိုင်း စိတ်တွေ ကစဥ့်ကလျားဖြစ်နေမှာ မလွဲပါ။

ထိတ်လန့်စိတ်ကို လျှပ်စစ်မီးအလင်းရောင်က အပြည့်အဝ အကာအကွယ်မပေးနိုင်။ ည ၁၀နာရီခွဲပြီဆိုကတည်းက လူခြေတိတ်လုပြီ။ အိပ်၍တော့ မပျော်ကြသေး။ သေသူက လူငယ်အစိမ်းသေမို့ အားလုံးစိတ်မှာ ကျီးလန့်စာစားအဖြစ်မျိုးနှင့်ပါ။ ကြမ်းတစ်ပြေးတည်းရှိနေသော အရိုးအိုးကြောင့် စိတ်ထဲ မအီမသာဖြစ်နေကြပုံ။

ထိုစဥ် အိမ်ရှေ့ ဧည့်ခန်းနှင့် မီးဖိုခန်းကူးသည့် ခန်းစီးတံခါးပေါက်မှာ တပ်ထားသော ကန့်လန့်ကာက လေမတိုက်ဘဲနှင့် လူးကာလွင့်ကာနှင့် လူတစ်ယောက် ဆွဲမလိုက်သလို။ ခဏအကြာ…

"ဂျိမ်း"

နောက်ဖေးတံခါး ဆောင့်ပိတ်သံကို ကြားလိုက်ကြရတယ်။

"ဗွမ်း…ဗွမ်း…ဗွမ်း…"

ရေတင်စက်မှ ရေမောင်းတင်သံ၊ တဗွမ်းဗွမ်း ရေခပ်ချိုးသံကို အတိုင်းသား ကြားနေရတယ်။



အိမ်ပေါ်မှ လူများအားလုံး မျက်လုံးများမေး၍ နားစွင့်နေကြစဥ် ခေါင်းရင်းတိုင်မှ တိုင်ကပ်နာရီသည် "ကျလစ်" ဟူသော သံချောင်းပြုတ်သံ ကြားရပြီးခဏ လူမရှိပါဘဲနှင့် နာရီက လူကိုင်မြှောက်သလို မြောက်တက်သွားပြီး ဝုန်းခနဲ ကြမ်းပြင်ကို ပစ်ပေါက်လိုက်သံကြောင့် မျက်လုံးများ ပြူးကျယ်ပြီး ထပြေးသူ ပြေး၊ အော်သူ အော်နှင့် ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့ပုံကို ဒီတစ်ခါပဲ ကျွန်မ ကြုံဖူးတော့တယ်။

သူမ အိမ်ပေါ်မှာ ရှိသေးသည်မှာ သေချာခဲ့ပြီ။ ခုနစ်ရက် ရက်လည်ပြီးလျှင် အိမ်စောင့်နတ်က နှင်မည်ဟု ကျွန်မ တွေးနေစဥ် ရေချိုးခန်းနံဘေး အဝတ်တန်းမှ ဂါဝန်တစ်ထည်က တလူလူ တရမ်းရမ်း။ မိမိကိုယ်ကို သုံးကြိမ် သေကြောင်းကြံခဲ့တဲ့ သူမ မသေချင်တော့ကာမှ သေဆုံးခဲ့ရတဲ့ သူမမှာ သူမ သေဆုံးသွားပြီမှန်း သိ… မရ။ အရင်ကလို နေမြဲ နေပုံပင်။

ဒီလိုနဲ့ နောက်တစ်နေ့ အိမ်ပေ… အရိုးအိုးကို ကျွန်မအစ်ကိုနှင့် အပေါင်း… ပါတစ်စုဟာ ရွှေဆံတော်ဘုရားဝင်း… အတွင်း ဘယ်သူမှ မသိအောင် တိတ်တဆိတ် ညောင်ပင်ခြေရင်းမှာ… သွားထားကြပါတယ်။

◈◈◈

ဝိညာဥ်ဖြစ်ရသည့် ဘဝမှာ… သူမဘဝက ဆိုးဆိုးရွားရွား။ ဘုရားဝင်း… ကျင်မှာ နေသူများနှင့် ဘုရားဝန်း… နေထိုင် စောင့်ရှောက်ရသူ မိသားစုမှာ… မှ သူမကို ဆံပင်ဖားလျားနှင့် ညောင်… ပင်အောက်တွင် တွေ့ရကြောင်း ပြော… ကြပါတယ်။

လူကြီးတွေ သိ၍ အရိုးအိုး… ပြန်ယူလာပြီး ခုနစ်ရက် ရက်လည်… သပိတ်သွတ်ဖို့ ပြင်ဆင်ကြပါတယ်…



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး··· နင့်ယောက်မ ရေထဲ ခုန်ချတုန်းက ဒီ ဆေးရုံမှာ တို့ လင်မယားနှစ်ယောက် နေရတာ။ ဟိုး နေရာက အရင်က ထမင်းဆိုင်လေ။ ဟိုးဘက်နားက "အနီရဲရဲ စာပေ" ရှိတယ်။

နောက်ကြောင်းလေးတွေ ပြန်ပြောရင်း သူ့ရုပ်က ငယ်မူငယ်သွေးလေးတွေတက်ပြီး နုပျိုလို့ပေါ့။

"ဒီဆေးရုံအပေါ်ထပ်က ကြည့်ရင် တို့မြို့က လှတယ်နော်။ နေပါဦး၊ တို့မြို့ကို ကြည့်ပါရစေဦး"

သားတွေ၊ သမီးတွေ လာတဲ့အခါ···

"သားကြီး···မင်းတို့လာတာ မင်းတို့အမေ သိရဲ့လား။ သူမှာလည်း အားတာ မဟုတ်ဘူး"

သားသမီးတွေ စိတ်မကောင်းဖြစ်ကြ၊ ငိုကြပေါ့။ ရက် ၂၀နားနီးတဲ့အခါကျတော့ ဆေးရုံလာမေးသူတိုင်းကို··

"ကျွန်တော့်မိန်းမ ဆေးရုံလာစောင့်တယ်လေ၊ ညီမလေးနဲ့ အတူတူပေါ့။ ခု အိမ်ခဏပြန်သွားသလား မသိဘူး"

ကယောင်ကတမ်း ရောဂါသည်းပြီး ပြောနေခြင်းမဟုတ်ပါ။ ခုတင်ပေါ်မှာ မှီ၍ထိုင်ရင်း ပြောနေခြင်းပါ။ မျက်လုံးကလည်း မတည်မငြိမ်မရှိ။ ပကတိလူကောင်းတစ်ယောက်လို။

"ညီမလေး···နင်နား ၍ နားလိုက်။ လိုအပ်တာ နင့်ယောက်မ လုပ်ပေးလိမ့်မယ်"

တကယ်ပဲ သူ့မိန်းမကို မြင်နေခြင်းလား။ စိတ်စွဲလမ်းမှုလား မသိ။ ကျွန်မလည်း ရှုံချင်ချင်ဖြစ်နေရပြီ။ သူအနားယူချိန် ကျွန်မက ၂၄ ပစ္စည်းပဌာန်းရွတ်ပေးတော့ သူက သရဏဂုံသုံးပါးရွတ်ပြီး နဖူးမှာ လက်အုပ်မိုး



သူမ ဆုံးပြီး လအတန်ကြာသည်အထိ ကျွန်မအစ်ကိုမှာ ဖြေမဆည်နိုင်ဘဲ အရက်သမားလုံးလုံးဖြစ်သွားခဲ့တယ်လေ။

လောကဓံကို အသိ၊ သတိနှင့် မထိန်းချုပ်၊ ဝိပဿနာတရားနှင့် မဖြေဆည်ပါဘဲ ရေလိုက်လွဲတဲ့ အစ်ကိုဟာ အစာမစားဘဲ ချစ်ဇနီးကြောင့် ကွဲကြေနေတဲ့ အသည်းကို ကွဲရာက မွသွားအောင် အရက်နဲ့ လောင်းမီးတိုက်ခဲ့တယ်။

နှစ်တောင် မကျူးပါဘဲ၊ ဝေဒနာပြင်းထန်ပြီး ဆေးရုံပေါ် ရောက်ခဲ့ရတယ်။ အစ်ကိုရဲ့ အနားမှာ အမာခံလူနာစောင့်က ကျွန်မပေါ့လေ။ အစ်ကိုတွေ၊ အစ်မတွေက ရပ်ဝေးမှာ ရောက်နေကြချိန်ပေါ့။

ဆေးရုံရောက်ပြီး ၁၀ရက်အကြာမှာ မျက်လုံးနဲ့ အသားတွေ ဝါ၊ ခန္ဓာကဖောရောင်ပြီး ရောဂါခံစားနေရပေမယ့် သတိတစ်ချက် မလစ်ခဲ့ပါဘူး။ လူကောင်းအသိမျိုးပါပဲ။

ရက်လည်နေ့ရောက်တော့ ဆရာတော်ကြီးနှင့် သံဃာတော်များ ကြွလာပြီး သူမအတွက် ဖျာငယ်တစ်ချပ်ပေါ်မှာ အရိုးအိုးနှင့် အဝတ်တစ်စုံတင်၍ သူ့နာမည်ကို ခေါ်လျက် ပင့်ဖိတ်ကြပါတယ်။

တရားမပေးခင် ကျွန်မခေါင်းထဲကို အသိတစ်ခု ဖျတ်ခနဲ ဝင်လာပါတယ်။ သူမက နားမကြားသူ။ ဝိညာဉ်အဖြစ်နဲ့ နေရချိန်မှာ သူမ နားကြား၊ မကြား ဘယ်သူမှ မပြောနိုင်။ သူမ အမျှဝေသံ မကြားရမှာ၊ သာဓုခေါ်ခွင့်မရမှာကို ကျွန်မ အရမ်းစိတ်ပူသွားပါတယ်။ ဒါနဲ့ပဲ···

"သူငယ်ချင်းရေ···အမျှ···အမျှ···အမျှ သာဓု···သာဓု···သာဓု ခေါ်ပါနော်။ ဆရာတော်ကြီးတွေ တရားပေးတော့မယ်။ ဘယ်မှမသွားနဲ့ တရားနာ"

ဒီစာလေးကို ရေးပြီး သူ့အရိုးအိုးဘေးမှာ ထားလိုက်တယ်။ ဒါကို မမြင်တဲ့ လူတွေက အမှတ်တမဲ့ နေပေမယ့် မြင်တဲ့သူတွေက "ဘာလဲ" ဆိုတဲ့ အကြည့်နဲ့ ကြည့်လာတယ်။ ကျွန်မရဲ့ အပြုအမူက ရူးသွပ်သလိုဖြစ်သွားပြီလားလို့ မတွေးမိပါဘူး။ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် သူငယ်ချင်းမ ပြိတ္တာဘဝက မလွတ်မှာ၊ ဝိညာဉ်တဝဲနဲ့ လည်နေမှာကို စိုးရိမ်စိတ်ကြီးစိုးနေခဲ့တယ်။ သူမ သာဓုခေါ်ရ၊ မရတော့ မသိရပါ။

တစ်နေ့ သမီးလတ် စာကျက်နေရာ ပြတင်းဝမှာ အိမ်အောက်မှ "သမီး"ဟု လှမ်းခေါ်လိုက်သံကို အိမ်သားအားလုံး ကြားလိုက်ရခြင်းပါပဲ။

သူမ ကျွတ်လွတ်သွားသည်လား။ သူမ ပြောပြသော လယ်ဦးစု ဘုရားသုံးဆူမှာ ရှိနေမလား။ တွေးနေမိပါတော့တယ်။

◈◈◈

www.burmeseclassic.com

လျှက် သာစုခေါ်တယ်။ နောက် မျက်လုံးဖွင့်ကြည့်ပြီး···

"ညီမလေး··· နှင့်ယောက်မ ဘယ်ရောက်သွားလဲ။ ခုပဲ နှိပ်ပေးနေတာ။ ဟာ···ဟိုမှာ···ဟိုမှာ···ဒီမိန်းမ အောက်ဆင်းချင် လှေကားထစ်က မဆင်းဘူး။ ဘယ့်နှယ့် အပေါ်ထပ်က ခုန်ချသွားရတာလဲ။ ခက်တာပဲ၊ တစ်ခါဖြစ်တာ မမှတ်ဘူး"

ကျွန်မမှာ ရင်ထိတ်သွားရတယ်။ ဒါ တကယ်ပဲလား။ ကြားဖူးတာကတော့ ဝိညာဉ်တွေက ခြေထောက်နဲ့ လမ်းလျှောက်စရာ မလိုဘဲ၊ လေပေါ်မှာ ပျံ့ဝဲသလို သွားလို့ရတယ်။ လူ့ဘဝမှာသာ အဲလိုသွားလို့ရရင် ဆိုင်ကယ်ပေါ်က ကျပြီး သူမ သေမှာ မဟုတ်လို့ တွေးမိရဲ့။

ခုတော့ ဆေးရုံအပေါ်ဆုံးထပ်ကနေ လေဟုန်စီးလို့သွားတဲ့ အဖြစ်က ဘာ့ကြောင့်လဲ။ ကျွန်မ ၂၄ ပစ္စည်းပဋ္ဌာန်းရွတ်သံကြောင့်လား။ ကျွန်မမှာ အစ်ကိုဖြစ်သူ ဆေးရုံရောက်ကတည်းက ၂၁ ရက်လုံးလုံး နေ့ည မအိပ်ရသေးပါ။

ကျွန်မအဖြစ်ကလည်း လူ့နာတစ်ယောက်ကို ဝိညာဉ်တစ်ခုနှင့် အတူတွဲပြီး လူနာစောင့်နေရတဲ့ အဖြစ်။ ထိတ်လန့်စရာပေပဲ။ အစ်ကိုဖြစ်သူရဲ့ နောက်ဆုံးအခြေအနေမို့ စိတ်ကို တင်းခံထားနေရဆဲ။ တကယ်ဆို ပုံလဲချင်နေပါပြီရှင်။

တိုက်ဆိုင်တာ တစ်ခုက ကျွန်မအစ်ကို ဆေးရုံမတက်ခင် ၇ရက်အလိုမှာ တစ်ရပ်ကွက်တည်းနေ ဆွေမျိုးသားချင်းလည်း မကင်းတဲ့ "ဆန်းထွတ်" ဆိုတဲ့ မောင်တစ်ယောက်ကလည်း အသည်းရောဂါနဲ့ ဆေးရုံတက်နေရတယ်။ အရက်ကြောင့် သေရမည့်သူများဟု ရက်ချိန်းရပြီးသားသူပေါ့။

ဆန်းထွတ်က ခုနစ်ရက်စောပြီး ဆုံးသွားတယ်လေ။ ဆန်းထွတ် သပိတ်သွတ်မယ့်နေ့မှာ ကျွန်မအစ်ကိုလေး ဆုံးခဲ့တာ။ မဆုံးခင်ညကပေါ့။

"ညီမလေး···ဟို ခုတင်ပေါ်မှာ မြွေတစ်ကောင်"

"ဘယ်မှာလဲ၊ မရှိပါဘူး"

"ဟိုမှာလေဟာ···နင်ကလဲ။ ဟာ···မဟုတ်ဘူး၊ နင့်ယောက်မ၊ နင့်ယောက်မ၊ ငါ့ကို ကြည့်ပြီး ရယ်လို့။ ဆေးရုံက ဆင်းရတော့မယ်ထင်တယ်"

စိတ်ထင်တာလား၊ မြင်တာလား။ အရက်ကြောင်တာလား။ အရက်ပြတ်သွားတာကတော့ ၂၁ ရက်ရှိပြီ။ နောက်တစ်နေ့ ၂နာရီမှာ အစ်ကိုလေးကို တိုက်ဖို့ ဒိုဗာတင်းဖျော်နေတုန်း ဆေးရုံခန်းတွင်း "ကျလိ···ကျလိ" အော်ရင်း ပျံနေတဲ့ စာကလေးတစ်ကောင် အုတ်နံရံနဲ့ ထိပြီး ပြုတ်ကျလာတယ်။

စာငှက်ကလေးက ပက်လက်ကလေး ငြိမ်သွားပါတော့တယ်။ ဒါ နိမိတ်မကောင်းဘူးလို့ တွေးမိပြီး ကြည့်လိုက်တော့ ကျွန်မအစ်ကို ဆုံးနေပါပြီ။ ထူးဆန်းတာက ဆန်းထွတ်မိန်းမ ရောက်လာပြီး သူ့ယောက်ျားဆုံးတုန်းကလည်း ဒီလိုအဖြစ်နဲ့ ထပ်တူဖြစ်ခဲ့ကြောင်း၊ စာငှက်ကလေးက အရင်သေပြကြောင်း အံ့သြစွာ သိလိုက်ရပါတယ်။

ဒါ တိုက်ဆိုင်မှုလား။ ဘဝအဆက်ဆက် ကြုံခဲ့ဖူးတဲ့ အကြောင်းဆက်တွေလား။ စာကလေးတွေကရော နိမိတ်ပြတာလား။ ဝိညာဉ်လား။ ဒါမှမဟုတ် သေမိန့်ကျ သက်ရှိသတ္တဝါလား။

အစ်ကိုကတော့ မဆင်မခြင် ရေးထုံးပယ်ပြီး တူးခဲ့တဲ့ မြေကျင်းကသူ့အတွက် ဖြစ်ခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ လူနှစ်ယောက်အသက်နဲ့ စာနှစ်ကောင်ရဲ့ အသက်က ကမ္ဘာ့တစ်ဖက်ထွက်သွားချိန် ဘာ့ကြောင့် တူညီခဲ့ပါသလဲ။ သိပ္ပံပညာရှင်တွေ ဘယ်လိုတွေးခေါ်ကြမလဲ။ လက်လှမ်းမီအောင် စဉ်းစားနိုင်ပါ့မလား။

◈◈◈

လောကမှာ ဆန်းကြယ်တဲ့ ဂမ္ဘီရအဖြစ်တွေ ရှိနေ၊ ဖြစ်နေခဲ့တာ ကျွန်မရဲ့ ကိုယ်တွေ့အဖြစ်အပျက်ပါပဲ။ ကျွန်မအသိချင်ဆုံးက သိပ်ချစ်တဲ့ သူတို့နှစ်ယောက် ဆုံစည်းကြရဲ့လားဆိုတာကိုပါပဲ။ ဘယ်သူ သိနိုင်ပါ့မလဲ။ မြတ်ဘုရားရှင်မှ လွဲ၍ မည်သူမျှ မသိနိုင်ပါ။

အစ်ကိုလေးဆုံးပြီး တစ်လကျော်အကြာမှာ သူ့အခန်းစားပွဲက မီးခလုတ်ကို လူမရှိဘဲ ချောက်ခနဲ ဖွင့်ပြသွားခဲ့ပါတယ်။ အခုတော့ သူတို့ မလာတာ နှစ်ကူးသွားခဲ့ပါပြီ။ အလှူဒါနကတော့ လုပ်ပေးနေဆဲပါ။

ကျွန်မတို့ ကျန်ရစ်သူ မိသားစုကတော့ လူတွေ ပြောတဲ့ လောကအလှည့်အပြောင်းမှာ တနင့်တပိုး ကြုံလိုက်ရပြီး ဂမ္ဘီရဆန် ဖြစ်ရပ်တွေကို ပေးသွားခဲ့သူ နှစ်ယောက်အား မေ့လို့မရခဲ့သေးတာ အမှန်ပါ ■

* * *

ခေး(ဓရာဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# ရွက်ကျပင်ပေါက်နှင့် ဆေး အ သုံး

**ကျော်စွာဟိန်း (ရွှေလှော်ကား)**

အစေ့ကျ၍သာ အပင်ပေါက်သည်ဟု ကြားဖူး၊ သိဖူးသည်။ ယခုကိစ္စမှာ အရွက်ကျ၍ အပင်ပေါက်သည် ဆိုသောအခါ မယုံနိုင်စရာဖြစ်ရ၏။ သို့သော်လည်း ဟောင်းနွမ်း၍ ကြွေကျသော အရွက်နားမှ အမြစ်ထွက်၍ အပင်ပေါက်လာသည်ကို ကိုယ်တိုင်မြင်တွေ့နေရသောအခါ သေပြီးသောလူ ပြန်ရှင်လာသည်ကို မြင်တွေ့ရသကဲ့သို့ အလွန်အံ့ဩရပါသည်။

ဤကဲ့သို့ အသက်ပြင်းလှသော၊ တန်ခိုးရှိန်ဝါကြီးမားလှသော၊ အရွက်ကြွေမှ တစ်ဖန် အသက်ပြန်ရှင်နိုင်သော ဤဆေးပင်ကို လူသားများ ခံစားနေရသော ရောဂါဝေဒနာတွေအပေါ်မှာ မည်ကဲ့သို့ အကျိုးပြုနိုင်သည်ကို လေ့လာသင့်သည်မှာ အမှန်ပင်ဖြစ်ပါသည်။

မြန်မာအမည် "ရွက်ကျပင်ပေါက်ပင်"ဖြစ်၏။ ရုက္ခဗေဒအမည်မှာ Bryopyllum Calycinum Salisb ဖြစ်၏။ ရွက်ကျပင်ပေါက်ပင်မှာ နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ အရွက်ရှည်၊ နောက်တစ်မျိုးမှာ အရွက်ဝိုင်းဖြစ်၏။ ဆေးအသုံးပြုပုံချင်း တူပါသည်။ နှစ်ရှည်ခံ ပင်ငယ်မျိုးဖြစ်သည်။ အမြင့် ၁ပေမှ ၄ပေအထိ မြင့်တတ်သည်။ ပင်စည် ထောင်မတ်နေတတ်သည်။ အရွက်မှာ ရွက်ဆိုင်ထွက်သည်။ ရွက်နားပတ်လည် အဝိုက်ကလေးများ ရှိသည်။ မျက်နှာပြင်နှစ်ဖက်လုံး ချောမွေ့ပြီး အသားထူ အရည်ရွှမ်းသည်။ ရွက်နားများမှာ ခရမ်းရောင်ရှိသည်။ အပွင့်များမှာ အနီရောင် (သို့) ခရမ်းရောင်ဖြစ်ပြီး ပွင့်တံပေါ်တွင် စုပြုံလျက် ပွင့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝအလျောက် လည်းကောင်း၊ စိုက်ပျိုးပင်အဖြစ် လည်းကောင်း ပေါက်ရောက်သည်။ အရွက်ကို ဆေးဖက်တွင် အသုံးများသည်။ ရွက်ကျပင်ပေါက်ဆေးပင်၏ အရသာမှာ ဖန်သော သတ္တိပါရှိ၍ အနာများ၏ သွေးပြည်၊ မန်းရည်များကို စင်ကြယ်အောင် သုတ်သင်တတ်သည်။ အသားနုတက်စေသည်။ သွေးများကို ထိန်းချုပ်စေနိုင်၏။ သွေးကြောငယ်များအပေါ်တွင် အကျိုးပြု၏။ သွေးကြောငယ်ကလေးများအား တွန့်ခြင်း၊ ရှုံ့ခြင်းကို ဖြစ်စေသဖြင့် အရေပြားမှာ လည်းကောင်း၊ ဝမ်းသွားရာမှာ လည်းကောင်း၊ မြင်းသရိုက်ရောဂါမှာ လည်းကောင်း၊ ပါးစပ် ခံတွင်းမှ ယိုကျသောသွေးများကို လည်းကောင်း လျင်မြန်စွာ ချုပ်တည်းစေနိုင်၏။

ရွက်ကျပင်ပေါက်ဆေးပင်သည် ယိုစီးကျဆင်းသော သွေးများကို ရပ်တန့်ချုပ်တည်းသောနေရာတွင် နတ်ဆေးသဖွယ်ဖြစ်၏။

ထိခိုက်ပြတ်ရှနာနှင့် သွေးစိမ်းထွက်သော အနာများကို ရွက်ကျပင်ပေါက်ရွက်ကို မီးကင်၍ ကပ်ပေးပါက သွေးများရပ်စဲပြီး အနာ အသားနုတက်မြန်ပြီး အနာကျက်လွယ်သည်။ ရွက်ကျပင်ပေါက်ရွက်ကို ကြိတ်ညှစ်၍ ရသော သတ္တုရည်ကို အနာစက်၊ အနာမီးလျှံ၊ မွေးကျွတ်နာများတွင် လိမ်းပေးပါက မန်းရည်ကင်း၍ သက်သာပျောက်ကင်းစေသည်။

ထိခိုက်မှုကြောင့် ရောင်ရမ်းနေသော ဒဏ်ရာများကို ရွက်ကျပင်ပေါက်ရွက်အား မီးကင်၍ ကပ်ပေးပါက ရောင်ရမ်းခြင်း ကျဆင်း၍ ဒဏ်ရာများ သက်သာပျောက်ကင်းစေသည်။

ဆီးပူ၊ ဆီးချုပ်၊ သွေးမြင်းသရိုက်နာများတွင် ရွက်ကျပင်ပေါက်ရွက် တစ်ရွက်နှစ်ရွက်ခန့်ကို ဂရုတ်ကောင်းစေ့ နှစ်စေ့ခန့်ထည့်ပြီး ညက်အောင် ကြိတ်ပါ။ ကြိတ်၍ရသော အရည်ကို ကော်ဖီဇွန်းတစ်ဇွန်း နံနက်၊ နေ့၊ ည တစ်နေ့ သုံးကြိမ်ရေအေးနှင့် သောက်ပေးပါက သက်သာပျောက်ကင်းသည်။ ရွက်ကျပင်ပေါက်အရွက်ကြိတ်ရည် အကြမ်းပန်းကန်တစ်လုံးစာကို ရေကျက်အေးဖြင့် တစ်နေ့ တစ်ကြိမ်ခန့် သောက်ပေးခြင်းဖြင့် ကာလဝမ်းရောဂါကို သက်သာ ပျောက်ကင်းစေပါသည်။

ရွက်ကျပင်ပေါက် သတ္တုရည်ကို အဆစ်လွဲခြင်း၊ အပူလောင်ခြင်းနှင့် မီးလောင်သော အနာများတွင် လိမ်းပေးပါက သက်သာပျောက်ကင်းစေပါသည်။

ကိုယ်တွင်း၌ အပူအားကြီး၍ဖြစ်သော မျက်လုံးပူခြင်း၊ မျက်ရည်ယိုကျခြင်း၊ မျက်လုံးယားခြင်း၊ ကျိန်းခြင်း၊ ရောင်ရမ်းခြင်းများအတွက် ရွက်ကျပင်ပေါက်အရွက်ကို ညက်[...] ကြိတ်ပြီး အုံပေးခြင်းဖြင့် လည်းကောင်း၊ အအေး(သီတ)[...] ၍ဖြစ်သော မျက်စိနာတွင်လည်း ၎င်းအရွက်ကို ကြိတ်[...] နနွင်းစစ်စစ် အနည်းငယ်ထည့်ကာ ခပ်နွေးနွေးလေး အုံ[...] ပါက မျက်စိနာပျောက်သည်။

အနာအညှော်မိ၍ ငန်းမန်းလိုက်ကာ ရောင်တင်း[...] သောအခါ ရွက်ကျပင်ပေါက်ရွက်ကို ကြိတ်၍ အုံပေး[...] အညှော်များ၊ မန်းရည်များ ကျဆင်းပြီး အနာနုလျှင် ပိန်[...] ရင့်လျှင် ပြည်ပေါက်ထွက်၍ သက်သာပျောက်ကင်းစေ[...] သည်။

ဆီးထဲ၌ သွေးပါခြင်း၊ သွေးဝမ်းသွားခြင်းရောဂါများ[...] ရွက်ကျပင်ပေါက်အရွက်ရည်နှင့် သကြားချိုချိုထည့်၍ သော[...] ပေးပါက သက်သာပျောက်ကင်းစေပါသည်။

အရွက်ကို မီးကင်၍ ထန်းလျက်၊ မုန့်ကျည်း[...] ရောထည့်ကြိတ်ပြီး သောက်ပါ။ ဖောရောင်သော နေရာ[...] တွင် ကပ်ပေးပါက အဖောကျစေပါသည်။ ရွက်ကျပင်ပေါ[...] ရွက်ရည်နှင့် ဆားကို ရောကြိတ်ပြီး ကင်းကိုက်သော နေ[...] မှာ သိပ်ပေးပါက ကင်းဆိပ်ကို ပြေစေပါသည်။

ရှားစောင်းလက်ပတ်နှင့် ရွက်ကျပင်ပေါက်တို့ကို ဝ[...] သားနှင့် ရော၍ချက်စားပါက အပူဖောရောဂါကို ပျောက်စေ[...] သည်။

အရွက်သည် ပိုးကိုက်ရာ၌ ကောင်း၏။ အခေါက်တွ[...] အဆိပ်ရှိ၏။ အားကို ဖြစ်စေ၏။ အူကို တွန့်ရှုံ့စေ၏။ ဝမ်း[...] ချောင်စေ၏။ ဝမ်းကျရောဂါ၊ အနှ်ခြင်း၊ မြွေကိုက်ခြင်းတို့[...] ပျောက်ကင်းစေ၏ဟူ၍ ဆေးကျမ်းများမှာ ဖွင့်ဆိုကြပါသည်[...]

* * *

ကျော်စွာဟိန်း (ရွှေလော်[...]

ကျမ်းကိုး

- မြန်မာ့ဆေးဝါးပင်များ (လယ်/စိုက်ရှင်း)။
- အရှင်နာဂသိန် အခြေပြု ဆေးအဘိဓာန်။
- လက်တွေ့ အသုံးချ ဆေးဖက်အပင်များ(တိုင်းရင်းဆေးပညာဦး[...] ဗှာန)။



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

ဆရာ မြတ်ထွဋ်ခေါင် (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

### တနင်္ဂနွေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် သီဟိုဠ်(၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုကာ မိမိလိုရာ ဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကံ့ကော် (၉)ညွှန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့ နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပျဉ်းမ (၉)ညွှန့်၊ ထီးနီ (၉)လက်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံ့ထောင့်တွင် ကိတ်မုန့်တစ်ခု၊ ဖြိုဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

ပညာရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

မြေ/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများသို့ ပက်ဖျန်းပါ။

အိမ်ကြမ္မာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တ
သရက်သီး(၂)လုံးနှင့် ဆူးတံခွန်(၁)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်း

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်း

**ငွေကြေးအခက်အခဲအတွက်** - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထေ
တွင် နှင်းဆီ (၉)ပွင့်နှင့် ဖြူဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
ဆီး (၈)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်း

**ကျန်းမာရေးအတွက်** - တနင်္လာနေ့မနက် ၉နာရီခွဲမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
သပြေ (၆)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆန်(၉)လုံးလှူဒါန်းပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေ
ထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါ
၍ မိမိလိုရာဆု တောင်းပါ။

**အိမ်/ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွှန့်ကို ဖလားတစ်ခုအတ
ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## အင်္ဂါသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
နမ်းဆီ (၉)ကျပ်သား၊ ဒူးရင်းယို (၉)ကျပ်သားတို့ကို သွားရောက်လှူဒါန်းပြီး လိုရာ
တောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - သောကြာနေ့နံနက် ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
ရေသက်စေ့နှင့် ဆီမီး (၉)တိုင်ကို သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ

**ငွေကြေးအခက်အခဲအတွက်** - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
အုန်းယို(၉)ခုနှင့် ရေသန့်ဘူးတစ်ဘူးကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်း

**အလုပ်အကိုင်အခက်အခဲအတွက်** - ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေ
ထောင့်တွင် သရက် (၁၀)ညွှန့်၊ ဆီမီး (၉)တိုင်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါ
၍ မိမိလိုရာဆုတောင်းပါ။

**ကျန်းမာရေးအတွက်** - တနင်္လာနေ့ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်
ခရေ (၆)ညွှန့်နှင့် ရေသက်စေ့ကို လှူဒါန်းပြီး ဂဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်

**နိုင်ငံခြားခရီးအတွက်** - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ သောကြာထေ
တွင် သရက်သားနှင့် ပြုလုပ်ထားသော ပုတီးတစ်ကုံး လှူဒါန်း၍ မိမိလိုရာဆု တောင်း

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္လာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း မိမိအိမ်ရှေ့တွင် ဖြတ်လာသော အသ
ပုဂ္ဂိုလ်တစ်ဦးကို အလှူငွေ (၉၀၀)ကျပ် လှူဒါန်းပါ။

**အိမ်/ကားရောင်းလိုလျှင်** - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် ကော်ဖီတ
နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

**ထီကံကြမ္မာ** - (၇)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး(၁၈)ပတ် စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခု လှူဒါန်းပြီး ဒိဗ္ဗါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဝိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကား ရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြွမှာ - (၃)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြွမှာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၁၀)ညွှန့်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ဖြင့် ပုတီး (၂၇)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ် / ကား ရောင်းလိုသော် - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှ(၄)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလား တစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၆)ထိပ်စီး၊ (၆)နောက်ပိတ်နှင့် (အ)အက္ခရာပါသောထီကို ရွေးထိုးပါ။

## စနေသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့(၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ် ဖတ်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့်လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး(၉)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီး - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့် ၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၇)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

# ကလေးများ ကျန်းမာအောင် ယတြာချေရအောင်

ရဲရဲထွန်း (မာသ်ာတ)

"ယတြာ"ဆိုသည်မှာ မြန်မာမှုနယ်ပယ်တွင် အဆိုးအညစ်များပျောက်၍ အကောင်းသို့ ရောက်စေရန် တွက်ချက်ဆောင်ရွက်ရသော ရှေးမြန်မာကြီးများ၏ အတတ်ပညာတစ်ခုဖြစ်သည်။ "ယတြာကောင်းရင် မင်းလောင်းဖြစ်တယ်"ဟူသော စကားက သက်သေခံလျက် ရှိပါသည်။ ယတြာ၏ သဘောတရားမှာ ဂြိုဟ်စီးဂြိုဟ်နင်း၊ နက္ခတ်အကူးအပြောင်း၊ ရာသီစက်ဝန်းတို့နှင့်လည်း ဆက်နွယ်မှုသဘောတရားများ ရှိနေပေသည်။

ယခု ဖော်ပြမည့် ယတြာမှာ ကလေးများ ကျန်းမာရေး ညံ့နေပါက ထိုအညံ့တို့ကို ပျောက်စေရန် တွက်ချက်၍ ယတြာချေခြင်းအမှုကို ပြုရန်ဖြစ်သည်။ ရှေးမြန်မာတို့အစဉ်အဆက် သုံးစွဲခဲ့သော ယတြာဖြစ်သဖြင့် ယုံကြည်စွာ ဆောင်ရွက်သင့်ပါသည်။

ရှေးဦးစွာ ကျန်းမာရေးမကောင်းသော ကလေး၏ သက္ကရာဇ်ကို မေးပါ။ ဥပမာ - ၁၃၅၈ ခု၊ တပို့တွဲလပြည့်ကျော် ၅ရက်၊ ကြာသပတေးနေ့ မွေးသော ကလေးကို တွက်ချက်ကြည့်လျှင် · · ·

(၁) ဥပမာ-ရောက်ရှိနေသော သက္ကရာဇ် - ၁၃၆၀
(၂) ကလေး၏ မွေးသက္ကရာဇ် - ၁၃၅၈
 ၂နှစ်
 +
(၃) မွေးနံ ကြာသပတေးဂြိုဟ်သက် - ၁၉
 ၂၁
 ×
(၄) ရတနာသုံးပါးနှင့် မြှောက် - ၃
(၅) ဂုဏ်တော်ကိုးပါးနှင့် စား - ၉ | ၆၃ | ၇
 ၆၃
 ၀

၀-ကြွင်းနေသည့်အတွက် ဆေးမတိုးနိုင်။

ဆေးတိုးများတတ်သည်။ မကြာခဏ ချူချာဖြစ်နေမည်။ ထို့ကြောင့် ကလေး၏ကိုယ်စား လေးလွှတ်ပေးရမည်ဖြစ်သည်။

ပြုလုပ်နည်းမှာ ကလေး၏ ကြာသပတေးနံ ပေါက်ပန်းဖြူသား (သို့မဟုတ်) ပျဉ်းမသားကို ရာပါ။ ၎င်းအသားကို ကလေး၏ အရပ်နှင့်အညီ ဖြတ်ပါ။ ထိုအလုပ်များကို ကလေး၏ မွေးနေ့တွင် ပြုလုပ်ရမည်ဖြစ်သည်။ ထို့နောက် ကလေး၏ ဆံပင်ကို အနည်းငယ် ဖြတ်ယူပါ။ ဖြတ်ယူစဉ် "ကလေးငယ်တွင် ရှိသော ရောဂါအဆိုးအညံ့အားလုံး လိုက်ခဲ့ကြ" ဟု ဆိုမှ ရွတ်ဆိုပြီး သစ်သား၏ အဖျားပိုင်းတွင် သေချာစွာ ချည်ထားပါ။

* ကလေး၏ လက်သည်းများကို ဖြတ်၍ အထုပ်ထုပ်ပြီး သစ်သားချောင်း၏ အလယ်မှာ ချည်ထားပါ။

* ကလေး၏ ခြေသည်းများကို ဖြတ်၍ အထုပ်ထုပ်ပြီး သစ်သားချောင်း၏ ခါးအောက်နားတွင် ချည်ထားပါ။

* ကလေး၏ အင်္ကျီတစ်ထည်ကို သစ်သားချောင်း၏ အပေါ်ပိုင်းတွင် အင်္ကျီဝတ်သကဲ့သို့ ချည်ထားပါ။

* ကလေး၏ ဘောင်းဘီကို သစ်သားချောင်း၏ အောက်ပိုင်းတွင် စွပ်၍ ဘောင်းဘီဝတ်သကဲ့သို့ ချည်ထားပါ။

* ထို့နောက် ကလေးကို ဦးခေါင်းမှစပြီး "ဤကလေးဌ ခံစားနေရသော အဆိုးအညံ့အားလုံး လိုက်ခဲ့ရမည်၊ ဘုရား၊ တရား၊ သံဃာ၊ မိဘဆရာတို့၏ အမိန့်"ဟု ပြော၍ အောက်ဘက်သို့ သပ်ချရမည်။ ထို့နောက် ကိုယ်စားပြုလုပ်ထားသော သစ်သားချောင်းပေါ်သို့ ဦးခေါင်းပိုင်းမှစပြီး "ဤကလေး၏ အဆိုးအညံ့အားလုံး ကိုယ်စားပေါ်သို့ ရောက်ရမည်၊ ဤကိုယ်စားက လက်ခံယူသွားရမည်"ဟု ပြောပြီး အောက်ဘက်သို့ သပ်ချပါ။ ထိုကဲ့သို့ သုံးကြိမ်ပြုလုပ်ပြီး ကလေး၏ အိပ်ရာအောက်တွင် တစ်ညသိပ်ထားပါ။ နံနက်မိုးမလင်းတလင်း အချိန်တွင် ကြာသပတေးသား၏ ဘုမ္မိအရပ် (အရှေ့မြောက်) သို့ သွားရောက်စွန့်လိုက်ပါ။ ကလေး၏ ကျန်းမာရေး သိသိသာသာ ကောင်းမွန်သွားပါလိမ့်မည်။

**မှတ်ချက်။** နေ့အလိုက် ပြုလုပ်ရမည့် သစ်သားများမှာ -

(၁) တနင်္ဂနွေသားသမီး - အုန်း၊ အင်။
(၂) တနင်္လာသားသမီး - ကုက္ကိုလ်၊ ကျွန်း။
(၃) အင်္ဂါသားသမီး - ဆီး(ဇီး)။
(၄) ဗုဒ္ဓဟူးသားသမီး - လင်းလွန်း၊ လိန်း။
(၅) ကြာသပတေးသားသမီး - ပေါက်ပန်းဖြူ၊ ပျဉ်းမ၊ ပေါက်။
(၆) သောကြာသားသမီး - သီဟိုဠ်၊ သီး၊ သန်း။
(၇) စနေသားသမီး - ထိန်သား

· · · တို့ဖြစ်သည်။

ရှေးမြန်မာကြီးတို့၏ အစီအမံဖြစ်ပါသည်။ ယုံကြည်ဆိုသည့်အတိုင်း ယုံမှ ကြည်သည့်အတွက် ယုံကြည်စွာ ပြုလုပ်ပါရန် "ဗေဒင္ဂ သင်္ဂဟ ကထာ"ဆေးကျမ်းမှ ကူးယူဖော်ပြလိုက်ပါသည် ■

* * *

ရဲရဲထွန်း(မာသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

# ငွေကြေးအခက်အခဲပြေလည်စေရန် အထူးယတြာ



ရဲလေး (ဟာသီတ)

ငွေကြေးအခက်အခဲသည် အနည်းနဲ့ အများဆိုသလို လူတိုင်း ကြုံတွေ့ရမည်ဖြစ်သည်။ တကယ်တော့လည်း ငွေကြေးမပြည့်စုံမှုသည် စိတ်သွားတိုင်း ကိုယ်မပါနိုင်ပါဘူး။ ဒီတော့ ကျွန်ုပ်တို့ အာစရိယဝါဒအရ ငွေကြေးအခက်အခဲကို ပြေလည်အောင် ဖြေရှင်းနိုင်မည့် နည်းကောင်းတစ်ခုကို တင်ပြလိုပါတယ်။

၆ ← နာမ်
၃
၀
―
၂ ← ရုပ်
―
၅
၁
၄

ဒါကတော့ ဗေဒင်ပညာရပ်အလိုအရ ရုပ်ကို နာမ်ကူ နည်းပဲ ဖြစ်ပါတယ်။ တနင်္လာတိုင်(ငွေကြေးတိုင်)ထူကြည့်လျှင် ယခုလို မြင်တွေ့ရပါမယ်။

ဤတိုင်အရ တနင်္လာသည် ရုပ်ဖြစ်ပြီး သောကြာသည် နာမ်ဖြစ်ပါတယ်။ ဒါကြောင့် ငွေကြေးအခက်အခဲကြုံတဲ့အခါ ရုပ်ဖြစ်တဲ့ တနင်္လာနံ ငွေကြေးကို ပြေလည်စေရန် သောကြာနံ နာမ်ဖြင့် ယှဉ်တွဲရပါမယ်။ အဲဒီလို ယှဉ်တွဲလိုက်ခြင်းအားဖြင့် ရုပ်ကို နာမ်ကူလိုက်သောကြောင့် ငွေကြေးအခက်အခဲများ၊ ငွေကြေးနဲ့ ပတ်သက်သည့် ပြဿနာများ၊ ငွေကြေးရှားပါးမှုများ အထိုက်အလျောက် လျော့ပါးပြီး ငွေကြေးကံ ပွင့်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်ုပ်တို့ရဲ့ အာစရိယဝါဒအရ ဆောင်ရွက်သည့် နည်းစနစ်ကို ဖော်ပြပေးလိုက်ပါတယ်။ နည်းစဉ်မှာ တနင်္လာနေ့တိုင်း သောကြာထောင့်တွင် သောကြာနံသင့်ပန်းအညွန့်များ လှူဒါန်းပြီး ဆုတောင်းရမှာ ဖြစ်ပါတယ်။ အချိန်အားဖြင့် ၉နာရီ ၄၅မိနစ်တိတိမှာ ဖြစ်ပါတယ်။

ငါးမာရ်အောင်မြင်ဘုရားသခင်အား ရည်မှန်း၍ သပြေ ၂၁ ညွန့်၊ အလင်းတိုင် ၆တိုင်၊ နံ့သာတိုင် ၆တိုင်၊ ရေတော် ၆ခွက်၊ အဖြူရောင်ပန်း ၆ပွင့်၊ သစ်သီးဆွမ်း ၆ပွဲ ဆက်ကပ်လှူဒါန်းပါ။ ထို့နောက် သောကြာနံသင့် ဂါထာတစ်ခုကို ရွတ်ဖတ်ရပါမယ်။ ကျွန်ုပ်တို့ရဲ့ မူအရ သုရှစ်ချက်ဂါထာတော်ကို ရွတ်ဆိုရပါမယ်။ ပြီးလျှင် ဘုရားရှင်၏ လာဘ်လာဘကို မည်သူတစ်ဦးတစ်ယောက်မျှ ဟန့်တား ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်သော ဂုဏ်ကျေးဇူးတော်ကို ဖွဲ့သီထားသော ဂါထာကိုလည်း တစ်ဆက်တည်း ရွတ်ဆိုရမှာ ဖြစ်ပါတယ်။ ပြီးလျှင် လာဘ်ရစေကြောင်း ဆုတောင်းလိုက်ပါ။

ဤနည်းအတိုင်း မကြာခဏ ဆောင်ရွက်ခြင်းဖြင့် ငွေကြေးအခက်အခဲဟူသမျှ လွတ်ကင်းချမ်းသာပြီး စိတ်ချမ်းသာမှုအပြည့်အဝရရှိမှာ ဖြစ်ပါတယ်။

**သုရှစ်ချက်ဂါထာတော်**

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပ ဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

**လာဘ်ရ ဂါထာတော်**

ဗုဒ္ဓါနံ အဘိဟတ္ထာနံ့ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ
အန္တရာယော ကာတုံ၊ တထာ မေ ဟောတု ■

သာယာချမ်းမြေ့ကြပါစေ…

* * *

ရဲလေး(ဟာသီတ)



www.burmeseclassic.com

www.burmeseclassic.com




# ဝိညာဉ်ပျော်စံအိမ်ကြီး

(လယ်တော်)

www.burmeseclassic.com

www.burmeseclassic.com

"ခရီးသည်များအားလုံး ဂိတ်ဆုံး ရောက်ပါပြီခင်ဗျ"

ကားစပယ်ယာ၏ အော်သံကြောင့် ကျွန်တော် ကားစီးရင်း အိပ်ပျော်နေရာမှ နိုးလာ၏။ လိုက်ပါ စီးနင်းလာကြသော ခရီးသည်များကတော့ ရုတ်ရုတ်သဲသဲဖြင့် ကားပေါ်မှ ဆင်းရန် ပြင်ဆင်နေကြလေပြီ။ အပြင်ဘက်မှာတော့ အမှောင်ထုက စတင် ကြီးစိုးရန် အားယူလိုနေပြီဖြစ်သည်။

ဘေးတွင် အတူစီးနင်းလာသော သူငယ်ချင်း အောင်သူက ကားပေါ်မှ ဆင်းရန် အိတ်များ ပြင်ဆင်နေသည်။ ကျွန်တော်လည်း ခြေချရာ ခုံအောက်တွင် ချထားသော ကျောပိုးအိတ်လေးကို လှမ်းယူလိုက်သည်။ ထို့နောက် ကားပေါ်မှ ဆင်းနေကြသော ခရီးသည်များ ပြည့်နက်နေ၍ နေရာမှာပင် ခဏ ထိုင်နေလိုက်သည်။ ထိုအခိုက် အမှောင်ထု လွှမ်းခြုံလာပြီဖြစ်သော ပတ်ဝန်းကျင်ကြီးတွင် မြို့၏ လမ်းမီးတိုင်များက လှပစွာ ထွန်းလင်းလာ၏။

"အပြင်မှာ အတော်မှောင်နေပြီပဲ အောင်သူ"

ကျွန်တော့်စကားကို သူငယ်ချင်း အောင်သူက ကားပြတင်းပေါက် ခန်းဆီးလေးကို အသာလှပ်ကြည့်၍ လမ်းမီးတိုင်များ လင်းနေသော ပတ်ဝန်းကျင်ကြီးကြောင့်...

"အေး၊ ဟုတ်သားပဲ။ ငါတို့ နှစ်ယောက်တော့ ပြန်ဖို့ အခက်တွေ့ပြီထင်တယ်"

ထို့နောက် ကျွန်တော်တို့ နှစ်ယောက်စလုံး အိမ်ပြန်ရန်အတွက် စိုးရိမ်မိခဲ့ကြလေသည်။

ကားပေါ်မှ ဆင်းနေကြသော ခရီးသည်များလည်း စဲသွားပြီဖြစ်သဖြင့် ကျွန်တော်တို့နှစ်ယောက်လည်း အိတ်လွယ်၍ ကားပေါ်မှ ဆင်းခဲ့ကြပါတော့သည်။

ကားပေါ်မှ ဆင်းလိုက်သောအခါ အေးမြ လတ်ဆတ်သည့် ညနေချမ်း၏ လေပြည်နုနုလေးများကို ထိတွေ့ခံစားလိုက်ရ၍ နှစ်ဦးသား အတော်လန်းဆန်းသွား၏။ ပတ်ဝန်းကျင်မှာ မှောင်သထက် မှောင်လာပြီဖြစ်သောကြောင့် လမ်းမီးတိုင်များနှင့် မြို့အတွင်း ဈေးဆိုင်တန်းများမှ လျှပ်စစ်မီးရောင်များက ပိုမိုလင်းလက်၍လာခဲ့သည်။ အောင်သူက လက်တွင် ပတ်ထားသော နာရီကို ကြည့်၍...

"ဟာ...ခုနစ်နာရီတောင် ထိုးတော့မှာပဲ သူငယ်ချင်း။ ဒီအတိုင်းဆိုတို့ အိမ်ပြန်ဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့ဘူးထင်တယ်"

"အေး၊ ဟုတ်တယ်ကွ"

ဤသို့လျှင် နှစ်ဦးသား ဘေးပတ်ဝန်းကျင်ကို မျှော်ကြည့်၍ တည်းဖို့ ပြဖို့အရေး စဉ်းစားနေမိကြသည်။

ကျွန်တော်တို့နှစ်ယောက်မှာ တောင်ကြီးတက္ကသိုလ်တွင် ကျောင်းတက်နေရင်း စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တွင် ဇာတိမြို့ဖြစ်သော ရပ်စောက်မြို့အိမ်သို့ သောကြာနေ့၌ ပြန်ခဲ့ကြခြင်းဖြစ်၏။

တောင်ကြီးမြို့မှ ညနေ ၄နာရီ နောက်ဆုံးကားဖြင့် ဆင်းလာခဲ့ကြသော်လည်း ကားအထွက်နောက်ကျ၍ ၇နာရီထိုးခါနီးမှ ရပ်စောက်မြို့သို့ ရောက်ရှိခဲ့ကြ၏။ မြို့သို့ ရောက်သော်လည်း မြို့၏ အနောက်ဘက် သုံးမိုင်ကျော်ဝေးသော ကျွန်တော်တို့ နေထိုင်သည့် လယ်တော်ရွာသို့ ခရီးဆက်ရဦးမည်ဖြစ်သည်။

ဆိုင်ကယ် ကယ်ရီငှားပြန်မည်ဆိုသော်လည်း ညရောက်နေပြီဖြစ်၍ ကယ်ရီက ငှားရခက်လေသည်။ ငှား၍ရမည်ဆိုသော်လည်း ဈေးက နေ့လယ်ဈေးထက် နှစ်ဆလောက် ပိုပေးရနိုင်၏။ လမ်းလျှောက်ပြန်မည်ဟု စဉ်းစားမိကြသော်လည်း လ မသာ၍ မှောင်မည်းသော တောလမ်းခရီးဝယ် အန္တရာယ်များလှပါပေသည်။ မြို့ပေါ်၌လည်း အသိအိမ်က ရှား၏။

ဤသို့လျှင် နှစ်ဦးသား လမ်းဘေးတွင် ရပ်၍ အကောင်းဆုံး အကြံဉာဏ်အား စဉ်းစားနေမိကြလေသည်။ အချိန်အတော်ကြာ စဉ်းစားရင်း ခဏအကြာ၌ သူငယ်ချင်း အောင်သူက...

"အိုကေ သူငယ်ချင်း၊ ငါ အကြံရပြီ၊ မြို့အရှေ့အစွန်မှာ ငါ့အမေရဲ့ အသိအိမ်တစ်အိမ်ရှိတယ်ကွ။ အဲဒီအိမ်မှာ ငါ့အမေအရွယ် အဒေါ်ကြီး တစ်ယောက်တည်း နေတာ။ အိမ်ကလည်း အကြီးကြီးပဲကွ။ ငါ့ကိုလည်း မြို့ရောက်ရင် အချိန်မရွေးလာဖို့ ခေါ်ထားတယ်။ တစ်ညတာ နေဖို့၊ စားဖို့တော့ ပူရမှာ မဟုတ်ဘူး။ ငါတို့ အဲဒီအဒေါ်ကြီးအိမ်ပဲ သွားတည်းကြမယ်"

"အေး၊ ကောင်းတယ် သူငယ်ချင်း"

ဤသို့လျှင် နှစ်ဦးသား အတော်ဝေးသော မြို့အရှေ့စွန်သို့ ဆက်လက်ခရီးဆက်ခဲ့ကြပြန်သည်။ မြို့၏ အရှေ့အစွန်ဆုံးမှာဖြစ်၍ အတော်ဝေးသော်လည်း ငယ်ငယ်ကတည်းက တောထဲတွင် ကြီးပြင်းလာသော ကျွန်တော်တို့အဖို့ ဤလမ်းခရီးလောက်တော့ အဆန်းမဟုတ်တော့ပါချေ။

လင်းထိန်နေသော မြို့၏ လမ်းမီးတိုင်များကြောင့် ပလက်ဖောင်းလမ်းကို ကောင်းစွာ မြင်နေရပါသည်။ လမ်းဘေး



www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်များတွင်တော့ မြို့၏ ထုံးစံအတိုင်း လက်ဖက်ရည်သောက်ရင်း စကားပြောနေကြသူများ၊ ဘောလုံးပွဲကြည့်နေကြသူများနှင့် စည်ကားလို့နေလေသည်။

ဤသို့ဖြင့် ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်မှာ တဖြည်းဖြည်းလျှောက်လာကြရင်း ဂုနာရီခွဲလောက်အချိန်၌ ထိုအိမ်သို့ ရောက်ရှိခဲ့ကြသည်။

◈◈◈

ထိုအိမ်ကြီးမှာ ကြီးမားကျယ်ပြန့်သော ခြံကြီးထဲတွင် ရှိပြီး၊ အိမ်မှာ အတော်ပင် ကြီး၏။ ရှေးလူကြီးများနေထိုင်သည့် စံအိမ်ကြီးပုံစံပင်။ အိမ်ရှေ့၌ ကြီးမားသော မန်ကျည်းပင်ကြီးတစ်ပင်ရှိသည်။ ထိုမန်ကျည်းပင်မှာ အိမ်ကြီးအား အုပ်မိုးလို့ နေ၏။ အိမ်ကြီး၏ တစ်ဖက်တွင် ဝါဖန့်ဖန့်လင်းနေသော အားပျော့ မီးလုံးလေးကြောင့် အိမ်ကြီး၏ ပုံစံကို သဲကွဲစွာ မြင်နေရ၏။ အိမ်မှာ တစ်ထပ် အုတ်နီတိုက်ကြီးဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်မှာ အိမ်ရှေ့ခြံတံခါးမှသည် အိမ်ထဲမှ အိမ်ပိုင်ရှင် အဒေါ်ကြီးအား လှမ်းအော်သော်လည်း အိမ်ကြီးထဲမှ ပြန်ထူးသံ ထွက်ပေါ်မလာပါ။ အိမ်ခြံတံခါးကြီးမှာ သော့မခတ်ထားသဖြင့် ကျွန်တော်တို့ နှစ်ယောက် ခြံဝန်းတံခါးကြီးကို တွန်းဖွင့်၍ ဝင်လာခဲ့ကြသည်။

အိမ်ရှေ့ မန်ကျည်းပင်အောက်တွင်တော့ မှောင်မည်းလို့နေ၏။ အိမ်သို့သွားရာလမ်းမှာ မန်ကျည်းပင်အရိပ်အောက်မှ ဖြတ်သွားရသဖြင့် ထိုနေရာအရောက်တွင် တစ်ကိုယ်လုံး နွေးခနဲဖြစ်သွား၏။ လေလုံနေ၍ ထင်ပါသည်။ အိမ်ဘေး အမိုးစွန်းမှ ထွန်းလင်းထားသော ဝါဖန့်ဖန့် အားပျော့ မီးသီးလေး၏ အလင်းရောင်က အရွက်များ ပိတ်နေသော မန်ကျည်းပင်ကြီးကို ထိုးခွင်းနိုင်စွမ်း မရှိပါချေ။



အိမ်ရှေ့တွင် ကြည့်မည်ဆိုပါက မန်ကျည်းပင်ကြီးအုပ်နေသဖြင့် အိမ်ကို ကောင်းစွာ မမြင်ရပါချေ။ အိမ်ထဲ၌ ဧည့်ခန်းတစ်ခန်းသာ မီးလင်းနေပြီး တခြားအခန်းများမှာ မှောင်မည်းလို့ နေ၏။ ကျွန်တော်တို့နှစ်ယောက် တံခါးပေါက်ဝရှေ့တွင် ရပ်ကာ အောင်သူမှ…

"အန်တီဆွေ…အန်တီဆွေ"

"အေး၊ ဘယ်သူလဲ"

ဟု ထူးရင်း အသက် ၄၀ ကျော်အရွယ် အဒေါ်ကြီးတစ်ယောက် အိမ်ထဲမှ ထွက်လာ၏။ ကျွန်တော်တို့ကို မြင်သောအခါ အောင်သူကို ကောင်းစွာ မှတ်မိပါသည်။

"ဪ…ဘယ်သူများလဲလို့ မအေးစိန်သားကိုး၊ လာ…သား၊ အထဲကို"

မအေးစိန်ဆိုသည်မှာ အောင်သူရဲ့ အမေဖြစ်၏။ ကျွန်တော်တို့ နှစ်ယောက်မှာ အိမ်ရှင် အဒေါ်ကြီး၏ ဆီးကြိုမှုဖြင့် အိမ်ထဲ ဝင်ခဲ့ကြပါသည်။ ကျွန်တော်တို့နှစ်ယောက် ဧည့်ခန်းထဲတွင် ဝင်ထိုင်ကြပြီး အိမ်ရှင် အဒေါ်ကြီးအား အကျိုးအကြောင်းပြောပြကြသည်။ အိမ်ရှင် အဒေါ်ကြီးမှာ ကျွန်တော်တို့ နှစ်ယောက်အား ကြည်ဖြူစွာ တည်းခိုခွင့်ပေး၍ အိပ်ရမည့် အခန်းအား လိုက်ပြပေး၏။

ထို့နောက် အိမ်ရှင် အဒေါ်ကြီး၏ ဧည့်ခံမှုဖြင့် ညနေစာ ထမင်းစားကာ ပင်ပန်းနေပြီဖြစ်သောကြောင့် စောစီးစွာ အိပ်ရာဝင်ခဲ့ကြပါတော့သည်။

◈◈◈

ကားစီးလာ၍ ညောင်းညာကိုက်



www.burmeseclassic.com

www.burmeseclassic.com

ခဲကာ ပင်ပန်းသည့်ဒဏ်ကြောင့် ခေါင်းချသည်နှင့် နှစ်ယောက်သား နှစ်ခြိုက်စွာ အိပ်ပျော်သွားကြသည်။

ထိုစဉ် အသက် ၆၀ ကျော်အရွယ် အဘွားကြီးတစ်ဦးမှ ကျွန်တော့်အား "ထစမ်း…အခုထစမ်း"ဟု ဆိုကာ လာနှိုးနေသည်ကို အိပ်မက်လိုလို၊ အပြင်မှာလိုလို ကျွန်တော်ကြုံတွေ့နေရပါသည်။ ထိုအဘွားကြီးမှာ ခပ်ဝဝပုပုဖြင့် အသားညိုညိုဖြစ်၏။ ထိုအဘွားကြီး၏ ရုပ်သွင်ကို ကျွန်တော် ကောင်းစွာ မြင်နေရပါသည်။ ထိုအဘွားကြီး၏ ခေါင်းမှ ဆံပင်ဖြူများနှင့် ပုလင်းဖင်လောက်ထူသော ကိုင်းနက် မျက်မှန်ကြီးတို့ကြောင့် ထိုအဘွားကြီးမှာ အသက် ၆၀ ကျော်အရွယ်လောက်ရှိပြီဟု ခန့်မှန်းမိ၏။

ကျွန်တော့်ကို ထိုအဘွားကြီးနှိုးနေသော်လည်း နှစ်ခြိုက်စွာ အိပ်ပျော်နေ၍ မထချင်ပါ။ ထို့အပြင် ကျွန်တော့်မျက်လုံးနှစ်လုံးမှာလည်း ဖွင့်မရပါ။ ထို့ကြောင့် မထဘဲ ဆက်လက်ပေအိပ်နေလိုက်သည်။

ထိုအခါ အဘွားကြီးမှာ ဒေါသထွက်နေသော မျက်နှာအနေအထားသို့ ပြောင်းလဲသွားပြီး…

"ထမလား၊ မထဘူးလား…အခု…"

ဟု မေးလာ၏။ ကျွန်တော့်မှာလည်း အိပ်ပျော်နေ၍ ထ,မရခဲ့ပါ။ ထို့ကြောင့် ထိုအဘွားကြီးမှ…

"မင်းကို ထလို့ ပြောနေတယ်လေ။ ထစမ်း၊ ခုတင်ပေါ်က အခုဆင်းစမ်း"

ဟု ဆိုကာ ခုတင်ပေါ်မှ ကျွန်တော့်ခြေထောက်နှစ်ချောင်းအား ဆွဲချ၏။ ထိုအခါ ကျွန်တော်သည်လည်း အလန့်တကြား ထ,အော်ကာ အိပ်ရာမှ ကမန်းကတန်း ထ,လိုက်ရ၏။ ထိုစဉ် ကျွန်တော့်ဘေးတွင် အိပ်နေသော သူငယ်ချင်း အောင်သူမှာလည်း ဇောချွေးများ ပြန်၍ ကျွန်တော်နှင့် အချိန်တူ ထ,ထိုင်လာ၏။ ထို့နောက် နှစ်ယောက်သား ပြိုင်တူဖြစ်နေ၍ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့ဩနေမိကြသည်။ ထို့နောက်မှ…

"ငါ အိပ်မက်မက်နေတာ"

ဟု ပြိုင်တူ ပြောမိကြ၏။

နှစ်ယောက်သား လွန်စွာ အံ့ဩတုန်လှုပ်သွားပြီး ကျွန်တော်မှ…

"ငါ့ကို အဘွားကြီးတစ်ယောက် လာနှိုးနေတယ်။ ပြီးတော့ ခုတင်ပေါ်က ဆွဲချတယ်ကွာ"

"အေး၊ ငါရောပဲ ဒီအတိုင်းမက်တာ"

"ဒါဆို ငါတို့နှစ်ယောက် အိပ်မက်က အတူတူဖြစ်နေတာပေါ့"

"အေး၊ ဟုတ်တယ်"

ကျွန်တော်တို့ နှစ်ယောက်စလုံး မြင်မက်ကြသော အိပ်မက်မှာ အတူတူဖြစ်နေ၏။ ထို့ကြောင့် ကျွန်တော်တို့ လွန်စွာ အံ့ဩမိခဲ့ပါသည်။ နှစ်ဦးသား မောပန်းနွမ်းနယ်မှုဖြင့် ချွေးများ ပြန်နေကြသည်။ ကြောက်သည့် စိတ်များ မဖြစ်သော်လည်း နှစ်ဦးသား အိပ်မက်တူနေခြင်းကြောင့် အံ့ဩမိပါ၏။ အချိန်ကတော့ ည ၁ဝနာရီကျော်ကျော်မျှသာ ရှိပါသေးသည်။

ကျွန်တော်တို့အခန်းထဲဝယ် ညအိပ် မီးရောင် ဝါဖန့်ဖန့်က မှိန်ပျပျလင်းလက်လို့နေ၏။ ထို့နောက် နှစ်ဦးသား ရေ ထ,သောက်ကာ ဘုရားရှိခိုး၍ ပြန်အိပ်လိုက်ကြသည်။

◈◈◈

အိပ်စက်ပြီး အိပ်ပျော်ခါနီးအချိန်၊ အပြင်အာရုံ သတိလွတ်စ အချိန်၌ ထိုအဘွားကြီး ထပ်မံ ရောက်ရှိလာပါသည်။ ယခုအခါ ထိုအဘွားကြီး၏ ပုံမှာ အတော်ပင် စိတ်ဆိုးနေသယောင် ရှိ၏။ ကျွန်တော်တို့နှစ်ယောက်အား မနှစ်လိုသော မျက်နှာမှာ သိသာနေပါသည်။ အိပ်ရာပေါ်ဝယ် အိပ်နေသော ကျွန်တော်တို့နှစ်ယောက်အား ဒေါသမျက်နှာထားဖြင့် ကြည့်ကာ…

"မင်းတို့ကို ဒီမှာ မအိပ်ဖို့ ပြောထားတာ နားမလည်ဘူးလား။ အခုချက်ချင်း ထကြစမ်း၊ ထစမ်း"

ဟု ဆိုကာ လှုပ်နှိုး၏။ ကျွန်တော်မှာလည်း အိပ်ချင်နေ၍ မျက်စိဖွင့်မရဘဲ ရှိနေ၏။ ထိုသို့ ဆက်အိပ်နေခိုက် ထိုအဘွားကြီးမှ…

"ထလို့ ပြောနေတာ မကြားဘူးလား။ ထကြစမ်း"

ဟု ဆိုကာ ကျွန်တော်တို့ နှစ်ယောက်စလုံး၏ ရင်ဘတ်မှ အင်္ကျီစများကို ဆောင့်ဆွဲကာ ဆွဲထ၏။ ကျွန်တော်တို့နှစ်ယောက်စလုံးအား ဆွဲထနေသည်ကို အိပ်မက်ထဲတွင် မြင်နေရပါသည်။

ကျွန်တော်တို့နှစ်ယောက်စလုံးမှာ အဘွားကြီး ဆွဲထလိုက်သဖြင့် ခုတင်ပေါ်ဝယ် အထိုင်လိုက်ဖြစ်လျက် လန့်နိုးလာကြသည်။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်မှာ ပြိုင်တူ နိုးခဲ့ကြခြင်းဖြစ်၏။ ထိုအခါမှ နှစ်ဦးသား ဘေးပတ်ဝန်းကျင်ကို ဝေ့ကြည့်ခဲ့ကြသည်။ အခန်းဝန်းကျင်၌ ညအိပ်မီး မှိုင်ပျပျ အလင်းရောင်အောက်တွင် ပကတိ ငြိမ်သက်လျက်ပင်။ ထိုအခါမှ နှစ်ဦးသား ကြက်သီးဖျန်းဖျန်းထကာ ကြောက်ရွံ့သွားကြသည်။ သူငယ်ချင်း အောင်သူမှ ကြောက်ရွံ့သော မျက်နှာဖြင့်…

"ငါတို့ကို သရဲခြောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com

လား မသိဘူးနော်...ဟန်ထူး"

"အေး ဖြစ်နိုင်တယ် အောင်သူ။ ငါတို့ကို ဒီမှာ မအိပ်ခိုင်းချင်တဲ့ ပုံပဲ။ ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ငါလည်း မသိတော့ဘူးကွာ"

နာရီကို ကြည့်လိုက်တော့ ည ၁၁ နာရီကျော်လွန်နေလေပြီ။ မကြာခင်အချိန်မှာ ညသန်းခေါင်ယံသို့ ရောက်ပါတော့မည်။ ကျွန်တော်တို့ ဆက်အိပ်ပါက ယခုထက်ပိုပြီး အခြေအနေဆိုးလာနိုင်၏။ ထို့ကြောင့် နှစ်ဦးသား ဆက်မအိပ်ရဲတော့ဘဲ ခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်နေမိကြသည်။

ပင်ပန်းသည့်ဒဏ်ကြောင့် မျက်လုံးစင်းကာ အိပ်ငိုက်နေကြသော်လည်း ဆက်မအိပ်ရဲတော့ပါ။ ဆက်အိပ်ပါက ထို ပရလောကသားဟု ထင်ရသော အဘွားကြီး လာနှောင့်ယှက်မည်ကို ကြောက်ရွံ့နေ၏။ ဤသို့လျှင် ညသန်းခေါင်ကျော်အချိန်ကို နှစ်ဦးသား တောင်တွေး မြောက်တွေးဖြင့် နှုတ်ဆိတ်စွာ ဖြတ်သန်းခဲ့ကြရပါတော့သည်။

◈◈◈

မိုးသောက်ယံအချိန် ည ၂နာရီကျော်ကျော်လောက်၌ နှစ်ဦးသား အပေါ့အပါးသွားရန် အိမ်အပြင်သို့ ထွက်ခဲ့ကြသည်။ အပြင်ဘက်မှ အေးမြ လတ်ဆတ်သော လေပြည်နုနုလေးများ တိုက်ခတ်လာသဖြင့် အိပ်ချင်သည့်စိတ်များ အနည်းငယ် ပြေပျောက်သွားရသည်။

ညအမှောင်၏ အနက်ရောင်ကောင်းကင်ကြီးတွင် ကြယ်ပွင့်လေးများက မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေ၏။ ထိုနေ့ညသည် လဆန်း ... ည ဖြစ်သောကြောင့် လမင်းကြီး ... စောစီးစွာ ကွယ်ဝင်သွားလောက်ပြီ။

နှစ်ဦးသား အိမ်နောက်ဘေးမှ ရေအိမ်တွင် အပေါ့အပါးသွားပြီး အိမ်ထဲ ပြန်ဝင်ရန် အိမ်ရှေ့သို့ လာခဲ့ကြသည်။ ထိုစဉ် အိမ်ရှေ့ မန်ကျည်းပင်အောက် ကွပ်ပျစ်ပေါ်မှ တွေ့လိုက်ရသော မြင်ကွင်းကြောင့် နှစ်ဦးသား ခြေလှမ်းများ တုံ့ခနဲဖြစ်သွားရသည်။ မန်ကျည်းပင်အောက်မှ ကွပ်ပျစ်ပေါ်တွင် ညအိပ်ဝတ်စုံ အဖြူရောင် ဗိုင်းလေးဖြင့် အသက် ၁၅နှစ်၊ ၁၆နှစ်အရွယ် ကောင်မလေးတစ်ဦး ထိုင်နေ၏။ ကျွန်တော်တို့နှစ်ယောက်မှာ အမြင်မှားသည် အထင်ဖြင့် မျက်လုံးများကို ပွတ်၍ အသေအချာကြည့်လိုက်ကြသည်။ ထိုကောင်မလေးမှာ သူမ၏ ကျောလယ်လောက်ရှိသော ဆံပင်ကို ဖားလျားချထားသည်။ သူမ၏ မျက်လုံးများက ကျွန်တော်တို့နှစ်ယောက်အား မလိုသလို ဒေါသဖြင့် စိုက်ကြည့်နေ၏။

အိမ်တံခါးမ ဖွင့်ထားသဖြင့် အိမ်ရှေ့ ဧည့်ခန်းထဲမှ မီးရောင်ဟပ်မှုကြောင့် သူမ၏ မျက်နှာကို ကောင်းစွာ မြင်နေရပါသည်။ ထိုကောင်မလေးအား မြင်မြင်ချင်း လူသားအစစ် မဟုတ်ဟု ကျွန်တော်တို့နှစ်ယောက် အလိုလိုသိလိုက်ကြသည်။

ထိုသို့ ကျွန်တော်တို့ ကြောက်ရွံ့စွာ ကောင်မလေးအား စိုက်ကြည့်နေကြစဉ် ထိုကောင်မလေးမှာ မန်ကျည်းပင်အောက်တွင် အငွေ့တန်းပမာ တဖြည်းဖြည်း ပျောက်ကွယ်သွား၏။ ကျွန်တော်တို့နှစ်ယောက်မှာ ပရလောကသား ခြောက်လှန့်ခြင်းဖြစ်ကြောင်း သိသွားပြီး အိမ်ထဲသို့ အပြေးဝင်ခဲ့ကြသည်။

နှစ်ဦးသား တစ်ခါမှ ယခုကဲ့သို့ မကြုံဘူးသဖြင့် ဒူးများ တုန်နေအောင် ကြောက်ရွံ့နေမိကြသည်။ ဖြစ်နိုင်ပါက ထိုအိမ်ကြီးအတွင်းမှ အမြန်ဆုံး ပြေးထွက်ချင်မိ၏။ သူငယ်ချင်း အောင်သူက ကြောက်ရွံ့တကြီးဖြင့် ကျွန်တော့်လက်မောင်းအား ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ သာမန်အားဖြင့် မကြောက်တတ်သော ကျွန်တော်ပင် ယခုလို ကိုယ်တိုင်တွေ့ကြုံနေရ၍ အတော်ပင် ကြောက်ရွံ့နေမိသည်။

အိပ်မပျော်သူအတွက် ညတာရှည်ဘိသကဲ့သို့၊ ကျွန်တော်တို့ နှစ်ယောက်အတွက် ထိုညမှာ အရှည်ကြာဆုံးဟု ထင်မိပါသည်။ နှစ်ဦးသား မိုးစင်စင်လင်းဖို့အရေး အကြိမ်ကြိမ် ဆုတောင်းနေမိပါသည်။

ဤသို့လျှင် ကြာရှည်လွန်းသော တစ်ညတာကို ကုန်လွန်၍ မိုးလင်းစ အလင်းရောင်ထွက်လာမှ ကျွန်တော်တို့ နှစ်ယောက် သက်ပြင်း ကိုယ်စီချနိုင်ပါတော့သည်။

◈◈◈

မနက် ၆နာရီလောက်၌ ကျွန်တော်တို့နှစ်ယောက် အိမ်သို့ ပြန်ရန် မြင်ဆင်ကြပါသည်။ ထိုအိမ်ကြီးတွင် မနေရတော့၍ လွန်စွာပျော်မိ၏။ ဤအိမ်ကြီး၌သာ နောက်ထပ် တစ်ညထပ်အိပ်ရပါက မတွေးရဲစရာပင်။ ပြန်ရန် ကျောပိုးအိတ်များ လွယ်ပြီး အခန်းထဲမှ ထွက်လာစဉ် အိမ်ရှင် အဒေါ်ကြီးက အိမ်ရှေ့ ဧည့်ခန်းတွင် ကျွန်တော်တို့အတွက် နံနက်စာစားရန် ကော်ဖီနှင့် မုန့်ဖြင့် စောင့်နေ၏။

ကျွန်တော်တို့လည်း အိမ်ရှင်အဒေါ်ကြီး၏ ဧည့်ခံမှုဖြင့် ဧည့်ခန်းတွင် ထိုင်ခဲ့ကြသည်။ ထိုစဉ် အမှတ်တမဲ့ အိမ်ရှေ့ ဧည့်ခန်းနံရံများကို ဝေ့ကြည့်မိ၏။ ထိုအခါ တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော်တို့ လွန်စွာ အံ့သြသွားရသည်။ အိမ်ရှင် အဒေါ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ကို ကြည့်၍···

"ဘာဖြစ်တာလဲ···သားတို့"

ဟု အလောတကြီး မေး၏။

ကျွန်တော်တို့နှစ်ယောက် နံရံတွင် ချိတ်ထားသော ဓာတ်ပုံနှစ်ပုံကို ကြည့်၍···

"ဒါ ဘယ်သူ့ပုံတွေလဲ အန်တီ"

ဟု မေးမိကြသည်။

"အဲဒါ အန်တီ့အမေနဲ့ သမီးပုံပါ"

ထိုအဒေါ်ကြီး၏ အမေဟူသော အဘွားကြီးပုံမှာ ကျွန်တော်တို့အား မနေ့ညက လာနှိုးနေသော အဘွားကြီးဖြစ်၍၊ အဒေါ်ကြီး၏ သမီးဟူသောပုံမှာလည်း ကျွန်တော်တို့ ညက မန်ကျည်းပင်အောက်တွင် တွေ့ခဲ့သော ကောင်မလေးဖြစ်နေ၏။ ထိုအဘွားကြီးနှင့် ကောင်မလေး၏ မျက်နှာအား ကျွန်တော်တို့ ကောင်းစွာ မှတ်မိပါသည်။ ထို့နောက် အောင်သူမှ···

"ကျွန်တော်တို့ မနေ့ညက တစ်ရေးမှ မအိပ်ရပါဘူး အန်တီရယ်။ အဲဒီဓာတ်ပုံထဲက အဘွားက ကျွန်တော်တို့နှစ်ယောက်ကို ခုတင်ပေါ်က ဆွဲချတယ်။ နောက် အိပ်မရလို့ မနက်အပေါ့သွားတဲ့အခါမှာလည်း အပြင်က မန်ကျည်းပင်ခြေရင်း ကွပ်ပျစ်ပေါ်မှာ အဲဒီပုံထဲက အန်တီ့သမီးဆိုတဲ့ ကောင်မလေးကိုလည်း တွေ့ခဲ့တယ်ဗျ"

"ဟုတ်တယ် အန်တီ။ ကျွန်တော်တို့ နှစ်ယောက်စလုံး ဆက်မအိပ်ရဲတော့လို့ ငုတ်တုတ်ထိုင်ပြီး မိုးလင်းခဲ့ရပါတယ်ဗျာ"

ထိုအခါ အိမ်ရှင် အဒေါ်ကြီးမှ စိတ်မကောင်းစွာဖြင့် မျက်ရည်ဝဲလျက်-

"သူတို့နှစ်ယောက်စလုံးဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက အပြင်းဖျားပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးခဲ့ကြတယ်ကွဲ့။ အန်တီ့အမျိုးသားက သမီးလေး ငယ်ငယ်ကတည်းက ဆုံးသွားတာ။ အန်တီတို့မှာက ဆွေမျိုးရင်းချာကလည်း မရှိဘူးလေ။ အန်တီ့အမေရယ်၊ သမီးရယ်၊ အန်တီရယ် သုံးယောက်ပဲ ရှိတာ။ အမေကတော့ အသက် ၆၇ နှစ်မှာ ဆုံးသွားတယ်။ သမီးကတော့ ဆုံးတုန်းက အသက် ၁၆နှစ်ပဲ ရှိသေးတာ။ သူတို့ မဆုံးခင်က အန်တီ့ကို ဘယ်သူနဲ့ နေမှာလဲ၊ စိတ်မချဘူးလို့ ခဏခဏပြောသွားရှာတာ။ ဒီလိုနဲ့ သူတို့ အန်တီ့ကို စိတ်မချဘဲ ဆုံးသွားကြတော့ အဲဒီ စွဲလမ်းတဲ့ စိတ်အစွဲကြောင့်ပဲ ထင်ပါရဲ့ အခုထိ သူတို့ မကျွတ်လွတ်ဘဲ ဒီအိမ်မှာ ရှိနေကြသေးတယ်။ အန်တီ့ကို စောင့်ရှောက်နေကြတာပေါ့။ ဒီလိုပဲ အိမ်ကို ဧည့်သည်တွေ ညအိပ်လာတိုင်း သူတို့ နှင်ထုတ်နေကြပါကွယ်။

အန်တီလည်း သူတို့ကို နေ့စဉ်နဲ့ အမျှ ကုသိုလ်အမျှအတန်းတွေ ပေးဝေပေမယ့် သူတို့ အခုချိန်ထိ မကျွတ်နိုင်သေးပါဘူး။ အန်တီလည်း အဲဒီအတွက် တကယ် စိတ်မကောင်းဖြစ်မိပါတယ် သားတို့ရယ်"

ထိုအိမ်ရှင် အဒေါ်ကြီးမှာ ပြောရင်း မျက်ရည်များ ကျလာ၏။ ကျွန်တော်တို့လည်း အိမ်ရှင် အဒေါ်ကြီးအစား စိတ်မကောင်းကြီးစွာ ဖြစ်မိပါသည်။

ကျွန်တော်တို့အား မနေ့ညက ခြောက်ခဲ့ခြင်းမှာ အဒေါ်ကြီး၏ မိခင်နှင့် သမီးတို့ရဲ့ ဝိညာဉ်ဖြစ်ကြောင်း ထိုအခါမှ ကျွန်တော်တို့ သိခဲ့ပါသည်။ အိမ်ရှင်အဒေါ်ကြီးတစ်ယောက်တည်းရှိသော အိမ်တွင် လာရောက် တည်းခိုသည်ကို မနှစ်သက်သောကြောင့် ဖြစ်ပေမည်။

ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်မှာ ကော်ဖီသောက်ပြီး ထလ ချိန်၌ နံရံတွင် ချိတ်ဆွဲထားသော ဓ ာတ်ပုံနှစ်ပုံကို ကြည့်မိပြီး ကြက်သီးဖြန်းဖြန်းထမိသည်။ ထိုဓာတ်ပုံထဲ အဘွားကြီးနှင့် ကောင်မလေးကတေ သူ မဟုတ်သလို ပြုံးရွှင်လျက်ပင် ကျွန်တော်တို့နှစ်ယောက်မှာ ထိုအိမ် မှ သွက်လက်သော ခြေလှမ်းများဖြ နှုတ်ဆိတ်စွာ ပြန်ထွက်လာခဲ့ကြသည်

ထူးဆန်းပြီး အံ့သြစရာကောင်းသော ဖြစ်ရပ်များအတွက် ကျွန်တော်တို့ တုန်လှုပ်မိခဲ့ပါသည်။ ထို့နောက် ထိုအိမ်ကြီးအား "ဝိညာဉ်ပျော် စံအိမ်ကြီး" ဟု အမည်ပေးမိလေသည်။

ကျွန်တော်တို့ ထိုအိမ်ကြီး ထွက်လာစဉ် ကျွန်တော်တို့အား အိ ရာပေါ်မှာ ဆွဲထားခဲ့သော အဘွားကြီးနှ မန်ကျည်းပင်အောက်မှ ကောင်မလေ အား ယခုရောက်ရှိနေသော ပ လောကသားဖြစ်သည့် ဝိညာဉ်ဘဝ အမြန်ကျွတ်ပါစေကြောင်း ဆုတောင်ရင်း စိတ်ထဲ၌ အမျှပေးဝေနေမိပါတေ သည်။

* * *

ညီလေးငယ်(လယ်တော်



www.burmeseclassic.com

www.burmeseclassic.com

# စိုင်းမင်းသူ
## မန္တလေး

# သရဲကြီးဝင်စားသော ကျွဲကြီးအကြောင်း

တောင်နယ်တွင် "ခေါင်ဇယ်"ဟု နာမည်ကျော်ကြားနေသော မြင်းခြံမြို့၏ တောင်ဘက် ကုက္ကဲကြီးအုပ်စု လေးတန်းကျေးရွာ တောင်ဘက်ရွာတွင် ဆရာကြီး ဦးအောင်သည် ဝတုတ် တုတ်၊ ဂင်တိုတို၊ အသားနီစပ်စပ် အသားကြမ်းကြမ်း၊ အရေထူထူနှင့် မျက်စိပေါက်ကျဉ်းသော ပုဂ္ဂိုလ်ဖြစ်၏။ ထိုဆရာကြီးသည် လောကီပညာရပ် အစုံတို့ကို တတ်ကျွမ်းသော ပါရဂူကြီး ပင်ဖြစ်၏။ ဆရာကြီး ဦးအောင်ကား ထိုနယ်သူနယ်သားနှင့် ရပ်ဟန်းပုဂ္ဂိုလ် အချို့က လေးစားအားထားရသော ပုဂ္ဂိုလ်ဖြစ်၏။ ဆရာကြီးအောင်သည် ပယောပညာ၊



www.burmeseclassic.com

www.burmeseclassic.com

ဗိန္ဓောဆေးပညာ၊ အင်္ဂလိယ မာတ်ပညာ၊ အင်းအိုင်စ ပညာ၊ အောက်လမ်း၊ အထက်လ ဂမ္ဘီရ ပညာရပ်များကို ပိုင်နိုင် ကျွမ်းကျင်စွာ တတ်ကျွမ်းသော ပုဂ္ဂိုလ်ဖြစ်၏။

ဆရာကြီး၏ အိမ်ထဲ ဝင်သွားလိုက်သည်နှင့် ညှီစို့စို့အနံ့လိုလို၊ နန္နွင်းနံ့လိုလို၊ မီးနေသည်နံ့လိုလိုက အမြဲတမ်း ဆီးကြိုနေ၏။ နေ့ခင်းကြောင်တောင်မှာပင် ဆရာကြီး၏ အိမ်ခြံဝင်းကြီးသည် သရက်၊ ပိန္နဲ၊ မာလကာ၊ ထနောင်း၊ မန်ကျည်း၊ ယောင်းယားပင်စသည့်တို့ဖြင့် အုံ့ဆိုင်းမှိုင်း၍ ခပ်မှောင်မှောင်ပင် ဖြစ်၏။ ထိုအမှောင်ကြောင့်လားမသိ၊ အိမ်ကြီး၏ ဟိုနေရာ၊ သည်နေရာတို့မှ တချိုးချိုးတချွတ်ချွတ်တကျွီကျွီမြည်နေ၏။ ကျွန်ုပ်၏အသက် ၁၂နှစ်/ ၁၃နှစ်အရွယ်ကပင် ဖြစ်၏။ တစ်နှစ် တစ်ကြိမ် နှစ်ကူးသင်္ကြန်ကာလအတွင်း ကျွန်ုပ်သည် မန္တလေးမှ မြင်းခြံသို့၊ မြင်းခြံမှ ဆီးမီးခုံသွား ကားလမ်းအတိုင်း လေးတန်းရွာသို့ သွား၍ ကာယသိဒ္ဓိ ဓားပြီး တုတ်ပြီး၊ သေနတ်ပြီး စသောဆေးများကို သွား၍အထိုးခံခဲ့ရ၏။ ကျွန်ုပ်၏ ဖခင် ဆရာထိန်၏ ညွှန်ကြားခိုင်းစေချက်အရ ဖခင်၏ စကားကို နားထောင်သော သားလိမ္မာ ပီပီ ထိုဆရာကြီးထံသို့ သွား၍ ဆေးထိုးခံခဲ့ရ၏။ သင်္ကြန်အကျ၊ အကြတ်၊ အတက် သုံးရက်လုံး တစ်နေ့ တစ်မျိုး ဆေးထိုးခံခဲ့ရ၏။ ဆရာကြီးသည် ကျွန်ုပ်နှင့်အတူ တပည့်အားလုံးကို ဆေးထိုးပေး၏။ ထိုသို့ သုံးရက်ဆေးထိုးပြီး နှစ်ဆန်းတစ်ရက်နေ့တွင် မန္တလေးသို့ပြန်ရ၏။ မပြန်ခင်အတွင်း ဆေးထိုးခံယူသော နံနက် ဇနာရီမှအပ ကျန်အချိန်များတွင် ဆရာကြီး၏ ကျွန်းသေတ္တာကြီးထဲမှ ပေပရပိုက်များကို လှန်လှော၍ ကျွန်ုပ် ကြိုက်နှစ်သက်ရာများနှင့် ဖခင်၏ ညွှန်ကြားချက်အတိုင်း လောကီပညာရပ်များကို ကူးယူရသည်။ မှော်ပညာများ၊ အဇစီအမုံပညာများ၊ ပေတလူ၊ ပီယဆေးဖော်နည်းများ၊ ဥစ္စာရွှေငွေကို မြင်နိုင်သော ဒိဗ္ဗစက္ခုဆေးဖော်နည်းများ၊ ကိုယ်ပျောက်ဆေးနှင့် ဂါထာမန္တန်များ၊ စန်းမနှင့် ကဝေများ၊ သရဲတစ္ဆေများကို ခေါ်သော အင်းအစီအရင်များ၊ ဖောင်စီး-ဖောင်ကပ် အစီအမံများ စသော ဂမ္ဘီရအတတ်ပညာထဲမှ ကောင်းနိုးရာရာနှင့် လိုအပ်သည်များကို ကူးယူရ၏။ ဆရာကြီး အောင်သည် တပည့်အများစုရှိရာတွင် ကျွန်ုပ်၏ ဖခင်အား ပို၍ ချစ်ခင်သူဖြစ်၏။ သို့ကြောင့် အချစ်ဆုံးတပည့်၏ သားကျွန်ုပ်အား ဘာမဆို အခွင့်အရေးပေး၏။

◈◈◈

ထို လေးတန်းရွာကလေးသည် အိမ်ခြေ ၁၅၀ခန့်သာ ရှိသော ကျေးရွာတစ်ရွာပင်ဖြစ်၏။ ၎င်းရွာကလေးတွင် လက်လုပ်လက်စား အခြေခံ လူတန်းစားများသာ များ၏။ စားနိုင်သောက်နိုင် ချောင်လည်သူက နည်း၏။ ယာလုပ်ငန်းများနှင့် ထန်းတက်လုပ်သားများသာ လျှင် များ၏။ ထိုရွာမှ ကိုရွှေထုံးသည် ထန်းပိုင်ရှင်များထံတွင် ထန်းလျက်ချက်ရန်အတွက် ထန်းဖိုပင်မှ ထန်းနို့ကို စုစည်း၍ ဓားဖြင့် ထိပ်ဝကို လှီးပြီး ၎င်းမှ ထွက်လာသော ထန်းရည်ချိုကို မြူအိုးဖြင့် ခံ၍၊ ရလာသော ထန်းရည်များကို ထန်းလျက်ချက်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်ပေးသော ထန်းတက် အလုပ်သမားပင် ဖြစ်၏။

အနောက်တောင်လေသည် ပို၍ ပြင်းလာ၏။ လေနီကြမ်း၊ လေဆင်နှာမောင်းဆန်ဆန် မိုးသက်လေပြင်းများ ကျရောက်လာပြီဖြစ်၏။ လေတွင်မက မိုးကပါ ပါလာပြီဖြစ်သဖြင့် ခြေချော် လက်ချော်မဖြစ်ရအောင် ထန်းပင် တစ်ပင်လုံးကို ခြေနှစ်ဖက် အားကုန် ညှပ်ထား၏။ လက်တစ်ဖက်ဖြင့် ထန်း နို့ခိုင်ကို ကိုင်၍ ခါးမှ ထန်းလှီးဓား ဓားကောက်ကို ဖြုတ်လိုက်၏။ လေ သည် ပို၍ပို၍ကြမ်းလာ၏။ ထန်းပင် ကြီးသည် ဟိုဘက် ဒီဘက် ၃ပေ လောက်ထိ ယိမ်းထိုးနေ၏။

"ကိုရွှေထုံး . . . ကိုရွှေထုံး"

"ဟေ . . . ဘုမ၊ ဘာတုန်း"

"ဆင်းတော့၊ မနက်ကျမှ စောစောတက်လုပ်၊ လေတွေ ကြမ်း လာပြီ"

"ဘယ်ဖြစ်မလဲ၊ ထန်းနို့ခြောက် သွားမှာပေါ့"

"လေတွေက ကြမ်းနေတယ် တော် . . . ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်။ ဒီတစ်ခိုင်လှီးပြီး ချိတ်လိုက်ရုံပေါ့"

"ဒါဆိုရင်လည်း ဂရုစိုက် လုပ် နော်"

"အေးပါဟ"

မဘုမသည် ကိုရွှေထုံးအား ပြော မရသဖြင့် ဂရုစိုက်လုပ်ရန် ပြောပြီး ပြန်လှည့်ထွက်ခဲ့၏။ မဘုမတစ်ယောက် ထန်းပင်ခြေမှ ခုနစ်လှမ်းခန့်အရောက် တွင် လေပြင်းတစ်ချက်ဆောင့်၍ တိုက် လိုက်၏။ ကိုရွှေထုံးလက်မှ ကိုင်ထား သော ထန်းလှီးဓားဖြင့် ထန်းနို့ခိုင်ကို လှီးရန် အားယူလိုက်၏။ ထိုစဉ် လေ ပြင်းတစ်ချက်သည် ဝုန်းခနဲဆောင့်၍ တိုက်လိုက်ပြန်၏။

"ဝုန်း . . . ရှရော . . . ရှရော . . . ဘိုင်း"

"အောင်မလေးတော့ . . . ကိုရွှေ ထုံးရဲ့"





www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေထုံးတစ်ယောက် ဘဝနိဂုံး ချုပ်ရလေပြီ။ ကိုရွှေထုံး ထန်းပင်ပေါ်မှ ကျ၍သေသွားခြင်းကို နာရီပိုင်း အတွင်းမှာပင် တစ်ရွာလုံး သိသွားကြ၏။ ကိုရွှေထုံးသေသွားခြင်း သတင်းကို ဆရာကြီး အောင်၏ တပည့် မောင်နန္ဒ သည် ဆရာကြီးထံ အပြေးလာ၍ ပြော ခြင်းဖြစ်၏။ ကိုနန္ဒ၏ ပြောစကားဆုံး သည်နှင့် ဆရာကြီးသည် ပင်နီရောင် လွယ်အိတ်ကို ကောက်လွယ်လိုက်ပြီး လေးခွနှင့် လောက်စာများ၊ ပြီးတော့ တစ်တောင်လောက်ရှိသော တုတ်တို လေးတစ်ချောင်း ထိုးထားသော ထရံ ကြားမှ ဖြုတ်၍ လက်မှကိုင်ပြီး လွယ် အိတ်ကို နွားကျောင်းသားများ လွယ် သလို ဘေးစောင်းလွယ်လိုက်၏။ ပြီး လျှင် တပည့် မောင်နန္ဒနှင့်အတူ ဆရာ တပည့် ရွာအပြင်သို့ ထွက်ခဲ့ကြ၏။

"ကိုရွှေထုံးသေတာ ဘယ်နားမှာ လဲ"

"လုံးတင်တို့ ထန်းတောမှာ။ အရှေ့ဘက်ဆုံး ညောင်ကျပ်ပင်အနီး က ထန်းပင်ကြီးပေါ်။ အမြင့်ဆုံး ထန်း ပင်ကြီးလေ။ အတောင်သုံးဆယ်ကျော် လောက် မြင့်တယ် ဆရာကြီးရဲ့၊ သေဘဲ ဘယ်နေမလဲ"

ဆရာကြီး အောင်သည် ကိုနန္ဒ ပြောစကားကို နားထောင်၍ သဘော ပေါက်သွားသဖြင့် မလုပသော နှုတ်ခမ်း ဖြင့် တစ်ချက်ပြုံးလိုက်၏။

"ဟန်ကျသပေါ့ မောင်နန္ဒရာ၊ ငါ ခုထားတဲ့ ငှက်ပျောခြံ မင်းသိတယ် ဟုတ်လား"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျတ် ...သေးက ကုန်းစောင်းမှာ စိုက်ထား ... ခြံမဟုတ်လား"

"သည်ငှက်ပျောခြံက ဝက် ...တ်ခြံကွ။ ကုန်းစောင်းရိုးကြားဆို



တော့ ငှက်ပျောကလည်း ဖြစ်၊ အသီး ကလည်း ကောင်းသကိုး။ ဒါကြောင့် သူခိုးရန်က ကြောက်ရတယ်ကွဲ့။ ရွာနဲ့ က အလှမ်းကွာဝေးသမို့လား"

"အဲဒါနဲ့ ရွှေထုံးသေတာ ဘယ် လို ပတ်သက်လို့လဲ ဆရာကြီး၊ ကျွန် တော် မရှင်းလို့ ပြောပြစမ်းပါဦး"

"ဒီလိုကွ။ ထန်းပင်ပေါ်က ကျ သေတာတို့၊ လူသတ်လို့ သေတာတို့ အစိမ်းသေမှန်သမျှ တစ္ဆေတို့၊ သရဲတို့ ဖြစ်ကြတာ များတယ်လေ။ ရွှေထုံး ကြီးလည်း သူ့ရဲဖြစ်မှာ သေချာတယ် ကွ။ ဆင်းရဲတော့ ဒါနလည်း မရှိ သီလလည်း မရှိ ဘုရားတောင် မရှိခိုး နိုင်တဲ့ကောင်တွေ သေရင် သရဲမဖြစ် လို့ ဘာဖြစ်ဦးမှာလဲ"

"ရွှေထုံး သရဲဖြစ်တော့ ဆရာ ကြီးက ဘာလုပ်မှာလဲ၊ သူ့ကို မွေးထား မလို့လား"

"ဟုတ်တာပေါ့ မောင်ရာ၊ ငါ့ ငှက်ပျောခြံမှာ ခြံစောင့်အဖြစ် ထားရ မှာပေါ့ကွ၊ ဝါးဟားဟား . . ."

ဆရာကြီးသည် ...ရင်းကပင် သူ့စကားကို သ...ကျယ်ဟန်ဖြင့် တဝါးဝါးရယ်မောလိုက်တော့၏။ ဆရာ ကြီး၏ ရယ်သံသည် လေးတန်းရွာ၏ တောင်ဘက် သစ်ပုပ်ပင်တောတစ်ခုလုံး ပဲ့တင်သွားလေတော့သည်။

"ဝါးဟားဟား . . . ဝါးဟားဟား"

ဆရာကြီးသည် ရွှေထုံး ကျ၍ သေသော ထန်းပင်ခြေရင်းသို့ ရောက် လျှင် ဘယ်လက်မှ ကိုင်လာသော တုတ်တိုလေးကို ညာဘက်လက်သို့ ပြောင်း၍ ကိုင်လိုက်ပြီးလျှင် . . .

"ဟေ့ . . . ရွှေထုံး၊ ငါခေါ်နေတယ်၊ မင်း ငါ့ဆီကို လာခဲ့စမ်း။ ဟေ့ . . . ရွှေ ထုံး၊ မင်းရောက်ပြီလား၊ ရောက်ရင် စိန်နားပန်းပင်တွေကို လှုပ်ပြ"

"ရွှမ်း . . . ရွှမ်း . . . ရွှမ်း"

ဆရာကြီး၏ အမိန့်စကားအပြီး တွင် စိန်နားပန်းပင်များ ပေါက်နေသော ဘေးချုံပုတ်တစ်ခုလုံး သွက်သွက်ခါ၍ လှုပ်ရမ်းသွားတော့၏။

"အေး ဟုတ်ပြီ။ ဒါဆိုရင် မင်း ငါနဲ့ လိုက်ခဲ့၊ မင်းလိုက်လာတဲ့ အကြောင်း သိရအောင် မင်းရှေ့ကနေ သွား။ မကြာမကြာ ချုံပုတ်တွေကို လှုပ် ပြ၊ ကြားလား"

ဆရာကြီး အောင်သည် ကိုရွှေ ထုံးကို အမိန့်ပြန်၍ ခေါ်လာခဲ့၏။ ဆရာ ကြီး၏ ငှက်ပျောခြံရောက်လျှင် . . .

"ရွှေထုံး . . . မင်းပါလာရင် ငှက် ပျောခြံထဲဝင်ပြီး ငှက်ပျောပင် ခုနစ်ပင် စေ့အောင် လှုပ်ပြ"

ဝိညာဉ်လေးကသို့ ရောက်သွား သော ကိုရွှေထုံးသည် ဆရာကြီးအောင် ခိုင်းသမျှကို လုပ်ပြနေတော့၏။

"အေး ဟုတ်ပြီ၊ ဒါဆိုရင် မနက် ဖြန်ညနေ မင်းကို အမဲသားတစ်ပိဿာ


www.burmeseclassic.com

www.burmeseclassic.com

ငါလာကျွေးမယ်။ တစ်လ တစ်ကြိမ် ကျွေးမယ်။ မင်း ဒီငှက်ပျောခြံကို စောင့် ကြားလား။ ငှက်ပျောခြံထဲဝင်ပြီး ငှက် ပျောခိုင်ခုတ်တဲ့သူတွေကို ကုပ်ချိုးပြီး အသည်းနှလုံးနဲ့ အူတွေကို ထုတ်စား ပစ်၊ ကြားလား။ ဒေါ့ မနက်ဖြန်ကျရင် မင်းကို အမဲသားကျွေးရင်းနဲ့ ငါ့မိန်းမ မရှင်ရယ်၊ သမီး ဂွက်ထော်ရယ်ကို ခေါ် လာပြီး မင်းကို ပြထားမယ်။ သူတို့ နှစ်ယောက်က လွဲပြီး ကျန်တဲ့လူ ခြံထဲ ဝင်ရင် မင်းကြိုက်သလိုလုပ်ပေတော့၊ ကြားလား။ ကြားရင် လှုပ်ပြ"

"ဖြန်း…ဖြန်း…ဖြန်း"

သရဲကြီး ကိုရွှေထုံးသည် ဆရာ ကြီး အောင် ခိုင်းသည့်အတိုင်း လုပ်ပြ နေ၏။ ဆရာကြီး အောင်သည် သဘောကျ နှစ်ခြိုက်စွာဖြင့်…

"အေး၊ ဟုတ်ပြီ။ ဒါဆိုရင် တို့ ပြန်ကြမယ်။ မောင်နန္ဒ… ဒါ့ထက် မင်း စကားလုံရမယ်။ ရွှေထုံးကို ငါ့ ငှက်ပျောခြံမှာ အစောင့်ထားတာ ဘယ်သူ့မှ မသိစေရဘူး၊ ကြားလား"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန် တော် ဘယ်သူ့ကိုမှ မပြောပါဘူး၊ နှုတ် လုံပါ့မယ်"

ထိုနေ့မှစ၍ ဆရာကြီး အောင် ၏ ငှက်ပျောခြံတွင် ကိုရွှေထုံးကြီး တစ်ယောက် သရဲကြီးဘဝဖြင့် ဝင့်ကြွား ဆပ်၍ နေရတော့၏။ သရဲကြီး ကိုရွှေ ထုံးသည် ငှက်ပျောခြံထဲသို့ ဝင်လာ သော လူတို့အား ထိတ်လန့်အောင် ခြောက်လှန့်၍ အသည်းနှင့် ဝမ်းတွင်း ကလီစာတို့ကို နှုတ်၍ စားနေ၏။ တစ်နှစ်လျှင် တစ်ကြိမ်၊ နှစ်ကြိမ် လောက် ဖြစ်တတ်၏။ ၁နှစ်မှ ၂နှစ်သို့ ရောက်လာသောအခါ ခြံထဲဝင်မှ မဟုတ်တော့ဘဲ ခြံနားကပ်၍ မြက်ရိတ် သူများကိုပင် သရဲ ရွှေထုံးကြီးက ငွတ် အတင်း ခြံထဲရောက်အောင် ဆွဲ၍ စား လေတော့၏။ ဆရာကြီး အောင်၏ ငှက်ပျောခြံထဲနှင့် ခြံဘေးပတ်လည်တို့ တွင် မြက်များက ထွားကြိုင်း၍ စိမ်း လန်း သန်မာနေ၏။ နွားကျောင်းသား များ၊ မြက်ရိတ်သမားများက အလွန် သဘောကျကြ၏။ သို့သော် ခြံစောင့်ရှိ တယ်ဆိုတဲ့ သတင်းကြောင့် ဘယ်သူမှ ခြံနားသို့ မကပ်ရဲ။ တစ်လောက မန် ကျည်းကုန်းရွာက ထွန်းပေရဲ့ နွားငယ် လေးတစ်ကောင် ငှက်ပျောခြံနှင့် ခပ်ဝေးဝေးတွင် မိခင် နွားမကြီးနှင့် အစာစားနေရာမှ ခုန်ပေါက်၍ ဆရာ ကြီး အောင်၏ ငှက်ပျောခြံအနီးသို့ ရောက်သွား၏။ နွားကလေးသည် စိမ်းစို နေသော မြက်များကို မြင်သဖြင့် ဝမ်းသာအားရပြေးလာပြီး ငှက်ပျောခြံ ၏ စည်းရိုး ဝါးဒလက်တန်းများကြားမှ နှုတ်သီးလျှို၍ မြက်များကို ဆွဲစားလိုက် စဉ်မှာပင် သရဲကြီး ရွှေထုံးသည် ဘယ်လိုလုပ်လိုက်သည် မသိ…

"ပဲ…ဟဲ…ဟဲ…"

ကျယ်လောင်သော အော်မြည် သံ အသံဆိုးကြီးဖြင့် အော်ရင်း ခြံဘေး မြေကြီးပေါ်သို့ ဗုန်းခနဲ ပစ်လဲ၍ ကျ သွားတော့၏။

ထွန်းပေ သူ့ နွားလေး ဘာဖြစ် မှန်းမသိ၍ ယာနီးချင်း နွားကျောင်းသား အုပ်စုကို အကြောင်းကြားပြီး ပါလာ သည့် ဓားများနှင့် နွားလေးကို ဖျက်ကြ ၏။ ဝမ်းကို ခွဲလိုက်သောအခါ ဝမ်းဗိုက် ထဲတွင် အသည်းနှလုံးနှင့် အူများ မရှိ တော့ဘဲ ဖြစ်နေသည်ကို တွေ့ရ၏။ "ငှက်ပျောခြံမှာ သရဲရှိတယ်၊ ဒီသရဲက လူတွေကို ခြောက်လှန့်ပြီး အူတွေ၊ အသည်းတွေ နုတ်စားနေတယ်"လို့ တော့ ထွန်းပေ ကြားဖူး၏။ ယနေ့မူ ထွန်းပေနှင့်အတူ နွားကျောင်းသားများ အံ့သြခြင်း၊ ကြောက်ရွံ့ခြင်းပါ ဖြစ်ကြ ၏။ ထို့ကြောင့် ကပျာကယာဖျက်၍ အသားများကို ပုဆိုးနှင့် ထုပ်ပြီး နေ မဝင်ခင်မှာပင် ရွာထဲသို့ ရောက်အောင် နွားများနှင့်အတူ ပြန်လာခဲ့၏။

ထွန်းပေ၏ ပြောစကားကြောင့် မန်ကျည်းကုန်းရွာထဲတွင် ထိုသတင်း ပျံ့နှံ့သွားလေတော့၏။ မန်ကျည်းကုန်း ရွာနှင့် လေးတန်းရွာသည် တစ်မိုင် ပျော့ပျော့လောက်သာ ဝေး၏။ ထိုနှစ် ရွာ၏ ကြားတွင် ဆရာကြီး အောင်၏ ငှက်ပျောခြံက တည်ရှိနေသည်။ လေး တန်းနှင့် မန်ကျည်းကုန်းရွာ နှစ်ရွာ သည် တစ်နေ့လျှင် အနည်းဆုံး ၁၀ ယောက်လောက် အသွားအလာရှိ၏။ ထို့ကြောင့် မန်ကျည်းကုန်းက နွား ကလေး ငှက်ပျောခြံဘေးမှာ သေသွား တာ၊ နွားလေးရဲ့ ဝမ်းထဲမှာ အသည်း တွေ၊ အူတွေ မရှိတော့တာကို လေး တန်းရွာကပါ သည်မနက်ခင်းအတွင်း သိကုန်ကြ၏။ ထိုသတင်းကို ဆရာကြီး အောင်လည်း သိသည်။ ကြားသည်။ ဤသို့ ဖြစ်နေကြသည်ကို ဆရာကြီး အောင် စိတ်တွင် ဘာမျှ ခံစားချက် မရှိ။ သူ့ ခြံဘေး၊ သူ့ ခြံထဲ ဝင်လို့သာ ဖြစ်နေသည်ဟု မှတ်ယူထား၏။

တစ်နေ့တွင် ဆရာကြီးကတော် ဒေါ်ရှင်သည် မန်ကျည်းကုန်းမှ ပြန်လာ ချိန်တွင် မန်ကျည်းကုန်းရွာသူ မသန်း တင်ပါ ပါလာ၏။ ဆရာကတော်ကြီး ဒေါ်ရှင်သည် ငှက်ပျောခြံအနီးသို့ အရောက်တွင် ငှက်ပျောခြံထဲသို့ လှမ်း ကြည့်လိုက်ရာ ဝက်မလွတ် ငှက်ပျော တစ်ခိုင်မှည့်နေသည်ကို တွေ့ရ၏။ ဒေါ်ရှင်သည် ခြံနှင့် မလှမ်းမကမ်းတွင် ယာထွန်နေသော လူတစ်ယောက်ထံ မှ တောရမ်း ဓားမကို ငှား၍ ငှက်ပျော ခိုင် ခုတ်ရန် တားထားသော ခြံပေါက်

www.burmeseclassic.com

ဝါးတန်းကို ဖယ်၍ ဝင်လိုက်၏။ ဒေါ်ရှင် ဝင်လိုက်သဖြင့် သန်းတင်လည်း ဒေါ်ရှင်ကို ကူ၍ ငှက်ပျောနိုင် သယ်ပေးရန် ဒေါ်ရှင်နောက်မှ ကပ်လျက်ဝင်လိုက်၏။ ဒေါ်ရှင်သည် ဆရာကြီး ပြောထားသည်ကို အမှတ်ရ၍ မသန်းတင်ကို အပြင်မှာ နေရန် ပြောမည်ဟု လှမ်းကြည့်လိုက်စဉ်တွင်···

"အမလေး···သရဲကြီးတော့"

ဤမျှ တစ်ချက်သာလျှင် အော်၍ မသန်းတင်သည် ဒေါ်ရှင်ပေါ်သို့ လဲကျသွားလေ၏။ ဒေါ်ရှင်သည် မသန်းတင်ကို ပွေ့ဖက်၍···

"ဟဲ့···ရွှေထုံး၊ ငါပါတယ်လေ၊ နင် ဘာလုပ်တာလဲ။ ခုထွက်သွား။ ငါ ဆရာကြီးကို ခေါ်ပြီး နင့်ကို နှင်ထုတ်ပစ်လိုက်ရမလား"

ဒေါ်ရှင်သည် ဆရာကြီး အောင် ပေးထားသော ပညာများနှင့် မသန်းတင် ခေါင်းမှ ညာလက်ဖြင့် ကဝေဦးနိပ်ဂါထာဖြင့် အသက်အောင့်၍ ခုနစ်ချက် ပွတ်သပ်ချလိုက်၏။

"ဟဲ့···သန်းတင်၊ သန်းတင်၊ ရော့···ရော့···ဒီရေလေး သောက်"

ဒေါ်ရှင်သည် ပါလာသော ဗူးသီးရေဘူးလေးထဲမှ ရေကို တိုက်လိုက်၏။ သန်းတင် ဒေါ်ရှင့်တိုက်သော ရေကို သောက်ပြီး ခဏနင့်ပင် မျက်လုံးပွင့်လာ၏။

"မမရှင်···ခုနက ကျွန်မနားထဲ ကြားလိုက်သလိုပဲ။ ဟဲ့···ရွှေထုံးဆိုတာ ဘယ်သူ့ကို ပြောတာလဲ။ ဟို ဆန်းပင်ပေါ်က ကျသေတဲ့ ကိုရွှေထုံးကို ပြောတာလား"

"ဟုတ်တာပေါ့ သန်းတင်ရယ်။ ဟဲ့···ဟဲ့···မဟုတ်ပါဘူး။ ငါ့ပါးစပ်က ယောင်ပြီး ထွက်သွားတာပါ။ ကဲ-လာ···လာ၊ ငှက်ပျောနိုင်လည်း မခုတ်တော့ပါဘူး၊ သွားကြစို့"

◈◈◈

နေ ထန်းတစ်ဖျား မရှိတရှိ၊ ညနေ ၃နာရီခန့်လောက်ဟု ယူဆရမည်ဖြစ်၏။ တက်ပုသည် ကြောက်တတ်သူ မဟုတ်။ ပြီးတော့ ဆရာကြီး အောင်ထံမှ အပြီးအခံဆေးများ ထိုးထားသူဖြစ်၏။ ကာယသိဒ္ဓိ၊ ပယောဂဆေး၊ မြွေပြီးဆေး၊ စုန်းနိုင်၊ နတ်နိုင်ဆေးတို့ဖြင့် သူ့တစ်ကိုယ်လုံးတွင် ပြည့်နှက်နေ၏။ ဒါကြောင့်လည်း ပို၍ပင် သတ္တိရှိနေခြင်းဖြစ်၏။ အညာဒေသ မြန်မာ့အယူအဆ၏အစွဲတို့ကတော့ တက်ပုတွင် ရှိနေသည်။ သရဲတစ္ဆေ၊ စုန်း၊ နတ်၊ ပယောဂ အကုန်ယုံသည်။ ဆရာကြီး အောင်၏ ငှက်ပျောခြံထဲမှာ သရဲရှိသည်ကို တက်ပု သိပြီးဖြစ်၏။ ဟိုတစ်လောက မသန်းတင်ကိစ္စကတည်းက ဟိုးလေးတကျော်ဖြစ်ပြီးသား။ တက်ပု သရဲကြီး ရွှေထုံးကို မကြောက်။ ဒါကြောင့် ငှက်ပျောခြံဘေးကနေ မြက်တွေကို ရိတ်နေ၏။ တက်ပုက ခြံထဲလက်လျှို၍ မြက်ကို ဆုပ်လိုက်သည်နှင့် သရဲကြီး ရွှေထုံးက တက်ပုလက်ကို ဖမ်းကိုင်လိုက်သည်။ တက်ပုက ဆတ်ခနဲရုန်းသည်။ ပြီးတော့ တံဇဉ်နှင့် အထက်ကို ယမ်းလိုက်သည်။ သရဲကြီး ရွှေထုံးက တံဇဉ်ကို ဖမ်းသည်။ တက်ပု ရွှေထုံးကို မြင်နေရသည်။ လူ့ဘဝတုန်းက ရွှေထုံးမှ ရွှေထုံး။

"ဟေ့ကောင် ရွှေထုံး၊ ငါ တက်ပုကွ။ မင်းကိုများ ကြောက်နေလိမ့်မယ် မှတ်လို့လား။ မင်းဟာမင်း သရဲဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ် ငါ့က ဆရာအောင့် တပည့် တက်ပုကွ"

တက်ပု ဘာတွေပြောပြော သရဲကြီး ရွှေထုံးသည် တက်ပုကို ကုပ်ချီးစားရန်သာလျှင် အာသာငမ်းငမ်းဖြစ်နေ၏။ ရွှေထုံးသည် တက်ပုကို ငှက်ပျောခြံထဲ ရောက်အောင် ဆွဲသင်းနေသည်။ တက်ပုလည်း တဖြည်းဖြည်း ခြံစပ်အတွင်းသို့ ရောက်လုဆဲဆဲ ဆရာကြီးအောင်မှာတဲ့ စကားအရ ခြံထဲရောက်မှ သူ့ပိုင်မှာမဟုတ်လား။ ဒီလိုနှင့် တက်ပုနှင့် ရွှေထုံးသည် ဘတစ်ပြန် ကျားတစ်ပြန် လုံးထွေးသတ်ပုတ် ရုန်းကန်နေကြ၏။ အတူပါလာသော မြက်ရိတ်နွားကျောင်း သူငယ်ချင်းများက တက်ပုတစ်ယောက် ခြံစပ်မှာ တစ်ယောက်တည်း အပေါ်ကျလိုက်၊ အောက်ကျလိုက်ဖြင့် လူတစ်ယောက်နှင့် ရန်ဖြစ်နေသည့် ပုံစံမျိုး။ ဒါပေမယ့် အခြားလူတစ်ယောက်ကို မောင်စိန်နှင့် အ,ထစ်သာဝတို့ မမြင်ကြ။ သို့သော် အ,ထစ်သာဝက အတွေးအခေါ်ကောင်းသည်။

"မောင်···မောင်စိန်၊ ဒါ···ဒါ···ဒါ တက်ပု သ···သရဲကြီး ရွှေထုံးနဲ့ သတ်···သတ်···သတ်နေတာ နေမှာ။ နေ···နေ···နေဦး၊ ငါ···ငါ ရွာထဲပြေးပြီး ဆရာဂကြီးကို ပြောမှ ဖြစ်မယ်"

အ,ထစ် သာဝသည် ပြောပြော ဆိုပင် ပုဆိုးကို ပြင်ဝတ်၍ လေးတန်းရွာ ဆရာကြီးအောင်အိမ်သို့ ပြေးသွားပြီး ပြောလေတော့၏။

"ဆ···ဆ···ဆရာကြီး"

"ဟ···သာဝ၊ ဟေလကွာ၊ ဘာတုန်းကွ၊ အမောတကော ပြေးလာပြီး ဘာဖြစ်လာလို့လဲ"

"တက်···တက်···တက်ပု"

"အေး၊ တက်ပု ဘာဖြစ်လို့လဲ"

"ရွှေ···ရွှေထုံး၊ သ···သရဲနဲ့ လုံးလုံးထွေးထွေး သတ်ပုတ်နေတယ် ဆ···ဆ···ဆရာကြီး၊ လာ···လာ၊ လိုက်ခဲ့ပါဦး"

"ဟေ···ဟုတ်လား၊ အေးအေး၊





www.burmeseclassic.com

www.burmeseclassic.com

လာပြီ···လာပြီ"

ဆရာကြီး အောင်သည် အ,ထစ် သာဝ ပြောစကားကြောင့် အကျီမဝတ် နိုင်ဘဲ ခါးဝတ်ပုဆိုးစုတ်ကလေးကို အမြန်ပြင်ဝတ်၏။ အင်္ဂရုတ်ဗို ထိုးရာမှ ကပျာကယာထ၍ လိုက်သွားတော့ သည်။ ဂုက်ပျောခြံသို့ ဆရာကြီး အောင် နှင့် သာဝတို့ ရောက်သွားသောအခါ တက်ပုသည် အောက်မှနေ၍ လက် နှစ်ဖက်ကို မြှောက်ထားပြီး တစ်ခုခုကို တွန်းနေသလို ပြုလုပ်နေ၏။ မျက်နှာနှင့် ခေါင်းကို လွှဲထား၏။ ခြေထောက်မှ လည်း အထက်သို့ မြှောက်၍ ကန်နေ ၏။ တက်ပု၏ တစ်ကိုယ်လုံးတွင် ချွေး များ ရွဲစို၍ မြက်များနှင့် မြေကြီးများ ပေကျံ၍နေ၏။ တက်ပု မောလည်း အတော်ပင် မောနေပြီဖြစ်၏။ ဆရာကြီး အောင်သည် ရောက်လျှင် ရောက်ချင်း လက်မှ ပါလာသော တုတ်တိုလေးနှင့် တက်ပုအထက် တစ်တောင်ကျော် လောက်အကွာကို ချိန်၍ ရိုက်ချလိုက် ၏။

"ဟှီး···ဟီး···ဟီး"

တစ်တောလုံး ပဲ့တင်ထပ်လောက် အောင် အသံနက်၊ အသံဆိုးကြီး မြည် ဟီး၍သွားလေတော့၏။ ထိုကျမှပင် တက်ပုလည်း လူးလဲထ၍ လာနိုင်၏။ သာဝက တက်ပုကို ဖေးကူ၍ ထူလိုက် ပြီးချိန်တွင် မောင်စိန်လည်း အနား ရောက်လာ၏။

"မင်း ဘာဝင်လုပ်တာလဲ တက် ပု"

"ကျွန်တော် မြက်ရိတ်မလို့ ခြံ အပြင်ဘက်ကနေ မြက်တွေကို လှမ်း ဆုတ်တာပါ ဆရာကြီး။ အဲဒီမှာ ရွှေထုံး က ကျွန်တော့်ကို ဆွဲတော့တာပဲ"

"အေး၊ ဒီကောင်ကြီးလည်း ဆာ နေပုံပေါက်တယ်။ တို့နယ်မှာလည်း အမဲဝက်က မပေါ်ကြတော့ ငါလည်း သူ့ကို တစ်လ တစ်ကြိမ်ကျွေးဖို့ မကျွေး နိုင်ဘူး။ ဒီတစ်ခါ မြို့လူကြီးရှိရင်တော့ အမဲသားတစ်ပိဿာလောက် မှာပြီး ကျွေးရဦးမယ်။ ကဲ-ကဲ···လာကြ၊ လာကြ၊ ပြန်ကြရအောင်။ နေ···နေဦး၊ ငါ ရွှေထုံးကို မှာခဲ့ဦးမယ်။ ဟဲ့···ရွှေ ထုံး၊ ငါက ဂုက်ပျောခိုင် ခိုးခုတ်တဲ့သူ တွေကို ပြောတာ၊ မြက်ရိတ်တဲ့ လူတွေ ကို မလုပ်နဲ့၊ ကြားလား"

ထိုသတင်းသည်လည်း နာရီပိုင်း အတွင်းမှာပင် နောက်တစ်ရက်မကူးဘဲ ပျံ့နှံ့သွားတော့၏။ ဗူးတစ်ရာအပေါက် ပိတ်၍ ရသော်လည်း၊ လူ့ပါးစပ် တစ်ပေါက်ပိတ်ရန် မလွယ်ပေ။ မသန်း တင်၏ စကားကြောင့် ကိုရွှေထုံး သေ ပြီး သရဲကြီးဖြစ်နေတဲ့အကြောင်း၊ ဆရာ ကြီးအောင်က သူ့ဂုက်ပျောခြံမှာ ကိုရွှေ ထုံးကို အစောင့်ထားတဲ့အကြောင်း၊ သေသသမျှလူတွေ၊ တိရစ္ဆာန်တွေဟာ သရဲကြီး ရွှေထုံးကြောင့် ဖြစ်ကြောင်း တစ်ရွာလုံး၊ တစ်နယ်လုံး ပျံ့နှံ့သွားတော့ ၏။ ထိုသတင်းကို ကိုရွှေထုံး မိသားစု များ ကြားသောအခါ အလွန်ပင် ကြေကွဲဝမ်းနည်းကြ၏။ ကိုရွှေထုံးကို သရဲဘဝမှ ကျွတ်၍ လူ့ဘဝသို့ ရောက် စေလို၏။ သို့သော် ဆရာကြီး အောင် ကို သွား၍မပြောရဲကြပေ။ ကိုရွှေထုံး၏ ဇနီး မဘုမသည် မရှိ့ရှိရာ ကြံဖန်၍ ဆွမ်းကလေးချက်ပြီး ရွာဦးကျောင်း ဆရာတော်ထံ သွား၍ ဆွမ်းအုပ်ပို့ရင်း ဆရာတော်အား လျှောက်ထားတော့၏။

"ဟဲ့···ဒါယိကာမကြီး မဘုမ ပါလား။ ဘုန်းကြီးကျောင်း မရောက်တာ နှစ်နဲ့ ချီနေပြီ၊ ရွှေ[illegible]ကြီးသေကတည်း ကပဲ။ ဒါထက် နေပါဦး၊ ရွာတောင်ဖျား က ဟိုဆရာ မောင်အောင်ရဲ့ ဂုက်ပျော ခြံမှာ နင့်ယောက်ျား ရွှေထုံး သရဲဖြစ် နေတယ်ဆို"

မဘုမသည် ဆွမ်းအုပ်ကို ချ၍ ဘုန်းကြီးအား ထိုင်၍ ဦးချ ကန်တော့ နေစဉ်မှာပင် ရွာဦးကျောင်းဆရာတော် က ကိုရွှေထုံးအကြောင်း ပြောနေတော့ ၏။

"ဒါထက် ဒီတစ်နှစ်၊ နှစ်,နှစ် အတွင်း နင့်ယောက်ျား ရွှေထုံးကြောင့် လူနှစ်ယောက် သုံးယောက်နဲ့ နွား တစ်ကောင်လည်း အူနတ်၊ အသည်း နတ်စားခံရတယ်ဆိုတာရော ဟုတ်ရဲ့ လား"

မဘုမ ဘာမျှမပြောနိုင်ခင်မှာပင် ဆရာတော်၏ မေးမြန်းချက် စကားများ က စုံနေတော့၏။

"မှန်လှပါ ဘုရား။ တပည့်တော် ခု လာခဲ့တာလည်း ကိုရွှေထုံး အဲဒီ သရဲဘဝက လွတ်မြောက်ဖို့အတွက် ဘယ်လိုလုပ်ရပါ့မလဲဆိုတာ ဆွမ်းအုပ် ပို့ရင်းနဲ့ လာလျှောက်တာပါ ဘုရား"

ဆရာတော်သည် မဘုမ လျှောက်ထားချက်ကြောင့် မျက်နှာကို ပြင်၍ စဉ်းစားဟန်ဖြင့် မိန့်ကြားတော် မူလေ၏။

"အေးအေး၊ ဟုတ်ပေသားပဲ။ ပထမဆုံး ဆရာ မောင်အောင်ကို ပြော လိုက်ပါ။ ငါခေါ်နေတယ်လို့။ ပြီးတော့ နင်တို့အိမ်မှာ ဘုန်းကြီးငါးပါးလောက် ဆွမ်းကပ်နိုင်အောင် လုပ်၊ ဆွမ်းကပ် မယ့်နေ့ ငါ့ကို လာလျှောက်၊ ဟုတ် လား မဘုမ"

"မှန်လှပါ ဘုရား။ တပည့်တော် သန်ဘက်ခါ စနေနေ့မှာ ဆွမ်းကပ်နိုင် အောင် ကြိုးစားပါ့မယ် ဘုရား"

မဘုမသည် ရွာဦးကျောင်း ဆရာ တော်အား လျှောက်ထား၍ ပြန်လာခဲ့ ၏။ ပြန်လာပြီးသောအခါ ဆွမ်းကပ်နိုင် ရန် စီစဉ်ရ၏။ မဘုမ[illegible]နေ့ဖြင့် ပေါင်း

www.burmeseclassic.com

သင်လိုက်ခြင်း၊ ဝါခင်း ဝါကောက်လိုက်ခြင်း စတဲ့ အလုပ်များသာရှိ၏။ ဘုန်းကြီးငါးပါးလောက်ကို ဆွမ်းကပ်နိုင်ဖို့ဆိုတာ ထိုအချိန်က ငွေနှင့်ပြောလျှင် ငါးရာလောက်ရှိမှ ဖြစ်မှာ။ ဒီတော့ မဘုမ မွေးထားတဲ့ ကြက်ကလေး အကောင် ၅၀ကျော်လောက်ကို ရောင်းမှ ဖြစ်မည်။ ပြီးတော့ လယ်ရှင်ယာရှင်တွေဆီက ကြိုငွေအဖြစ် ထစ်ရာနှစ်ရာလောက်ရအောင် ပြောရမည်ပင်ဖြစ်၏။ ဤကဲ့သို့ ကြံဆ၍ မဘုမ တစ်ယောက် ချစ်လှသော လင်ယောက်ျားကို ရှေ့ထုံးတစ်ယောက်ကောင်းရာသုဂတိရောက်ဖို့ ကြိုးစားရတော့၏။

◈◈◈

"ဟာ…ဆရာ မောင်အောင်လားကွ၊ အေးအေး၊ ထိုင်…ထိုင်"

"ဆရာတော် ခေါ်တယ် ဆိုလို့ပါဘုရား"

"အေး၊ ဟုတ်တယ် မောင်အောင် ဆရာ မောင်အောင်ဆီက ဆရာတော် အလှူခံချင်တာ တစ်ခုရှိလို့ပါ"

ဆရာကြီး ဦးအောင်သည် ဦးချ န်တော့၍ ပြန်ထိုင်လိုက်စဉ်မှာပင် ဆရာတော်၏ စကားက ဆုံးသွား၏။

"အမိန့်ရှိတော်မူပါ ဘုရား။ အားတပည့်တော် လှူနိုင်တာတော့ လှူပါ့မယ် ဘုရား"

"အေးပါ မောင်အောင်ရာ။ မင်း ချုပ်ပေါက်ထိုးနေတဲ့ နဂါး နှစ်ခါ က်ပြီးသား ဓာတ်လုံးကို အလှူ ပါ့ မောင်အောင်ရာ၊ ဟားဟား …"

ဆရာတော်သည် ဆရာအောင် ချယ်မောစွာ ပြောလိုက်၏။ ဆရာ သည် ပြောရလောက်အောင်ပင် အစွမ်းထက်သူဖြစ်၏။ ထူးခြား သူလည်း ဖြစ်၏။

တစ်ခါသော် ဆရာကြီး အောင်အား ရွာထဲမှ လူငယ်ပိုင်း၊ လူလတ်ပိုင်းများက အစွမ်းထွက်သည်များကို မယုံကြည်သဖြင့် စမ်းလိုကြ၏။ ထိုအကြောင်းအရာကို နန္ဒမှ တစ်ဆင့် ဆရာကြီးအောင် ကြားသိသောအခါ ထိုစမ်းလိုသော ပုဂ္ဂိုလ်များကို ခေါ်၍ တစ်မိုင်လောက်ဝေးသော နေရာသို့ ခေါ်သွား၏။ ၃ပေအကျယ်၊ ၆ပေအနက်ရှိသော ကျင်းကို တူးခိုင်း၏။ ပြီးလျှင် ဆရာကြီးအောင်သည် ထိုကျင်းထဲ ဆင်း၍ မတ်တတ်ရပ်၏။

"မင်းတို့ ငါ့ကို မြေဖို့ကြ။ မြေကို သေသေချာချာဆောင့်ပြီး ဖို့ကြ။ ဟိုရိုးထဲက သဲတွေနဲ့ ဖို့ ကြားလား။ မင်းတို့ကို ငါ ဘာမှ ပြဿနာမလုပ်ဘူး။ မင်းတို့ ဘာမှမဖြစ်စေရဘူး။ ငါ့အတွက် မစိုးရိမ်နဲ့။ စိတ်မကောင်းမဖြစ်နဲ့။ ဒီမှာ ငါ့တပည့် မောင်နန္ဒပါတယ်။ ပြီးရင် မောင်နန္ဒနဲ့အတူ ရွာကို ပြန်ကြ။ မင်းတို့ မရောက်ခင်မှာ ငါ အိမ်က နေပြီး မင်းတို့စားဖို့ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်းလုပ်ထားမယ်။ ကြားလား။ ကဲ-စကြ"

ဆရာကြီး အောင်သည် ထိုကဲ့သို့ ပြည့်စုံအောင် ပြောဆို၍ မျက်စိမှိတ်ပြီး ဂါထာများကို နှုတ်မှ တဖွဖွ ရွတ်နေတော့၏။ လေးတန်းရွာသား လူငယ်များသည် လျင်မြန်စွာ သဲဖို့ လုပ်သူက လုပ်၊ သဲမြေတို့ကို ကျပ်အောင် ဆောင့်သူက ဆောင့်ပြီးလျှင် ကိုနန္ဒနှင့်အတူ ပြန်ခဲ့ကြ၏။ ကိုနန္ဒလည်း ဆရာကြီးခေါ်ခဲ့၍သာ လိုက်ခဲ့ရသော်လည်း ယခုကဲ့သို့ ပြုလုပ်မှုကို သဘောမကျနိုင်။ အံ့ဩလည်း အလွန်ပင် အံ့ဩမိ၏။ ဖြစ်နိုင်လိမ့်မည်မထင်။ အရှင်လတ်လတ် မြေဖို့သတ်တဲ့ လူ သတ်တာရားခံ အုပ်စုရဲ့ ခေါင်းဆောင်တရားခံဖြစ်နေတော့မလား စသဖြင့် ပူပန်နေ၏။

"ကိုနန္ဒ"

"ဟေ…ဘာတုန်းကွ"

"ခင်ဗျားဆရာကြီး အပြောကြီးလှချည်လား။ ဟုတ်ပါ့မလား"

"မဟုတ်မှ လွဲရော၊ အကြွေးတွေ မဆပ်နိုင်လို့ မလိမ့်တပတ်နဲ့ ငါတို့ကို သေအောင် လုပ်ခိုင်းတာများ ဖြစ်နေမလား"

"ဟာ…မင်းတို့ကလည်း ပေါက်ကရ။ ဆရာကြီးက အကြွေးရှိမလားကွ။ အခြားအကြောင်းဆို ဟုတ်သေး"

ဤသို့လျှင် ကိုနန္ဒနှင့် လူငယ်များ တစ်ယောက်တစ်ပေါက်ပြော၍ သုတ်ခြေတင်လာခဲ့ကြ၏။ ရွာနှင့် တစ်ခေါ်လောက် ရောက်လျှင် လူငယ်တစ်ဦးသည် အပြေးသွားလေတော့၏။ ထိုလူငယ် ပြေးလာသည်ကို ဆရာကြီး အောင် ကြည့်၍ ပြုံးနေ၏။ ထိုလူငယ် ရွာတံခါးဝင်လိုက်လျှင်ပင် …

"ဟော့ကောင်တွေ…ပြန်လာပြီလား။ မင်းတို့တွေ တယ်ကြာတဲ့ကောင်တွေကွာ။ ငါပြန်ရောက်မှ မရှင်မရှိလို့ ကိုယ်တိုင် ရေနွေးအိုးတည်ရတယ်ကွ။ လာကြ…လာကြ၊ အမောဖြေကြ။ ရေနွေးကြမ်းနဲ့ လက်ဖက်နဲ့ သောက်ကြ။ မင်းတို့ ကံကောင်းတယ်။ ရှေ့ထုံးမိန်းမ ခုနလေးတင် ငါ့ကို ကြက်ဥလာပေးလို့ ကြော်ထားတယ်၊ ကြက်ဥကြော်စား"

လူငယ်တို့သည် ဆရာကြီး အောင် ခေါ်၍သာ သူ့အိမ်ထဲသို့ လိုက်သွားရသော်လည်း ကြက်သီးဖြန်းဖြန်းထ၍ ကြောက်နေကြ၏။ ကျွေးသည့် အစားအသောက်များကို မစားရဲကြဖြစ်နေ၏။ တကယ် ဆရာကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com

အစစ်လား။ ကျင်းထဲမှာ မြေဖို့ပြီး သေရာကနေ တစ္ဆေဖြစ်လို့ လူယောင်ဆောင်ထားတာလား။ မတင်မကျစိတ်များနှင့်သာ စကားပြောနေရ၏။ ကြောက်ကြောက်နှင့်သာ စားနေရ၏။ ထိုအချိန်မှစ၍ လေးတန်းရွာနှင့် နယ်အတွင်းရှိ လူအများအားလုံး ဆရာကြီးအောင်ဆိုလျှင် စကားတစ်ခွန်းမျှ မဟရဲကြတော့ပေ။

"ဒီလိုပါကွ ဆရာအောင်ရ၊ မင်းငှက်ပျောခြံမှာ အစောင့်ထားတဲ့ မောင်ရွှေထုံးကို မင်းအနေနဲ့ မင်းခြံမှာ ဆက်မထားတော့ဘူးဆိုတဲ့ ကတိလေးကို အလှူခံချင်တာပါ။ ဆရာအောင်လည်း ဗုဒ္ဓဘာသာပဲ၊ တစ်ပါးသူကို ခလိုပညာအစွမ်းနဲ့ ချုပ်ထားတာ ဝဋ်ကြီးပါတယ်။ သူ့မိသားစုတွေကလည်း သရဲကြီးဘဝနဲ့ မင်းခြံမှာ စောင့်ပြီး လူတွေကို ဒုက္ခပေးနေတာ သိတော့ စိတ်မကောင်းကြဘူး။ မနက်ဖြန် စနေနေ့မှာ ဘုန်းကြီးငါးပါး ဆွမ်းကပ်၊ အမျှဝေပါ။ အဲဒီကို သွားပြီး တရားနာနိုင်အောင်၊ သာဓုခေါ်နိုင်အောင် ဆရာအောင်က ခွင့်ပြုပေးပါ။ မင်းပညာအကြောင်း တစ်နယ်လုံးက သိနေကြတော့ ငှက်ပျောခြံလည်း အန္တရာယ်မရှိပါဘူး။ ဆရာ အောင် အဲဒါလေး ဘုန်းကြီးကို လှူနိုင်တယ်မဟုတ်လား"

ဆရာကြီး အောင်သည် မျက်မှောင်ကုတ်၍ လေးနက်စွာ စဉ်းစားပြီး သက်မ တစ်ချက်ရှိုက်ရှူ၍ . . .

"မှန်ပါ ဘုရား။ ဘုန်းကြီးက အလှူခံတော့လည်း လှူရမှာပေါ့ဘုရား။ တပည့်တော်လည်း ဒီကောင်ကြီး သောင်းကျန်းလွန်းလို့ ဘယ်ပို့ရင်ကောင်းမလဲလို့ စဉ်းစားနေတာနဲ့ အတော်ပါပဲ။ တပည့်တော် ခုပဲ ငှက်ပျောခြံကို သွားပြီး ရွှေထုံးကြီးကို သူတို့အိမ် ပြန်ပို့လိုက်ပါ့မယ်"

"အေးကွယ်၊ သာဓု . . . သာဓု။ ငါ့ဒကာ ဆရာအောင် ခုထက်ပို၍ပြီး ပညာတွေ အောင်မြင်ပါစေ။ ဓာတ်လုံးလည်း နောက်ဆုံး ခြသေ့ဟောက်နိုင်အောင် ကြိုးစားနိုင်ပါစေလို့ ဘုန်းကြီး ဆုတောင်းလိုက်ပါတယ်"

"မှန်ပါ ဘုရား။ တပည့်တော်ကို ပြန်ခွင့်ပြုပါဦး ဘုရား"

◈◈◈

စနေနေ့တွင် မဘုမသည် ကြိုးစားရာကြံထားသော ငွေကြေးဖြင့် ဆွမ်းခဲဖွယ်တို့ကို ပြည့်စုံအောင် ရွာဦးကျောင်းဆရာတော်နှင့်တကွ မန်ကျည်းကန်းဆရာတော်၊ ရော်ပင်ဆရာတော် စသော ဆရာတော်များနှင့်အတူ သံဃာတော် ငါးပါးတို့အား ဆွမ်းလုပ်ကျွေးပြီး ရေစက်ချက် အမျှဝေလိုက်သောအခါ သရဲကြီး ကိုရွှေထုံးသည် သရဲဘဝက ကျွတ်လွတ်သွားလေတော့၏။ ဘုရားဟော ကျမ်းဂန်များအရ ကုသိုလ်ကောင်းမှုကို သာဓုခေါ်၍ ကျွတ်လွတ်နိုင်သူများတွင် ပေမာဒ္ဓိက ပြိတ္တာနှင့် အသူရကာယ်များသာ ဖြစ်၏။ ထို့ကြောင့် သရဲကြီး ကိုရွှေထုံးသည် မဘုမ၏ ဆွမ်း၊ သင်္ကန်း စသော ကုသိုလ်တို့၏အဖို့ကို အမျှရ၍ သာဓုခေါ်နိုင်မှုကြောင့် ပေမာဒ္ဓိက ပြိတ္တာဖြစ်သော သရဲကြီး ကိုရွှေထုံး ကျွတ်လွတ်ခဲ့ရ၏။

သရဲဘဝက ကျွတ်လွတ်၍လာသော ကိုရွှေထုံးသည် အလွန်ချစ်လှသော သမီးငယ် နှင်းမယ်၏ ဝမ်းထဲသို့ ဝင်၍ လူဝင်စားဖြစ်လာတော့သည်။ နှင်းမယ် မွေးလာသော ကိုရွှေထုံးတစ်ဖြစ်လဲ ကျွဲကြီးသည် အလွန်ပင်ဝ၏။ အသားမည်း၏။ လက်နှင့် ကုပ်၊ ကျောပြင်၊ တင်ပါးတို့တွင် သရဲဘဝက ကဲ့သို့ နက်မှောင်သော၊ ပုပ်တုတ်တု[...] အရောင်ရှိသော အမွေးအမျှင်များ[...] ဖုံးအုပ်နေ၏။ ရုပ်ဆင်းအင်္ဂါမှာ မျက်[...] ပြူးပြူးနှင့် ပုပျပ်ပျပ်၊ မျက်နှာဝိုင်းဝို[...] ပါးစပ်ပြဲပြဲ၊ နှုတ်ခမ်းလန်လန်နှင့် [...] ရွယ်စဉ် ကလေးဘဝကပင် လူ[...] ထက် ပို၍စားနိုင်သော ကလေးပ[...] ၏။ သူ့ကို တစ်ရွာလုံးက "ကျွဲကြီး[...] ဟု ခေါ်ကြသည်။ ဟိုဘဝတုန်းက [...] သီလနည်းခဲ့သော ကိုရွှေထုံး၊ [...] မေတ္တာဖြင့် လူ့ဘဝကို ပြန်ရောက်[...] ခဲ့သော်ငြား မိမိပြုသော ကုသိုလ်[...] မရှိမှုကြောင့် ရုပ်ဆင်းမလှခြင်း၊ [...] ကောင်းစားလှ မရှိခြင်းနှင့်အတူ ဆ[...] ပင်ပန်းစွာပင် လူ့ဘဝတစ်ခုကို [...] ကျော်ရပေဦးတော့မည်။ ကျွဲကြီး[...] ရွယ်တူ ကလေးငယ်များ ရှိသော်လ[...] ကျွဲကြီးကို ကြောက်ကြသဖြင့် အ[...] မကစားကြ၊ ကစားသော သူငယ်[...] နှစ်ယောက် သုံးယောက်သည်ပင်[...] ညများတွင် ကျွဲကြီးနှင့် မကစ[...] အသားမည်းမည်း၊ ပုပုဝဝ၊ မျက်လုံး[...] ပြူး ညအမှောင် လရောင်အောက်[...] မြင်ရပါက လူစင်စစ်က သရဲဖြစ်[...] သလို ထင်ကြ၏။ ဒီအထဲမှာ ကျွဲ[...] က . . .

"သရဲကြီး ရွှေထုံးကွနော်[...] လာပြီဟေ့"

ဤကဲ့သို့ အော်လိုက်သော[...] တွင် ကလေးများ၊ သူငယ်ချင်း[...] မဆိုထားနှင့်၊ သူ့ကို မွေးခဲ့သူ မိခ[...] ဖြစ်ခဲ့သူ မဘုမတို့ပင်လျှင် ကျွဲ[...] ကို သရဲကြီးအလားပမာ ကြ[...] ဖြန်းဖြန်းထအောင် ကြောက်[...] လှုပ်သွားကြလေသတည်း ■

* * *

နိုင်းဝင်း[...]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ညဉ့်နက်ပိုင်းဖြစ်သည်။ လမိုက်ညမို့ အရာအားလုံးကို အမှောင်ထုက စိုးမိုးထား၏။ မြိုင်သာရွာလေးမှာ အိပ်မောကျနေပြီဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်နေမှုက တစ်ခါတစ်ရံ ကြက်တွန်သံများသာ ကြားရ၏။ ရွာလယ်ပိုင်းမှ ဦးဖိုးစီတို့အစုလေးတွင် ဖြစ်သည်။

"ဂီး…ဂီး…"

ညငှက်၏ အော်သံက စူးစူးဝါးဝါး ရှိလှ၏။

"ကတော်…ကတော်…"

ဒေါ်လှတင့်၏ ကြက်ခြံမှ ဖြစ်သည်။

ဒေါ်လှတင်မှာ ကြက်အော်သံကြောင့် အိပ်ရာမှ နိုးလာ၏။

"ကိုဖိုးစီ ထစမ်းပါဦး။ အိမ်အောက်မှာ ကြက်အော်သံကြားတယ်။ သူခိုးနဲ့ တူတယ်"

လင်ဖြစ်သူကို နှိုးနေ၏။

ဦးဖိုးစီမှာ ဒေါ်လှတင်၏ လှုပ်နှိုးမှုကြောင့် နိုးလာ၏။ လက်နှိပ်မီးကို ယူ၍ အိမ်အောက်သို့ ဆင်းလာသည်။ ထို့နောက် ကြက်စင်ရှိရာသို့ မီးကို ထိုးလိုက်၏။

"ဟာ…"

ကြက်စင်အနီးမှ ထင်းစင်မှာ လေဝေ့လိုက်သလို သိမ့်ခနဲ တုန်သွားသည်ကို မြင်လိုက်ရ၏။ ကြက်မကြီးမှာ သွေးသံတရဲရဲနှင့် ကိုယ်တစ်ခြမ်းသာ ကျန်တော့သည်။

"လှတင်ရေ…နင့်ကြက်မတော့ သွားပြီ။ ဘာကောင်းမှန်း မသိဘူး။ တစ်ခြမ်းပဲ ကျန်တော့တယ်"

ဦးဖိုးစီမှာ ကြက်သေကို အိမ်ပေါ်သို့ ယူလာ၏။ ဒေါ်လှတင်က မီးတိုင်ကို ထွန်းလိုက်သည်။ ဦးဖိုးစီ၏ လက်ထဲမှ ကြက်မကြီး၏ အသားများမှာ အတစ်လိုက်ဖြင့် တစ်ခြမ်းသာ ကျန်တော့သည်။ သွေးများက တစ်စက်စက် ကျနေ၏။

"ကိုဖိုးစီရေ…သာခင်တို့အိမ်မှာလည်း အဲဒီလိုဖြစ်ပြီး ကြက်တွေ ပျောက်,ပျောက်ကုန်တာတဲ့တော့။ ဒီတစ်ခါတော့ ကျုပ်တို့ဘက်ပိုင်းကို ရောက်လာပြီ တော်ရေ"

ဦးဖိုးစီမှာ ထင်စင်ကြီး သိမ့်ခနဲ တုန်သွားပြီး လေဟပ်သွားသည်ကို သတိရလိုက်မိ၏။

"လှတင်…ဒါ သွေးရိုးသားရိုး မဟုတ်ဘူး။ တစ်ကောင်ကောင် စားသွားတာဟ"

"ဖိုးစိန်များလား တော်ရယ်"

"နင်ကလဲဟာ…ပေါက်တတ်ကရ"

ဦးဖိုးစီက ဒေါ်လှတင်ကို ငေါက်လိုက်၏။

"အိပ်တော့…အိပ်တော့၊ မနက်မှ သည်အကြောင်းကို ခင်လှတို့နဲ့ တိုင်ပင်ရမယ်"

"ဟုတ်တယ်"

ဦးဖိုးစီမှာ ကြက်သေတစ်ခြမ်းကို မီးဖိုချောင်ထဲမှ တောင်းထဲသို့ ထည့်လိုက်ပြီး ဗန်းဖြင့် အုပ်ထားလိုက်၏။ ထို့နောက် အိပ်ရာသို့ ပြန်လာခဲ့လေသည်။

◈◈◈

ညက အဖြစ်အပျက်ကို ရွာထဲတွင် လူအများ တိုင်ပင်နေကြ၏။ ထိုသို့ ဖြစ်နေသည်မှာ လေးငါးအိမ်ခန့် ရှိပြီဖြစ်သည်။ သူခိုးလည်း မဟုတ်။ ထိုသို့ဖြစ်ပြီးလေတိုင်း ညဉ့်ငှက်၏ စူးစူးဝါးဝါးအော်သံကိုသာ ကြားရတတ်သည်။ အများစုက သရဲ ဖိုးစိန်စားသည်ဟုသာ ပြောနေကြ၏။

သရဲ ဖိုးစိန်ဆိုသည်မှာ မနှစ်က ရွာတွင် ညဘက်၌ မှရင်းစပါး ရေတင်နေစဉ် ပိုးထိ၍ ဆုံးသွားသူဖြစ်သည်။ သေပြီးစမှစ၍ ယနေ့အထိ အလွန်ခြောက်သည်ဟု နာမည်ကြီးနေသူဖြစ်သည်။ ဖိုးစိန်၏မိန်းမ မရင်စိန်မှာ ဖိုးစိန်သေပြီး သုံးလခန့်အကြာမှာ မိဘများရှိရာ ရွှေစလူသို့ ပြောင်းရွှေ့သွားရလေသည်။ ဖိုးစိန်မှာ အလွန်ခြောက်သောကြောင့်ဖြစ်၏။ သို့သော် သရဲ ဖိုးစိန်ကို ရွာမှ လူငယ်များက ကြက်ဖမ်းစားသည်ဟု မယုံကြ။ ထို့ကြောင့် အုပ်စုဖွဲ့၍ ချောင်းရန် တိုင်ပင်နေကြ၏။ သည်ညတွင် ကြက်စင်ရှိသော အိမ်များတွင် သွားချောင်းကြရန် အစီအစဉ်ဆွဲနေကြသည်။

"ကြည်စိုးရေ… ဒီည မင်းနဲ့ စံကြည်က ကိုဖိုးလုံးအိမ်အောက်မှာ ကိုဖိုးလုံးနဲ့အတူ စောင့်ကြည့်ကြ။ ငါနဲ့ စိန်ကုလားက မခင်နှောင်းရဲ့ အိမ်မှာ စောင့်မယ်။ မဲကြီးနဲ့ ဖိုးစုက ဦးဂေါက်ကြီးအိမ်မှာ စောင့်ကြည့်ကြဟေ့"

ကာလသားခေါင်းဆောင် ကိုအေးဝင်းမှ ပြောနေခြင်းဖြစ်၏။ ထို့နောက် သူတို့အုပ်စုမှာ အိမ်သို့ အသီးသီးပြန်သွားကြလေ၏။ သည်ည ပွဲကြီးပွဲကောင်းတော့ တွေ့ရလိမ့်မည်ဟု ထင်နေကြသည်။

◈◈◈

အချိန်က ည ၁၂နာရီခန့်ဖြစ်သည်။ လမိုက်ညမို့ ကြယ်ပွင့်များက ကောင်းကင်တွင် မိုးကုတ်စက်ဝိုင်းအပြည့်ရှိနေကြ၏။

"ဂီး…ဂီး"

ညဉ့်ငှက်၏ စူးစူးဝါးဝါးအော်သံဖြစ်သည်။

ခွေးဟောင်သံများနှင့်အတူ … များကလည်း ညအမှောင်ကို ဖုံးလွှမ်း…





www.burmeseclassic.com

www.burmeseclassic.com

သွား၏။

ကိုဖိုးလုံး၏ ကြက်ခြံတွင် ဖြစ်သည်။ ငါးတင်းဝင် ပုတ်ခန့် မည်းမည်း အကောင်ကြီးမှာ ကြက်စင်ရှိရာသို့ တဖြည်းဖြည်းနှင့် ချဉ်းကပ်လာနေ၏။ ကြည်စိုးနှင့် စံကြည်တို့မှာ အသက်ကို ရဲရဲပင် မရှူရဲကြဘဲ အသာစောင့်ကြည့်နေကြသည်။ ထိုစဉ်မှာပင် အကောင်ကြီးက ကြက်စင်ပေါ်ရှိ ကြက်တစ်ကောင်ကို ဖမ်းဆွဲလိုက်၏။ ကြည်စိုးတို့က လက်နှိပ်ဓာတ်မီးကို ပြိုင်တူထိုးလိုက်ကြသည်။

"ဟာ…"

ကိုဖိုးလုံးက လောက်လေးခွဖြင့် အပိုင်ပစ်ထည့်လိုက်၏။

"ဘုတ်…"

"အင့်…"

လောက်စာလုံးက ဖွဲ့အိတ်ကြီးကို ထိသွားသလိုမျိုးဖြစ်ပြီး လူကို ထိသွားသည့် အော်သံမျိုးကိုလည်း ကြားလိုက်ရသည်။

"အောင်းမလေးဗျ"

မီးရောင်အောက်မှ အကောင်ကြီးမှာ သူတို့ကို စူးစူးဝါးဝါးကြည့်နေပြီး ကိုဖိုးလုံးကို ခုန်အုပ်လိုက်ခြင်းဖြစ်သည်။ စံကြည်နှင့် ကြည်စိုးတို့မှာ မယုံနိုင်စွာဖြင့် ကြည့်နေမိ၏။ ကိုဖိုးလုံး၏ လက်ကို ဖမ်းဆွဲလိုက်သည်ကို မြင်လိုက်ရသည်။

"အား…"

"ဝိုင်းဟေ့…ဝိုင်း"

ကြည်စိုးတို့ ပြိုင်တူအော်လိုက်ကြ၏။

"ဝုန်း…"

အကောင်ကြီးမှာ မီးတုတ်များကို တွေ့လိုက်ရသဖြင့် အမှောင်ထုထဲသို့ ခုန်ပျောက်ကွယ်သွား၏။ ကိုဖိုးလုံး သဲကျ ကျန်ရစ်ခဲ့လေသည်။ သူ၏



လက်မှာလည်း အသားစများက အဖတ်လိုက်နှင့် သွေးသံတရဲရဲရှိနေ၏။ သတိလစ်နေသော ကိုဖိုးလုံးကို ဝိုင်းဝန်းပြုစုကြရင်း ဆေးရုံသို့ ထမ်းစင်ဖြင့် ခေါ်ဆောင်သွားကြလေသည်။

မနက်မိုးလင်းသောအခါ ရွာထဲတွင် သတင်းက ညံစီနေ၏။ ညက တွေ့ခဲ့ရသော အကောင်ကြီး၏ မျက်နှာကို စံကြည်တို့ အသေအချာမြင်လိုက်ရသည်။ ကပ္ပိယ ဦးချက်ကြီးဖြစ်သည်။ ဦးချက်ကြီးမှာ လွန်ခဲ့သော သုံးနှစ်ခန့်က ရွာမှ ပျောက်သွားခြင်းဖြစ်၏။

ဦးချက်ကြီးမှာ လွန်ခဲ့သော ၅နှစ်ခန့်က သူတို့ရွာသို့ ရောက်လာတာဖြစ်ပြီး မည်သည့်နယ်ကမှန်း မည်သူမျှ မပြောနိုင်ကြပေ။ သူပြောသည်မှာ အနောက်ရိုးမကပဲ ဆို၏။ အရပ်တကာလှည့်သွားလာနေပြီး သူတို့ရွာ၏ ဘုန်းကြီးကျောင်းတွင် ၂နှစ်ခန့် ကပ္ပိယလုပ်နေပြီး ပျောက်သွားခြင်းဖြစ်၏။ ဦးချက်ကြီးမှာ အစက ရွာတွင် ဆေးဆရာလိုလိုရှိဖူး၏။

ရွာသားတချို့က ဦးချက်ကြီးကို တိုင်ချက်ဖွင့်ရန် မြို့လှ ရဲစခန်းသို့ သွားကြသည်။ ညတာ တွေ့ခဲ့ရသော ဦးချက်ကြီးမှာ အရင်ကနှင့် မတူပဲ၊ ခန္ဓာကိုယ်မှာ အလွန်ပင် ဝဖြိုးနေ၏။ ထို့အပြင် ခြေသည်းလက်သည်းများက အရင်ကနှင့် မတူဘဲ သတ္တဝါတစ်ကောင်နှင့် တူနေ၏။ ခန္ဓာကိုယ်အနှံ့တွင် အမွေးအမျှင်များ ထူထပ်စွာ ပေါက်ရောက်နေကြသော်လည်း ဦးခေါင်းရှိ ဆံပင်များမှာ ပြောင်နေပြီး မျက်လုံးများက ပြူးကျယ်နေသည်။

◈◈◈

မနက်ခင်း နေရောင်နုနုအောက်တွင် နှင်းမှုန်မြူမှုန်များက အရပ်ရှစ်မျက်နှာကို ခပ်ပါးပါးရစ်သိုင်းထားကြသည်။ ကွင်းပြင်ထဲရှိ စပါးနှံများက ဖျာခင်းထားသည့်အလားဖြင့် ဝါဝင်းစိမ်းစိုနေကြ၏။ ကျေးငှက်တို့၏ အော်မြည်သံကလေးများက မနက်ခင်း၏ အလှကို ဖော်ကျူးနေကြသည်။ သည်နေ့သာလှတို့၏ စပါးခင်းမှာ ကောက်ရိတ်သူများနှင့် ဆူညံနေကြ၏။ တင်တင်အေးတို့ မိန်းမပျိုလေးနှစ်ဦးမှာ ရွာမှ ဦးချက်ကြီး၏ သတင်းကို ပြောနေကြသည်။

"တုတ်တုတ်ရေ… တို့ရွာမှာ ဦးချက်ကြီးသတင်းကတော့ စံပဲနော်"

"ဟုတ်တယ်၊ ဖိုးစံမက်လို ဖြစ်သွားတာတဲ့"

"ဒါကတော့ ချဲ့ကားပြောနေတာပါ။ ငါတော့ မယုံပါဘူး"

"ဖိုးစံမက်က သရဲနတ်စိမ်းဖြစ်သွားတာ"

သူမတို့ တစ်ဦးနှင့် တစ်ဦး ချက်ကြီးအကြောင်းကို ပြောရင်း ကောက်ပင်များ ရိတ်နေကြ၏။

"ဦးချက်ကြီးကို မဖမ်းမိသေးတာ ခက်တယ်"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"ကိုဖိုးလုံးတော့ သနားပါတယ်။ လက်တစ်ဖက်ဖြတ်လိုက်ရတယ်တဲ့"

"အဲဒါ အဆိပ်ကြောင့်လို့ ပြောတယ်"

ကိုဖိုးလုံးမှာ ဦးချက်ကြီး၏ ကုတ်ဆွဲတာကို ခံရပြီး လက်တစ်ဖက်လုံးမှာ အဆိပ်များ တက်ကာ ညိုမည်းလာသဖြင့် ဖြတ်လိုက်ရခြင်းဖြစ်သည်။

မြိုင်သာရွာမှာ မြို့နှင့်ဆိုလျှင် အတော်ပင် အလှမ်းကွာ၏။ စိမ်းစိုနေသော လယ်ကွင်းများနှင့် တောင်စဉ်တောင်တန်း စိမ့်စမ်းအလျှိုလျှိုတို့က ရွာကို ဝိုင်းပတ်ထားကြသည်။ တစ်ရွာတည်း ကွင်းထီးထီးလိုဖြစ်နေပြီး ၅မိုင်ခန့်သွားပါမှ တောလှ၊ ရွှေကျီး၊ ပန်းခက်စသော ရွာများသို့ ရောက်၏။ ၎င်းရွာများမှာ တစ်ရွာနှင့် တစ်ရွာ ဆက်စပ်နေကြ၏။ မြေနိမ့်ပိုင်းတွင် လယ်ယာစိုက်ခင်းများ ရှိသလို၊ အမြင့်ပိုင်းတွင်လည်း တောင်ယာစပါးခင်းများ ရှိ၏။ တောသူတောင်သားများပီပီ ရိုးသားသူများဖြစ်ကြသည်။

လွန်ခဲ့သော တစ်နှစ်ခန့်က ဦးချက်ကြီးဆိုသူမှာ ပန်းခက်ရွာသို့ ရောက်လာဖူးသည် ဆို၏။ ၎င်းမှာ မှော်လိုလို၊ ကဝေလိုလို အတတ်ပညာများဖြင့် ရွာရှိ လူငယ်များအား သူ၏ အစွမ်းကို ပြသတတ်သည် ဆို၏။ လူသေအလောင်းများကို ဖော်၍ ဝိဉာဉ်ခေါ်ပြနိုင်သူဟုလည်း ဆိုသည်။ အဝေးမှနေ၍ အသံချဲ့စက်များ၊ တီဗွီများကိုလည်း ပျက်အောင် ဖျက်ပြနိုင်ခြင်း၊ လူငယ်များကို ပီယဆေးဖော်ပေးခြင်းများ ရှိခဲ့သည်ဆို၏။ ၎င်းနောက် ဦးချက်ကြီးမှာ ရွာမှ ပျောက်ကွယ်သွားပြန်၏။ အခုဆို ဦးချက်ကြီး၏ သတင်းမှာ မြိုင်သာရွာသာမက တောလှ၊ ရွှေကျီး၊ ပန်းခက်၊ အစရှိ စသည့်ရွာများတွင်ပါ နာမည်ကြီးနေတော့၏။

◈◈◈

တောလှရွာမှ ပြုံးချိုနှင့် ပိစိတို့ ညီအစ်ကိုနှစ်ယောက်မှာ မြိုင်သာအနောက်ရှိ တောင်ညိုတောအုပ်သို့ ရောက်ရှိနေကြ၏။ ငှက်ပစ်ရင်း မှိုရှာ၊ မျှစ်ချိုးရန် ထွက်လာခဲ့ကြခြင်းဖြစ်သည်။ နေ့လယ်ပိုင်းဖြစ်သော်လည်း အရိပ်အာဝါသက တောရိပ်တောင်ရိပ်တို့ဖြင့် အေးမြနေ၏။ တောင်ညိုတောမှာ အရှေ့နှင့် အနောက် ၄မိုင်ခန့် ရှည်လျားပြီး တောင်နှင့် မြောက်မှာ ၂မိုင်ခွဲခန့် ရှိသည်။ မြိုင်သာရွာနှင့် တောလှရွာကြားတွင် အရှေ့နှင့် အနောက် ဆက်စပ်နေခြင်းဖြစ်၏။ အခုဆို သူတို့ညီအစ်ကိုနှစ်ယောက်မှာ ဒိန်ကြီးငှက်တစ်ကောင်နှင့် ခြောက်တောင်ဖျိုင်းတစ်ကောင်ကို ရရှိထားပြီး၊ မျှစ်တချို့လည်း ချိုးထားပြီးဖြစ်သည်။

"အစ်ကိုကြီးရေ…ဒီမှာ မှိုတွေကွ"

ရှေ့မှ သွားနေသော ပိစိက၊



အစ်ကိုဖြစ်သူကို ခေါ်ပြနေ၏။

မှိုများမှာ ဖြူဖွေးနေပြီး အစုလိုက်ပေါက်နေကြ၏။ တင်းဝင်တောင်းတစ်လုံးခန့်ပင် ရရှိနိုင်မည်ဖြစ်သည်။ ပွင့်များ၏ အနားစွန်းများက ပန်းရောင်လဲ့လဲ့သန်းနေကြ၏။

"ပိစိ…ညီလေး၊ အဲဒီမှိုတွေ မနတ်နဲ့။ အဆိပ်တွေ ရှိတယ်"

"ဟင်…"

"ဟုတ်တယ်၊ အဘမှတ် ပြောဖူးတယ်။ တောင်ညိုတောထဲမှာ မှိုဖြူတွေ တစ်ခါတစ်ခါ ပေါက်တယ်တဲ့ အဲဒီမှိုတွေမှာ အဆိပ်ရှိတယ်လို့ ပြောတယ်။ စားတုန်းမှာ မသိသာပေမယ့် ကြာလာရင် ထမင်းစားချင်သောက်ချင် စိတ်မရှိတော့တဲ့ အသားစိမ်း ငါးစိမ်းတွေပဲ စားလာတတ်တယ်တဲ့။ ဒါကြောင့် အဲဒီမှိုကို အသားစား မှိုဖြူလို့ ခေါ်တယ်တဲ့ ညီလေး"

"ဒါ…ဒါဆို အစ်ကိုကြီး ဦးချက်ကြီး ဒီမှိုတွေများ စားမိသလားမသိ နော်"

"အေး၊ ဖြစ်နိုင်တယ်"

"လာ…လာ၊ တို့ပြန်ကြမယ်"

ညီအစ်ကိုနှစ်ယောက် စကား ပြောရင်း ပြန်လာကြ၏။ ထို့နောက် အတန်ကြာအောင် လျှောက်လာကြ တောအုပ်အစွန်ရှိ ညောင်ပင်အိုကြီး အောက်တွင် ခေတ္တနားလိုက်ကြသည်။

"ညီလေး…ရေရှိသေးလား"

"ရှိတယ် အစ်ကိုကြီး"

ပြုံးချိုက ပိစိလက်ထဲမှ ရေ ကို ယူ၍ မော့သောက်လိုက်၏။ ညောင်ပင်အိုကြီးမှာ အကိုင်းအခက် အရွ များဖြင့် အရိပ်အာဝါသ ကောင်း သည်။ လုံးပတ်မှာ ၁၅ ပေခန့် ထင်၏။ ညောင်ပင်ကြီး၏ ခွဆုံ အခေါင်းပေါက်ကြီးမှာ လူနှစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

သုံးကိုယ်စာခန့် နေနိုင်လေ၏။ ဇရပ်၊ ချိုး၊ ငှက်တော်ကြားများမှာ ညောင်ပင်ကြီးတွင် ခိုနားနေကြသည်။ ငှက်များပျော်ရာ အပင်ကြီးပင် ဖြစ်၏။

မောမောနှင့် ညောင်ပင်ကြီးအောက်တွင် သူတို့ညီအစ်ကို နှစ်ယောက် ခေတ္တမှိန်းနေကြ၏။ တအောင့်အကြာတွင် သူတို့ရွာသို့ ပြန်ရန် ပြင်လိုက်ကြသည်။

"ဟင်"

"အစ်ကိုကြီး…ဒိန်ကြီးနဲ့ ဗျိုင်းမရှိတော့ပါလား"

ပိစိမှာ သူတို့ပစ်ခဲ့သော ငှက်များ မရှိတော့သဖြင့် အနီးအနားရှိ အမှိုက်သရိုက်များကို ဖြခွဲရှာနေ၏။ ပြုံးချိုမှာ တစ်ခုခုကို သတိရသွားပြီး ညီဖြစ်သူကို ပြောလိုက်သည်။

"ညီလေး…လာ…လာ၊ ပြန်ယ်၊ အန္တရာယ်ရှိတယ်"

အစ်ကိုကြီး၏ စကားကြောင့် ိစိမှာ ကြောင်စီစီနှင့် ထိတ်လန့်သွား၏။ ိုနောက် သူတို့ညီအစ်ကိုနှစ်ယောက် ်များ ထုပ်ထားသော အထုပ်ကို ထမ်း ခပ်သုတ်သုတ်ပြန်လာခဲ့ကြသည်။

◈◈◈

ဦးချက်ကြီး၏ ငယ်မည်မှာ င်ထွန်းဦး ဖြစ်၏။ သူ့ကို ရန်ကုန်မြို့ ချောင်းမြို့နယ်တွင် အဖ ဦးရွှေမန်း၊ ဒေါ်လုပုံတို့က မွေးဖွားခဲ့တာဖြစ်ည်။ ငယ်စဉ်က ချက်ကြီးဖြတ်စဉ် ာ ပိုးဝင်ခဲ့ပြီး အနာပျောက်သော ချက်အနာမှာ သီးပြီးကျန်ခဲ့သဖြင့် ချက်သီး"ဟု ခေါ်ရာမှ "ချက်ကြီး"ဖြစ် ခြင်းပင်။ ချက်ကြီး ၁၀နှစ်အရွယ် စ,လို့ သူတို့မိသားစုတွင် ထူး မှုများ ဖြစ်ခဲ့သည်။

ချက်ကြီးတို့ နေအိမ်တိုက်ခန်း ဘယ်က ဘယ်လိုရောက်လာမှန်း



မသိသော မြွေပွေး၊ မြွေဟောက်များကို တွေ့လာရသည်။ ထိုအတူပင် ကင်းခြေများ၊ ကင်းမလက်မည်း၊ ပင့်ကူနီ အစရှိသော အဆိပ်ရှိ သတ္တဝါတို့မှာ တိုက်ခန်းအနှံ့တွင် မကြာခဏ တွေ့လာရသည်။ ချက်ကြီးမှာ ယင်းသတ္တဝါများနှင့် ပွတ်သပ် ဆော့ကစားနေလေ့ရှိ၏။

တစ်နေ့တွင် မြွေဟောက်တစ်ကောင်မှာ သူ့အား စိတ်ဆိုးပြီး ပေါက်ခဲ့ဖူးသည်။ ဒါပေမယ့် ချက်ကြီး ဘာမှ မဖြစ်ခဲ့ပေ။ မြွေပေါက်သော နေရာတွင် မိနစ်ဝက်ခန့်သာ ညိုမည်းသွားခဲ့ပြီး ခဏအကြာတွင် ပကတိအသားအရေ အတိုင်း ပြန်ဖြစ်သွားခဲ့သည်။ ထိုအချိန်မှ စ၍ ချက်ကြီးကို မြွေပြီးသူ၊ အဆိပ်ပြီးသူဟု လူသိများလာခဲ့၏။

အသက်အရွယ်ရလာသောအခါ ချက်ကြီးမှ အံသောက်အစားများ ဖက်လာခဲ့၏။ မြားလည်း ပွေလာခဲ့သည်။ ချက်ကြီး၏ မိဘများမှာလည်း စီးပွားရေး ကျဆင်းလာခဲ့ပြီး ချက်ကြီးအသက် ၂၀ ခန့်မှာပင် မိဘများ ကွယ်လွန်ခဲ့သည်။ အနောက်ရိုးမရှိ ဦးလေးတော်စပ်သူ၏ ရာဘာခြံတွင် ချက်ကြီး သွားနေခဲ့ရသည်။

ရိုးမတောထဲတွင် လူထူးဆန်းတစ်ဦးထံမှ မှော်လိုလိုအဘတ်ပညာများကို သူ သင်ကြားတတ်မြောက်ခဲ့သည်။ ထို့နောက် အရပ်တကာသို့ နယ်လှည့်သွားရင်း မြိုင်သာ၊ တောလုစသည့် ရွာများဘက်သို့ သူရောက်သွားခဲ့တာဖြစ်၏။ သူ့ဆရာသမား၏ ညွှန်ကြားခဲ့မှုဖြင့် အာဟာရပြီးစေဖို့ တောင်ညိုတောအုပ်ထဲမှ သုံးနှစ် တစ်ကြိမ်သာ ပေါက်လေ့ရှိသော အသားစား မှိုဖြူကို သူ စားသုံးခဲ့ရင်း ဤသို့ဖြစ်သွားခဲ့ရတာဖြစ်သည်။

အခုတော့ ဦးချက်ကြီးကို မြို့လုံရဲစခန်းက ဖမ်းမိသွားခဲ့ပြီဖြစ်သည်။ တောင်ညိုတောအုပ် အစွန်အဖျားရှိ ညောင်ပင်အိုကြီး၏ အခေါင်းပေါက်ထဲတွင် သူ့ကို ဖမ်းမိခဲ့တာဖြစ် ည်။

◈◈◈

ယင်းအကြောင်းအရာများမှာ လွန်ခဲ့သော ၁၀ နှစ်ခန့်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာများသာ ဖြစ်၏။ ယနေ့အချိန်အထိ ချက်သီး(ခေါ်)ဦးချက်ကြီး၏ အကြောင်းကို မြိုင်သာ၊ တောလု၊ ပန်းခက်၊ ရွှေစလူ စသည့်ရွာများတွင် ပြောနေကြဆဲ ဖြစ်ပါသည်။

(ဇာတ်လမ်းကို ပြောပြခဲ့သော ပန်းခက်ရွာမှ မမွှေးကို ကျေးဇူးတင်ရှိပါသည်။)

* * *

လွှမ်းသျှင်ခံနာင်(မဟာသာရွာ)



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၄၊ စက်တင်ဘာလ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု


၂၀၁၄၊ စက်တင်ဘာလ၏ ကောင်းကင်ထက်၌ သိဟ်ရာသီရောက် တနင်္ဂနွေဂြိုဟ် စက်တင်ဘာ ၁၈ရက်နေ့ သိဟ်ရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး စက်တင်ဘာ ၅ရက်နေ့၌ အင်္ဂါဂြိုဟ် ဗြိစ္ဆာရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါ ကရကဋ်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် စက်တင်ဘာ ၂၁ရက်နေ့၌ တူရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကြာသပတေး ကရကဋ်ရာသီ၌ တည်ရှိနေပြီး သိဟ်ရာသီမှ သောကြာဂြိုဟ် စက်တင်ဘာ ၂၆ရက်နေ့၌ ကန်ရာသီသို့ ပြောင်းရွှေ့ရပ် ပါလိမ့်မည်။ စနေဂြိုဟ် တူရာသီ၌ ရပ်တည်နေပြီး ရာဟုနှင့် ကိတ်ဂြိုဟ်များ ကန်နှင့် မိန်ရာသီများအတွင်း တည်ရှိနေ မည်။ ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၊ နက်ပကျွန်းဂြိုဟ် ကုမ်ရာသီနှင့် ပလူတိုဂြိုဟ် ဓနုရာသီအတွင်း ဖောက်ပြန်တည် လိမ့်မည်။

စက်တင်ဘာ ၁၅ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် ၄နာရီ ၂၃မိနစ်၌ တနင်္လာဂြိုဟ်ဖြင့် Star Hyades မြန်မာ့မွန်းတည့် မိုးကောင်းကင်အနီး၌ နီးကပ်စွာ ပူးယှဉ်မည်။ စက်တင်ဘာ ၁၅ရက် နံနက် ၇နာရီ ၅၀မိနစ်၌ ရောဟဏီနက္ခတ် နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်လာမည်။ စက်တင်ဘာ ၂၆ရက်နေ့ နံနက် ၈နာရီ ၂၀ လနှင့် စိတြနက္ခတ် နီးကပ်စွာ ပူးယှဉ်မည်။ စက်တင်ဘာ ၂၈ရက်နေ့ နံနက် ၁၀နာရီ ၅၄မိနစ်၌ လနှင့် စနေ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ်များ ဖြစ်ပေါ်လာမည်။ ဖြစ်စဉ် ဖြစ်မည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၁၄၆ ဒီဂရီ ၁၈ တောင်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂မိနစ်၊ သြစတြေးလျတိုက် မြောက်ပိုင်း၌ ဖြစ်ပေါ်ပါမည်။ ဖြစ်စဉ်ကြောင့် သြစတြေး အရှေ့တောင်အာရှနိုင်ငံအချို့၌ ငလျင်ဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်သည်။




www.burmeseclassic.com

www.burmeseclassic.com




လနှင့် စနေဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်နေပုံ




လနှင့် ရောဟဏီနက္ခတ် နီးကပ်စွာ ပူးယှဉ်နေပုံ



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ စက်တင်ဘာလ (၁၂)ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

## ARIES



## မိဿလက်

စိတ်ပင်ပန်းဖိစီးမှု များပြားသောကာလဖြစ်ပြီး လုပ်ငန်း၌ ပင်ပန်းပြီး ကျန်းမာရေးအညံ့ကိစ္စများ တွေ့ကြုံနိုင်သည်။ ပြဿနာပဋိပက္ခအသေးအဖွဲ့များဖြင့် မကြာခဏ ထိပ်တိုက်ရင်ဆိုင်ရတတ်သည်။ အပူများခြင်း အဖျားကြီးခြင်းရောဂါဝေဒနာများ ပေါ်ပေါက်ခံစားရမည်။ အတိုက်အခံပြုလုပ်လိုမှု၊ ပြဿနာဖန်တီးလိုမှုများ လွှမ်းမိုးနေသည့်အတွက် အထူးသတိပြုပါ။ အလုပ်တွင် ပင်ပန်းပြီး အရာမထင် အကျိုးမရှိဖြစ်တတ်သည်။ အပြောအဆိုများယွင်းမှုကြောင့် စီးပွားရေးပိုင်း ထိခိုက်နစ်နာမည်။ မိသားစုဝင်များ နားလည်မှု လွဲမှား၍ ဆက်ဆံရေး တင်းမာချိန်ဖြစ်သည်။ လုပ်ငန်းရှင်များ အတိုက်အခံသောက များပြားချိန်ဖြစ်သည့်အတွက် လုပ်ငန်းတိုးချဲ့မှုများ ရှောင်ကြဉ်ပါ။ ပညာသင်ကြားနေသူများ ပညာရေးသောက ဝဲကယ်များကြား လွင့်မျောနေတတ်ပြီး ကြိုးစားသလောက် အရာမထင်ပါ။ အိမ်ထောင်ရေးတွင် ပြင်းထန်သော ပေါက်ကွဲမှုများကြား အမြင်အယူအဆများ ခက်ထန်ချိန်။ ချစ်သူများ ခဏခဏရန်ဖြစ် စိတ်ကောက်နေရတတ်သည်။

## TAURUS



## ပြိဿလက်

စီးပွားရှာဖွေမှုတွင် ကံကောင်းသော အခွင့်အရေးများ တွေ့ကြုံပေါ်ပေါက်လာမည်။ လုပ်ငန်းနှင့် ပတ်သက်၍ အတိုက်အခံယှဉ်ပြီး မိမိလိုရာ ရည်မှန်းချက်သို့ ရောက်ရှိမည်။ ခရီးဝေးသွားလာမှုများ ပေါ်ပေါက်တွေ့ကြုံပြီး အစားအသောက်များယွင်းမှုကြောင့် ကျန်းမာရေးအညံ့ရှိမည်။ ထီပေါက်တတ်သည့် ကာလဖြစ်ပြီး ကြာသပတေး၊ သောကြာနှင့် စနေနေ့များ၌ ထီကံစမ်းပေးပါ။ မောင်နှမသားချင်းများနှင့် ပတ်သက်၍ ပင်ပန်းအနစ်နာခံရမည့် ကာလဖြစ်သည်။ ရွှေရတနာများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ်များ ရရှိမည်။ အကြီးအကဲ ဆရာသမားများထံမှ အထောက်အပံ့ အကူအညီကောင်းများ ရရှိမည်။ လုပ်ငန်းရှင်များ စီးပွားရေး၌ အကျိုးရှိသော်လည်း ဆုံးဖြတ်မှု လွဲချော်မည့်ကိစ္စများ ရင်ဆိုင်တွေ့ကြုံလာမည်။ ပညာသင်ကြားနေသူများ ပင်ပန်းပြီး အတိုက်အခံပေါ်များမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးပိုင်း အေးချမ်းတည်ငြိမ်မည်။ ချစ်သူအတွက် ပင်ပန်းမှုများပြားပြီး ပေးဆပ် အနစ်နာခံရသော ကာလဖြစ်သည်။

## GEMINI



## မေထုန်လက်

စိတ်ကူးသစ်များ မွေးဖွားဖြစ်တည်၍ အနာဂတ်ဆန္ဒများဆီသို့ ခရီးဆက် ရှက်လှုင့်ခွင့် ရရှိမည်။ သို့သော် လုံ့လ ဝီရိယ အားနည်းတတ်မှုကြောင့် အခွင့်အရေးကောင်းများ လက်လွှတ်ဆုံးရှုံးတတ်သည်။ မိမိအနီးဝန်းကျင်မှ တနလာနေ့သားသမီးများကြောင့် လူမှုရေးပိုင်းအနှောင့်အယှက်ပြဿနာများ ဖြေရှင်းရင်ဆိုင်ရမည်။ ဂုဏ်သတင်း ပျံ့နှံ့ကျော်စောချိန်ဖြစ်ပြီး ဝင်ငွေကောင်းသောကာလဖြစ်သည်။ ငွေကြေးအများအပြား ထောက်ပံ့ကူညီမည့်သူများ ပေါ်ပေါက်လာတတ်သည်။ ငွေကြေးအကျိုးရှိ ကံကောင်း၍ အစုလိုက်အပုံလိုက် ငွေကြေးရရှိနိုင်သည့်အတွက် ကြာသပတေးနှင့် စနေနေ့များ၌ ထီကံစမ်းပေးပါ။ လုပ်ငန်းရှင်များ လုံ့လပြင်းထန်စွာ လုပ်ငန်းများ ကြိုးပမ်းခြင်းဖြင့် စင်ပေါ်သို့ ရောက်ရှိနိုင်ချိန်ဖြစ်သည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် အပျော်အပါးကိစ္စများကြောင့် လွဲချော်မှုများ ရင်ဆိုင်ရမည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ထံမှ ချစ်ခြင်းတရားများ သိမ်းပိုက်ခွင့် ရရှိချိန်။ ချစ်သူများ ချစ်သူဖြင့် မကြာခဏ အတိုက်အခံ ပဋိပက္ခများ ယှဉ်တွဲနေမည်။

## CANCER



## ကရကင့်လက်

ကံဇာတာ မြင့်မားတိုး၍ ငွေကြေးအကျိုးပေးကံ အထူးကောင်းမွန်သော ကာလဖြစ်သည်။ မိမိလိုအင် ကြံစည်မှုများ ပြည့်ဝအောင်မြင်၍ အောင်ပွဲများဖြင့် ခရီးဆက်နှင်ရမည်။ ငွေကြေးကံ မြင့်မား၍ အစုလိုက်အပုံလိုက် အကျိုးရှိမှုများ ကြုံလာမည်။ ထီပေါက်တတ်သည့်ကာလ ဖြစ်သည့်အတွက် ကြာသပတေးနှင့် သောကြာနေ့များ၌ ထီကံစမ်းပေးပါ။ အိမ်ခြံမြေဥယျာဉ်ကိစ္စများ၌ အကျိုးထူးများ တွေ့ကြုံနိုင်သည်။ လုပ်ငန်းတွင် ဩဇာအရှိန်အဝါ တိုးတက်မြင့်မား၍ အောင်မြင်မှုများ ဖန်တီးတည်ဆောက်ခွင့် ရရှိမည်။ စီးပွားရေးပိုင်းဆိုင်ရာ ပြဿနာအချို့ တွေ့ကြုံရသော်လည်း အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်နိုင်မည်။ လုပ်ငန်းရှင်များ ကြိုးစားသလောက် ငွေကြေးအကျိုးအမြတ်များ ရရှိနိုင်သည်။ ပညာသင်ကြားနေသူများ ပင်ပန်းပြီး အကျိုးရှိ အရာထင်မည်။ အိမ်ထောင်ရှင်များ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းပြီး ကောင်းခြင်းမင်္ဂလာ အဖြာဖြာဖြင့် ပြည့်စုံချိန်။ ချစ်သူများ လရိပ်ကောင်းကင်အောက် လုပသည့် ချစ်သူနေ့များ ဖြတ်ကျော် ရင်ဆိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com

## LEO



## သိဟ်လဂ်

ကံကောင်း တိုးတက် ကြီးပွားမှုအခွင့်အလမ်းများ ထူးခြားစွာ တွေ့ကြုံရမည်။ ဘုန်းကံပြဒါးတိုးတက် မြင့်မားပြီး ရာထူးတိုးတက်မည့် ကာလဖြစ်သည်။ မင်္ဂလာရှိသော ခရီးဝေးများ သွားလာရတတ်သည်။ စပ်တူစပ်ဖက်၊ ကုမ္ပဏီအဖွဲ့အစည်းပိုင်းဆိုင်ရာ လုပ်ငန်းကိစ္စများတွင် အကျိုးရှိသော ကာလဖြစ်သည်။ ငွေကြေးကံကောင်းသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ငွေကုန်ကျမှုများပြားမည်။ မောင်နှမသားချင်းများကို အကြောင်းပြု၍ ငွေကြေးဆုံးရှုံးနစ်နာမှုများ တွေ့ကြုံတတ်သည်။ အိမ် ခြံမြေ ယာဉ် ဝယ်ယူရောင်းချရန် ကြိုးစားသူများ အကျိုးရှိ အဆင်ပြေမည်။ လုပ်ငန်းရှင်များ ထူးခြားစွာ ကံကောင်းမည့် အခွင့်အခါကြုံကြိုက်၍ စီးပွားဥစ္စာတိုးတက်မြင့်မားမည်။ ပညာသင်ကြားနေသူများ အတိုက်အခံကြားမှ အောင်မြင်မှုများ ရရှိမည်။ အိမ်ထောင်ရှင်များ စိတ်တူကိုယ်တူ ဆန္ဒတူညီစွာဖြင့် ဘဝရည်မှန်းချက်များ ပုံဖော်ခွင့်ရရှိချိန်။ ချစ်သူများ မိသားစုအရေးကိစ္စများနှင့် စပ်လျဉ်း၍ ကတောက်ကဆ ပဋိပက္ခများ တွေ့ကြုံနိုင်သည်။

## VIRGO



## ကန်လဂ်

မိမိ၏ ရည်မှန်းချက်များ ဆက်လက်၍ ပြည့်ဝအောင်မြင်ချိန်။ ငွေကုန်ကြေးကျများပြားတတ်ပြီး လက်ထဲ၌ ငွေမမြဲတတ်ပါ။ ခရီးဝေးသွားလာမှုနှင့် နိုင်ငံရပ်ခြားခရီးစဉ်များ တွေ့ကြုံနိုင်သည်။ အသုံးအဆောင်ပစ္စည်း အသစ်အဆန်းများ လက်ဆောင်ရရှိတတ်မည်။ လုပ်ငန်းတာဝန်များအတွက် အခွင့်အရေးများ ရရှိလာမည်။ အတိုက်အခံများကြားမှ ကံကောင်းမှုများ ဖန်တီးနိုင်မည်။ အကြံဉာဏ်ကောင်းများဖြင့် ခရီးဆက်ရှက်လှ္ဖင့်နိုင်မည်။ လူမှုရေးနယ်ပယ် အတိုက်အခံများ ရင်ဆိုင်ဖြေရှင်းရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းသစ်များ တိုးချဲ့ဆောင်ရွက်သင့်သည့်အချိန်ကာလ။ ပညာသင်ကြားသူများ ပညာရေးကံ တောက်ပလင်းလက်ချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့်ပတ်သက်၍ လုပ်ငန်း၌ အခွင့်အရေးသစ်များ ရရှိလာမည်။ ချစ်သူများ ချစ်သူထံမှ အားအင်သစ်များရရှိပြီး ကြီးပွားအောင်မြင်မှုများ ဖန်တီး ပုံဖော်နိုင်ချိန်။

## LIBRA



## တူလဂ်

တောက်ပသော ရွှေရောင်နေ့ရက်များအောက် အေးချမ်းစွာဖြင့် ခရီးနှင် ရှက်လှ္ဖင့်နိုင်ချိန်။ ငွေကြေးကံ အထူးကောင်းမွန်၍ ထီကံစမ်းပေးသင့်ချိန်။ အဖက်ဖက်မှ တိုးတက်ပြည့်စုံ ကြွယ်ဝမှုများ စိတ်တိုင်းကျ ပုံဖော်ခွင့်ရရှိမည်။ တည့်မတ် မှန်ကန်သော ဆုံးဖြတ်ချက်များဖြင့် အောင်မြင်မှုများ တည်ဆောက်နိုင်မည်။ ကံကောင်း စန်းထ၍ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ထူးခြားစွာ ပြည့်စုံအောင်မြင်လာချိန်။ ဘာသာရေးနှင့် အလှူမင်္ဂလာကိစ္စများ မိသားစု၌ ဆောင်ရွက်ခွင့်ရရှိမည်။ ထမ်းရွက်သော ရာထူးတာဝန်များ၊ လုပ်ငန်းတာဝန်များအတွက် စိတ်သောက များပြားတတ်သည့်အချိန်ကာလ။ လုပ်ငန်းရှင်များ ငွေကြေးစီးပွားဖြစ်ထွန်းမှုကံ အထူးကောင်းမွန်လာမည်။ ပညာသင်ကြားသူများ ပညာရေးတွင် အတိုက်အခံများကြားမှ အောင်မြင်မှုများ ရရှိချိန်။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ ငွေကြေးအကျိုးပေးကံကောင်းမွန်ချိန်။ ချစ်သူများ ရည်ရွယ် ရည်မှန်းချက်တို့ အောင်မြင်ပြည့်ဝ ကံကောင်းချိန်။

## SCORPIO



## ဗြိစ္ဆာလဂ်

ကံဇာတာအထူးတိုးတက် မြင့်မားသော ကာလဖြစ်သည်။ မိမိကြံစည် ကြိုးပမ်းမှုများ မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မည်။ ငွေကြေးအကျိုးအမြတ် များစွာရရှိတတ်သည်။ ထီကံစမ်းပေးပါ။ လုပ်ငန်းတွင် အထောက်အပံ့ အကူအညီကောင်းများရရှိ၍ ကြီးပွားပြည့်စုံမည်။ ကြွယ်ရောင်စုံသောညများ ကျော်ဖြတ်ရမည်။ အကြံအောင်မည်။ ငွေကြေးအခက်အခဲများ လွန်မြောက်၍ ငွေကံပွင့်လာမည်။ အိမ်ခြံမြေယာဉ်ကိစ္စများမှ ငွေကြေးအကျိုးရှိမည်။ ထင်ပေါ်ကျော်ကြားသော ကာလဖြစ်၍ အလုပ်တွင် ဂုဏ်သိက္ခာကြီးမြင့်မည်။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်းဆိုင်ရာ ထူးခြားသည့် တိုးတက်ပြောင်းလဲမှုများ တွေ့ကြုံလာမည်။ ပညာသင်ကြားနေသူများ ပညာရေးအလင်းတန်းများ တောက်ပ လင်းလက်ချိန်။ အိမ်ထောင်ရှင်များ အစစအရာရာ အဆင်ပြေ အေးချမ်းသော မိသားစုဘဝရရှိမည်။ ချစ်သူများ ရင်ခုန်သံ စည်းချက်ထပ်တူညီစွာဖြင့် ရွှေရောင် အနာဂတ်ရက်များ ကျော်ဖြတ်ခွင့်ရရှိချိန်။



www.burmeseclassic.com

www.burmeseclassic.com

SAGITTARIUS



**ဓနုလက်**

ပြဿနာတစ်ခုပြီးတစ်ခု ရင်ဆိုင်ရမည်။ မင်ပန်းပြီး အရာမထင်သည့် ကာလဖြစ်သည်။ မိမိဆုံးဖြတ်မှုများယွင်းတတ်ပြီး ငွေကြေးဆုံးရှုံး နစ်နာမည်။ အကြီးအကဲ၊ မိသားစုအသိုင်းအဝန်းဖြင့် နားလည်မှုလွဲချော်နေမည်။ ခိုက်ရန်ဒေါသ ထိန်းချုပ်ပါ။ လုပ်ငန်းတွင် အခက်အခဲများ စိန်ခေါ်နေသော်လည်း မှန်ကန်သော ဆုံးဖြတ်ယူဆချက်ဖြင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်မည်။ ဘာသာရေးကိစ္စများ ဂရုတစိုက် ဆောင်ရွက်ရချိန်။ ခက်ခဲပင်ပန်းမှု၏ နောက်ကွယ်မှ အောင်မြင်မှုပန်းတိုင်ဆီသို့ လျှောက်လှမ်းနိုင်မည်။ လုပ်ငန်းရှင်များ အောက်လက်ကြောင့် ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံတတ်သည်။ ပညာသင်ကြားနေသူများ ကံအညွှ ပြင်းထန်စွာတွေ့ကြုံတတ်သည့် အချိန်ကာလ။ အိမ်ထောင်ရှင်များ ဆွေမျိုးသားချင်းအရေးကိစ္စများအတွက် အတိုက်အခံ၊ ပဋိပက္ခများ ရင်ဆိုင်ရတတ်သည်။ ချစ်သူဖြင့် အမုန်းစစ်ပွဲများ ရင်ဆိုင်ဖြေရှင်းရမည့်အချိန်ကာလ။

---

CAPRICORN



**မကာရလက်**

ကံကောင်း ကြီးပွားမှုများ ပြန်လည်တွေ့ကြုံရပြီး ပင်ပန်းမှုယှဉ်၍ အောင်မြင်မှုများ ဖန်တီးခွင့်ရရှိမည် လုပ်ငန်းတွင် အထောက်အပံ့ အကူအညီကောင်းများ ရရှိချိန်။ ကောင်းသော ခရီးဝေးများ သွားလာ၍ အကျိုးရှိမည်။ ရွှေရောင်အခွင့်အရေးသစ်များ တောက်ပ လင်းလာလာမည့် အချိန်ကာလ။ လုပ်ငန်းတွင် မထင်မှတ်ထားသော အခွင့်အရေးများ ပေါ်ပေါက်လာတတ်သည်။ ဘုန်းကံဩဇာအရှိန်အဝါ မြင့်မား တိုးတက်ပြီး ကံဇာတာအပြောင်းအလဲများ တွေ့ကြုံနိုင်သည်။ ငွေကြေးကံ ကောင်းမွန်သော်လည် နှောင့်နှေးကြန့်ကြာမှုများ ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ လုပ်ငန်းပိုင်း တိုးတက်အောင်မြင်မှ မိတ်ကောင်း-ဆွေကောင်းများဖြင့် တွေ့ကြုံရမည့်အချိန်။ ပညာသင်ကြားနေသူများ ကြိုးစားမှု ရလဒ် ကောင်းများ စောင့်ကြိုနေမည်။ အိမ်ထောင်ရှင်များ အတိုက်အခံ ပဋိပက္ခများ မကြာခဏ တွေ့ကြုံတတ်သည်။ ချစ်သူ၏ သံသယများကြောင့် အဆင်မပြေမှုများ ပြင်းထန်ချိန်။

---

AQUARIUS



**ကုမ်လက်**

ကျန်းမာရေးအညံ့ဖြစ်စဉ်များ ရင်ဆိုင်တွေ့ကြုံတတ်သည်။ အပူများခြင်း အဖျားကြီးခြင်း ရောဂါဝေဒနာ များ ခံစားရချိန်။ စိတ်ဆိုးဒေါသဖြစ်ရသော အကြောင်းကိစ္စရပ်များ သတိပြုပါ။ အတိုက်အခံများကြော သောကကြုံမည်။ မတော်တဆ ထိခိုက်မှုများ တွေ့ကြုံတတ်သည်။ အတိုက်အခံများပြားသေ ကာလဖြစ်ပြီး ဆုံးရှုံးမှု ကြီးမားတတ်သည်။ ဆန့်ကျင်ဘက် ဆောင်ရွက်လိုမှုနှင့် ဒေါသတရား ထိန်းချုပ်ပါ။ တန်ဖိုးကြီးပစ္စည်းများ ပျောက်ရှ ပျက်စီးတတ်သည်။ဆုံးဖြတ်ယူဆချက်များ လွဲချော် အရာရာ၌ ကံခေနေမည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာအနှောင့်အယှက်များ ရင်ဆိုင်ရတတ်သည် ပညာသင်ကြားနေသူများ စိတ်လေလွင့်မှု များပြားနေသည့် အချိန်ကာလ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ သံသယပြဿနာများကြား ဗျာများနေတတ်သည်။ ချစ်သူ၏ အဝေးဆုံး ရောက်ရှိနေတတ်သည့် အချိန်ကာလ။

---

PISCES



**မိန်လက်**

အခွင့်အရေးကောင်းများ ပေါ်ပေါက်လာသော်လည်း ဝီရိယအားနည်းမှုကြောင့် လွဲချော်နေမည် လူမှုရေးအားနာမှုများကြောင့် ငွေကြေးဆုံးရှုံးမှုများ ရင်ဆိုင်ရတတ်သည်။ ကံအကောင်း-အဆိုး ဒွန်တွဲနေချိန်။ အထက်အကြီးအကဲများနှင့်ပတ်သက်၍ အတိုက်အခံ၊ ပဋိပက္ခများ တွေ့ကြုံရင်ဆိုင် ရတတ်သည်။ အတိုက်အခံပြဿနာ သောကမီးများ ဝန်းရံနေသည့် အချိန်ကာလ။ လူမှုရေးသိ ချက်များအောက် အလင်းရောင် ကွယ်ပျောက်သောအချိန်။ အရာရာ၌ စိတ်အလိုမကျမှု ပြည့်နှက်နေတတ်သည်။ အေးချမ်းတည်ငြိမ်သည့် စိတ်ခွန်အားဖြင့် အတားအဆီးများ ကျော်ဖြတ်ရ ချိန်။ လုပ်ငန်းရှင်များ ငွေကြေးပိုင်း ဆုံးရှုံးနစ်နာမှုများ တွေ့ကြုံရမည့် အချိန်ကာလ။ ပညာရေး ကျန်းမာရေးအညံ့ကြောင့် အဆင်မပြေမှုများ တွေ့ကြုံမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေး ပဋိပက္ခများ ပြင်းထန်ပေါက်ကွဲချိန်။ ချစ်သူများ အချစ်ရေးကံခေမှု များပြား၍ စိတ်ဖိစီးမှု မကြာခဏ တွေ့ကြုံတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ စက်တင်ဘာလ၊ မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လဂ် (၁၂)လဂ်ဖြင့် လူတန်းစား (၁၂)ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် (၁၂)လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး၊ မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် နှစ်နာရီကို လဂ်တစ်လဂ်အဖြစ် သတ်မှတ်၍ လဂ် (၁၂)လဂ်အတွက် နက္ခတ် (၁၂)လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် (၁၂)လုံးသည် လဂ်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့်နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လဂ် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လဂ်ရှာဖွေနည်း ဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လဂ်တစ်လဂ်နှုန်းဖြင့် လဂ် (၁၂)လဂ်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် ၅း၄၅ မှ ၇း၄၅ နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလဂ်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လဂ်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လဂ်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လဂ်များအား လဂ်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများ ရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လဂ်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဇေယျာကို (B.Sc)(D.S.A)*
နက္ခတ်သိပ္ပံအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၅ မှ ၇း၄၅ | မိဿ |
| ၇း၄၅ မှ ၉း၄၅ | ပြိဿ |
| ၉း၄၅ မှ ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ မှ ၁၃း၄၅ | ကရကကဋ် |
| ၁၃း၄၅ မှ ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ မှ ၁၇း၄၅ | ကန် |
| ၁၇း၄၅ မှ ၁၉း၄၅ | တူ |
| ၁၉း၄၅ မှ ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ မှ ၂၃း၄၅ | ဓနု |
| ၂၃း၄၅ မှ ၁း၄၅ | မကာရ |
| ၁း၄၅ မှ ၃း၄၅ | ကုံ |
| ၃း၄၅ မှ ၅း၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၅ မှ ၇း၂၅ | ပြိဿ |
| ၇း၂၅ မှ ၉း၂၅ | မေထုန် |
| ၉း၂၅ မှ ၁၁း၂၅ | ကရကဋ် |
| ၁၁း၂၅ မှ ၁၃း၂၅ | သိဟ် |
| ၁၃း၂၅ မှ ၁၅း၂၅ | ကန် |
| ၁၅း၂၅ မှ ၁၇း၂၅ | တူ |
| ၁၇း၂၅ မှ ၁၉း၂၅ | ဗြိစ္ဆာ |
| ၁၉း၂၅ မှ ၂၁း၂၅ | ဓနု |
| ၂၁း၂၅ မှ ၂[illegible] | [illegible] |
| ၂၃း၂၅ မှ ၁း[illegible] | [illegible] |
| ၁း၂၅ မှ ၃း၂၅ | မိန် |
| ၃း၂၅ မှ ၅း၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၂၀ မှ ၇း၂၀ | မေထုန် |
| ၇း၂၀ မှ ၉း၂၀ | ကရကဋ် |
| ၉း၂၀ မှ ၁၁း၂၀ | သိဟ် |
| ၁၁း၂၀ မှ ၁၃း၂၀ | ကန် |
| ၁၃း၂၀ မှ ၁၅း၂၀ | တူ |
| ၁၅း၂၀ မှ ၁၇း၂၀ | ဗြိစ္ဆာ |
| ၁၇း၂၀ မှ ၁၉း၂၀ | ဓနု |
| ၁၉း၂၀ မှ ၂၁း၂၀ | မကာရ |
| ၂၁း၂၀ မှ ၂၃း၂၀ | ကုံ |
| ၂၃း၂၀ မှ ၁း၂၀ | မိန် |
| ၁း၂၀ မှ ၃း၂၀ | မိဿ |
| ၃း၂၀ မှ ၅း၂၀ | ပြိဿ |

| ဇူလိုင်၁၆ရက်မှဩ[illegible]ဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၃၀ မှ ၇း၃၀ | ကရကဋ် |
| ၇း၃၀ မှ ၉း၃၀ | သိဟ် |
| ၉း၃၀ မှ ၁၁း၃၀ | ကန် |
| ၁၁း၃၀ မှ ၁၃း၃[illegible] | တူ |
| ၁၃း၃၀ မှ ၁၅း၃[illegible] | ဗြိစ္ဆာ |
| ၁၅း၃၀ မှ ၁၇း၃၀ | ဓနု |
| ၁၇း၃၀ မှ ၁၉း၃၀ | မကာရ |
| ၁၉း၃၀ မှ ၂[illegible] | ကုံ |
| ၂၁း၃၀ မှ ၂၃း[illegible] | မိန် |
| ၂၃း၃၀ မှ ၁း[illegible] | မိဿ |
| ၁း၃၀ မှ ၃း၃[illegible] | ပြိဿ |
| ၃း၃၀ မှ ၅း၃[illegible] | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၄၀ မှ ၇း၄၀ | သိဟ် |
| ၇း၄၀ မှ ၉း၄၀ | ကန် |
| ၉း၄၀ မှ ၁၁း၄၀ | တူ |
| ၁၁း၄၀ မှ ၁၃း၄၀ | ဗြိစ္ဆာ |
| ၁၃း၄၀ မှ ၁၅း၄၀ | ဓနု |
| ၁၅း၄၀ မှ ၁၇း၄၀ | မကာရ |
| ၁၇း၄၀ မှ ၁၉း၄၀ | ကုံ |
| ၁၉း၄၀ မှ ၂၁း၄၀ | မိန် |
| ၂၁း၄၀ မှ ၂၃း၄၀ | မိဿ |
| ၂၃း၄၀ မှ ၁း၄၀ | ပြိဿ |
| ၁း၄၀ မှ ၃း၄၀ | မေထုန် |
| ၃း၄၀ မှ ၅း၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၀ မှ ၇း၅၀ | ကန် |
| ၇း၅၀ မှ ၉း၅၀ | တူ |
| ၉း၅၀ မှ ၁၁း၅၀ | ဗြိစ္ဆာ |
| ၁၁း၅၀ မှ ၁၃း၅၀ | ဓနု |
| ၁၃း၅၀ မှ ၁၅း၅၀ | မကာရ |
| ၁၅း၅၀ မှ ၁၇း၅၀ | ကုံ |
| ၁၇း၅၀ မှ ၁၉း၅၀ | မိန် |
| ၁၉း၅၀ မှ ၂၁း၅၀ | မိဿ |
| ၂၁း၅၀ မှ ၂၃း၅၀ | ပြိဿ |
| ၂၃း၅၀ မှ ၁း၅၀ | မေထုန် |
| ၁း၅၀ မှ ၃း၅၀ | ကရကဋ် |
| ၃း၅၀ မှ ၅း၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅း၅၅ မှ ၇း၅၅ | တူ |
| ၇း၅၅ မှ ၉း၅၅ | ဗြိစ္ဆာ |
| ၉း၅၅ မှ ၁၁း၅၅ | ဓနု |
| ၁၁း၅၅ မှ ၁၃း၅၅ | မကာရ |
| ၁၃း၅၅ မှ ၁၅း၅၅ | ကုံ |
| ၁၅း၅၅ မှ ၁၇း၅၅ | မိန် |
| ၁၇း၅၅ မှ ၁၉း၅၅ | မိဿ |
| ၁၉း၅၅ မှ ၂၁း၅၅ | ပြိဿ |
| ၂၁း၅၅ မှ ၂၃း၅၅ | မေထုန် |
| ၂၃း၅၅ မှ ၁း၅၅ | ကရကဋ် |
| ၁း၅၅ မှ ၃း၅၅ | သိဟ် |
| ၃း၅၅ မှ ၅း၅၅ | ကန် |

| နို၁၆ရက်မှ[illegible]ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၁၀ မှ ၈း၁၀ | ဗြိစ္ဆာ |
| ၈း၁၀ မှ ၁၀း၁၀ | ဓနု |
| ၁၀း၁၀ မှ ၁၂း၁၀ | မကာရ |
| ၁၂း၁၀ မှ ၁၄း၁[illegible] | ကုံ |
| ၁၄း၁၀ မှ ၁၆း၁[illegible] | မိန် |
| ၁၆း၁၀ မှ ၁၈း၁[illegible] | မိဿ |
| ၁၈း၁၀ မှ ၂၀း၁[illegible] | ပြိဿ |
| ၂၀း၁၀ မှ ၂၂း၁[illegible] | မေထုန် |
| ၂၂း၁၀ မှ ၂၄း၁[illegible] | ကရကဋ် |
| ၂၄း၁၀ မှ ၂း၁၀ | သိဟ် |
| ၂း၁၀ မှ ၄း၁၀ | ကန် |
| ၄း၁၀ မှ ၆း၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၃၀ မှ ၈း၃၀ | ဓနု |
| ၈း၃၀ မှ ၁၀း၃ | မကာရ |
| ၁၀း၃၀ မှ ၁၂း၃၀ | ကုံ |
| ၁၂း၃၀ မှ ၁၄း၃၀ | မိန် |
| ၁၄း၃၀ မှ ၁၆း၃၀ | မိဿ |
| ၁၆း၃၀ မှ ၁၈း၃၀ | ပြိဿ |
| ၁၈း၃၀ မှ ၂၀း၃၀ | မေထုန် |
| ၂၀း၃၀ မှ ၂၂း၃၀ | ကရကဋ် |
| ၂၂း၃၀ မှ ၂၄း၃၀ | သိဟ် |
| ၂၄း၃၀ မှ ၂း၃၀ | ကန် |
| ၂း၃၀ မှ ၄း၃၀ | တူ |
| ၄း၃၀ မှ ၆း၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၄၀ မှ ၈း၄၀ | မကာရ |
| ၈း၄၀ မှ ၁၀း၄၀ | ကုံ |
| ၁၀း၄၀ မှ ၁၂း၄၀ | မိန် |
| ၁၂း၄၀ မှ ၁၄း၄၀ | မိဿ |
| ၁၄း၄၀ မှ ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ မှ ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ မှ ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ မှ ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ မှ ၂၄း၄၀ | ကန် |
| ၂၄း၄၀ မှ ၂း၄၀ | တူ |
| ၂း၄၀ မှ ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ မှ ၆း၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၃၀ မှ ၈း၃၀ | ကုံ |
| ၈း၃၀ မှ ၁၀း၃၀ | မိန် |
| ၁၀း၃၀ မှ ၁၂း၃၀ | မိဿ |
| ၁၂း၃၀ မှ ၁၄း၃၀ | ပြိဿ |
| ၁၄း၃၀ မှ ၁၆း၃၀ | မေထုန် |
| ၁၆း၃၀ မှ ၁၈း၃၀ | ကရကဋ် |
| ၁၈း၃၀ မှ ၂၀း၃၀ | သိဟ် |
| ၂၀း၃၀ မှ ၂၂း၃၀ | ကန် |
| ၂၂း၃၀ မှ ၂၄း၃၀ | တူ |
| ၂၄း၃၀ မှ ၂း၃၀ | ဗြိစ္ဆာ |
| ၂း၃၀ မှ ၄း၃၀ | ဓနု |
| ၄း၃၀ မှ ၆း၃၀ | မကာရ |

| မတ်၁၄ရက် မှ ဧပြီ ၁၂ ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆း၁၀ မှ ၈း၁[illegible] | မိန် |
| ၈း၁၀ မှ ၁၀း၁[illegible] | မိဿ |
| ၁၀း၁၀ မှ ၁[illegible] | ပြိဿ |
| ၁၂း၁၀ မှ ၁၄း၁[illegible] | မေထုန် |
| ၁၄း၁၀ မှ ၁၆း၁[illegible] | ကရကဋ် |
| ၁၆း၁၀ မှ ၁၈း၁[illegible] | သိဟ် |
| ၁၈း၁၀ မှ ၂၀း၁[illegible] | ကန် |
| ၂၀း၁၀ မှ ၂၂း၁[illegible] | တူ |
| ၂၂း၁၀ မှ ၂၄း၁[illegible] | ဗြိစ္ဆာ |
| ၂၄း၁၀ မှ ၂း၁[illegible] | ဓနု |
| ၂း၁၀ မှ ၄း၁[illegible] | မကာရ |
| ၄း၁၀ မှ ၆း၁[illegible] | ကုံ |



www.burmeseclassic.com

| ရက် | မိဿလက် | | ပြိဿလက် | | မေထုန်လက် | | ကရကဋ်လက် | | သိဟ်လက် | | ကန်လက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၂၂:၂၂ | ၂၂:၅၃ | ၂၃:၅၉ | ၀၀:၃၃ | ၀၂:၂၄ | ၀၂:၅၄ | ၀၄:၁၂ | ၀၄:၄၅ | ၀၅:၀၀ | ၀၅:၃၃ | ၀၈:၄၈ | ၀၉:၂၂ |
| ၂ | ၂၂:၁၈ | ၂၂:၅၀ | ၂၃:၅၅ | ၀၀:၂၉ | ၀၂:၂၀ | ၀၂:၅၀ | ၀၄:၀၉ | ၀၄:၄၀ | ၀၄:၅၆ | ၀၅:၂၉ | ၀၈:၄၄ | ၀၉:၁၈ |
| ၃ | ၂၂:၁၄ | ၂၂:၄၆ | ၂၃:၅၀ | ၀၀:၂၅ | ၀၂:၁၆ | ၀၂:၄၆ | ၀၄:၀၅ | ၀၄:၃၇ | ၀၄:၅၂ | ၀၅:၂၅ | ၀၈:၄၀ | ၀၉:၁၄ |
| ၄ | ၂၂:၁၀ | ၂၂:၄၂ | ၂၃:၄၈ | ၀၀:၂၀ | ၀၂:၁၂ | ၀၂:၄၂ | ၀၄:၀၀ | ၀၄:၃၃ | ၀၄:၄၈ | ၀၅:၂၂ | ၀၈:၃၆ | ၀၉:၁၀ |
| ၅ | ၂၂:၀၆ | ၂၂:၃၈ | ၂၃:၄၄ | ၀၀:၁၇ | ၀၂:၀၉ | ၀၂:၃၈ | ၀၃:၅၇ | ၀၄:၂၉ | ၀၄:၄၄ | ၀၅:၁၈ | ၀၈:၃၂ | ၀၉:၀၆ |
| ၆ | ၂၂:၀၂ | ၂၂:၃၄ | ၂၃:၄၀ | ၀၀:၁၃ | ၀၂:၀၅ | ၀၂:၃၄ | ၀၃:၅၃ | ၀၄:၂၅ | ၀၄:၄၀ | ၀၅:၁၄ | ၀၈:၂၈ | ၀၉:၀၂ |
| ၇ | ၂၁:၅၈ | ၂၂:၃၀ | ၂၃:၃၆ | ၀၀:၀၉ | ၀၂:၀၀ | ၀၂:၃၀ | ၀၃:၄၉ | ၀၄:၂၀ | ၀၄:၃၇ | ၀၅:၁၀ | ၀၈:၂၄ | ၀၈:၅၈ |
| ၈ | ၂၁:၅၄ | ၂၂:၂၆ | ၂၃:၃၂ | ၀၀:၀၅ | ၀၁:၅၇ | ၀၂:၂၇ | ၀၃:၄၅ | ၀၄:၁၇ | ၀၄:၃၃ | ၀၅:၀၆ | ၀၈:၂၀ | ၀၈:၅၄ |
| ၉ | ၂၁:၅၀ | ၂၂:၂၂ | ၂၃:၂၈ | ၂၃:၅၈ | ၀၁:၅၃ | ၀၂:၂၃ | ၀၃:၄၀ | ၀၄:၁၃ | ၀၄:၂၉ | ၀၅:၀၂ | ၀၈:၁၇ | ၀၈:၅၀ |
| ၁၀ | ၂၁:၄၆ | ၂၂:၁၈ | ၂၃:၂၄ | ၂၃:၅၄ | ၀၁:၄၉ | ၀၂:၁၉ | ၀၃:၃၇ | ၀၄:၀၉ | ၀၄:၂၅ | ၀၄:၅၈ | ၀၈:၁၃ | ၀၈:၄၆ |
| ၁၁ | ၂၁:၄၂ | ၂၂:၁၄ | ၂၃:၂၀ | ၂၃:၅၀ | ၀၁:၄၅ | ၀၂:၁၅ | ၀၃:၃၃ | ၀၄:၀၅ | ၀၄:၂၀ | ၀၄:၅၄ | ၀၈:၀၉ | ၀၈:၄၂ |
| ၁၂ | ၂၁:၃၉ | ၂၂:၁၀ | ၂၃:၁၆ | ၂၃:၄၆ | ၀၁:၄၀ | ၀၂:၁၁ | ၀၃:၂၉ | ၀၄:၀၀ | ၀၄:၁၇ | ၀၄:၅၀ | ၀၈:၀၅ | ၀၈:၃၉ |
| ၁၃ | ၂၁:၃၅ | ၂၂:၀၆ | ၂၃:၁၂ | ၂၃:၄၂ | ၀၁:၃၇ | ၀၂:၀၇ | ၀၃:၂၅ | ၀၃:၅၇ | ၀၄:၁၃ | ၀၄:၄၆ | ၀၈:၀၀ | ၀၈:၃၅ |
| ၁၄ | ၂၁:၃၀ | ၂၂:၀၂ | ၂၃:၀၈ | ၂၃:၃၈ | ၀၁:၃၃ | ၀၂:၀၃ | ၀၃:၂၀ | ၀၃:၅၃ | ၀၄:၀၉ | ၀၄:၄၂ | ၀၇:၅၇ | ၀၈:၃၀ |
| ၁၅ | ၂၁:၂၇ | ၂၁:၅၈ | ၂၃:၀၄ | ၂၃:၃၄ | ၀၁:၂၉ | ၀၁:၅၉ | ၀၃:၁၇ | ၀၃:၅၀ | ၀၄:၀၅ | ၀၄:၃၈ | ၀၇:၅၃ | ၀၈:၂၇ |
| ၁၆ | ၂၁:၂၃ | ၂၁:၅၄ | ၂၃:၀၀ | ၂၃:၃၀ | ၀၁:၂၅ | ၀၁:၅၅ | ၀၃:၁၃ | ၀၃:၄၆ | ၀၄:၀၀ | ၀၄:၃၄ | ၀၇:၄၉ | ၀၈:၂၃ |
| ၁၇ | ၂၁:၁၉ | ၂၁:၅၀ | ၂၂:၅၆ | ၂၃:၂၆ | ၀၁:၂၀ | ၀၁:၅၀ | ၀၃:၁၀ | ၀၃:၄၂ | ၀၃:၅၇ | ၀၄:၃၀ | ၀၇:၄၅ | ၀၈:၁၉ |
| ၁၈ | ၂၁:၁၅ | ၂၁:၄၇ | ၂၂:၅၂ | ၂၃:၂၂ | ၀၁:၁၇ | ၀၁:[illegible] | [illegible]:၀၆ | ၀၃:၃၈ | ၀၃:၅၃ | ၀၄:၂၇ | ၀၇:၄၁ | ၀၈:၁၅ |
| ၁၉ | ၂၁:၁၀ | ၂၁:၄၃ | ၂၂:၄၉ | ၂၃:၁၈ | ၀၁:၁၄ | ၀၁:၄၃ | ၀၃:၀၂ | ၀၃:၃၄ | ၀၃:၄၉ | ၀၄:၂၃ | ၀၇:၃၇ | ၀၈:၁၁ |
| ၂၀ | ၂၁:၀၇ | ၂၁:၃၉ | ၂၂:၄၅ | ၂၃:၁၄ | ၀၁:၁၀ | ၀၁:၃၉ | ၀၂:၅၈ | ၀၃:၃၀ | ၀၃:၄၅ | ၀၄:၁၉ | ၀၇:၃၃ | ၀၈:၀၇ |
| ၂၁ | ၂၁:၀၃ | ၂၁:၃၅ | ၂၂:၄၀ | ၂၃:၁၀ | ၀၁:၀၆ | ၀၁:၃၅ | ၀၂:၅၄ | ၀၃:၂၆ | ၀၃:၄၀ | ၀၄:၁၅ | ၀၇:၂၉ | ၀၈:၀၃ |
| ၂၂ | ၂၀:၅၉ | ၂၁:၃၀ | ၂၂:၃၇ | ၂၃:၀၆ | ၀၀:၅၈ | ၀၁:၂၈ | ၀၂:၅၀ | ၀၃:၂၂ | ၀၃:၃၈ | ၀၄:၁၀ | ၀၇:၂၅ | ၀၇:၅၉ |
| ၂၃ | ၂၀:၅၅ | ၂၁:၂၇ | ၂၂:၃၃ | ၂၃:၀၃ | ၀၀:၅၄ | ၀၁:၂၄ | ၀၂:၄၆ | ၀၃:၁၈ | ၀၃:၃၄ | ၀၄:၀၇ | ၀၇:၂၂ | ၀၇:၅၅ |
| ၂၄ | ၂၀:၅၀ | ၂၁:၂၃ | ၂၂:၂၉ | ၂၂:၅၉ | ၀၀:၅၀ | ၀၁:၂၀ | ၀၂:၄၂ | ၀၃:၁၄ | ၀၃:၃၀ | ၀၄:၀၃ | ၀၇:၁၈ | ၀၇:၅၀ |
| ၂၅ | ၂၀:၄၇ | ၂၁:၁၉ | ၂၂:၂၅ | ၂၂:၅၅ | ၀၀:၄၆ | ၀၁:၁၆ | ၀၂:၃၈ | ၀၃:၁၀ | ၀၃:၂၆ | ၀၃:၅၉ | ၀၇:၁၄ | ၀၇:၄၇ |
| ၂၆ | ၂၀:၄၄ | ၂၁:၁၅ | ၂၂:၂၀ | ၂၂:၅၀ | ၀၀:၄၂ | ၀၁:၁၂ | ၀၂:၃၄ | ၀၃:၀၆ | ၀၃:၂၂ | ၀၃:၅၅ | ၀၇:၁၀ | ၀၇:၄၄ |
| ၂၇ | ၂၀:၄၀ | ၂၁:၁၀ | ၂၂:၁၇ | ၂၂:၄၇ | ၀၀:၃၈ | ၀၁:၀၈ | ၀၂:၃၀ | ၀၃:၀၂ | ၀၃:၁၈ | ၀၃:၅၀ | ၀၇:၀၆ | ၀၇:၄၀ |
| ၂၈ | ၂၀:၃၆ | ၂၁:၀၇ | ၂၂:၁၃ | ၂၂:၄၃ | ၀၀:၃၄ | ၀၁:၀၄ | ၀၂:၂၆ | ၀၂:၅၈ | ၀၃:၁၄ | ၀၃:၄၇ | ၀၇:၀၂ | ၀၇:၃၆ |
| ၂၉ | ၂၀:၃၂ | ၂၁:၀၃ | ၂၂:၀၉ | ၂၂:၃၉ | ၀၀:၃၀ | ၀၁:၀၀ | ၀၂:၂၂ | ၀၂:၅၄ | ၀၃:၁၀ | ၀၃:၄၃ | ၀၆:၅၈ | ၀၇:၃၂ |
| ၃၀ | ၂၀:၂၈ | ၂၀:၅၉ | ၂၂:၀၅ | ၂၂:၃၅ | ၀၀:၂၆ | ၀၀:၅၆ | ၀၂:၁၈ | ၀၂:၅၀ | ၀၃:၀၆ | ၀၃:၃၉ | ၀၆:၅၄ | ၀၇:[illegible] |

www.burmeseclassic.com

| | တူလဂ် | | ဗြိစ္ဆာလဂ် | | ဓနုလဂ် | | မကာရလဂ် | | ကုမ်လဂ် | | မိန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၀:၀၈ | ၁၀:၄၀ | ၁၀:၁၇ | ၁၀:၄၇ | ၁၄:၃၇ | ၁၅:၀၇ | ၁၄:၃၈ | ၁၅:၀၉ | ၁၇:၀၉ | ၁၇:၄၂ | ၁၇:၀၉ | ၁၇:၄၂ |
| ၂ | ၁၀:၀၄ | ၁၀:၃၆ | ၁၀:၁၃ | ၁၀:၄၃ | ၁၄:၃၃ | ၁၅:၀၃ | ၁၄:၃၅ | ၁၅:၀၅ | ၁၇:၀၅ | ၁၇:၃၈ | ၁၇:၀၅ | ၁၇:၃၈ |
| ၃ | ၁၀:၀၀ | ၁၀:၃၂ | ၁၀:၀၉ | ၁၀:၃၉ | ၁၄:၂၉ | ၁၄:၅၉ | ၁၄:၃၀ | ၁၅:၀၀ | ၁၇:၀၀ | ၁၇:၃၄ | ၁၇:၀၀ | ၁၇:၃၄ |
| ၄ | ၀၉:၅၆ | ၁၀:၂၈ | ၁၀:၀၅ | ၁၀:၃၅ | ၁၄:၂၅ | ၁၄:၅၅ | ၁၄:၂၇ | ၁၄:၅၇ | ၁၆:၅၇ | ၁၇:၃၀ | ၁၆:၅၇ | ၁၇:၃၀ |
| ၅ | ၀၉:၅၂ | ၁၀:၂၄ | ၁၀:၀၀ | ၁၀:၃၀ | ၁၄:၂၀ | ၁၄:၅၀ | ၁၄:၂၃ | ၁၄:၅၃ | ၁၆:၅၃ | ၁၇:၂၆ | ၁၆:၅၃ | ၁၇:၂၆ |
| ၆ | ၀၉:၄၈ | ၁၀:၂၀ | ၁၀:၅၇ | ၁၀:၂၈ | ၁၄:၁၇ | ၁၄:၄၇ | ၁၄:၁၉ | ၁၄:၄၉ | ၁၆:၄၉ | ၁၇:၂၂ | ၁၆:၄၉ | ၁၇:၂၂ |
| ၇ | ၀၉:၄၄ | ၁၀:၁၆ | ၁၀:၅၃ | ၁၀:၂၄ | ၁၄:၁၃ | ၁၄:၄၄ | ၁၄:၁၅ | ၁၄:၄၅ | ၁၆:၄၅ | ၁၇:၁၉ | ၁၆:၄၅ | ၁၇:၁၉ |
| ၈ | ၀၉:၄၀ | ၁၀:၁၂ | ၁၀:၄၉ | ၁၀:၂၀ | ၁၄:၁၀ | ၁၄:၄၀ | ၁၄:၁၀ | ၁၄:၄၁ | ၁၆:၄၁ | ၁၇:၁၅ | ၁၆:၄၁ | ၁၇:၁၅ |
| ၉ | ၀၉:၃၆ | ၁၀:၀၈ | ၁၀:၄၅ | ၁၀:၁၆ | ၁၄:၀၆ | ၁၄:၃၆ | ၁၄:၀၇ | ၁၄:၃၇ | ၁၆:၃၇ | ၁၇:၁၁ | ၁၆:၃၇ | ၁၇:၁၁ |
| ၁၀ | ၀၉:၃၂ | ၁၀:၀၄ | ၁၀:၄၀ | ၁၀:၁၂ | ၁၄:၀၂ | ၁၄:၃၂ | ၁၄:၀၃ | ၁၄:၃၃ | ၁၆:၃၃ | ၁၇:၀၇ | ၁၆:၃၃ | ၁၇:၀၇ |
| ၁၁ | ၀၉:၂၈ | ၁၀:၀၀ | ၁၀:၃၇ | ၁၀:၀၈ | ၁၃:၅၈ | ၁၄:၂၈ | ၁၃:၅၉ | ၁၄:၂၉ | ၁၆:၂၉ | ၁၇:၀၃ | ၁၆:၂၉ | ၁၇:၀၃ |
| ၁၂ | ၀၉:၂၄ | ၀၉:၅၆ | ၁၀:၃၃ | ၁၀:၀၄ | ၁၃:၅၄ | ၁၄:၂၄ | ၁၃:၅၅ | ၁၄:၂၅ | ၁၆:၂၅ | ၁၆:၅၉ | ၁၆:၂၅ | ၁၆:၅၉ |
| ၁၃ | ၀၉:၂၀ | ၀၉:၅၃ | ၁၀:၃၀ | ၁၀:၀၀ | ၁၃:၅၀ | ၁၄:၂၀ | ၁၃:၅၀ | ၁၄:၂၀ | ၁၆:၂၂ | ၁၆:၅၅ | ၁၆:၂၂ | ၁၆:၅၅ |
| ၁၄ | ၀၉:၁၇ | ၀၉:၄၉ | ၁၀:၂၆ | ၁၀:၅၆ | ၁၃:၄၆ | ၁၄:၁၆ | ၁၃:၄၇ | ၁၄:၁၇ | ၁၆:၁၈ | ၁၆:၅၁ | ၁၆:၁၈ | [illegible] |
| ၁၅ | ၀၉:၁၃ | ၀၉:၄၅ | ၁၀:၂၂ | ၁၀:၅၂ | ၁၃:၄၂ | ၁၄:၁၂ | ၁၃:၄၃ | ၁၄:၁၃ | ၁၆:၁၄ | ၁၆:၄၇ | ၁၆:၁၄ | [illegible] |
| ၁၆ | ၀၉:၀၉ | ၀၉:၄၁ | ၁၀:၁၈ | ၁၀:၄၈ | ၁၃:၃၈ | ၁၄:၀၈ | ၁၃:၄၀ | ၁၄:၁၀ | ၁၆:၁၀ | ၁၆:၄၃ | ၁၆:၁၀ | [illegible] |
| ၁၇ | ၀၉:၀၅ | ၀၉:၃၇ | ၁၀:၁၄ | ၁၀:၄၄ | ၁၃:၃၄ | ၁၄:၀၄ | ၁၃:၃၆ | ၁၄:၀၆ | ၁၆:၀၆ | ၁၆:၃၉ | ၁၆:၀၆ | [illegible] |
| ၁၈ | ၀၉:၀၀ | ၀၉:၃၃ | ၁၀:၁၀ | ၁၀:၄၀ | ၁၃:၃၀ | ၁၄:၀၀ | ၁၃:၃၂ | ၁၄:၀၂ | ၁၆:၀၂ | ၁၆:၃၅ | ၁၆:၀၂ | [illegible] |
| ၁၉ | ၀၈:၅၇ | ၀၉:၂၉ | ၁၀:၀၆ | ၁၀:၃၆ | ၁၃:၂၆ | ၁၃:၅၆ | ၁၃:၂၈ | ၁၃:၅၈ | ၁၅:၅၈ | ၁၆:၃၀ | ၁၅:၅၈ | [illegible] |
| ၂၀ | ၀၈:၅၃ | ၀၉:၂၅ | ၁၀:၀၂ | ၁၀:၃၂ | ၁၃:၂၂ | ၁၃:၅၂ | ၁၃:၂၄ | ၁၃:၅၄ | ၁၅:၅၄ | ၁၆:၂၇ | ၁၅:၅၄ | [illegible] |
| ၂၁ | ၀၈:၄၉ | ၀၉:၂၀ | ၀၉:၅၈ | ၁၀:၂၈ | ၁၃:၁၈ | ၁၃:၄၈ | ၁၃:၂၀ | ၁၃:၅၀ | ၁၅:၅၀ | ၁၆:၂၄ | ၁၅:၅၀ | [illegible] |
| ၂၂ | ၀၈:၄၅ | ၀၉:၁၇ | ၀၉:၅၄ | ၁၀:၂၅ | ၁၃:၁၄ | [illegible] | [illegible] | ၁၃:၄၆ | ၁၅:၄၆ | ၁၆:၂၀ | ၁၅:၄၆ | [illegible] |
| ၂၃ | ၀၈:၄၀ | ၀၉:၁၃ | ၀၉:၅၀ | ၁၀:၂၀ | ၁၃:၁၁ | [illegible] | [illegible] | ၁၃:၄၂ | ၁၅:၄၂ | ၁၆:၁၆ | ၁၅:၄၂ | [illegible] |
| ၂၄ | ၀၈:၃၇ | ၀၉:၀၉ | ၀၉:၄၆ | ၁၀:၁၇ | ၁၃:၀၇ | ၁၃:၃၇ | ၁၃:၀၈ | ၁၃:၃၈ | ၁၅:၃၈ | ၁၆:၁၂ | ၁၅:၃၈ | [illegible] |
| ၂၅ | ၀၈:၃၃ | ၀၉:၀၅ | ၀၉:၄၂ | ၁၀:၁၃ | ၁၃:၀၃ | ၁၃:၃၃ | ၁၃:၀၄ | ၁၃:၃၄ | ၁၅:၃၄ | ၁၆:၀၈ | ၁၅:၃၄ | [illegible] |
| ၂၆ | ၀၈:၂၉ | ၀၉:၀၀ | ၀၉:၃၈ | ၁၀:၀၉ | ၁၂:၅၉ | ၁၃:၂၉ | ၁၃:၀၀ | ၁၃:၃၀ | ၁၅:၃၀ | ၁၆:၀၄ | ၁၅:၃၀ | [illegible] |
| ၂၇ | ၀၈:၂၅ | ၀၈:၅၇ | ၀၉:၃၄ | ၁၀:၀၅ | ၁၂:၅၅ | ၁၃:၂၅ | ၁၂:၅၆ | ၁၃:၂၆ | ၁၅:၂၇ | ၁၆:၀၀ | ၁၅:၂၇ | [illegible] |
| ၂၈ | ၀၈:၂၂ | ၀၈:၅၄ | ၀၉:၃၀ | ၁၀:၀၀ | ၁၂:၅၀ | ၁၃:၂၀ | ၁၂:၅၂ | ၁၃:၂၂ | ၁၅:၂၃ | ၁၅:၅၆ | ၁၅:၂၃ | [illegible] |
| ၂၉ | ၀၈:၁၈ | ၀၈:၅၀ | ၀၉:၂၇ | ၀၉:၅၇ | ၁၂:၄၇ | ၁၃:၁၇ | ၁၂:၄၈ | ၁၃:၁၈ | ၁၅:၁၉ | ၁၅:၅၂ | ၁၅:၁၉ | [illegible] |
| ၃၀ | ၀၈:၁၄ | ၀၈:၄၆ | ၀၉:၂၃ | ၀၉:၅၃ | ၁၂:၄၃ | ၁၃:၁၃ | ၁၂:၄၄ | ၁၃:၁၅ | ၁၅:၁၅ | ၁၅:၄၈ | ၁၅:၁၅ | [illegible] |



www.burmeseclassic.com